www.burmeseclassic.com

ချစ်ခြင်းတေးသွား

ရသစုံမဂ္ဂဇင်း

BURMESE CLASSIC .com

ဇော်ဒယ် ■ လွှမ်း
မိတ်ကပ် ■ မေသန်း
ဓာတ်ပုံ ■ ဥာဏ

www.burmeseclassic.com

www.burmeseclassic.com

Contents

Vol.29, No.10, October, 2013

ကဗျာ

မောင်ကြူးရင့်	(ကဗျာဆရာဒဂုန်တာရာ)	၅
မောင်သင်းခိုင်	(ရွှေအိုရောင်ပိတောက်ခုနစ်ဆယ်)	၆
အိုအောင်	(ဝေါဒစွဲနေအပြာနေများ)	၈
မိုးကျော်အောင်	(ငြိမ်းချမ်းရေးအဘိုးအို)	၉
အုန်းကျော်နီ	(ကဗျာမြစ် သို့မဟုတ် ဒဂုန်တာရာ)	၁၀
သန်းဆွေမိုး(ကလော)	(ငြိမ်းချမ်းရေးကြယ်ပွင့်)	၁၁
မောင်နွေလှိုင်း(ပန္တလေး)	(လွမ်းဖွယ်ကြယ်ကဗျာဆရာ)	၁၂

ကြယ်ပွင့်တို့လှုပ်ရှားမှု

ပိုင်	(အခက်အခဲဘယ်လောက်ပဲရှိရှိ ပရိသတ်ပေးတဲ့အားနဲ့ပဲ ရှေ့ဆက်သွားမယ့် ရွှေစင်)	၁၃
ရွှေအမ်းသား	(ဘဝမှာ ထင်မထားတဲ့အရာတွေ ခဏခဏကြုံနေရတဲ့ အကယ်ဒမီချစ်စနိုးဦး)	၁၈
ကောင်း	(အောင်မြင်တဲ့မင်းသားတစ်ယောက်ဖြစ်ဖို့ နည်းလမ်းကိုမသိပါဆိုတဲ့ ဖြိုးငွေစိုး)	၂၁
ကောင်း	(အိုဘားမားရဲ့စကားတစ်ခွန်းကြောင့် စီးရီးခေါင်းစဉ်ပေးဖြစ်ခဲ့တဲ့ နန်းဆုရတီစိုး)	၂၄
ပိုင်(ရူပဗေဒ)	(အလောင်းထမ်းတာနဲ့ပတ်သက်ပြီး လန့်တာလည်းမရှိဘူး၊ ကြောက်တာလည်း မရှိဘူးဆိုတဲ့ နန်းခင်ဇေယျာ)	၂၆
ကောင်းမြတ်ပိုင်	(အနုပညာအလုပ်တွေရပ်ပြီး ကျောင်းတက်နေတဲ့ ထွန်းအိန္ဒြာဝို)	၃၁
ပိုင်(ရူပဗေဒ)	(မြန်မာကို ကမ္ဘာကသိသွားရင်ပဲ ကျေနပ်ပါပြီဆိုတဲ့ ခင်ဝင့်ဝါ)	၃၄
ကောင်းမြတ်ပိုင်	(ဒီနေရာလေးက ပြုတ်ကျမသွားအောင် ကြိုးစားနေတယ်ဆိုတဲ့ သဇွာဝင့်ကျော်)	၃၈
ရွှေအမ်းသား	(ဖိုးချစ်ရဲ့အနုပညာဇာတ်သဘင်)	၄၀
ရွှေအမ်းသား	(Rapသီချင်းတွေနားညည်းတယ်ဆိုပေမယ့် ကျွန်တော်ကြိုက်တယ်ဆိုတဲ့ ဘိုဘိုဟန်)	၄၂
ကောင်းမြတ်ပိုင်	(ရှုပ်ရှင်ကိုရုပ်ရှင်လိုဖြစ်စေချင်တဲ့ ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်)	၄၈
ရွှေအမ်းသား	မိုးဘယ်မှာရှာနေလဲသီချင်းကို တတီယစီးရီးမှာ ထည့်ထားတဲ့ ဆွေဇီ	၅၁
အေးမြတ်သီ	(အောင်မြင်အောင်လုပ်မယ်မလုပ်ဘူးဆိုတဲ့ စိတ်က ကိုယ့်စိတ်ကိုကိုယ်မောအောင် လုပ်တာဆိုတဲ့ ထွန်းထွန်း)	၅၂
ပိုင်(ရူပဗေဒ)	(ကြိုးစားနေတဲ့ မေ)	၅၅

ဘဝတစ်လျှောက်အမှတ်တရ

ရွှေအမ်းသား	(မိသားစုပြဿနာတွေနဲ့ အလုပ်ကပြဿနာတွေကို တစ်ကန့်စီခွဲခြားထားတဲ့ စိုးမိုးကြည်)	၅၈

ပေယ်ဆူအိပ်မက်

(သွန်းမဒီ)	၅၉

www.burmeseclassic.com

www.burmeseclassic.com

ရိုက်ကွင်း

ကောင်းမြတ်ပိုင် (ရိုက်ကွင်းပေါ်က နေမင်းနဲ့ မိုးဟေကိုတို့ရဲ့ ထားခဲ့ရမှာ စိုးတယ်) ၇၄

ရွှေအမ်းသား (လူမင်းနဲ့ ဝတ်မှုံရွှေရည်တို့ရဲ့ ချာတိတ်) ၇၇

WEDDING FASHION

မိုးထက်ယံဟိန်း၊ ချိုလဲ့ရည် ၄၈

ပရိသတ်က ရေးတဲ့စာ ၆၂

အနုပညာသတင်း ၆၄

အလှအပရေးရာ

မေချိုင်း (အောင်မြင့်မူရဲ့လက်နက် သို့မဟုတ် ဖက်ရှင်စတိုင်) ၈၇

တစ်လတစ်ခါ ချက်စရာ

မလေးအိမ်သူ (ပြောင်းဖူးဟင်း) ၈၉

နိုင်ငံတကာအနုပညာရေးရာ

သက် (ကင်ဆိုဟွမ်) ၉၀

(ဆောင်ဆောင်ဟွန်း)

(ဟန်ဂါအင်)

ဟာန္နး (ပရိသတ်နှင့် ၁၆ လကြာကင်းကွာနေတဲ့ IU အယ်လ်ဘမ်သစ်ထုတ်ဝေမည်) ၉၆

ဟာန္နး (Kelly Clarkson) ၉၇

သက် (ဆိုဝူး) ၉၉

စာပေနှင့် အနုပညာရေးရာ

မိုးမြင့်လွင် (မြန်မာ့ဆိုင်းပညာရှင် ရွာစားကြီး ပဲခူးစိန်မြအောင် ပြောပြသည့် မြန်မာ့ရွှေဆိုင်းတော်မင်္ဂလာ) ၁၁၄

စန္ဒရားသိမ်းမောင် (ဂန္ဓဝင်ဂီတပညာရှင် ဆရာဦးခင်ဇော်-K) ၁၂၆

အေးမောင်ကျော် (ကာ့ဇ်ကာနှင့် သူ၏ဘဝ) ၁၃၀

ထက်မြက် (ကမ္ဘာကို ပြောင်းလဲခဲ့သော စာအုပ် 'နိုင်ငံများ၏ဓနဉ်') ၁၃၆

ရာမျိုး (မေ့ပစ်ရမယ့်အထဲမှာ မောင်ချောနွယ်မပါဘူး) ၁၄၀

မျိုးသန့် (ကောင်းကင်မှ မြေပြင်သို့) ၁၅၈

ဝင်းအောင်-အောင်ဃန်း (နှန်မန်တောင်ရိုးတွေရဲ့ ကျေးလက်မှော် အနုပညာထဲက မိန်းမခေါ်ပြန်ခန်း) ၁၆၈

မောင်ခင်မင်-ဓနုဖြူ (သမင်လည်ပြန်ခရီးအစ) ၁၈၉

အောင်မိုးဆောင်း (မြန်စာချစ်တို့၏ မြန်မာစာပေစာအုပ်) ၁၉၁

စာပေဝေဖန်ရေး ဖြိုးထိန် (မုန်တိုင်းနှိုးတိဘက်ပြည်) ၁၅၀

ကိုလေးမြတ် (အလံနီသခင်စိုး) ၁၆၇

သစ်ပင်မခုတ် တောင်မဖြိုသူများနှင့် တွေ့ဆုံခြင်း

ကိုခါး- ကွမ်းခြံကုန်း (ကဗျာဆရာကိုရွှေးနဲ့ ဘဝအလွမ်း စာအလွမ်း ကလေးတွေ ပြောဖြစ်ကြတဲ့နေ့) ၁၀၀

ပြည်ပအတွေ့အကြုံ

သရဝဏ်-ပြည် (ယူနီဘာဆယ်ရုပ်ရှင်စတူဒီယိုသို့ အလည်တစ်ခေါက်) ၈၄

အတွေးအရေး

မင်းဒင် (ပသိပုံပြင်ထဲက တို့တိုင်းဌာန်) ၁၀၆

www.burmeseclassic.com

www.burmeseclassic.com

လှမြင့်အောင် -တောင်ကုတ် (အကြမ်းဖျင်း) ၁၂၀

တိုင်းရင်းသား ယဉ်ကျေးမှုဓလေ့

သူရိန်လင်းဆက် -မြောက်ဦး (ရခိုင်ရိုးရာလက်ထပ်မင်္ဂလာ -သမက်တက်ပွဲ) ၁၆၀

ခရီးသွားရသ

မောင်သန်းဆွေ -ထားဝယ် (ခဏမဆိုင်း ဘရူနိုင်းသို့ သွားရမည့်ခရီး -၄) ၁၇၂

ဝတ္ထု

စမ်းစမ်းတင် (နှင်းဆီအလှည့် အလှသာဆင်မည်) ၁၁၀

သင်းမြစန္ဒီ (နှပ်ဆေး) ၁၂၂

မေမောင် (ရက်ရောသူများ) ၁၃၂

ရာသက်ပန် -တောင်ငူဆောင် (ဒုတိယအိမ်) ၁၄၂

နိုင် (မေတ္တာမလိုနှင့်သောအရာ) ၁၅၄

စင်တင်ပွင့်သစ်

အောင်ကိုး -ချောက် (ဘူးခါးရေနဲ့ ကြမ်းကြားလေ) ၁၇၄

ချစ်သူဖတ်ဖို့

စောအိဏ်းနှင်း (စကားတစ်လုံးရဲ့စေရာ) ၁၈၄

ရသစာတမ်း

ကြူးနှစ် (စစ်သချိုင်းမှာ ပန်းမာလာ) ၁၆၄

အခန်းဆက်ဝတ္ထုရှည်

ခွဲဝံ (မာလာ) ၁၉၈

ဗေဒင်ကဏ္ဍ

စံ -ဇာဏီဘို အမေးအဖြေများ ၁၉၄

စံ -ဇာဏီဘို (၇)ရက်သားသမီးဗေဒင် ၁၉၆

www.burmeseclassic.com

စီစဉ်တည်းဖြတ်သူ

ချစ်မောင် (အဝကျွန်း)

အုပ်ချုပ်ရေးမှူး

ဒေါ်တင်တင်ဦး

ဥပဒေအကြံပေး

ဦးအောင်စိုး(တရားရုံးချုပ်ရှေ့နေ)

B.A.R.L.D.B.L, D.M.L,D.I.L

တာဝန်ခံအယ်ဒီတာ

တင်တင်ဦး ၊ ကိုခါး(ကွမ်းခြံကုန်း)

ကဗျာအယ်ဒီတာ

မောင်သင်းခိုင်

အယ်ဒီတာအဖွဲ့

ဥက္ကာဦး၊ ဖိုးကျော်

မျက်နှာဖုံးနှင့်အတွင်းအပြင်အဆင်

မျိုးမင်းဦး

ပင်တိုင်သတင်းဓာတ်ပုံ - ရွှေဝီး

အနုပညာသတင်းတာဝန်ခံ - ကောင်းမြတ်ပိုင်၊ အေးမြတ်သီ

ပန်းချီနိုင်ငံးပညာရှင်များ - ပန်းမျိုဝင်းတင့်၊ ယဉ်မင်းပိုက်၊

မောင်နီ၊ လင်းဝဏ္ဏ၊ ကိုကိုနိုင်

ဓာတ်ပုံပညာရှင်များ - ဥာဏ၊ ရွှေဝီး၊ ကိုလင်း(Studio K)၊

မောင်မောင်ဝင်းကို(Sun Star)၊

ပြည်ပြိုးပြို၊ ဇော်လင်း (လင်းပုံ)၊ စည်သူပြို

စာပြင်တာဝန်ခံ - တင့်လွင်

ကွန်ပျူတာစာစီ - မဝတုတ် / မျက်နှာဖုံးရှင် - ရွှေစင်

မျက်နှာဖုံးဓာတ်ပုံ - ဥာဏ

၂၀၁၃၊ အောက်တိုဘာလထုတ် / အတွဲ(၂၉)၊ အမှတ်(၁၀)

အုပ်ရေ ၁၀၀၀ ၊ တန်ဖိုး - ၂၅၀ ကျပ်

ထုတ်ဝေသူ - ဦးချစ်မောင် (မြဲ/၃၄၇၁)

၁/၁၊ မဂ္ဂင်လမ်း၊ ကျောက်ကုန်း၊ ရန်ကင်းဓာတိုက်၊

ရန်ကုန်မြို့ ဖုန်း- ၀၉-၈၆၁၂၅၁၀၊ ၀၉-၈၀၂၁၂၀၃

ဖြန့်ချိရေးမှူး - ကိုမြတ်နိုင်၊ ခင်မြတ်နွယ်

အေဖ်ဆက်ဖလင် - Eagel / ကိုသက်သွေ(ရွှေထီးမိုး)

ပုံနှိပ်သူ - ကိုမြတ်နိုင် (မိတ္တဇလ)

မှတ်ပုံတင်အမှတ် - ၈၆၁၂ / အမှတ် ၁၈၊ ၅၃ လမ်း၊

ပဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့

အယ်ဒီတာအဖွဲ့ရုံး

၁၉၃ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၀၁-၃၈၈၇၆၃

www.burmeseclassic.com

www.burmeseclassic.com

ကဗျာဆရာ ဒဂုန်တာရာ

ကဗျာဆရာတွေရဲ့ မိုးကောင်းကင်ပေါ်က
အတောက်ပဆုံး ကြယ်ပွင့်ကြီးတစ်ပွင့်
ကြွေလွင့်ခဲ့ပြီ။
အဲဒါ ကဗျာဆရာဒဂုန်တာရာ . . .
ကဗျာဆရာကြီးသခင်ကိုယ်တော်မိုင်းဟာ
နယ်ချဲ့အင်္ဂလိပ်ရဲ့ ရန်သူနံပါတ်တစ် ဖြစ်ခဲ့တယ်
အဲဒီလမ်းကြောင်းပေါ် ဒဂုန်တာရာ ရပ်ခဲ့တယ်
လွတ်လပ်ရေး ဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းနဲ့
ညီညွတ်ရေးဗိသုကာ သခင်ဗဟိန်းတို့ဟာ
နယ်ချဲ့အင်္ဂလိပ်ဆန့်ကျင်ရေး ဂျပန်ဖက်ဆစ်တော်လှန်ရေး
ဗမာပြည်တော်လှန်ရေးကို
ဦးဆောင်တိုက်ပွဲဝင်ခဲ့တယ်
အဲဒီလမ်းကြောင်းပေါ်မှာဒဂုန်တာရာ ရပ်ခဲ့တယ်။
ငါတို့ ကဗျာဆရာတွေကို ဒဂုန်တာရာက
အဲဒီလမ်းကြောင်းပေါ် တွန်းတင်ပေးခဲ့တယ်
၁၉၄၈ အလွန် သမိုင်းခေတ်အဆက်ဆက်
ငါးတို့ ကဗျာအလံကို
အဲဒီလမ်းပေါ် ခိုင်ခိုင်မတ်မတ် စိုက်ထူခဲ့ကြတယ်။
အုပ်စိုးသူအဆက်ဆက်၊ စစ်အာဏာရှင်အဆက်ဆက်
တိုက်ခဲ့တဲ့ တိုက်ပွဲတိုင်းမှာ
ကဗျာဆရာတွေဟာ ရှေ့ဆုံးတန်းက ပါခဲ့တယ်။
ကဗျာဆရာ လေးမောင်ဟာ
ကိုကိုးကျွန်း အကျဉ်းထောင်ဖျက်သိမ်းရေး
၅၃ ရက်ကြာ အစာအငတ်ခံတိုက်ပွဲမှာ
အာဖာနည်ရဲဘော်လို ကျဆုံးခဲ့တယ်
'ငါသွေးတစ်စက် ငါသက်တစ်ချောင်း
ငါအလောင်းမှ ထောင်သောင်းမြောက်များ
သွေးသစ်မွားအံ့'လို့ တပ်လှန့်ကဗျာ ရေးခဲ့တယ်။
အဲဒီသွေးတွေဟာ သွေးသစ်မွားပြီး
စစစ အရေးတော်ပုံ မွေးမွားခဲ့တယ်
စစ်အာဏာရှင် ဆန့်ကျင်ရေးမှာ
ငါတို့ ကဗျာဆရာတွေဟာ
ရှေ့ဆုံးတန်းက ပါခဲ့တယ်။
မောင်သင်းခိုင်နဲ့ ငါ
မှော်ဘီက ဆရာဒဂုန်တာရာအိမ် သွားပြီးအပြန်
အိမ်တံခါးဝမှာ ငါတို့နှစ်ယောက် လက်ဆုပ်ပြီး
'အရေးတော်ပုံ အောင်ပါစေ
အရေးတော်ပုံ အောင်ပါစေ
အရေးတော်ပုံ အောင်ပါစေ'
ဆရာဒဂုန်တာရာရဲ့ ပီပီသသအသံ
ခုထိငါ့နားထဲမှာ ညံနေတုန်း။
အို . . . ရဲဘော်တို့ ကဗျာဆရာတို့
ကဗျာဆရာဒဂုန်တာရာ ခင်းခဲ့တဲ့လမ်းပေါ်
ငါတို့ ကဗျာအလံကို ခိုင်ခိုင်စိုက်ကြပါစို့။



မောင်ကြူးရင့်

www.burmeseclassic.com

www.burmeseclassic.com

ရွှေအိုရောင်ပိတောက်ခုနစ်ဆယ်

မူးယစ်ဝေသော
နွေဦးညများမဟုတ်
ပူရှာအိုက်စပ်
ဆိုက်ဘေးရီယားအစွန်
အလည်လွန်နေတဲ့
လေနုအေး
မတိုက်ခတ်တဲ့
ရန်ကုန်ရဲ့
နွေဦးညများ
ပုရွက်ဆိတ်တွင်းထဲ
ဒိုင်နိုဆော ဝင်နေသလိုပါပဲလား။
မမျှော်လင့်ဘဲ
ည . . . သမုဒ္ဒရာထဲ
လျှပ်ရဲမုန်းတွေပြန့်ကျဲ
ဝင်းခနဲ တလက်လက်
ငြိမ်သက်
အိပ်မောကျနေတဲ့
တိမ်မည်းတို့ ဒေါသပွင့်ထွက်
မိုးစက်မိုးပေါက်တွေ
လမ်းလျှောက်လာနေကြပြီလေ။
အပူလိုင်းလက်တွေရဲ့
ပွေ့ဖက်မှုကို ခံထားရလို့
မလှုပ်မယှက် ဖြစ်နေကြတဲ့
မြသစ်ပင်တို့
မိုးရည်ကို သောက်ရလို့
ဝမ်းသာလုံး ဆို့နေပေါ့။
ဆရာ
ဒဂုန်တာရာ
စာပေသစ်မီးရှူးတိုင်
ကျွန်တော်ချစ်တဲ့
တက်မကိုင်
သူ . . .
နေထိုင်တဲ့ဒေသ
စက်ရုံကျေးလက်မဲဇာဆိုပ
သူ . . .
နှစ် ခုနစ်ဆယ်
သူ
မွေးနေ့ကို ဂုဏ်ပြုကြဖို့
ကျွန်တော်တို့
မဲဇာ . . .ကို
(လေ့ကလေးနဲ့မဟုတ်)
ကားလေးတွေနဲ့ ထွက်ခဲ့တယ်။

ရန်ကုန်ရေ . . .
နေရစ်ပေတော့
တို့သွားတော့မယ်
စက်ရုံကျေးလက်မဲဇာဆီ
လေညင်းလတ်လတ်ဆတ်ဆတ်
အဆုတ်ကို
လှုပခေတာတ်တဲ့နေရာ
မျက်လုံးကို
အစိမ်းရောင်ခတ်ပေးတဲ့ နေရာ
ရင်ခုန်သံကို
ချိုမြေစေတဲ့ . . .နေရာ
မဲဇာ . . . မဲဇာ . . . မဲဇာ . . .။
ညက
မိုးရေနဲ့ ရေချိုးထားတဲ့
ဆရာ့ရဲ့
ဝတ်လစ်စလစ်လမ်းမ
မဟူရာဖဲကြိုးတစ်စ
အရောင်တဖိတ်ဖိတ်
အရိပ်တဖျပ်ဖျပ်အပေါ်
ကျွန်တော်တို့
ကားကလေးဖြတ်ကျော်
သိပ်ပျော်စရာ ကောင်းပါတယ်။
မြင်းခောင်းက
လွတ်လာတဲ့မြင်းလို
ပန်းချီပ်က
လွတ်လာတဲ့မြွေလို
လေးကြိုးက
လွတ်လာတဲ့ မြှားလို
ကျွန်တော်တို့ ရင်တဖိုဖို
ဒြပ်မဲ့တိမ်လိုပေါ့ပါး
ကျောက်ခေတ်လူသား ဖြစ်သွားတယ်။
အင်းစိန် မင်္ဂလာဒုံ
တစ်လမ်းလုံး
ပန်းပိတောက်အပြိုး မွှေးထုံ
လေကုန်သည်ယူလာတဲ့ ရနံ့
ကျွန်တော်တို့ကားထဲမှာ သင်းပျံ့
ကျေးလက်ရနံ့ ကောက်ကြောင်းသစ်
နှလုံးသားထဲ ရေးခြစ်မိပြီ
တစ်လမ်းလုံး
ကြည့်အုံး (ဦး)
ပင်လုံးကျွတ်
ခိုင်လုံးညွတ်

ဆွတ်ပါလှည့်
ခူးပါလှည့်
ဖိတ်ခေါ်နေတဲ့အလား
မြွေလျှက်ကြားကပိတောက်
မိုးစက်တစ်ပေါက်
ညက . . .
သောက်လိုက်ရတယ် ထင်ရဲ့။
ဘယ်ကိုကြည့်ကြည့်
ညာကိုကြည့်ကြည့်
မျက်စိရောက်တဲ့ နေရာ
အဝါ . . . အဝါ . . . အဝါ . . .
နုံသာတောထဲမှာ
မာယာမဲ့
မိုးကောင်းကင်က
ဆရာ့ရဲ့
'ဝေါဒစွနေ'အပြာ
ဟိမှာကြည့်စမ်း
စိန့်ပန်းနိနိ
ဆရာရဲ့
ဂိုဂင်နီလား
ကျွန်တော်တို့ကားကလေး
မြှားပြေးသလို။
တဟုန်ထိုး
အရှိန်နဲ့
ပြေးနေတဲ့
ကျွန်တော်တို့ရဲ့ ကားလေးဟာ
ထောက်ကြန့်မှာပဲ
တုန့်ခနဲ ရပ်လိုက်ရ
အတွေးတချို့ အရည်ပျော်ကျ
အိပ်မက်ထဲက လန့်နိုးထ
ပိတောက်ရနံ့ လွင့်ပြယ်
ဒီဇယ်ရနံ့
ဓာတ်ဆီရနံ့
လေထဲ ငေ့ပျံ့လာပေါ့။
မှော်ဘီ
စက်ရုံကျေးလက် မဲဇာဆီ
ထောက်ကြန့်မှုသည်
လက်ဝဲဘက်ကို ဦးတည်လို့
ကျွန်တော်တို့ ကားကလေး
မြှားပြေးသလို။
တစ်လမ်းလုံးပဲ
အဆုပ်လိုက် အခဲလိုက်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

နွံလုံက်ကြတာ
ပါရိန်ရဲ့နေကြာ
အခါ
ဝါရုံသလောက်ဝါ
ပီတောက်လို ဝါနိုင်ပမလား
ဆင်ခြင်တုံတရား
အမေသဲ
ဘယ်ခေါက်နေသေးရဲ့။
ဆရာအိမ်သို့
ကျွန်တော်တို့ ရောက်ပါပြီ
ဆရာ့ညည်ခန်း
ပီတောက်ပန်းတွေ
အသင်းသင်း
ပီတောက်ခုနစ်ဆယ်တမ်းချင်း
ဆရာ
ချိုးနှိမ်သံ ကူးစက်ခြင်း
ကျွန်တော်တို့ရင်ထဲ
သမီးခုနှစ်ဆင်းသလို။
ဆရာ
အပြုံး
ကျွန်တော်တို့
အားလုံးခံစားလိုက်ရ
အပြုံးကအပြုံးတော့ မဟုတ်ဘူးပ
အားလုံးတို့ အပြုံး
အပြုံး အပြုံး အပြုံး
ဆရာ့ရဲ့
ဆယ်ကာ စကားလုံး။
စာရေးကျကြမ်းကြမ်းနဲ့
ဆည်ခန်းမှာ ချိတ်ဆွဲထားတဲ့
ဆရာ့ရဲ့လက်ရာ ပန်းချီကား
ကြည်ရင်းကြည်ဖွယ်ရင်း ဝိုးဝါး
ကျွန်တော် ချမ်းပြည်ကို ရောက်သွားတယ်။
မြေယဉ်တောင်တန်း
အပြာရောင်ဆမ်းပက်
အသက်ဝင်းတို့ စိမ်းညို့
အနုပညာတို့ ပွွေ့ဖက်
အသွေးအာရဲ့ ခံစားချက်များ
ကိုယ်ခန္ဓာကို ရောက်နေသလား
အိမ်ထောင် အိုးစည်သံများ
သမီးကျွဲးသံများ
ကျွန်တော်တို့ရင်ထဲ တိုးဝင်သွား။
ကိုယ်နှိုးရေးသွက်စခန်း
အင်မင်းကွက်
သမင်ကွက်ယာကွက်
အဆိုသူ့ ဝတ်ချက်
အသံတော်ပို့သန်းနေရဲ့။
ချစ်မိန်ဆူးဆူးထဲက
ဆရာ့မျက်လုံးတွေဟာ
ရီဝေလို့ နေပါတယ်။
ဝါရွေပီတောက်ရနဲ့
သင်းပျံ့နေတဲ့အခါ
ဆရာ့ရဲ့
တောပီတောက်ကဗျာ
ဆရာ
အမှတ်ရနေမှာပါ။
ပီတောက်ကိုလည်း ချစ်
မြန်မာပြည်ကိုလည်း ချစ်
ဆရာ့ရဲ့ ဓိတ်ဆွေလည်း ဖြစ်
ကဗျာရဲ့ဘော်လည်း ဖြစ်တဲ့
ချီလီပြည်သား ကဗျာဆရာ
'နီရူဒါ'ရဲ့ ရုပ်ပုံလွှာ
ဆရာ
တမ်းတနေမှာပါ။
'ဤနေရာသို့
ငါသည် ဝိုကြွေးတမ်းတရန်လာခြင်းမဟုတ်'
နီရူဒါရဲ့ ကဗျာတစ်ပိုဒ်
ဆရာ့နှုတ်ခမ်း တဆတ်ဆတ်
နှလုံးသားထဲက ရွတ်ဖတ်နေမှာပါ။
ရွှိပင်ရဲ့
ဂီတသံစဉ်သစ်များ
စန္ဒရားလက်သံ
ဆရာ
ပြန်လည်တမ်းနေရော့သလား။
၁၉၃၉ ကာလအလျား
ပိုလန်ရဲ့ စက်တင်ဘာညများ
ဆရာ့ကို ခေါ်ဆောင်သွားရော့သလား။
ဖန်စတွေ ကွဲကြွေတဲ့ည
ဆရာ လွမ်းမောလျလျ
တမ်းတနေမယ်ဆိုတာ
ကျွန်တော်တို့ ယုံကြည်ပါတယ်။
၁၉၁၉
၁၉၈၉
အချိုး
အကွေ့
အလှည့်
အပြောင်း
'ဟင်နီနီဆင်'ရဲ့
စမ်းချောင်းလေးလို
ဆရာ့ရဲ့
ပန်းနုရောင်အို
၂၁ ရာစုကို
ကြိုဆိုနေဆဲပါပဲလေ။
မွှိုင်းပျပျ
မေလရဲ့ မနက်ခင်း
ရာဇဝင်ကို ဖြတ်သန်းခြင်း
ဆရာ့ရဲ့
နှစ် ခုနယ်ဆယ် အထိမ်းအမှတ်
လူကြီး လူငယ် လူလတ်
အမှတ်တရ ဆုံစည်းတဲ့ပွဲ
ရင်ထဲလိုင်းထ ကြည်နူးရပေါ့။
မြို့ပြက ရုန်းထွက်ခြင်း
မိမိကိုယ်ကို မဲဖာပို့ခြင်း
ငှက်တို့ရဲ့ သီချင်းသံ
ဖားအော်သံ
ပုရစ်အော်သံ
နံရံမဲ့လယ်ကွင်း
အေးမြခြင်းသင်္ကေတ
ဝီကာဆိုရဲ့ ချိုးငှက်ပျံကြွ
ဖန်စ မှန်စ ပြိုးပြက်လှ။
ဆရာ့ကို ပွေ့ဖက်
ကျွန်တော်တို့ နှုတ်ဆက်ကြ
ဆရာမျက်နှာပြင်
ဇရာအရေးအကြောင်း ထင်ပေမယ့်
ဆရာ့ရဲ့မျက်လုံး
အစရဲ့အဆုံး
စူးရှတောက်ပနေတုန်း
မျှော်လင့်မှု ပန်းတစ်ကုံး
ခွန်အားရှိနေတုန်း။
မဲဖာက
ကျွန်တော်တို့
ထွက်လာကြတဲ့အခါ
ကောင်းကင်တစ်ခွင်လုံး မှိုင်းပြာ
ကျွန်တော်တို့ရင်ထဲမှာ
လွတ်လပ်လက်ာ မွှေးထုံမြ
ကားကလေးလည်း
မြားပြေးသလိုပ။
နွားရိုင်းသွင်းချိန်
မြို့ပြလမ်းမီးလောချိန်
ကျွန်တော်တို့
အိမ်ပြန်ရောက်ကြပါလိမ့်မယ်။
ကားကလေးလည်း
မြားပြေးနေတဲ့အလား
ကျွန်တော်တို့လည်း
မော်ဘီကို နှုတ်ဆက်လမ်းခွဲ
ထောက်ကြန့်ကို ဖြတ်ခွေးမှာပဲ။

(၁၄-၅-၁၉၈၉)နေ့မှာ ကျင်းပတဲ့ ဆရာဒဂုန်တာရာရဲ့ နှစ် (၄၀) မွေးနေ့အတွက် အမှတ်တရ ရေးခဲ့တာဖြစ်ပါတယ်။)

မောင်သင်းမိုင်

(၁၉၈၉၊ ဇွန်လ၊ ရွှေဝိုင်ထေးကဗျာမဂ္ဂဇင်း)

www.burmeseclassic.com

www.burmeseclassic.com

ဝေါဒစွဲနေအပြာနေများ

ငြိမ်းချမ်းသော
ဝပြောသော
ယမ်းငွေ့မဝေသော
ဒီလိုနေ့မျိုးတွေသာ
ရချင်။

ဂျုံလိုအင်တွေ
ဘယ်တော့ ပြည့်မလဲ။

ငြိမ်းချမ်းသော
ကြည်လင်သော
သက်ရှိသမိုင်းဆန်သော
တို့အဘိုးကို
အောက်မေ့မိပြန်တယ်။

အိုအောင်

www.burmeseclassic.com

ငြိမ်းချမ်းရေး အာဘိုးအို

သူ့ရဲ့ အဖြူရောင် ဆံပင်ရှည်ရှည်တွေက
လွတ်လပ်သန့်ရှင်းသော အလံသဖွယ်။
သူဝတ်ထားတဲ့ အကွက်အပြောက်အင်္ကျီက
ဆန်းသစ်မှုဖြင့် ခြယ်မှုန်းသော အနုပညာများ။
သူ ပြုံးရယ်နေတဲ့ နူတ်ခမ်းကြားမှ
'အောင်ဆန်း (သို့မဟုတ်) အရိုင်း'နဲ့
'တဟီတီသွားရအောင်' ထွက်ကျလာလေရဲ့။
သူထွက်လေဝင်လေမှာတော့
ဆိတ်ဖလူးနဲ့နဲ့ လေနုအေးက နော့်ဆဲကို။
မျက်မှန်ထူထူအောက်
မှုန်ရီသော အကြည့်များက
ငြိမ်းချမ်းရေးအလင်းကို
သူ မြင်သွားခဲ့ပြီလား။ ။

မိုးကျော်အောင်

www.burmeseclassic.com

www.burmeseclassic.com

ကဗျာမြစ် (သို့မဟုတ်) ဒဂုန်တာရာ

အရှေ့ရိုးမ အနောက်ခြမ်းမှာ နိုးထ အောင်ပန်း
အောင်ပန်းဆိုတာ နိုးထပန်းချီကားတစ်ချပ်။ လမ်းကျယ်လမ်းသွယ်
အဲဒီမြို့ဟာ လူမျိုးစုဆေးရောင်စုံခြယ်
အားလူးနဲ့ ဂျင်းစိမ်း လွယ်ပလိုင်းနဲ့ ပအိုဝ်မ
အမြဲလို လိမ်းထားတဲ့မြို့။ ဆံရစ်ဝိုင်းနဲ့ မြေပြန့်မ
အခုများ ဖြတ်စ ညှပ်စ လှပရောင်သွေး
ဂေါ်ရခါးစင်တွေနဲ့ပါးကွက်လိုကွက် အဲဒီ ပန်းချီကားမှာ ပြာဝါစိမ်းစွေး။
လိမ္မော်ရိုက်ချက် တိုးသထက်တိုး နွေရောက်ရင်
တောသူဌေးတွေလည်း ပင်ပန်းထားသမျှ အမောဖြေကြ
မြို့ပြနဲ့ လက်သီးထိုးသူထိုး သားရွှေသွေးကို ရှင်ပြုကြ
ပြိုးပြက်လင်းလက် သူ့အိပ်မက်။ ကြွရွတဲ့ မြင်းကြီးတွေဟာ
အဲဒီမှာ ခန္ဓီကမြင်းကို အမှတ်ရစရာ။
လူမျိုးဆိုတာ ပါးပါးပဲခြား ဒေဝါဝင်း ရာဇဝင်းတွေနဲ့
လူမျိုးစုချင်းလည်း ကြားနယ်က အဓိကမကျ ခင်းကျင်းလှည့်ပြကြပုံများ
အနာဂတ်လူမှုခေတ်သစ်ကို သူဖော်ပြ။ ခမ်းနားစွ သစ်လွင်စွ
ရာသီအလိုက် ထွေးပိုက်ခြယ်သ ပွဲလာသူတိုင်း အံ့သြရ။
အလှမျက်စိရှိရင် မြင်နိုင် မြစ်ကြီးတစ်ခု ခင်ဗျ
တစ်နိုင်တစ်ပိုင် စီးပွားဖြစ် မြစ်ကြီးတစ်ခု
ဂျင်း အာလူးမြစ်တွေရဲ့ ဘေးတွေမှာလည်း အနုပညာ ရောင်စုံဖြာတဲ့
ရာသီစာသီးနှံတွေက တိုးလို့တွဲလဲ။ ကဗျာမြစ်ကြီးတစ်စင်း
လိမ္မော်တဲ့ ဂျင်း အာလူးခင်း ဖြတ်စီးဆင်း
ငွေရလွယ်တဲ့ သီးနှံတစ်မျိုး အောင်ပန်းမြို့ကို ဖြတ်စီးဆင်း။
မြို့ထဲအထိ အတင်းဝင်တိုး အဲဒီမြစ်ဟာ
အကြီးမြန်တယ်ခင်ဗျ စာပေအနုပညာသကေ်တ
သူတို့ဇနီးတွေရဲ့ ဆွဲကြိုး။ ငြိမ်းချမ်းရေး သကေ်တ။
နေခြည်တစ်ပွင့် ထို အနုပညာမြစ်ကဗျာမြစ်သည်
လူနေမှုအဆင့်သစ်တစ်ခု အနှစ် ရာထောင်
သွန်းထုဆင်ပြင် မြို့သစ်လွင်။ တောင်ပေါ်ဒေသမြေပြန့်ခရီးဆန့်ချီတက်
မူလနေထိုင်လူမျိုးစု ဆက်လက်စီးသွင်ပါစေသား
ဓနတောင်ရိုး ရိုးသားကြိုးစား ဆက်လက်စီးသွင်ပါစေသား။
ကာလကားချပ်ရှည်လျားစွာ
ပျားတွေ၊ ပုရွက်ဆိတ်တွေလိုပဲ (၁၇-၂-၂၀၁၃ ရက်နေ့၊ ဆရာကြီး ဒဂုန်တာရာ
ဘယ်အခါမှ အအားမနေတဲ့ မြို့ရွာ။ ၉၄-နှစ်ပြည့် အကြိုးပွဲတွင် ကိုယ်တိုင်ဖတ်ရသော်ကဗျာ)

အုန်းကျော်နိုင်

www.burmeseclassic.com

www.burmeseclassic.com

ငြိမ်းချမ်းရေးကြယ်ပွင့်

သေနတ်မောင်းဖြုတ်တဲ့ ခလုတ်တွေပေါ်က
လက်ချောင်းတွေထက်စာရင်
စန္ဒရားခလုတ် ဖြူဖြူမွေးမွေးလေးတွေပေါ်မှာ
ပြေးလွှားဆော့ကစားရင်း
ဂီတသံစဉ်လေးတွေ ဖိတ်စဉ်ကျလာစေတဲ့
လက်ချောင်းလေးတွေကို ချစ်တတ်သူပါ။
တုတ်တွေ၊ ဒိုင်းတွေ၊ လွှားတွေ ကိုင်ထားတဲ့
လက်တွေထက်စာရင်
စုတ်တံနဲ့ ဖြူနှီးပြာဝါဆေးတွေ ပေကျံနေတဲ့
ပန်းချီဆွဲတဲ့လက်တွေကို ချစ်တတ်သူပါ။
အဝိုးအတွေ့ပေါင်းစုံနဲ့ မိုင်းညိုမည်းမှောင်နေတဲ့
ရှမ်းတောင်ကုန်းတွေပေါ်မှာ
စိန်ပန်းပြာလှိုင်လှိုင်ပွင့်လို့
မိုးကောင်းကင်ကြီးကိုလည်း သူ့ရဲ့ 'ဝေါ်ဒစ္စနေအပြာ' လို
ကြည့်ချင်သူပါ။
ဒီမှာ . . . 'လှည်းရိုး'
ဟိုး . . .မှာ 'သာမိုင်းခမ်း'
ခပ်လှမ်းလှမ်းမှာတော့ 'မြင်းမထိ'
ဘယ်ကိုပဲကြည့်လိုက်ကြည့်လိုက်
မြင်မြင်သမျှ အစိမ်းတွေ ထူပိန်းပိန်း
တောတွေစိမ်းစိမ်း၊ တောင်တွေစိမ်းစိမ်း
အစိမ်းတွေကြားမှာ
ဒေလီယာပန်း
နေကြာပန်း
သစ္စာပန်းတွေပွင့်တဲ့
ဟောဒါ . . . အောင်ပန်း'။



'အောင်ပန်း'မှာ
ငြိမ်းချမ်းရေးကိုချစ်တဲ့ ကဗျာဆရာ
ငါတို့ချစ်တဲ့ ကဗျာဆရာ
ငြိမ်းချမ်းရေး မရသေးတဲ့ ကမ္ဘာကြီးမှာ
ငြိမ်းချမ်းမှု မရနိုင်သေးတဲ့ ငါတို့ကို ထားခဲ့ပြီးတော့
ငြိမ်းချမ်းစွာ အိပ်စက်အနားယူသွားပြီကို . . . ။

'အောင်ပန်း'မှာတော့
မိုးစက်ကလေးတွေ သယ်ဆောင်လာတဲ့
လေနုအေးကလေးကတော့ နှောဆဲကို . . . ။ ။

သန်းဆွေမိုး (ကလော)

www.burmeseclassic.com

www.burmeseclassic.com

လွမ်းဖွယ်ကြယ် ကဗျာဆရာ

ကဗျာကြယ်တစ်ပွင့် ရွေကြည်ရာ လွမ်း
ကြွေလွင့်ခဲ့ပြီ ငြိမ်းချမ်းပင်လယ်လည်း
လွမ်းဖွယ်ကြယ် ... အလွမ်းတွေ
'လေနအေးက တန်ခွန်နဲ့နော့ဆဲကို' .. နဲ့ အလွမ်းတွေ
အလွမ်းလေနလေးတွေကိုလည်း အလွမ်းတွေ
တန်ခွန်ခွန်နဲ့ ယိမ်းနွဲ့လို့ နော့စေလောက်အောင် ပင်လယ်ဝကြွရတော့မယ် ကဗျာဆရာရယ် ...
အလွမ်းတွေ နော့နေခဲ့ပြီ ဆရာရယ် ... 'မိမိကိုယ်ကို မဲဇာသို့ပို့ခြင်း' တဲ့လားဆရာ
လွမ်းတယ် ဆရာ ရွှေစိတ်တော်နှင့် ခန့်မသင့်၍
'မေ ...'ကို လွမ်းတယ် ဘုရင့်အာဏာစက်
'ကြာပန်းရေစင်' ... ကို လွမ်းတယ် လက်ဝဲသုဒန္တရ– မင်းခ ကဗျာဆရာ
'ဇောဝတီ .. 'ကို လွမ်းတယ် မဲဇာသို့ ...
'တဟိတိကျန်းကလေး'ကိုလည်း လွမ်းတယ် ဆရာလည်း
'တို့ခေတ်ကို ရောက်ရမည်မှာ မလွဲပါ' အဲဒီမဲဇာ တောင်ခြေမှာ
ရဲရင့်အားမာန်သံတွေကိုလည်း လွမ်းတယ် အလွမ်းတွေ စီးထွေထွေနဲ့
'ရုပ်ပုံလွှာ'ခြယ်သမူတွေကို လွမ်းတယ် မြစ်ရေစိန်းလျှံ အလွမ်းတွေ လျှံစွာ
'ပန်းနရောင် နှစ်ကာလများ'ရဲ့ ဖြတ်သန်းမှုကို မဲဇာသို့ တစ်ဖန်
လွမ်းတယ် လွမ်းလိုက်ချင်ပြန်ပါတော့တယ်–ဆရာရယ်
'ဒဂုန်တာရာ၏ ဒဂုန်တာရာ'ကိုယ်ရေးအတ္ထုပ္ပတ္တိကို လွမ်းတယ် အဲဒီမဲဇာ
'တာရာ'ရဲ့ အလွမ်းစာပန်းပွင့်တွေကိုလည်း လွမ်းတယ် တစ်ဘက်မှာ တော၊ တောင်တစ်ကြောနှင့်
'မာယာ'ရဲ့ အဲဒီညတစ်ည အပြောကျယ်စွာ ကောင်းကင်ပြာပြာ
လ.ခ.မြ ည မိုးပြာပြာကလေးကိုလည်း
ပပကြိုးကြွ လှလှဝေစွ ပြေးလွှားလို့ လွမ်းလိုက်ချင်စမ်းပါဘို
ကြယ်စ စိန်စ အဲဒီမဲဇာက
စိမ်းစ ပြာစ ကြယ် လ နေနှင့်
ဖြူးဖွဖွ လှ ရေ မြေ ကောင်းကင်
အဲဒီည ... သစ်ပင်တောတောင်
လွမ်းလောက်အောင်လှ အမှောင် အလင်း
ထိုညကိုလည်း လွမ်းတယ် နှုိ့ရင်းဖြင့်
'ပန်းနရောင်အို' တွေနဲ့ ဖုံးခြင်း မရှိ ကွယ်ခြင်း မရှိ
နီစွေးတဲ့ ချယ်ရီပျိုကလေးရယ် ပကတိအဖြစ်
သင်းပျံ့ရနံ့ လှိုင်းပျံ့မွှေးထုံ ရိုးဖြောင့်လှစ်ပြ
'နှင်းဆီထုံသော ည' ကိုလည်း လွမ်းတယ် အဲဒီမဲဇာ အလွမ်းကဗျာနဲ့
'နွေရက်တွင် သာမိုင်းခန်းသို့ ဆုတ်ခွာခြင်း'များစွာနဲ့ ဆရာ့ကို လွမ်းလိုက်ပါရဲ့ ...
ဆုတ်ခွာခဲ့ရတဲ့ ကဗျာဆရာ လွမ်းတယ် ဆရာ
အောင်ပန်းမှ ထွက် 'ဖျတ်ခနဲ တွေ့ရသော ရုပ်ပုံလွှာ'ကို လွမ်းတယ်
ပင်းဒယလမ်း ဖြတ်သန်းခဲ့ရှာ ကဗျာဆရာ 'ဝေါဒစွနေအပြာ'ကို လွမ်းတယ်
ကလော အောင်ပန်း 'ဝတ်လစ်စလစ် လမ်းမကြီး'ကို လွမ်းတယ်
လမ်းတစ်လျှောက် တောင်စောင်း 'ငြိမ်းချမ်းရေးသို့ ပန်ကြားလွှာ'ကို လွမ်းတယ်
လဲလျောင်း ထင်းရှူးပင်နဲ့ ထပ်တူထပ်မျှ အဘိုး သခင်ကိုယ်တော်မှိုင်းနဲ့ ဒဂုန်တာရာကို လွမ်းတယ်
မြေတွင် ငြိမ်သက် ဆရာ့ကြီး ရွှေဥဒေါင်းနဲ့ ဒဂုန်တာရာကိုလည်း လွမ်းတယ်
လွမ်းမောစွာ အိပ်စက်ခဲ့ပြီလား ကဗျာဆရာ အဲဒီလို အလွမ်းတွေနဲ့
လွမ်းတယ် ဆရာ အလွမ်းတွေ တနော့နော့
အောင်ပန်းမှ ထွက် တနော့နော့ အလွမ်းတွေ
ပင်းဒယလမ်း နော့နေဆဲ အလွမ်းတွေ
ဖြတ်သန်း နော့နေခဲ့ အလွမ်းတွေ
အလွမ်းများစွာနဲ့ပါ ဆရာရယ် ... နော့နေဦးမယ့် အလွမ်းတွေ
'မုန်းမှ ကယ်လီဖိုးနီးယားသို့' တန်ခွန်နော့နေဆဲ လေနအေးလို
မုန်းချောင်းဒေသမှ အလွမ်းတွေ နော့နေခဲ့ပြီ ဆရာရယ်
အညာဒေသ အခုတော့
ရွာကလေးများ အဲဒီ ကဗျာဆရာ
အလွမ်းတွေများ တမလွန်သို့ ထွက်ခွာခဲ့လာ
ထားသွားခဲ့ရှာပြီလားကွယ် ရှင်မယ့် ကဗျာတွေ ချန်ထားရှာတယ်
ဩော် ... လွမ်းဖွယ်ကြယ် ကဗျာဆရာ
ကဗျာဆရာနဲ့ ဝေးကွာခဲ့ရ ဆရာ .. ဒဂုန်တာရာ ...
အဲဒီ (ကဗျာဆရာကြီး ဒဂုန်တာရာသို့ အမှတ်တရ)
မုန်းမှ လော့စ်အိန်ဂျယ်လိစ် မောင်နွေလှိုင်း (မန္တလေး)

www.burmeseclassic.com

www.burmeseclassic.com

အာက်အခဲဘယ်လောက်ပဲရှိရှိ ပရိသတ်ပေးတဲ့အားနဲ့ပဲ ရှေ့ဆက်သွားမယ်

ရွှေစင်

Photo: Nyarna (K-Studio)

www.burmeseclassic.com

www.burmeseclassic.com

Photo: Nyarna (K-Studio)

www.burmeseclassic.com

www.burmeseclassic.com

ရွှေစင်ကို ရင်းနှီးခဲ့တာကြာပါပြီ။ မှတ်မှတ်ရရ Oasis ဂျာနယ်အတွက် အင်တာဗျူး တစ်ခါ၊ Health Care ဂျာနယ်၊ Cover အတွက်တစ်ခါ၊ အခုကတော့ တေးကဗျာ Cover အတွက်ပေါ့။ ရွှေစင်ရဲ့ ကြော်ငြာတွေ ပရိသတ်က ကြိုက်ကြတော့ ရွှေစင်ရဲ့ မိတ်ဆွေတချို့က Lucky Girl လို့တောင် ခေါ်ကြရတဲ့အထိ အောင်မြင်ခဲ့တာပါ။ အခုလည်း Lucky girl ရွှေစင်ရဲ့ အနုပညာလှုပ်ရှားမှုတွေကို အခုလို တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

♛ ရွှေစင်အခုလတ်လော အနုပညာလှုပ်ရှားမှုတွေက။

– ဗီစီဒီသီချင်းတွေ၊ ကြော်ငြာတွေ ရိုက်ဖြစ်နေသလို ကိုကြီးဟိန်းဝေယံ ငါးကြော်မကြိုက်တဲ့ ကြောင်မိုက်ဆိုတဲ့ကား ရိုက်ထားတယ်။ အခုမန္တလေးကြော်ငြာ ရိုက်သွားပြီရင်တော့ ကိုသူထူးစံနဲ့ ကားရိုက်ပြန်ဝင်မယ်။

♛ သွေးကျိန်စာကားမှာ ကိုမိုးအောင်ရင်နဲ့ သရုပ်ဆောင်ရင်း ပရိသတ်က သိသွားတာနော်။

– ကြော်ငြာမယ်တစ်ယောက်အနေနဲ့ ပရိသတ်က တော်တော်များများ သိခဲ့ကြပေမယ့် သရုပ်ဆောင်ကတော့ သွေးကျိန်စာ၊ ငရဲမင်းကြီး ချမ်းသာပေးပါ။

♛ အခု ရွှေစင်အနေနဲ့ ရင်ခုန်နေတာတွေက။

– ကိုကျော်ရဲအောင်နဲ့ ရွှေစင် အရိပ်မဲ့ကမ္ဘာဆိုတဲ့ ကားလေး ထွက်နေပြီ။ ပြီးတော့ ကိုဟိန်းဝေယံနဲ့ သရုပ်ဆောင်ထားတဲ့ ဘယ်သူ့ကြောင့်ဆိုတဲ့ ကားလေးလည်း ထွက်တော့မှာ။ အဲဒီကားတွေမှာ ရွှေစင် အရမ်းကြိုးစားထားတဲ့အတွက် ပရိသတ်ဆီက အသံတွေကို ရင်ခုန်နေပါတယ်။

♛ ဘယ်သူ့ကြောင့်ဆိုတဲ့ ကားမှာ ဘယ်လို ကာရိုက်တာမျိုး သရုပ်ဆောင်ထားလဲ။

– ဒီကားမထွက်ခင်ကတည်းက ပရိသတ် အသံတွေ ကြားနေရပြီပေါ့။ ကြော်ငြာတွေ လာနေပြီလေ။ ကင်မရာမန်းတွေ၊ အင်တာဗျူးတဲ့ ဆရာ၊ ဆရာမတွေကလည်း ဒီကားလေး အကြောင်းကို မေးနေကြပြီဆိုတော့ ရွှေစင် အရမ်းမျှော်လင့်ထားတယ်။ ဒီကားမှာ ကာရိုက်တာက (၃)မျိုးလောက်ကို ခဏခဏ ချိန်းပေးပြီး ပြောင်းပေးရတယ်။ နယ်က တက်လာပြီး မိသားစုတွေကလည်း မရှိတော့ဘူးဆိုတော့ သူဘဝကို စတေးတော့မယ့် မိန်းကလေးတစ်ယောက်ရဲ့ဘဝပေါ့။

♛ ကာရိုက်တာ ချိန်းရတယ်ဆိုတာက။

– စားသောက်ဆိုင်မှာ ဝင်ပြီး အလုပ်လုပ်တဲ့ ပုံစံကတစ်မျိုး၊ နယ်က တက်လာတယ်။ သူ့မိသားစုအတွက် ဘဝကိုစတေးတော့မယ့် ကာရိုက်တာ နောက်ဆုံး သူ့အစ်ကို ထောင်ကျတော့ သူဘဝကို စတေးပြီး ထောင်က ထုတ်ပေးချင်တဲ့အတွက် Hot လိုက်တဲ့ ကာရိုက်တာကတစ်မျိုး ရွှေစင် အရမ်းကြိုးစားထားတယ်။

♛ အခု ရွှေစင်သရုပ်ဆောင်တာ ဘယ်နှကားလောက် ရှိသွားပြီလဲ။

– ရွှေစင်ရဲ့ အနုပညာသက်တမ်း မန္တလေးမှာ ၂ နှစ်၊ ရန်ကုန်မှာ (၄) နှစ်၊ (၆)နှစ်ပေါ့နော်။ ဒီကာလတွေအတွင်းမှာ ကြော်ငြာမော်ဒယ်သဘောမျိုးလောက်ပဲ ရပ်တည်ခဲ့ပြီးတော့ ဇာတ်ကားတွေ ရိုက်ဖို့ လက်ခံထားတာက (၇)လလောက်ပဲ ရှိဦးမယ်။ (၁၀)ကားကျော် သွားပြီပေါ့နော်။ အရမ်းကြိုးစားထားပါတယ်။

♛ အရိပ်မဲ့ကမ္ဘာမှာ ရွှေစင်နေရာက။

– အရိပ်မဲ့ကမ္ဘာဇာတ်ကားထွက်နေပါတယ်။ ကိုကျော်ရဲအောင်နဲ့တွဲပြီး သရုပ်ဆောင်ထားတာပါ။ ဒီကားမှာ ကလေးအမေအဖြစ် သရုပ်ဆောင်ထားတယ်။ ကလေးတစ်ယောက်အမေဆိုတော့ ရုပ်တော့ ချရတယ်။ ဒီကားထွက်ရင်လည်း ရွှေစင်ကို အားပေးကြပါဦးနော်။ စောင့်ကြည့်ဝေဖန်ပေးကြပါဦး။

♛ ရွှေစင် သရုပ်စဆောင်ကတည်းက ဒရာမာတွေများတယ်နော်။

– ဟုတ်တယ်၊ ရွှေစင့်ကို အပျော်ဖန်စီ ကားတွေမှာပဲ သရုပ်ဆောင်ဖို့ ပြောကြမယ်လို့ပဲ ထင်ထားပေမယ့် ဒရာမာဇာတ်တွေပဲ လာတယ်။ (၁၀)ကားမှာ ဖန်စီအပျော်ကားဆိုလို့ ကိုဟိန်းဝေယံနဲ့ သရုပ်ဆောင်ခဲ့တဲ့ 'ငါးကြော် မကြိုက်တဲ့ ကြောင်မိုက်' ကားပဲရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com

Photo: Nyarna(K-Studio)

www.burmeseclassic.com

www.burmeseclassic.com

♛ *ဒီကားမှာ ကာရိုက်တာဆန်းတယ်လို့ကြားတယ်။*

– ရုပ်ရှင်ရူးမလေးပေါ့။ ကိုဟိန်းဝေယံက မော်လမြိုင်ကို လာပြီး ဇာတ်ကားရိုက်၊ ရွှေစင်ကလည်း မင်းသမီး ဖြစ်ချင်တော့ လိုက်ကပ်၊ ကိုယ့်ကြောင့် ရယ်စရာ ဟာသတွေဖြစ်၊ အလွဲတွေချည်းဖြစ်ပေါ့။ ချာလီချက်ပလင်၊ Cow boy, Sexy, Robot ပုံစံတွေနဲ့ ဒါရိုက်တာကို ကပြရတဲ့ တစ်ခန်းထဲမှာ အဲဒီလိုပဲ သရုပ်ဆောင်ရတာပေါ့။ အဲဒီလို အကတွေလည်း သင်ပေးခဲ့ရတယ်။

♛ *ဒီလောကမှာ မနာလိုတဲ့သူတွေ အရမ်း ပေါတယ်လေ။ ရွှေစင်ကို မကောင်းပြောကြတဲ့ မနာလိုတဲ့ သူတွေနဲ့ ကြုံရတဲ့အခါ ဘယ်လို အင်အားတွေနဲ့ ရှေ့ဆက်လဲ။*

– ရွှေစင်အနုပညာ အလုပ်စလုပ်ကတည်းက ကံကောင်းခဲ့တယ်လို့ ပြောမှာပေါ့နော်။ ဒါပေမဲ့ ရွှေစင်မှာ အရမ်းအခက်အခဲတွေ ကြုံခဲ့ရတဲ့ကာလတွေ ရှိခဲ့ရတယ်။ ပြန်ပြီးတော့ မဖြေရှင်းရင်လည်း မဖြေရှင်းလို့ ဒီပြဿနာက ဆိုးသွားမလား၊ ပြန်ပြီး ဖြေရှင်းဖို့ကလည်း ကိုယ်မှ မဟုတ်တာပဲ၊ အဲဒီလိုအခက်အခဲ အတားအဆီးကာလတွေ အများကြီး ကြုံခဲ့ဖူးပါတယ်။ ပရိသတ်အတွက် ငါအကောင်းဆုံး လုပ်မယ်ဆိုတဲ့အသိနဲ့ ဖြတ်ကျော်ခဲ့တာပါ။

♛ *ကားရိုက်အခက်အခဲတွေနဲ့ အတွေ့အကြုံတွေကရော။*

– အနုပညာသက်တမ်းက (၆)နှစ် ရှိပြီဆိုပေမယ့် ကားရိုက်က အခုမှစဝင်တာပါ။ အဲဒီတော့ အခက်အခဲတချို့ ရှိခဲ့တာပေါ့။ ရွှေစင်က ရုတ်ကိုသွားရင် ကိုယ့်ကြောင့် အခြားသူတွေ စိတ်အနှောင့်အယှက် ဖြစ်မှာစိုးတဲ့အတွက်ကြောင့် အမြဲတမ်း မမှားအောင်နေတယ်။ အသေးစိတ်ကအစ ပြင်ဆင်ရတာပေါ့နော်။ အခုတော့ အလုပ်က သင်ပေးသွားတော့ ကင်မရာအယူ အဆလေးတွေနားလည်လာပြီ။ အရင်ကတော့ တော်တော် ချွေးပြန်ရတယ်။ ဒိုင်ယာလော့်ကြိုးရနေရင် တကယ့်တကယ် ရိုက်ကွင်းပေါ်ရောက်တော့လည်း အများကြီးလိုသေးတာပါပဲ။

♛ *ပရိသတ်အတွက် ရွှေစင် ပြောချင်တာက။*

– အနုပညာရှင်ဆိုတာ ပရိသတ်ရဲ့ လက်ခုပ်သံနဲ့ပဲ အသက်ရှင်နေရတာပါ။ ပရိသတ်ရဲ့ မေတ္တာတွေကပဲ ရွှေစင်ကို အရှေ့ရောက်အောင် တွန်းပို့ခဲ့တာပါပဲ။ ရွှေစင် ဓာတ်ပုံရိုက်တာကအစ ပရိသတ်အမြင်မှာ အဆင်ပြေစေချင်တယ်။ ကိုယ်တိုင်လည်း အပြည့်အဝ လုပ်ပေးတာပေါ့နော်။

ဝိုင်

www.burmeseclassic.com

www.burmeseclassic.com

ဘဝမှာ ထင်မထားတဲ့ အရာတွေ ဘာဘာ ကြုံနေရတဲ့ အတွက်ဒဒီ ချစ်စနိုးဦး

ဇရာစိုးသား

www.burmeseclassic.com

www.burmeseclassic.com

သရုပ်ဆောင်မှုမှာလည်း ပရိသတ်အားပေးမှုတွေရရှိခဲ့တဲ့ အကယ်ဒမီ ချစ်စနိုးဦးက အခုလောလောဆယ်မှာတော့ သူမရဲ့တစ်ကိုယ်တော်စီးရီးဖြစ်တဲ့ 'ခိုနားခွင့်ပြုပါ' ဆိုတဲ့ခွေလေးကို ပရိသတ်ရင်ထဲအရောက်ပို့နိုင်ခဲ့တယ်။

♛ *ချစ်စနိုးဦးရဲ့ လတ်တလော လုပ်နေတာတွေက။*

– ဇာတ်ကားတွေတော့ ပုံမှန်ရိုက်ဖြစ်နေပါတယ်။ ဂီတဝိုင်းနဲ့ ပတ်သက်လို့ကတော့ 'ခိုနားခွင့်ပေးပါ' ဆိုတဲ့ တစ်ကိုယ်တော်စီးရီးပြီး သွားပြီ။ ၁၄ ရက်နေ့ကတော့ ပရိုမိုးရှင်းပွဲလေးလုပ်မယ်။

♛ *ဒါရိုက်တာညီမင်းလွင်နဲ့ စနိုး ဇာတ်ကားဆန်းဆန်းလေး ရိုက်ဖြစ်ထားတယ်လို့ သိရတယ်။*

– ကိုညီနဲ့ တစ်ကားဆုံဖြစ်တယ်။ အကယ်ဒမီပြီးမှပေါ့။ ကိုညီနဲ့ ဆုံတဲ့ကားဝိုင်းကတော့ ဇာတ်လမ်းဆန်းဆန်းတွေများပါတယ်။ သရုပ်ဆောင်တစ်ယောက်အနေနဲ့ ထူးထူးခြားခြားလေးတွေ ပရိသတ်တွေအတွက်လုပ်ဖြစ်ခဲ့တာပါ။

♛ *မနေ့က ကိုမင်းအုပ်စိုးနဲ့ ရိုက်ဖြစ်တဲ့ကားက။*

– မနေ့က 'အသည်းကွဲ Taxi' ဆိုတဲ့ ကားလေးကို ရိုက်ဖြစ်ခဲ့တယ်။ ဒီကားမှာ စနိုး ကာရိုက်တာက နှစ်လုံးထိုးတဲ့အမေရဲ့ သမီးပေါ့နော်။ အမေက ချမ်းသာပေမယ့် နှစ်လုံးထိုးလို့မွဲသွားတော့ လူတွေ ကိုယ့်ကိုဆက်ဆံတဲ့ အရာလေးတွေ၊ လူစိတ်တွေ ပြောင်းလဲသွားတယ်။ ဒီအချိန်မှာ ကိုမင်းအုပ်စိုးနဲ့ တွေ့တယ်။ ဇာတ်လေးက ပညာပေးပေါ့နော်။

♛ *ကိုမင်းအုပ်စိုးရဲ့ ရုပ်ရှင်ကားကြီးမှာ အကယ်ဒမီ ရခဲ့တာဆိုတော့ ဒီကားကရော အကယ်ဒမီရပြီးမှ သူနဲ့ဆုံဖြစ်ခဲ့တာလား။*

– ကြားထဲမှာ ဇာတ်ကားတွေ ရိုက်ထားပါသေးတယ်။

♛ *အကယ်ဒမီ ချစ်စနိုးဦးဖြစ်ပြီးမှ ရိုက်ခဲ့တဲ့ ကားတွေ အတွက် တာဝန်အရမ်းကြီးသွားတာပေါ့နော်။*

– ဟုတ်တယ်၊ အကယ်ဒမီက တာဝန်အရမ်းကြီးသွား သလို ရှေ့ဆက်လျှောက်မယ့် အနုပညာအလုပ်တွေ အတွက် အားတစ်ခုဖြစ်သွားတာပေါ့။

♛ *အခု တစ်ကိုယ်တော် စီးရီးလေးအတွက် ဖြစ်သွား ရတဲ့အကြောင်းလေးကို ပျဉ်ပေါ်ဦး။*

– အမှန်အတိုင်း ပြောရရင် ဒီ 'ခိုနားခွင့်ပေးပါ' စီးရီးလေးကို ထွက်ဖို့ အစီအစဉ်မရှိခဲ့ဘူး။ 'လက်ကလေး ဆွဲထား' ဆိုတဲ့သီချင်းလေးကို ပရိသတ်ကကြိုက်ကြတော့ တစ်ကိုယ်တော် သီချင်းခွေလေးလုပ်ပါလို့ ပြောကြတော့ စပြီးစဉ်ဖြစ်သွားတာပေါ့နော်။ အဲဒါပရိသတ်ရဲ့ တွန်းအား ကြောင့် လုပ်ဖြစ်သွားတာပါ။ စနိုး အရင်က ကားရိုက်လိုက်၊ သီချင်းလေးဆိုလိုက်နဲ့ပဲ နေခဲ့တာလေ။

♛ *စနိုးရဲ့ ပရိသတ်နဲ့အမှတ်တရဖြစ်ခဲ့တဲ့ သီချင်းတွေကတော့ မြူးမြူးတွေပဲများတယ်။ ဒီအခွေမှာက Rock ပုံစံလေးဆိုတော့။*

– Rock ကတော့ စနိုး အစောကြီးကတည်းကကြိုက်ခဲ့တဲ့ ဂီတအမျိုးအစားပေါ့နော်။ 'လက်ကလေးဆွဲထား' သီချင်း လေးလုပ်တုန်းက အရမ်းကြိုးစားမရခဲ့ပေမယ့် အကောင်း ဆုံးတော့ ကြိုးစားပြီး ဦးစိုးလင်းနဲ့လုပ်ခဲ့ကြတယ်။ Rock ပဲ ဆိုနေကျဆိုတော့လေ။ ဒါပေမဲ့ မမျှော်လင့်ဘဲ ဒီသီချင်း လေးက ပေါက်သွားတော့ ပျော်ရွှင်ရပါတယ်။ ဒီအခွေ ထဲမှာတော့ Rock, Pop အစုံတော့ ထည့်ထားတယ်။

www.burmeseclassic.com

www.burmeseclassic.com

အခွေလုပ်ဖြစ်ပြီး သီချင်းတွေ ဆိုဖြစ်တာကလည်း ငါ အဆိုတော်ကြီး ဖြစ်ရမယ်ဆိုတဲ့ စိတ်နဲ့ လုပ်ခဲ့တာတော့ မဟုတ်ဘူး။

♛ *အခုချိန်မှာ စနိုး ပြောင်းလဲလာတာတွေ က။*

– ပိုပြီး ရင့်ကျက်လာတယ်။ လူကြီးဆန်လာတယ်။ အလုပ်နဲ့ နေရတာကို ပိုပျော်လာတယ်။ ပရိသတ်နဲ့ ပိုပြီးရင်းနှီးခွင့် ရခဲ့တယ်လို့ ခံစားရတယ်။

♛ *ထင်မထားဘဲ ဖြစ်ပေါ်လာခဲ့တာတွေ၊ ဘဝမှာ ကြုံခဲ့ရတာတွေက။*

– စနိုး မင်းသမီးစလုပ်တုန်းကလည်း ငါမင်းသမီးဖြစ်ရ မယ်ဆိုပြီး လုပ်ခဲ့တာတော့ မဟုတ်ဘူး။ မမျှော်လင့်ဘဲ ဖြစ်လာခဲ့တာပါ။ အခု အခွေလုပ်ဖြစ်ပြီး သီချင်းတွေ ဆိုဖြစ်တာက လည်း ငါ အဆိုတော်ကြီး ဖြစ်ရမယ်ဆိုတဲ့ စိတ်နဲ့ လုပ်ခဲ့တာတော့ မဟုတ်ဘူး။ စနိုးဘဝမှာ မမျှော်လင့်၊ ထင်မထားဘဲ ဖြစ်တဲ့အရာတွေ၊ ခဏခဏ ကြုံရတတ်တယ်။

♛ *ဒီစိုနားခွင့်ပေးပါ စီးရီးကိုရော ဘယ်အတိုင်းအတာအထိ မျှော်လင့်ထားလဲ။*

– ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်လုပ်တဲ့ အလုပ်တစ်ခုကိုတော့ အကောင်းဆုံးဖြစ်အောင် မျှော်လင့်ကြတာပါပဲ။ ဒါပေမဲ့ ကဲ၊ စနိုးအားတွေနဲ့လည်း ဆိုင်သေးတယ်လေ။ ပရိသတ်ကြိုက်ဖို့လည်း လိုသေးတာပေါ့နော်။ အရုပ်းကြိုက်၊ အရုပ်းအောင်မြင်ရင်တော့ အရမ်းပျော်ရတာပေါ့။

♛ *ပရိသတ်အတွက် စနိုးပြောချင်တာတွေက။*

– စနိုးက သရုပ်ပဲဆောင်ရဆောင်ရ၊ သီချင်းပဲဆိုရဆိုရ ပျော်နေတတ်တဲ့သူပါ။ ဆက်ပြီး လည်း အနုပညာအလုပ်တွေကို လုပ်ဖြစ်နေမှာပါ။ ဒီစနိုးရဲ့ ခိုနားခွင့်ပေးပါဆိုတဲ့ အခွေလေးကို အားပေးကြရင်း ပရိသတ်ရင်ထဲမှာ ခိုနားခွင့်ပြုပါနော်။

ရွှေအမ်းသား

www.burmeseclassic.com

အောင်မြင်တဲ့ မင်းသားတစ်ယောက်ဖြစ်ဖို့ နည်းလမ်းကို မသိပါဆိုတဲ့ ဖြူးငွေစိုး

ကောင်း

♛ ကိုဖြူးရဲ့ လတ်တလောလှုပ်ရှားမှုတွေက။

– ကျွန်တော် ဒါရိုက်တာကျော်ဇောလင်း (အတွေးပုံရိပ်)နဲ့ 'နှင်းပွင့်ကောက်ကြောင်း' ဆိုတဲ့ ဇာတ်ကားလေး ရိုက်နေတယ်။

♛ နှင်းပွင့်ကောက်ကြောင်းထဲမှာ အစ်ကို့ရဲ့ ကာရိုက်တာက အရင်ဇာတ်ကားတွေလိုပဲလား။

– သူများတွေကို ကူညီချင်တဲ့ ကောင်လေးနဲ့ ကောင်မလေးရဲ့ ၁၅၀၀ ဇာတ်လမ်းလေးပေါ့။ အဲဒီလိုမျိုးတော့ အရင်က သိပ်သရုပ်မဆောင်ဖူးသေးဘူး။

♛ အခုထွက်နေတဲ့ ချမ်းမိမိကိုနဲ့ သရုပ်ဆောင်ထားတဲ့ 'လွဲတော်မောင်' ဆိုတဲ့ ဇာတ်လမ်းလေးနဲ့ပတ်သက်ပြီး ကျေနပ်အားရမှုရှိလား။

– အကောင်းဆုံးဖြစ်အောင် သရုပ်ဆောင်ထားကြပေမယ့် ကျွန်တော်သိပ်စိတ်တိုင်းမကျဘူး။ ဇာတ်လမ်းလေးရဲ့ ချိတ်ဆက်မှုတွေက တစ်ခုခုလိုနေသလိုပဲ။

♛ တချို့ရယ်ရတဲ့ ပရိသတ်ကကြိုက်တယ်ဆိုတော့။

– ဝမ်းသာစရာပေါ့ဗျာ။ ကျွန်တော်လိုအပ်တာတွေလည်း သတိထားမိလာတာပေါ့။ 'လွဲတော်မောင်'က နှစ်ဆန်းတစ်ရက်နေမှာ ရိုက်တာ။ ဒါရိုက်တာရော၊ ကျွန်တော်ရောပြင်ဆင်ချိန်သိပ်မရလိုက်ဘူး။

♛ မိုးယုစံနဲ့ သရုပ်ဆောင်ထာတဲ့ 'ခေါင်းစဉ်ကောင်းဖို့လိုတယ်' ဆိုတဲ့ ကားလေးကတော့ ဟာသကားဆိုပေမယ့် ပရိသတ်အတွက် Message တစ်ခုခုပေးနေသလိုပဲနော်။

– ကျွန်တော် ကိုကျော်ဇောလင်း(အတွေးပုံရိပ်)နဲ့ ရိုက်ဖြစ်တဲ့ ကားတော်တော်များများက အဲဒီလိုကားလေးများတယ်ဗျ။ ပညာပေးတဲ့ သဘောမျိုးမဟုတ်ရင်တောင် သင်ခန်းစာပေးတဲ့ သဘောမျိုးပေါ့။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ပရိသတ်က ဝေဖန်တာရှိရင်ကော။

– ကိုယ့်လုပ်တဲ့အလုပ်လေးတွေကို ပရိသတ်က အသိအမှတ်ပြုလာတယ်ဆိုတော့ ကျွန်တော့်ကားတွေ ကောင်းလွန်းတယ်လို့ ပြောတာသက်သက် မဟုတ်ပဲ ကျွန်တော့်ရဲ့ ကောင်းခြင်းဆိုးခြင်းကို ဝေဖန်ပေးတာပါ။ ဝေဖန်တယ်ဆိုကတည်းက အသိအမှတ် ပြုတာပေါ့နော်။

ထင်ထားသလောက် ကိုယ့်အရမ်းမျှော်လင့်ပြီးမှ ဖြစ်မလာတဲ့အခါ . . .

– အဲဒီလိုမျိုးအဖြစ်အပျက်တွေက ကျွန်တော်မိုးနေပါပြီခင်ဗျာ။ ရေ့မှာလည်းအကြိမ်ကြိမ် ကြုံခဲ့ပြီးပြီ။ ကိုယ်လုပ်စရာရှိတာကို အကောင်းဆုံးဖြစ်အောင်လုပ်တယ်။ တစ်ခုခုကိုမျှော်ကိုးပြီး လုပ်တာကိုရှောင်တယ်။ လုပ်ချင် တာလေးတွေကို လုပ်လို့ရသလောက် လုပ်ဖြစ်တယ်။

အခုနောက်ပိုင်း ဟာသ၊ Fancy ကားလေးတွေ ရိုက်လာတယ်နော်။

– ဟုတ်တယ်ခင်ဗျ။ ဒါပေမဲ့ တချို့ကုမ္ပဏီတွေနဲ့ ဇာတ်အိမ်ခိုင်ခိုင်ခဲ့ခဲ့ ဒရာမာ ကားလေးတွေ ရိုက်ထားတာတွေလည်းရှိပါတယ်။ ကျွန်တော်က အခုနောက်ပိုင်း ဟာသဒရာမာ သိပ်ပြီးခွဲတာမဟုတ်ဘူး။ ဇာတ်လမ်းတစ်ခုကို ကြိုက်တယ်ဆိုရင် ဟာသရော၊ ဒရာမာရောရိုက်လိုက်တာပဲ။ အဲဒီတော့ ဟာသ(သို့မဟုတ်) ဒရာမာဆိုတဲ့ ခေါင်းစဉ်အောက်က ရိုက်တာမဟုတ်ဘဲနဲ့ ကိုယ့်ကြိုက်တဲ့ ဇာတ်လမ်းက တစ်ခါတလေ ဟာသမဖြစ်ရင် ဒရာမာဖြစ်ချင်ဖြစ်မယ်။ တစ်ခ်ိန်လုံးဟာသကားတွေချည်းပဲ အရိုက်များနေခဲ့ရင် စိတ်က ဟာသလုပ်ချင်တယ်ဆိုတဲ့ စိတ်ပဲရှိမယ်။ ဇာတ်လမ်း အကြောင်း အရာကို သိပ်သတိမထားမိတော့ဘူး။

အခုအခြေအနေက ကိုယ်မှန်းထားတဲ့အခြေအနေကို ရောက်ပြီလား။

– ရောက်နေပြီမဟုတ်တောင်မှ အရင်တုန်းကလို ရပ်နေတဲ့အဆင့် ကတော့ ကျော်ခဲ့ပြီလေ။

အောင်မြင်တဲ့ မင်းသားတစ်ယောက်အတွက် ဘာတွေ လိုအပ်မယ်ထင်လဲ၊ နောက်တက်လာမယ့် မျိုးဆက်သစ်တွေ အတွက် အစ်ကိုသိသလောက် ဝေမျှပေးပါဦး။

– ကျွန်တော်သာ အဲဒီနည်းသိရင်တော့ အရမ်းအဆင်ပြေမှာ။ ကျွန်တော့်ကိုယ်ကျွန်တော် မပြောတတ်တော့ဘူး။ အဲဒါက ခပ်ရေရေတယ်ဗျာ၊ ဟိုတလောက ကျွန်တော်ပြောဖူးတယ်။ ကျွန်တော် အနုပညာ အလုပ်တွေလုပ်လာတာ ၁၀ နှစ်ရှိပြီ။ အဲဒီ ၁၀နှစ်အတွင်း ဒီနှစ်ပိုင်းမှာမှ ကျွန်တော့် အရှေ့ဆောင်မှုကို ကျွန်တော်ကိုယ် ကျွန်တော်ပြန်ကြည့် ရတာလည်း အဆင်ပြေလာတယ်။ ပရိသတ်က ကျွန်တော့်ကို ကြည့်ရတာလည်းအဆင်ပြေလာတယ်။ ဆင်ခြင်ကျွစ်လာတယ်။ ဒီသရုပ်ဆောင်အလုပ် ဆိုတာက ၁၀ နှစ်သင်မှ တတ်ချင်တတ်မယ်၊ တစ်နှစ် သင်လည်းတတ်ချင် တတ်တယ်ပြောရခက်တယ်ဗျ။ အရင်ကဆို ကျွန်တော် သရုပ်ဆောင်မှုကိုကြည့်ကို မကြည့်ရဲဘူး။ အခုမှ အဆင်ပြေသွားတာ။ သရုပ် ဆောင်မှုပညာဆိုတာက သင်ရတာလည်းခက် ခဲတယ် ဆက်တယ် မတတ်ဘူးဆိုတာ ဘေးက လူကဆုံးဖြတ်ပေးလို့ မရဘူး။ ကိုယ် သရုပ် ဆောင်တတ်လား။ မတတ်ဘူးလားဆိုတာ ကျွန်တော့်ကိုယ်တောင် ကျွန်တော်မသိဘူး။

ဘင်္ဂလားသလောက် ဖြစ်မလာတဲ့အခါမျိုးမှာ စိတ်ကို ဘယ်လိုအားသစ်ပြန်မွေးလဲ။

– ကျွန်တော်က နဂိုကတည်းက မျှော်လင့်ချက်ကြီး တစ်ခုတည်းနဲ့ သွားနေတာ မဟုတ်ဘူး။ ကျွန်တော် အမြဲတမ်း သခွင်ဆောင်ချင်တာပါ။

ကျွန်ုပ်ရဲ့ အစ်ကို။

– ကျွန်တော်ကလည်း ကျေးဇူးတင်ပါတယ်။

ကောင်း

www.burmeseclassic.com

www.burmeseclassic.com

အိဘားမားရဲ့
စကားတစ်ခွန်းကြောင့်
စိုးရိမ်ခေါင်းစဉ်ပေးဖြစ်ခဲ့တဲ့
နှာန်းဆုရတီစိုး

အဆိုကြယ်နဲ့ဆိုင်တဲ့ အောင်နှင်းအယ်ကြည်ဆိုတာကလည်း ရုပ်ရှင်ကားထဲမှာ ဇာတ်ကောင်တွေ ဘယ်လောက်ပဲ ဆိုးဆိုး ကောင်းကောင်း ကိုယ်ကျင့်တရားကောင်းတဲ့ ဇာတ်ကောင်မျိုးကို ရွေးချယ်ကဆင်နွှဲတတ်ပါတယ်။

ဇာတ်မှဴး - ဉာဏာ

www.burmeseclassic.com

www.burmeseclassic.com

ဝိုးမပြင်၊ လေမပြင်ဆိုတဲ့ သီချင်းခွေလေးနဲ့ ပရိသတ်ရင်ထဲ ထိထိမိမိဖြစ်ခဲ့တဲ့ နန်းဆုရတီဝိုးက သူမရဲ့ SECOND စီးရီးကိုမွေးနေ့မှာထွက်ဖို့ စီစဉ်နေပြီလို့သိရပါတယ်။ ဒီအခွေကိုလည်း ဘန်ကောက်က (နာမည်ကြီးနိုင်ငံကျော်အဆိုရှင်) တွေလုပ်တဲ့ကုမ္ပဏီမှာ လုပ်ထားတယ်လို့လည်းသိရပါတယ်။

♛ နန်းဆုရဲ့ လတ်တလောသီချင်းခွေ လုပ်နေတယ်ဆို။

– ဟုတ်တယ်၊ နန်းဆုရဲ့ဒုတိယခွေ 'ရှေ့ဆက်သွားမှာပဲ' ဆိုတဲ့ သီချင်းခွေလေးကို နန်းဆုရဲ့မွေးနေ့မှာ ပရိသတ်ရဲ့ လက်ထဲကိုအရောက်ပို့မှာပါ။ နန်းဆုဒီအခွေကိုအများကြီးကြိုးစားထားတယ်။ Gold disc လေးတွေနဲ့လုပ်ထားတယ်။ ရည်ရွယ်ချက်ကလည်း နန်းဆုက ရှေ့ရောင်ဆိုတာအားကြိုက်တာ။ နန်းဆုရဲ့မွေးနေ့မှာ ထွက်မှာဖြစ်တဲ့အတွက် ကိုယ်အကြိုက်ဆုံးအရောင်နဲ့ ဖန်တီးထားတာပဲ ထွက်စေချင်တယ်။ Cover က အစ နန်းဆုရှေ့ရောင်သုံးထားတယ်။ အကျီကလည်း ရှေ့ရောင်၊ ဆံပင်ကလည်း ရှေ့ရောင်လေးနဲ့ဆိုတော့ တော်တော်တိုက်ဆိုင်သွားတယ်။ အရင်အခွေကလည်း အားသာချက်၊ အားနည်းချက်ဆိုတာရှိတယ်။ အဲဒီအတွက် အားနည်းချက်တွေကို ကြိုးစားပြီးတော့ဖန်တီးဖြစ်တာ။

♛ ဒီအခွေမှာကော ဘယ်လိုသီချင်း အမျိုးအစားလေးတွေကို ဘယ်လိုရွေးချယ်ခဲ့တာလဲ။

– နန်းဆုရဲ့ကြိုးစားမှုကို ပရိသတ်အသိအမှတ်ပြု စေချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စေတနာအရမ်းထားပြီးတော့ Pop နဲ့ R&B ကို အခြေခံထားတယ်ဆိုပေမယ့် Jazz နဲ့ Country ပုံစံလေးတွေလည်းပါတယ်။ တေး ရေးဆရာတွေကလည်း နန်းဆုအတွက် တည်ပြီးတော့ ရေးပေးခဲ့ကြတာပါ။ နန်းဆုရဲ့တိုးတက်မှုရယ်၊ ကြိုးစားမှုရယ်၊ ဖန်တီးမှုတွေကို အသိအမှတ်ပြုတဲ့အနေနဲ့ ဒီအခွေကို အစကနေအဆုံးအထိ [illegible] နားထောင်စေချင်ပါတယ်။ နန်းဆု သီချင်း အပုဒ် ၂၀ ထဲက ပရိသတ်နဲ့ထပ်တူကျစေမယ့် ၁၄ [illegible] ထည့်ထားပါတယ်။ ဒါကတော့ ကျောင်းသားကျောင်းသူတွေနဲ့ဆိုင်တဲ့သီချင်း၊ ဒါကတော့ကလေးတွေ ကြိုက်မယ့် သီချင်း၊ ဒါကတော့ ဆယ်ကျော်သက်လူငယ်လေးတွေ ကြိုက်မယ့်သီချင်းစသဖြင့် ဖန်တီးထားတာပါ။ အသေးစိတ်က တစ်ဆင့်ပရိသတ်ရဲ့ရင်ထဲ ထိထိမိမိဖြစ်စေမယ်လို့လည်းထင်ပါတယ်။ ကိုယ့်အကြိုက်ကိုပဲ ဦးစားပေးတဲ့ အခွေမဟုတ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

♛ 'ရှေ့ဆက်သွားမှာပဲ'ဆိုတဲ့ အခွေ title လေးကို ဘယ်လိုပေးဖြစ်သွားတာလဲ၊ အမှတ်တရလေးတွေရှိရင် ပြောပြပါဦး။

– နန်းဆု ဒီအခွေလေးကို စီစဉ်နေတုန်းက အိုဘားမား မြန်မာနိုင်ငံကို လာပြီးတော့ သူ့ရဲ့မိန့်ခွန်းထဲမှာ Forward အားလုံးရှေ့ဆက် သွားရမယ်ဆိုတဲ့ စကားလေးပါတယ်။ အဲဒီစကားလေးက နန်းဆုရင်ထဲကို တကယ်ကို ထိထိမိမိနဲ့ခံစားပြီး ရောက်သွားတယ်။ အခွေ title ကို စဉ်းစားနေတုန်းလည်း ဖြစ်တော့ အိုဘားမားပြောတဲ့ စကားလေးကိုအမှတ်တရ ဂုဏ်ပြုတဲ့အနေနဲ့ထည့်လိုက်မယ်လို့ စဉ်းစားမိတယ်။ ဖြစ်ချင်တော့ နန်းဆုရွေးထားတဲ့ သီချင်းတွေထဲက ဦးမြင့်မိုးအောင်ရေးထားတဲ့ သီချင်းတစ်ပုဒ်ကလည်း ခေါင်းစဉ်က တိုက်တိုက်ဆိုင်ဆိုင် ရှေ့ဆက်သွားမှာပဲ ဖြစ်နေတယ်။ အဲဒါနဲ့ ဒီစီးရီးနာမည်လေးကိုပေးဖြစ်သွားတာပါ။

♛ ဟိုတလောက ပုပွားမှာ ကိုနေမျိုးနဲ့ ဇာတ်ကား သွားရိုက်သေးတယ်ဆို။

– ဟုတ်တယ်၊ ပုပွါးမှာ ကိုနေမျိုးအောင်နဲ့ ဇာတ်ကား နှစ်ကား သွားရိုက်ခဲ့တယ်။ အမှတ်တရကတော့ ရာသီဥတု သာသာယာယာနဲ့ဆိုတော့ အရမ်းပျော်ဖို့ကောင်းခဲ့ပါတယ်။ ရိုက်ကွင်းပေါ်မှာ ပရိသတ်တွေကလည်း လာပြီးအားပေးကြတယ်။ ဘုရားအစုံလည်း ဖူးခဲ့ရတော့ ဝမ်းသာပါတယ်။

♛ အနုပညာလောကမှာဆိုတာက ပြိုင်ဆိုင်သူတွေ ပေါတယ်လေ။ အဲဒီတော့ နန်းဆုဘက်ကခံယူချက်ကရော။

– ဒါကတော့ ကိုယ့်အလုပ်ကိုယ်လုပ်တာပဲလေ။ ကိုယ့်အလုပ်ကိုယ် စေတနာထားမယ်။ ကိုယ့်ပရိသတ်ကို ကိုယ်စေတနာထားမယ်။ အဲဒီလိုဆန္ဒပဲရှိတယ်။ ကျန်တာ သိပ်ဂရုမစိုက်ချင်ဘူး။ ဖြေရှင်းတာတွေဘာတွေမရှိဘူး။ အတိုက်အခိုက်၊ အနှောင့်အယှက်ဆိုတာကလည်း အားလုံးမှာရှိတာပဲလေ။ အဲဒါတွေကို လေ့ကားထစ်လိုသဘောထားတယ်။ မဟုတ် တာတွေ၊ အပြောခံရတာတွေကတော့ ကောလာဟလ ဆိုတဲ့အတိုင်းမရှိဘူး။

♛ အရင်တုန်းကလည်း အဲဒီလိုစိတ်ပဲထားခဲ့တာလား။

– အရင်တုန်းကတော့ ငယ်စိတ်နဲ့ စိတ်ပျက်တာတို့၊ စိတ်ညစ်တာတို့ ခံစားခဲ့ရတယ်။ အဲဒါတွေ အခုတော့မခံစားရတော့ဘူး။ ကိုယ်မှမဟုတ်တာပဲလေ။ အတိုက်အခိုက်၊ အနှောင့်အယှက်တွေကို နန်းဆုဘက်က Dont' Care ပါ။ ကိုယ့်ရဲ့ကြိုးစားမှုရလဒ်ကို သူတို့အသိအမှတ်ပြုတယ်လို့ပဲ သဘောထားတယ်။ ဘယ်တော့မှ ကိုယ်ထိလက်ရောက် မစော်ကားဖူးဘူး။

♛ ဒီရှေ့ဆက်သွားမှာပဲအခွေကို ဘယ်အတိုင်းအတာထိ မျှော်လင့်ထားလဲ။

– အကောင်းဆုံးဖြစ်အောင် မျှော်လင့်ပြီးကြိုးစားထားတော့ မျှော်လင့်ချက်လေးတွေတော့ရှိပါတယ်။ မျှော်လင့်ထားတဲ့အတိုင်းလည်း ဖြစ်စေချင်ပါတယ်။ အဲဒါတော့ ပရိသတ်အပေါ်မှာ မူတည်တာပေါ့နော်။ ပရိသတ်ရဲ့အဖြေကိုလည်း နားထောင်ချင်လှပြီ။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

အလောင်းထမ်းတန့်ပတ်သက်ပြီး လန့်တာလည်းမရှိဘူး၊ ကြောက်တာလည်းမရှိဘူး

နန်းခင်ဇော်ယွာ

ပိုင် (ရုပဇဝဒ)

Photo & Dress : aroma (Zaiku Studio)

Internaional ပြိုင်ပွဲတွင် Miss Myanmar Crown ဆု ရရှိခဲ့တဲ့ နန်းခင်ဇော်ယွာက ပရဟိတအလုပ်တွေနဲ့ပဲ ကုန်ဆုံးတတ်သူပါ။ ဇာတ်ကားရိုက်ဖို့ ကမ်းလှမ်း ခဲ့ကြတဲ့ ပရိုဂျူဆာတွေး ဒါရိုက်တာတွေရှိပေမယ့် သူမကတော့ သရုပ်ဆောင်ဖို့ အချိန်ယူနေတုန်းပဲလို့ သိရပါတယ်။ နန်းခင်ဇော်ယွာနဲ့ သူမရဲ့အနုပညာ၊ လူမှုရေးအကြောင်းတွေကို သိရှိရသလောက်တော့။

♛ *အခုလတ်တလောမှာ နန်းခင်ဇော်ယွာ ဘာတွေလုပ်ဖြစ်နေလဲ။*

– ဘာတွေ လုပ်ဖြစ်နေလဲဆိုတော့ 2014 Calendar စရိုက်နေပြီး ကြော်ငြာတွေလည်း ရိုက်နေတယ်။ ပြီးတော့ ဂျာနယ်၊ မဂ္ဂဇင်းတွေမှာလည်း ဓာတ်ပုံရိုက်ဖြစ်တယ်ပေါ့။

♛ *ဇာတ်ကားရိုက်ဖို့အတွက် ပြင်ဆင်နေပြီလား။*

– ဟုတ်၊ ၂၀၁၃ မကုန်ခင်တော့ နန်းခင် ရိုက်သွားမှာပါ။ လာပြီးပြောထားကြတော့ သရုပ်ဆောင်ဖို့ ပြင်ဆင်နေတယ်။

♛ *ပရဟိတအလုပ်တွေလည်း တော်တော်လုပ်ဖြစ်တာတွေ့ရတယ်။ မော်ဒယ်တစ်ယောက်အလုပ်ခင်ပြိုင်ပွဲတွေ မဝင်ခင်က ကတည်းက စိတ်ဝင်စားဖြစ်တာလား။*

– ဟုတ်ပါတယ်။ နန်းခင်မော်ဒယ်ပြိုင်ပွဲ မဝင်ခင်ကတည်းက ဝါသနာပါခဲ့ပေမယ့် Miss Myanmar ဆုရပြီးတော့ သူငယ်ချင်းတွေ စုပြီးလုပ်ဖြစ်ခဲ့တယ်။ အားလုံးက ငယ်သေးတော့ အဆင်မပြေမှုတွေဖြစ်ခဲ့တယ်။ သေသေချာချာ မလုပ်ဖြစ်ဘူးပေါ့နော်။ နန်းခင်ဆုရပြီး ပြန်လာတဲ့အချိန်မှ သေသေချာချာလုပ်ဖြစ်ခဲ့တာပေါ့နော်။

♛ *အခုနောက်ဆုံး ပရဟိတလုပ်ဖြစ်ခဲ့တာက။*

– ရွှေသံလွင်ဘိုးဘွားရိပ်သာမှာ လှူဖြစ်ခဲ့တာပေါ့။

♛ *ဒီလို ပရဟိတလုပ်နေတော့ နန်းခင်ရဲ့ ဇာတိမြို့လေးအတွက် ဘာတွေလုပ်ပေးဖြစ်ခဲ့လဲ။*

– နန်းခင်အနေနဲ့ နန်းခင်ရဲ့ ဇာတိမြို့ တောင်ကြီးမြို့မှာ အားတဲ့အချိန်မှာပရဟိတအလုပ်တွေလုပ်ဖြစ်ခဲ့တယ်။ အခုမှ တောင်ကြီးကိုမပြန်ဖြစ်တာပါ။ နန်းခင် Miss Myanmar ရပြီး ပြန်လာတော့ ရွာတွေကိုသွားပြီး ကလေးတွေကို ပညာကို ဘယ်လိုသင်သင့်တယ်၊ ပညာသင်ချင်စိတ်ရှိလာ အောင် အဲဒီဘက်မှာက ပညာတွေ တစ်ပိုင်းတစ်စနဲ့ ဆက်မသင်ဖြစ် တာတွေလည်းရှိတော့ ပညာအားသင်ဖြစ် အောင် ခွန်အားတွေ ပေးခဲ့ဟာပါ။

www.burmeseclassic.com

www.burmeseclassic.com

♛ နာရေးကူညီမှုအသင်းက ကိုကျော်သူတို့နဲ့အတူ အလောင်းထမ်ပြီး ကုသိုလ်ယူဖြစ်တယ်နော်။

– အဲဒါကတော့ တစ်လမှာ နှစ်ကြိမ်ကုသိုလ်ယူဖြစ်ပါတယ်။ နှန်းခင်က အလောင်းတွေနဲ့လည်း သိပ်မစိမ်းဘူး။ ဘာဖြစ်လို့လဲဆိုတော့ နှန်းခင်တို့ သေဆုံးတဲ့အလောင်းကို သယ်ရတယ်။ ပြီးတော့ သချိုင်းမှာသွားပို့ရတယ်။ သင်္ဂြိုဟ်ခန်းဆို သင်္ဂြိုဟ်ခန်း၊ အအေးခန်းဆို အအေးခန်း သွားပို့ရတယ်။ အဲဒါနဲ့ ပတ်သက်ပြီး နှန်းခင် ကြောက်တာလည်းမရှိဘူး။ လန့်တာလည်းမရှိပါဘူး။

♛ စီနီယာအနေနဲ့ Belarus နိုင်ငံမှာ ပြိုင်ပွဲဝင်ဖို့ ကြိုးစားနေတဲ့ မော်ဒယ် ခင်ဝင့်ဝါကို ကော ဘယ်လိုမျိုး Control လုပ်ဖြစ်လဲ။

– စီနီယာလို့လည်း မသတ်မှတ်ပါဘူး။ နှန်းခင်ဒီနေ့၊ ဒီအချိန်ထိလည်း ခင်ဝင့်ဝါကို ကူညီပေးဖြစ်ပါတယ်။ Facebook ပေါ်မှာလည်း သူ့ Book တက်လာအောင်နှန်းခင်လုပ်ပေးနေတယ်။ ခင်ဝင့်ဝါက အသက်လည်းငယ်သေးတော့ သွားပြိုင်ရတဲ့အချိန်မှာ အားငယ်စိတ်တွေရှိလာရင်လည်း စိတ်ဓာတ်မကျအောင်၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ရှိလာအောင် အမြဲပြောပြဖြစ်ခဲ့တယ်။

♛ ပရိသတ်အတွက် ပြောချင်တာတွေက။

– ပရိသတ်ကြီးကို ကျေးဇူးအများကြီး တင်ပါတယ်။ ပရိသတ်ကြီးကြောင့် ဒီလိုမျိုး အခြေအနေဖြစ်လာခဲ့တာပါ။ ဒီ့အတွက်ကြောင့် ဆက်ပြီး ကြိုးစားသွားမှာပါလို့ ပြောချင်ပါတယ်။ ပိုင်(ရူပဗေဒ)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဂီတနဲ့ သရုပ်ဆောင်မှုတွေမှာလည်း ပရိသတ်အားပေးမှုအပြည့်အဝရခဲ့သလို အခုလတ်တလောမှာလည်း 'နဖူးမှာ ရေးဖို့မေ့တဲ့စာ' ဆိုတဲ့ ဇာတ်ကားထဲမှာ အကြားအမြင်ရနေတဲ့ မိန်းမတစ်ယောက်အဖြစ်နဲ့လည်း ပရိသတ်အားပေးမှုရနေတဲ့ အကယ်ဒမီထွန်းအိန္ဒြာဝိုဟာ အနုပညာအလုပ်တွေ ရုပ်ထားတယ်လို့ သိရပါတယ်။ သူမနဲ့နားနေတဲ့ အချိန်မှာ ဘာတွေကို ဦးစားပေးပြီး လုပ်ဖြစ်နေလဲဆိုတာ အခုလိုပဲ ပြောပြပေးခဲ့ပါတယ်။

♛ မခိုင်ကြီး အချိန်တွေကို ဘယ်လိုအသုံးချဖြစ်နေလဲ။

– ကျွန်မ မိသားစုကို အချိန်ပေးဖြစ်တယ်။ ကျောင်းတွေလည်း တက်ဖြစ်တယ်။ ပရဟိတ တွေလည်း ဝိုလုပ်ဖြစ်တယ်။ တရားတွေလည်း ဝိုထိုင်ဖြစ်လာတာပေါ့။

♛ ဘဝအကြောင်း အခုတွေးဖြစ်လာခဲ့တာတွေကို မျှဝေပါဦး။

– ဘဝဆိုတာကတော့ ပြောရရင် အများကြီးပေါ့နော်။ တစ်ခါတစ်လေတော့လည်း တိတိကျကျနဲ့ ထိထိမိမိ ဖြစ်မယ့်စကားလုံးကို ကျွန်အခုချိန်မှာ မပြောတတ်သေးဘူး။ ဒါပေမဲ့ သက်ရှိဖြစ်လာရင်တော့ လူတိုင်း ဘယ်လောက်ချမ်းသာကြွယ်ဝပါစေ။ ဘယ်လောက် အဆင်ပြေပါစေ။ ဒုက္ခဆိုတာ ရှိနေဦးမှာပါ။ ခန္ဓာရှိနေသရွေ့ ခန္ဓာဒုက္ခ ရှိပြီးသားပါ။ အဲဒီအတွက်လည်း ပြတ်အောင် သွားရမှာပေါ့။ အခုချိန်မှာ ကျွန်မအဲဒီလိုတွေ တွေးမိလာတယ်။

♛ အခု ပြောင်းလဲလာတဲ့ စိတ်တွေကို ဘယ်လိုအသုံးချနေလဲ။

– ပြောင်းလဲလာတာက တစ်နှစ်၊ နှစ်နှစ်မှမဟုတ်ဘူး။ နေ့စဉ်နဲ့အမျှ ပြောင်းနေတာပါ။ အဲဒီအတွက် ပြောင်းလဲလာတာနဲ့အညီ ကိုယ့်အသက်အရွယ်နဲ့ ဖြစ်ပေါ်လာတဲ့ စိတ်နဲ့လိုက်လျောညီထွေဖြစ်အောင်နေတယ်။

♛ အခုချိန်မှာ ဂီတနဲ့ပတ်သက်ပြီး စိတ်ကူးထားတာရှိလား။

– ကျွန်မကတော့ စီးရီးအသစ်တစ်ခွေ ထုတ်ချင်စိတ်ရှိပါတယ်။ ဒါပေမဲ့ လောလောဆယ်တော့ ကျောင်းစာတွေနဲ့ ပိနေတဲ့အတွက် စိတ်ပဲရှိတာပါ။ ဘာမှမလုပ်ဖြစ်သေးဘူး။

♛ ကျောင်းတက်နေတယ်ဆိုတာက။

– ကျွန်မ English Course တွေ ပြန်လုပ်နေပါတယ်။ ပြီးရင်တော့ MBA ဖြေဖို့ ရည်ရွယ်ထားပါတယ်။ ပညာတစ်ခုသင်ချင်တဲ့ စိတ်နဲ့ ကျောင်းတက်ဖြစ်တာပေါ့။

♛ ပျော်ရွှင်တဲ့ မိသားစုတစ်ခုဖြစ်ဖို့ မခိုင်ကြီး ကျင့်သုံးနေတာက၊ ခံယူချက်ပေါ့နော်။

– မိသားစုဝင်တိုင်း ကိုယ့်တာဝန်ကိုယ်ကျေရင်တော့ သိပ်ညှိနှိုင်းစရာမလိုဘဲနဲ့ အေးချမ်းခွင့်ရတာပေါ့နော်။ ကျွန်မကတော့ အဲဒီလိုပဲ ခံယူထားတယ်။

♛ အခုချိန်မှာ မခိုင်ကြီး နားလည်ထားတဲ့ အနုပညာဆိုတာ။

– အနုပညာဆိုတာကတော့ လူတွေကို ခံစားစီးမျှောစေတယ်။ လူတွေရဲ့စိတ်တွေကို ဦးဆောင်နိုင်တဲ့ အပန်းလည်း ပြေစေနိုင်သလို အနှောင့်အယှက်လည်း ဖြစ်စေနိုင်တဲ့ ခံစားမှုရသအမျိုးမျိုးပေးနိုင်တဲ့အရာတစ်ခုပေါ့။

♛ နှစ်ရှည်လများ အားပေးခဲ့ကြတဲ့ ချစ်ပရိသတ်ကြီးအတွက်။

– အနုပညာအလုပ်တွေ သိပ်မလုပ်ဖြစ်တော့ပေမယ့် ကျွန်မကို ချစ်ခင်အားပေးခဲ့ကြတဲ့ ပရိသတ်ကြီးကို ကျေးဇူးတင်ပါတယ်ရှင်။

ကောင်းမြတ်ဝိုင်

www.burmeseclassic.com

www.burmeseclassic.com

မြန်မာကိုကမ္ဘာက သိသွားရင်ပဲ ကျေနပ်ပါပြီဆိုတဲ့ ခင်ဝင့်ဂါ

ပိုင်(ရုပ်ပေါ်)

ညီမအနေနဲ့ကတော့ အဲဒီလိုရေကူးဝတ်စုံကိုဝတ်ပြီး ဝင်မပြိုင်ချင်ပေမယ့်လည်း နိုင်ငံတကာမှာ (Two Piece နဲ့က ပြိုင်ပွဲတိုင်းမှာ မပါမဖြစ် ပါရတာဆိုတော့) ညီမအနေနဲ့ မဝတ်ချင်ပေမယ့် ပြိုင်ပွဲဝင်စည်းကမ်းအတိုင်း ဝင်ပြိုင်ခဲ့တာပါ ။ ။

www.burmeseclassic.com

www.burmeseclassic.com

ညီမကို ပြိုင်ပွဲဝင်နေစဉ်မှာ ညီမထက်တောင် နေ့မအိပ်၊ ညမအိပ် စိတ်လှုပ်ရှားရင်ခုန်ပေးခဲ့ကြတဲ့ ပရိသတ်ကြီးကို ညီမကကျေးဇူးတင်တဲ့အတွက် အခုရရှိခဲ့တဲ့ဆုငွေထဲက ၃၀ ရာခိုင်နှုန်းကို ပရဟိတအတွက် အသုံးပြုသွားမှာပါ။ ဆက်ပြီးတော့လည်း အားပေးကြပါဦးနော်....

နိုင်ငံတကာက ပြိုင်ပွဲတွေမှာ မြန်မာမော်ဒယ်တွေဆုတွေဆွတ်ခူးခဲ့ကြတာ ဒီနှစ်ပိုင်းအတွင်း တော်တော်များခဲ့ပါပြီ။ အခုလည်း Miss International 2013 ပြိုင်ပွဲမှာ ဆုလေးဆုဆွတ်ခူးရရှိခဲ့တဲ့ မြန်မာ့ဂုဏ်ဆောင်မော်ဒယ်ခင်ဝင့်ပါက မြန်မာနိုင်ငံကို အနုပညာအလှုပ်တွေနဲ့ရပ်တည်ဖို့ရောက်လာခဲ့ပါပြီ။ အသက်(၁၉)နှစ်ပဲရှိသေးတဲ့ သူမ ဒီပြိုင်ပွဲဝင်ကတည်းက ပရိသတ်တွေ စိတ်လှုပ်ရှားမှုတွေနဲ့ စိတ်ဝင်စားခဲ့ကြတာပါ။

♛ မြန်မာဝတ်စုံတွေဝတ်ပြီးပြိုင်ရတော့ နိုင်ငံတကာက ပြိုင်ပွဲဝင်တွေက ညီမကို စိတ်ဝင်တစားရှိကြတယ်ဆို။

– ညီမက မြန်မာဝတ်စုံဝတ်ထားတော့ သူတို့ကဒါဘာလဲ၊ Traditional လားလို့မေးကြတယ်။ ပြီးတော့ သနပ်ခါးလူးတော့လည်း အထူးအဆန်းလိုပဲကြည့်ပြီးတော့မေးကြတယ်။ ငါတို့နိုင်ငံမှာတော့ မိတ်ကပ်ပဲလိမ်းတယ်။ ဒါ ငါတို့တန်ဖိုးထားတဲ့အရာ အဲဒီလိုပြောတယ်။ Miss တိုင်းကလည်း ညီမကို အကူအညီလိုရင်ပြောဆိုပြီး ရိုင်းပင်းကူညီကြပါတယ်။ ညီမကမြန်မာဆိုတာကို သိအောင်စိတ်ထားရော၊ အနေအထိုင်ရော မြန်မာ့ယဉ်ကျေးမှုတွေနဲ့နေထိုင်ခဲ့ပါတယ်။ ညီမဆီက သနပ်ခါးတွေကိုလာတောင်းပြီး လိမ်းလည်းလိမ်းကြတယ်။ အရမ်းကောင်းတယ်၊ အရမ်းကြိုက်တယ်ဆိုပြီးပြောကြတော့ ညီမလည်း မြန်မာတစ်ယောက် အနေနဲ့ဂုဏ်ယူမိပါတယ်။

♛ နိုင်တွေက ညီမရဲ့စကားတစ်ခွန်းကို နှစ်သက်သွားကြတယ်လို့ သိရတယ်။

– နိုင်တွေက Miss Internaitonal 2013 ကို ဘာဖြစ်လို့လိုချင်တာလဲလို့မေးတယ်။ အဲဒီတော့ညီမက မြန်မာနိုင်ငံကိုအထောက်အကူဖြစ်အောင်၊ အထောက်အပံ့ပေးချင်တယ်၊ လူတွေအကုန်လုံးကိုလည်း ကူညီပေးချင်လို့ပါ။

♛ စီနီယာတစ်ယောက်ဖြစ်တဲ့ နန်းခင်ဇေယျာက ခင်ဝင့်ဝါအတွက် ဘာတွေပံ့ပိုးပေးလဲ။

– မနန်းခင်ဇေယျာက ညီမကိုဘာတွေလိုအပ်လဲဆိုပြီး ခဏခဏမေးပါတယ်။ အကူအညီလိုအပ်ရင် အချိန်မရွေး အစစ၊ အရာရာကူညီပေးပါတယ်။ အကြံဉာဏ်ကောင်းတွေလည်း ပေးပါတယ်။

♛ Miss International ပြိုင်ပွဲမှာ ဆုလေးဆုတောင်ရရှိခဲ့တော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိအောင် ဘယ်လိုမျိုးပြုံင်ဖြစ်ခဲ့လဲ။

– ညီမ ဒီပြိုင်ပွဲဝင်ကတည်းက အကုန်လုံးအစအဆုံး ပြင်ဆင်ထားပြီးသားဆိုတော့ အားလုံးယုံကြည်ခဲ့တယ်။ ဒီလိုဆုတွေ ရတဲ့အတွက်လည်း ညီမဝမ်းသာပါတယ်။ အဲဒီဆုတွေထဲက Miss Internet ဆုရတော့ ပိုပြီးတော့နှစ်သက်ပါတယ်။ အဲဒီ့အတွက်အရမ်းတန်ဖိုး ထားပါတယ်။ မြန်မာပြည်က သွားကတည်းက မမုန်းထားတာပါ။ ပြိုင်ပွဲပြိုင်နေတဲ့ကာလမှာ Vote တက်လာတော့ ညီမအရမ်းဝမ်းသာသွားတယ်။

♛ ခင်ဝင့်ဝါကိုဆုရဖို့မှန်းထားပြီးတဲ့အချိန်မှာ ငါဆုများမရခဲ့ရင်ဆိုတဲ့ အတွေးမျိုးနဲ့စိတ်လှုပ်ရှားမှုရှိခဲ့လား။

– မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က ကိုယ့်နိုင်ငံအတွက် အကောင်းဆုံးပဲ ဝင်ပြိုင်ခဲ့တာလေ။ ဆုမရခဲ့ရင်လည်း မြန်မာနိုင်ငံက မော်ဒယ်တစ်ယောက် လာပြိုင်သွားတယ်ဆိုတဲ့ အသိလေးဝင်သွားရင် ကျေနပ်ပါတယ်။ ဆုရတာ၊ မရတာက အဓိကမဟုတ်ပါဘူး။

♛ ဒီက ပြိုင်ပွဲတွေနဲ့ ဟိုကပြိုင်ပွဲ ဘာကွာခြားလဲ။

– ဟိုက ပြိုင်ပွဲဝင် မော်ဒယ်တွေအားလုံးကို ကန်သွင်းထားတာ၊ နေတာ၊ ထိုင်တာ၊ သွားတာ၊ လာတာအားလုံးကို အဲဒါတွေကအစ အမှတ်ပေးသွားတာ။ ဥပမာ--ပေါင်းသင်း ဆက်ဆံရေးဘယ်လိုနေလဲ၊ ဘယ်လိုထိုင်လဲ အဲဒါတွေကအစ အမှတ်ပေးသွားတာ။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့ရာလေးက ပြုတ်ကျမသွားအောင် ကြိုးစားနေတယ် သဥ္ဇာဝင့်ကျော်

ကြိုကြိုးမားမား အလွဲကြိုးတော့ မလွဲပူးပါဘူး။ ကိုယ့်ဟာကိုယ်ဆိုတော့ သတိမထားမိတာလည်း ဖြစ်ချင် ဖြစ်မှာပေါ့။ အပြင်ကလူတွေလည်း မှတ်မိချင်မှတ်မိမှာပေါ့ ....

ရောင်းမြတ်ဝိုင်

www.burmeseclassic.com

www.burmeseclassic.com

"အနုပညာရှင်ဆိုတာ အပြင်ကလူတွေနဲ့ ဆက်ဆံပြောဆိုနေရတာလေ။ အိမ်တွင်းအောင်းနေတဲ့ လူတစ်ယောက်နဲ့မတူဘူး။ အဲဒီတော့ ၈၀၀

၃၅ခုနှောက်ပိုင်း 'မာနခဲ၊ လိပ်ပြာလေးရဲ့ နှန်းတော်၊ လမ်းပေါ်ကနှန်းတော်၊ ရှင်ဘုရင်လေး၊ မန္တလေးသား၊ နှမ်းသူသမိုင်း' စတဲ့ ဇာတ်လမ်းတွေနဲ့ ပရိသတ် အားပေးမှု အပြည့်အဝ ရရှိနေတဲ့ သရုပ်ဆောင် သဘာဝင့်ကျော်နဲ့ သူမရဲ့ အနုပညာအကြောင်းတွေကို ရုပ်ရှင်ထေးကဗျာပရိသတ်အတွက် တင်ဆက်ရရင်–

♛ သဘာ အခုရိုက်နေတဲ့ ဇာတ်ကားက။

– ကိုထွန်းကိုကိုနဲ့ 'ကြယ်ကို ဖမ်းသော လုလင်' ဆိုတဲ့ ကားလေးမှာ သရုပ်ဆောင်နေပါတယ်။ တစ်ယောက်နဲ့တစ်ယောက် မိဘတွေသဘော မတူလို့ ယူခဲ့ကြတဲ့သူနှစ်ယောက်၊ သံယောဇဉ်တွေနဲ့ ချစ်မိသွားကြတဲ့ အကြောင်းလေးပေါ့။ ဒီကားပြီးရင်တော့ ကိုကြူ (ကျော်ကျော်ဝိုဏ်)နဲ့ ရိုက်မှာပါ။

♛ ဒီကားမတိုင်ခင် ရိုက်ခဲ့တဲ့ကားက။

– ဟုတ် . . . ဒီကားမတိုင်ခင်က အိရိုက်တာ ညီမင်းလွင်၊ ကောင်းပြည့်တို့နဲ့ 'သောကြာကြယ်ကတဲ့ ရထား' ဆိုတဲ့ ကားလေး ရိုက်ခဲ့တာပေါ့။

♛ အခုထွက်နေတဲ့ သဘာနဲ့ စိုင်းစိုင်းခမ်း လွှင်သရုပ်ဆောင်ထားတဲ့ 'နှမ်းသူသမိုင်း' ဆိုတဲ့ ကားလေးကို ပရိသတ်ကြိုက်ကြတယ်။ သဘာရဲ့ခံစားချက်တွေက။

– နှမ်းသူသမိုင်း ဇာတ်ကားကို အရင်က ကိုလူမင်း၊ မအူဝဲတို့နဲ့ ပဥ္စမ်အနုမ်းဆိုပြီး ရိုက်ထားတာရှိတယ်။ ဇာတ်လေးကလည်း ဆန်းတော့ သဘာရိုက်ဖြစ်ခဲ့တာပါ။ အရင်ကားလေးလိုပဲ ကောင်းအောင် ကြိုးစားပြီး သရုပ်ဆောင်ခဲ့တယ်။ အရင်ကားမှာက မအူဝဲက တစ်ကားလုံးမှာ ပါးကွက်ကွက်တယ်ပေါ့နော်။ သဘာကကျတော့ နှုတ်ခမ်းအနီပဲ တစ်ကားလုံး ဆိုးထားတာပေါ့။ နှုတ်ခမ်းအနီ၊ ဆံပင်အနီ၊ ပိုက်ဆံအိတ်အနီ၊ ဒေါက်ဖိနပ်အနီ ဖက်ရှင်ကလည်း ပရိသတ် စိတ်ဝင်စားသွားခဲ့တာပေါ့။

♛ ပရိသတ်နဲ့ သဘာအမှတ်တရဖြစ်ခဲ့တဲ့ 'ရှင်ဘုရင်လေး' ကားမှာ စိုင်းစိုင်းနဲ့သရုပ်ဆောင်ထားတာနော်။ ကောင်လေးကို Suprid လုပ်တတ်တဲ့ ကာရိုက်တာအဆန်းလေးဆိုတော့။

– Suprid လုပ်တတ်တဲ့ ဇာတ်လမ်းတွေ အများကြီး ရှိပါတယ်။ ဒါပေမဲ့ 'ရှင်ဘုရင်လေး' ကားကတော့ ကောင်လေးက ကောင်မလေးကို Suprid လုပ်ရတာ မဟုတ်ဘဲ ကောင်မလေးက Suprid လုပ်ရတဲ့ဇာတ်လေးပေါ့။ ပိုပြီး လန်းဆန်းသွားတယ်။ ဇာတ်ထဲက Plop တွေလည်းပိုက်တယ်လေ။

♛ သဘာက ဗီလိန်ဇာတ်ရုပ်တွေဆိုရင်လည်း သရုပ်ဆောင်ဖြစ်တယ်နော်။

– ဟုတ် . . . အနုပညာတစ်ခုအနေနဲ့ ဗီလိန်ပုံစံလည်း သရုပ်ဆောင် ဖြစ်ပါတယ်။ နောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com

တော့ မင်းသားနဲ့ ညားမှ မင်းသမီးဆိုတဲ့ အစွဲကြီးကိုလည်း မထားချင်ဘူး။ ဘာပဲဖြစ်ဖြစ် သင္ဘာအကောင်းဆုံးဖြစ်အောင် ကြိုးစားပါတယ်။ မင်းသမီးနှစ်ယောက်ဇာတ်ဆိုရင်လည်း မငြင်းပါဘူး။ ရိုက်ပါတယ်။ အဲဒီလို ဇာတ်ကလည်း သင္ဘာဆီလာတာခြားတော့ အခုနောက်ပိုင်းတစ်ယောက်ထဲပဲရိုက်ဖြစ်နေပါတယ်။

♛ အနုပညာရှင်တစ်ယောက်အနေနဲ့ စိတ်ဒဏ်ရာတွေကို ဘယ်လိုအားအင်စိတ်ထားတွေနဲ့ တွန်းလှန်ပြီး ရှေ့ဆက်ခဲ့သလဲ။

– အင်းပေါ့ . . . အနုပညာရှင်ဆိုတာ သူများထက်လည်း သည်းခံရတယ်။ ဒီအလုပ်က လူရောစိတ်ရော နှစ်ပြီး လုပ်ရတာလေ။ အရမ်းပင်ပန်းတယ်။ ဒီအချိန်မှာ စိတ်ကို အနှောင့်အယှက်ဖြစ်စေမယ့် အရာတွေကလည်း ဘေးနားမှာ ရှိတယ်။ အနုပညာရှင်ဆိုတာ အပြင်က လူတွေနဲ့ ဆက်ဆံပြောဆိုနေရတာလေ။ အိမ်တွင်းအောင်းနေတဲ့ လူတစ်ယောက်နဲ့ မတူဘူး။ အဲဒီတော့ လူအမျိုးမျိုး စိတ်အထွေထွေဆိုတဲ့ အတိုင်း သူတို့စိတ်တွေကို ကြိုးစားသည်းခံပြီး အလိုက်အထိုက် ဆက်ဆံရတာပေါ့နော်။ စိတ်တွေ ညစ်လာရင်တော့ အရင်ကဆိုရင် တီဗီကြည့်၊ သီချင်းနားထောင်၊ သူငယ်ချင်းတွေနဲ့ Shopping ထွက်ပေါ့။

♛ ဒါဆို အခုအချိန်မှာ စိတ်သောကတွေကို ဘယ်လိုဖြေဖျောက်ဖြစ်လဲ။

– အပြင်က လူတွေကြောင့်ပဲ စိတ်သောကရောက်ရတာဆိုတော့ ကိုယ့်ဟာကိုယ်အိမ်ထဲမှာ ဘုရားရှိခိုးပြီးတော့ပဲ ဖြေဖျောက်တော့တယ်။ အပြင်က သူတွေကြောင့် ရလာတဲ့စိတ်ဒဏ်ရာကို အပြင်မှာပဲဖြေဖျောက်ဖို့ မဖြစ်နိုင်တော့။

♛ အခုရောက်နေတဲ့ နေရာလေးတစ်နေရာအတွက် ဘယ်လိုထိန်းသိမ်းမလဲ။

– ဟုတ်ကဲ့ . . . ပထမဆုံး ဒီအနုပညာလောကထဲကို ဖေဖေနဲ့ မေမေက ငွေအား၊ အချိန်အားတွေနဲ့ ပံ့ပိုးပေးခဲ့ပေမယ့် သင္ဘာဘက်က အရမ်းမကြိုးစားလိုက်ရဘူး။ အခု ဒီလိုနေရာမျိုးတော့ ရောက်လာပြီ။ ဖေဖေ၊ မေမေတို့တော့ မလိုက်နိုင်တော့ဘူး၊ ကိုယ့်ဟာကိုယ်လည်း အဆင်ပြေလာပြီဆိုတော့ အခုရနေတဲ့ နေရာကိုလည်း သင္ဘာကျေနပ်တယ်။ ဒီနေရာလေး ပြုတ်မကျသွားအောင်လည်း သင္ဘာ နည်းမျိုးစုံ သုံးပြီး တော့ထိန်းမှာပေါ့။ အဲဒါ ပရိသတ်ကြိုးကိုလည်း ချစ်လို့ပါ။ အနုပညာကိုမလုပ်ဘဲလည်း မနေနိုင်ဘူးလေ။

♛ သင္ဘာဘဝမှာ ကြိုးကြိုးမားမား လွဲဖူးလား။

– သင္ဘာဘဝမှာ အလွဲတွေ အများကြီးပဲ။ ပြောလို့တောင် မကုန်နိုင်ဘူး။ ကြိုးကြိုးမားမား အလွဲကြီးတော့ မလွဲဖူးပါဘူး။ ကိုယ့်ဟာကိုယ် ဆိုတော့ သတိမထားမိတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ အပြင်က လူတွေလည်း မှတ်မိချင် မှတ်မိမှာပေါ့။

♛ အခု နေတိုး၊ သင္ဘာ အိချောပိုတို့ သရုပ်ဆောင်ခဲ့တဲ့ 'သိပ်ချစ်တယ်၊ အရမ်းမုန်း တယ်' ဆိုတဲ့ကားလေးက ကြော်ငြာလောက တည်းက ပရီသတ် စိတ်ဝင်စားနေကြပြီ နော်။

– 'သိပ်ချစ်တယ်၊ အရမ်းမုန်းတယ်' ဇာတ်ကားကလည်းကောင်းတယ်။ (၃)ယောက်စလုံးကလည်း လုပ်ကွက်မျှမျှတတပေးထားတယ်။ ဒီ(၃)ယောက်အတွဲကလည်း တစ်ခါမှမတွဲဖူးသေးဘူးလေ။ သင္ဘာတို့သရုပ်ဆောင်တွေလည်း ကြော်ငြာကြည့်ပြီးကတည်းက အဲဒီကားကိုကြည့်ချင်နေပြီ။

♛ အဲဒီကားက သင္ဘာကာရိုက်တာကိုပရိသတ်အတွက် နည်းနည်းလေးပြောပြထားဦးလေ။

– အရမ်းကိုကြောက်ပြီး ဆိုက်ကိုဖြစ်နေတဲ့ မိန်းကလေးတစ်ယောက် ပုံစံပေါ့နော်။ အဖေကလည်း နောက်အိမ်ထောင်နဲ့ဆိုတော့ ကိုယ့်ကို ဂရုစိုက်မှု လုံးဝမပေးနိုင်ဘူး။ လူကြီးသူကြီးထဲ မသွားရဲပဲကျောင်းမှာဆိုလည်း အမြဲခေါင်းငုံ့လျှောက်နေတဲ့ ကောင်မလေးပေါ့။ သင္ဘာအရမ်းချစ်တဲ့ ကောင်လေးကိုတော့ အမြဲချောင်းချောင်းကြည့်တာပေါ့။ သင္ဘာသူငယ်ချင်းက အိချောပိုတို့ပေါ့။ အိချောက သင္ဘာကိုကောင်လေးနဲ့အောင်သွယ်ရင်း (၃)ပွင့်ဆိုင်အချစ်ဇာတ်လမ်းလေးပေါ့။ အချစ်နဲ့ ပတ်သက်ပြီးလူတောင်သတ်နိုင်တယ်ဆိုတဲ့ ဇာတ်လမ်းပေါ့နော်။

♛ သင္ဘာရဲ့ အနုပညာအပေါ်ထားတဲ့ စိတ်နဲ့၊ ခံယူချက်တွေက။

– သင္ဘာအလုပ်ကို သင္ဘာတန်ဖိုးထားတယ်။ လေးစားတယ်။ တစ်ခန်းပါတာပဲဖြစ်ဖြစ်၊ နှစ်ခန်းပါတာပဲဖြစ်ဖြစ် လျှော့မလုပ်ဘူး။ အလုပ်ကို တန်ဖိုးထားမှပဲ အလုပ်ကလည်း ကိုယ့်ကို ချစ်မှာပေါ့နော်။ ဒါကြောင့် လုပ်နေတဲ့အချိန်မှာ အတတ်နိုင်ဆုံး ကြိုးစားသရုပ်ဆောင်တယ်။ စိတ်ကောင်းစေတနာထားပြီး လုပ်ပေးတယ်။ စေတနာထားရင်ကံကောင်းမယ်။ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်။ ဒီအလုပ်ကိုတန်ဖိုးထားလုပ်တန်ပြန်တဲ့ အကျိုးသက်ရောက်မှု ကိုယ့်ဆီပြန်လာမှာပဲပေါ့နော်။

ကောင်းမြတ်ဝိုင်

www.burmeseclassic.com

www.burmeseclassic.com

ဝိုးချစ်ရဲ့ ကတ်သင့်အနုပညာ

ရွှေအမ်းသား
ယခင်လမုအဆက်

"အောင်မြင်သွားပြီ ဆိုရင်တော့ ဘယ် လုပ်လုပ် ပရိသတ်တွေက သူတို့ရဲ့ အိုကိတင်လေးကိုပဲ သဘောကျသွားကြတယ်။ အားလုံးဟာ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်အသံတွေရှိကြတော့

www.burmeseclassic.com

www.burmeseclassic.com

ကျန်ရှိနေသေးတဲ့ ဖိုးချစ်ရဲ့ ဇာတ်သဘင်အတွေ့အကြုံတွေကို ဖော်ပြလိုက်ပါတယ်။

♛ *ကျွပ်တို့ရွာ တေးစီးရိုးလိုမျိုး လုပ်ဖြစ်ဦးမလား။*

– အဓိကကတော့အချိန်ပဲ။ ကျွန်တော်က ဇာတ်သဘင်မှာပဲ အာရုံစိုက်ထားတော့ မလုပ်ဖြစ်သေးပေမယ့် ကျွန်တော်ရေးထားတဲ့သီချင်း တွေလည်းရှိတယ်။ အလျဉ်းသင့်ရင်တော့လုပ်ဖြစ်ဦးမှာပါ။

♛ ဇာတ်သမားတွေနားတဲ့ ဖိုးတွင်းကာလမှာလည်းမနားဘဲ ကဖြစ်နေတယ်နော်။

– ကျွန်တော်တို့ ဇာတ်အဖွဲ့တွေက တစ်ညကမှတစ်နေ့စားရတဲ့ ဘဝတွေဆိုတော့ကရတာပေါ့။ ပရိသတ်တွေကလည်း အားပေးကြပါတယ်။ အမြဲတမ်းတော့ ပရိသတ်က ရုံပြည့်ရုံလျံမဟုတ်ပါဘူး။ နည်းလိုက်များလိုက်ပါပဲ။

♛ အရင်တုန်းက ဇာတ်သမားတွေသရုပ်ဆောင်ရင် ဇာတ်သံ မပျောက်ကြဘူးလို့ ပြောကြတယ်။

– အဲဒါကို ဘယ်သူက ဘယ်လိုအတိုင်းအတာနဲ့ သတ်မှတ်ကြလည်း ကျွန်တော်မသိပါဘူး။ ဇာတ်သမားကတော့ ဇာတ်သံပါတယ်လေ။ ဇာတ်သံကိုနားထောင်ချင်လို့ပဲ။ သရုပ်ဆောင်တဲ့ မင်းသား၊ မင်းသမီးတွေမှာလည်း ကိုယ့်ပိုင်ဟန်ဆိုတာရှိတယ်လေ။ ဆိုလိုတာက သရုပ်ဆောင်ဆိုရင်တစ်ပုံစံမျိုးပဲ သရုပ်ဆောင်ရမယ်ဆိုရင် သရုပ်ဆောင်တွေအများကြီးထွက်လာစရာမရှိဘူး။ ဦးကျော်ဟိန်းက ဦးကျော်ဟိန်းရဲ့ အိုက်တင်၊ ဦးကျော်သူက ဦးကျော်သူရဲ့ကိုယ်ပိုင်အိုက်တင်ဆိုပြီး ရှိကြတယ်။ သူတို့ရုပ်ရှင်သရုပ်ဆောင်တွေမှာတောင် တစ်ယောက်တစ်မျိုး အိုက်တင်တွေ ရှိနေကြရင် ဇာတ်သမားတွေမှာလည်း ကိုယ်ပိုင်ဟန်ရှိတာပေါ့။ အောင်မြင်သွားပြီဆိုရင်တော့ ဘာပဲလုပ်လုပ် ပရိသတ်တွေက သူတို့ရဲ့ အိုက်တင်လေးကိုပဲသဘောကျသွားကြတာပါ။ အားလုံးဟာ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်အသံတွေရှိကြတော့ အဲဒီဟန်တွေကို ပရိသတ်ကြိုက်သွားရင်အောင်မြင်တာပဲပေါ့။

♛ ကိုဖိုးချစ်ပေါ်စအချိန်မှာ ပြက္ခဒိန်တွေလည်း တော်တော်ရိုက်လိုက်ရတယ်နော်။ ပြီးတော့ ဘုရားပွဲတော်တော်များများမှာ ဖျော်ဖြေရတယ်။

– ၂၀၀၇၊ ၂၀၀၈ ကာလတွေမှာတော့ ပိုစတား ပြက္ခဒိန် တော်တော်ရိုက်လိုက်ရတယ်။ ကြော်ငြာတွေ၊ ပြက္ခဒိန်တွေ အခုတော့ရိုက်ဖြစ်နေပေမယ့် အဲဒီနှစ်ကလောက်တော့ မရိုက်ဖြစ်တော့ဘူး။ မြန်မာပြည်မှာ ဘုရားပွဲတွေထဲက ကျိုက်ခေါက်၊ ကျောက်တော်ကြီး၊ တောင်ပြုန်းစသဖြင့် ဘုရားပွဲတွေတော့ ဇာတ်ပွဲမှာလူတွေတော့ အများကြီးပေါ့။

♛ ကိုဖိုးချစ်က နယ်ပရိသတ်တွေက တော်တော်လေးကို အားပေးကြတယ်နော်။

– ကျွန်တော့်ကိုတော့ ကျေးလက်က သူတွေက ပိုပြီးအားပေးကြတယ်။ လက်ပံတောင်းမှာ အငြိမ့်ကပြီးပြန်တော့ ဒေသထွက်အသီးအနှံတွေပေးလိုက်ကြတာအများကြီးပေါ့။ နယ်တွေမှာ သွားကတိုင်းလက်ဆောင်သီးနှံတွေပေးကြရင် အဲဒီပိတိကို ကျွန်တော်ဘာနဲ့မှမလဲနိုင်ဘူး။ ပုပ္ပါးနားက ရွာမှာသွားကတုန်းကလည်း အဲဒီလိုပဲ။ ကျောက်ပန်းတောင်းမှာပြီးခဲ့တဲ့ရက်က သွားကတော့လည်း အဲဒီလိုပဲ။ တော်တော်လေးကို ပျော်စရာအရမ်းကောင်းပါတယ်။ ခင်ကြတယ်လေ။ ကြည်နူးဖို့ ကောင်းတယ်။ ကျွန်တော် ဘယ်လောက်ပဲ ဇာတ်ကားရိုက်ရိုက်၊ ဘယ်လောက်ပဲ သီချင်းဆိုဆို ပရိသတ်တွေက ကျွန်တော့်ကိုဆိုရင် ဇာတ်မင်းသားလို့ပဲ မြင်ကြ၊ အားပေးကြပါတယ်။

ရွှေအမ်းသား

www.burmeseclassic.com

www.burmeseclassic.com

Rap သီချင်းတွေ နားညည်းတယ်ဆိုပေမယ့် ကျွန်တော်ကြိုက်တယ်

တစ်ခေတ်တစ်ခါက ပရိသတ်ရင်ထဲ သီချင်းမြူးမြူးပြူးလေးတွေနဲ့ ဖမ်းစားနိုင်ခဲ့တဲ့ အဆိုတော်ကြီးဘိုဘိုဟန်နဲ့ တွေ့ဆုံခဲ့ဂျက်

''ကျွန်တော်က Hip Hop ဂီတနဲ့ သိပ်ပြီးမနီးစပ်ပါဘူး။ အသက်အရွယ်ကြောင့်လည်းပါတာပေါ့။ အခုယုန်လေးရဲ့ 'လူဆိုးကြီးများနေ့'အခွေထဲမှာ ပါဝင်ဖြစ်တာကတော့ ယုန်လေးအဖေက ကျွန်တော်တို့ ခေတ်ဦးထဲမှာ အဆိုတော်တစ်ယောက်ပဲ။ ယုန်လေးက ငယ်သေးတော့ သူ့အဖေနဲ့ ကျွန်တော်တို့ သူငယ်ချင်းတွေဆိုတာ မသိသေးဘူး။ သူသိတဲ့ အချိန်မှာ တော်တော်အဲ့သြသွားတာလေ။ ယုန်လေး ဒီအခွေကို လုပ်တော့ သီချင်းတစ်ပုဒ်ရေးထားတာရှိတယ်။ ဦးဆိုပေးပါဆိုတော့ စိန်ဝင်းထွန်းနဲ့ ကျွန်တော်က တစ်ယောက်တစ်ပုဒ်စီဆိုဖြစ်တာပေါ့။ သူ့အဖေရဲ့သံယောဇဉ်နဲ့ ဆိုပေးခဲ့တာပါ။ သီချင်းနာမည်က 'ဘဲကြီးများနဲ့ပါတီ'တဲ့။ ကျွန်တော်က သီချင်းဆိုရင် အကုန်နားထောင်တယ်။ Music တိုင်းကို နှစ်သက်တယ်ပေါ့။ Hip Hop, Rap အားလုံး ကျွန်တော်နားထောင်တယ်။ ကျွန်တော်ဟင်းချက်ဝါသနာပါတော့ အိမ်မှာထမင်း၊ ဟင်းချက်ရင်း Hip Hop သီချင်းတွေနားထောင်ပြီး ချက်တတ်တယ်။ မြူးကြွတာပေါ့။ အနုဂ္ဂ၊ စိုင်းစိုင်းခမ်းလှိုင်တို့၊ ယုန်လေးတို့ကိုမြင်တော့ အနုဂ္ဂအဖေ တစ်ချိန်ကနာမည်ကြီးအဆိုတော် မင်းမင်းလတ်တို့ ယုန်လေးအဖေ အခုတော့မရှိတော့ဘူးတို့ကို သတိရတာပေါ့။ သကြန်တွေဆိုရင်လည်း ကျွန်တော်က သူတို့ Rap သီချင်းတွေနဲ့မြူးပြီးကတာပဲ။ ကျွန်တော် ပေါက်ခဲ့တဲ့ 'ဦးဘညွှန့်ရဲ့ချစ်ဒုက္ခ'သီချင်းမှာ 'ရည်းစားနှစ်ယောက်လောက်ထားပါအတော်ပဲ' စာသားပါတယ်။ ရည်းစားနှစ်ယောက်ထားမှတော်ကာကျတာပေါ့။ ဟိုတုန်းက ရည်းစားတစ်ယောက်ထား၊ အသည်းကွဲရင် ရူးသွားတာ။ တစ်ယောက်ပြီးရင် နှစ်ယောက်ပရိမယ်။ ဒီဘက်ခေတ်ကတော့ ရည်းစားကို နှစ်ယောက်မကဘူး။ လေးယောက်လောက်ထားမှ တော်ရာကျလောက်ထားရင် မိန်းကလေးတွေက [illegible]လောက် ထားနေပြီ။ အဲဒါလေးတွေက ရယ်ဖွယ်ရာတွေအနေနဲ့ ကျွန်တော်ပြောပြတာပါ။ ဒီဘက်ခေတ်နဲ့ ကွာသွားတာတွေပြောတာပါ''လို့ ဂီတအတွေ့အကြုံကို ပြောပြခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

WEDDING FASHION

ဆော်ယော်လဲ မိုးထက်ယဲဟိန်း၊ ချိုလွဲရည် ဇောတ်ဝံ-ဝတ်စုံ Yes I Do မိတ်ကပ် ကျော်ကျော်မိုး(တော်ဝင်သူ)

www.burmeseclassic.com

www.burmeseclassic.com

WEDDING FASHION

မော်ဒယ်လ်: မိုးထ...သန်း ခွန်... ညီ ... I Do မိတ်ကပ် ကျော်ကျော်မိုး(တော်ဝင်သူ)

www.burmeseclassic.com

www.burmeseclassic.com

WEDDING FASHION

မော်ဒယ်လ် မိုးထက်ယံဟိန်း၊ ချိုလဲ့ညည် ဓာတ်ပုံ-ဝတ်စုံ Yes I Do မိတ်တမ် ကျော်ကျော်မိုး(တော်ဝင်သူ)

www.burmeseclassic.com

www.burmeseclassic.com

WEDDING FASHION

မော်ဒယ်လ် မိုးထက်ယဲဟိန်း၊ ချိုလဲ့ရည် ဓာတ်ပုံ-ဝတ်စုံ Yes I Do မိတ်ကပ် ကျော်ကျော်မိုး(တော်ဝင်သူ)

www.burmeseclassic.com

www.burmeseclassic.com

WEDDING FASHION



မော်ဒယ်လ် မိုးထက်ယဉ်ဟိန်း၊ ချိုလွဲညွှန့် ဓာတ်ပုံ-ဝတ်စုံ Yes I Do ဒီဇိုင်နာ ကျော်ကျော်မိုး(တော်ဝင်သူ)

www.burmeseclassic.com

www.burmeseclassic.com

ရုပ်ရှင်ကို ရုပ်ရှင်လို မြင်ဝေချင်တဲ့ ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်)

ကောင်း မြတ် စိုင်

''ဟယ်... ဒီဇာတ်ကားမှာ မင်းသားအပေါ် အဲဒီလောက်ထိ နှိပ်စက်ဖို့ မကောင်းဘူး''

''ဒီကားမှာတော့ မင်းသားနဲ့ မင်းသမီး ညားသင့်တယ်''

''မင်းသမီးကို မင်းသားက စကတည်းက ရည်းစားစကား ပြောသင့်တယ်။ ဒါရိုက်တာ သဘောပေါ့ကွ'' စတဲ့ အသံတွေက ရုပ်ရှင်ရုံတွေ၊ ဗီဒီယို ပရိသတ်တွေဆီက ခဏခဏ ကြားကြားနေရတဲ့ အသံတွေပါ။ ဟုတ်ပါတယ်။ ရိုက်ကွင်းတစ်ခုမှာ ဒါရိုက်တာတစ်ယောက်ကို ရိုက်ကွင်းဘုရင်လို့တောင် တင်စားခေါ်ဆိုကြရအောင် အရေးပါလှပါတယ်။ အခုလည်း ဇာတ်လမ်းတင်ပြပုံတွေ၊ Plot တွေကို ထူးထူးခြားခြား လေးတွေနဲ့ ဖန်တီးတတ်တဲ့ ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)ရဲ့ ခံစားချက် တချို့ကို တွေ့ဆုံ မေးမြန်းခဲ့တာတွေက ....

♛ ဦးမျိုး အခုရိုက်နေတဲ့ ကားက...

– F-4 (folish 4) ဆိုတဲ့ကားကို နေတိုး၊ ကျော်ကျော်ဝိုး၊ ထွန်းထွန်း၊ မင်းခ၊ မိုးယုစံ၊ ဖူးစုံတို့နဲ့က အချူလေးယောက်အကြောင်းကို ရိုက်ကူးနေပါတယ်။

♛ နှင်းဆီအဖွဲ့သားတွေနဲ့ ဖန်တီးခဲ့တဲ့ဒီကား ထဲက ဇာတ်ကောင်တွေအကြောင်းပြောပါဦး။

– နေတိုးက စာကျက်ရင်းနဲ့ ဆရာဝန်ဖြစ်ချင်လို့ ရှူးသွားတာ။ ကျော်ကျော်ဝိုက ခေါင်းအရိုက်ခံရပြီး ရှူးသွားတာ။ ထွန်းထွန်းက IT သမား၊

www.burmeseclassic.com

www.burmeseclassic.com

စက်ပစ္စည်းတွေ လုပ်ရင်းနဲ့ရှူးသွားတာ။ မင်းခကတော့ အကြောက်လွန်ပြီးရူးသွားတာ။ ပိုးယုစံကတော့ နေတိုးရဲ့ရည်းစားနေရာက သရုပ်ဆောင်ထားတာပါ။ ဖူးစုံကတော့ စိတ်ကျန်းမာရေးဆေးရုံက ဆရာဝန်မပေါ့။

♛ ဦးမျိုး ထူးခြားတဲ့ ဇာတ်တွေပဲဖန်တီးဖြစ်တာက။

– ဟုတ်တယ်။ ကြည့်ရတာ ကိုယ်ကိုယ်တိုင်လည်း အီလာပြီလေ။ ပရိသတ်လည်း အီမှာပဲ။ ဒါကြောင့် ပြောင်းပြောင်းရိုက်ရတာပဲပေါ့။ အဓိကကတော့ သူများနဲ့မတူအောင် ရိုက်ပြချင်တာပါ။ ပရိသတ်အတွက်လည်း အသစ်အဆန်းဖြစ်မှာပေါ့။

♛ နှင်းဆီအဖွဲ့နဲ့ ဇာတ်ကားရိုက်ဖြစ်တာက ဒါပထမဆုံးပဲလား။

– နေတိုးနဲ့ ကျော်ကျော်ပိုကို 'သူဒိုးတစ်ယောက်ရဲ့ ဖွင့်ဟဝန်ခံချက်'မှာတော့ တွဲပေးဖူးတယ်။ နှင်းဆီအဖွဲ့အနေနဲ့ အခုလို စုံစုံညီညီနဲ့ ဒါရိုက်တာလုပ်ပေးခဲ့တာကတော့ ဒီဇာတ်လမ်းက ပထမဆုံးပါပဲ။

♛ ဦးမျိုး ကားတော်တော်များများက ပရိသတ်တွေကို စဉ်းစားခိုင်းတာများတယ်နော်။ အခုမိုင်တိုင် ၂၆ဆိုတဲ့ ဦးမျိုးဒါရိုက်တာ လုပ်ခဲ့တဲ့ ကားကလည်း ရှုပ်ရှင်ခဲ့မှာ ခုံထပ်တိုးရတဲ့ ကားတစ်ကားပဲ၊

– ဟုတ်ပါတယ်။ ပြတဲ့နေရာမှာ ပွဲတိုင်းပြည့်ပဲ။ အားပေးခဲ့ကြတယ်။ နောက်ထပ် ဒီလိုတစ္ဆေကားမျိုးတွေလည်း ခိုက်ဖို့စိတ်ကူးထားတာရှိတယ်။ ဦးတော့ လူဆိုတာ အမြဲတမ်းပြောင်းလဲနေတာလေ။ ကိုယ်ကလည်း ပြောင်းလဲတဲ့ လူတစ်ယောက်ပဲလေ။ ဒါကြောင့် အခုဟာသကား ရိုက်ချင်ရိုက်မယ်၊ နောက် ဒရာမာရိုက်ချင်ရိုက်မယ်။ တစ္ဆေကားလည်း ခိုက်ချင်စိတ်ရှိရင် ရိုက်ဖြစ်မယ်။ အဲဒီတော့ ကိုယ့်စိတ်ထဲမှာ ပေါ်လာတာကို ရိုက်တယ်။ ဘယ်တော့မှ တစ်သတ်မတ်တည်း မသွားဘူး။

♛ အခု ကိုခန့်စည်သူ၊ ရွှေမှုံရတီတို့နဲ့ 'လမ်းပိတ်နေသည် ဆက်သွယ်၍မရပါ' ဆိုတဲ့ ဦးမျိုးဖန်တီးခဲ့တဲ့ ကားမှာ နောက်ဆုံးအခန်းကို

www.burmeseclassic.com

ပရိသတ်ကို တွေးခိုင်းထား တာ တွေ့ရတယ်။

– အဲဒါကလည်း တချို့ဇာတ်အိမ်က ရိုးရိုးလေး သွားရင် Plot က ဆန်းတယ်။ ဒါပေမဲ့ တင်ပြပုံက ရိုးတယ်။ အရေးကြီးတာက ပရိသတ်အတွက် နှစ်သက်ဖွယ်ဖြစ်ဖို့ပါပဲ။ ဆန်းပြားတာတွေ ပါရမှာပေါ့။ ဇာတ်လမ်းတွေကိုလည်း ငါ ရိုက်ခွင့်ရရင် ရိုက်မယ်ဆိုပြီး စိတ်ကူးထားတာတွေ အများကြီးပဲ။

♛ Folish 4 မှာ ဦးမျိုးအတွက် ထူးခြား တဲ့ အခန်းက။

– နိုင်ငံရေးသမားအရူးဆိုရင် ဗိုလ်ချုပ်ကြေးရုပ်ရှေ့ကို ရောက်သွားတော့ ရင်ဖွင့်တာပေါ့။ ဗိုလ်ချုပ်ကြေးရုပ်က အထိမ်းအမှတ်အနေနဲ့ ဆောက်ထားတာ။ အလေးပြုမယ့်သူလည်း မရှိဘူး။ တစ်ခါတလေ ဗိုလ်ချုပ်ကို လွမ်းလို့ အာဇာနည်နေ့ဆိုလို့ရှိရင် အာဇာနည်ဗိမာန်ကိုသွားပြီးတော့ ပန်းခွေချပြီး အလေးပြုချင်တယ်။ ဒါပေမဲ့ ကြိုတင်ပြီး စာတင်ရမယ်တဲ့။ အဲဒါ ကျွန်တော်တို့ မချရဘူး။ သူတို့ချည်း ချနေ တယ်။ ဒါကို ဗိုလ်ချုပ်ကျေနပ်လား၊ ပြီးတော့ ဗိုလ်ချုပ်ကို သတိရပြီး ဗိုလ်ချုပ်အင်္ဂေ့အသက် တွေကို ခံစားကြည့် ချင်လို့ ဗိုလ်ချုပ်ပြတိုက်ကို သွားချင်တယ်။ တစ်နှစ်လုံး မဖွင့်ဘူး။ အာဇာနည် နေ့မှပဲ ဖုန်တွေခါပြီး ဖွင့်တယ်။ ဒါကို ဗိုလ်ချုပ် ကျေနပ်လား။ အာဇာနည်နေ့မှာ ဥဩတွေ မဆွဲရဘူး။ အရင် ဥဩတွေ ဆွဲတုန်းက ကြက်သီးတွေတောင် ထအောင် ခံစားရတာ။ အခု အဲဒါတွေ မဖြစ်တော့ဘူး။ ဒါကို ဗိုလ်ချုပ် ကျေနပ်လား။ တစ်နည်းတော့ ကောင်းပါတယ်။ နားညည်းသက်တာပေါ့။ အဲဒီလို ဒိုင်ယာလော့တွေ ချပေးထားတာပေါ့နော်။

♛ အရင်က မြန်မာပရိသတ်တွေက ဇာတ်ကားတစ်ကားကို ကြည့်ရင် မင်းသားနဲ့မင်းသမီး ပေါင်းမှ ကြိုက်ကြတာလေ။ အခု ဆရာ့ကားတွေတချို့က မင်းသားနဲ့ မင်းသမီး မပေါင်းပေးဘဲနဲ့ ပရိသတ်ကြိုက် အောင် ရိုက်ပြနိုင်တာက။

– မင်းသား၊ မင်းသမီးပေါင်းမှ ကြိုက်တယ် ဆိုတာက သူတို့ အဲဒီကားကို ကြည့်နေစဉ်မှာပဲ ကြိုက်တာဗျ။ မပေါင်းလိုက်တဲ့အတွက် ရုတ်တရက် ကြည့်ရင် မကြိုက်ဘူး။ ဒါပေမဲ့ အဲဒီ မပေါင်းလိုက်တာကိုမှ ကြိုက်နေတာဗျ။ သူတို့ စိတ်ထဲမှာ အဲဒါလေးက ကျန်နေတာကိုး။ မင်းသားနဲ့မင်းသမီး ညားကြလေသတည်းဆိုတဲ့ အကြောင်းထက် တွေးစရာကောင်းတဲ့ အရာတွေ အများကြီး ရှိတယ်ဗျ။

♛ ကိုယ်ရိုက်ပြချင်ပေမယ့် ရိုက်ပြခွင့်မရခဲ့ တဲ့ ဇာတ်ဝင်ခန်းတွေ ရှိလား။

– သိပ်ရှိတာပေါ့။ 'နှောင်းချစ်ဝေလည်' ဆိုတဲ့ ကားကို ကျွန်တော် ပြချင်သလို ပြခွင့်မရဘူး။

မင်းသမီးပေါင်းမှ ကြိုက်တယ်ဆိုတာက သူတို့ အဲဒီကားကိုကြည့်နေစဉ်မှာပဲ ကြိုက်တာဗျ။ မပေါင်းလိုက်တဲ့အတွက် ရုတ်တရက်ကြည့်ရင် မကြိုက်ဘူး။ ဒါပေမဲ့ အဲဒီမပေါင်းလိုက်တာကိုမှ ကြိုက်နေတာဗျ။ သူတို့စိတ်ထဲမှာ အဲဒါလေးက ကျန်နေတာကိုး။

တရားရေးက ထောက်ထားတာပေါ့။ ဇာတ်ထဲက ဇာတ်ကောင် (တရားသူကြီး)ကိုလည်း ရုပ်ရှင်ကို ရုပ်ရှင်လို ကြည့်ရမယ်၊ အဲဒီ ဂုဏ်သိက္ခာနဲ့ ကျွန်တော့်ဇာတ်ကားတစ်ကားလုံး အရသာ ပျက်သွားမှာတော့ အဖြစ်မခံနိုင်ဘူး။ အဲဒါကိုတော့ ညှိနှိုင်းရမှာပေါ့။ အဲဒါမျိုးတွေ အများကြီး ကြုံနေရတယ်။

♛ အဲဒါက။

– ဆင်ဆာပေါ့။ ဘာမှမဖြတ်တော့ပါဘူး ဆိုပြီး အဲဒါကို ဖြတ်တာ။ အဲဒါမရရင်တော့ ဆင်ဆာကတ် မထုတ်ပေးသေးဘူး။ အဲဒီကိစ္စကတော့ ဆက်ပြီး ရှင်းရမှာပဲ။ ကျွန်တော်တော့ လုံးဝ မကျေနပ်ဘူး။

♛ ဆင်ဆာဆိုပြီးတော့ ဘယ်လိုရိုက်ခွင့် မရှိဘူးဆိုပြီးတော့ စည်းကမ်းချက်တွေ ထုတ်ပြန်ထားတာ ရှိလား။

– မရှိဘူး။

♛ ဒါဆို အဲဒီလို ပြောမပြထားဘဲနဲ့ သူတို့ မကြိုက်ရင် ဆင်ဆာဖြတ်တယ်ဆိုပြီး ဖြတ်ပစ်မှ သိရတာလား။

– ဟုတ်တယ်၊ တစ်ခါတလေကျလို့ရှိရင် အဲဒီ ဇာတ်ကောင်တစ်ကောင်ရဲ့ ဂုဏ်သိက္ခာကြောင့်ပဲ ကျွန်တော့်ဇာတ်တစ်ခုလုံး ပြောင်းပစ်ပေးရမယ်ဆိုတော့ မဖြစ်နိုင်ဘူးလေ။ သူတို့ကာ တစ်ခါတလေ ဇာတ်ကားကို ဗဟိုပြုပြီး စဉ်းစားတာ ရှိတယ်။ ကိုယ့်ရဲ့ အနေအထားတစ်ခု Personal ပေါ် စဉ်းစားတာ ရှိတယ်။ ရုပ်ရှင်ကို ရုပ်ရှင်လိုမြင်ပြီး ဒါတွေဟာ တကယ်ဖြစ်တာ မဟုတ်ဘဲနဲ့ တကယ်ဖြစ်သလို ခံစားပြီးတော့ ဒါဟာ တကယ် မဖြစ်ပါဘူးလို့ ပြောနေကြတာလဲ။ နားကို မလည်နိုင်တော့ဘူး။ နိုင်ငံခြားမှာဆို တရားသူကြီး လာဘ်စားတဲ့ အကြောင်းတွေ၊ လာဘ်စားတဲ့တရားသူကြီး အသတ်ခံရတာတွေ အများကြီးပဲ ရိုက်ထားတာ ရှိတယ်။ အဲဒီလိုမျိုးသာ ရိုက်ပြရင် ဘယ်လိုနေမလဲ မသိဘူး။ အဲဒါတွေကို အခုချိန်ထိ နှောင့်ယှက်နေကြတာလည်း နားမလည်တော့ဘူး။

♛ ဦးမျိုး ဖြစ်ချင်တဲ့ ဆင်ဆာပုံစံက။

– ဆင်ဆာကိစ္စဆိုရင်တော့ ရှင်းတယ်လေ။ ကိုယ်ရိုက်တာ ကိုယ်တာဝန်ယူပေါ့၊ ပြ . . . ဒါပါပဲ။

♛ အခု ထုတ်လုပ်သူတွေ ဆန္ဒပြကြတဲ့ အပေါ်။

– ဒီဆန္ဒပြမှုက ရုပ်ရှင်လောကတစ်ခုလုံးကို ကိုယ်စားမပြုတာ။ သရုပ်ဆောင်တွေ မပါတဲ့အတွက် ဒါဟာ အနုပညာရှင်တွေကို ကိုယ်စားမပြုဘူး။ အဲဒါအတွက် ဒါ အနုပညာရှင်တွေနဲ့ သိပ်မသက်ဆိုင်ဘူး။

♛ ပြောချင်တာများ ရှိသေးရင် ပရိသတ်အတွက်ပေါ့။

– ဦးမျိုးကတော့ တစ်သက်လုံး ကိုယ်ထူထောင်တဲ့လမ်းကြောင်းကိုပဲ သွားမှာပါ။ ဦးမျိုးခံယူချက်က ဘာရိုက်ရိုက် ကောင်းအောင် ရိုက်ဖို့၊ ကောင်းအောင် ရိုက်ရင် ပရိသတ်ကြိုက်မယ်။ ကောင်းအောင် မရိုက်ရင် ပရိသတ် မကြိုက်ဘူး။

ကောင်းမော်ဝိုင်

www.burmeseclassic.com

www.burmeseclassic.com

မိုးဘယ်မှာကွေနဲ့လဲသီချင်းကို တတိယစီးရီးမှာ ပြန်ထည့်ထားတဲ့ဆူဇီ

ဆူဇီရဲ့ ပထမစီးရီး ရတုအဆက်ဆက်က ၂၀၀၉ မှာ ထွက်ခဲ့တယ်။ ၂၀၁၀ မှာတော့ ဒုတိယစီးရီးထွက်ခဲ့တယ်။ အခုကတော့ ဆူဇီရဲ့ တတိယ စီးရီးအနေနဲ့ 'တတိယ ရင်ခုန်သံ'ကို ပရိသတ်အတွက် ဖန်တီးဖြစ်ခဲ့တာပေါ့။ ဆူဇီက စင်ကာပူမှာ ကျောင်း ၅ နှစ်သွားတက်လိုက်တော့ ပရိသတ်နဲ့ အဆက်အသွယ်ပြတ်သွားတယ်။ ဒီလိုပဲပြန်မာပြည်ကို New Year တွေမှာ ပြန်လာလိုက် သီချင်းတွေ ဆိုခွင့်ရှိခဲ့တယ်။ အဲဒီတော့ ရတုအဆက်ဆက်မှာ သီချင်းတွေက ပရိသတ်တွေ တော်တော်ကြိုက်ခဲ့သလို VCD မှာလည်း Story ပုံဖော်ထားတာတွေကောင်းတော့ ဆူဇီကျေနပ်ခဲ့ပါတယ်။ ဒါပေမဲ့ တွေ့စတုန်းကအတိုင်းပဲ စီးရီးမှာတော့ VCD မှာဖော်တာ အဆိုကဒ် တွေပဲပါတော့ သရုပ်ဆောင်တဲ့အပုဒ်တွေမပါတော့ဘူးလေ။ ပရိသတ်ဆီလည်း သိပ်မရောက်ခဲ့ဘူး။ ဒီတတိယ စီးရီးမှာတော့ အမှတ်တရအနေနဲ့ မိုးဘယ်မှာရွာနေလဲ ဆိုတဲ့သီချင်းလေး ထည့်ထားတယ်။ ဒီအခွေလေးကို ဆူဇီပရိသတ်အတွက် ကြိုးစားထားတာပေါ့နော်။ ပရိသတ်ကြိုးကလည်း ဆူဇီကို အရင်ခွေတွေလိုပဲ အားပေးကြပါဦးနော်။ နောက်ထူးခြားတာက ရတုအဆက်ဆက်နဲ့တွေ့စကအတိုင်းပဲ စီးရီးတွေမှာ စုံတွဲဆိုထားတာတွေများတယ်။ အခုခွေမှာတော့ Snare နဲ့ မိုးရေတွေထဲမှာ၊ ယုန်လေးနဲ့ ပျော်ရွှင်ခြင်းလက်ဆောင်သီချင်းတွေပဲ ဆိုထားတယ်။ ဟာသစ ချိုချိုလေးတွေနဲ့ မြူးပြူးလေးတွေပါတယ်။ ဆူဇီရဲ့ ကြိုးစားပမ်းစားနဲ့ အပင်ပန်းခံပြီး ဖန်တီးထားတဲ့ တတိယမြောက် ရင်ခုန်သံ စီးရီးလေးကို အားပေးကြပါဦးနော်။

ရွှေအမ်းသား

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့် ပတ်ဝန်းကျင်ကို ကိုယ့်ပရိသတ်လိုပဲ သဘောထား ပါတယ်ဆိုတဲ့ ထွန်းထွန်းဟာ တစ်ချို့နှုတ်ခန်းက မိန်းကလေးများရဲ့ အသည်းစွဲဖြစ်ခဲ့သူပါ။ သူရဲ့အနုပညာ လှုပ်ရှားမှုတွေကို ခဏတာရပ်တန့်ခဲ့သလိုဖြစ်ခဲ့တဲ့အတွက် ပရိသတ်တွေရဲ့ အလုပ်ဝေးခဲ့တယ်လို့ ပြောရပါမယ်။ အခုအခါမှာတော့ သူဟာ အနုပညာလှုပ်ရှားမှုတွေကို အရှိန်ပြန်တင်ပြီး လုပ်နေတာကိုတွေ့ရပါတယ်။ ဒါကြောင့် ပရိသတ်တွေအတွက် ဒီလမှာ ထွန်းထွန်းရဲ့ အင်တာဗျူးလေးကို တင်ဆက်ပေးလိုက်ပါတယ်နော်။

ဒေါင်မြင့်ဒေါင်လုပ်မယ် မလုပ်ဖူးဆိုတဲ့စိတ်က ကိုယ့်စိတ်ကို ကိုယ် မောဒေါင်လုပ်တာဆိုတဲ့ ထွန်းထွန်း

ဇေအာ : မြတ်သီ

www.burmeseclassic.com

www.burmeseclassic.com

♛ ထွန်းထွန်း လတ်တလောဘာတွေလုပ်ဖြစ်နေလဲ။

– ဒါရိုက်တာ ဦးမျိုးမင်းရိုက်ကူးတဲ့ အချွန်းလေးယောက်ကို နေတိုး၊ ကျော်ကျော်ပို၊ မင်းခ၊ မိုးယုစံ၊ ဖူးစုံတို့နဲ့အတူ ပါဝင်သရုပ်ဆောင်နေပါတယ်။

♛ အစ်ကို နေမကောင်းဖြစ်သေးတယ်ဆို။

– ဟုတ်တယ်ဗျ၊ နေပြည်တော်ကို တစ်ချက်သွားလိုက်တော့ နေပူမိုးရွာဖြစ်ပြီးတော့ မခံနိုင်ဖြစ်သွားတာ။ (TV Program) တစ်ခုသွားရိုက်တာ။ အခု တိဗိမှာလွှင့်နေပြီထင်တယ်။

♛ ကိုနေမင်းနဲ့ ဗီလိန်ကားတစ်ကား ရိုက်ထားသေးတယ်နော်။

– အဲဒါက အုတ်ကြွားမြက်ပေါက် ကားပြီးတော့မှရိုက်တဲ့ကားပေါ့။ ဗီလိန်ကြီးပဲတော့ မဟုတ်ဘူးထင်တယ်။ Editing ဆက်လိုက်ရင်တော့ ဘယ်လိုဖြစ်သွားမလဲမသိဘူး။ မကောင်းတဲ့ပုံစံမျိုးပါတယ်။ ဗီလိန်စစ်စစ်ကြီးတော့ ဟုတ်ဟန့်မတူပါဘူး။

အားလုံး အဆင်ပြေအောင် ရုပ်ပြပြုံးပြတယ် ဆိုတော့ ဘယ်ဟာက ကျွန်တော့်ရဲ့အစစ်အမှန် ပေးဆိုတာ မသိတော့ဘူး။ ဒါပေမဲ့ သေချာတာက ပေါက်ကရတွေ ရေလျှောက်ပြောနေမယ်။ ပြောင်မယ်၊ ရွတ်နောက်နောက်နေမယ်၊ အဲဒါဆိုရင် ကျွန်တော်ပဲ။

♛ အစ်ကိုအနေနဲ့ အမှားလုပ်ခဲ့တာတွေ ရှိလား။

– Examplez နဲ့ ပတ်သက်ပြီးတော့ နှစ်ခု၊ သုံးခုလောက် ရှိတယ်။ ရှိးပွဲတစ်ခုမှာပါမယ်ပြောပြီး မပါဖြစ်တာ ကျွန်တော့် ကြောင့်ပါ။ အဲဒီလို အမှားတွေပေါ့။

♛ အပြင်မှာ ဘယ်လိုကာရိုက်တာနဲ့ နေဖြစ်လဲ။

– တစ်ခါတစ်ခါကျတော့ ကျွန်တော့်ရဲ့ကာရိုက်တာအစစ်က ဘယ်လိုလဲဆိုတာတောင် မသိတော့ဘူး။ သရုပ်ဆောင် နေရတာများနေတော့ အဲဒီလို အခြေအနေလေးတွေရှိတယ်။ ဆိုလိုတာက သဏ္ဌာန်လုပ် သရုပ်တူကိုယ်ဘယ်လောက်ပဲ အဆင်ပြေသည်ဖြစ်စေ၊ မပြေသည်ဖြစ်စေ ကိုယ့်ပတ်ဝန်းကျင်က ကိုယ့်ပရိသတ်ပဲလို့ သဘောထားတယ်။

♛ သီချင်းတွေရော ရေးဖြစ်လား။

– ရေးဖြစ်တာထက် နားထောင်ဖြစ်တဲ့ အပိုင်းကပိုများတယ်။

♛ 'စူပါစတား' ထွက်မယ့်အပေါ်ရော စိုးရိမ်စိတ်တွေရှိလား။

– အောင်မြင်လာတဲ့ ကာလကျမှပဲ အရောင်တွေပါလာတယ်။ အောင်မြင်အောင်လုပ်မယ်၊ မလုပ်ဘူးဆိုတဲ့ စိတ်ကပဲကိုယ့်ကို မောအောင်လုပ်တယ်လို့ ယူဆမိတယ်။ ပေါက်တာ၊ ပေါက်တာထက် ကျွန်တော်လုပ်နေတဲ့ အရာလေးကိုပဲ ပြီးပြတ်အောင်လုပ်လိုက်တာပါ။

♛ Sea Game အတွက် လှုပ်ရှားထားတာလေးတွေရှိလား။

– ထူးထူးခြားခြား အမှတ်တရပဲဗျ။ ရဲလေးနဲ့ ပထမဦးဆုံး သီချင်းအတူတူ ဆိုဖူးတာ အခု Sea Game သီချင်းအတွက်လေ။ ကျွန်တော်တို့ အနုပညာသက်တမ်းတစ်လျှောက်မှ ဒါပထမဦးဆုံး အတူဆိုဖူးတာပါ။ ကိုဇွေကျော်ကျော် ရေးပေးထားပြီး နေပြည်တော် တစ်ခွင်မှာ ဒါရိုက်တာကျိုးနဲ့အတူ ပုံဖော်ထားပါတယ်။

♛ ပရိသတ်အတွက် စကားလက်ဆောင်။

– ပြောတိုင်းဖြစ်မလာတဲ့အတွက် ကျွန်တော်ကြိုမပြောချင်တော့ဘူး။ ဒါပေမဲ့ ကျွန်တော်ကြိုးစားမှုတွေနဲ့ ကျွန်တော့်လမ်းကြောင်းမှာ လျှောက် လှမ်းနေပါတယ်။ ကျွန်တော့်ကိုအားပေးကြတဲ့ ပရိသတ်တွေကို စိတ်မပျက်စေချင်ပါဘူး။

အေးမြတ်သီ

www.burmeseclassic.com

www.burmeseclassic.com

ဘဝတစ်ကွေ့ အမှတ်တရ

ဆီလာဆုပြဿနာတွေနဲ့ ဒဏ်ပြား
ပြဿနာတွေကို တစ်ကာရိုမီ ဒဲ့ခြွေးထားတဲ့

စိုးမိုးကြည်

www.burmeseclassic.com

www.burmeseclassic.com

ဒီတစ်လ 'ဘဝတစ်ကွေ့ကဏ္ဍ' အတွက် ပရိသတ်တွေ အခုချိန်ထိ အားပေးလက်ခံနေဆဲဖြစ်တဲ့ စိုးမိုးကြည်နဲ့ အခုလို တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါတယ်။

♛ မစိုးမိုးရဲ့ လတ်တလော အနုပညာလှုပ်ရှားမှုတွေက။

– နေမင်း၊ သက်မွန်မြင့်တို့နဲ့ 'လျှောက်ကြိုးကုန်ချိန်' ဇာတ်ကားလေး ရိုက်နေပါတယ်။

♛ အခု ဘဝတစ်ကွေ့ကဏ္ဍအတွက် မစိုးမိုးကို မေးတာဆိုတော့ အနုပညာကို လုပ်ဖြစ်ပုံလေးကစပြီး ပြောပေးပါဦး။

– အန်တီ ဒေါ်မြရင်၊ အန်တီ ဒေါ်ခင်ဝင်းကြည် (ဇင်မာဦးရဲ့အမေ) သူတို့တွေရဲ့ တိုက်တွန်းမှုနဲ့ အနုပညာလောကထဲကို ရောက်ခဲ့တာပါ။ ပထမဦးဆုံး ဇာတ်ကားက 'တိမ်ကော့နော်ဂျာ' ကျော်သူ၊ တင်နီလာဝင်းတို့နဲ့ တွဲဖက်ပြီး သရုပ်ဆောင်ခဲ့တယ်။ မြန်မာ့အသံကလာတဲ့ ဖြစ်ရပ်မှန်ဇာတ်ကားတွေမှာ ဝင်သရုပ်ဆောင် ဖြစ်ခဲ့တယ်။ ပြီးတော့ အစ်မ ရာဇဝင်ကားလေးတွေ ရိုက်တယ်။ ညီအစ်မခန်းတို့။ ကျောင်းဆရာမ အခန်းတို့ အဲဒီလိုနဲ့ ပရိသတ်ရင်ထဲကို တိုးဝင်ခဲ့တာပေါ့။

အခက်အခဲက လူတိုင်းရှိမှာပါ။ ငါတစ်ယောက်ပဲခက်ခဲ၊ ငါတစ်ယောက်ပဲ ချမ်းသာနေတာလား အဲဒီလိုမျိုးတွေးလို့မရဘူး။ ဟိုလူက စိတ်ချမ်းသာလိုက်တာ၊ ဒါပေမဲ့ သူမှာလည်း သူ့ဒီဘေးစုပြဿနာနဲ့သူ ရှိမှာပဲ။ အစ်မအနေနဲ့.....

♛ ပရိသတ်က စိုးမိုးကြည်လို့ သိသွားတဲ့ ဇာတ်ကားတွေက။

– တော်တော်များများ ရှိပါတယ်။ အစ်မရဲ့ ကြိုးစားမှုလည်း ပါတယ်။ ကိုရန်အောင်နဲ့ 'မိုးထက်မြင့်သော' ဆိုတဲ့ ကားလေး၊ နောက် 'တသသလွမ်းစေ' ဆိုတဲ့ ကား၊ 'တအူတုံဆင်း'၊ 'အားအားယားယား'၊ 'ပန်းသခင်' အဲဒီကားတွေက ပရိသတ်အတွက် အမှတ်တရ ဖြစ်ခဲ့တဲ့ ကားတွေပေါ့။ ပရိသတ်က 'စိုးမိုးကြည်' ဆိုပြီး သိသွားတဲ့ အတိုင်းအတာ တစ်ခုအထိ ရောက်ခဲ့ပါပေါ့။ပရိသတ်ရင်ထဲကို ရောက်အောင် အစ်မဘက်ကလည်း တာဝန်ကျေအောင် သရုပ်ဆောင်ခဲ့ပါတယ်။

♛ အနုပညာလောကထဲမှာ အစ်မရဲ့ လက်ဦးဆရာတွေက။

– ဒါရိုက်တာ ဇမ္ဘူထွန်းသက်လွင်၊ အစ်မရဲ့ ခြေပုံဆိုပုံ၊ ကိုယ်နေဟန်ထားတွေကို ပြောဆိုဆုံးမခဲ့တာကတော့ ကွယ်လွန်သွားပြီဖြစ်တဲ့ ဒွေးစန်းစန်းအေးတို့ပေါ့။

www.burmeseclassic.com

www.burmeseclassic.com

♛ အဲဒီတုန်းက အရိုက်များခဲ့တဲ့ ကာရိုက်တာတွေကကော။

– အင်း... အဲဒီတုန်းကတော့ မယားကြီးအပြိုင် နေရာတွေ သရုပ်ဆောင်ရတာ များတယ်။ ကိုယ့်ရည်းစားက သူများနဲ့ ယူသွားလို့ ပြဿနာတွေ၊ ရန်တွေလိုက်ဖြစ်ပေါ့။ စရိုက်တုန်းကတော့ ချမ်းသာတဲ့ သူဌေးသမီး ကာရိုက်တာတွေ အရမ်း ရိုက်ရတာ။ အခု နောက်ပိုင်း အသက် အရွယ်ရလာတော့ ဆင်းရဲတဲ့ ပုံစံ၊ မိသားစု စရိုက်တို့၊ ဒရမ်မာဘက်ကို ရောက်သွားပေါ့ နော်။

♛ အစ်မတို့ခေတ်တုန်းက မင်းသမီးတစ်ယောက်ဖြစ်ဖို့ မလွယ်ဘူးနော်။ ကိုယ့်ဘက်ကကော ဘယ်လိုမျိုး ပြင်ဆင်တာရှိလဲ။

– ပရိသတ်ရဲ့ရင်ထဲ ရောက်အောင် ကိုယ့်ဘက်ကလည်း ကြိုးစားအားထုတ်ဖို့ အများကြီး လိုအပ်တယ်။ ပရိသတ်ရင်ထဲကို ရောက်အောင် ပေးဆပ်ဖို့ လိုအပ်ပါတယ်။ ကိုယ့်ရဲ့ သရုပ်ဆောင်မှုတွေကိုလည်း တသသ ဖြစ်နေအောင် ကိုယ့်ဘက်က အချိန်ပြည့် ကြိုးစားရမှာပေါ့။

♛ အနုပညာလောကက မင်းသမီးတစ်ယောက်အနေနဲ့ စိတ်ပျက်စရာတွေနဲ့ အပြင်လောကက စိတ်ညစ်စရာတွေ မရောထွေးအောင် ဘယ်လိုမျိုး လုပ်ဖြစ်လဲ။

– စိတ်ခတ်ကျစရာတွေကတော့ အစ်မအတွက် အပြင်လောကမှာလည်း ရှိသလို၊ အနုပညာလောကမှာလည်း ရှိတယ်။ သူအကန့်နဲ့ သူတော့ ခွဲထားနေတာပေါ့။ မိသားစုမှာဖြစ်တဲ့ စိတ်ညစ်စရာတွေကို အနုပညာလောကထဲကို ယူမလာဘူး။ လူတိုင်းကတော့ ပြဿနာတော့ ရှိကြတာပဲ။ အကြိုးနဲ့ အသေးပဲ ကွာတယ်။ အပြင်မှာလည်း ကိုယ့်ရဲ့ လူမှုရေးအရ ပြဿနာအရှုပ်အရှင်း ရှိတာပေါ့။ ကားရိုက်လာတဲ့အခါကျတော့ သယ်လာလို့ မရဘူး။ သဘောကို ပြောပြတာပါ။ အခက်အခဲက လူတိုင်း ရှိမှာပါ။ ငါ့တစ်ယောက်ပဲခက်ခဲ၊ ငါတစ်ယောက်ပဲ ချမ်းသာနေတာလား အဲဒီလိုမျိုး တွေးလို့ မရဘူး။ ဟိုလူက စိတ်ချမ်းသာလိုက်တာ၊ ဒါပေမဲ့ သူ့မှာလည်း သူ့မိသားစုပြဿနာနဲ့ သူ ရှိမှာပဲ။ အစ်မအနေနဲ့ အနုပညာကိုလည်း ချစ်တယ်။ အနုပညာ အလုပ်နဲ့ပဲ အသက်မွေး ဝမ်းကျောင်းပြုဖြစ်သွားမှာပါ။ ပရိသတ်က လည်း ကိုယ်လေးစားအား ထားရတာဆိုတော့ ပရိသတ်တွေ လက်ခံသရွေ့ အနုပညာကို ဆက်ပြီး လုပ်သွားမယ်။ ပရိသတ်က လက်ခံလို့ Producer တွေက ငှားလို့ အစ်မ ကားရိုက်လို့ ရတာလေ။ အခေါ်ခန်း၊ အဘွားခန်း လာငှားရင်လည်း အဘွားခန်း ရိုက်မယ်။

♛ မစိုးမိုးတို့ခေတ်တုန်းက ပရိသတ်အသိအမှတ်ပြုတဲ့ မင်းသမီးတစ်လက်ဖြစ်ဖို့ သိပ်မလွယ်ဘူးနော်။ ဒီဘက်ခေတ်မှာတော့

– ဟုတ်တယ် . . . အမေတို့ခေတ်တုန်းက မင်းသမီးတစ်လက်ဖြစ်ဖို့ တော်တော်ကို ခဲရာခဲဆစ် ကြိုးစားရတာ။ ဝါရင့်သရုပ်ဆောင်တွေရဲ့ ရှုတင်တွေကို လိုက်ပြီး ကြည့်၊ အိုက်တင်တွေကို အတုယူ၊ အဲဒီလိုပဲ လေ့ကျင့်ခဲ့ရတာပေါ့။ အခုခေတ်က မင်းသမီးဖြစ်ဖို့ မြန်လည်း မြန်တယ်။ ကလေးတွေက တော်လည်း တော်ကြတယ်။ တတ်လည်း တတ်ကြတယ်။ ခေတ်တွေကလည်း မတူတော့ဘူးလေ။ အစ်မတို့တုန်းကဆိုရင် ၅ တန်းရောက်မှ အောဘီစီဒီ စသင်ရတာ။ အခုခေတ်ကကျတော့ သုံးနှစ်နဲ့ တက်နေပြီ။ အဲဒါမျိုးတွေ ကွာသွားတာပေါ့။ အခုခေတ်ကလေးတွေက တချို့ဆိုရင် အစ်မထက်တောင် တော်ကြတယ်။

♛ စလုပ်ကတည်းက အနုပညာအလုပ်ပဲ စလုပ်ခဲ့တာလား။ တခြားစီးပွားရေးရောလုပ်ဖြစ်လား။

– စလုပ်ကတည်းက သရုပ်ဆောင်အလုပ်ပဲ စလုပ်ဖြစ်တာပါ။ အခြားကတော့ ဟိုစပ်စပ်၊ ဒီစပ်စပ်လောက်ပဲ။ ကြိုးကြိုးမားမားတော့ မလုပ်ပါဘူး။

♛ ဇာတ်ရုပ်တစ်ခုကို ဘယ်လို ညှိနှိုင်းပြီး သရုပ်ဆောင်ဖြစ်ခဲ့လဲ။

– စလုပ်ကတည်းကတော့ အခက်အခဲရှိခဲ့ပေမယ့် နောက်တော့ ပေါ့ပေါ့လာတယ်။ ဒါပေမဲ့လည်း ဘယ်လုပ်ငန်းမဆို အခက်အခဲတော့ ရှိကြတာပေါ့နော်။ ကြိုးစားရတာပေါ့နော်။ ဒါရိုက်တာနဲ့ ညှိနှိုင်းရတယ်၊ တိုင်ပင်ရတယ်၊ ဒီအခန်းမှာ ဘယ်လိုလုပ်ရင် ကောင်းမလဲ။ ဒို့ထက်ပိုကောင်းအောင် ဒါရိုက်တာက ဘယ်လိုပုံစံ လိုချင်တာလဲ၊ ကိုယ်ကလည်း ပရိသတ်ရင်ထဲ တကယ်ထိအောင် သရုပ်ဆောင်ရတာပေါ့။ ကိုယ့်တစ်ဦးတစ်ယောက်တည်း လုပ်လို့ မရဘူးပေါ့။ 'အားအားယားယား' ဇာတ်ကားတုန်းက ဆိုလည်း အစ်မထက် ဝါရင့်သရုပ်ဆောင်တွေဖြစ်တဲ့ ရန်အောင်၊ ရဲအောင်၊ စိုးမြတ်သူဇာတို့နဲ့ အပြိုင် သရုပ်ဆောင်ရတော့ ကိုယ့်ဘက် အမှားမရှိအောင် သရုပ်ဆောင်ရတာပေါ့။

♛ ပရိသတ်အတွက် မစိုးမိုး ပြောချင်တာက။

– အခုချိန်ထိ ပရိသတ်လက်ခံနေတဲ့အတွက် ဝမ်းသာမိပါတယ်။ ပရိသတ်လက်ခံတဲ့အတိုင်း အတာထက် ကျော်သွားအောင် အစ်မဘက်ကတော့ အတတ်နိုင်ဆုံး ကြိုးစားသွားမယ်လို့ ဆုံးဖြတ်ထားတယ်။

ရွှေအမ်းသား

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

တစ်ခေတ်တုန်းက ရုပ်ရှင်မင်းသမီးကြီး ခင်ယုမေရဲ့နာမည်ကလည်း 'မေ'ဆိုပြီး ရိုက်ခဲ့ ပါသေးတယ်။ 'ကျော်ဆွေ'၊ 'မေ' ဆိုရင် တစ်ချိန်က နာမည်ကြီးအတွဲပါတဲ့။ မိုလိုက်သူ မိဘ၊ ဒေါ်ဒေါ်တို့က ပြောပါတယ်။ အခုလည်း 'မေ'ဆိုတဲ့ တစ်ယောက်ပေါ်လာပါတယ်။ အနုပညာမှာ နေရာလေးတစ်နေရာအတွက် ဖြည်းဖြည်းနဲ့မှန်မှန်တက်လှမ်းနေတဲ့ သရုပ်ဆောင်မေရဲ့ အနုပညာလှုပ်ရှားမှုတချို့ကို အခုလိုမေးဖြစ်တဲ့အခါ–

♛ မေရဲ့ လတ်တလော အနုပညာလှုပ်ရှားမှုတွေက။

– ကိုနေမင်း၊ မချစ်သူဝေ၊ ကိုကြက်ဖတို့နဲ့ I တောသူ၊ You တောသား ဇာတ်ကားရိုက်နေပါတယ်။ ပြီးတော့ မဂ္ဂဇင်း၊ ဂျာနယ်တွေအတွက် ဓာတ်ပုံတွေရိုက်ဖြစ်နေတာပေါ့နော်။

♛ ဒီကားမှာ မေရဲ့ ကာရိုက်တာကရော။

– ဒီကားမှာ ကိုနေမင်းနဲ့မေက ကျောင်းနေဘက် သူငယ်ချင်းတွေပေါ့။ ကိုနေမင်းက ကိုကြက်ဖကို ကြောက်ရတယ်။ မေက ကိုကြက်ဖကို မကြောက်ဘူး။ အဲဒီလိုပုံစံလေးတွေနဲ့ သရုပ်ဆောင်ရတာပေါ့။

♛ ဒီကားမတိုင်ခင်မှာ မေရိုက်ခဲ့တဲ့ကားက။

– ဒါရိုက်တာကိုဇော်(အရုဏ်ဦး)၊ ကိုစိုင်းစိုင်းခမ်းလှိုင်၊ မသက်မွန်မြင့်တို့နဲ့ သရုပ်ဆောင်ထားတယ်။ ဇာတ်ကားနာမည်က မသေချာသေးပါဘူး။ ဒီဇာတ်ကားမှာ မေက ဆင်းရဲတဲ့ ကာရိုက်တာလေးနဲ့ပေါ့။

♛ အခုထွက်နေတဲ့ လူမင်း။ ထွန်းအိန္ဒြာစိုတို့နဲ့ မေ သရုပ်ဆောင်ထားတဲ့ 'နဖူးမှာရေးဖို့ မေ့တဲ့စာ' ဆိုတဲ့ ဇာတ်ကားလေးလည်း ပရိသတ်ကြိုက်ကြတယ်နော်။

– ဟုတ်တယ်၊ 'နဖူးမှာရေးဖို့ မေ့တဲ့စာ'ကားက ရိုက်ထားတာ တစ်နှစ်လောက်တောင်ရှိပြီလေ။ အခုမှထွက်တာပေါ့။ ဒီကားက အန်ကယ်လေး(လူမင်း)နဲ့ စဆုံတဲ့ ကားလေးပေါ့နော်။ အခန်းနည်းပေမယ့် ကာရိုက်တာပေါ်လွင်တယ်လို့တော့ ပရိသတ်ကပြောကြတယ်။

♛ မေကိုပရိသတ်က တော်တော်အားပေးခဲ့ကြတဲ့ 'တိမ်တွေသွားတဲ့လမ်း' ဆိုတဲ့ ကားလေးက မေ့ အတွက် အမှတ်တရပေါ့။

– 'တိမ်တွေသွားတဲ့လမ်း' ဇာတ်ကားရိုက်ပြီး ကတည်းက မေ တစ်နှစ်ခွဲလောက် ကားရိုက်နားလိုက်တယ်။ ပြီးမှဆက်ရိုက်ဖြစ်တာပေါ့နော်။ သေချာတာက မေ့အတွက် 'တိမ်တွေသွားတဲ့လမ်း' ဇာတ်ကားလောက် လုပ်ကွက်ရတဲ့ဇာတ် အခုထက်ထိ မေ သရုပ်မဆောင်ဖူးသေးဘူး။

♛ ကိုရဲတိုက်နဲ့ရိုက်ခဲ့တဲ့ လူဇော်ကလည်း ပေါက်တယ်နော်။

– လူဇော်ကတော့ ကာရိုက်တာက ဟဲဒီးမဟုတ်ပေမယ့် ပရိသတ်တွေသိသွားတဲ့အတွက် ဝမ်းသာရပါတယ်။ ကိုရဲတိုက်က တော်တော်လေး ကူညီခဲ့ပါတယ်။

♛ မေရဲ့အနုပညာအပေါ်ထားတဲ့ ခံယူချက်ကရော။

– မေ့ရဲ့ အနုပညာခံယူချက်ဆိုရင်တော့ အမြဲတမ်း ကြိုးစားနေရမယ်။ အခွင့်အရေးကို ထိုင် စောင့်နေမယ့်အစား ကိုယ့်ဘက်က အမြဲတမ်း Perfect ဖြစ်အောင် ပြင်ဆင်ထားရမယ်။ ရတဲ့အခွင့်အရေးတွေကို သေချာစွာ အသုံးချတတ် ရမယ်။

♛ ပရိသတ်အတွက် မေ့ရဲ့စကားလေးဆောင်း။

– အခုရိုက်နေတဲ့ ကားတွေရော၊ နောက်ထွက်လာမယ့် ကားတွေရော အားပေးကြပါဦးနော်။ ပရိသတ်ကြီး အားလုံးကျန်းမာချမ်းသာပြီး လိုအင်ဆန္ဒ ပြည့်ဝပါစေ။

စိုင်(ရွှမဗေဒ)

www.burmeseclassic.com

www.burmeseclassic.com

ငယ်သူ့ဒီဝိပ်မက်

ဓာတ်ပုံ - Aroma
မော်လ်ဒယ် - သွန်းမဒီ
မိတ်ကပ် - ကျော်ကျော်မိုး(တော်ဝင်သူ)
ဖက်ရှင် - ပန်းချစ်သူတိုင်း

သွန်း အခု မဂ္ဂဇင်း၊ ဂျာနယ်တွေအတွက် ဓာတ်ပုံတွေ ရိုက်ဖြစ်ခဲ့တယ်။ သွန်းက မော်ဒယ်တစ်ယောက်ဆိုပေမယ့် အနုပညာလမ်းကြောင်းပေါ်မှာပဲ ရပ်တည်ချင်သူပါ။ သရုပ်ဆောင်တော့ ဖြစ်ချင်တာပေါ့။ အဲဒီအတွက်လည်း ကြိုးစားနေပါတယ်။ သွန်းရဲ့အနုပညာ အနေနဲ့ သွန်းသရုပ်ဆောင်ထားတဲ့ ဓာတ်ကားတွေ ထွက်လာရင်လည်း ပရိသတ်ကအားပေးကြပါဦးနော်။

www.burmeseclassic.com

www.burmeseclassic.com

ဇော်ဒူး ဒီဗိုမက်

မော်ဒယ်တစ်ယောက်အတွက်
ဖက်ရှင်ဆိုတာ အရေးပါပါတယ်။
အဲဒီအတွက် သွန်း
ဖက်ရှင်ကျအောင်၊
စမတ်ကျအောင် နေပါတယ်။
သွန်းရဲ့အနုပညာ
အလုပ်တွေမှာ
အမှားပါရင် ဝေဖန်
အကြံပြုပေးကြဖို့
ပရိသတ်ကြီးကို ပြောချင်ပါတယ်။
ပရိသတ်ရဲ့ အားပေးမှုနဲ့
သွန်း ရှင်သန်ခွင့်
ရချင်မိတယ်။ ဒီသရုပ်ဆောင်
အိပ်မက်ကလည်း သွန်း
ငယ်ငယ်ကတည်းက
ဝါသနာပါခဲ့တာပေါ့။
သွန်းက မသက်မွန်မြင့်ကို
အရမ်းခရေဇီ ဖြစ်ပါတယ်။
သွန်းအတွက် ဓာတ်ပုံရိုက်ရင်
အိုက်တင်တွေ မထပ်အောင်
ဖက်ရှင်ကျကျဖြစ်အောင်
အမြဲဂရုစိုက်ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

Sun Flower
နေကြာပန်း

गुलाब फूल
GULAB
SOYA BARI

အသားတုလုပ်ငန်း

ပရိတ်သင်းတော်ကြွယ်ဝသော
ဂုဏ်နှုန်းဖြည့်သော်သော်လွတ်
လူမျိုးဘာသာမရွေး စားသုံးနိုင်ပါသည်

အသားတုကုန်ကြမ်းများလည်း ရရှိနိုင်ပါသည်။

- Wood Free Paper
- Copier Paper
- Duplex Paper

ပုံနှိပ်စက္ကူ၊အမျိုးမျိုး

ကျေးဇူးတင်ပါသည်

Tel - 01-252862, 01-256427

www.burmeseclassic.com

www.burmeseclassic.com

ပရိသတ်က ရေးတဲ့စာ

သို့/
ရုပ်ရှင်တေးကဗျာ...
သမီးကတော့ ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းရဲ့ ပရိသတ်အသစ်ပဲဆိုပါတော့။ ရုပ်ရှင်တေးကဗျာကို ၂၀၁၃ ဇွန်လလောက်ကမှ စတင် ရင်းနှီးခဲ့တာပါ။ ဆက်ပြီးလည်း အားပေးသွားမှာပါ။ သမီးတို့ သူငယ်ချင်းတစ်စုက ကောင်းပြည့်ရဲ့ ပရိသတ်တွေပေါ့။ ကိုကောင်းပြည့်ရဲ့ ကြော်ငြာတွေ ဇာတ်ကားတွေကိုကြည့်ပြီး အရမ်းကြိုက်ပါတယ်။ ကိုကောင်းပြည့်ရဲ့ အင်တာဗျူးကိုလည်း တေးကဗျာမှာ ဖော်ပြပေးစေချင်ပါတယ်။ ပြီးတော့ ကိုကောင်းပြည့်ရဲ့ ဖုန်းနံပါတ်ကိုလည်း တောင်းဆိုချင်ပါတယ်။

မိမိုးနွဲ့ သူငယ်ချင်းများ(ပျဉ်းမနားမြို့)

♛ *ကောင်းပြည့်ရဲ့ အင်တာဗျူးကို နိဝင်္ဘာလမှာ ဖော်ပြပေးဖို့ စီစဉ်နေပါတယ်။ ကောင်းပြည့်ရဲ့ ရိုက်ကွင်းသတင်းတွေကိုတော့ ဖော်ပြပေးတယ်။ ကောင်းပြည့်ရဲ့ ဖုန်းနံပါတ်က ၅၁၁၅၆၂၉ ပါ။*

သို့/
ရုပ်ရှင်တေးကဗျာ...
ကျွန်တော်ကတော့ တေးကဗျာရဲ့ ပရိသတ်ပါ။တေးကဗျာမှာ အနုပညာသတင်းတွေကလည်းစုံသလို စာပေဆောင်းပါးတွေကလည်း စုံတဲ့အတွက် လစဉ်ဖတ်ပါတယ်။ တောင်းဆိုချင်တာတွေကတော့ အိချောပို့ရဲ့ ဖုန်းနံပါတ်လေးကိုပါ။ အိချောပို့ရဲ့ အင်တာဗျူးတွေကိုလည်း လစဉ်ဖော်ပြပေးပါနော်။ အိချောပို့မှာချစ်သူရှိလား သိချင်ပါတယ်။ ကူညီပေးပါလား။ နောက် မေသဇ္ဇာဦးရဲ့ ဘဝတစ်ကွေ့ကိုဖတ်ချင်ပါတယ်။

မောင်မောင်(ရှမ်းပြည်နယ်)

♛ *အိချောပို့ရဲ့ အင်တာဗျူးကို ခဏခဏ ဖော်ပြပေးလျက်ရှိပါတယ်။ အိချောပို့ရဲ့ အချစ်ရေးက အေးအေးပဲလို့ ပြောပါတယ်။ အိချောပို့ရဲ့ ဖုန်းနံပါတ်က ၀၉-၅၁၁၀၀၄၈၉ ပါ။ တေးကဗျာကို အားပေးတဲ့အတွက်ဝမ်းသာရပါတယ်။*

သို့/
ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း
ကျွန်တော်ကတော့ တေးကဗျာရဲ့ စာပေအကြောင်းအရာတွေ အားပေးနေသူတစ်ယောက်ပါ။ ဝတ္ထုတွေကို များများလေး ဖော်ပြပေးစေလိုပါတယ်။ ဆူပံရဲ့ မာလာဝတ္ထုကိုလည်း ကြိုက်ပါတယ်။ ဆောင်းပါးတွေ နည်းနည်းများများဖတ်ရသလိုပဲနော်။ ရသဝတ္ထုရေးဆရာ နေဝင်းပြင့်နဲ့ ဆရာမခင်ခင်ထူးရဲ့ ဝတ္ထုတွေကို တေးကဗျာမှာ စောင့်မျှော်နေပါတယ်။ ဘဝတစ်ကွေ့ကဗျာနဲ့ ဇာတ်သဘင်ကဗျာအတွက် ကျော်ကျော်ဝိုး၊ စွမ်းဇာနည်(ဇာတ်သဘင်)၊ မေသဇ္ဇာဦး၊ စိုးမိုးကြည်(ဘဝတစ်ကွေ့) ကို့ကို ဖော်ပြပေးစေချင်ပါတယ်။ ဝတ္ထုတိုတွေလည်း ပို့ချင်ပါတယ်။ ကလောင်အသစ်ဆိုတော့ ဆုံရဲတုံးဖြစ်နေတယ်။

မင်းဆန္ဒ(အညာမြေ)

♛ *ဆက်ပြီးလည်း တေးကဗျာကို အားပေးစေချင်ပါတယ်။ တောင်းဆိုထားမှုတွေအတွက် အဆင်ပြေအောင် စီစဉ်နေပါတယ်။ ဝတ္ထုတွေကို ကဗျာအလိုက်ရေးပြီး ပို့လို့ရပါတယ်။*

www.burmeseclassic.com

www.burmeseclassic.com

သို့/
အယ်ဒီတာ . . .
ကျွန်မ ရုပ်ရှင်တေးကဗျာမှာ လစဉ်စောင့်မျှော်ဖတ်ခဲ့တဲ့ ခုစဉ်တွေကြည့်ကြားလည်း ဖတ်လို့ အရမ်းကောင်းနေပါပြီ။ ရှေ့ဆက်ဘာဖြစ်မလဲ ရင်တမမနဲ့ စောင့်ဖတ်နေပါတယ်။ ရသဝတ္ထုတွေ အများကြီးထည့်ပေးပါလို့ တောင်းဆိုချင်ပါတယ်။ ဆုံစီ သီချင်းရဲ့ အသစ်ထွက်မယ်လို့ကြားပါတယ်။ အဲဒီသတင်းလေးဖော်ပြပေးပါဦး။ မိုက်ကွင်းသတင်းတွေလည်း အရင်လတွေကလိုပဲ လတိုင်းဖော်ပြပေးပါဦး။ အခုချိန်ထိ ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း ရပ်တည်နေနိုင်တာကို ဂုဏ်ယူလို့မဆုံးပါဘူး။ နောက်ထပ် နှစ်တွေ အများကြီးအထိ တေးကဗျာအခွန့်ရှည်ပါစေလို့ ဆုတောင်းတွေနဲ့ . . . . .

မေခင်ကညာ (မန္တလေးမြို့)

♛ ပရိသတ်တွေရဲ့ အားပေးမှုတွေနဲ့ တေးကဗျာမဂ္ဂဇင်းက ရပ်တည်နေနိုင်တာပါ။ မိုက်ကွင်းသတင်းတွေကိုလည်း ဖော်ပြပေးနေပါတယ်။ နှစ်ရှည်လများ အားပေးနေတဲ့ ပရိသတ်တစ်ယောက်အနေနဲ့ တေးကဗျာမှာ ဘယ်လိုကဏ္ဍတွေ လိုအပ်သလဲဆိုတာ ဝေဖန်အကြံပြုပါဦးနော်။

သို့/
ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း
မကွေးတက္ကသိုလ်က ကျွန်တော်တို့ သူငယ်ချင်းတွေ တေးကဗျာ ကို လတိုင်းဖတ်နေပါတယ်။ တေးကဗျာမှာ ဝတ်မှုံရှေရည်ရဲ့ အင်တာဗျူးကို ဖတ်ချင်ပါတယ်။ ဖော်ပြပေးပါဦးနော်။ သင်္ဘာခွယ်ဝင်းရဲ့ Cover နဲ့ အင်တာဗျူးကို အနီးဆုံးလမှာ ဖော်ပြပေးပါလား။ စောင့်မျှော်နေမယ်နော်။ ဆရာကြီးဒဂုန်တာရာ၊ ဆရာမင်းလူတို့ ကွယ်လွန်သွားတဲ့အတွက် ဝမ်းနည်းမိပါတယ်။ လတိုင်း တေးကဗျာနဲ့တွေ့နေမယ်။

အောင်မျိုးခန့်နဲ့သူငယ်ချင်းများ(မကွေးတက္ကသိုလ်)

♛ ဝတ်မှုံရှေရည်ရဲ့ အင်တာဗျူးကို နောက်လထည့်ဖို့ စီစဉ်ထားပါတယ်။ ဒီလတော့ မိုက်ကွင်းသတင်းလေး ဖတ်ပြီး ကျေနပ်နိုင်ပါစေနော်။

သို့/
ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းမှ တာဝန်ရှိသူများရှင့်-
ကျွန်မက ကြည်မြင့်တိုင်ဈေး ကုန်စုံဆိုင်က မြမြပါ။ တေးကဗျာကို လတိုင်းမဖတ်ဖြစ်ပေမယ့် အားတဲ့အချိန်တိုင်း စာအုပ်အငှားဆိုင်က ငှားငှားဖတ်ပါတယ်။ အနုပညာသတင်းတွေလည်းပါသလို စာပေတွေလည်း ဖတ်ရလို့ ကျေးဇူးတင်ပါတယ်။ စာအုပ်ငှားရမ်းခ (၃၀၀)ကျပ်ပေးရပေမယ့် စုံစုံလင်လင်ဖတ်ရလို့ အဆင်ပြေပါတယ်။ ကျွန်မတောင်းဆိုချင်တာက ဘဝတစ်လျှောက်လုံးကို စာမျက်နှာများများနဲ့ အင်တာဗျူးရှည်ရှည်လေး ထည့်ပေးစေချင်တယ်။ ဖတ်ရတာ မဝလို့ပါ။ ပြီးတော့ ဂီတနဲ့ပတ်သက်လို့ ဟိုတုန်းက အဆိုတော်နာမည်ကြီးတွေရဲ့အကြောင်းတွေကိုဖတ်ချင်ပါတယ်။

မြမြ(ကြည်မြင့်တိုင်)

♛ မမြရဲ့ အားပေးမှုက တေးကဗျာပရိသတ်တွေအတွက် အားဆေးတစ်ခွက်ပါ။ ဆက်ပြီးလည်း ပရိသတ်လက်ခံဖို့အတွက် ကြိုးစားနေပါတယ်။ တောင်းဆိုထားတာတွေကို လက်ခံပါတယ်။ နောက်လည်း အကြံပြုပါဦးနော်။

www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် မေတ္တာသင်္ဘာအဖွဲ့က ရေဘေးသင့် ပြည်သူများသို့ အလှူငွေပေးအပ်

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် မေတ္တာသင်္ဘာအဖွဲ့တို့ ပူးပေါင်းရန် ရေဘေးသင့်ပြည်သူများကို လှူဒါန်းပွဲကို စက်တင်ဘာ(၃)ရက်၊ နေ့လယ် ၁၁ နာရီတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ ကျင်းပခဲ့သည်။ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ငွေကျပ်သိန်း ၃၀ လှူဒါန်းကာ မေတ္တာသင်္ဘာ အဖွဲ့အနေနဲ့ အလှူပစ္စည်းများနဲ့ ငွေကျပ် ၁၂၈ သိန်းလှူဒါန်းခဲ့ရာ ဆရာတော်အရှင်ဆန္ဒာဓိကမှ ငွေကျပ်(၁၀)သိန်း ထည့်ဝင်လှူဒါန်းခဲ့ပါသည်။ ရုပ်ရှင်ဥက္ကဋ္ဌ ဦးလူမင်းက ''အခုလိုလှူဒါန်းဖြစ်တာက ရုပ်ရှင်လောကသားတွေအားလုံး ခံယူထားတဲ့ ရုပ်ရှင်သည် ပြည်သူ့အတွက်ဆိုတဲ့ ခံယူချက်နဲ့လှူဖြစ်တာပါ။ ပြည်သူတွေက ရုပ်ရှင်လောကသားတွေအားလုံးပရိသတ်ပါ။ ပရိသတ်တွေဒုက္ခရောက်နေတာကိုပြန်ပြီး ကျွန်တော်တို့ရုပ်ရှင်လောကသားတွေ၊ အနုပညာအင်အားနဲ့ ရှာဖွေစုဆောင်းထားတဲ့ အလှူငွေကနေ လှူဒါန်းတာဖြစ်ပါတယ်''ဟု ပြောပြခဲ့သည်။

မေတ္တာသင်္ဘာအဖွဲ့ဝင် ခန့်စည်သူကလည်း ''ကိုယ်တို့အဖွဲ့က နဂိုကတည်းက အရေးပေါ်ဖြစ်တဲ့နေရာတွေကို လှူဖို့အတွက်လည်းလှူတယ်။ အဓိကက သတ်မှတ်ထားတာတစ်ကြိမ်လှူတယ်။ ဒါကိုမှအရေးပေါ်ဆိုလည်း လှူဖြစ်တယ်''ဟု ပြောပြခဲ့ကာ စုစုပေါင်းငွေကျပ် ၁၅၈သိန်းကို ကရင်ပြည်နယ်(ကော့ကရိတ်)တောင်ခြမ်းက ရေဘေးသင့်ကျေးရွာများကယ်ဆယ်ရေးအတွက် ကရုဏာဖောင်ဒေးရှင်းမှဥက္ကဋ္ဌဦးမန်းအောင်ကြိုက်က လက်ခံရယူခဲ့သည်ဟု သိရပါသည်။

ဝိုင်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

လွတ်လမ်းမရှိ ဖြစ်ရပ်မှန်ဇာတ်ကား ကန်တော့ပွဲပေး

၇၉-နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့ ဂုဏ်ပြုဇာတ်လမ်းအနေနဲ့ ဒါရိုက်တာ မီးပွာ၊ ဖြိုးငွေစိုး၊ အေးမြတ်သူတို့နဲ့ အခြားသရုပ်ဆောင်များစွာ 'လွတ်လမ်းမရှိ' ဇာတ်ကားအား ပုံဖော်ရန်အတွက် ဩဂုတ် (၁) ရက်၊ နံနက် (၉) နာရီက ဇာတ်ကားကန်တော့ပွဲ အခမ်းအနားကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် ကျင်းပပြုလုပ်ခဲ့သည်။ ဝိုင်

ဝတ္ထုတို(၃)ယောက် စာအုပ်သစ် မိတ်ဆက်

ဩဂုတ် ၂၃ ရက်၊ နေ့လယ် ၁ နာရီတွင် ဆရာစုမိအောင်၊ ဆရာမခြိုးဖြိုး ဆရာ ခင်မေသစ် တို့၏ ဝတ္ထုတို(၃)ယောက် စာအုပ်သစ် မိတ်ဆက်ပွဲ အခမ်းအနားကို Asi-anfame Media တွင် ကျင်းပခဲ့သည်။ အခမ်းအနားတွင် ဆရာမစုမိအောင်က ဝတ္ထုတို(၃)ယောက်စာအုပ် ဖန်တီးရခြင်း အမှတ်တရများနှင့် ပန်းချီသရုပ်ဖော်သူများရဲ့ ရင်တွင်းစကား များ၊ ဆရာဟိန်းလတ်ရဲ့ အနှစ်ချုပ်များကို ပြောပြကာ ဆုအုပ်လက် ဆောင်များ ပေးအပ်ခဲ့ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မြင့်မြတ်ဖြူရင်းနေရတဲ့ သတင်းနှစ်ပုဒ်

ဩဂုတ်လနောက်ဆုံးပတ်က သရုပ်ဆောင်မြင့်မြတ် 'ကျောက်ကပ်ကင်ဆာခဲ့ဆုံးသွားပြီ''။ ''မြင့်မြတ်ကို ကျောက်ကပ်လှူမယ့်သူကို ပြန်ပြီး ကျေးဇူးဆပ်မယ်တဲ့'' စတဲ့ သတင်းတွေက ဂယက်ရိုက်နေခဲ့ပါတယ်။ သူငယ်ချင်း၊ မိတ်ဆွေတချို့လည်း ခဏခဏမေးလာကြပါတယ်။ ဒီသတင်းခဲ့ပတ်သက်ပြီး မြင့်မြတ်နဲ့ဆက်သွယ်ကြည့်တော့ ဒါရိုက်တာဝင်းထွန်းထွန်းနဲ့ အဖေဆိုတဲ့ ဇာတ်ကားရိုက်ကူးနေတာမြင်ရတော့ ဒီသတင်းတွေက ကောလာဟလသတင်းတွေ ဖြစ်မှန်းသိလိုက်ရပါတယ်။ ဒီသတင်းတွေနဲ့ ပတ်သက်လို့မြင့်မြတ်က ''ဘာပဲပြောပြောပရိသတ်က ကျွန်တော့်ကို စိတ်ပူပန်ပေးကြတဲ့အတွက် ကျွန်တော်က မေတ္တာထားကြတဲ့အတွက် ပရိသတ်တွေကို ကျေးဇူးတင်ပါတယ်။ ဒီသတင်းက ဘယ်ကဘယ်လိုထွက်လာတယ်လို့တော့ မသိဘူး။ အခုကျွန်တော်နေကောင်းကျန်းမာလျက်ပဲ ရှိပါတယ်လို့ ပြောပါရစေ''လို့ပြောပြခဲ့ပါတယ်။

လွန်ခဲ့တဲ့ လအနည်းငယ်က ဒါရိုက်တာနေပိုင်၊ ဇာတ်ညွှန်း သည် ခေတ်နေ၊ မြင့်မြတ်၊ အိချောပို့တို့သရုပ်ဆောင်ထားတဲ့ ကျောင်း ဗီဒီယိုဇာတ်ကားသွက်ခဲ့ပါတယ်။ ဒီဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်းရဲ့ စကားလုံးတွေကို ရခိုင်တိုင်းရင်းသား/သူများက ထိခိုက်နစ်နာမှုတွေရှိတယ်ဆိုပြီး မကျေနပ်ဖြစ်နေခဲ့ပါတယ်။ ဒီဇာတ်ကားမှာ သရုပ်ဆောင်တစ်ယောက်ဖြစ်တဲ့မြင့်မြတ်က ''ဒီဇာတ်ကားကို အနုပညာတစ်ခုအနေနဲ့ပဲ ဖန်တီးခဲ့တာပါ။ ဘယ်သူကို နစ်နာစေချင်တဲ့ ဆန္ဒမပါပါဘူး။ ဒါပေမဲ့ကျွန်တော်တို့ဖန်တီးခဲ့တဲ့ အနုပညာဖန်တီးမှုတစ်ခုဟာ ထိခိုက်နစ်နာမှုတွေ ရှိခဲ့တဲ့တယ်ဆိုရင်လည်း ကျွန်တော်တို့ဘက်က စိတ်မကောင်းပါဘူး။ အနှုးအညွှတ်လည်း တောင်းပန်ပါတယ်လို့ပြောချင်ပါတယ်။

ရွှေအမ်းသား

ကျောင်းဇာတ်ကား ရှင်းလင်းချက်

'ကျောင်းဗီဒီယိုဇာတ်ကားပါ ဇာတ်ဝင်ခန်းတစ်ခန်း၏ သုံးနှုန်းခဲ့သည့် စကားရပ်တချို့ အများပြည်သူအထင်အမြင်လွဲမှားမှုမရှိစေရန်အတွက် မြန်မာနိုင်ငံရှုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူ ပုဂ္ဂိုလ်များက အောက်ပါအတိုင်း စီစဉ်ဆောင်ရွက်ခဲ့ကြောင်း သတင်းထုတ်ခဲ့ပါသည်။

၁။ 'ကျောင်း'ဗီဒီယိုဇာတ်ကား၏ ဇာတ်ဝင်ခန်းတစ်ခန်း၌ သုံးနှုန်း ခဲ့သည့်စကားလုံး၊ စကားရပ်တချို့သည် အများပြည်သူ အထင်အမြင် လွဲမှားစေနိုင်သည့် စကားရပ်တချို့ ပါရှိခဲ့ကြောင်း၊ သိရှိရသည့်အတွက် မြန်မာနိုင်ငံရှုပ်ရှင်အစည်းအရုံးသည် အများပြည်သူအထင်အမြင်လွဲမှားမှုမဖြစ်စေရန်နှင့် တိုင်းရင်းသားစည်းလုံးမှုမပျက်ပြားစေရန်အတွက် 'ကျောင်းဗီဒီယို' ဇာတ်ကားထုတ်လုပ်ခဲ့သည့် ဂျော်လီဆွေနှင့်သားများ ဗီဒီယိုထုတ်လုပ်ရေး၊ ဒါရိုက်တာနေပိုင်၊ ဇာတ်ညွှန်းရေးဆရာသည် ခေတ်နေနှင့် ဇာတ်ဝင်ခန်းပါ သရုပ်ဆောင်မြင့်မြတ်တို့အား မြန်မာနိုင်ငံရှုပ်ရှင်အစည်းအရုံး၊ အဆောက်အဦး၌ (၁၅-၉-၂၀၁၃) ရက်၊ နံနက် (၉)နာရီတွင် ခေါ်ယူတွေ့ဆုံခဲ့ပါသည်။

၂။ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ မှာကြားပြောဆိုမှုကို လိုက်နာ ခံယူဆောင်ရွက်မည်ဖြစ်ကြောင်း၊ နောက်ဆောင်းယခုကဲ့သို့ ရိုင်းလွန်းအရေးနှင့်ပတ်သက်၍ အထင်မှား အပြင်မှားဖြစ်စေမည့်စကားလုံးများကို သတိထားဆောင်ခြင်းသုံးခဲ့မည်ဖြစ်ပါကြောင်း၊ ယခုဖြစ်ပျက်ခဲ့သည့် 'ကျောင်းဗီဒီယို ဇာတ်ကား' နှင့် ပတ်သက်၍ လည်း ထိခိုက်စေခဲ့ကားလိုသည့် ဆည်ရွှမ်းရုက်မပါသော သတောရိုးဖြင့် ဇာတ်ကားနှင့် ဇာတ်ရုပ်လိုက်စေရန်၊ ဆောင်ရွက်ခဲ့မှုအပေါ် အနုပညာပရိသတ်များ၊ ရခိုင်တစ်မျိုးသားလုံးနှင့် ရခိုင်အမျိုးသားကွန်ရက်တို့အား နားလည်သည်းခံခွင့်လွှတ်ပေးပါရန် ဂျော်လီဆွေ နှင့်သားများ ဗီဒီယိုထုတ်လုပ်ရေး၊ ဒါရိုက်တာနေပိုင်၊ ဇာတ်ညွှန်းရေး ဆရာသည်ခေတ်နေနှင့် သရုပ်ဆောင်မြင့်မြတ်တို့မှ အနှုးအညွှတ်တောင်းပန်ခဲ့ပါကြောင်း သိရသည်။

ဘဝထဲက အိပ်မက် တေးစီးရိုး မိတ်ဆက်

သရုပ်ဆောင် မိုးဟေကို၏ အစ်ကိုဖြစ်သူ အဆိုတော်လင်းယံ၏ ဘဝထဲကအိပ်မက်သီချင်း DVDစာနယ်ဇင်း မိတ်ဆက်ပွဲအား စက်တင်ဘာ ၁၉ ရက် နေ့လယ် ၁ နာရီတွင် စင်ထရယ်ဟိုတယ်တွင် ကျင်းပခဲ့သည်။ အဆိုပါစာနယ်ဇင်းရှင်းလင်းပွဲတွင် သရုပ်ဆောင်မိုးဟေကို ကိုယ်တိုင်တက်ရောက်အားပေးခဲ့ကာ ဘဝထဲက အိပ်မက်စီးရိုးတွင် ကူညီပေးခဲ့ကြသူများက အမှတ်တရအကြောင်းများကို ပြောပြခဲ့ကြသည်။ ဘဝထဲက အိပ်မက်တေးစီးရိုးသည် CD အဖြစ်ထွက်ရှိခဲ့ပြီးဖြစ်ကာ ယခု DVD အဖြစ်ထွက်ရှိခဲ့ခြင်း အမှတ်တရအဖြစ် စာနယ်ဇင်းနာမကျန်း ဖြစ်သူများအားကူညီပေးခြင်း အသင်းအား ငွေကျပ် ၃ သိန်း လှူဒါန်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ရုပ်ရှင်အစည်းအရုံးသို့ ပြီဒီယိုလုပ်ငန်းရှင်တချို့ ဆန့်ပြုမှုအပေါ်

ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌဦးလူမင်း၏ သဘောထား

ပြီဒီယိုထုတ်လုပ်သူများအဖွဲ့မှ လုပ်ငန်းရှင်တချို့က မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ ဆန့်ပြုခဲ့မှုများအပေါ် ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးလူမင်းနဲ့ တွေ့ဆုံမေးမြန်းဖြစ်တော့ "ကိုယ်ကတော့ ကိုယ့်လိပ်ပြာကိုယ်သန့်နေတဲ့အတွက် ဘာမှ ထိတ်လန့်မှုမရှိဘူး။ ကိုယ်ကအနုပညာကိုကိုယ်ချစ်တယ်။ အစည်းအရုံးမှာ ကိုယ်လုပ်နိုင်သလောက် ဥဏ္ဍာစွမ်းရှိသရွေ့တော့ လုပ်သွားမှာပါ။ ရုပ်ပစ်လိုက်မှာ မဟုတ်ပါဘူး။ ကိုယ်ကြိုးစားထားတာလေး အရာထင်အောင်လို့တော့ လုပ်သွားခဲ့ချင်တယ်။ ကိုယ့်အလှည့်မှာ (ကိုယ်တာဝန်ယူခဲ့တော့မှ ဖြစ်ပျက်ခဲ့တာတွေကလည်း အရင်က ဖြစ်ခဲ့တာတွေ ပြဿနာတွေကို ကိုယ့်အလှည့်ရောက်မှာပဲ ရှင်းနေရတယ်။ ကိုယ့်အလှည့်က မုန့်ဝေတဲ့ အလှည့်မဟုတ်ဘူး။ တုတ်ဝေတဲ့အလှည့်ဖြစ်နေတာပေါ့နော်။

ဒါပေမဲ့ ကိုယ်က နောင်တတော့ မရဘိပါဘူး။ ကိုယ်စိတ်ပျက်လက်ပျက်နဲ့ ထွက်သွားခဲ့ရင်လည်း နာစရာရှိ ကိုယ့်လောကပဲ နာမှာလေ။ ကိုယ့်အတ္တအတွက်ဆိုရင် ကိုယ်ရောင့်ရဲနိုင်တယ်။ ဥပမာ – ဇာတ်ကားရိုက်တာ တို့ပေါ့။ ဒါဆိုရင် ကိုယ်ကရောင့်ရဲနိုင်တယ်။ ကိုယ် အစည်းအရုံးမှာ လုပ်နေတာက ကိုယ့်လောက သားတွေကောင်းဖို့ လုပ်နေတာဖြစ်ပါတယ်။ ဒါကြောင့် ရောင့်ရဲဖို့ခက်နေတာပေါ့။ ဒေါ်စန်းစန်းမော်ကို အပြစ်ရှိလို့ ရာထူးက ရပ်နားခဲ့တဲ့အပေါ် သူတို့ဘက်က မကျေနပ်လို့ ကိုယ်တို့ကို ဦးတိုက်တဲ့အမူကို စက်တင်ဘာ ၁၃ ရက်မှာ ဗဟန်းတရားရုံးက ပလပ်လိုက်ပြီလေ။ ဥက္ကဋ္ဌကိုယ်ရယ်၊

မာန်ထက်ချီ ပြီဒီယိုထုတ်လုပ်ရေးကို ကားရိုက်ခွင့် (၁)နှစ်ရပ်နားလိုက်တဲ့ ကိစ္စကလည်း ဦးဇင်ဝိုင်း လက်ထက်မှာ အများသဘော အများဆန္ဒအရပိတ်ပင်...

အတွင်းရေးမှူး ဦးဝင်းကြည်ရယ်၊ ရန်ကုန်တိုင်း အခြေခံဝန်ထမ်း (၃)ယောက်ရယ်ကို ဦးတိုက်လျှောက်ထားတဲ့အမူအပေါ် တရားရုံးက သေချာစွာစေ့စပ်ကြားနာပြီးတော့ အထောက်အထား မခိုင်လုံတဲ့အတွက် သူတို့ဆွဲထားတဲ့အမူကို ပလပ်လိုက်တာပါ။ နောက် မာန်ထက်ချီပြီဒီယိုထုတ်လုပ်ရေးကို ကားရိုက်ခွင့် (၁)နှစ်ရပ်နားလိုက်တဲ့ ကိစ္စကလည်း ဦးဇင်ဝိုင်း လက်ထက်မှာ အများသဘောအများဆန္ဒအရ ပိတ်ပင်ထားတဲ့သဘောပါ။

ဒါရိုက်တာ ညွန့်မြန့်မာညီညီအောင်ကို ကားရိုက်ခွင့် (၃)လ ပိတ်ပင်ခဲ့တာကလည်း ပိတ်ပင်တယ်ဆိုတာထက် သူ့အပြစ်ကို သူက ဝန်ခံပြီး တောင်းဆိုလာတဲ့အတွက် အစည်းအရုံးကလိုက်လျောပြီး လုပ်ခဲ့တာပါ။ သူရဲ့ ပေါ်ဆမူလေးတစ်ခုကြောင့် ဖြစ်ခဲ့ရတာဆိုပေမယ့် ဒါရိုက်တာညွန့်မြန့်မာညီညီအောင်ဟာ အနုပညာလောကမှာ နာမည်ပျက် မရှိတဲ့သူပါ။ ကျွန်တော်ကတော့ သူ့ကိုလေးစားတယ်။ ကိုယ့်တာဝန်ကိုယ်ယူခဲ့တဲ့အတွက်ပေါ့။ အခုလည်း ဦးဇာဂနာရဲ့ တောင်းဆိုလာမှုနဲ့ အချင်းချင်းညှိနှိုင်းလိုက်ပြီဖြစ်တဲ့အတွက် 'ပြေပြေလည်လည် ပြီးသွားပါပြီ။ ဖြေလျှော့လိုက်ပါပြီ။ ဒီလိုကိစ္စတွေ ဖြစ်လာတော့လည်း ဒီလိုစကားမျိုးတွေ ပြောလာပြီပေါ့။ ဒါကို ကိုယ်က သင်ခန်းစာရပါတယ်။ ဒီလောကက အနုပညာရှင်တွေ၊ ဒါရိုက်တာတွေ အားလုံးက ကိုယ့်ကိုမလိုအပ်တော့ဘူးဆိုရင်တော့ ကိုယ်ဒီနေရာက ဆင်းပေးဖို့ အဆင်သင့်ပါပဲလို့ ဖြေရှင်းပြောပြခဲ့ပါတယ်။

ကောင်းမြတ်စိုင်

www.burmeseclassic.com

www.burmeseclassic.com

ရုပ်ရှင်အစည်းအရုံးသို့ ဆန္ဒပြခဲ့သည့်အပေါ်

ဦးဝင်းကို၏ ခံစားချက်

အငြင်သာဆုံးနဲ့ အကောင်းဆုံးဖြစ်အောင်လုပ်သင့်တယ်။ နဂိုကတည်းကလည်း မကျေနပ်ချက်တွေများနေတယ်။ အဲဒီလို မကျေနပ်ချက်တွေများလာတဲ့အခါ အခုလိုဆန္ဒပြကြဖို့ စီစဉ်ခဲ့ကြတာပါ။ ။ ။

ဩဂုတ်လ ၂၄ ရက် နေ့ခင်း ၁၂ နာရီတွင် မဟာဗန္ဓုလပန်းခြံ၌ ရုပ်ရှင်အစည်းအရုံးနှင့် ဗီဒီယိုအဖြေခံအဖွဲ့ (ဗဟို)သို့ ဗီဒီယိုထုတ်လုပ်သူတို့အလွှာမှ လူ ၁၀၀ ကျော်ခန့် လမ်းလျှောက်ဆန္ဒပြခဲ့ကြသည်။ ထုတ်လုပ်သူတစ်ယောက်ဖြစ်သူ မာန်ထက်ချီ ဗီဒီယိုထုတ်လုပ်ရေးမှ ဦးဝင်းကိုအား မေးမြန်းကြည့်ရာ –

"၂၁ ရက်နေ့(ဗုဒ္ဓဟူး)က ဦးတို့ဆီ စာတေတယ်လေ။ စာထဲမှာ အချက်အလက်တွေ အများကြီးပါတယ်။ အောက်မှာလည်း မြန်မာနိုင်ငံအစည်းအရုံးကို ဗီဒီယိုထုတ်လုပ်သူများဘက်က မကြောခဏဆန္ဒပြမယ့် အစီအစဉ်ရှိတဲ့အကြောင်း သိရတယ်။ အဓိကဆန္ဒပြရတဲ့အကြောင်းက ပြဿနာတွေအများကြီးပဲ။ ၂၀၁၂ ခုနှစ်၊ ဇူလိုင်မှာ ဒီအဖွဲ့အစည်းအသစ်ကအစဖော်ခဲ့တာ။ အစည်းအရုံးကို ပုံစံသစ်ခဲ့စဉ်းတာပေါ့နော်။ ဗီဒီယိုလောကသားတွေ မျှော်လင့်ထားတာက NGO အဖွဲ့အစည်းအသင်းတစ်ခု ဖြစ်လာတဲ့အပေါ်မှာ အကုန်လုံးက မျှော်လင့်အားကိုးခဲ့တယ်ပေါ့နော်။ အခု အဖွဲ့အစည်းက ဗီဒီယိုလောကသားတွေရဲ့ အကျိုးကို တာဝန်ယူထားတဲ့သူတွေက လုပ်ပေးရမှာလေ။ မလုပ်ပေးဘဲနဲ့ ထိုင်ခုံမှာကို မထိုင်သင့်ဘူး။ မလုပ်ပေးနိုင်ဘူးဆိုရင်လည်း လုပ်ပေးနိုင်မယ့်လူတွေကို ရွှေ့ဖြေပြီးတော်သင့်တယ်။ အမှန်အတိုင်းပြောရရင် စောစောနာကတည်းပါတော့ မှုပဲတကယ်လုပ်သင့်တယ်။ အခုအဖွဲ့အစည်းအနေအထားက ဦးတို့လုပ်နေ့ရှင်အဖွဲ့အစည်းတွေနဲ့ နွယ်နေတယ်။ NGO သီးသန့်ပဲ လုပ်တယ်ဆိုရင်တော့ ကိစ္စမရှိဘူး။ အခုက ထုတ်လုပ်သူတွေဘက်မှာ နေစဉ်ငှောင်းတယ်၊ ဝယ်တယ်။ သိန်းပေါင်းများစွာ ထိခိုက်နေတယ်။ တစ်ခို့နှိုတုန်းက မာန်ထက်ချီထုတ်လုပ်ရေးက ဦးနဲ့ ဦးခင်ဌေးတို့ကိုလည်း တစ်နှစ်ရှိက်ကူးခွင့်ပိတ်ခဲ့တယ်။ ဒီကိစ္စကလည်း လုပ်ပိုင်ခွင့်မရှိဘဲ စည်းလွတ်ဝါးလွတ် လုပ်ပိုင်ခွင့်ကျော်ပြီး လုပ်ထားတာ။ အာဏာရှိတဲ့ အဖွဲ့အစည်းမဟုတ်တဲ့အတွက် လုပ်လို့ကိုမရတာ။ မကြာသေးခင်ကဆိုရင် ရန်ကုန်တိုင်း အခြေခံဥက္ကဋ္ဌ ဒေါ်စန်းစန်းမော်ကို လည်း မြောက်ဥက္ကလာက အခြေခံဥက္ကဋ္ဌနဲ့ ဖြစ်ကြတဲ့ အပေါ်မှာ တကယ်တမ်း ဒေါ်စန်းစန်းမော်ကိုခေါ်မေးသင့်တယ်။ အစည်းအရုံးသည် Judge အနေနဲ့ရှိသင့်တယ်။ အဖြစ်သင့်ဆုံးက အငြင်သာဆုံးနဲ့ အကောင်းဆုံးဖြစ်အောင်လုပ်သင့်တယ်။ နဂိုကတည်းကလည်း မကျေနပ်ချက်တွေများနေတယ်။ အဲဒီလိုမကျေနပ်ချက်တွေများလာတဲ့အခါ အခုလိုဆန္ဒပြကြဖို့ စီစဉ်ခဲ့ကြတာပါ။ ဖြစ်ပွက်နေတဲ့ အခြေအနေမှန်တွေကိုနားလည်သိရှိအောင် အခြေအနေမှန်တွေကိုဖြစ်စေချင်တာပါ" ဟုပြောပြသည်။

ဆောင်းဦး

www.burmeseclassic.com

www.burmeseclassic.com

ယုန်လေးရဲ့ လူဆိုးကြီးများနေ့

သီချင်းတွေလည်းဆိုဖြစ်နေသလို ဇာတ်ကားတွေမှာလည်း သရုပ် ဆောင်နေတဲ့ ယုန်လေးနဲ့တွေ့ဆုံခိုက်-

''လူဆိုးကြီးများနေ့လို့တေးစီးရီး နာမည်ပေးဖြစ်တာက တော့ လူဆိုးဆိုတဲ့ဝေါဟာရကိုကြိုက်လို့ ခေါင်းစဉ်ပေးခဲ့တာပါ။ ဒီအခွေမှာ ကျွန်တော်ရေးထားတာတွေပါ့မယ်။ Snare နဲ့ ကျောက် ဂျက်တို့လည်းရေးထားတယ်''။ I am myanmar သီချင်းမှာ ကျန်စစ်သား၊ ဘုရင့်နောင် စသဖြင့် စာသားတွေပါဝင်တာနဲ့ ပတ်သက်ပြီးယုန်လေးက . . .

''ဒီမိုကရေစီမရခင်ကတည်းက ဆိုချင်တာပေါ့။ ဒီအ ကြောင်းအရာတွေကိုတော့ ဒီမိုကရေစီမရခင်တုန်းက ဝိုလ်ချုပ် အောင်ဆန်းလို့ပြောလိုက်ရင်ပဲ ကျွန်တော့်အလေးစားဆုံး ပုဂ္ဂိုလ် ကလည်း ဖေဖေနဲ့မေမေလို့ မပြောဘူး။ ဗိုလ်ချုပ်အောင်ဆန်းလို့ပဲ ပြောခဲ့တာလေ။ ဒါပေမဲ့ ချစ်သင့်သလောက်ပဲ ချစ်တာ။ Over ကြိုးတော့မဟုတ်ဘူးပေါ့။ ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်း ဘုရားတို့ထည့်ဆိုဖြစ်တဲ့အချိန်မှာ မြန်မာနိုင်ငံမှာ ဒီလိုသူခဲ့ကောင်း တွေရှိလို့ဖြစ်လာတယ်။ မြန်မာနိုင်ငံစည်စည်ကားကားလေးနဲ့ ကချင်၊ ကယား၊ ကရင်၊ ချင်း တိုင်းရင်းသား ဘာသာစကား လေးတွေနဲ့ထည့်ဆိုဖြစ်တယ်။ သီချင်းကတော့ကိုယ်နဲ့ ခင်တဲ့သူ တွေပဲရေးဖြစ်တာများတယ်။ အသစ်တွေအတွက်တော့ သိပ် မဆိုဖြစ်ဘူး။ 'ကိုယ့်သမိုင်းကိုရေးကြသူများ'၊ 'သူမသည် ချောက် တစ်ကောင်ဖြစ်သွားသည်ဆိုပါစို့ ဇာတ်ကားတွေမှာ ယုန်လေး သရုပ်ဆောင်မှုတွေနဲ့ပတ်သက်လို့ ''ကျွန်တော်တို့ အုပ်စုကိုယ့်လူ တွေနဲ့ပဲ ကိုယ်လုပ်ခဲ့တာဆိုတော့ ပျော်ပျော်လေး သရုပ်ဆောင် ဖြစ်ခဲ့တာပေါ့။ ဒီဇာတ်ကားတွေရိုက်တာ ပျော်လည်းပျော်တယ်၊ နောက်ထပ်လည်း ဇာတ်ကားတွေမှာ သရုပ်ဆောင်ဖို့ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကျောက်ကျက်နဲ့တွေ့ဆုံခဲ့ကြ

Seagame အတွက်သီချင်းကို ကျွန်တော်တို့သူငယ်ချင်းတွေချည်းပဲ အားလုံးပေါင်း ၁၁ ယောက်စုပြီးလုပ်ထားပါတယ်။ တီဗီမှာ လွှင့်တော့မယ်ထင်တယ်။ ကိုယ်ဆိုတဲ့အပိုဒ်ကိုယ်ရေးထားတာ။ Title က အရှေ့တောင်အာရှသူရဲကောင်းများပါ။ Seagame မှာ ပါဝင်ခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ Seagame နဲ့ပတ်သက်ပြီး ကျွန်တော်လည်း သီချင်းဆိုပြီး တစ်ထောင့်တစ်နေရာကနေ ပါဝင်ခွင့်ရသလို ကျွန်တော့်ညီမလေးလည်းပြိုင်ပွဲဝင်မှာဖြစ်လို့ Seagame ဟာ ကျွန်တော်တို့ မောင်နှမနှစ်ယောက် အတွက် အမှတ်တရပါပဲ။ တကယ်လည်း ပီတိဖြစ်မိတယ်။ ကျွန်တော့်ညီမလေးကိုဘယ်တော့မှ အဆိုတော်မလုပ်ခိုင်းဘူး။ သူက အားကစားမှာထူးချွန်တယ်။ လူတစ်ယောက်ဟာ ဘုရားပေးတာထက် ပိုမရပါဘူး။ ကျွန်တော့်ညီမကိုယ်တိုင်ကလည်း ဝါသနာပါတာလည်းမဟုတ်ဘူး။ အဓိက ကိုယ်ဖြစ်နိုင်မယ့်အလုပ်ကလေးမှာပဲ ပေါက်ပေါက်မြောက်မြောက်ဖြစ်စေချင်ပါတယ်။ အေးမြတ်သီ

SEA GAME သီချင်း MTV ရိုက်နေတဲ့ ပြိုးလေး (SNARE)

အခုလတ်တလောမှာ Seagame အတွက် သီချင်းရိုက်ထားပါတယ်။ မြန်မာနိုင်ငံမှာ သံယောတွေရှိတယ်။ နှုတ်ဆက်တဲ့အခါ 'မင်္ဂလာပါ' ဆိုပြီး လက်အုပ်လေးချီပြီး ကြိုဆိုကြတယ်။ အဲဒီလို မြန်မာနိုင်ငံအကြောင်းလေးကိုပေါ်လွင်အောင်ရေးဖွဲ့ထားတာပါ။ G-family အဖွဲ့အနေနဲ့ မဟုတ်ဘဲ Snare အဖွဲ့အနေနဲ့ ဖန်တီးထားတာ။ MTV ကို စစ်ကိုင်း၊ မန္တလေး၊ ပုဂံ၊ ရန်ကုန်ပြို့တွေမှာနေရာပေါင်းစုံ အားကစားကွင်းပေါင်းစုံမှာ ပိုက်ဆံတွေအကုန်အကျအများကြီးခံပြီး ရိုက်ကူးထားပါတယ်။ Seagame မှာ အရိုးသားဆုံးစိတ်နဲ့ပြောရမယ်ဆိုရင်တော့ ကိုယ့်နိုင်ငံကိုပဲ နိုင်စေချင်ပါတယ်။ မြန်မာဘက်ကပဲ ရှိနေမှာပါ။ အေးမြတ်သီ

www.burmeseclassic.com

www.burmeseclassic.com

ကြယ်ကိုဖမ်းတဲ့ လုလင်နဲ့ ထွန်းကိုကို

နိုင်ငံပေါင်း ၁၃ နိုင်ငံ ပါဝင်ယှဉ်ပြိုင်ထားတဲ့ နိုင်ငံတကာ Model Concert ပြိုင်ပွဲကြီးမှာ အမြင့်ဆုံးဖြစ်တဲ့ Master Asia newstar model concert 2013 ကို ထိုက်ထိုက်တန်တန်ရရှိခဲ့တဲ့ Model ထွန်းကိုကို အခုလတ်တလောမှာတော့ ကြယ်ကိုဖမ်းတဲ့ လုလင်ဇာတ်ကားမှာ သရုပ်ဆောင်နေပါတယ်။ ဒီကားမတိုင်ခင်ဒါရိုက်တာကြည်ဖြူသွင် ရိုက်ကူးတဲ့ 'ရွှေမင်းသမီးနဲ့ အပျိုက်ကောက်ဆရာ' ဇာတ်ကားမှာ ပါဝင်ခဲ့ပေမယ့် ဒီကားမှာမှခေါင်းဆောင်နေရာက ပါဝင်သရုပ်ဆောင်ခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီကားလေးနဲ့ပတ်သက်ပြီး . . . ။

အခုလောလောဆယ်မှာ သရုပ်ဆောင်ပိုင်းကို ပိုလုပ်ဖြစ်နေတယ်။ ကျွန်တော့်ရဲ့ပထမဦးဆုံး ခေါင်းဆောင်ဖြစ်ပါတဲ့ကားက အခုရိုက်နေတဲ့ 'ကြယ်ကို ဖမ်းတဲ့လုလင်' တဲ့ဗျ။ ဒါရိုက်တာသားကြီး သင်ဇာဝင့်ကျော်၊ ကျွန်တော်တို့နဲ့အတူ အခြားသရုပ်ဆောင်များနဲ့ပံ့ဖော်ထားပါတယ်။ အဲဒီမှာ ကျွန်တော့်ရဲ့ ကာရိုက်တာက ရိုးရိုးကောင်လေးတစ်ယောက်ပါပဲ။ ကျွန်တော့်မှာလည်းရည်းစားရှိတယ်။ သင်ဇာဝင့်ကျော်မှာလည်း ရည်းစားရှိတယ်။ အဲဒါကို မိဘတွေကပေးစားလိုက် ပြီးနောက်မှသံယောဇဉ်တွေတွယ်ပြီး ချစ်သွားတဲ့ဇာတ်လေးပေါ့။ ကိုယ်မလုပ်တတ်တဲ့အရာတွေ၊ ကိုယ်မလုပ်ဖူးတဲ့အရာတွေဆိုတော့ တော်တော်တော့လိုက်နေရတယ်ဗျ။ ***အေးမြတ်သီ***

Starlet'sky သီချင်းဆိုပြိုင်ပွဲ စာနယ်ဇင်းရှင်းလင်းပွဲ

အင်ပါယာဗီဒီယိုမှ ကြီးမှူးကျင်းပသော ကြယ်ကလေးများ၏ ဂီတဝိုးကောင်းကင် Starlet'sky သီချင်းဆိုပြိုင်ပွဲ အစီအစဉ်နှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲကို စက်တင်ဘာ ၆ရက်၊ ညနေ(၆)နာရီတွင် Starlet'sky အစီအစဉ်အနေဖြင့် ပရိသတ်၏စိတ်ဝင်စားမှုပိုမိုရရှိစေရန် မီဒီယာများမှတစ်ဆင့်သိရှိစေရန် စာနယ်ဇင်းရှင်းလင်းပွဲ လုပ်ရကြောင်းနှင့် ကလေးအဆိုပြိုင်ပွဲနှင့်ပတ်သက်၍ ဒါရိုက်တာတင်အောင်စိုး (ပန်းပြို့တော်) တို့ကပြောကြားခဲ့သည်။

ရုပ်ရှင်ပညာရှင် (၉)ဦး တိုး၍ ထောက်ပံ့

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက နွမ်းပါးသော ရုပ်ရှင်သက်ကြီးအနုပညာရှင်၊ အတတ်ပညာရှင်များကို (၁၉၉၅) ခုနှစ်နောက်ပိုင်းမှစ၍ လစဉ် ထောက်ပံ့ကြေး ပေးခဲ့သည်။ အစပထမတွင် တစ်ဦးလျှင် တစ်လ (၁၅၀၀) ကျပ်သာ ထောက်ပံ့နိုင်သော်လည်း (၂၀၀၆) ခုနှစ်တွင် (၅၀၀၀) ကျပ်အထိ တိုးမြှင့်ထောက်ပံ့သည်။ (၂၀၁၁) ခုနှစ်တွင် တစ်ဦးလျှင် တစ်သောင်းကျပ်အထိ တိုးမြှင့်ချီးမြှင့်နိုင်သည်။ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များမှ အသက် (၇၅)နှစ်အထက် နွမ်းပါးသူများ ထောက်ပံ့ပေးရာမှ တချို့ပညာရှင်ကြီးများ ကွယ်လွန်သွားကြပြီဖြစ်သည်။ လိုအပ်နေသော လူအရေအတွက်ကို (၁၀-၉-၂၀၁၃) ရက်နေ့ ဦးစီအမှုဆောင်အစည်းအဝေး ဆုံးဖြတ်ချက်အရ အောက်ပါသက်ကြီးပညာရှင် (၉) ဦးကို လစဉ်ထောက်ပံ့ရန် ဆုံးဖြတ်သည်။ (၁) ဦးဇော်ခင်၊ (၂) ဒေါ်သဲနုနိုင်၊ (၃) ဦးဇော်မော်လင်း၊ (၄) ဦးငြိမ်းငြိမ်း၊ (၅) ဒေါ်အေးမြင့်၊ (၆) ဦးစိုးထိုက်၊ (၇) ဦးထင်ကျော်၊ (၈) ဦးရဲဝန်ထမ်းဟောင်းတစ်ဦး၊ (၉) ဒေါ်မေသဇင် ကိုးဦးတို့ကို ထပ်တိုး၍ လစဉ်ထောက်ပံ့သွားမည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ရပ်ကွက်ထဲကအရွဲ့ကျော်ထွင်ဆွေ ဒီဗီဒီထွက်တော့မယ်

''အခုလတ်တလောကမှာတော့ ရပ်ကွက်ထဲက အရွဲ့ဒီဗီဒီအားလုံး ရိုက်ပြီးသွားပြီ။ ပရိုဂျက်ဆာခရီးသွားနေလို့ မထွက်ဖြစ်သေးတာပါ။ နောက် အတွဲခွေတွေမှာဝင်ဆိုဖြစ်တယ်။ ပလွေရိုးသီချင်းက လူငယ်တွေကြားထဲမှာ ပေါက်ခဲ့တော့ ပလွေရိုးပြီးတော့ ဘာလာဦးမလဲလို့မေးတော့ 'ပလွေရိုးပြီးတော့ ကျောက်ဂျက်ရဲတိုင်းသိပြည်သိအခွေထဲမှာ 'ဝပြီးရင်း၀' ဆိုတာသေးတယ်။ နောက်ဆက်တွဲ သီချင်းပေါ့နော်။ ကိုယ့်ကိုယ်ကိုယ် မကောင်းကြောင်း ဆိုဖြစ်တာဆိုတော့ တော်တော်တော့ ပေါ်ဖို့ကောင်းတယ်ဗျ။ အရိုးဗစ်တေးများအခွေလည်း ပရိသတ်လက်ထဲရောက်ဖို့စီစဉ်နေတယ်။ အခုထွက်မယ့် ရပ်ကွက်ထဲကအရွဲ့များတော့ မြန်မာ့ရုပ်ရှင်ကားတွေနဲ့တူသွားမှာ ကြောက်တော့ MTV ကို MTV ပုံစံဝင်အောင်လုပ်ထားတယ်။

အဓိကကတော့ သီချင်းရေးနေတဲ့အကြောင်းအရာတွေကတော့ ကျွန်တော်ကြုံတွေ့ခံစားနေတာတွေပဲ များတယ်။ ရပ်ကွက်ထဲက အရွဲ့ဆိုတာကလည်း ကျွန်တော့်ကိုယ်ကျွန်တော်ရေးထားတာပါ။ Acid တို့ဘာတို့ စထွက်တုန်းက ကျွန်တော်တို့ Rapper တွေလိုဝတ်ပြီး ရပ်ကွက်ထဲလျှောက်သွားတဲ့သူတစ်ယောက်ပေါ့။ ကြည့်ရတာ အချို့မပြေဘူးပေါ့ဗျာ။ အဲဒါလေးကိုပဲရည်ရွယ်တာဗျ။ အခုလို မူပိုင်ခွင့်တွေရလာတော့ ပိုက်ဆံ(၁)သိန်းလောက်ပြန်ရတာပေါ့။ အခုထပ်ထွက်မယ့် ဆန်းဆန်းပြားပြား(၁) ရာသီ သွေ့မှာလည်းဆိုထားတာရှိတယ်။ ပရိသတ်ကြိုးကလည်း ကျွန်တော့်ဂီတာတွေကိုအားပေးပါဦး။

ရွှေအမ်းသား

နှုန်းမြတ်ပြုံးသင်းနဲ့သီချင်းခွေထွက်တော့မယ် နှုန်းသူဇာ

မော်ဒယ်နှုန်းသူဇာအနေနဲ့ ပရိသတ်သိထားတဲ့ နှုန်းသူဇာက Sh
FM (3) နှုစ်ပြည့်စီးနီးထဲမှာ မေမြတ်နိုးနဲ့ တွဲဆိုထားတဲ့ လာရာလမ်းလေ
သီချင်းနဲ့ပရိသတ်အားပေးမှုတွေရခဲ့တာဖြစ်ပါတယ်။ အခုနှုန်းသူဇာကို စီး
ခွေလုပ်ဖြစ်နေပုံကို ''နှုန်းမြတ်ပြုံးသင်းနဲ့ သီချင်းခွေလုပ်ဖြစ်နေတယ်။ မကြ
ခင် ပရိသတ်လက်ထဲ ရောက်တော့မှာပါ။ အခု မျက်စိနာနေလို့ ဓာတ်ပုံရိုက
ခဏနားနေတာပါ။ နှုန်းမြတ်အစ်မနဲ့ နှုန်းသူဇာအမေနဲ့ စကားပြောဖြစ်ရ
အမှတ်တရအနေနဲ့ ဒီစီးရီးလေးလုပ်မယ်ဆိုပြီးတော့ လုပ်ဖြစ်သွားတာပ
ကြော်ငြာတွေမှာ နှုန်းသူဇာ သရုပ်ဆောင်တာကတော့ ကုန်ပစ္စည်းပေါက်ဖို့
ရေပန်းစားနေဖို့ပဲလေ။ ဒိုင်ယာလော့တွေလည်း သိပ်မလိုဘူး။ ဇာတ်ကာ
ရိုက်ဖို့ကတော့ ဇာတ်ထဲမှာပဲ စိတ်နှစ်ထားရမယ်။ အပြင်မှာ ကြုံတွေ့နေ
မယ့်တဝန့်လည်း တူချင်မှတူမယ်။ တာဝန်လည်းအရမ်းကြီးတယ်လေ။ အ
ကြောင့် မရိုက်ဖြစ်သေးတာပါ''လို့ပြောပြခဲ့ပါတယ်။ ကေသင်မြတ်ဝင်း

www.burmeseclassic.com

www.burmeseclassic.com

ရိုက်ကွင်းပေါက်

နေမင်းနဲ့ မိုးဟေကိုတို့ရဲ့ ထားခဲ့ရမှာ စိုးတယ်

www.burmeseclassic.com

www.burmeseclassic.com

ဒါရိုက်တာနေသူရိန်ကနေမင်း၊ မိုးဟေကိုနဲ့ ဆုမြတ်နိုးဦးတို့နဲ့ ဖန်းတီးနေတဲ့ 'ထားခဲ့ရမှာစိုးတယ်' ဆိုတဲ့ ဇာတ်လမ်းရိုက်ကွင်းကို ရောက်ဖြစ်ခဲ့ပါတယ်။ ဒီဇာတ်လမ်းရဲ့ရိုက်ကွင်းဘုရင် ဒါရိုက်တာနေသူရိန်က 'ထားခဲ့ရမှာစိုးတယ်' ဇာတ်လမ်းနဲ့ပတ်သက်လို့ ဒီကားက ''လမင်းမိုမိုရဲ့ဝတ္ထုပါ။ အမှန်အတိုင်းဆိုရင် ကျွန်တော်ကစွန့်စွန့်စားစား ဇာတ်လမ်းတွေပဲ အရိုက်များတာပါ။ ဒါပေမဲ့ ဒီဒရာမာကားလေးကို ဇာတ်လမ်းကိုသဘောကျလို့ ဖန်တီးဖြစ်တာပေါ့။ ဇာတ်လမ်းဖွင့်ဖွင့်ခြင်းမှာ နေမင်းက ဦးနှောက်မှာ ကင်ဆာရောဂါကြောင့် အရမ်းတုန်လှုပ်သွားတယ်။ သူရှင်မယ့်ရက် သိပ်မကျန်တော့ဘူး၊ သူသေမယ်ပေါ့။ အဲဒီကားမှာပါတဲ့ ကောင်မလေးက ဒီကောင်လေးကို စိတ်ဝင်စားသွားတယ်ပေါ့။

ကောင်မလေးကို အမေနဲ့ကောင်လေးအမေက ရင်းနှီးတယ်။ ကောင်လေးရဲ့ အဖြစ်မှန်ကို သိတဲ့ကောင်မလေးက လာပြီးတော့ အားပေးစကားပြောတာပေါ့နော်။ ကောင်လေးကလက်မခံဘဲ ပတ်ဝန်းကျင်နဲ့ အဆက်အသွယ်ဖြတ်ပြီး သူသေမယ့်နေ့ကို စောင့်နေတာပေါ့။ ပရဟိအလုပ်တွေကို လုပ်နေတတ်တဲ့ ကောင်မလေးက ကောင်းတာတွေရော၊ ဆိုးတာတွေရော ချော့ပြောခြောက်ပြောနဲ့ စည်းရုံးရေးဆင်းတာပေါ့။ တကယ်တော့ ကောင်မလေးမှာလည်းရောဂါရှိတယ်။ နောက်ဆုံးကောင်မလေးက အရင်သေသွားတယ်။ ဒီဇာတ်ကွက်လေးကိုကြိုက်လို့ရိုက်ဖြစ်တာပါ'' မိုးဟေကို ပရဟိတလုပ်တဲ့ဇာတ်ဝင်ခန်းတွေကို ဘယ်လိုအနေအထားတွေနဲ့ ဖန်တီးမလဲဆိုတာကိုလည်း ''ဒဂုံမှာရှိတဲ့ ဘိုးဘွားရိပ်သာတွေ၊ မရမ်းခြံမှာရှိတဲ့ ပရဟိတ အသင်းဖွဲ့တွေ၊ အစမှာ မိုးဟေကိုက နေမင်းကိုပြောပြတဲ့အခန်းတွေ (''မသေခင်မှာဒါတွေလုပ်လို့ရတယ်''စသည်ဖြင့်ပေါ့) သွားရိုက်မယ်လို့တော့ စိတ်ကူးထားတယ်။ လူမှုရေး၊ စိတ်ဓာတ်ဆိုင်ရာ မြို့တွင်းရေးအခန်း (၃) ခန်းလောက်တော့ပြမှာပါ။ အသုဘရှုတဲ့အခန်းတွေကိုလည်း ထည့်ဖြစ်မယ် ထင်တယ်''လို့ ပြောပြခဲ့ပါတယ်။ ဒီဇာတ်ကားမှာ နေမင်းက သူ့ရဲ့ဇာတ်ရုပ်နဲ့ပတ်သက်လို့ ''ထားခဲ့မှာစိုးတယ်ဇာတ်ကားထဲမှာ သေခါနီးရောဂါသည်၊ ကိုယ်သေတော့မှာ သိနေတဲ့သူတစ်ယောက်ပေါ့။ ကိုယ့်ကိုလာပြီး အားပေးတဲ့ကောင်မလေးက အခြေအနေတစ်ရပ်ကြောင့် ဆုံးသွားတယ်ပေါ့။ အဲဒီလိုဇာတ်လေးပေါ့။ ဒီကာရိုက်တာက ကျွန်တော့်အတွက် အသစ်တစ်ခုပါ။ အမြဲတမ်းလူပျိုရွေနေတဲ့ပုံစံတွေပဲ သရုပ်ဆောင်နေခဲ့တာဆိုတော့လေ''

ဒီကားနဲ့ ပတ်သက်လို့ အမှတ်တရကတော့ ဒါရိုက်တာ နေသူရိန်၊ မိုးဟေကိုတို့နဲ့ပဲ ပဋ္ဌလက်ကောက်ကြောင်းဆိုတဲ့ ဇာတ်လမ်းရိုက်ဖူးတယ်။ အခု ကြော်ငြာတောင်လာနေပြီ။ ပရိသတ်က ကြော်ငြာကြည့်ပြီး စိတ်ဝင်စားနေကြပြီလေ။ ပဋ္ဌလက်ကောက်ကြောင်းမှာ ကျွန်တော်မျက်လှည့်ဆရာ အခြင်းသရုပ်ဆောင်ထားတာပေါ့။ ကိုယ်သိပ်ချစ်တဲ့ မိန်းကလေးကို ကိုယ်ယောင်ဖျောက်ပြီးခေါ်ထားချင်တဲ့စိတ်ကြောင့် မျက်လှည့်သင်ဖြစ်ခဲ့သူ မျက်လှည့်ဆရာဖြစ်တော့ မိန်းကလေးကိုကိုယ်ယောင်ဖျောက်ပြီး မျက်လှည့်နည်းနဲ့ခိုင်းဆိုင်အောင်ကြိုးစားတဲ့ဇာတ်ပေါ့''လို့ ပြောပြခဲ့သလို မိုးဟေကိုကလည်း သူမပါဝင်ရာတဲ့ ဇာတ်ရုပ်အကြောင်းကို ''မိုးရဲ့ ကာရိုက်တာကတော့ ပရဟိတလုပ်နေတဲ့ ကောင်မလေး။ ဒါပေမဲ့ ကင်ဆာရောဂါ ခံစားနေရသော်လည်း ဘဝကို အရှုံးမပေးဘဲ အကျိုးပြုလုပ်ငန်းတွေပဲ လုပ်နေတတ်တဲ့ ကောင်မလေးအဖြစ် သရုပ်ဆောင်ထားတယ်။ အခုနောက်ပိုင်းမှာ မိုးဇာတ်ကားတွေ ရွေးလာတယ်။ ရိုက်ခဲ့တဲ့ဇာတ်ကားတွေမှာလည်း ကိုယ်ကြိုက်တဲ့ကာရိုက်တာတွေကိုပဲလက်ခံတယ်။ ဒါပေမဲ့ တစ်ကားဆို ဆိုသလောက် အတတ်နိုင်ဆုံးကြိုးစားပြီး ရိုက်သွားမှာပေါ့''

''မြတ်နိုးက ကိုနေမင်းရဲ့ရည်းစားနေရာက သရုပ်ဆောင်ထားတယ်။ မြတ်နိုးနဲ့ မမိုးဟေကိုက အဖော်ဘက်က သမီးနဲ့ အမေဘက်က ပါလာတဲ့သမီးတွေပေါ့။ ဒါပေမဲ့အရမ်းချစ်ကြတယ်။ ကိုယ့်ရည်းစားက နေမကောင်းဖြစ်နေတဲ့အချိန်မှာ မမိုးဟေကိုက ပြုစုပေးရင်းနဲ့ သူတို့နှစ်ယောက် သံယောဇဉ်တွယ်သွားကြတယ်ပေါ့''လို့ ဆုမြတ်နိုးဦး သူမရဲ့ကာရိုက်တာနဲ့ ပတ်သက်လို့ ပြောပြခဲ့ပါတယ်။

ကောင်းမြတ်ပိုင်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

လူမင်းနဲ့ ဝတ်မှုံရွှေရည်တို့ရဲ့ ရိုက်ကွင်းပေါ်က ချာတိတ်

ရိုက်ကွင်းဇာတ်လမ်းလေးတွေကို
ကျွန်တော်တို့ ကဏ္ဍတစ်ခုအနေနဲ့ဖော်ပြခဲ့တာ
အခုအောက်တိုဘာလ ရောက်ခဲ့ပြီဆိုတော့
(၄)လပြည့်ခဲ့ပါပြီ။ ဘာပဲပြောပြော
ဒီကဏ္ဍလေးကို ပရိသတ်တွေက
ကြိုက်ကြတယ်လို့ သိရတဲ့အတွက်
ကြိုးစားခဲ့ရကျိုးနပ်ခဲ့တယ်လို့ ပြောရပါမယ်။
ဒီရိုက်ကွင်းကဏ္ဍဖွင့်ခဲ့ကတည်းက ဇာတ်လမ်း
ဓာတ်ပုံများကို ကိုယ်တိုင်ရိုက်ကူးခဲ့တာတွေရှိသလို
ဓာတ်ပုံဆရာတချို့ဆီက ယူခဲ့ရတာတွေလည်း
ရှိပါတယ်။ ဒီကဏ္ဍလေး လတိုင်းမှာ လှလှပပ
အသက်ဝင်ဖို့အတွက် ဓာတ်ပုံဦးဘိုနီ၊ ကိုရဲရဲ၊
ကိုညီဝင်း၊ ကိုမင်းမင်းတို့ကိုလည်း ကျေးဇူးတင်ရပါမယ်။
သူတို့က ရိုက်ကွင်းဓာတ်ပုံတွေကို စေတနာမေတ္တာနဲ့
ကူညီခဲ့ကြတာပါ။ သူတို့ကျွန်တော်တို့ဓာတ်ပုံယူတိုင်း
''ကြိုးစားထားနော်၊ ဘဝကိုဘယ်တော့ အားမလျှော့နဲ့'' လို့
ခဏခဏပြောပြီး ပေးတတ်ပါတယ်။ ဒီလမှာလည်း
သျှင်မရဲ့ဝတ္ထုကို ဒါရိုက်တာဟိန်းစိုး ပုံဖော်ထားတဲ့
ချာတိတ်ဆိုတဲ့ ဇာတ်ကားလေးနဲ့ ပရိသတ်ကိုမိတ်ဆက်ချင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ချာတိတ်ဆိုတဲ့ဇာတ်လမ်းမှာ လူမင်း၊ ဝတ်မှုံရွှေရည်တို့က အဓိက ပါဝင် သရုပ်ဆောင်ထားတာပါ။ ဒီကားမှာ လူမင်းက မိဘရှေးရိုး ဆန်တဲ့အနွယ်ဝင်တွေ ဖြစ်တဲ့အတွက် လူငယ်ဆန်ဆန် ဖောက်ထွက် ချင်တဲ့သူအဖြစ် သရုပ်ဆောင်ထားတယ်။ မိဘတွေကလည်း ရှေးရိုးစဉ်ဆက် ထိန်းသိမ်းချင်သူတွေပီပီ သူတို့ပေးစားတဲ့ မိန်းကလေးနဲ့ လူမင်းကို လက်ထပ်စေချင်ကြတယ်။ လူမင်းကလည်းမိဘတွေ သဘောတူပြီးပေးစားတဲ့ မိန်းကလေးကို မမြင်ဖူးဘဲနဲ့ ငြင်းခဲ့လိုက်တဲ့အတွက် အစီအစဉ် ပျက်သွားခဲ့ပါတယ်။ တစ်ဖက်က အငြင်းခံလိုက်ရတဲ့ မိန်းကလေး ကတော့ ဝတ်မှုံရွှေရည်ပါ။ ဝတ်မှုံ ရွှေရည်က လူမင်းကို ကလဲ့စား ချေချင်တဲ့အတွက် လူမင်းဆီကို ပြန်ပြီးချဉ်းကပ်တော့ အသက် ခပ်ကြီးကြီး လူကြီးတစ်ယောက်နဲ့ ချာတိတ်အရွယ် ကောင်မလေး တို့ရဲ့ အချစ်ဇာတ်လမ်းတစ်ပုဒ် ဖြစ်ပေါ်လာခဲ့တာပါ။ ဝတ်မှုံရွှေ ရည်က လူမင်းကို ချဉ်းကပ်တဲ့ နေရာမှာတော့ မိန်းကလေးပုံစံနဲ့ မဟုတ်ဘဲ ယောကျ်ားလေးပုံစံ ပြောင်းပြီး ချဉ်းကပ်ခဲ့ပါတယ်။ ဒီဇာတ်လမ်းရဲ့ ဇာတ်ရိုက် အတက်ဆုံး ဇာတ်ဝင်ခန်းက တော့ ဝတ်မှုံရွှေရည်ကို မိန်းကလေးဖြစ်မှန်း လူမင်းက သိသွားတဲ့ အခန်းလေးပါ။ ဝတ်မှုံရွှေရည်ကို ယောကျ်ား လေးလို့ပဲ ထင်နေတဲ့ လူမင်းက မမျှော်လင့်ဘဲနဲ့ မိန်းကလေး တစ်ယောက် ဖြစ်နေတော့ ရှေ့ဆက် ဘယ်လိုဇာတ်ကွက် တွေနဲ့ ဖန်တီးထားလဲဆိုတာ ကတော့ စိတ်ဝင်စားစရာပါ။ ချာတိတ်ဇာတ်လမ်းမှာ ကိုလူမင်းနဲ့ Bobby Soxer တို့ အရင်က သီဆိုခဲ့ကြတဲ့ ချာတိတ်သီချင်းကို ဇာတ်ဝင် သီချင်းအဖြစ် ထည့်ထားပါတယ်။

ရွှေအမ်းသား

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ယူနီဗာဆယ်ရုပ်ရှင်
စတူဒီယိုသို့
အလည်တစ်ခေါက်
သရဝဏ်(ပြည်)



အမေရိကန်ပြည်ထောင်စုတွင် ကျွန်တော် အသွားချင်ဆုံး နေရာနှစ်နေရာရှိပါသည်။ ၎င်းတို့မှာ ယူနီဗာဆယ်စတူဒီယိုနှင့် နိုင်ရာဂရာ ရေတံခွန်တို့ဖြစ်သည်။ ဆန္ဒနှစ်ခုအနက်တစ်ခု တော့ ပြည့်ခဲ့သည်ဟု ဆိုရမည်။ ယူနီဗာဆယ် ရုပ်ရှင်စတူဒီယိုခြံကြီးသို့ ၂၀၁၃ ဇူလိုင် ၁၇ရက်က သွားရောက်လည်ပတ်ခွင့် ရခဲ့ပါသည်။ နိုင်ရာဂရာ ရေတံခွန်ကိုတော့ ယခုတစ်ခေါက် မရောက်ခဲ့ပါ။ အချို့ကလည်း ကနေဒါဘက်မှ သွားကြည့်လျှင် ရေတံခွန်မှာပိုမိုလှပသည်ဟု ပြောကြပါသည်။ ကံရှိလျှင်လည်းရောက်ပေမည်။ ယခုတစ် ခေါက်တော့ ရုပ်ရှင်စတူဒီယို အကြောင်းပဲပြောပါရစေ –

ကျွန်တော်သည် စာရေးဆရာတစ်ယောက် ဖြစ်လာရသော်လည်း ရုပ်ရှင်ကိုအလွန်ပါသနာ ပါပါသည်။ အထူးသဖြင့် ဟောလိဝုဒ်မှရိုက် ကူးသော ကမ္ဘာကျော် ရုပ်ရှင်ဇာတ်ကားများကို အရှုးအမှုး မလွတ်တမ်းကြည့်ရှုခဲ့ပါသည်။ ရုပ်ရှင်ကြည့်တိုင်း သူတို့ဘာယလိုရိုက်တာပါလိမ့်ဟု အမြဲမှန်းဆတွေးတောနေမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

အထူးသဖြင့် ကားနှစ်စီး၊ တစ်စီးက ပြေး၍ တစ်စီးက လိုက်သော အခန်းများမှာ ပီပြင်လှ၍ တစ်ခါတစ်ရံ လူဆိုးနှင့်ရဲ ပြေးကြလိုက်ကြသည်မှာ နာရီဝက်ခန့် တောက်လျှောက်ကြာပါသည်။ သူတို့ဘယ်လိုရိုက်သလဲဟု စဉ်းစားသော်လည်း အဖြေမပေါ်ပေ။ ဆက်တင်ဆောက်၍ ရိုက်ကြလျှင်လည်း ဆက်တင်မှာဆောက်နိုင်လျှင် တစ်လမ်း၊ နှစ်လမ်းပေါ့။ အခုတော့ နာရီဝက်လောက်ကားဖြင့် ပြေးကြလိုက်ကြတာ ဆယ်မိုင်၊ တစ်ဆယ့်ငါးမိုင် လောက်တော့ရှိပေမည်။ ဒီလောက်တော့ ဆက်တင်မဆောက်နိုင်လောက်ဟုထင်ပါသည်။ တကယ်လမ်းများကို အချိန်ပိုင်းဖြင့် ငှားရမ်းရိုက်ကြသလောဟုလည်းတွေးမိပါသည်။ သူတို့ရိုက်ကွင်းများကို ကြည့်ချင်သော်လည်း မြန်မာပြည်မှာဝယ်ယူရရှိသော ဒီဗီဒီခွေများမှာ ခိုးကူးခွေးများ ဖြစ်သဖြင့် Making ဟုခေါ်သော ဇာတ်ကားရိုက်ကွင်းများ ဘယ်တော့မှ ဖွင့်ကြည့်၍မရပေ။ ထို့ကြောင့် ကမ္ဘာကျော်ရုပ်ရှင်စတူဒီယိုတစ်ခုသို့ သွားရောက်လေ့လာကြည့်ရှုချင်စိတ်သည် ကျွန်တော့်ထံတွင် အမြဲကိန်းအောင်းနေပါသည်။

ဟောလိဝုဒ်တွင် အကြီးဆုံးရုပ်ရှင်စတူဒီယိုကြီးဖြစ်သော ယူနီဗာဆယ် ကုမ္ပဏီ၏ ခြံကြီးထဲသို့ ဝင်ခွင့်လည်ခွင့်အတွက် ပေးရသောငွေမှာလည်း နှင့်နေပါသည်။ လူတစ်ယောက်လျှင် ရိုးရိုးတန်းလက်မှတ်ခ (၈၉)ဒေါ်လာ။ အထူးတန်းလက်မှတ် (၁၆၉) ဒေါ်လာ၊ VIP လက်မှတ် တစ်စောင် (၂၉၉) ဒေါ်လာဖြစ်ပါသည်။ ရိုးရိုးတန်းလက်မှတ်မှာ ကိုယ်ကြည့်ချင်သည့် နေရာတိုင်းတွင် အလှည့်ကျတန်းစီစောင့်ဆိုင်းရမည်ဖြစ်ပြီး အထူးတန်းလက်မှတ်ကတော့ တန်းစီစရာမလို။ ဘာပဲကြည့်ချင်ကြည့်ချင် ရှေ့ဆုံးမှကြားဖြတ်ခွင့်ပေးထားလေသည်။ ဩော် . . မျက်နှာကြီးငယ် အတော်လိုက်သော အမေရိကပါလား။ ကျွန်တော်တို့ကတော့ ကြည့်ရလျှင်ပြီးပြီ။ မြန်မာနိုင်ငံတွင်လည်း ရထားလက်မှတ်ယူခြင်း၊ မီတာခဆောင်ခြင်း၊ သမဝါယမဆိုင်တွင်ဆီထုတ်ခြင်း၊ တယ်လီဖုန်းဘေလ်ဆောင်ခြင်း ကိစ္စများတွင် တစ်ဘဝလုံးတန်းစီလာသော အတွေ့အကြုံများကြောင့် တန်းစီးရမှာ မကြောက်သဖြင့် ရိုးရိုးတန်းလက်မှတ်ဖြင့်ပဲ ဝင်ရောက်ကြည့်ရှုလေသည်။

ရုပ်ရှင်ခြံထဲသို့ လာကြသူများမှာ ဘုရားပွဲထက်ပင်များနေသေးသည်။ ခြံကြီးမှာလည်းကြီးမားလွန်းသဖြင့် ဂိတ်ပေါက်ဝမှဝင်လိုက်သည်နှင့် ဘယ်သွားရမှန်းမသိပေ။ လမ်းညွှန်မြေပုံကိုတောင်းပြီး ခြံဝင်းကြီး၏ အနေအထားကိုလေ့လာရ၏။ ကျွန်တော်အကြည့်ချင်ဆုံးဖြစ်သော ဒါရိုက်တာ စတီဗင်စပီးလ်ဘတ်ရိုက်ကူးသော Jurassic Park ရိုက်ကွင်းကို ပြန်လည်ပြုပြင်ထားသော ဂျူရောဆစ်ပါတ်ခ်ရထားစီးကြမလား ဟူသော အစီအစဉ်ကိုစတင်သွားရောက်ကြည့်ရှုသည်။ လူတန်းက ရှည်လှရာ ကိုယ့်အလှည့်ရောက်အောင် မိနစ်နှစ်ဆယ်ခန့်စောင့်ရ၏။ ၎င်းနောက် ကိုယ့်အလှည့်ကျသောအခါ ညောင်ရွှေ့စက်လှေဆိပ်လို တူးမြောင်းကလေးထဲတွင် အသက်ကယ်ရာဘာဖောင်လို ဖောင်ကလေးများတစ်ခုရပ်ထားပြီး ကျွန်တော်တို့ကို ဖောင်ပေါ်တွင်ထိုင်စေ၏။ တစ်တန်းလျှင် လူငါးယောက်နှုန်းဖြင့် ငါးတန်းခန့်ပါသဖြင့် တစ်ခေါက်လျှင် (ဖောင်တစ်စင်းလျှင်) လူ ၂၀ ခန့် လိုက်ပါကြည့်ရှုနိုင်သောသဘောဖြစ်သည်။ ထိုင်လိုက်သည်နှင့် သံတန်းတစ်ခုသည် ကျွန်တော်တို့ ရင်ခေါင်းလောက်တွင်ပေါ်လာပြီး ရိုလာကိုစတာစီးသလို ပြုတ်မကျစေရန် ညှပ်ထားလိုက်လေသည်။

ထို့နောက် သာယာငြိမ့်ညောင်းသော ဂီတသံနှင့် တူးမြောင်းကလေးအတိုင်း ထွက်ခွာခဲ့ရာ ကမ္ဘာဦးခေတ်က ဒိုင်နိုဆော သတ္တဝါလေးများ လှုပ်ရှားသွားလာနေကြသော နေရာများသို့ တရွေ့ရွေ့ဖြတ်သန်းခဲ့လေသည်။ ဝဲယာနှစ်ဖက်၌ အသီးအရွက်စား ဒိုင်နိုဆောလေးများမှာ မော်တာဖြင့် လည်ပတ်ကာ လှုပ်ရှားနေကြလေသည်။ ထို့နောက် ကုန်းတက်တစ်ခုသို့ ရောက်ရှိလာကာ တကျိကျိဖြင့် ဖောင်သည် ကားသဖွယ် ဂိုဒေါင်ကြီးတစ်ခုထဲသို့ ဝင်သွားကာ ကြောက်မက်ဖွယ် မြင်ကွင်းများ စလေသည်။ ကျွန်တော်တို့ ရောက်သွားသောနေရာမှာ စက်ရုံအပျက်ကြီး



www.burmeseclassic.com

www.burmeseclassic.com

တစ်ခု၏ အတွင်းပိုင်းဖြစ်သည်။ Jurassic Park ဇာတ်ကားထဲမှ အသားစားဒိုင်နိုဆောကြီးလိုက်လံ တိုက်ခိုက်သဖြင့် လူများ ပုန်းအောင်းနေခဲ့ရသော နေရာဖြစ်ကြောင်း အမှတ်ရလာသည်။ ထိုအထဲတွင် အလင်းရောင်ဖျော့တော့ကာ ဒိုင်နိုဆောအော်သံများ၊ တဒုန်းဒုန်း ထုနှက်သံများ၊ ကျွန်တော်တို့ရှေ့မှ ဖြတ်ပြေးသွားခြင်း၊ နံရံရုတ်တရက် ကွဲသွားပြီး ဒိုင်နိုဆောက ကျွန်တော်တို့အား လှမ်းဆွဲခြင်း စသည်ဖြင့် ထိတ်လန့်စဖွယ်များကို ဆက်တိုက်ကြုံရသဖြင့် အော်ကြဟစ်ကြသံများ ဆူညံနေ၏။ ကြောက်မက်ဖွယ် အကောင်ဆုံးကား ဒိုင်နိုဆောကြီးတစ်ကောင်၏ ပြေးသွားလာသံကို ကြားရပြီး ကျွန်တော်တို့အပေါ်မှ မျက်နှာကျက်သည် ခုတ်တရက် ပွင့်သွားပြီး Jurassic Park ဇာတ်ကားထဲမှ အကြီးဆုံး အသားစား T Rax ဒိုင်နိုဆောကြီး၏ ရောမမျက်နှာကြီးသည် ဘွားခနဲ ပေါ်လာလေရာ နှလုံးရောဂါရှိသူများ အသက်ပင် သေသွားနိုင်ပါသည်။ ထိုရောမဒိုင်နိုဆော ဦးခေါင်းကြီးသည် မိုးမြိမ်းသလို အော်သံကြီးပြန့် ကျွန်တော်တို့ စီးလာသော ဖောင်လိုလို၊ ကားလိုလို ယာဉ်ငယ်လေးအား ပါးစပ်ဖြင့် လှမ်းဆွဲလိုက်လေရာ ဒီတစ်ခါတော့ သွားပြီဟု ဘုရားတလိုက်သည့်အခိုက်တွင် ယာဉ်ငယ်သည် ရုတ်တရက် အောက်သို့ စိုက်ကျသွားကာ လေးထပ်တိုက်ခေါင်မိုးလောက်အမြင့်မှ ဖောက်ထိုးနိုးပါး တရှိန်ထိုးဩတ်ကျသွားသဖြင့် ဟိုက် . . . ဒီတစ်ခါမှ တကယ် အက်ဆီးဒင့်ဖြစ်ပြီး ကိုစွဲချောပဟုဟု ငယ်ထိတ်အထိ ကြောက်စိတ်တက်ကာ စိမ့်ခနဲ ပြုတ်ကျနေဆဲဝယ် ဝုန်းခနဲ ကျသွားသံကြီးနှင့် လင်းခနဲ ဖြစ်သွားလေရာ ကျွန်တော်တို့မှာ ရေကန်ကြီး တစ်ကန်ထဲသို့ ပြုတ်ကျလာခြင်း ဖြစ်ကာ အန္တရာယ်မှ လွတ်ခဲ့ပြီဖြစ်ကြောင်း စိတ်ဒုန်းဒုန်းချမိပါသည်။ ဝမ်းသာအားရအော်ကြဟစ်ကြပြီး အားလုံးမှာ ရေများ ရွဲစိုကုန်ကြပါသည်။

အမှတ်သည်းခြေ မရှိသေးဘဲ ကျွန်တော်တို့သည် Transformer ဇာတ်ကားတည်ရှိရာ စတူဒီယိုဘက်သို့ ဆက်လက်ချီတက်ခဲ့ပါသည်။ ယခုခေတ်ဝယ် Tansformer ဇာတ်ကားသည် ကလေးများအကြားတွင် အထူးရေပန်းစားနေရာ ထို စတူဒီယိုထဲသို့ ဝင်ခွင့်ရဖို့ တစ်နာရီနီးပါးခန့်စောင့်ဆိုင်းနေရပါသည်။ ကိုယ့်အလှည့်ကျသောအခါ လေးယောက်တစ်တန်း၊ အတန်းငါးတန်းပါသော ကားတစ်စီးပေါ်သို့ တက်ရပါသည်။ ကားပေါ်မတက်ခင် ကျွန်တော်တို့ကို 3 D ရုပ်ရှင်မျက်မှန်များ ပေးပါသည်။ ထိုကားလေးသည် ခပ်ဖြည်းဖြည်းမောင်းသွားရာ Trans-former ရုပ်ရှင်ဇာတ်ကားထဲမှ စက်ရုပ်ကြီးများကို သိုလှောင်ထားရာ စက်ရုံကြီးထဲသို့ရောက်သွားပါသည်။ စက်ရုံကြီးမှာ တကယ့်စက်ရုံသဖွယ်ဆောက်ထားသော အဆောက်အဦဖြစ်ပါသည်။ စက်ရုပ်ကြီးများကိုတော့ မတွေ့ရသေးပါ။ ထို့နောက် 3 D မျက်မှန်များ တပ်ခိုင်းသဖြင့် တပ်ဆင်လိုက်ပါသည်။ အမှန်မှာ တကယ့်ဆက်တင်နှင့် 3 D ရုပ်ရှင်ကိုရောထားခြင်းဖြစ်သည်။ ထိုအခါအုန်းပင်လောက်မြင့်သော ရောမစက်ရုပ်ကြီး တစ်ရုပ်ပေါ်လာပြီး ကျွန်တော်တို့ကိုကြည့်ကာ တိုက်ပွဲဖြစ်တော့မှာမို့ ဤနေရာမှ အမြန်ဆုံးထွက်ခွာကြဖို့ပြောပါသည်။ သူပြောရှိမှ မဆုံးခင် လူဆိုးစက်ရုပ်များ ရောက်လာကာ ကျွန်တော်တို့ကားကို ထုကြနှက်ကြသည်မှာ တဝုန်းဝုန်း၊ တဒိုင်းဒိုင်း ယိမ်းထိုးလှုပ်ခါနေ၏။ စက်ရုပ်များလည်း ကျွန်တော်တို့ရှေ့မှာပင် ဝုန်းဒိုင်းကြဲအောင်သတ်ကြပါသည်။ လူကောင်းစက်ရုပ်က ကျွန်တော်တို့ကို ကာကွယ်ပြီး လူဆိုးစက်ရုပ်များနှင့် ချနေပါသည်။ သူနှုတ်မှလည်း အမြန်သို့ထွက်ပေါက်သို့ ရောက်အောင်ပြေးကြဟု ကျွန်တော်တို့ကို အော်ပြောနေသေးသည်။ ထိုသို့ စက်ရုပ်များ သတ်ပုတ်နေကြစဉ် ကျွန်တော်တို့စီးလာသော ကားကလည်း ဂဏာမငြိမ်ဘဲ ထွက်ပေါက်သို့ရောက်ရန် လျှောက်မောင်းပြေးနေပါသည်။ တစ်ခါတရံမျက်စိထဲတွင် မြင်ရသော ရွှေ့လျားနှုန်းမှာ ဂျက်လေယာဉ်ထက်မြန်သောနှုန်းဖြင့် ရွှေ့နေသဖြင့် ''အမယ်လေး၊ လုပ်ကြပါဦး'' စသည်ဖြင့် အားလုံးအော်ဟစ်ဆူညံနေကြပါသည်။ တကယ် အန္တရာယ်ဖြစ်နေ၍ သေပြေးရှင်ပြေးပြေးရသော ခံစားချက်အတိုင်းထိုစဉ်က ဖြစ်နေပါသည်။ တစ်ခါတရံ အထပ်နှစ်ဆယ်၊ သုံးဆယ်ခန့်ရှိသော တိုက်ကြီး၏ ခေါင်မိုးစွန်တွင် ကျွန်တော်တို့ကားမှာ တွဲလောင်းဖြစ်နေပြီး လူဆိုးစက်ရုပ်ကပြေးလာကာ အတင်းတွန်းချနေပါသည်။ စက်ရုပ်ကို မကြောက်သော်လည်း အပြင်ကြီးမှာ တွဲလောင်းဖြစ်နေရတာကိုတော့ ထိတ်လန့်မိသည်။ ကျွန်တော်သည် မခံစားနိုင်တော့သဖြင့် 3D မျက်မှန်ကို ဆွဲဖြုတ်လိုက်ပါသည်။ ထိုအခါသိပ်ကြောက်ဖို့ မကောင်းတော့ပါ။

ရုပ်ရှင်ပိတ်ကား အကြီးကြီးနှစ်ခုကို ရှေ့နှင့်နောက် နှစ်ခုညှပ်ထားပြီး ပြနေခြင်းဖြစ်သည်။ မျက်မှန်မတပ်တော့သဖြင့် 2D မြင်ကွင်းကိုတော့ မြင်ရသေးသည်။ ရုပ်ရှင်ထဲက ဇာတ်ဝင်ခန်းအတိုင်း ကျွန်တော်တို့ စီးလာသောကားသည် ဘေးသို့စောင်းသွားလိုက်၊ ရှေ့သို့စိုက်သွားလိုက်၊ သိမ့်သိမ့်တုန်သွားလိုက်စသည်ဖြင့် အချိန်ကိုက် လှုပ်ရှားနေပါသည်။ အမြင့်မှပြုတ်ကျသော ဇာတ်ဝင်ခန်းများတွင် ရှေ့တည့်တည့်မှ လေမှုတ်ပေးသဖြင့် 3D နှင့် ပေါင်းလိုက်သောအခါ တကယ်ခံစားရသလို ဖြစ်နေပါသည်။ ကွန်ပျူတာနှင့် အချိန်ကိုက်ထိန်းချုပ်ထားခြင်းဖြစ်မည်ထင်သည်။ တစ်ခါတရံ ကျွန်တော်တို့ ကိုယ်ပေါ်သို့ ရေစက်ရေပေါက်များ ကျလာသေးသည်။ သေသေချာချာ ကြည့်တော့မှ ကျွန်တော်တို့ရှေ့ လက်ကိုင်သံတန်းမှ အပေါက်ကလေးများမှ ရေများပန်းထွက်လာခြင်းကို တွေ့ရသည်။ အာရုံငါးပါးကိုလှည့်စားထားပုံမှာ ပီရိလွန်းသဖြင့် ပရိသတ်သည်တကယ်အခင်းဖြစ်ပွားရာနေရာသို့ ရောက်သွားသလိုဖြစ်နေပါသည်။ မြန်မာပြည်မှာတော့ အချို့သော Shopping Center များတွင် 5D ဟု အမည်ပေးပြီး ရှစ်မိနစ်

www.burmeseclassic.com

စာ ဇာတ်လမ်းတိုလေးများကိုပြသပေးနေပါသည်။ ယူနီဗာဆယ် စတူဒီယို က အထူးပြုလုပ်ချက်များကိုတော့မပီပါ။ အမေရိကန်ပြည်ထောင်စုမှာတော့ 5D ဟု မခေါ်ပေ။ 3D ဟုသာခေါ်ကြသည်။ မြန်မာပြည်မှာတော့ ဘယ်သူကတီထွင်ပြီး မဟုတ်ကဟုတ်က နာမည်ပေးလိုက်လဲမသိပါ။ ထိုသို့ စက်ရုပ်များဝုန်းဒိုင်းကြဲအောင် သတ်ကြပုတ်ကြပြီးသောအခါ လူကောင်းစက်ရုပ်ကြီး၏ မျက်နှာကြီးသည် ကျွန်တော်တို့ရှေ့တွင်ပေါ်လာပြီး–

''သင်တို့ဟာ သိပ်ကို ရဲရင့်ပါတယ်။ အခုရန်သူလက်က လွတ်မြောက်သွားပါပြီ''ဟု ပြောလိုက်လေသည်။ ဤနည်းဖြင့် Transformer ဇာတ်ကား 3D Ride မှာ ပြီးဆုံးသွားလေသည်။ စက္ခုအာရုံလှည့်စားမှုကားက အံ့မခန်းပါပေ။ ကျွန်တော်မှာ ယူနီဗာဆယ်မှ 3D ကို အတော်လန့်သွားပေပြီ။ ထို့ကြောင့် Mummy ဇာတ်ကား 3D Ride ထပ်စီးကြဦးမည်ဆိုတော့ ကျွန်တော် မလိုက်လိုတော့ကြောင်းပြောရသည်။ အဖော်နှစ်ယောက်လည်း ငဝ်မကြည့်တော့ဘဲ စားသောက်ဆိုင်တန်းတွင် နေ့လယ်စာကြက်သားကြော်သွားစားကြပါသည်။ နာမည်ကျော် ကြက်ကြော်ဆိုင် ဖြစ်သော Doc's Brown's Chicken ကြက်ကြော်မှာလည်း ဈေးကြီးလှသည်။ တစ်ပွဲကိုအနည်းဆုံး ၈. ၄၉ ဒေါ်လာပေးရကာ အချို့ကြက်သားဟင်းလျာများမှာ ၁၃ ဒေါ်လာနားအထိကပ်နေပါသည်။

နေ့လယ်စာ စားဖို့ကိုလည်း ကိုယ့်အလှည့်ရောက်အောင် အတော်စောင့်ရပေသည်။ ငွေကိုင်စာရေးမထံ ကိုယ်စားချင်သမျှကို ပြောပြီး ငွေပေးလိုက်သောအခါ တိုကင်နံပါတ်ကလေးတစ်ခု ပေးပါသည်။ ထို့နောက် အစားအစာ ထည့်ပေးသောနေရာမှာ တမေ့တမောသွားစောင့်ရကာ ကိုယ့် အလှည့်နံပါတ်ခေါ်မှ သွားယူကာ တော်ရာလျော်ရာတွင် မတ်တတ်ရပ်၍ စားရပါသည်။ အတော်မနိုပ်သော အမေရိကပင်ဖြစ်သည်။ ဝယ်သူဘက်က အတော့်ကို အောက်ကျရသောအဖြစ်ပင်။

စားသောက်ပြီးတော့ Water World ဆိုသော ပြကွက်များကို သွားကြည့်ကြပါသည်။ ထိုပြကွက်မှာ ယခင်ကြည့်ခဲ့ဖူးသော 3D Ride လိုမျိုးမဟုတ် ပြဇာတ်ကသလို ကွင်းကျယ်ကြီးဘေးတွင် ပရိသတ်က ဘောလုံးပွဲကြည့်သလို ဝိုင်းကြည့်ရခြင်းဖြစ်သည်။ ကီဗင်ကော်စနာပါဝင်သော Water World ရုပ်ရှင်ဇာတ်ကားကို အခြားသရုပ်ဆောင်များ (စတန့်သရုပ်ဆောင်များ)ဖြင့် ပြန်လည်သရုပ်ဆောင်ပြခြင်းဖြစ်သည်။ ရေကန်ကြီးတစ်ကန်၏ ဘေးပတ်ချာလည်မှ ပရိသတ်က ထိုင်ကြည့်ကြခြင်းဖြစ်သည်။ Water World ဇာတ်ကားထဲမှ ရိုက်ကွင်းအတိုင်း ဆက်တင်များကို ပြင်ဆင်ထားပါသည်။ သရုပ်ဆောင်မင်းသမီးကို လူဆိုးများလက်မှ မင်းသား ကီဗင်ကော်စနာအဖြစ် လူစားဝင် သရုပ်ဆောင်သူကကယ်တင်ခန်းကို တိုက်ရိုက်သရုပ်ဆောင်ပြကြရာ ပြဇာတ်တစ်ပုဒ်ကိုကြည့်ရသလို ပီပြင်လှပေသည်။ ထိုးခန်းကြိတ်ခန်း၊ ပေတစ်ရာခန့် အမြင့်မှရေထဲသို့ ပြုတ်ကျခြင်း၊ မီးလောင်ပေါက်ကွဲခြင်း၊ စပိဘုတ်ကို စီးနင်း၍ရေထဲတွင် သတ်ပုတ်ကြခြင်း၊ သေနတ်ဖြင့် ပစ်ကြခြင်း၊ ကြိုးတန်းပေါ်ကိုခိုစီးခြင်း စသည်ဖြင့် မရပ်မနား သရုပ်ဆောင်ကြပါသည်။ စကားပြောခန်းများလည်းပါသည်။ ထိုးခန်းကြိတ်ခန်းလည်းပါသည်။ ပစ်ကြ၊ ခတ်ကြသည်လည်းပါသည်။ ကျွန်တော် အကြိုက်ဆုံးအခန်းမှာ သေနတ်ဖြင့် တစ်ယောက်က ပစ်လိုက်သောအခါ ရေစင်ပေါ်မှ ရေတိုင်ကီကြီးတွင် သေနတ်ရာအပေါက်များ ဖြစ်သွားပြီး ရေများစိမ့်ကျလာသော မြင်ကွင်းဖြစ်သည်။ တကယ်ဖြစ်နေသလို ပီပြင်လှပေ၏။ ရေတိုင်ကီကြီး လဲကျသွားသောအခန်းတွင်လည်းကြီးမားလှသော ရေတိုင်ကီကြီးထဲမှ ရေများ ဝေါခနဲကျလာလေသည်။ ဩဘော... ဒါကြောင့် ဟောလီးဝုဒ်ဟု ကျော်ကြားတာပဲဟု တွေးနေမိပါသည်။

Water World ပြီးတော့ ကျွန်တော် အကြည့်ချင်ဆုံး ပြခန်းသို့ ချီတက်ကြပါသည်။ အထူးပြုလုပ်ချက် (Special Effect) များကို ရှင်းပြသော စတူဒီယိုဖြစ်သည်။ အထူးပြုလုပ်ချက်အားလုံးကို အသေးစိတ် ရှင်းမပြနိုင်သော်လည်း ကျွန်တော် သိချင်နေသော အချက်တော်တော်များများကိုတော့ သိခွင့်ရခဲ့ပါသည်။ ဥပမာ 3D ကာတွန်းကား တော်တော်များများတွင် အရုပ်များကို ဟန်ပန်မူရာ လှုပ်ရှားပုံများမှာ လူအစစ်နှင့်မခြား တူလှပေသည်ဟု ထင်ခဲ့ရာ သူတို့နည်းပညာကို ကြည့်ရမှ တကယ့် လူအစစ်များနှင့် ရိုက်ထားမှန်း သိရလေသည်။ လူတစ်ယောက်ကို နေ့မကောင်းသောအခါ တစ်ကိုယ်လုံးတွင် ကပ်ခွာစုတ်ခွက်များ တပ်ထားသလို တပ်လိုက်၏။ (သိပ်ပံကားထဲ၌ စမ်းသပ်မည့်လူကို တစ်ကိုယ်လုံးတွင် ကပ်ခွာပိုက်များ တပ်ထားသလိုမျိုး ဖြစ်သည်။) ထို့ နောက် ထိုလူကို ကင်မရာက ရိုက်သည်။ မော်နီတာထဲတွင်တော့ ထိုလူ၏ ပုံက ပေါ်လာသည်မှာ လက်၊ ခြေထောက်၊ ခေါင်း စသည်ဖြင့် အစက် အပြောက်များဖြစ်သည်။ လူပုံမပေါ်ပါ။

အရိုးခြောက်နှင့် ဆင်ဆင်တူသော လူတစ်ယောက်၏ ကောက်ကြောင်းပုံသာ ပိတ်ကားပေါ်၌ ပေါ်လာပါသည်။ ထို့နောက် ကွန်ပျူတာ စပါယ်ရှယ်အဖော် Application တစ်ခုကို ထည့်လိုက်ရာ ပိတ်ကား ပေါ်တွင် ပေါ်နေသော လူမှာ 3D ကာတွန်းကားတွေထဲက ဇာတ်ကောင်တစ်ကောင်လို သတ္တဝါကြီးတစ်ကောင် ဖြစ်သွားပါသည်။ အပြင်က လူက သွားလျှင် မော်နီတာပေါ်မှ သတ္တဝါကြီးက သွားသည်။အပြင်က လူက ရပ်လျှင် သတ္တဝါကြီးက ရပ်သည်။ အပြင်ကလူက ပြေးလျှင် ရုပ်ရှင်ထဲမှ သတ္တဝါကြီးက ပြေးသည်။ အပြင်မှ လူက သူတင်ပါးကို ယားသဖြင့် ကုတ်ရာ ရုပ်ရှင်ထဲမှ သတ္တဝါကြီးကလည်း တင်ပါးကို ကုတ် နေသဖြင့် ပရိသတ်မှာ ရယ်ရသေးသည်။ ဤသည်မှာ အမြည်းသဘော လောက်ပြခြင်းဖြစ်သဖြင့် တကယ်ရိုက်သောအခါ ဒိုဇက် အဆင့်မြင့်သော ကွန်ပျူတာနည်းစနစ်များကို သုံးပေလိမ့်မည်။

ထို့နောက် ရုပ်ရှင်ပြကွက်တစ်ခုပြ၏။ လူနှစ်ယောက်သည် တရုတ်



www.burmeseclassic.com

www.burmeseclassic.com

စားသောက်ဆိုင်တစ်ဆိုင်ထဲမှ ထွက်လာပြီး လမ်းမထက်ဝယ် လျှောက်သွားကြသည်။ သူတို့ဘေးနှင့် ရှေ့နောက်ဝဲယာမှ လူတို့ လျှောက်သွားပြန်သည်။ ကားများလည်း သွားနေကြသည်။ ညဘက် အမေရိကန်မြို့ကြီးတစ်မြို့ ဖြစ်ပုံရသည်။ တိုက်တာအဆောက်အဦးများမှ ညဘက်မီးရောင်များ လင်းလက်နေကြသည်။ ခပ်ရိုးရိုးကလေး ရိုက်ထားသော မြင်ကွင်းဖြစ်သည်။ ထိုရိုက်ကွင်းတွင် ဘယ်နေရာမှာ စပါယ်ရှယ်အဖက် သုံးထားပါသလဲဟု မေးရာ ဘယ်သူမှ မဖြေနိုင်ပေ။ မူလနဂို ရိုက်ကွင်းကို ပြန်ပြပါမည်ဟု ကြော်ငြာ၍ ထိုဇာတ်ဝင်ခန်း မူလရိုက်ကွက်ကို ပြန်ပြရာ လူနှစ်ယောက်သည် တံခါးတစ်ပေါက်မှ ဖွင့်ကာထွက်လာပြီး စကားတပြောပြောနှင့်လျှောက်သွားကြသည်။ နောက်က ဘာတရုတ်တန်းမှမပါ၊ လူတစ်ယောက်မှ မပါ၊ ကားတစ်စီးမှ မပါ။ ထိုအရာများ အားလုံးကို နောက်မှ စနစ်တကျ ကွန်ပျူတာဖြင့် တစ်ဆင့်ချင်းထည့်ပြသည်။ ပထမလမ်းများ ရောက်လာသည်။ နောက်တော့တိုက်တာ အဆောက်အဦတွေ ရောက်လာသည်။ ဩော်... တယ်ဟုတ်ပါပါလား။ ဖြတ်လျှောက်ပင် မလိုတော့သည့် ဘဝပါလား။ ကားများလိုက်တမ်း ပြေးတမ်းရိုက်ကွင်းကိုရှင်းမပြဘဲ နားလည်သွားပေပြီ။ နောက်ထပ်အထူးပြုလုပ်ချက် တော်တော်များများကို ရှင်းပြပြီးတစ်နာရီခန့်ကြာသော် အစီအစဉ်ပြီးသွားပေ၏။ ရုပ်ရှင်တစ်ကားတွင် အထူးပြုလုပ်ချက်များအတွက် ကွန်ပျူတာပညာရှင် ငါးထောင်ခန့်အထိ အလုပ်လုပ်ကြရသည်ဟု သိရလေသည်။

ကျွန်တော်တို့လည်း အတော် ပင်ပန်းကြပေပြီ။ အချိန်မှာလည်း နေ့လယ် ၃ နာရီကျော်ခန့်ရှိပေပြီ။ နောက်ဆုံးအစီအစဉ်အဖြစ် ယူနီဗာဆယ် ရုပ်ရှင်ဖြဲကြီးတစ်လျှောက်ကားဖြင့် လှည့်လည်ကြည့်ရှုမည့် Studio Tour ကို ကြည့်ရှုဖို့သွားကြသည်။ ဤနေရာမှာ လူအစည်ကားဆုံးနှင့် စောင့်ဆိုင်းချိန် အကြာမြင့်ဆုံးဖြစ်သည်။ အမေရိကတွင် တစ်ခုသဘောကျသည်မှာ အရာရာ စနစ်တကျ တန်းစီသောအလေ့အထဖြစ်သည်။ လူတို့သည် ဘယ်နေရာမှာမဆို စည်းကမ်းရှိစွာတန်းစီကြသောကြောင့် (တန်းစီနိုင်ရန် စနစ်တကျ စီစဉ်ပေးထားတာလည်းပါသည်) တစ်နေရာ၌ လူတို့စုပြုံတိုးဝှေ့နေတာမျိုး မရှိတော့ပေ။ တန်းစီရုံမှာ စောင့်ဆိုင်းခန်းကြီး တစ်ခုထဲမှာပဲ လူများများ တန်းစီ၌ ဆန့်စေရန် မြွေလိမ်မြွေကောက် Zip-Zap အတန်းများကို စတီးပိုက်များဖြင့် ကာရံ ကာ တန်းစီစေပါသည်။ ထို့ကြောင့် ကျွန်တော်တို့မှာ ဤအခန်းထဲမှာပဲ တန်းစီးလမ်းလျှောက်ရင်း ဟိုဘက်ရောက်လိုက် သည်ဘက်ရောက်လိုက်ဖြင့် ရွေ့နေရလေသည်။ ဇူလိုင်လသည် အမေရိကန်ပြည်ထောင်စု၌ ပူပြင်းလှသော နွေရာသီဖြစ်သဖြင့် အကြီးစား ပန်ကာကြီးများကို နေရာအနှံ့တပ်ဆင်ကာ ရေငွေ့များမှုတ်ထုတ်ခြင်းဖြင့် လူကိုအပူဒဏ်မှ သက်သာစေရန် ဆောင်ရွက်ပေးထား၏။ တစ်နာရီခန့်တန်းစီးပြီးနောက် ကျွန်တော်တို့အလှည့်သို့ရောက်လာသည်။

ကားများကို ရထားလို လေးစီးဆက်၍ ချိတ်ထားသော ကားတန်းကြီးပေါ်သို့ ကျွန်တော်တို့ကို တက်ခိုင်း၏။ ကျွန်တော်တို့မှာ ဒုတိယတွဲတွင် နေရာရသည်။ ပထမတွဲမှနေ၍ ညွှန်လမ်းညွှန်က အင်္ဂလိပ်ဘာသာဖြင့် နှုတ်ပြသည်ကို နောက်တွဲများတွင် တီဗီဖွင့်ထားပြီး တိုက်ရိုက်ပြသသည်။ ထမဆုံး ကျွန်တော်တို့ကို ဆက်တင်အဆောက်အဦများရှိရာသို့ ခေါ်သွား၏။ နယူးယောက်မြို့၏ လမ်းများကို ပုံတူတည်ဆောက်ထားသော ရပ်ကွက်တစ်ခုကိုပြသည်။ လမ်းမကြီးနှစ်ခုနှင့် လမ်းသွယ်သုံးခုလောက်ကို အပြင်က လမ်းများအတိုင်း အတိအကျ ပြန်လည် တည်ဆောက်ထားသည်။ ကျွန်တော် မျှော်လင့်ခဲ့သော ဆက်တင်မျိုးဖြစ်၍ သိပ်တော့ မထူးဆန်းလှဟု ထင်သည်။ မိုးမျှော်တိုက်ကြီးများကိုတော့ သုံးလေးထပ်လောက်ပဲ ဆောက်ထားသည်။ နောက်မှ ကွန်ပျူတာဖြင့် အထပ်အမြင့်ကြီးတွေဖြစ်အောင် ထပ်ထည့်သည်ဟု သိရသည်။ Spider Man ဇာတ်ကား၏ ဇာတ်ဝင်ခန်းတော်တော်များများကို ဤဆက်တင်ရှေ့တွင် ရိုက်ခဲ့သည်ဟု သိရသည်။

ဂင်းနောက် ကျွန်တော်တို့ကို ကောင်းဘွိုင်ဇာတ်ကားများ ရိုက်ကူးရာ ဆက်တင်များကို လိုက်ပြသည်။ အိမ်အခန်းမှာ တံခါးအကြီး၊ အသေးနှစ်ပေါက်ရှိသဖြင့် မေးကြည့်ရာ တံခါးအကြီးမှာ အရပ်အမောင်းမြင့်မားသော ဂျွန်ဝိန်းကဲ့သို့သော ကောင်းဘွိုင်မင်းသားများ အိမ်ထဲမှ ထွက်လာပုံကို ရိုက်ကူးရန်ဖြစ်ပြီး အကယ်၍ မင်းသားသည် အရပ်ပုပြီး လူကောင်သေးပါက ရုပ်ရှင်ထဲတွင် လူကောင်သေးမှန်းမသိသာစေရန် တံခါးပေါက်အသေးမှ ထွက်လာစေကြောင်း ရှင်းပြပါသည်။ အတော်စနစ်ကျသော ပုဂ္ဂိုလ်များဖြစ်သည်ဟု နားလည်ရသည်။ ကောင်းဘွိုင်များနေသော အိမ်များကို လိုက်ပြပြီးသောအခါ အိမ်တန်းလေးတစ်ခုကို လိုက်ပြပါသည်။ ၎င်းအိမ်တန်းမှာ ကိုရီးယား၊ ဂျပန်၊ မက္ကဆီကို၊ ပီရူးစသော လူမျိုးများ နေထိုင်သည့် အိမ်များကို တစ်အိမ်ချင်း တန်းစီဆောက်ထား၏။ အနီးကပ်ရိုက်ချက်များတွင် ဂျပန်ရိုက်ကွင်းအတွက် ဂျပန်အိမ်၊ တရုတ်ရိုက်ကွင်းအတွက် တရုတ်အိမ်များတွင် ရိုက်ကူးရုံပဲဖြစ်သည်။ အိမ်များသည် ရုပ်ရှင်ရိုက်၍ ရရုံအဖြစ် ဆောက်ထားခြင်းမဟုတ် အိမ်အတွင်း ပရိဘောဂများပါ ထည့်သွင်းကာ အကျအန ဆောက်ထားခြင်းဖြစ်သည်။

ထိုနေရာ၌ မိုးအတုရွာသောအခန်းကိုလည်း ကျွန်တော်တို့ကို သရုပ်ပြသေးသည်။ မိုးရေများ ရေပန်းဖြင့် တဖြောက်ဖြောက်ကျလာပုံမှာ မိုးခြိမ်းသံ၊ လေတိုက်သံများကလည်း ဘယ်နေရာက ဖွက်ထားသော ဆောင်းဘောက်များမှ ပေါ်လာသည်မသိ ပေါ်ထွက်လာသေးသဖြင့် မြန်မာပြည်မိုးတွင်းကိုပဲ ပြန်ရောက်နေသလို ခံစားရလေသည်။ ကြည့် နေရင်းနှင့်ထူးဆန်းသောအရာမှာ ရေများသည် လမ်းမကြီးတစ်ခုပေါ်မှ တရွကြမ်းစီးဆင်းလာခြင်း ဖြစ်သည်။ ရေတံခွန်အလတ်စားတစ်ခု ဝှန်းခနဲစီးလာပုံမျိုးဖြစ်သည်။ ဘယ်ကရေတွေကို ဘယ်လိုဖောက်ချလိုက်သလဲမသိ ရေများတရွကြမ်း စီးလာသည်ကတော့ အတုမဟုတ်တကယ့်ရေအစစ်ဖြစ်သည်။ ကားကိုဆက်၍ မောင်းလာခဲ့ရာ တစ်နေရာအရောက်တွင် လေယာဉ်ကြီးတစ်စီး တစ်စီပျက်ကျနေသော မြင်ကွင်းကို တွေ့ရလေသည်။ လေယာဉ်သည် ခါးလည်မှကျိုးကျနေသည်။ ထိုင်ခုံများသည် လေယာဉ်ထဲမှဖရိုဖရဲတွဲလောင်းကျနေကြသည်။ လေယာဉ်အင်ဂျင်ကြီးသည် ကိုယ်ထည်မှပြုတ်ထွက်ကာ လမ်းဘေး၌ ရောက်နေသည်။ အနီးအပါးမှအိမ်များလည်း တစ်စစီပျက်စီးနေကြသည်။ လေယာဉ်အပျက်သည် အတုမဟုတ်တကယ့်ဘိုးရင်းလေယာဉ် အကြီးစားကြီးဖြစ်သည်။ ညွှန်လမ်းညွှန်၏ ပြောပြချက်အရဆိုလျှင် ဒါရိုက်တာစတီဗင်စပီးလ်ဘတ်သည် လေယာဉ်ပျက်ကျသော ဇာတ်ဝင်ခန်းတစ်ခုကို ရိုက်ရန်မသုံးတော့သော ဂျက်လေကြီးတစ်စင်းကိုဝယ်ယူပြီး တစ်စစီ ဖျက်ကာ ဤနေရာသို့သယ်ယူရိုက်ကူးခဲ့ကြောင်း။ လေယာဉ်ကြီးကို အဝေးပြေးလမ်းမပေါ်တွင်ကားနှင့်တင်၍ သယ်ရန်စီစဉ်ခဲ့သော်လည်း ကြီးလွန်းအားကြီးသဖြင့် ဟယ်လီကော်ပတာနှင့် တစ်ပိုင်းစီသယ်ခဲ့ရကြောင်း သယ်ခသက်သက် ဒေါ်လာနှစ်သိန်းဂုနှစ်ကျခဲ့ကြောင်း ပြောပြပါသည်။

ထို့နောက် ကျွန်တော်တို့ကို ယနေ့ခရီးစဉ်၏ High Lights ဟု

ပင်လယ်ရေအောက်သို့
သွားရောက်ရိုက်ကူးကြသော
ဟောလိဝုဒ်မှရုပ်ရှင်အဖွဲ့သည်
မြန်မာလို တစ်ခါတည်းသုံးကားရိုက်ခဲ့ရန်
ဘာတ်မထွက်ကြပါလား။
ဒီဇက်ရိုပေသေး၏ ...

www.burmeseclassic.com

ခေါ်ဆိုနိုင်သော ကင်းကောင်စတူဒီယိုထဲသို့ ခေါ်သွားပါသည်။ မှောင်မည်းနေသော ဂိုဒေါင်လိုလို၊ ဇာတ်ရုံလိုလို ဟာကြီးထဲသို့ ကားများကို မောင်းဝင်သွားသည်။ အထဲရောက်သောအခါ ကျွန်တော်တို့ကို 3D မျက်မှန်များ တပ်ခိုင်းပါသည်။ ၃၆၀ ဒီဂရီ 3D ပြကွက်ကို ကြည့်ရတော့မည်ဟု ပြောပါသည်။ ကျွန်တော်တို့၏ ရှေ့နောက်၊ ဝဲယာလေးဘက်လေး တန်သို့ ဝိတ်ကားများ ရောက်လာပါသည်။ အလွန်ကြီးမားသော စက်ဝိုင်းပုံပိတ်ကားကြီးတစ်ခုကြား အလယ်ဗဟိုမှာ ကျွန်တော်တို့ ရောက်သွားပါသည်။ မကြာမီ ကျွန်တော်တို့ ဘေးဘက်ဘယ်ညာတွင် တောအုပ်ကြီးတစ်ခုပေါ်လာပါသည်။ ကျွန်တော်တို့ကားသည် တောထဲတွင် ခဝါဖြည်းဖြည်း ရွေ့လျားနေပါသည်။ တောအုပ်သည် သာယာလှပေ၏။ ချက်တရက်ပင် သစ်ပင်များနောက်၌ တလှုပ်လှုပ်နှင့် ပုန်းကွယ်နေသော အရာများကို တွေ့လိုက်သလိုရှိသည်။ ဟုတ်သည်။ လှစ်ခနဲ၊ လှစ်ခနဲ ကျွန်တော်တို့ နောက်ကို လိုက်နေသည်။ သေသေချာချာကြည့်တော့ ဒိုင်နိုဆောကလေးများ။ တဖြည်းဖြည်းနှင့် များလာကာ ကျွန်တော်တို့ ကားကို လိုက်ကိုက်တော့သည်။ ကားလည်း မြန်လာကာ မောင်းပြေးတော့သည်။ ဤအချိန်မှစကာ ထိတ်လန့်စရာများ ဆက်တိုက်လာတော့သည်။ ကျွန်တော်တို့ ကားဘေးမှ ဇရာမ အသားစား ဒိုင်နိုဆောကြီး တစ်ကောင် ပေါ်လာပြီး ကားကို အတင်းတွန်းလှဲတော့သည်။ အားလုံး ထိတ်လန့်ကာ အော်ကြဟစ်ကြဖြင့် ကူရာကယ်ရာမဲ့ နေဆဲဝယ် ကျယ်လောင်သော ဟိန်းသံကြီးတစ်ချက် ကြားလိုက်ရပြီး ကင်းကောင်ဇာတ်ကားထဲမှ ကင်းကောင်ကြီး (လူဝံကြီး) တောထဲမှ ပြေးထွက်လာသည်။ ရှူးကြောင်ကြောင်နိုင်သည်ဟု ပြောချင်လည်း ပြောတော့။ ကျွန်တော်တို့ ဘက်မှ ကင်းကောင်ကြီး ရောက်လာသည်ကို မြင်ရသည်နှင့် အားတက်သွားသည်မှာ ထိုစဉ်က အားလုံး၏ ခံစားချက်မှာ တညီတညွတ်ဖြစ်သည်။ လက်ခုပ်တီးသူက တီးသည်။ ကင်းကောင်ကွ လာပါဦး၊ ကယ်ကြပါဟု အော်သူက အော်သည်။ လက်ခေါက်မှုတ်သူက မှုတ်သည်။ ထိုစဉ်မှစကာ ဒိုင်နိုဆောနှင့် ကင်းကောင်သတ်ကြသည်မှာ တောတစ်ခုလုံး ဖွတ်ဖွတ်ကြေတော့သည်။ သူတို့ ဘာသာဖွတ်ဖွတ်ကြေသည်ကား ကိစ္စမရှိ၊ ပြဿနာက သူတို့နှစ်ကောင် (အခြားအကောင်သေးလေး များစွာလည်း ပါသေးသည်) သတ်ကြသည်၊ အလယ်တည့်တည့်တွင် ကျွန်တော်တို့ရောက်နေခြင်းက စိတ်ချောက်ချားစရာ ကောင်းလှသည်။ တစ်ခါတစ်ရံ ကင်းကောင်သည် ကျွန်တော်တို့ကို မထိစိုက်စေရန် သူ့ခြေထောက်နှစ်ချောင်းဖြင့် ကျွန်တော်တို့ ကားကို ခွနင်းထားသေးသည်။ ဒိုင်နိုဆောကလည်း အမြီးဖြင့် ရိုက်လိုက်သည်မှာ ကျွန်တော်တို့ ခေါင်းပေါ်က သီသီလေး ဝေ့သွားရာနဖူးသို့ လေပင် ဟပ်သွား၏။ မိုးခြိမ်းသလို ဟိန်းနေသော အသံများကလည်း ကမ္ဘာပျက်သလို ကျွန်တော်တို့အနားမှ ဆူညံပွက်၍ ထွက်ပေါ်နေသေး၏။ အဆိုးဆုံးမှာ ကျွန်တော်တို့ကားကို ဒိုင်နိုဆောကြီးက ကိုယ်လုံးဖြင့် တိုက်၍ ချောက်ထဲသို့ တွန်းချရာ ကားမှာ စောင်းသွားပြီး တကယ်ချောက်ကမ်းပါးအနက်ကြီးကို အနီးကပ် မြင်နေရသဖြင့် လန့်အော်ကြသည်။ ကားမှာ အောက်သို့ မကျသေးဘဲ နွယ်ကြိုးများဖြင့် ခံနေရာ အကျင့်ယုတ်သော ဒိုင်နိုဆောသည် နွယ်ကြိုးများကို ခြေထောက်ဖြင့် နင်းချေနေ၏။ သူတစ်ခါ နင်းလိုက်တိုင်း ကားသည် အောက်သို့ တစ်ထွာ၊ တစ်မိုက်ခန့် သိမ့်ခနဲ နိမ့်ကျသွား၏။ ကလေးနှင့် မိန်းမများ အော်သံ ကျွက်ကျွက်ညံနေပေ၏။ ဤသဲထိတ်ရင်ဖိုတိုက်ပွဲကား ကင်းကောင်ကြီးက ဒိုင်နိုဆော၏ ပါးစပ်နှစ်ခြမ်းကို ဆွဲဖြဲကာ ဖိုဝိန်ချုပ်ပေးလိုက်ကာမှ နိဂုံးတပ်ပေတော့သည်။

ကင်းကောင်ပြကွက် (၃၆၀ ဒီဂရီ 3D)မှ ပြန်ထွက်လာသောအခါ နှစ်ဆယ်ရာစုတွင် လူဖြစ်ရခြင်းနှင့် ဒိုင်နိုဆောများ မျိုးတုံးပျောက်ကွယ်သွားခြင်းကို ပထမဆုံးအကြိမ် အားရဝမ်းသာ ဖြစ်ရပေ၏။ ဤလို ရုပ်ရှင်မျိုး မကြာခဏကြည့်ရလျှင် အသက်တိုလိမ့်မည်။ Universal Studio



အတွက် ဒါရိုက်တာ အထူးလက်စွမ်းပြကာ ရိုက်ကူးထားသော ကားပိုင်တိုလေးပေတည်း။ ဟောလိဝုဒ်ရုပ်ရှင်လောကသည်ကား နှည်းပညာအရာတွင် ကမ္ဘာ၌ ဘယ်သူမှလိုက်လို့ မမီတော့ပြီ။ အာရုံ၌ ကိုရီးယားနိုင်ငံတစ်နိုင်ငံသည်သာ မတိမ်းမယိမ်း လိုက်နိုင်နေသေး၏။ သို့သော် ဟောလိဝုဒ်ကို လုံးဝဥသုံ့ မီသည်ဟု မဆိုနိုင်ပေ။ မြန်မာ့ရုပ်ရှင် အဆင့်အတန်းကိုလည်း မြင့်မားစေချင်လှပါသည်။ အကယ်စင်စစ် ဟဲဒီးဝိတ် လက်ဝှေ့သမားနှင့်ယှဉ်ကာ မထိုးနိုင်ရကောင်းလားဟု ရွာမှ အပျော်တမ်း လက်ဝှေ့သမားလေးကို အပြစ်တင်ခြင်းငှာမသင့်ပေ။ သူ့စွမ်းသလောက်သာ သူ လုပ်နိုင်ပေလိမ့်မည်။ နှည်းပညာအရာ၌ ကျွန်တော်တို့သည် ကမ္ဘာကြီးနောက် အနှစ် ငါးဆယ်ခန့်ပြတ်၍ ကျန်ရစ်ခဲ့လေပြီ။

ထိုနည်းပညာကိစ္စကို ကျွန်တော်တို့အဖြစ်ပြောရင် မတရားရာကျပေမည်။ မီးကျီးမောင်းပျက်စက်များဖြင့် ဤမျှပဲရိုက်၍ရမည်ဟု ရုပ်ရှင်သမားများပြောကြတာ ကျွန်တော်တို့လက်ခံပါသည်။ သူတို့ အပြစ်မဟုတ်ပါ။ သို့သော် တစ်ခုပဲရှိပါသည်။ ငါတို့ရိုက်ကူးသော ရုပ်ရှင်ကို အကောင်းဆုံးဖြစ်အောင် တတ်နိုင်သည့်ဘောင်အတွင်းမှ အကောင်အထည် ဖော်ကြမည်ဆိုသော ပညာရှင်စိတ်ဓာတ်ချင်းတော့ ယှဉ်နိုင်ဖို့လိုပါသည်။ စက်ချင်း မယှဉ်နိုင်တောင် စိတ်ဓာတ်ချင်းတော့ယှဉ်နိုင်ကြရပေမည်။ မြန်မာ့ရုပ်ရှင်လောကတွင် လက်တွေ့ဖြစ်နေသည့် စိတ်ဓာတ်များကိုတော့ ရှိုးမွှမ်းစရာဖြစ်သည်။

ချောင်းသာ၊ ပြင်ဦးလွင်စသော နယ်မြို့များသို့ သွားရောက်ရုပ်ရှင် (ဗီဒီယို) ရိုက်ကူးသောအခါ လမ်းစရိတ် ကာမိစေရန် တစ်ခါတည်းနှင့် ဇာတ်ကားသုံးကား ရိုက်ခဲ့သည်တဲ့။ တစ်ခါတစ်ရံ ဇာတ်ကားသုံးကား တစ်နေရာထဲ ဒီလူတွေနှင့် ရိုက်ကူးကြသဖြင့် ဇာတ်ဝင်ခန်းချင်းရော သွားကာဒိုင်ယာလော့များမှာ ပြောမိကြသည်တဲ့။ အံ့ဖွယ်သရဲရိုပေစွ။ ဆွစ်ဇာလန်မှ ရေခဲတောင်ပေါ်သို့ ဂိုဘီသဲကန္တာရထဲသို့ ပင်လယ်ရေအောက်သို့ သွားရောက်ရိုက်ကူးကြသော ဟောလိဝုဒ်မှရုပ်ရှင်အဖွဲ့သည် မြန်မာလို တစ်ခါတည်း သုံးကားရိုက်ခဲ့ရန် ဉာဏ်မထွက်ကြပါလား။ ဒီထက် ရှိပေသေး၏။ ကိုယ်တွေ့ကြုံသူတစ်ဦးက ပြောပြသည်မှာ ရုပ်ရှင်မင်းသားတစ်ယောက် ပရိုက္ခာဆာလှပ်ကာ ရိုက်ကူးသော ဗီဒီယိုရိုက်ကွင်းတစ်ခု၌ ထမင်းစားခန်းတစ်ခန်းပါဝင်ပေရာ ဟင်းများများဝယ်၍ ရိုက်ကူးလျှင် ပိုက်ဆံကုန်မှာစိုးသောကြောင့် တစ်ရှူးစက္ကူများကို အလုံးလေးတွေလုံးကာ ငါးဆုပ်လုံးအဖြစ် အခြားဟင်းတစ်ခွက်နှင့်ရောနှောချ၍ ရိုက်ကူးသည်ဆို၏။ စတီဗင်စပီးလ်ဘတ်ပင်လိုက်မမီနိုင်သော အထူးပြုလုပ်ချက်များပေတည်း။

ထို့ထက် အလွန် မြန်မာတို့၏ တီထွင်ချက်လည်းရှိသေးသည်ဆို၏။ ရုပ်ရှင်ဇာတ်ကားတစ်ခုတွင် ပထမနေ့က ခွေးမလေးတစ်ကောင်ကို ဇာတ်ဝင်ခန်းတွင်ထည့်ရိုက်သွား၏။ နောက်နေ့ထိုဇာတ်ကားကို ဆက်ရိုက်သောအခါ ရိုက်ကာနီးမှ ခွေးကိုကမန်းကတန်းရှာရာ လိုချင်သော ခွေးမရှာ၍ မတွေ့သဖြင့်ခေါင်းခဲနေကြစဉ် ဒါရိုက်တာသည် ရုတ်တရက်အကြံရကာ အနားမှာ အလွယ်တကူရှာ၍တွေ့သော ခွေးထီးတစ်ကောင်ကို အတွင်းခံဘောင်းဘီ (ဆပ်စပင်ဒါ)ဝတ်ပေး၍ ခွေးထီးအား ခွေးမအဖြစ် ထည့်သွင်းရိုက်ကူးခဲ့သည်ဆို၏။ နံလှ၊ အလှ၊ ညံ့ဖျင်းလှသော ဟောလိဝုဒ်မှ ဒါရိုက်တာများသည် မြန်မာ့ရုပ်ရှင်သမားများထံမှ သင်ယူစရာများစွာ ရှိပေသေးသည်ဘကား။

သာရုပဏ်(ပြည်)

www.burmeseclassic.com

www.burmeseclassic.com

Clothes are your best weapon. (အဝတ်အစားက သင့်ရဲ့ အကောင်းဆုံးလက်နက်)

အဝတ်အစားဟာ ဘယ်နယ်ပယ်မှာမဆို ကျွန်မတို့ကို အထောက်အကူ ဖြစ်စေတဲ့ အကောင်းဆုံး လက်နက်တစ်ခုဖြစ်ပါတယ်။ စီးပွားရေးနယ်ပယ်မှာ ဆိုရင် သင်တို့ရဲ့ ပုံရိပ်က သင်တို့နဲ့ပတ်သက်တာကို ထင်ဟပ်ပြပေးပါတယ်။ ဒါကြောင့်ဖြစ်နိုင်သမျှ ထူးခြားတဲ့ အခြေအနေတိုင်းမှာ သေချာရွေးစိုက်ပြီး လိုက်ဖက်အောင် ပြင်ဆင်တတ်ဖို့အရေးကြီးပါတယ်။

အောင်မြင်မှုရဲ့ လက်နက် (သို့မဟုတ်) ဖက်ရှင်စတိုင်

ဇေမချို၊ ဒေါ်ခင်



Business Dinner ။ ။ တကယ်လို့ စီးပွားရေးအရ သို့မဟုတ် တစ်ခုကိုတက်ရောက်ရမယ်ဆိုရင် ဖြောင့်မတ်စာညှိကြည့်တဲ့ အသွင်ကိုဆောင်ရမှာဖြစ်တယ်။ First Impression က အရေးကြီးရဲ့ သာမက သင့်ရဲ့လုပ်ငန်းလိပ်စာကတ်ပြားဟာလည်း အကောင်းဆုံးဖြစ်ဖို့လိုအပ်ပါတယ်။ အဲဒါတွေက သင့်ရဲ့ချွတ်ယွင်းချက်တွေနဲ့ အညွှန်းအချင်းတွေကို ရောင်ပြန်ဟပ်စေပါတယ်။ တချို့လူတွေက ဒီလိုပွဲမျိုးအတွက် ချုပ်ထားတဲ့ အနက်ရောင်ဝတ်စုံက အကောင်းဆုံးလို့ထင်တတ်ကြပါတယ်။ တကယ်တော့ဒီလိုပုံသေမှတ်ထားလို့ မဖြစ်ပါဘူး။ လုပ်ငန်းခွင်ထဲမှာ ကျွန်မတို့ကြုံကြိုက်နစ်သက်တဲ့ အဝတ်အစားလည်းဖြစ်ဖို့ လိုအပ်သလိုကျွန်မတို့ရောက်ရှိနေတဲ့ နေရာကိုလည်း သတိထားဖို့လိုပါတယ်။ စဉ်းစားရမှာက ဘယ်လိုလူမျိုးတွေနဲ့ အနီးကပ်ဆက်ဆံရမလဲ။ ဘယ်လိုအလုပ်သမားမျိုးတွေရှိနိုင်လဲ ဆိုတာပါပဲ။ ဒါကြောင့်ဝတ်စုံဝတ်မယ့်အစား ခါးသီပ်မကျပ်တဲ့အနက်ရောင်ဘောင်းဘီနဲ့ အဝါနုရောင် ဘလောက်စ်အင်္ကျီ၊ ပွဲတက်ဝတ်စုံကို စဉ်းစားသင့်တယ်။ သက်သောင့်သက်သာရှိတဲ့ မိတ်ကပ်နဲ့ အဆင်တန်ဆာတွေကိုလွှေးချယ်ပါ။ အဲဒါက သင့်ကိုပိုပြီးခေတ်ဆန်တဲ့ အလှကိုပေါ်လွင်စေမှာဖြစ်ပါတယ်။ ဒီအချက်တွေက သင့်ရဲ့လုပ်ငန်းနှင့်အသိုင်းအဝိုင်းမှာ ယဉ်ကျေးပြီး စမတ်ကျတဲ့အသွင်ကို ရရှိစေပြီး သင်ဟာ အဝတ်အစားကို ဘယ်လောက်ထိ ကောင်းကောင်းမွန်မွန် တတ်ဆင်တတ်တယ်ဆိုတာသာမက ပွင့်လင်းတဲ့လူတစ်ယောက် ဖြစ်တယ်ဆိုတာကိုပါ ရောင်ပြန်ဟပ်စေပြီး ဒါဟာတကယ့်ကို ဆွဲဆောင်မှုအပြည့်ရှိပါတယ်။

အောင်မြင်စေတဲ့ ဖက်ရှင်များ

Heels in High Fashion ။ ။ ဖက်ရှင်ဆိုတာ ခေတ်အဆက်ဆက်မှာ ရှိခဲ့တဲ့ အရာတစ်ခုပါ။ ရှေးခေတ်ရော ယခုခေတ်ရော ဖက်ရှင်ဆိုတာ အရေးပါတဲ့ နေရာမှာရှိခဲ့ပါတယ်။ ဘဂ္ဂဝဝ နှစ်တွေတုန်းက အမျိုးသမီးတွေရဲ့ ဖက်ရှင်ဟာ ဆွဲဆောင်မှုရှိပြီး မိန်းမဆန်တယ်။ ပါးလွှာပေါ့ပါးတဲ့ ပိုးထည်နဲ့ ဂျင်းကိုတွဲဖက်ဝတ်ဆင်တာက ရိုးပေမယ့် လုံးဝအပျိုစားပါပဲ။ ဖိနပ်တွေကလည်း အရှမ်းမြှင့်ပေမဲ့ တကယ့်ကို ထသွားထလာပုံစံနဲ့ သက်သောင့်သက်သာရှိကြပါတယ်။ ဘဂ္ဂဝဝ နှစ်တုန်းက ဖက်ရှင်ဟာ အခုတော့ တကယ့်ကို ရေပန်းစားလာပါတယ်။ ဒီတော့ အခုဖက်ရှင်ရဲ့ အဓိကသော့ချက်တွေကိုတင်ပြပေးလိုက်ပါတယ်။

Denim (ဂျင်း) ။ ။ သင်ဟာ ဘောင်းဘီတိုတွေ၊ ဝေ့စ်ကုတ်တွေ၊ ခေါင်းလောင်းဘောင်းဘီတွေ၊ ဂျိုင်းပြတ်ရင်ဖို့ ခါးစည်းဝတ်စုံတွေ ဝတ်တယ်ဆိုရင် ဒီရာသီနဲ့သင့်တော်တာက ဂျင်းပဲဖြစ်ပါတယ်။

Floral (ပန်းပွင့်ဒီဇိုင်း) ။ ။ ပန်းပွင့်ပုံဒီဇိုင်းဟာ ၂၀၁၀–၁၁ မှာ တကယ့်ကို ရေပန်းစားတဲ့ ဖက်ရှင်ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ဒီရာသီမှာတော့ အကျီပဲဖြစ်ဖြစ်၊ စကတ်ပဲဖြစ်ဖြစ် ပေါ်လွင်တဲ့အရောင်နဲ့ ပါးလွှာပေါ့ပါးတဲ့ ပိုးထည်တွေက ခေတ်စားလာပါလိမ့်မယ်။ ဘဂ္ဂဝဝ နှစ်တွေတုန်း ကဆိုရင် အမျိုးသမီးတွေဟာ တင်းတင်းရင်းရင်းဖြစ်တဲ့ ဖက်ရှင်မျိုး သိပ်မဝတ်ကြပါဘူး။ ဒီတော့ မိန်းမဆန်တဲ့ကောက်ကြောင်းအလှကို ပေါ်လွင်စေချင်တယ်ဆိုရင် ဝေ့စ်ကုတ်အတိုကိုဝတ်ပြီး ပါးပါးလေးနဲ့ ထပ်တူထားတဲ့ သားရေခါးပတ်ကိုပတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com

Platform wedge shoe ။ ။ ဘဏ္ဍာခုနှစ်တွေမှာ အမျိုးသမီးတွေဟာ Sexy ကျကျ၊ မိန်းမဆန်ဆန်နဲ့ သက်သောင့်သက်သာ ရှိတဲ့ ဖက်ရှင်မျိုးကို ရွေးချယ်ကြတယ်။ အညိုရောင်မိုနိုမိုနိုရယ်၊ သစ်သားနဲ့ သားရေကြေမုံက ဖက်ရှင်ဖန်တီးသူတွေရွေးမှာ သင့်အတွက် အမှတ်ပို ရစေပြီး ကြိုးသိုင်းဖိနပ်ကလည်း သင့်အတွက် ထိပ်တန်းဖက်ရှင်အဆင့်ဆီ ပို့ပေးပါလိမ့်မယ်။ သားရေအိတ်ရယ်၊ ဆံရိတ်ရယ်နဲ့ သင့်ရဲ့အရောင်ပါတဲ့ ပုတီးစေ့ဆွဲကြိုးတွေကလည်း သင့်ကိုပိုမိုဝင့်ကြွားစေမှာပါ။

Fur (သားမွေး) ။ ။ ဒါက ၂၀၁၂ ဆောင်းရာသီဖက်ရှင် လမ်းကြောင်းရဲ့ ပထမဆုံးအချက်ဖြစ်ပါတယ်။ ပါရီက အမျိုးသမီးတွေဟာ တိရစ္ဆာန်ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးအဖွဲ့ (PETA) ရဲ့ မေတ္တာရပ်ခံချက်ကို သိပ်ပြီးစိတ်ပုံမပေါ်ပါဘူး။ သူတို့ဟာ လက်ရှိဖက်ရှင် ပစ္စည်းတစ်ခုအနေနဲ့ သားမွေးတွေကို ရွေးချယ်နေကြဆဲဖြစ်ပါတယ်။ ဒါပေမဲ့ ယခုနှစ်မှာ သားမွေးဒီဇိုင်းပုံစံဟာ အရောင်တွေ၊ အဆင်တန်ဆာ အပြောက်အမွမ်းတွေထည့်တာက ပိုပြီးစိတ်ဝင်စားဖွယ်ကောင်းတဲ့ အသွင်အပြင် ဖြစ်နေပါတယ်။

Leather (သားရေ) ။ ။ သားမွေးအပြင် သားရေဟာလည်း ဆောင်းရာသီဖက်ရှင် လမ်းကြောင်းမှာ မဖြစ်မနေ ပါဝင်ရမယ့် အသုံးအဆောင်ပစ္စည်း ဖြစ်ပါတယ်။ Givenchy က သားရေအထိပြီးတဲ့ အောင်းဘီကို ဘွတ်ဖိနပ်အမြင့်နဲ့ စီးပြီး ပြိုးပြည့်စုံတဲ့ အလှအပကို ဖြစ်စေတယ်ဆိုရင် Hermes ရဲ့ ဒီဒီစကတ်ဟာလည်း အပူပိုင်းဒေသမှာ နေထိုင်တဲ့ လူတွေအတွက် ပိုပြီးအလွယ်တကူ အကျိုးသက်ရောက်မှု ရှိပါတယ်။

Belt (ခါးပတ်) ။ ။ ဒီအဆင်တန်ဆာတွေဟာဆိုရင် ၂၀၁၂ ဆောင်းရာသီဖက်ရှင်လမ်းကြောင်းအတွက် မရှိမဖြစ် လိုအပ်တဲ့ ဖက်ရှင် ပစ္စည်းတစ်ခု ဖြစ်ပါတယ်။ Ianvin, Haider Ackermann, Barbara Bui, Yves Saint Laurent ကအစ Maison Martin margiela အထိ အမျိုးမျိုးသော အလွယ်အစားရှိတဲ့ ခါးပတ်တွေရဲ့ အကူအညီနဲ့ ခန္ဓာကိုယ်ကောက်ကြောင်းကို ပြသကြပါတယ်။

Print (ပန်းရိုက်ထည်) ။ ။ ပန်းရိုက်ထည်ဟာ ပဲရစ်ဖက်ရှင် သီတင်းပတ်ရဲ့ ၂၀၁၂ ဆောင်းရာသီဖက်ရှင်လမ်းကြောင်းရဲ့ လေးခု မြောက် ဖက်ရှင်တစ်ခု ဖြစ်ပါတယ်။ စိုလွင်တောက်ပတဲ့ ပန်းရိုက်ထည် တွေကို ဝတ်ဆင်ပြီး ၂၀၁၂ ဆောင်းရာသီဖက်ရှင်လမ်းကြောင်းရဲ့ အသည်းကျော် ဖြစ်ပါတယ်။ ဒီဇိုင်နာတွေ ကိုယ်တိုင်တောင်မှ ဒီလို ဒီဇိုင်းကို အရမ်း အသုံးပြုကြပါတယ်။ အပေါ်ပိုင်းအင်္ကျီကနေ အောက်ပိုင်း အထိ ပန်းရိုက်ထည်တွေ သုံးပြီး ဒီဇိုင်းထွင်ကြပါတယ်။ Louis Vuitton နဲ့ Mu Mu ရဲ့ ဒီဇိုင်းကို ကြည့်ပါ။

www.burmeseclassic.com

www.burmeseclassic.com

မငလေးအိမ်သူ

တစ်ပြတစ်ခါ ချက်စရာ ပြောင်းဖူးဟင်း

(၁) ပါဝင်သောပစ္စည်းများ

ပြောင်းဖူး – အကြီး ၂ ဖူး
ခရုတက် – ၁ လက်မ
ဆီ – ၂ ကျပ်ခွဲသား
ကြက်ဖြူသွန် – ၅ မြွာ
ကြက်သွန်နီ – ဥကြီး ၁ ဥ
ဆား – အနည်းငယ်

(၂) ချက်ပြုတ်ပုံအဆင့်ဆင့်

(၁) ပထမဦးစွာ ပြောင်းဖူးနုနုကို စဉ်းရိုးမှာကပ်နေသော ပြောင်းနို့လေးများပါအောင် ဓားနှင့်သေချာစွာ ပါးပါးလှီးခြစ်ပါ။

(၂) ခြစ်ထားသော ပြောင်းဖူးအနှစ်ထဲသို့ ချင်းနှင့်ကြက်သွန်ဖြူထောင်းပြီးသား အနည်းငယ်၊ ပဲဆီနှင့် ဆားအနည်းငယ်စီ၊ အချိုကြိုက်ပါက သကြားအနည်းငယ်ထည့်ပါ။

(၃) ပြီးသော် ရေနည်းနည်းထည့်တည်၍ မပြတ်မွှေပေးပါ။

(၄) ပြောင်းဖတ်လေးများ နူးအိပျစ်တွဲလာပြီဆိုပါက အရသာချိုမြိန်လှသော ပြောင်းဖူးကျိုဟင်းတစ်ခွက်ရရှိနိုင်ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

အောင်မြင်ခြင်းများကို
ပိုင်ဆိုင်ပြီးနောက်မှာ
အမြင်တွေပြောင်းလဲသွားတယ်လို့
ပြောလာတဲ့ ကင်ဆိုဟွမ်
Kim Soo Hyun

www.burmeseclassic.com

www.burmeseclassic.com

Dream High, The Moon Embraces the Sun (လရောင်ဖန်ဆင်းနေမင်းကြိမ်မာ)၊ The Thieves ရုပ်ရှင်ရုပ်သံတို့ဖြင့် အောင်မြင်လာခဲ့သော ကင်ဆိုဟွမ်သည် အောင်မြင်မှုနှင့်အတူ အမြင်တွေလည်းပြောင်းခဲ့သည်။ သူ၏ရုပ်ရှင်အသစ် "Secret Greatly" ကို ဇွန် ၅ ရက်က ပြသခဲ့ပါသည်။ သူရုပ်ရှင်အသစ်တွင် သူသည် ထက်မြက်သောသူလျှို့တစ်ဦးဖြစ်သော်လည်း ကျေးရွာတစ်ရွာတွင် ရူးပေါပေါလူတစ်ဦးအဖြစ်နေထိုင်ရသော ဇာတ်ကောင်အဖြစ် သရုပ်ဆောင်ထားပါသည်။ ဒီတစ်ပတ်တော့ "လရောင်ဖန်ဆင်းနေမင်းကြိမ်မာ" တွင် ဘုရင်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သည့် ကင်ဆိုဟွမ်၏ ခံစားမှုတချို့ကို ဖော်ပြလိုက်ပါသည်။

♛ **"Secret Greatly" ကို ဘယ်နှစ်ခါလောက်ကြည့်ခဲ့ပြီးပြီလဲ။ သရုပ်ဆောင်တွေကတော့ ပထမဦးဆုံး အခေါက်ကြည့်ရင် သူတို့သရုပ်ဆောင်ထားတာတွေကိုပဲ အဓိကကြည့်ဖြစ်ကြတယ်တဲ့။ ဒါကြောင့် ရုပ်ရှင်တစ်ကားလုံးအတွက် ပြန်ပြီးကြည့်ကြရတယ်တဲ့။**

Kim– ကျွန်တော် လေးခါကြည့်ပြီးပြီ၊ ဒါတောင် ကိုယ့်ပုံရိပ်တွေကိုပဲ ကြည့်ဖြစ်ခဲ့တယ်။ ကိုယ့်ဘေးမှာရှိတဲ့ ပုံရိပ်တွေကို စူးစိုက်ဖို့ မေ့လျော့သွားခဲ့တယ်။

♛ **ဒီလိုဇာတ်ကားမျိုးကို ဘာဖြစ်လို့ရွေးချယ်ခဲ့ရတာလဲ။**

Kim – "Secret Greatly" သည် "Webtune" ပေါ်မှာ အရမ်းပေါ်ပြူလာဖြစ်နေပြီလို့သိတော့ ကျွန်တော်ကြည့်ဖြစ်ခဲ့တယ်။ ကျွန်တော်ရယ်လည်း ရယ်ခဲ့ရတယ်။ ငိုလည်းငိုခဲ့ရတယ်။ ဒီဇာတ်လမ်းကို ရုပ်ရှင်ရိုက်ကူးမယ်လို့သိခဲ့ရတယ်။ တစ်ချိန်တည်းမှာပဲ အက်ရှင်နဲ့ ရူးပေါပေါသရုပ်ဆောင်ရတာမျိုးကို ကျွန်တော် စမ်းသပ်ချင်တယ်။ အဲဒီဇာတ်ကောင်နဲ့ကျွန်တော် စိန်ခေါ်ကြည့်ချင်တယ်။

♛ **အဓိကဇာတ်ကောင်နေရာအတွက် ရှင့်ကိုရွေးလိုက်တော့၊ နောက် ဇာတ်ကောင်တွေအတွက် သရုပ်ဆောင်ရွေးတဲ့အခါ အခက်အခဲတွေ ရှိခဲ့တယ်။ ရုပ်ရှင်မှာ ရှင့်ကိုအဓိကထားပြီး ရွေးချယ်ခဲ့တယ်။ ရှင့်ကိုပဲ ရုပ်ရှင်က အဓိကထားခဲ့တယ်။ အဲဒီအတွက် ရှင့်မှာဖိအားတွေမရှိခဲ့ဘူးလား။**

Kim – ဖိအားတွေအများကြီးရှိခဲ့ပါတယ်။ ရုပ်ရှင်ရဲ့ စကေးအရှိုးညီမျှခဲ့အတွက် ကျွန်တော် ခက်ခက်ခဲခဲကိုင်တွယ်ခဲ့ရပါတယ်။ လုပ် နိုင်လိမ့်မယ်လို့ လည်းမထင်ခဲ့မိပါဘူး။ ဒါပေမဲ့တစ်ချိန်တည်းလိုလိုမှာပဲ ကျွန်တော့်ရဲ့နေရာကိုတော့ လုပ်နိုင်လိမ့်မယ်လို့ ယုံကြည်ခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ရဲ့ဇာတ်ကောင်ကို ကျွန်တော်ကြိုက်တယ်။ ပရိသတ်ကဇာတ်လမ်းကို ကြိုက်တယ်။ ကျွန်တော် ဘုရင်တစ်ဦးလို သရုပ်ဆောင်ပြီးတဲ့နောက် ရူးပေါပေါလိုသရုပ်ဆောင်ရတာ ကျွန်တော့်အတွက်တော့ စိန်ခေါ်မှုတစ်ခုပါပဲ။ ကျွန်တော် စိန်ခေါ်ရဲသူတစ်ဦးပါပဲ။

♛ **"ယိုအာအင် (Yoo Ah In)" နဲ့ "ဆုန်ဂျွန်ကီး (Song Joong Ki)" တို့နှစ်ဦးစလုံး "Punch" နဲ့ "Wolf Boy" ရုပ်ရှင်အသီးသီးမှာ အောင်မြင်မှုရခဲ့ကြတယ်။ သူတို့တွေကို ခင်များရဲ့ပြိုင်ဘက်တွေအဖြစ် ခံစားခဲ့ရဖူးပေါ့။**

Kim– ကျွန်တော် သူတို့ရဲ့ ရုပ်ရှင်တွေကို သဘောကျတယ်။ ဘယ်လိုပဲဖြစ်နေ ဖြစ်နေ သူတို့တွေကို ကျွန်တော်ရဲ့ ပြိုင်ဘက်တွေအဖြစ် မခံစားမိပါဘူး။ ကျွန်တော်တို့ရဲ့ လမ်းကြောင်းတွေကမတူပါဘူး။ အချင်းချင်းအပြန်အလှန် အားပေးရမှာပါ။

♛ **"ရူးပေါပေါ"ကို သရုပ်ဆောင်ရတာ ခက်သလား။**

Kim – ကျွန်တော်ကတော့ အဲဒီဇာတ်ကောင်ကို နှစ်သက်တယ်။ "လရောင်ဖန်ဆင်း နေမင်းကြိမ်မာ" စီးရီးကြောင့် ကျွန်တော့်ဘဝ ပြောင်းလဲခဲ့ရတယ်။ ဘယ်ကိုပဲသွားသွား ကျွန်တော်အမြဲတမ်း ခင်တည်တည် သရုပ်ဆောင်နေရတယ်။ ကျွန်တော် "Secret Geatly" ကို ကြိုက်တယ်။ သူကြောင့် ကျွန်တော့်ကို ဖုံးလွှမ်းနေတဲ့ အရင်ဇာတ်ကောင်ရဲ့ပုံရိပ်ကို ခွာချပစ်လိုက်နိုင်တယ်။ ကျွန်တော့်ရဲ့ ပုံရိပ်ဟောင်းကို ကျွန်တော်ကိုယ်တိုင်ဖယ်ရှားနိုင်တယ် ဆိုတာ ဘယ်လောက်ကျေနပ် စရာကောင်းသလဲ။

♛ **"လရောင်ဖန်ဆင်း နေမင်းကြိမ်မာ" စီးရီးနဲ့ အောင်မြင်ပြီးတဲ့နောက် ရှင့်ရဲ့အမြင်တွေ ပုံစံတွေ ပြောင်းသွားတယ်လို့ ပြောကြတယ်။ ခင်များ တကယ်ပဲပြောင်းလဲသွားသလား။**

Kim – အမှန်ပဲ။ ပြောင်းလဲခဲ့ပါတယ်။ ကျွန်တော့်မှာ အခုထက်ထိ ညှဉ်နေရတုန်းပါပဲ။ "လရောင်ဖန်ဆင်း နေမင်းကြိမ်မာ" စီးရီးရဲ့ အောင်မြင်မှုကြောင့် ကျွန်တော့်မှာတာဝန်ယူမှုနဲ့ ဖိအားတွေရှိခဲ့ပါတယ်။ ကျွန်တော်ဦးဏှိပ်ဆောင်းထားရင်တောင် ကျွန်တော့်ကို လူတွေသတိထားခဲကြတယ်။ ရုပ်ရှင်မှာ သရုပ်ဆောင်ပြီးတော့ ကျွန်တော်ကျောင်းပြန်တက်လိုက်တယ်။ ကျောင်းမှာတော့ ကျွန်တော်က ကျောင်းသားပဲလေ။ အဲဒီတော့မှပဲ နှည်းနှည်းအဆင်ပြေသွားတယ်။ ဒါတောင်ပြောင်းနေတုန်းပဲ။ ကျွန်တော်နဲ့ပတ်သက်တဲ့ ပြောသံတွေကိုလည်း အချိန်နဲ့အမျှကြားနေရတယ်။ ဒါပေမဲ့လည်း အဲဒီအတွက်လည်း ကျွန်တော်ဘာမှမတတ်နိုင်ဘူး။

♛ **"လရောင်ဖန်ဆင်း နေမင်းကြိမ်မာ"၊ "The Thieves", "Secret Geatly"ရုပ်ရှင်ရုပ်သံဇာတ်လမ်းတွဲတွေက ရှင့်အတွက်ဘယ်လိုအဓိပ္ပာယ်တွေရှိခဲ့သလဲ။**

Kim – "လရောင်ဖန်ဆင်း နေမင်းကြိမ်မာ"ကတော့ ကျွန်တော့်ဘဝကို ပြောင်းလဲစေခဲ့တယ်။ The Thieves မှာတော့ ကျွန်တော်လေးစားရတဲ့ သရုပ်ဆောင်တွေနဲ့အတူတူ သရုပ်ဆောင်ခဲ့ရတဲ့အတွက် ပျော်ရွှင်မှုရခဲ့တယ်။ "Secret Geatly" ကတော့ စိန်ခေါ်မှုတစ်ခုပါပဲ။ သတ်

www.burmeseclassic.com

www.burmeseclassic.com

အရွယ်ရောက်သူတွေပဲ ကြည့်လို့ရတဲ့ ရုပ်ရှင်မျိုးမှာ သရုပ်ဆောင်ချင်တဲ့ ဆောင်ဆောင်ဟွန်း(ဂျန်စော)

"When a man loves" ရုပ်သံစီးရီးတွင် အတိုးချေးသူ အမည်းခေါင်းဆောင်တစ်ဦးအဖြစ် သရုပ်ဆောင်ခဲ့သည့် ဆောင်ဆောင်ဟွန်း (ဂျန်စော) သည် နောက်ထပ်ဇာတ်ကားတစ်ကားမှာ သရုပ်ဆောင်ဖို့အတွက် စီစဉ်နေပါသည်။ သူ၏နောက်ထပ်ရုပ်ရှင်တစ်ကားကတော့ အရွယ်ရောက်သူတွေပဲကြည့်လို့ရမယ့် ရုပ်ရှင်မျိုးဖြစ်ချင်တယ်ဟု သူကထုတ်ဖော်ပြောကြားလာခဲ့ပါသည်။ အဲဒီအတွက် သူ၏နောက်ထပ်ရိုက်ကူး သရုပ်ဆောင်မည့် ရုပ်ရှင်သည် " Addiction" ပဲ ဖြစ်မည်ဟု ပြောကြားပါသည်။

"Human Addiction" ရုပ်ရှင်သည် စစ်အတွင်းက သူရဲကောင်းဗိုလ်ချုပ်တစ်ဦး၏အကြောင်းကို အခြေခံရိုက်ကူးမည်ဖြစ်ပါသည်။ ဆောင်ဆောင်ဟွန်းသည် ဒီရုပ်ရှင်၏ ဇာတ်ညွှန်းကိုဖတ်နေစဉ်မှာပဲ ဗိုလ်ချုပ်တစ်ဦး၏ ပုံရိပ်၊ ယောကျ်ားတစ်ဦး၏ အဓိကပုံရိပ်တွေကို ပုံဖော်နေမိတယ်ဟု ပြောပါသည်။ ရုပ်ရှင်ထဲက ဗိုလ်ချုပ်သည် သူလက်အောက်ငယ်သားတစ်ဦး၏ဇနီးကို တစ်ဖက်သတ်ချစ်မြတ်နိုးနေပါသည်။ ဒီရုပ်ရှင်သည် ၁၉၆၀ ပြည့်နှစ်တွေကို နောက်ခံထားရိုက်ကူးမည်ဖြစ်ပါသည်။"An Affair, The foul King, Untold Scandal ရုပ်ရှင်ဇာတ်ကားတွေကို ရေးသားရိုက်ကူးခဲ့သည့် ဒါရိုက်တာ ကင်ဒေဝူးသည် "Human Addiction" ကို ရိုက်ကူးမည်ဖြစ်ပါသည်။ ဒါရိုက်တာ ကင်ဒေဝူးသည် "Forbidden Quest" ရုပ်ရှင်နှင့် အကောင်းဆုံး လူသစ်တန်း ဒါရိုက်တာဆုနှင့် ဇာတ်ညွှန်းဆုကို ရရှိခဲ့ပါသည်။

''ဆောင်ဦးရွှေကြော့ချစ်သက်သေ''၊ ''ကျောက်မဖြစ်တဲ့ နှလုံးသားရုပ်ကြွင်း'' စသော အချစ်ဇာတ်ကားသန့်သန့်တွေနှင့် အောင်မြင်လာသည့် ဆောင်ဆောင်ဟွန်းအတွက် အရွယ်ရောက်သူတွေပဲ ကြည့်ခွင့်ရမယ့် ဒီရုပ်ရှင်တွင် သရုပ်ဆောင်ခြင်းသည် သူအတွက်တော့ ပထမဦးဆုံး အကြိမ်ပါပဲ။ ''သူရုပ်ရည်ချောမောခြင်းကို နှစ်သက်ကြတဲ့အတွက် ကျေးဇူးတင်စရာကောင်းပါတယ်။ ဒါပေမဲ့ အဲဒါကြောင့်ပဲ သူရဲ့ သရုပ်ဆောင်ခြင်းမှာ ကန့်သတ်ချက်တွေဖြစ်ခဲ့ရတာ''ဟု သူက ပြောပါသည်။ ဒါကြောင့် သူ၏ ပုံရိပ်တွေကို ယောကျ်ားဆန်သည့် ပုံရိပ်တွေအဖြစ် ပြောင်းလဲပစ်ဖို့အတွက် "East of Eden", "Fate", "A Better Tomorrow" တို့တွင် သရုပ်ဆောင်ခဲ့ခြင်းပါ။ ဒါ့အပြင် ဂျပန်ပုံစံနှင့် ရိုက်ကူးထားသည့် "Ghost" တွင်လည်း ကဗျာဆန်သည့် ချစ်ခြင်းပုံစံတွေနှင့် သူသရုပ်ဆောင်ခဲ့ပါသည်။ သူကို ကိုရီးယားတွင်တော့ ''ဇာတ်လမ်းတွဲတွေရဲ့ဘုရင်''လို့ တင်စားခေါ်ဝေါ်ကြပါသည်။

''ကျွန်တော်ကတော့ ပရိသတ်တွေရဲ့ မျက်လုံးထဲမှာရှိတဲ့ နူးညံ့တဲ့၊ စဉ်းစား တွေးခေါ်တတ်တဲ့ ပုံရိပ်ကောင်းတွေကို ပြောင်းလဲပစ်လိုက်ချင်တယ်'' "My Princess" စီးရီးသည် သူ၏ ပထမဦးဆုံးဟာသဆန်သည့် ဇာတ်လမ်းတွဲဖြစ်သည်။ ''ကျွန်တော်သည် ရှုပ်ထွေးပြီး ဘဝက အတက် အကျများတဲ့ ဇာတ်ကောင်မျိုးကိုပဲ သရုပ်ဆောင်ခဲ့ပါတယ်'' ဒါကြောင့် "My Princess" စီးရီးထဲကဇာတ်ကောင်ကတော့ ချမ်းသာတယ်။ ဉာဏ်ကောင်းတယ်။ ပျော်ရွှင်စွာ နေတတ်တယ်။ ဒါကြောင့် သရုပ်ဆောင်တဲ့အခါ ပေါ့ပါးမှုကိုခံစားရတယ်။ အဲဒီဇာတ်ကောင်ကြောင့် အဲဒီဇာတ်လမ်းကို ရွေးချယ်ခဲ့တာ။

အဲဒီမှာ သရုပ်ဆောင်ပြီးတော့ ကျွန်တော် "The Messenger" မှာ သရုပ် ဆောင်ခဲ့တယ်။ ဒီရုပ်ရှင်ထဲက ဇာတ်ကောင်ကတော့ အေးစက်ပြီး လျှို့ဝှက်တဲ့ ချစ်ခြင်းတစ်ခုရှိနေခဲ့တယ်''ဟု ဆိုပါသည်။ Han Tae Sang ဇာတ်ကောင်သည် သူ၏ သမိုင်းဇာတ်လမ်း "The Messenger" ၏ ဇာတ်ကောင်ပါပဲ။ ထိုရုပ်ရှင်၏ ဇာတ်ညွှန်းကို ဖတ်နေချိန် အတွင်းမှာလည်း အက်ရှင် အခန်းနှင့် ဓားသံတွေကို စိတ်ကူးနှင့် ပုံဖော်ခဲ့ပါသည်။ ယခုလည်း "Human Addi-ction" နှင့် သူ၏ပုံရိပ်အသစ်တွေအကြောင်းကို စဉ်းစားနေပါသည်။

သက် – *Ref; K Drama Stars.com*

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

”

ကျွန်မအတွက်တော့
တစ်နေ့တာမှာ မမေ့နိုင်တဲ့
အရာသုံးခုရှိတယ်။
ချယ်ရီခရမ်းချဉ်သီး၊
ရေညှိနဲ့ကျွန်မခင်ပွန်းပါပဲ။
ကျွန်မအိမ်ရှင်မတစ်ဦး
အနေနဲ့တော့ ၉၀ ရာခိုင်နှုန်း
ပြည့်စုံပါတယ်။ ။ ။

“

ကျွန်မရဲ့ အိမ်ထောင်ရေးကို အောင်မြင်တယ်လို့ ကျွန်မကတော့ ထင်တာပဲလို့ ဖွင့်ဟလာတဲ့ ဟန်ဂါအင်

HAN GA IN

REF: NEWS. NATE. COM

www.burmeseclassic.com

www.burmeseclassic.com

လရောင်ဖန်ဆင်း နေမင်းကြမ္မာ (The Moon Embraces the Sun), "Architecture 101" ရုပ်သံရုပ်ရှင်ဇာတ်လမ်းတွေနှင့် အောင်မြင်လာသည့် ဟန်ဂါအင်သည် ကုန်ပစ္စည်းကြော်ငြာသရုပ်ဆောင်ဘဝမှ ထိပ်တန်းမင်းသမီး ဘဝကို ရောက်ရှိခဲ့သူဖြစ်သည်။ အောင်မြင်သည့် ရုပ်ရှင်မင်းသမီးတစ်ဦး ဖြစ်ဖို့အတွက် ၁၀ နှစ်ကာလကို ဖြတ်သန်းခဲ့ရပါသည်။ သူမသည် အသက် ၂၄ နှစ်အရွယ်မှာပဲ သူ၏ ချစ်သူမင်းသား ယွန်ဂျွန်ဟွန်း (Yeon Jeong hoon) နှင့် လက်ထပ်ခဲ့ပါသည်။ သူမ၏ခင်ပွန်းဖြစ်သူ ယွန်ဂျွန်ဟွန်းနှင့် ၂၀၀၅ မှာ လက်ထပ်ခဲ့ပါသည်။ သူတို့၏ အိမ်ထောင်ရေးသက်တမ်း ၈ နှစ် ရှိနေပြီးဖြစ်နေသော်လည်း လူတွေ၏ အာရုံစူးစိုက်ခြင်းကို ခံနေရဆဲပါပဲ။ ၂၀၁၂မှာတော့ "Themoon Embraces the Sun" စီးရီးနှင့် အောင်မြင်မှုများ ရရှိခဲ့တယ်။ ဒီတစ်ပတ်တော့ နာမည်ကျော်ကြားသည့် အိမ်ထောင်ရှင် သရုပ်ဆောင်မင်းသမီးတစ်ဦး၏ ရင်တွင်းခံစားတချို့ကို ဖော်ပြလိုက်ပါသည်။

♛ အခုတလော အလုပ်တွေ ရှုပ်နေသလိုပဲ။

Han– တကယ့်ကိုပဲ အလုပ်ရှုပ်နေပါတယ်။ "Architecture 101" ပရိုမိုးရှင်းတွေနဲ့ အလုပ်ရှုပ်နေတာပါ။ ဒါပေမဲ့ ''လရောင်ဖန်ဆင်း နေမင်းကြမ္မာ''မှာ သရုပ်ဆောင်နေရတဲ့ အချိန်တွေနဲ့စာရင်တော့ မဆိုးပါဘူး။ အဲဒီတုန်းက တစ်နေ့ကိုသုံး၊ လေးနာရီထက် ပိုမအိပ်ခဲ့ရဘူး။ အဲဒီ ရုပ်သံဇာတ်ရိုး အတွက် ကျန်တဲ့နေရာတွေအားလုံးကို နောက်ရွေ့ထားခဲ့ရတယ်(ရယ်လျက်)

♛ ''လရောင်ဖန်ဆင်း နေမင်းကြမ္မာ'' ရုပ်သံကိုစတင်ရိုက်ကူးတော့ ကလေးသရုပ်ဆောင်နဲ့ မင်းသားကင်ဆိုဟွမ်ကိုပဲ လူတွေအာရုံထားခဲ့ကြတာနော်။ အဲဒီအတွင်း ရှင်ဘာမှ မခံစားရဘူးလား။

Han – ဘာမှ မခံစားရဘူး။ ကျွန်မအတွက် ပိုပြီးတော့တောင် လွတ်လပ်သေးတယ်။ ကျွန်မသာ အာရုံစူးစိုက်ခံနေရရင် ဖိအားတွေ ပိုခံစားရမှာပေါ့။ ဒါပေမဲ့ ကင်ဆိုဟွမ်ပဲဖြစ်ဖြစ်၊ ဂျွန်အီဝူးပဲဖြစ်ဖြစ် သူတို့နှစ်ဦးစလုံးထက်တော့ ကျွန်မမှာ သရုပ်ဆောင် အတွေ့အကြုံပိုများပါတယ် (ရယ်လျက်) အဲဒါကြောင့်ပဲ ကျွန်မဘာကိုမှမစိုးရိမ်ခဲ့တာ။

♛ ရှင့်ကို "Architecture 101" ရုပ်ရှင်မှာ ပိုပြီးအမှန်းတင်ခဲ့တယ်။ အဲဒါ ဘာကြောင့်လဲလို့ရှင်ထင်သလဲ။

Han – ဒါတော်တော်လေး စိတ်ဝင်စားစရာ ကောင်းပါတယ်။ ကျွန်မ "Architecture 101" ကို အရင်သရုပ်ဆောင်ခဲ့တာ။ အဲဒါကြောင့် [illegible]သတ်တွေက ပိုပြီးစိတ်ဝင်တစားရှိခဲ့တာလို့ ကျွန်မကတော့ထင်တာပဲ။ ကျွန်မကအဲဒီရုပ်ရှင်ထဲက ဇာတ်ကောင်နဲ့ပိုပြီးဆင်တယ်။

♛ ဒီရုပ်ရှင်သည် ''အချစ်ဦး'' အချစ်ဇာတ်လမ်းကို နောက်ခံရိုက်ကူးထားတာနော်။ ရှင်အဲဒါနဲ့ပတ်သက်ပြီး မေးခွန်းတော်တော် များများ အမေးခံရတယ်နော်။ ဒါပေမဲ့ ကျွန်မအတွက် အံ့သြနေတုန်းပဲ။ တကယ်လို့များ ရှင့်ရဲ့အချစ်ဦးသည် ရှင့်ဆီကို နောက်တစ်ကြိမ် ပြန်လာတွေ့ခဲ့ရင်ပေါ့ .....

Han – ရှင်ပြောသလိုပဲ။ အဲဒီအတွက် ကျွန်မတော်တော်အမေးခံခဲ့ရတယ်။ သူ ကျွန်မကို ကောင်းမွန်တဲ့ အမှတ်တရတွေပေးခဲ့တယ်။ သူလည်း ကျွန်မလိုပဲ ဖြစ်မှာပဲ။ ဒါပေမဲ့ ကျွန်မကြောင့် သူဘဝထိခိုက်မှာကိုတော့ စိုးရိမ် ခဲ့တယ်။ သူသာ တကယ်လို့ ကျွန်မကို လာတွေ့မယ်ဆိုရင် ကျွန်မတို့ နှစ်ဦးစလုံးမှာ ရှိခဲ့တဲ့ ကောင်းမွန်တဲ့ အမှတ်တရတွေကို လှုပ်နှိုးခြင်းခံရမှာပဲ။ ကျွန်မတို့ အသက် ၆၀ ကျော်မှ ပြန်တွေ့ရမယ်ဆိုရင်တော့ ပိုပြီးတော့ သက်တောင့်သက်သာဖြစ်မှာပါ။ သူငယ်ချင်းလိုမျိုးပေါ့။ ကျွန်မတို့တွေ မတော်တဆ တွေ့ခဲ့မိရင်တော့ ဇာတ်လမ်းက လုံးဝကွဲပြားသွားမှာပေါ့။ (ရယ်လျက်)

♛ အနမ်းခန်းတွေအတွက် ရှင့်ခင်ပွန်းက ရှင့်ကို သဝန်မကြောင်ဘူးလား။

Han – သဝန်ကြောင်တယ်? အဲဒီလောက်လေးနဲ့တော့ ပြဿနာမဖြစ်ပါဘူး။ ကျွန်မတို့တွေ အဲဒီကိစ္စအတွက်တောင် နားလည်မှုမရှိဘူးဆိုရင် ကျွန်မတို့တွေ ဘယ်လိုအလုပ်လုပ်ကြမလဲ။ ကျွန်မ အလုပ်တွေ များလွန်းလို့ ကျွန်မ ခင်ပွန်းကို ဂရုမစိုက်နိုင်တဲ့အတွက်ပဲ အားနာတယ်။ ကျွန်မ ရုပ်သံဇာတ်လမ်းတွဲမှာ သရုပ်ဆောင်တော့ တစ်ပတ်ကိုတစ်ရက်ပဲ အိမ်ပြန်နိုင်တယ်။ ပြန်တဲ့တစ်ရက်မှာပဲ အဝတ်လျှော်၊ အိမ်သန့်ရှင်းရေးလုပ်ရ တယ်။ ပြီးရင် သူ့အတွက်တော့ စွပ်ပြုတ်ပူပူလေးတစ်ခွက်ပြင်ဆင်ပေးခဲ့တယ်။ ကျွန်မအတွက်တော့ တစ်နေ့တာမှာ မမေ့နိုင်တဲ့ အရာသုံးခုရှိတယ်။ ချယ်ရီခရမ်းချဉ်သီး၊ ရေညှိနဲ့ ကျွန်မခင်ပွန်းပါပဲ။ ကျွန်မ အိမ်ရှင်မတစ်ဦး အနေနဲ့တော့ ဥဝ ရာခိုင်နှုန်း ပြည့်စုံပါတယ်။ ကျွန်မရဲ့ အိမ်ထောင်ရေး အောင်မြင်တယ်လို့ ကျွန်မကတော့ ထင်တာပဲ။ ကျွန်မတို့နဲ့ ပတ်သက်တဲ့ ကောလာဟလတွေကို ကျွန်မတို့နှစ်ဦးဖတ်ပြီးအတူ ရယ်မောခဲ့ကြတယ်လေ။

♛ ရှင့် အနာဂတ်အတွက်ကော။

Han – ''လရောင်ဖန်ဆင်း နေမင်းကြမ္မာ''စီးရီးကို တစ်နှိုင်ငံလုံး နှစ်သက် အားပေးကြတယ်။ ဒါပေမဲ့ ဒါဟာ အဆုံးသတ်သွားတာ မဟုတ်ပါဘူး။ မင်းသမီး သရုပ်ဆောင်တစ်ဦးအတွက်တော့ အများကြီး မပြောင်းလဲသွားပါဘူး။ ကျွန်မ နောက်ထပ် ဇာတ်ကားတွေနဲ့ တွေ့ဆုံဖို့ ရှိသယ်။ ကျွန်မရဲ့ ကျန်ရှိနေသေးတဲ့ ဘဝကိုလည်း အေးအေးဆေးဆေးနဲ့ အခု လိုပဲ ဖြတ်သန်းသွားမှာပါ။

သက်

www.burmeseclassic.com

www.burmeseclassic.com

ပရိတ်သတ်နှင့် ၁၆ လကြာ ကင်းကွာနေခဲ့တဲ့ IU အယ်ဘမ်သစ် ထုတ်ဝေမည်

K-Pop တေးဂီတလောကရဲ့ အောင်မြင်မှုတွေဟာ အဖွဲ့လိုက် လှုပ်ရှားမှုမှလို့ဆိုနိုင်ပေမယ့် တစ်ကိုယ်တော် ဖျော်ဖြေမှုဖြင့် ပရိသတ်ရဲ့ လက်ခံအားပေးမှုကို ရရှိထားသူတွေလည်း ရှိပါတယ်။ ယခုအခါမှာလည်း ကိုယ်ပိုင်သံစဉ်လေးများကို ချိုသာအေးမြလှသော ကိုယ်ပိုင်အသံဖြင့်သီဆိုကာ ပရိသတ်ရဲ့အားပေးမှုကို လက်ခံရရှိထားတဲ့အမျိုးသမီး အဆိုတော် IU ဟာသူမရဲ့ တေးအယ်ဘမ်အသစ်နှင့် အတူ K-Pop တေးဂီတလောကသို့ ပြန်လည်ဝင် ရောက်လာတော့မည်ဟုသိရသည်။ IU ဟာ တေးအယ်လ်ဘမ်အသစ်နှင့်အတူ ဇူလိုင်လကတည်းက တေးဂီတနယ်ပယ်သို့ဝင်ရောက်ဖို့ ကြိုးပမ်းခဲ့ပေမယ့် သူမပါဝင်သရုပ်ဆောင်နေတဲ့ "You're the Best, Lee Soonshin" ဇာတ်ကားရဲ့ရိုက်ကူးမှုတွေနဲ့ အလုပ်ရှုပ်နေခဲ့တာကြောင့် ယခုကဲ့သို့ အချိန်ကြန့်ကြာခဲ့ရခြင်းဖြစ်သည်။

သို့သော် IU ဟာ သူမရဲ့ရိုက်ကူးမှုလုပ်ငန်းများကို ဩဂုတ် ၂၅ ရက်က အပြီးသတ်နိုင်ခဲ့တာကြောင့် သူမရဲ့ တေးအယ်လ်ဘမ်သစ်ကို အာရုံစိုက်နိုင်ပြီး ဖြစ်ကာ အယ်လ်ဘမ်သစ်ကို စက်တင်ဘာ အလယ်လောက်မှာ ထုတ်ဝေဖြန့်ချိမည်ဟုသိရသည်။ IU ရဲ့ တေးအယ်လ်ဘမ်သစ် ထွက်ရှိမယ့်ရက်ကို အတိအကျကို ထုတ်ဖော်ပြောကြားခြင်း မရှိသေးပေမယ့် မကြာသေးမီက ထုတ်လွှင့်ခဲ့သော တီဗီအစီအစဉ်တစ်ခုတွင် IU ရဲ့ပြောကြားချက်အရ သူမရဲ့ အယ်လ်ဘမ်ထုတ်လုပ်မှုလုပ်ငန်းတွေ ပြီးစီးလုနီးပါးဖြစ်နေပြီး ဖြစ်သလို အယ်လ်ဘမ်သစ်ထဲက သီချင်းအချို့ကိုလည်း သူမ ကိုယ်တိုင်ခံစားထားသည်ဟုသိရသည်။ တေးဂီတ လောကမှ ၁၆ လကြာကင်းကွာနေခဲ့တဲ့ IU ဟာ သူမရဲ့တေးအယ်လ်ဘမ်အသစ် ထုတ်ဝေသွားမည့် သတင်းကြောင့် IU ပရိတ်သတ်တွေအတွက် သတင်းကောင်းဖြစ်ခဲ့ရသည်။

ဟာန္နး



www.burmeseclassic.com

ကိုယ်ဝန်ဆောင်ထားရပြီဆိုတဲ့ ကောလာဟလတွေကို ငြင်းလိုက်တဲ့ Kelly Clarkson ယခု ထွက်ပေါ်လျက်ရှိတဲ့ Kelly Clarksonရဲ့ ကိုယ်ဝန်ဆောင် ထားရပြီဆိုတဲ့ ကောလာဟလသတင်းတွေဟာ သူမကို အင်တာဗျူးလုပ်ခဲ့တဲ့ ဗာဂျီးနီးယားရေဒီယိုဌာနရဲ့မှားယွင်းသော သတင်းတင်ဆက်မှုများကြောင့်ဖြစ်သလို အဆိုရှင် Kelly Clarkson ရဲ့ကျန်မတို့ရဲ့ လက်ထပ်ပွဲကို ရွှေ့ဆိုင်းလိုက်ပါပြီဆိုတဲ့ ကြေငြာချက်တွေကြောင့် ယခုကဲ့သို့ ကောလာဟာလ သတင်းက ကျယ်ပြန့်သွားရခြင်းဖြစ်သည်။ ဗာဂျီးနီးယားရေဒီယိုဌာနမှ သူတို့ရဲ့သတင်းမှား တင်ဆက်မှုကိုပြန်လည် ရှင်းသိမ်းသွားပြီး ဖြစ်သလို Kelly ကိုယ်တိုင်မှလည်း ကျွန်မအနေနဲ့ ချစ်သူဘရာဒမ်နဲ့ လက်ထပ်ပွဲကျင်းပသွားမှာပါ၊ ကျွန်မတို့ရဲ့ လက်ထပ်ပွဲကို ရွှေ့ဆိုင်းရတာကလည်း အခြားအကြောင်းကြောင့်ပါဟု ပီဒီယာသမားများနှင့် တွေ့ဆုံစဉ်ပြောကြားခဲ့သည်။ ထုတ်ပြန်ခဲ့သော သတင်းများအရ Kelly ဟာ သူမရဲ့ လက်ထပ်ပွဲကို အောက်တိုဘာမှာ ပြုလုပ်သွားမည်ဟု သိရသည်။

ဟာန္နး

BURMESE CLASSIC .com

ကိုယ်ဝန်ဆောင်ထားရပြီဆိုတဲ့ ကောလာဟလတွေကို ငြင်းဆိုလိုက်တဲ့ KELLY CLARKSON

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာဖုံးချစ်သူလို့ ဆိုလာပြန်တဲ့ ဆိုဝူး (SEO WOO)

Glass Mask (မျက်နှာဖုံးချစ်သူ) Cinderella's Sister, Tamra, the Island စသည့်စီးရီးတွေနှင့် အောင်မြင်လာသည့်ဆိုဝူးသည် ကိုရီးယားနိုင်ငံ၏ တက်သစ်စင်းသိမီးတစ်ဦးဖြစ်ပါသည်။ ဒီတစ်ပတ် မျက်နှာဖုံးချစ်သူ စီးရီးကို နှစ်သက်သည့် စံုသတ်တွေအတွက် ဆိုဝူး၏အင်တာဗျူးအချို့ကို ဖော်ပြလိုက်သည်။ သူမ၏ နောက်ကြွားသည့် ရုပ်ရှင်တစ်ကားက "The Housemaid" ပဲဖြစ်သည်။

● ဇာတ်ကောင်တွေကို ရှင်ဘယ်လိုရွေးချယ်ခဲ့တာလဲ။

– ကျွန်မ ပထမဦးဆုံး ရုပ်ရှင်ကတော့ Jang Jin ဒါရိုက်တာ ရိုက်ကူးထားတဲ့ My son ပါပဲ။ အဲဒီရုပ်ရှင်မှာ ကျွန်မသုံး၊ လေးခန်းလောက်ပဲ ပါဝင်သရုပ်ဆောင်ခွင့်ရခဲ့တာ။ ဒါပေမဲ့ ကျွန်မဇာတ်ကောင်ကို ကျွန်မနှစ်သက်ခဲ့တယ်။ အကောင်းဆုံး ဒါရိုက်တာ၊ ဝန်ထမ်းတွေနဲ့အတူတူ အလုပ်လုပ်ခွင့်ရတာ အကောင်းဆုံးပါပဲ။ အကောင်းဆုံးအမှန်ဆုံးဇာတ်ကောင်ကို ရွေးချယ်နိုင်ဖို့ထက် ကျွန်မရဲ့ သရုပ်ဆောင်ဘဝကို အကောင်းဆုံးတွေနဲ့စခဲ့ရတာ ပိုကျေးဇူးတင်စရာကောင်းပါတယ်။

● ရှင်သရုပ်ဆောင်ခဲ့တဲ့ ဇာတ်ကောင်တွေထဲမှာ ရှင်နဲ့အတူဆုံးက ဘယ်ဇာတ်ကောင်ဖြစ်နေမလဲဆိုတာကို တွေးမိခဲ့ဖူးသလား။

– ကျွန်မ သရုပ်ဆောင်ခဲ့တဲ့ ဇာတ်ကောင်တွေကတော့ ကျွန်မနဲ့တူတဲ့နေရာတစ်ခုခို နေတာတော့အမှန်ပါပဲ။ ဘယ်လောက်ကောင်းတဲ့ ဇာတ်ကားတွေ ဖြစ်နေပါစေ။ ကျွန်မ သရုပ်မဆောင်နိုင်ဘူးဆိုရင်ကျွန်မ လက်ခံလေ့မရှိဘူး။ (ရယ်လျက်) Crush and Blush ဇာတ် ကားထဲက Jong hee (ဂျွန်ဟီး)ကတော့ ကျွန်မ ဘဝနဲ့ လုံးဝကွဲပြားခြားနားပါတယ်။ ဒါပေမဲ့ သူရဲ့ထူးခြားတဲ့စရိုက်အချို့ ကျွန်မ ဆီမှာရှိတယ်လို့ထင်တာပဲ။ နိမ့်ကျတဲ့ခံစားမှုတချို့ကို မတူတဲ့လမ်းကြောင်းကနေ ကျွန်မ ဘယ်လိုခံစား ရသလဲဆိုတာမျိုးပေါ့။ Cinderella's Sister ရဲ့ ဇာတ်ညွှန်းကို ဖတ်ပြီးသွားတဲ့အခါ အချို့အစိတ်အပိုင်း တွေက ''ဩော် ကျွန်မပါလား'' လို့ ခံစားမိတယ်။

● ဘယ်လို အကြောင်းအရာတွေကြောင့် ရှင့်ရဲ့ သရုပ်ဆောင်ဘဝကို နိုင်ပြစေတာလဲ။

– တိုင်းရင်းဆေးဝါးတွေကြောင့် (ရယ်လျက်)အမှန်ပြောရရင် ကျွန်မ သရုပ်ဆောင်နေတဲ့အချိန်အတွင်းမှာ ကျွန်မကိုယ် ကျွန်မ တောင်မသိဘူး။ ပျော်သလား။ မပျော်ဘူးသလားဆိုတာကို။ ရိုက်ကွင်းထဲမှာ အပြဲတမ်း အချိန်လုနေတယ်။ ကိစ္စတွေက အပြဲတမ်းရှုပ်ထွေးနေတတ်တယ်။ ခံစားမိတဲ့ခံစားမှုကတော့ ကျေးဇူးတင်ရမယ်ဆိုတဲ့ စိတ်ကလေးပါပဲ။ ဥပမာအားဖြင့် Tamra, The Island ရိုက်တုန်းက ကျွန်မအနေနဲ့ ဆေးထဲကိုလုံးဝမဆင်းချင်ဘူး။ ဒါပေမဲ့ကျွန်မရေထဲကို ဆင်းဖို့အတွက် ဝန်ထမ်း ၇၀၊ ၈၀ လောက်က စောင့်နေတယ်။ ကျွန်မ ဆင်းကိုဆင်းရမယ် ဆိုတာကိုသိနေတယ်။ ''ကျွန်မလုပ်နိုင်မယ်''၊ ''ကျွန်မအလှဆုံး သရုပ်ဆောင်နိုင်မယ်'' အဲဒါမျိုးတွေ စဉ်းစားနေဖို့ထက် ဝန်ထမ်းတွေ ကျွန်မသရုပ်ဆောင် စဉ် ကျွန်မရဲ့ပုံရိပ်တွေကိုရိုက်ကူးဖို့၊ ကျွန်မပုံရိပ်တွေကို သူတို့တွေ ကောင်းကောင်းမွန်မွန်ဖမ်းဆုပ်နိုင်ဖို့၊ အဆင်ပြေပြေအလုပ်လုပ်နိုင်ဖို့ အတွက်ပဲ ကျွန်မဒါရိုက်တာနဲ့ ဆွေးနွေးလေ့ရှိပါတယ်။

သတ် – *Ref; Lo Asia (Lee Jin hyuk)*

www.burmeseclassic.com

www.burmeseclassic.com

ကဗျာဆရာကိုရွှေးနဲ့ ဘဝအလွမ်း၊ စာအလွမ်းကလေးတွေ ပြောဖြစ်ကြတဲ့နေ့

ကိုခါး၊ ကွမ်းခြံကုန်း၊

ကိုရွှေးက လပွတ္တာဇာတိဆိုတော့ ကိုယ့်ဇာတိ ရေခံမြေခံမှာပဲ စာပေစိတ်၊ စာပေဝါသနာကို စ,ရခဲ့တာလား။ ကျောင်းနံရံကပ် စာစောင်တို၊ ကျောင်းစာကြည့်တိုက်တို့ လိုမျိုးကတစ်ဆင့်ပေါ့ဗျာ။ စာပေစိတ်အစပျိုးတဲ့အခါ ဇာတိဗေဒနဲ့စာရေးသူနဲ့ အဆက်အစပ်က ရှိတတ်တာမျိုးမို့ပါ။

စာပေနဲ့ပတ်သက်လို့ကတော့ ရန်ကုန်ရောက်မှပဲ။ ရန်ကုန်ရောက်တာကလည်း ကလေးဘဝပါပဲ။ ၈ တန်းကျောင်းသားအရွယ်။ ၉ တန်း ကျောင်းသားဘဝကတည်းက ရန်ကုန်ရောက်လာတယ်။ လပွတ္တာမှာ နေခဲ့တုန်းက လပွတ္တာနားက ကျောက်မှော်ရွာ။ လပွတ္တာနဲ့ သုံးမိုင်ကျော်လောက်မှာ။ ရွှေမြစ်ကမ်းပေါ်မှာပဲရှိတယ်။ မွေးတာတော့ အဲဒီရွာမှာ မဟုတ်ဘူးနော်။ အဲဒီရွာမှာ ကလေးဘဝတစ်လျှောက်လုံးနေတာ။ တကယ်မွေးတာက ဟိုး . . . ပြာမလော့ မြစ်အဝမှာ။ စလုဆိပ်ဆိုတဲ့ရွာ။ နာဂစ်မုန်တိုင်းတုန်းက နာမည်ကျော်သွားတဲ့ 'ပြင်စလူ' နဲ့နီးတာပေါ့။ အဲဒီမှာပဲကျွန်တော်မွေးတာ။

ဒါဆို 'စလူဆိပ်'က ကိုရွှေးရဲ့ ချက်မြှုပ်ရွာပေါ့။

ဟုတ်တယ်၊ ကျွန်တော့်ရဲ့ ဇာတိချက်မြှုပ်ရွာပေါ့။ အခုပြောချဲ့တဲ့ ရွာက

www.burmeseclassic.com

www.burmeseclassic.com

တော့ ကျောက်မှော်ပေါ့။ ကျောက်မှော်မှာ ၄ တန်းအထိနေတယ်။

ကျောက်မှော်လား။ ကျောက်ဖော်လား။

မှော် . . . ။ မှော်ဝင်သလိုမျိုး။

အဲဒီမှာ ၄ တန်းအထိ နေခဲ့တာပေါ့နော်။

၅ တန်း၊ ၆ တန်း၊ ၇ တန်းကျတော့ ကျွန်တော်လပွတ္တာမှာ ထားနေတယ်။ ၈ တန်းလည်းကျရော ကျွန်တော်ရန်ကုန်ရောက်လာရော။ ဖွင့်ဖွင့်လင်းလင်းပြောရရင် အဲဒီကျမှပဲ ကျွန်တော်စာအုပ်တွေနဲ့ ထိတွေ့ သာရတာ။ ဝတ္ထုတို၊ မဂ္ဂဇင်းတို့ ၈ တန်း၊ ၉ တန်းကျောင်းသားဘဝမှ စတွေ့ဖူးတာ။

နေတော့ ဘယ်ကျောင်းလဲ။

ရန်ကုန် အလုံ (၅)။ အလုံ အထက(၅)။

ကိုရွှေး ဘယ်နှစ်လောက်ကလဲ။ ခုနှစ်။

၁၉၇၄ ခုနှစ်။

ဘာတွေ စ,ဖတ်ဖြစ်လဲ။

ဖတ်တာကတော့ အစုံဖတ်တာပါပဲ။ အဓိကအားဖြင့် ကဗျာကိုဖတ် ဖြစ်တယ်။

အဲဒီတုန်းက ကိုရွှေးရော မိုးဝေမဂ္ဂဇင်းအချိန်လည်း ဖြစ်နေတော့ မိုးဝေမဂ္ဂဇင်းနဲ့လည်း ထိတွေ့မှုရှိနေပြီလား။

အင်း . . . ။ မိုးဝေ အနောင်းပိုင်းကာလရောက်နေပြီ။

ဟုတ်တယ်၊ မိုးဝေဃနကာလပဲ။ မိုးဝေဃနကာလက ၁၉၈၉ ခုနှစ်ကနေ ၁၉၇၅။

ကျွန်တော့်အိမ်မှာ ဘာဝယ်လဲဆိုတော့ ကျွန်တော့်ယောက်ဖက စာ ပေဒီမာန် စာအုပ်အသင်းဝင်ဆိုတော့ စာပေဒီမာန်ထုတ်စာအုပ်တွေ ရှိ တယ်။ မြဝတီ၊ ငွေတာရီမဂ္ဂဇင်းတွေ ပုံမှန်ဝယ်တယ်။ ပြီးရင်သပြေမဂ္ဂဇင်း ဝယ်တယ်။

သပြေတေးမဂ္ဂဇင်းက အဲဒီကာလက အလွန်လူကြိုက်များတယ်။

ဟုတ်တယ်၊ ဟုတ်တယ်။ ကျွန်တော်က အဲဒါတွေဖတ်ဖြစ်တာပေါ့။ နောက် ဝတ္ထုတွေ၊ ကဗျာတွေ။ ၉ တန်းရောက်တော့ အဲဒီမှာ စာအုပ်စု ထုတ်တယ်။ ၉ တန်း ဒုတိယနှစ်နဲ့ ၁၀ တန်းနှစ်မှာပေါ့။ ၉ တန်းမှာ ဘစ်နှစ်ကျသွားတယ်။

ကျောင်းမှာ သူငယ်ချင်းတွေပေါင်းပြီးတော့ စုထုတ်တာလား။

အင်း . . . ဟုတ်တယ်၊ ဟုတ်တယ်။ လက်ရေး၊ လက်ရေး . . . ကစ်စတာနာနဲ့ ထုတ်တာပေါ့နော်။

အဲဒီလက်ရေးစာစောင်မှာပါခဲ့တဲ့ ကျောင်းသားသူငယ်ချင်းတွေ ဆော အခု စာပေဘဝမှာ ကျင်လည်နေတဲ့သူတွေ ရှိသလား။

မရှိဘူး။ ကျောင်းသားဘဝတုန်းကပဲ ဝါသနာအလျောက် ရေးခဲ့ ကြတာ။ ကျွန်တော်တို့ အလုံမှာတုန်းကတော့ အဲဒီတုန်းက ကျောင်းနံရံ ကပ်စာစောင်ရှိတယ်။ ကျွန်တော်တို့ရှေ့က ကျောင်းသားကြီးထဲက ကိုတင် မောင်မျိုင့် ရှိတယ်။ ပန်းချီတင်မောင်မျိုင့်လေ။ ယပင့်မျိုင့်လေ။ ကျောင်း သားပန်းချီဆရာ။ ကျောင်းနံရံကပ်စာစောင်လုပ်ပြီဆိုရင် သူ့ဆီမှာ အကူ အညီတောင်းရတယ်။ အဲဒီအချိန်မှာ သူက အပြင်မှာလည်း ပန်းချီဆရာ ဖြစ်နေပြီ။ ဆရာ၊ ဆရာမတွေနဲ့ လုပ်ကြတာပေါ့။ ပျော်စရာကောင်းပါ ဘယ်။ ၁၀ တန်းအောင်တော့ ကျွန်တော် လုပ်သားကောလိပ်တက်တယ်။ ရာမညမှာ တက်ရတယ်။ အဲဒီမှာကျတော့ တစ်ကိုယ်တော်ဖြစ်သွားပြီ။ အထကမှာတုန်းကတော့ သူငယ်ချင်းတွေနဲ့ပေါ့။ ဒီမှာတော့ တစ်ယောက် ကည်း (ပန်းမွေ့ယာ ရည်းစားကဗျာများ) ကဗျာစာအုပ်ထုတ် ဖြစ်သွားပြီ လေ။ လုပ်သားကောလိပ်မှာ၊ ပထမဆုံးစရေးဖြစ်တာလည်း လုပ်သား ကောလိပ်မဂ္ဂဇင်းမှာပဲ။ ပထမဆုံး ပုံနှိပ်စာမူပေါ့။

ကိုရွှေး ခုနှစ်ကို မှတ်မိသေးလား။ လုပ်သားကောလိပ်မဂ္ဂဇင်း ဘယ်နှစ်လောက်ကလဲ ဆိုတာ။

ခုနှစ်ကိုတော့ မမှတ်မိဘူး။ ခုနှစ်က ကျွန်တော်ထင်တယ်။ မှန်း ကြည့်တာတော့ ကျွန်တော်က ၁၉၈၀ မှာ လုပ်သားကောလိပ်တက် တာဆိုတော့ ၁၉၈၂-၈၃ ဒါမှမဟုတ် ၁၉၈၃-၈၄ လောက်ကပဲ။

လုပ်သားကောလိပ်မဂ္ဂဇင်းမှာ ကဗျာပါပြီး အခြားမဂ္ဂဇင်းတွေ မှာရေးဖို့ အစပျိုးနေပြီလား။

အခြားမဂ္ဂဇင်းတွေမှာ ကျွန်တော် တော်တော်နဲ့မရေးဖြစ်ဘူး။ မရေး ဖြစ်ဘူးဆိုတာ ကိုယ့်ကိုယ်ကိုယ်မယုံကြည်ဘူး။ အားငယ်နေတယ်။ ကဗျာ တွေရေးတယ်၊ ဘယ်မှမပို့ဘူး။ စာအုပ်ထဲမှာ ကျွန်တော် ရေးရေးထားတယ်။ မပို့ဖြစ်ဘူး။ ဘယ်မှမပို့ဖြစ်ဘူး။ အဲဒီအချိန်မှာ ဘယ်သူနဲ့တွဲဖြစ်လဲဆိုတော့ အေးကျော်။ အေးကျော်ဆိုတာက ရဲဘုန်းခေါင်။ နောက် . . . အောင်မင်း။ ဆောင်းပါးတွေ၊ ဝတ္ထုတွေရေးရေးနေတဲ့ အောင်မင်း။ ရဲဘုန်းခေါင်က အဲဒီအချိန်မှာ ဆေးတက္ကသိုလ်ကျောင်းသား။ ကိုအောင်မင်းကလည်း ဆေး တက္ကသိုလ်ကျောင်းသား။ နောက်တစ်ယောက်တွဲဖြစ်တာက ကိုသန်းဆွေ။ ကိုသန်းဆွေက စာပေးစာယူကျောင်းသား။

ကိုသန်းဆွေဆိုတာ Unity ကိုသန်းဆွေလား။

ဟုတ်တယ်၊ Unity ကိုသန်းဆွေ။ အားလုံး ၁၀ တန်းအောင်ပြီးမှ တွဲဖြစ်ကြတာ။ အဲဒီ(၄)ယောက်က တကယ်တော့ ဆုံစရာအကြောင်း က တော်တော်နဲ့မလွယ်ဘူး။ ကိုသန်းဆွေနဲ့ ကျွန်တော်နဲ့က ၁၀ တန်း အောင် အလုပ်ရှာရင်းနဲ့ ဘယ်မှာသွားတွေ့လဲဆိုတော့ RTC မှာ လုပ်ရ တယ်။ သူတို့အားလုံးကလည်း စာဖတ်ကြတယ်။ အဲဒီအချိန်မှာ ကျွန်တော် စာတော်တော်ဖတ်ဖြစ်တယ်၊ ရေးဖြစ်တယ်။ စာသမား အဝန်းအဝိုင်း ကလေးလို ဖြစ်သွားတယ်။ ကိုသန်းဆွေကျတော့ စာမရေးဘူး။ ဒါပေမဲ့ သူက စာတွေတော်တော်ဖတ်တယ်။ ကိုသန်းဆွေက စာအရင်းဖတ်တယ်။ ဟော့ကောင်တဲ့၊ ငါ့မှာစာဖတ်တဲ့ သူငယ်ချင်းတစ်ယောက် ရှိသေးတယ် တဲ့။ သူကပြောတယ်။ ဘယ်သူလဲဆိုတော့ အောင်မင်း။ အောင်မင်းနဲ့ ကျွန်တော်က လုံးသွားရော။ သူလည်း ကျောင်းသားဘဝ၊ ကျွန်တော် လည်း ကျောင်းသားဘဝ။ အောင်မင်းက တစ်ခါထပ်ပြောတယ်။ ဟော့ ကောင်တဲ့၊ ငါ့မှာ စာဖတ်တဲ့သူငယ်ချင်းတစ်ယောက် ရှိတယ်တဲ့။ ဘယ် သူလဲဆိုတော့ အေးကျော်။ ဆိုလိုတာကတော့ ရဲဘုန်းခေါင်။ အဲဒီတုန်းက ရဲဘုန်းခေါင်မဖြစ်သေးဘူး။ သူလည်း အောင်မင်းမဖြစ်သေး။ ကျွန်တော် လည်း ကိုရွှေးမဖြစ်သေးဘူး။ အဲဒီအချိန်မှာ စာတွေတော်တော်များများ ဖတ်ဖြစ်ကြတယ်၊ ရေးဖြစ်ကြတယ်။ တစ်ယောက်ဝတ္ထုရေးပြီး တစ် ယောက်ပေးဖတ်၊ အေးကျော်နဲ့ အောင်မင်းက ဝတ္ထုရေးတယ်။ ကျွန်တော် က ကဗျာရေး။ စာရေးဖို့ စာသမားအဝန်းအဝိုင်းလေးလို ဖြစ်သွားတယ်။ ကိုသန်းဆွေကျတော့ မရေးဘူး။ ဒါပေမဲ့ သူက စာတွေအကုန်ဖတ်ဖြစ် တယ်။ စာတော်တော်ဖတ်တယ်။ ကျွန်တော်တို့စာမူတွေကိုလည်း ဖတ် တယ်။ အဲဒီကနေ စပြီးတော့ပေါ့။ နောက်ကျတော့ ၁၉၈၅ ခုနှစ်လောက် ကျတော့မှလေ၊ စံပယ်ဖြူမဂ္ဂဇင်းမှာ ဒေါ်ခင်ဆွေဦး၊ မိုးမိုး(အင်းလျား)တို့ ရှိတဲ့အချိန် အဲဒီမှာ စ,ရေးတယ်။ စ,ရေးတယ်ဆိုတာ စ,ပါဖူးတာပေါ့ နော်။ ၁၉၈၅၊ ၈၅ အရေးအခင်းနောက်ပိုင်းကနေ ပြတ်သွားလိုက်တာ ကျွန်တော်လည်း အလုပ်ထဲနဲ့ ကျောင်းနဲ့၊ အလုပ် ထဲနဲ့ကျောင်းနဲ့။ အဲဒီမှာပဲ ရဲဘုန်းခေါင်ကလည်း ဝတ္ထုတွေ စ,ပြီးပါစပြု နေပြီ။ ကိုအောင်မင်းလည်း ရွှမဝမဂ္ဂဇင်းမှာ ရေးနေပြီ။ ကျွန်တော်က လည်း စံပယ်ဖြူမှာ ရေးပေါ့။

လုပ်သားကောလိပ်တက်စဉ်ကတော့ ညနေ ၅ နာရီဆို ရာမည ဆောင်ရောက်နေပြီ။ ကိုသန်းဆွေရယ်၊ ရဲဘုန်းခေါင်ရယ်၊ အောင်မင်း ရယ်၊ ကျွန်တော်တို့ ဦးချစ်ဆိုင်မှာ ထိုင်ကြတယ်။ အဲဒီတုန်းက ဦးချစ် ဆိုင်က ညဘက်တွေမှာလည်း ဖွင့်တယ်။ စည်ကားတယ်။ အဲဒီတုန်းက ကျွန်တော်တို့က ငြိမ်းကျော်ဝတ္ထုတွေဖတ်ပြီး ရူးခဲ့တယ်။

ဆရာငြိမ်းကျော်ရဲ့ 'ပဥ္စမမြောက် ဆောင်းရက်များ'။

www.burmeseclassic.com

www.burmeseclassic.com

ဟုတ်တယ်၊ 'ပဥ္စမမြောက် ဆောင်းရက်များ'ဖတ်ပြီး ငှက်ပျော တောလေးနဲ့ သဲလမ်းလေးအတိုင်း ဝင်သွားရတဲ့ ဦးချစ်ဆိုင်ပေါ့နော်။ ဦးချစ်ဆိုင်က လက်နဲ့လှည့်ခြစ်ရတဲ့ မီးခြစ်ဘူးကြီးရှိတယ်။ ဆေးလိပ်မီး ညှိချင်ရင် လှည့်ရတာလေ။ ဖြည်းဖြည်းလှည့်ရင် မီးမတောက်ချင်ဘူး။ ဆတ်ခနဲလှည့်လိုက်မှ မီးတောက်တာ။ လူသစ်တွေဆို မလှည့်တတ်ဘူး။

အဲ့ဒီတုန်းက ဦးချစ်ဆိုင်မှာ ထိုင်ခဲ့ရတာလေးတွေကို စကား ပြေလေးတွေနဲ့ ပြန်ရေးရင်တောင် လှမယ်နော်။

ဟုတ်တယ်၊ ဟုတ်တယ်။ ပြီးတော့ ဆရာနောင်ကျော်လေ၊ အဲ့ဒီ မှာ စသိတာပဲ။ ဆရာနောင်ကျော်က အဲ့ဒီတုန်းက ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှာ ကျောင်းဆရာတောင် ဖြစ်နေပြီ။ သူက တောင်ငူ ဆောင်မှာ။ ပြီးတော့ ကိုညီထွန်း။ အခု နိုင်/ကျဉ်းက ညီထွန်း။ သိရတဲ့ အကြောင်းရင်းက ကျွန်တော်က ဦးချစ်ဆိုင်မှာ 'လေရူးသုန်သုန်' ထိုင်ဖတ်တယ်။ ဆရာ မြသန်းတင့်ရဲ့ 'လေရူးသုန်သုန်'။ ကျွန်တော်က လွယ်အိတ်ထဲထည့် သွား။ ရောက်တဲ့နေရာ ထိုင်ဖတ်။ အဲ့ဒီမှာ သူက ကျွန်တော့်ကို တော်တော်ကြည့်လို့မရဘူးနဲ့ တူတယ်။ ဘယ်နှရက် မြောက်မှာလဲ မသိဘူး၊ ဦးချစ်ဆိုင်မှာ . . . ။ ကျွန်တော့်စားပွဲကို ရောက် လာတယ်။ ဟေ့လူ၊ ဘာတွေဖတ်နေတာလဲတဲ့။ သူ ကျွန်တော့် စာ အုပ်ကြီးကို တော်တော် စိတ်ဝင်စားနေတယ်။ လူချင်းက မသိသေးဘူး။ 'လေရူးသုန်သုန်'လို့ ကျွန်တော်က ပြောလိုက်တော့ ဒီစာအုပ်ကြီးကို ဒီနေရာမှာ မဖတ်ရဘူးတဲ့။ သူဆိုလိုတာက ဒီထက်ကောင်းတဲ့နေရာမှာ သွားဖတ်စေချင်ပုံရတယ် ထင်ပါရဲ့။ ကျွန်တော်က မနက် ၇ နာရီဆို စက်ရုံဂျောက်နေပြီ။ ညနေ ၅ နာရီဆို ဦးချစ်ဆိုင်ရောက်နေပြီ။ အဲ့ဒီတော့ ဒီစာအုပ်ကြီးက ဒီမှာဖတ်ဖို့ အသင့်တော်ဆုံးပဲ။ ဦးချစ်ဆိုင်ပေါ့။ နောက်တော့ သူနဲ့ ကျွန်တော် ခင်သွားရော။ ကိုဌေးသိန်း (ဆရာ နောင်ကျော်) နဲ့လည်း ဦးချစ်ဆိုင်မှာပဲ တွေ့ကြတာ။ ဘာမှ ချိန်းချက် နေစရာ မလိုတော့ဘူး။ အခုတော့ ကိုဌေးသိန်း(ဆရာနောင်ကျော်)နဲ့က စာပေလောကမှာ ပြန်ဆုံတွေ့ကြရတယ်။ ဝမ်းလည်းသာတယ်ဗျာ။

ကိုဌေးသိန်း(နောင်ကျော်)ဟာ စာရေးဆရာတစ်ယောက်မဟုတ် ဘဲ အခြားနယ်ပယ်မှာသာဆိုရင် – ဥပမာဗျာ၊ သူက ကျောင်းထဲမှာပဲ ဆရာတစ်ယောက်အဖြစ်နဲ့ပဲရှိနေရင် အခုလောက်ဆို ပါမောက္ခဖြစ် နေရမှာ . . . ။ ခုလို တွေ့ချင်မှတွေ့ရမယ်။ ခုတော့ သူက နိုင်ငံရေး ဗိတ်ဆွေတွေ၊ စာပေလောကသားဗိတ်ဆွေတွေနဲ့ လူတောထဲမှာ၊ လမ်းပေါ်မှာ၊ ဘတ်စ်ကားမှတ်တိုင်မှာ အမြဲတမ်းတွေ့နေရတော့

ဟုတ်တယ်၊ အဲ့ဒီလို ပြန်ဆုံတွေ့နေရလို့ ဝမ်းလည်းသာတယ်။ အရသာလည်း ရှိတယ်ဗျာ။

ခေတ်စနစ်အခြေအနေအရ အဲ့ဒီတုန်းက အလုပ်တစ်ဖက်နဲ့ လုပ်သားကောလိပ် တက်ခွင့်ရတယ်။ နွေဘက်အလုပ်လုပ် ညဘက် မှာ တက္ကသိုလ်တက် ပညာဆည်းပူးဆိုတာမျိုးပေါ့။ ညပိုင်းအဓိပ္ပါယ် တွေကို အလဟဿမဖြစ်စေဘဲနဲ့ပေါ့။ အဲ့ဒီတုန်းကလည်း ကျွန်တော် တို့ဟာ ဘတ်စ်ကားတွေစီးပြီး သွားကြတယ်။ အခုလည်း ဘတ်စ် ကားတွေ စီးနေကြတုန်းပဲ။ ကိုဌေးက မြို့ပြမှာ တောက်လျှောက်နေ လာခဲ့တော့ ဟိုခေတ်နဲ့ဒီခေတ် ဘတ်စ်ကားစီးရတဲ့ဘဝ ဘယ်လိုကွာ ခြားလဲ။

အရောင်အသွေးတွေ ပြောင်းသွားတာပဲရှိတယ်။ အရင်ကလည်း ကျပ်ကျပ်တည်းတည်းနဲ့ အခုလည်း ကျပ်ကျပ်တည်းတည်းနဲ့ပဲ။ ဘတ်စ် ကားစီးလူတန်းစားကတော့ အရင်အတိုင်းပဲဗျ။ ငယ်ငယ်တုန်းကတော့ တိုးခွေ့စီးရလည်း ပင်ပန်းတယ်လို့ မထင်ဘူး။ အခုတော့ ပင်ပန်းလာ တယ်။ ငယ်တုန်းကတော့ ကျပ်တယ်လို့မထင်ဘူး။ ကားကျပ်တယ်ဆို တာ သဘာဝအတိုင်းပဲလို့ထင်တယ်။ အမှန်တော့ အဲ့ဒီတုန်းက တွယ်စီး ရတာ။ တွယ်စီးရတာလည်း အဲ့ဒီတုန်းက ပျော်တယ်။ ကားဆိုတာ ဒီလိုပါပဲ။ ရန်ကုန်ဆိုတာ ဒီလိုပါပဲလို့ ထင်ခဲ့တယ်။ ဘတ်စ်ကား အဆင်း အတက်မှာ

တခြားတစ်ခုခုက ကျွန်တော့်ကို လွှမ်းမိုးထားတာ သိပ်မရှိဘူး။ တစ်ခုခုလွှမ်းမိုးပြီး အဲ့ဒီအတိုင်း လုပ် မယ်ဆိုတာမရှိဘူး။ ပြီးတဲ့အခါကျတော့ ကျွန်တော့် ဟန်လို့ ပြောရမှာပဲ။ စကားပြောသလို ရေးချင် တယ်။ အသံသာသာနဲ့ . . .

အသားကုန်တွယ်ထားတာ၊ အပေါက်ဝမှာ။

ကိုဌေးစိတ်မှာ မြို့ပြခံစားမှုကို ကဗျာဖွဲ့ဖို့ လှုပ်ရှားနိုးထလာခဲ့ ရတဲ့ စေ့ဆော်မှု၊ နှိုးဆော်မှု ဖြစ်ပေါ်လာရတဲ့ နောက်ခံအခြေအနေနဲ့ အချိန် ကာလကို ပြောပြပါဦး။ ကဗျာဆရာကို လာရောက်ရှိက် ခတ်မှု။ သာမန်လူတစ်ယောက်လို ဖြစ်သမျှပဲကွာဆိုပြီး ပြောစရာ စကားမရှိဘဲနဲ့ နေတာမဟုတ်ဘဲ ကိုဌေးဆိုတဲ့ ကဗျာဆရာရဲ့ အာရုံခံစားမှုနဲ့ ဒီခေတ်ကြီး ချိတ်တွဲပြီး စိတ်နှလုံးထဲက ရှုန်းကန် လှုပ်ခတ်လာတာတွေကိုပေါ့။ တစ်ခုရှိတယ်။ ခင်ဗျားရဲ့ ငယ်ဘဝ ကျေးလက် ခံစားမှုမှာကော မြို့ပြ ပျောက်ဆုံးသွားသလို ခံစားရ လား။

ကျွန်တော် အများအားဖြင့်တော့လေ မြို့ပြခံစားမှုပဲ ရှုံးတယ်။ ကဗျာလောကထဲ ရောက်လာတော့လည်း ငယ်ငယ်လေးကတည်းက ရန်ကုန်မှာ ကြီးလာတဲ့အခါမှာတော့ ကိုယ့်ဘဝမှာ မြင်တွေ့နေရတာက

www.burmeseclassic.com

www.burmeseclassic.com

ပြုပြပဲလေ။ ကျေးလက်ကို ပြန်စဉ်းစားကြည့်တော့ ကလေးဘဝနဲ့ ကိုရောက်ဒီရောက်ပေါ့။ ဝေးကျန်ခဲ့ပြီ။ မှတ်မှတ်သားသား ပြန်စဉ်းစားရင်း ပြတ်ပြတ်သားသား မရှိဘူး။ ရွာမှာနဲ့ လပွတ္တာမှာက ကလေးဘဝနဲ့ ပြတ်သန်းခဲ့ရတာ။ ကိုယ့်ရွာအကြောင်း ပြောဆိုရင် သိပ်မပြောနိုင်ဘူး။ ကိုယ့်ရပ်ကိုယ့်ရွာငယ်ဘဝအကြောင်းတော့ ရေးချင်ပြောချင်တယ်။ အခု ဆို စာတစ်စောင် ပေတစ်ဖွဲ့ ထွက်မလာနိုင်သေးဘူး။ ပြောချင်တာတွေ အရင်းမျှနေလို့လားတော့ မသိဘူး။ နောက်တစ်ချက်က ကျွန်တော် ထင်တယ်။ ရင်ထဲမှာတော့ ပြည့်ဝနေ၊ ရှိနေတယ်။ ချက်ချင်း ထွက်မလာဘူး။ စကားအပိုင်းအစလေးတွေ ပြောဖြစ်တာပေါ့။ ခုယခုရိုမဂ္ဂဇင်းမှာတုန်းက ကဗျာနဲ့ ကျွန်တော့်ခံစားချက်လေးနဲ့ တွဲပြီး ကိုအောင်ဝေး တစ်ခါ ထုပ်ပူးတယ်။ ဘဝတစ်လျှောက်လုံး ကလေးဘဝ ကြီးပြင်းခဲ့ရတယ်။ ကျောက်သားတွေ မှော်ဝင်နေတဲ့ ရွာကလေးပေါ့။ ကိုယ့်ရွာကလေးတော့ ခွဲခွင်တာပေါ့။ ကျောက်သားတွေ မှော်ဝင်နေတဲ့ ရွာကလေးပေါ့။

တစ်ချိန်ချိန်မှာတော့ ခင်ဗျား မုချရေးဖြစ်ပါလိမ့်မယ် ထင်ပါ တယ်။

ရေးဖြစ်မယ် ထင်ပါတယ်။ နောက် ဖျတ်ခနဲ တစ်ခုက နာဂစ်အပြီး ဘုန်းက ကျွန်တော် လပွတ္တာကို ပြန်ရောက်တော့ တစ်ပုဒ် ရေးဖြစ်တယ်။ နာဂစ်မြင်ကွင်းလေးပဲ။ ဒါပေမဲ့ မခြိုင်မိသေးဘူး။ အများစုက တောက် လျှောက်ကိုယ့်သက်တမ်းတစ်လျှောက် နေခဲ့ရတာက ရန်ကုန်ပြုကြီး ပြုပြဘဝပေါ့။ အပြတမ်း ရင်ဆိုင်နေရတဲ့ ပြိုပြု။

၁၉၇၀-၈၀/ ၁၉၉၀ တို့နဲ့တော့ မတူတော့ဘူးပေါ့လေ။ ဒီနေ့ ရေးနေကြတဲ့ ခေတ်ပေါ်ကဗျာအများစုမှာ ကာရန်မပါကြတော့ဘူး။

ခေတ်ပေါ်ဆိုတာက ဒီနေ့ခေတ် ကဗျာအများစု ပုံသဏ္ဌာန်ကို ခြုံပြီးပြောလိုက်ရတာပါ။ ကာရန်မဲ့ကဗျာခေတ်ထဲ ဆိုနိုင်မလား။

ကာရန်ကို တမင်ရှောင်သွားတာ မဟုတ်ဘူး။

ကိုရွှေးကိုယ်တိုင်ရေးတဲ့အခါမှာလည်း ဒီသဘောပဲထား။

ကျွန်တော်လည်း ဒီသဘောပဲ။ ကာရန်ကို တမင်ရှောင်ဖို့ဆိုတာ မကြိုးစားဘူး။ တမင် ထည့်ဖို့လည်းမကြိုးစားဘူး။ စကားပြေသဘောလေး ပါသွားတယ်ဆိုတာကလည်း တမင် စကားပြေကဗျာဖြစ်အောင် လုပ်တာမဟုတ်ဘူး။ အဲဒါက လွတ်လပ်မှု သဘောထင်တယ်။ ကာရန်ကို ချိတ်ချင်တဲ့ နေရာမှာ ချိတ်၊ ကဗျာတစ်ပုဒ်လုံးမှာ ၂ ကြောင်းထဲလည်း ချိတ်ချင် ချိတ်မယ်။ ဟို သုံးလေးကြောင်း ကျော်လောက်မှာလည်း ချိတ်ချင် ချိတ်မယ်။ လွတ်လပ်နေတယ်။ တချို့ဆိုရင် နဘေသဘောတွေ တောင်မှ ပါနေသေးတာပဲ။ အခုလည်း ပါနေတာပဲ။ နဘေ တမင်လုပ် တာ မဟုတ်ဘူး။ ရေးရင်းနဲ့ပါသွားတဲ့သဘောပဲ။ လွတ်လွတ်လပ်လပ်ပြောရင်း ရေးရင်းနဲ့ဖြစ်သွားတာ။ ကျွန်တော်တို့ဆိုရင် အခုခေတ်ကလေးတွေလောက် မလွတ်လပ်ဘူး။ ကျွန်တော်ဆိုရင် အသံသဘောကို ဂရုစိုက်တယ်။

ကိုရွှေးဆိုလိုတာက ရသစာတမ်းတို့၊ ဝတ္ထုတို့ထဲမှာလို စကား ပြေသက်သက် စင်းစင်းကြီး ဖြစ်သွားမှာကို ရှောင်တာလား။

ဆိုလိုတာက လမ်းလျှောက်ရင်း လက်လွှဲတာတို့လို၊ ခြေလှမ်း တာတို့လိုပါပဲ။ တစ်ယောက်နဲ့ တစ်ယောက် မတူဘူးလေ။ အသံ သဘောလည်း ကဗျာမှာ ဒီသဘောပါပဲ။ ကာရန် ပါခြင်း၊ မပါခြင်း မှာလည်း ဒီသဘောပါပဲ။ တမင် ကာရန်မဲ့အောင် လုပ်တာ မဟုတ်ပါဘူး။ တမင် စကားပြေဆန်အောင် လုပ်တာလည်း မဟုတ်ပါဘူး။ ကိုယ်အား ရသလို ချရေးလိုက်တာပဲ။ ကျွန်တော့်မှာကျတော့ တခြားတစ်ခုခုက ကျွန်တော့်ကို လွှမ်းမိုးထားတာ သိပ်မရှိဘူး။ တစ်ခုခု လွှမ်းမိုးပြီး အဲဒီအတိုင်း လုပ် မယ်ဆိုတာမရှိဘူး။ ပြီးတဲ့အခါကျတော့ ကျွန်တော့် ဟန်လို့ ပြောရမှာပဲ။ စကားပြောသလို ရေးချင်တယ်။ အသံသာသာနဲ့ ကျွန်တော် ရေးချင်တယ်။ ကဗျာတွေ ဖတ်ကြည့်ရင်တော့ တော်တော်သိသာပါတယ်။ အဲဒါပဲကိုယ်ပိုင် ဟန်လို့ထင်တာပဲ။ သူများနဲ့ တူရင်းလည်း တူနိုင်တာပဲ။ မတူရင်းလည်း မတူနိုင်ဘူး။

စာပေစိစစ်ရေးရှိတုန်းက ခင်ဗျားရဲ့ 'ကျော်ဂျီယာ'ကဗျာက နွယ်နီမဂ္ဂဇင်းမှာ အဖြုတ်ခံရတယ်။ အဲ့ဒီအဖြုတ်ခံရတဲ့မူကြမ်းကို ကျွန်တော် အယ်ဒီတာကိုမင်းဆီက ဖတ်ခဲ့ရတုန်းက ရင်ထဲမှာတော် တော် ခံစားလိုက်ရတယ်။ ခင်ဗျားရဲ့ 'ကျော်ဂျီယာ'က ကျော်ဂျီယာနဲ့ ရွက္ခရူးတို့ တောင်အော်ဆက်တီးယားနယ်မြေအရေး ရန်စောင်တင်း မာပြီး စစ်ခင်းဖို့ပြင်ကြတုန်းက ရွက္ခရူးတပ်တွေ ကျော်ဂျီယာထဲ ဝင်လာပြီး ကျွဲနှစ်ကောင်ကြား မြေစာပင်ဖြစ်ကြရမယ့် သာမန် ပြည်သူထဲက ကျောင်းသူကျောင်းသားကလေးတွေရဲ့ ရုပ်ပုံလွှာကို ရေးဖွဲ့ထားတယ်။

အဲ့ဒီကဗျာမှာ ကရုဏာသဘောပါတယ်။ အဲ့ဒီတုန်းက ဂျာနယ် တွေဖတ်ရတယ်။ ဓာတ်ပုံသတင်းတွေ တွေ့ရတယ်၊ ကြည့်ရတယ်။ ရုရှား တင့်ကားကြီးတွေ ဝင်သွားပြီပေါ့။ ကျောင်းတွေ ပိတ်လိုက်ရတယ်ပေါ့။ ဖတ်ရတယ်။ ဖတ်ရတဲ့အခါကျတော့ တစ်နေ့လည်းမဟုတ်၊ နှစ်နေ့လည်း မဟုတ်။ ရှင်းရှင်းပြောရရင် ဂျော်ဂျီယာက ရုရှားနဲ့ အမေရိကန် အားပြိုင် မှုထဲမှာ ကြားညှပ်သွားရတဲ့ ပုံစံပေါ့။ ဂျော်ဂျီယာမှာစစ်ဖြစ်တော့ ကလေး တွေအတွက်တွေးပြီး ခံစားရတယ်။ ရေးဖြစ်တယ်ပေါ့။

***အတိတ်သမိုင်းမှာလည်း မြန်မာကဗျာဆရာတွေက ဒုတိယ ကမ္ဘာစစ်အတွင်း အဏုမြူဗုံးဒဏ်ခံရတဲ့ ဂျပန်နိုင်ငံက ဟီရိုရှီးမား၊နဲ့ နာဂါစကီးမြို့တွေက ပြည်သူတွေကို စာနာခံစားပြီး ကဗျာရေးဖွဲ့ခဲ့ ကြတယ်။ အဏုမြူဗုံးဆန့်ကျင်ရေး၊ စစ်ဆန့်ကျင်ရေး၊ ငြိမ်းချမ်းရေး ကဗျာတွေ ရေးဖွဲ့ခဲ့ကြတယ်။ ၁၉၇၀ ပြည့်ကာလမှာတော့ အမေရိ ကန်ရဲ့ ဗီယက်နမ်ကျူးကျော်စစ်ကို ဆန့်ကျင်ပြီး နယ်ချဲ့ဆန့်ကျင်ရေး**

www.burmeseclassic.com

www.burmeseclassic.com

အမျိုးသားလွတ်မြောက်ရေး၊ ဒီယက်နမ်စစ်ဆန့်ကျင်ရေးကဗျာ တွေ ရေးဖွဲ့ပြီး ဒီယက်နမ်ပြည်သူတွေရဲ့ လွတ်မြောက်ရေးလှုပ်ရှားမှု ကို ကဗျာတွေရေးဖွဲ့ပြီး ဂုဏ်ပြုခဲ့ကြတယ်။ မြန်မာကဗျာဆရာတွေရဲ့ လူသားချင်းစာနာမှုက ယခုအချိန်ထိ မပျောက်မပျက်ရှိနေတဲ့ အစဉ် အလာလို့ ပြောလို့ရတာပေါ့။ ခင်ဗျားရဲ့ 'ကျော်ဂျီယာ'ကိုဖတ်ပြီး ကျွန်တော် တွေးဖြစ်ခဲ့တာပါ။

လူသားချင်း စာနာမိတာပေါ့ဗျာ။ ဒီနေ့ခေတ်မှာကျတော့ လူသတ် လက်နက်တွေက ပိုပြီး ခေတ်မီလာခဲ့တာပေါ့ဗျာ။ ကျော်ဂျီယာက တော် တော်လည်း လှပြီး တော်တော်လည်း လိုချင်စရာကောင်းတဲ့ နိုင်ငံဗျာ။ ချောခြားမြေခြား ဖြစ်ပေမယ့် သူခံစားရသလို ကိုယ် ခံစားရတယ်။

၂၀၁၂-၂၀၁၃ အတွင်းပေါ့။ ကိုရွှေရဲ့ 'ထိုင်နေကြသူများ' ကဗျာက နေပူပူထဲမှာ၊ မိုးရွာထဲမှာ ထိုင်နေပြီးတော့ မိမိဆန္ဒကို ငြိမ်းချမ်းစွာထုတ်ဖော်နေကြတဲ့ လယ်သမားတွေကို ရေးဖွဲ့ထားတာ မဟုတ်လား။ 'ကျော်ဂျီယာ'ကတော့ နိုင်ငံရပ်ခြား စစ်မြေပြင်တစ်ခုက ကျောင်းသားကလေးတွေအပေါ်မှာ စာနာပြီးရေးဖွဲ့ထားတာ။ ဒီ'ထိုင် နေကြသူများ'ကတော့ လယ်သမားတွေရဲ့ရင်ဖွင့်တဲ့ သူတို့ဆန္ဒ၊ သူ တို့ဘဝ၊ သူတို့နှလုံးသားကို စာနာစိတ်နဲ့ ရေးဖွဲ့တယ်လို့ထင်တယ်။ နောက် ရေးသားဟန်ကလည်း လွတ်လွတ်လပ်လပ်နဲ့ ထိထိမိမိရေး လာတာ တွေ့ရတယ်။ ဒီအကြောင်းအရာမျိုးကို အကြမ်းထည်ကြွေး ကြော်သံဆိုင်ဘုတ်လို ရေးတာမျိုးမဟုတ်ဘဲနဲ့ ကဗျာဆရာတစ် ယောက်က သိမ်သိမ်မွေ့မွေ့ နူးနူးညံ့ညံ့နဲ့ ရေးဖွဲ့သွားတော့ ရုတ်တ ရက်ဆို ဒါကို ကဗျာဖွဲ့လို့မှ ရပါ့မလားလို့ ထင်ရတဲ့အကြောင်းအရာ မျိုးကို ကဗျာအဖြစ် ရေးဖွဲ့သွားတယ်။ အဲ့ဒီကဗျာ စတင်မွေးဖွားပုံ၊ ခင်ဗျားရင်ထဲကို ဘယ်လိုရောက်လာသလဲဆိုတာ ကဗျာအဖြစ်နဲ့၊ စကားလုံးတွေအဖြစ်နဲ့ ရင်ထဲ ဘယ်လိုဝင်လာသလဲဆိုတာ ကဗျာ အဖြစ် မွေးဖွားချင်စိတ် ဘယ်လိုပေါ်ပေါက်လာသလဲဆိုတာ ပြော ပြပါဦး။

ဆေးရုံကြီးနောက်ဘက် ပလက်ဖောင်းမှာ သူတို့ဆန္ဒပြနေကြတာ ကို အနော်ရထာလမ်းပေါ်မှာပေါ့။'ဝါဝါဝင်း'ကုမ္ပဏီရုံးရဲ့ရှေ့ ရန်ကုန်ဆေးရုံ ကြီးရဲ့ နောက်ဘက်ပေါ့။ ပလက်ဖောင်းမှာ... ။ ကျွန်တော်အလုပ်ကပြန်ရင် ဘတ်စ်ကားပေါ်ကနေ နေ့တိုင်းလိုလို မြင်နေရတယ်။ သူတို့ဆန္ဒပြနေတဲ့ ရုပ်ပုံတွေကလည်း ဂျာနယ်ထဲမှာပါလာလိုက်၊ ပျောက်သွားလိုက်။ ဒါပေမဲ့ ဆန္ဒပြနေကြတုန်းပဲ။ သူတို့ တော်တော်ဇွဲကောင်းတယ်။

သူတို့ကို ဂျာနယ်ထဲမှာ သတင်းအဖြစ် ပါတာကို တွေ့နေ ရသလို အပြင်မှာလည်း တွေ့နေရတယ်ပေါ့။

ဟုတ်တယ်၊ တွေ့နေရတယ်။ အဲ့ဒီနေရာရောက်တိုင်း ဘတ်စ်ကား ပြတင်းပေါက်ကနေ အမြဲတမ်းလို တွေ့မိ၊ ငေးမိ၊ နောက်ပြန်လှည့်ကြည့် မိ။ စိတ်မကောင်းဘူးဗျာ။ နောက် ကျွန်တော် တွေးကြည့်တယ်။ အလုပ် ပျက် အကိုင်ပျက် လာပြီးထိုင်နေတာ။ ဒါ အပျော်မဟုတ်ဘူး။ အလုပ် တစ်ခုလုပ်နေတာ။ သူတို့ဘဝရဲ့အဖြစ်၊ သူတို့ဆုံးရှုံးနစ်နာမှုကို သူတို့ ရဲရဲတင်းတင်းပဲ ထုတ်ဖော်ဆန္ဒပြနေကြတာ။ အကြမ်းဖက်တာမျိုးမဟုတ် ဘဲနဲ့ ကိုယ့်ရဲ့ဆန္ဒတစ်ခုကို တင်ပြတာမျိုးပေါ့ဗျာ။ နိုင်ငံတော်ကို သိစေ ချင်တယ်။ တစ်ရက်လည်း မဟုတ်၊ နှစ်ရက်လည်း မဟုတ်။ သူတို့ ဂရုစိုက်မခံရဘူး။

တစ်လပြည့်တဲ့နေ့လည်းကျရော သူတို့ဆန္ဒပြဖို့ မြို့တော်ခန်းမရှေ့ အထိ ချီတက်ကြတယ်ပေါ့နော်။ တစ်လပြည့်ပြီး နောက်တစ်နေ့လည်း ကျရော ကျွန်တော် အဲ့ဒီကဗျာကို ရေးဖြစ်တာပဲ။

ဆေးရုံကြီးနောက်ကျော ပလက်ဖောင်းပေါ်မှာ သူတို့ အမိုးအကာ ဖြစ်သလိုလေးတွေနဲ့ တဲထိုးပြီးနေကြတာ၊ မြွေရေခွဲအိတ်ခွဲလိုဟာမျိုးတွေ နဲ့၊ ကြိုးလေးတွေတန်းပြီး သူတို့ဆန္ဒလေးတွေကို ရေးပြီး ချိတ်ချိတ်ထား တယ်။ နေပူကာရုံလောက်ပဲ အိတ်ခွဲတွေနဲ့။ အဲဒီမှာ ခရေပင်ရိပ်ကလေး

> ခေတ်နောက်ကျန်မှုလည်းမရှိအောင် ကဗျာဆရာ တစ်ယောက်အနေနဲ့ ရှင်သန်အောင် ကိုယ့်ကိုယ် ကိုယ်ကြိုးစားအား ထုတ်ရတာဟာ၊ တချို့ဆိုရင် ဗျာ မရေးနိုင်တော့ဘဲနဲ့ ...

ရှိတယ်လေ။ အမှတ်တမဲ့ဆိုရင်တော့ ဆန္ဒပြတယ်လို့တောင် မထင်ရဘူး။ ခရီးသွားတွေ နားနေတယ်လို့ ထင်ရမယ်။ ကိုယ်က တွေ့ရတာများတဲ့ အခါကျတော့ ကိုယ့်ချင်းစာတာပေါ့နော်။ ဟာ... ငါတို့သာ လယ်သမား ဖြစ်ရင် လယ်မြေအသိမ်းခံရရင်ပေါ့ . . . ။ သူတို့အသိမ်းခံရတဲ့ လယ် မြေတွေ၊ ရွာကလေးတွေဆီ ဟိုတုန်းကတည်းက ကျွန်တော် ရောက်ဖူး တယ်။

အဲ့ဒီတော့ အနော်ရထာလမ်းပေါ်က ပလက်ဖောင်းပေါ်မှာ သူ တို့လာထိုင်ရတာ အကြောင်းရှိတယ်။

အကြောင်းရှိတယ်။ သူတို့ အလကားလာထိုင်နေကြတာ မဟုတ် ဘူး။ သူတို့မှာ အလံမရှိဘူး။ အသံမရှိဘူး။ ဒါပေမဲ့ သူတို့ရဲ့ဆန္ဒဟာ သူတို့ရဲ့အလံပဲ။ သူတို့အလံ၊ သူတို့အသံပဲ။ အဲဒါလေးပါ ကျွန်တော်ပြော ပြချင်တယ်။

စကားလုံးတွေ ပေါ်လာတာပေါ့။ ခင်ဗျားရဲ့ ခေတ်ပြိုင်ခံစားမှု ပေါ့။

ပေါ်လာတာပေါ့။ ခုနေပြန်ရေးဆိုရင်တော့ မလွယ်လှပါဘူး။ အဲ့ဒီ တုန်းက လောလောလတ်လတ် ခံစားရတဲ့အခါကျတော့ တကယ်ပေါ်လာ တာကို ရေးဖြစ်တယ်။ ရေးရတာ စိတ်ပါလက်ပါရှိတယ်။ ကျွန်တော် တစ်ခုခု သူတို့ကို ကူညီလိုက်ရသလို - ငါတော့ ကဗျာဆရာတစ်ယောက် အနေနဲ့ပေါ့နော်။ သူတို့ဘက်ကနေ ရပ်တည်ပေးလိုက်ရတယ်။ သူတို့ ဆန္ဒကို ငါ ဝိုင်းဝန်း ဖော်ထုတ်ပေးလိုက်ရတယ်။ အဲဒါမျိုး စိတ်ထဲမှာ ပီတိဖြစ်ရတယ်။

ကဗျာဆရာရဲ့ စေတနာပေါ့ဗျာ။ ဆရာဇော်ဂျီက သူ့ရဲ့ရသ ကျမ်းမှာ စေတနာသဘောကို အလေးပေးထုတ်ဖော်သွန်သင်ခဲ့ဖူးတယ် မဟုတ်လား။

ဟုတ်တယ်၊ စေတနာပေါ့။ သူတို့ ဒါအပျော်လာထိုင်နေတာမှ မဟုတ်တာ။ ပျော်လို့လည်း မဟုတ်ဘူး၊ ပျင်းလို့လည်း မဟုတ်ဘူး။ သူတို့ ဒါဟာ သူတို့ဘဝတိုက်ပွဲတစ်ခုပဲ။

ကိုရွှေရဲ့ စေတနာပဲ။ ဆရာဒဂုန်တာရာကတော့ ဒါမျိုးကို ခေတ်ပြိုင်ခံစားမှုလို့ ပြောမှာပါပဲ။ အဲဒီလို ကျွန်တော် ထင်မိတယ်။

ဟုတ်တယ်၊ ခေတ်ပြိုင်ခံစားမှုပါတယ်။ ၈၈ နောက်ပိုင်း အဲဒါတွေက ပိုများလာတယ်။ ခံစားမှုတွေလည်း များလာတယ်။ ကျွန်တော်တို့ ပြော ချင်လာတယ်။ ကျွန်တော်တို့ပုံစံတွေကော၊ စကားလုံးတွေကော ပေါက် ကွဲထွက်လာတယ်။

ကိုရွှေက ကဗျာကို အလွန်အကျွံလျှို့ဝှက်ထားတာမျိုး။ ကဗျာ ကို ဂန္ဓီရဆန်အောင် ဝှက်ထားတာမျိုး သိပ်မတွေ့ရဘူး။ စာဖတ်သူ နားလည်လွယ်အောင်ပေးဖို့ ကြိုးစားတယ်။ နောက် တမင်လုပ်ရေး ထားတာမဟုတ်ဘဲနဲ့ တကယ့်ခေတ်ပြိုင်ထဲက အဖြစ်သစ်တွေကို သိမ်းထုပ်ဖွဲ့ဆိုဖို့ ဝိုင်းအားသန်တယ်။ ခုန ကျွန်တော်တို့ပြောခဲ့ကြ တဲ့ 'ကျော်ဂျီယာ'တို့၊ 'ထိုင်နေကြသူများ'တို့လိုပေါ့။

အခုအတိုင်းက ကျွန်တော်ရေးတတ်သလို ရေးထားတာပါပဲ။ လွယ်

www.burmeseclassic.com

အောင်၊ ဒါမှမဟုတ် ခက်အောင် အစွန်းနှစ်ခုဆိုတာကလည်း တမင်ရှောင်တာမဟုတ်ဘူး။ အဲဒီလို ရှင်းရှင်းပဲရေးတတ်တော့ ရှင်းရှင်းပဲဖြစ်နေတာပေါ့နော်။

ယေဒယ်တုန်းက ကဗျာလမ်းကိုလျှောက်ခဲ့တာထက် အခုချိန် လို မြန်မြန်ဆန်ဆန်ဖြစ်နေတဲ့ ခေတ်စနစ်အနေအထားမှာ ကဗျာ ဆရာအနေနဲ့ ခေတ်ပြိုင်ခံစားမှုရရှိဖို့ ကိုယ့်ရင်ကို အသင့်ဟင်းလင်း ဖွင့်ထားဖို့ ပိုပြီးတော့ လိုအပ်မှုတစ်ခုလို့မြင်လား။

ဖွင့်ထားဖို့ လိုတယ်၊ မလိုဘူးဆိုတာ တာဝန်ဆန်နေမလား မသိဘူး။ ကျွန်တော်တို့က လိုတယ်၊ မလိုတယ်လို့ မဟုတ်ဘူး။ အခုကျတော့ ဒီဒီယာတွေက အရင်ထက် ပိုပွင့်လင်းလာတယ်။ ပြည်တွင်းသတင်းပဲဖြစ်ဖြစ်၊ နိုင်ငံတကာ သတင်းပဲဖြစ်ဖြစ် သတင်းတွေကို နေ့စဉ်နဲ့အမျှ ကျွန်တော်တို့က သိလာရတယ်။ သိလာရတဲ့အခါကျတော့ ခံစားလိုက်ရတယ်။ ဥပမာဆိုလို့ရှိရင် ရခိုင်ကိစ္စ။ စိတ်ထဲမှာ တွေးမထားဘူး။ စိတ်ထဲမှာ ဆွေးလည်းမတွေးထားဘူး။ လုံးဝထင်လည်းမထင်ထားဘူး။ အဲဒီလိုဖြစ်လာတဲ့အခါကျတော့ ဒီလိုခံစားရလို့ အဲဒီလိုမျိုးရေးလိုက်တာ။

ဟုတ်တယ်၊ ခင်ဗျားရဲ့ 'ရခိုင်ရှိုးမရဲ့သက်တော်စောင့်' ဆိုတဲ့ ကဗျာ။

အဲဒီမှာလည်း အဲဒီကျွန်တော်တို့ရေးတဲ့အချိန်တုန်းက အခုလောက် လူအခွင့်အရေး မအော်သေးဘူး။ ရခိုင်အရေးက စစချင်းမှာ အခုလောက် လူအခွင့်အရေး ခပ်စိပ်စိပ်မပြောကြသေးဘူး။ မတရားကျူးကျော်လာရင်တော့ မခံဘူးဆိုတဲ့ခံစားမှု ပေါ်လာတယ်။ ငါတို့တွေး တိုင်းရင်းသားတွေး ညီအစ်ကိုတွေဖြစ်တယ်။ မင်းတို့အားမငယ်နဲ့ပေါ့။ နောက်တစ်ချက်ကလည်း သူတို့တွေရှိနေလို့၊ ရခိုင်မှာ ရခိုင်တွေရှိနေလို့ ကျွန်တော်တို့ဒီမှာ ကောင်းကောင်းနေရတယ်ပေါ့။ အနောက်ဘက်တံခါးသာ ကျိုးပေါက်သွားရင် ကျွန်တော်တို့ ဒီဘက်မှာ ဒီလိုနေလို့မရဘူး။ အများကြီး ဒုက္ခရောက်သွားနိုင်တယ်ပေါ့။ ကဗျာဖတ်ကြည့်ရင်တော့ သိပါတယ်။ တစ်ဖက်သားကိုလည်း ထိခိုက်အောင် ကျွန်တော်မရေးဘူး။

***ကိုရွှေရဲ့ 'ကြည်လင်သောရေတံခွန်' နောက်ပိုင်း ခေတ်ခံစားမှု ပိုပြီးပါတဲ့ ကဗျာအမျိုးအစားတွေ ရေးလာလိမ့်ဦးမယ်လို့ ကျွန်တော် ချော်လင့်မိတယ်။ ကျွန်တော်ဖတ်ခဲ့ရတာတွေလည်းရှိ၊ မဖတ်မိတာ ထွေလည်းရှိပေါ့ဗျာ။ ကွမ်းခြံကုန်းပြို့ကထုတ်တဲ့ ဆရာကြီးမင်း သုဝဏ်အမှတ်တရ မဂ္ဂဇင်းမှာ ကိုရွှေရဲ့ 'မောင်နှမ'ကဗျာ . . . ၊ ခြင်္သေမိုးယာသိမိုးခံရတဲ့ တောင်သူလယ်သမားတွေရဲ့ဘဝ။ ခင်ဗျား ဆစ်ပဲဖွဲ့ဆိုထားတယ်။ ဒီလိုဖွဲ့ဖို့ ခင်ဗျား လက်မနေးဘူး။ အသစ်ရ ဆာတယ်။ ဒီလို ခံစားမှုကို ချက်ချင်းဖွဲ့နိုင်အောင်က စာဖတ်ခြင်း နဲ့၊ နောက်တစ်ခုက လူအဖွဲ့အစည်းကို နားမျက်စိဖွင့်ပြီးတော့ အမြဲ တမ်း ဆုလာအားထုတ်နေလို့သာ၊ တကယ်တော့ ခင်ဗျားက ကဗျာ ဆရာ နှိုင်ငံရေးသမားတစ်ယောက်တော့ မဟုတ်ဘူး။ အဖွဲ့အစည်း တွေမှာ ပါဝင်လှုပ်ရှားနေတာတော့ မဟုတ်ဘူး။ လွတ်လပ်သော ကဗျာ ဆရာတစ်ယောက်အနေနဲ့ကျတော့ ဘယ်လိုလျှင်လျှင်မြန်မြန် လှုပ်ရှား ဖြစ်ပေါ်နေတာတွေကို ရေးဖွဲ့နိုင်အောင်၊ နောက် . . ကိုယ့်လက်ကို ဘူမသွားအောင် အကြောင်းအရာအရေး၊ ဟန်အရေး၊ ပုံသဏ္ဌာန် အရေး ခေတ်နောက်ကျနိမ့်မည်းမရှိအောင် ကဗျာဆရာတစ်ယောက် အနေနဲ့ ရှင်သန်အောင် ကိုယ့်ကိုယ်ကိုယ်ကြိုးစားအား ထုတ်ရတာဟာ၊ ဆရာ့ဆိုရင်ဗျာ မရေးနိုင်တော့ဘဲနဲ့ လက်ထုံထိုင်းကျသွားတာ၊ နောက် တစ်ခုက အချိန်နဲ့တစ်ပြေးညီ လိုက်ပါနှုပြင်ပြီးတော့ လူတန်းစား အသီးသီးရဲ့ရင်ထဲကိုရောက်အောင် ရေးဖွဲ့နိုင်စွမ်းက လိုသေးတယ်။ အဲဒီလို ရေးဖွဲ့နိုင်မှသာ ခေတ်မီပြီးတော့ အမြဲတမ်း လန်းဆန်းသစ်လွင် တဲ့ တဗျာဆရာဘဝကို ရနိုင်မှာပဲမဟုတ်လား။ ကိုရွှေရဲ့အားထုတ်ပုံ၊ အသိလိုအချက်အလက်တွေက ကိုယ့်ကိုရှင်သန်အောင် အားပြု ဆေးထားလဲ၊*

အဓိကကတော့ စာဖတ်ခြင်းပဲ။ ဒီနေ့မိဒီယာတွေရဲ့ ဝေစုရလည်း ပါတယ်။ နေ့စဉ်နဲ့အမျှ တစ်ကမ္ဘာလုံးက ဖြစ်ပျက်နေကြောတွေကို ချက်ချင်းလိုလို သိနေရတယ်။ သိနေရတဲ့အကြောင်းတွေကလည်း ပြင်းတော့ လွတ်လပ်လာတဲ့အခါကျတော့ ထင်ထင်ရှားရှားတွေ၊ အဲဒီမှာ ပိုပြီးတော့ ခံစားလာရလားမသိဘူး။ ကျွန်တော့်စိတ်ထဲမှာ ပူလောင်မှုဖြစ်ဆို လည်း ချက်ချင်း ပူလောင်မှုတွေဖြစ်လာတယ်။ ကဗျာရေးဖို့အတွက်ဆို တစ်ခါတည်း စိတ်ကောဒ လူကောဒ ပါ.ပါသွားတယ်။ ချက်ချင်း ချက်ချင်း လိုလို ဖြစ်ဖြစ်သွားတယ်။ ဥပမာ ကျွန်တော်လယ်သမားတွေအကြောင်း ရေးမယ်ဆို လယ်ယာမြေနဲ့ပတ်သက်တဲ့အကြောင်းအရာ။ ဒါပေမဲ့ ပုံသဏ္ဌာန်တွေမှာကျတော့ နည်းနည်း Change, Change သွားတယ်။ ပုံသဏ္ဌာန်အရ နည်းနည်းလေး နည်းနည်းလေးရွေ့သွားတယ်ပေါ့ဗျာ။

တမင်လှုပ်တာမဟုတ်ဘူး။

ဟုတ်တယ်၊ တမင်လုပ်တာ မဟုတ်ဘူး။ ကြိုးစားပြီးပြောင်းတာ မဟုတ်ဘဲနဲ့ပေါ့။ ကျွန်တော့်ဘာသာကျွန်တော် ရေးရင်းနဲ့ ပြောင်းလာတာမျိုးပေါ့။

အားထုတ်ရင်း၊ ရေးရင်းနဲ့ ရလာတာမျိုးပေါ့။

ဟုတ်တယ်၊ ကျွန်တော့်ပတ်ဝန်းကျင်အနေအထားအရ Form တစ်ခုရလာတယ်ပေါ့နော်။ ဥပမာ လမ်းဘေးစျေးသည်တွေ စကားပြော နေတယ်ဆိုလို့ရှိရင် ကျွန်တော် ဖျတ်ခနဲ ကဗျာအသံထွက်ပုံဟာ သူတို့ ဟန်တွေ ရောက်နေတယ်ဗျ။ လမ်းဘေးစျေးသည်တွေနဲ့ စကားပြောနေ တဲ့အတိုင်းပဲ။ ကိုယ့်ဆီရောက်လာတာ မဟုတ်ဘူး။ အမှန်က ကိုယ်က သူတို့ဆီရောက်နေတာ။ အဲဒါမျိုးတွေ။ ကျွန်တော့်ကဗျာက စျေးသည် စကားပြောနေတဲ့ပုံစံ ဖြစ်သွားရော။ ဥပမာ တီဗွီက ဖြတ်သွားဖြတ်လာ ကြည့်ဖြစ်တဲ့ ကြော်ငြာ။ တစ်ခါတလေ ကိုယ့်စိတ်ထဲရောက်နေတဲ့ ကြော်ငြာတွေရှိတယ်။ ဖျောက်လို့ မရဘူး။ အဲဒီကြော်ငြာတွေက တစ်ချိန်ကျလို့ အလျဉ်းသင့်လာလို့ရှိရင် ဖျတ်ခနဲ ကဗျာတွေဖြစ်လာတတ် တယ်။ ကဗျာက အဲဒီကြော်ငြာ မဟုတ်ဘူး။ ဒါပေမဲ့ Form က အဲဒီ ဟန်လေးတွေ ဝင်သွားရော။ ကဗျာက အဲဒီထဲ ဝင်သွားရော။ အဲဒီတော့ ၂၀၁၃ ရဲ့ ဒီဘက်နှောင်းပိုင်းမှာ ဖြစ်လာတာ။ တစ်ခုနဲ့ တစ်ခုက နည်း နည်း . . . နည်းနည်းလေးတွေ Form က ကွဲပြားလာတယ်။ ကဗျာ ရေးရတာ ပိုပြီးတော့ လက်တွေ့လာသလိုပဲ။ အပြောင်းအလဲဖြစ်တယ်။ စိတ်ထဲမှာ ဖတ်လိုက်ရင်း တစ်ခုခုတော့ အမြဲ ခံစားနေရတယ်။ ဟို တစ်နေ့ကဆိုရင် Eleven မှာ ပြည်သူ့အော်သံ ဖတ်ရတာ ပေးစာတွေ၊ လမ်းတံတားတွေနဲ့ ပတ်သက်တဲ့ ပေးစာ တက္ကသိုလ်ကျောင်းသူလေး တစ်ယောက်က ရေးလိုက်တာ ဖတ်ရတယ်။ စိတ်ထဲမှာ သိနေတယ်။ ဖတ်ပြီး ကဗျာက ရနေတယ်။ ပုံသဏ္ဌာန်ရော ကဗျာရော ရနေတယ်။ ကျွန်တော် ချရေးလိုက်တယ်။ ချရေးတယ်ဆိုတာက အဲဒီမှာ အော်သံတစ်ခု ရသွားတယ်ဆိုရင် ကိုယ့်စကားလုံးနဲ့၊ ကိုယ့်အတွေး အခေါ်နဲ့ ဆက်ရတာပေါ့လေ။ သူ့ခံစားမှုနဲ့ ကိုယ်ခံစားမှုနဲ့ ချိတ်ဆက်ရ တာပေါ့။ သူက အသံတစ်ခု ထုတ်လိုက်တယ်။ ကျွန်တော်က ဆက်ပြီး သူ့အသံကို နောက်က ဆက်ပြီးရအောင် အော်ရတာ။ သူ့အသံကို ထပ်ပြီး ထုတ်လွှင့်တာပေါ့။ ကဗျာ ဆရာရဲ့ အတွေးအခေါ်နဲ့ ကိုယ့်ပုံသဏ္ဌာန်၊ ကိုယ့်အသံဖြစ်အောင် ဖန်တီး ရတယ်။ ရေးရတာ လွတ်လပ်နေတယ်။ ကိုယ့်စိတ်ထဲမှာ ကျေနပ်နေတယ်။ ကိုယ့်ဘာသာ အသစ်တွေ့နေသလိုပဲ မမျော်လင့်ဘဲ ကျွန်တော့်ကဗျာထဲမှာ ပုံသဏ္ဌာန်တစ်ခု ရောက်လာ တယ်။ ကျွန်တော့်စိတ်ထဲမှာ ငါတို့အတွေးတွေ၊ ငါတို့ ဦးနှောက်တွေကို အမြဲတမ်း မီးညှိထားကြဟော့လို့ အသံတွေက ကိုယ့်ကို နှိုးဆော်နေသလိုပဲ။

(ကိုရွှေးရေ . . . ခင်ဗျားဆီက မွေးဖွားလာမယ့် ကဗျာတွေကို ဆက်လက်မျှော်နေမယ်ဗျာ။)

ကိုခါး (ကွမ်းခြံကုန်း)

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၆ ခုနှစ် မတ်လ၊ ထိုင်းနိုင်ငံ။ ကိုယ့်တိုင်းကိုယ့်ဌာနီမှာ အင်ဂျင်နီယာဖြစ်ခဲ့လေသော မင်းဒင်သည် အတိတ်က ရန်ဘက်နိုင်ငံ၌ ကာပူလီးဝါလား ဖြစ်နေလေသည်။ ကာပူလီးဝါးလား ဟူသည် စုံစီနဖာရောင်းသောစျေးသည်ကို ကုလားလိုခေါ်ခြင်းဖြစ်သည်။ ကာပူလီးဝါးလား လုပ်ရင်းတစ်ဘက်က နိုင်ငံတကာကုန်သွယ်ခြင်းအတတ်ကိုလည်း ဆည်းပူးနေစဉ် ထိုင်းမိတ်ဆွေတစ်ဦး၏ မိတ်ဆက်ပေးမှုဖြင့် ဂျပန်တရုတ်ကပြား Mr Woo နှင့် သိကျွမ်းခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

Mr Woo ကား အဖေကျပန်စစ်သား အမေတရုတ်ပြည်ကြီးပေါက် ဒုတိယကမ္ဘာစစ်အတွင်း တရုတ်စစ်မြေပြင်မှာ ဖူးစာဆုံသော ဇနီးနှင့် သမီးသုံးယောက်ရပြီး ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ကုန်သည်။ Woo ကား အစ်မနှစ်ယောက်၏ အငယ်ဆုံးမောင်၊ ဂျပန်နိုင်ငံ ယိုကိုဟားမား တက္ကသိုလ်က စက်မှုအင်ဂျင်နီယာဖြင့် ဘွဲ့ရပြီးထိုင်းမှာ သဘော်အင်ဂျင်တွေ အရောင်းအဝယ်လုပ်နေသူ၊ အသက် ၄၅ နှစ်ခန့်ရှိ၍ မင်းဒင်ထက် ၆ နှစ်ခန့် ကြီးလေသည်။ ဗမာလူလည် မင်းဒင်ကား ဘယ်ကိစ္စမဆို Woo ကိုချည်း နားပူရလေသည်။ သူကား ဓိတ်ဆွေကောင်းပီသပါပေသည်။ အပတ်စဉ် ကြာသပတေးနေ့တိုင်း ညစာခေါ်ကျွေးရုံမက မကောင်းမြစ်တာ ဆောင်းရာညွှန်လက်တတ်လေ၏။

(၂)

ယခုလည်းဖူးခက်မှ ဘန်ကောက်သို့သွားရန် အရေးပေါ်ကိစ္စကြုံလာသဖြင့် သူ့ကားဖြင့်လမ်းကြုံ တင်ခေါ်လာသည်။ သူကား ကျွန်တော် တွေ့ဖူးသမျှ ကားမောင်းအလွန်ကျွမ်းကျင်လှသူ ဖြစ်လေသည်။ တစ်နာရီကိုလို ၁၃၀ ကိုစကားပြောမျက် မောင်းနေသည်။ လမ်းတွေကလည်း ကောင်းသည်ကိုး။

Woo မောင်းနှင်နေသော Toyota Vigo သည် ထိုင်းတောင်မြောက်ကို ဆက်သွယ်ထားသည့် National Hi Way လမ်းမကြီးပေါ်တွင် ဈောင်းကလွတ်သော မြင်းလိုပြေးနေသည်။ အမိမြေကို အလွမ်းမပြေသေးသော မင်းဒင်ကား Nokia 7610 အကူအညီဖြင့် ဗမာပြည်က လုပ်ဖော်ကိုင်ဖက်တွေရဲ့ ဖုန်းနံပါတ်တွေ လျှောက်နှိပ်နေသည်။

"ဟဲလို . . . မင်းဒင်ပါ။ အာကာမင်း ဘာတွေ လုပ်နေလဲ။ ကြီးပွားပြီးရင်း ကြီးပွားရင်းပဲလား"

"တော်ပါကွာ။ ဒီမှာ ဘာမှလုပ်မရတော့ဘူး။ ဆိုးသထက်ဆိုးနေပြီ။

ဗမာပြည် စီးပွားရေးလူစွမ်းကောင်း အာကာက ဆိုးတာတွေ ဆက်ပြော၊ နားထောင်ရင်း ၁၀ မိနစ်လောက်ကြာတော့ ဟ . . . တစ်မိနစ် ၂၄ ဘတ်ဆို၊ ဘတ် ၂၄၀ နားဦးမှ။

"အေး နောက်မှ ထပ်ဆက်ဦးမယ်ကွာ၊ အခု ဘန်ကောက်ကို သွားနေတာ၊ လမ်းပေါ်ရောက်နေလို့"စကားဖြတ်လိုက်ရသည်။

သို့သော် စိတ်ကမပြတ်၊ အာကာ အဆင်မပြေရင် မိုးကျော်ကော အဆင်ပြေသလား။ ဆက်ကြည့်ဦးမှ –

"ဟဲလို မိုးကျော်လား။ မင်းဒင်ပါ။ ဘယ်လိုပဲ ကျွန်းမာပကတိ ချမ်းသာစွာရှိရဲ့လား"

"ဟ . . . . မင်းဒင်လား။ ဒီမှာတော့ သပ္ပါယမမျှဘူးပေ့။ ဆူးလှည်းပေါ်အိပ်ရသလိုပဲကွ" ဆူးလှည်းပေါ်က မိုးကျော်ကလည်း နေရကျပ်လုပ်ရကျပ်သည့်အကြောင်း အကျယ်ပြီကာ ဖွင့်နေပြန်ပေသည်။ နောက် ၁၂ မိနစ်ကုန်ပြန်ပြီ။ ရပ်မှ။

"ဒီမှာ ငါလည်း ဘောင်ဘီတိုနဲ့ ကုန်စုံဆိုင်တရုတ်လိုလို၊ ကွမ်းယာဆိုင်က ကာစင်ဘိုင်လိုလို ပါပဲကွာ၊ ဒီမှာအခြေအနေကောင်းရင် လှမ်းပြော မယ်၊ ပြန်ဆက်ပါဦးမယ်ကွာ"ဟု စကားဖြတ်ချပြန်သည်။

မင်းဒင်ပြောနေသော စကားတွေမှာ အင်္ဂလိပ်စကားဆန်၍ ညှပ်ပါနေတော့ Woo က အလုပ်အကိုင် အခြေအနေအကြောင်း ဗမာပြည်နဲ့ လှမ်း ဆက်နေမှန်း ရိပ်မိသွားပုံရသည်။

"မင်းဒင် ဗမာပြည်မှာ Mobile Phone ရှိလား"

"ရှိပါတယ်ဗျ"

"ထိုင်းမှာလို SIM Card နဲ့ပဲလား"

"တယ်လီဖုန်းတွေကို လိုင်းဖုန်းရော Mobile ဖုန်းရော အစိုးရက ကိုင်ထားတာဗျို့၊ ဖုန်း တစ်လုံးကို ထိုင်းဘတ်တစ်သိန်းလောက်တန်တယ်ဗျ"

"မင်း တကယ်ပြောတာလား။ ဟုတ်ရဲ့လားကွာ၊ မော်တော်ကား စျေးကော"

"ဗမာပြည်မှာကား အကောင်းစား Land Cruiser ဆို ထိုင်းဘတ် ဆယ်သိန်းဝန်းကျင်ရှိတယ်"

"တကယ်ပြောတာလား၊ သေချာရဲ့လား၊ ဓာတ်ဆီစျေးကရော"

"ဓာတ်ဆီက အစိုးရကကိုင်ထားတာ၊ လို ချင်သလောက် ဝယ်မရဘူး"

"ဟုတ်ရဲ့လားကွာ၊ ခရီးဝေးဝေးသွားချင်ရင် ဘယ်နှင့်လုပ်လဲ" Woo က သွေးရိုးသားရိုး မေးနေပုံရသော်လည်း "ဟုတ်ရဲ့လား သေချာရဲ့လား"ဟု အမေးထပ်လျက် မင်းဒင်ကို စိတ်မနှံ့သူ လိုကြည့်လာသည့်အခါ ဗမာဝီဝီ စိတ်အချဉ်ပေါက်လာသည်။ "ခင်ဗျားကိုယ်တိုင်သာသွားကြည့်ပေတော့။ လေယာဉ်ခအသွားအပြန် ဘတ် ၆၀၀၀ ထက်ပိုမကုန်ဘူး။ ခင်ဗျားကို လိမ်ပြောနေလို့ ဘာအကျိုးရှိရမှာလဲ"

Woo ကားမင်းဒင်ထက် ယဉ်ကျေးလေသည်။

"အေးပါ၊ မင်းပြောထားတော့ ငါသွားကဲ့အခါ ကြိုသိရတာပေါ့။ ဗမာပြည်က ချမ်းသာတယ်။ သဘာဝအရင်းအမြစ်တွေ ပေါတယ်လို့သာ ကြားဖူးတာ။ မရောက်ဖူးတော့ ဘာမှမသိဘူး။ ဒါနဲ့ မင်းက ဘာဖြစ်လို့ ဒီဘက်ထွက်လာတာလဲ"

ရော ဝင်ဆွဲကြေးကားမကုန်၊ ထွက်ပေါက်ရပြီ ဆိုပြီး "ဟင်း"ချမလိုရှိသေး။ နောက်တစ်ချီ။ ဒီတစ်လုံးက ဖုံးလိုက်ပြန်ပြီ။ ပြည့်ပြည့်စုံစုံကို ဖြေချင်ပါသည်။

ဖုန်း ကားနှင့် ဓာတ်ဆီကိစ္စကိုပင် "ဟုတ်ရဲ့လား" နေသော Woo ကို ရေရာသော အဖြေပေးနိုင်ရန် မင်းဒင်အတွက် မြင့်မိုရ်ကိုချေရမလောက် ဖြေချင်ပါသည်။ သို့သော် မင်းဒင် ရုတ်ခြည်းပေါ်လာသော စိတ်ကူးတစ်ခုဖြင့် ချက်ချင်းပြန်ဖြေလိုက်ပါသည်။ "ဘုရင်ကြီးကြောင့် ကျွန်တော် အဲဒီနိုင်ငံက ထွက်လာတာဗျ"

"မင်းတို့နိုင်ငံက ဘုရင်အုပ်ချုပ်တာလား"

"ကဲ ခင်ဗျားနားလည်အောင် ကျွန်တော် ဖြည့်ဖြည့်ပြောမယ်။ ခင်ဗျားလည်း ကားဖြည့်ဖြည့်မောင်း၊ ကျွန်တော်ပြောတဲ့ ဘုရင်ကြီးကြောင့်ဆိုတာ ရှင်းသွားအောင် အခုပြောပြမယ့် ပုံပြင်ကို အရင် နားထောင်ပါ"

" မင်းကို ငါကယ်မယ်၊ မင်းစိတ်ကိုငြိမ်ငြိမ်ထား၊ ငါပြောတာ တသွေမတိမ်း နားထောင်ပါ။ အခု မင်းလည်ပင်းက ကြိုးကွင်းကို ငါကလုပြီး ငါ့လည်ပင်းမှာ စွပ်မယ်။ မင်းက ပြန်လုပြီး မင်းလည်ပင်းမှာစွပ်ပါ "

www.burmeseclassic.com

www.burmeseclassic.com



(၃)

စင်စစ် ဤပုံပြင်သည် မင်းဒင်၏ မူပိုင်မဟုတ်ပါ။ စင်ကာပူက ကျွန်တော့်မိတ်ဆွေ မဟာမေဒင် ဘာသာဝင် ဒေါက်တာအောင်ကျော်ထွန်း၏ ပုံပြင်သာဖြစ်ပါသည်။ ထိုပုံပြင် ကျွန်တော့်ကို ပြောပြခဲ့ခြင်းမှာလည်း "ဒေါက်တာဘာလို့ ဗမာပြည်က ထွက်လာရတာလဲဗျာ" ဟူသော မင်းဒင်မေးခွန်းကြောင့်-

"ကိုမင်းဒင်မနေအပ်တဲ့ တိုင်းပြည်ဆိုတာ ကျွန်တော်တို့ တရားတော်ရဲ့ နိုပါတ်တွေထဲမှာရှိတယ်ဗျ" အစချီ ပြောပြခဲ့ဖူးသော ပသီပုံပြင်ဖြစ်ပါသည်။ ယခုကျွန်တော် W၀၀ ကို ဖောက်သည်စျေးနှင့် အခမဲ့ပြန်ပေး(သို့) ပြန်ပြောနေခြင်းဖြစ်ပါသည်။

ကျွန်တော်ပြောမယ့် ပုံပြင်က ဒီလိုဗျ Mr W၀၀ ရ . . .

တစ်ခါတုန်းက ဆော်ဒီအာရေဗျ ကျွန်းဆွယ်ဒေသအနှံ့ကို ဗဟုသုတရှာရင်း ကြုံသလိုအသက်မွေးဝမ်းကျောင်းရင်း ခရီးလှည့်လည်နေတဲ့ ယညာရှိတစ်ဦးနဲ့ သူ့အဖော်တပည့်တစ်ယောက်ရှိသတဲ့ဗျာ။ ဆရာ ဒုပ်သူပညာရှိဟာ ဗဟုသုတအလို့ငှာ လှည့်လည်နေပေမယ့် တပည့်လုပ်သူကတော့ အနေချောင်တဲ့ အရပ်ဒေသ၊ နိုင်ငံတစ်ခုခုမှာ အခြေချနေလိုက်မယ်လို့ စိတ်ကူးထားသတဲ့။

ဒီလိုနဲ့ ခရီးလှည့်လည်နေလိုက်ကြတာ ၅ နှစ်လောက်ကြာတော့ နိုင်ငံတစ်ခုကို ရောက်လာပါသတဲ့။ အဲဒီနိုင်ငံကို ရောက်ရောက်ချင်း ဆရာတပည့် နှစ်ယောက် စျေးတစ်ခုကိုသွားပြီး ရိက္ခာသွားဝယ်ကြတဲ့အခါ ကန်စွန်းရွက်တစ်စည်း တစ်ကျပ်၊ အမဲသားတစ်ပိဿာ တစ်ကျပ်၊ ဆန်တစ်တင်းတစ်ကျပ်၊ ဘာမဆို တစ်ကျပ်စျေးချည်းဖြစ်နေတာ တွေ့ရပါသတဲ့။

အဲဒီအခါ တပည့်လုပ်သူက "ဆရာ သခင် ကျွန်တော်ရှာနေတဲ့ နိုင်ငံတွေပြီ။ ဒီမှာပဲ ကျွန်တော် အခြေချနေတော့မယ် ဆရာ"လို့ဆိုတော့ ဆရာလုပ်သူပညာရှိက ဘာကြောင့် စျေးတွေတူနေရသလဲ၊ ဘာကြောင့် သူ့စျေးနဲ့သူမရောင်းကြသလဲဆိုတာ စုံစမ်းတဲ့အခါ အဲဒီနိုင်ငံရဲ့ ဘုရင်ကြီးအမိန့်ကြောင့်လို့ ပြန်ဖြေကြသတဲ့။ ဒီတော့ ဆရာလုပ်သူက "တပည့် ဒီဒေသဟာ မနေအပ်တဲ့ အရပ်ဖြစ်တယ်။ ဒီနိုင်ငံဘုရင်ကြီးဟာ ဘာမှ နားလည်ပုံမရဘူး။ မင်းမနေပါနဲ့၊ ဒုက္ခရောက်လိမ့်မယ်"လို့ အတန်တန် နားချပေမယ့် တပည့်လုပ်သူက နားမထောင်ဘဲ ဖွတ်နေရစ်ဖို့ လုပ်နေတာကြောင့် "ကဲ . . . ပြောမရရင်လည်း မင်းနေခဲ့ပါ။ အလွယ်အရှင်မြတ်အလိုတော်ရှိခဲ့ရင်တော့ မင်းဒုက္ခရောက်တဲ့အချိန် ငါကယ်တင်နိုင်ပါလိမ့်မယ်"ဆိုပြီး တစ်ယောက်တည်း ခရီးဆက်ထွက်သွားသတဲ့။

ဒီလိုနဲ့ တပည့်လုပ်သူဟာ အဲဒီနိုင်ငံမှာနေလာခဲ့တာ တစ်လလောက်ကြာလာတဲ့အခါ အုတ်နံရံစည်းရုံးကို ကျော်တက်ရာက အုတ်နံရံပြိုကျပြီး သူဦးနှံရံပိသေတာဖြစ်ပါသတဲ့။ အဲဒီအမှုဟာ ဘုရင်ကြီးဆီရောက်လာတဲ့အခါ "အုတ်နံရံကို ခိုင်မာအောင် မလုပ်တဲ့ အိမ်ပိုင်ရှင်မှာ အပြစ်ရှိတယ်။ အိမ်ပိုင်ရှင်ကိုသတ်စေ"လို့ အမိန့်ချသတဲ့။ အဲဒီအခါ အိမ်ပိုင်ရှင်က "ဘုရင်ကြီးခင်ဗျာ ဒီအုတ်နံရံဟာ ပန်းရံသမားလုပ်တဲ့ အုတ်နံရံပါ"ဆိုတော့ ဘုရင်ကြီးက "ဒီလိုဆို ပန်းရံသမားအပြစ်ပေါ့။ အိမ်ရှင်ကိုလွှတ်၊ ပန်းရံသမားကို သတ်စေ"လို့ အမိန့်ချပြန်ပါသတဲ့။ အဲဒီအခါ ပန်းရံသမားက "ဘုရင်ကြီးခင်ဗျား ဒီနံရံကိုလုပ်ဖို့ ဖျော်ထားတဲ့ အင်္ဂတေဆရာ ပုံးနှာမှာထားတဲ့ ရေပုံးကို နွားတစ်ကောင်ကန်သွားလို့ အင်္ဂတေမှာ ရေတွေများပြီး နံရံပြိုရတာပါ။ နွားမှာ အပြစ်ရှိပါတယ်"လို့ လျှောက်ထားပြန်တော့ ဘုရင်ကြီးက "ဟာ . . . ဒါဆို အဲဒီနွားကိုသတ်စေ။ ပန်းရံသမားလွှတ်စေ"ဆိုပြီး အမိန့်ချပြန်ပါသတဲ့။

အဲဒီနွားကို ရှာတဲ့အခါ နွားက နွားသတ်ရုံရောက်ပြီး သတ်ပြီးသားဖြစ်နေတဲ့အခါ "နွားသတ်ရုံပိုင်ရှင်ကို သတ်စေ"လို့ အမိန့်ချပြန်ပါသတဲ့၊ နွားသတ်ရုံပိုင်ရှင်ကို လည်ပင်းကြိုးကွင်းစွပ်ပြီး သေဒဏ်ပေးတဲ့အခါ ပုံပန်းမကျပဲ လည်ပင်းနဲ့ခေါင်းတစ်ဆက်တည်းဖြစ်နေတော့ ကြိုးကွင်းက လျှောလျှောထွက်နေပြီး ကြိုးပေးမချဖြစ်နေသတဲ့၊ အဲဒီအကြောင်းရင်း ဘုရင်ကြီးကို လျှောက်တဲ့အခါ "ဟ၊ ဒီလိုဆို အဲဒီကြိုးကွင်းနဲ့တော်တဲ့ တွေ့တဲ့လူတစ်ယောက်ယောက်ကို ကြိုးပေးကွာ"လို့ အမိန့်ချပြန်သတဲ့။

အဲဒီအချိန်မှာ အာဏာပါးကွက်သားတွေက နီးရာလူကိုရှာတဲ့အခါ ဒီကိစ္စ ဘယ်လိုရှင်းမလဲသိချင်လို့ လိုက်ကြည့်နေတဲ့ ဧည့်နိုင်ငံသား တပည့်ဖြစ်သူကိုတွေ့ပြီး လည်ပင်းကို ကြိုးကွင်းစွပ်လိုက်ကြပါသတဲ့။ အဲဒီအခါ တပည့်ဖြစ်သူက "ဆရာ သခင်စကားကို နားမထောင်မိတာတော့ မှားပြီ။ အလွယ်အရှင်မြတ် ကယ်တော်မူပါ" ဆိုပြီး ရုန်းကန်အော်ဟစ်နေသတဲ့။

တိုက်တိုက်ဆိုက်ပဲ အဲဒီအချိန်မှာ ဆရာလုပ်သူဟာ လူအုပ်ထဲက ထွက်လာပြီး "မင်းကို ငါကယ်မယ်၊ မင်းစိတ်ကိုငြိမ်ငြိမ်ထား၊ ငါပြောတာ တသွေမတိမ်း နားထောင်ပါ။ အခု မင်းလည်ပင်းက ကြိုးကွင်းကို ငါကလုပြီး ငါ့လည်ပင်းမှာ စွပ်မယ်။ မင်းက ပြန်လုပြီး မင်းလည်ပင်းမှာ စွပ်ပါ" လို့ သင်ပေးပြီး ဆရာတပည့်နှစ်ယောက် ကြိုးကွင်းကို အပြန်အလှန်လုပြီး စွပ်နေကြပါသတဲ့။ အဲဒီသတင်းကို ဘုရင်ကြီးကြားတဲ့အခါ "ဟဒွန္ဒယားကြီးဟာထူးဆန်းလှချည်လား"ဆိုပြီး ကိုယ်ပိုင်လူသတ်ကုန်းကို ဆင်းလာပြီး အကဲဖြတ်အကြောင်းမေးတဲ့အခါ ဆရာလုပ်သူပညာရှိက "ဘုရင်ကြီး ခင်ဗျား ဒီအချိန်ဟာ ကောင်းကင်ဘုံ ဂျန္ဒတ်တံခါးဖွင့်ချိန်ဖြစ်ပါတယ်။ ဒီကြိုးနဲ့ ဒီအချိန်သေတဲ့သူဟာ ဂျန္ဒတ်ကို တန်းရောက်မှာပါ" အဲဒီအခါဘုရင်ကြီးက တစ်ချက်တွေခနဲ စဉ်းစားပြီး "ဟ ဒီနိုင်ငံဟာ ငါ့နိုင်ငံက ဂျန္ဒတ်ကိုသွားဖို့ ငါ့ထက် သင့်တော်တဲ့သူမရှိဘူး။ ပေးစမ်း မင်းလည်ပင်းကကြိုးကွင်း"ဆိုပြီး သူ့လည်ပင်းသူကြိုးကွင်းစွပ်၊ အာဏာပါးကွက်သားတွေကို မြန်မြန်ဆွဲတင်ကြ၊ အချိန်ကိုက်ဖြစ်မှလို့ အမိန့်ပေးတော့ အာဏာပါးကွက်သားတွေက ကြောက်ကြောက်နဲ့ကြိုးကို ဆွဲတင်လိုက်တာ ဘုရင်ကြီး အသက်ပျောက်ပါရောတဲ့ဗျာ . . . ။

(၄)

"ကဲ . . . ပုံပြင်ကတော့ ဒါပါပဲဗျာ။ ခင်ဗျားမေးခွန်းကိုလည်း ကျေပွေပြီးပြီ။ ဘယ်နှယ့်လဲ"ဆိုတော့ Mr.W၀၀ က "အိုးအိုင်ဆီးအိုင်ဆီးအိုင်ဆီး၊ ဒွီးဒွီး" ဆိုပြီး တံတွေးတွေ သီးအောင် ရယ်မောနေလေ၏။

Mr. W၀၀ ဟာ ဘုရင်ကြီးရဲ့ဇာတ်သိမ်းကို သဘောကျ၍ ရယ်မောလေသလား၊ ကျွန်တော်ဖြေပုံ ဥပမာကိုသဘောကျလို့ ရယ်မောလေသလား၊ မင်းဒင်မဝေခွဲနိုင်ပါ။ မင်းဒင်ရင်ထဲတွင်မူ ပြည်သူပြည်သားတွေအတွက်ရင်ဆို့နေပါသည်။

မင်းဒင်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အချိုးနှိမ်ခံအဖိနှိပ်ခံ ခေါင်းမထောင်နိုင်လောက်အောင် အနှိမ်ခံရသော ပန်းနှင်းဆီ။ သူအလှည့် ရောက်လာသည်မို့ မည်သူမျှ တားရှဲ့၊ နှိမ်ရှဲ့၊ ဖိနှိပ်ရှဲ့၊ ချုပ်ခြယ်ရှဲ့ မရတော့ပါပြီ။ တစ်ဆောင်းလုံး ခေါင်းမဖော်ဘဲ နေရသည့် နှင်းဆီပင်များ အညှန့်တလူလူ တက်ရွှင်လာလေပြီ။ သူ အစွမ်းကုန်ပွင့်ပါလေပြီ။

အကယ်၍သာ တောင်ကြီးမရောက်ဖူးဘဲ အလေ့ကျ အပြိုင်းအရိုင်း ဝေဝေဆာဆာ ပွင့်ဝေနေသော ရောင်စုံနှင်းဆီရိုင်းများကိုသာ မမြင်ခဲ့ဖူးဘဲဆိုလျှင် အမေရိကန်ပြည်ထောင်စုက ပန်းနှင်းဆီများ ပွင့်ဝေနေပုံကို အံ့ဩမိမှာ အမှန်ပင်။

ယေစဉ်အခါက အိမ်တွင် ဥယျာဉ်မှူးလုပ်သည့် ဒိုတီဖြူဝတ် ခေါင်းတွင် ပိတ်ဖြူပေါင်းသည့် မာလီက နှင်းဆီဖြူ၊ နှင်းဆီနီ၊ နှင်းဆီဝါ၊ နှင်းဆီပန်းရောင်၊ ပွင့်လွှာထစ်တပ်တည်း ရှိ သည့် နှင်းဆီ၊ ပွင့်လွှာ သုံးလေးထပ်နှင့် နှင်းဆီ၊ ပွင့်လွှာအထပ်ထပ်နှင့်နှင်းဆီ၊ ပွင့်လွှာပါးလွလွ နှင်းဆီ၊ ပွင့်ဖတ် မထူမပါးနှင်းဆီ၊ ပွင့်လွှာထူအမ်းအမ်းနှင်းဆီ . . . စသည့် နှင်းဆီမျိုးစုံကို ပန်းအိုးအရွယ်အလတ် အသေးအကြီးအရွယ်စုံတွင် ထည့်၊ တယုတယ ပျိုးထောင်စိုက်ပျိုးထားသည်ကို အမှတ်ထင်ထင် ရှိမိနေဆဲပါ။

အလို . . ပန်းချင်းတူတူ နှင်းဆီများက နေရာအတော်ရလေသည်လား။ စက်ပိုင်းကွက်များ ဖောက်ထားသည့် သံဆန်ကာချပ်ကြီးများကို (စစ်အတွင်းတုန်းက လေယာဉ်ပြေးလမ်းအဖြစ် အထပ်ထပ် ခင်းသော သံဆန်ကာများဟု လူကြီးတွေက ပြောပါသည်) စင်လုပ်ထားပြီး နှင်းဆီအိုးများကို စီရရီ တင်ထားသည်လေ။ စင်တင်ပန်းများဖြစ်လေသည်ဟေ့။ မြေစိုက်နှင်းဆီပင်များလည်း ရှိပါသည်။ သို့တစေ ခေါင်းရင်းခြေက နှင်းဆီပန်းများနှင့် ယှဉ်လိုက်လေ လျှင် အိမ်က နှင်းဆီများက ပဇာမျှ ပြောလောက်သည်မဟုတ်။ ခေါင်းရင်းအိမ်က နှင်းဆီများကို တစ်တန်းတည်း၊ နှစ်တန်း သုံးလေးတန်း တန်းစိုက်ထားသည့် နှင်းဆီခင်းများတွင်လည်း တွေ့ရ၊ နှင်းဆီအိုးများတွင်လည်း တွေ့ရ၊ တစ်စင်လုံး နှင်းဆီအိုးများချည်း တင်ထားသည့် စင်များတွင်လည်း တွေ့ရ၊ အရောင်များကလည်း အိမ်က နှင်းဆီပန်းများထက်လည်းစုံ၊ အပင်များကလည်း ပိုများ။ ပိုလည်းစုံ၊ ပိုလည်း များလေသဖြင့် ပိုလည်း လှသည်က မဆန်းပါလေ။

မာလီက မည်သည့်ဆေးများ ဖျန်းလေ့ရှိသည်ကိုတော့ မသိပါ။ သို့ပေသိ နှင်းဆီများ ခများ ပိုးကောင်ဒဏ် ခံရရှာပါသည်။ နှင်းဆီရွက်စိမ်းများကို ပိုးများက အလွန်ကို နှစ်သက်သည် ထင်ပါသည်။ နှင်းဆီရွက်အောက်ပိုင်းကို မပြတ် ကြည့်နေရသည်။ သာမန်မြင်သာသည့် အပေါ်ပိုင်းတွင် ပိုးများက မတွယ်။ မကြည့် တတ်လျှင် ပိုးတွယ်နေသည်ကို တော်ရုံနှင့် မသိနိုင်။ ပိုးတွယ်မတွယ် သိနိုင်ရန် နှင်းဆီရွက်စိမ်းများကို လှန်ကြည့်ရပါသည်။ ပိုးတွယ်နေလျှင် ထို ပိုးဖြူများကို တုတ်ငယ်တစ်ချောင်းနှင့် မာလီတို့၊ မေမေတို့ ခေါင်းရင်းအိမ်က ကြီးကြီးမေတို့ ခြစ်ချလိုက်ပုံမျိုး အတုလိုက်ခိုးပြီး ပိုးများကို ခြစ်ချပေးလေ့ ရှိသည်ကိုလည်း အမှတ်ထင်ထင်ရှိဆဲ။ လူကြီးများကို လိုက်ရှုပ်နေခြင်း မဟုတ်သည်ကလည်း အမှန် . . . နှင်းဆီပန်းများအလှ ပြယ်သွားမည်ကို စိုးရိမ်မိ၍ပါ။ သို့စင်လျက် တစ်ခါတစ်ခါ ပိုးများက နိုင်သွားတတ်ပါသည်။ သို့ဆိုလျှင် နှင်းဆီရွက်စိမ်းများသည် တဖြည်းဖြည်း အညိုရောင်ဘက် လှည့်ပြီး ညှိုးလျော့ခြောက်သွေ့သွားရုံမက အပင်လည်း သက်ဆိုးမရှည်နိုင်ရှာ။

နှင်းဆီအနာဂတ် မလှပနိုင်လေတော့။

တောင်ကြီးမြို့အရောက် ကားပေါ်က အဆင်း တည်းခိုမည့် အိမ်၏ ခြံဝင်းတွင် အပြိုင်အဆိုင် အလှချင်းပြိုင် အလုအယက် ပွင့်နေသည့် နှင်းဆီရိုင်းများကို ဘွားခနဲ တွေ့လိုက်ရသည့် မြင်ကွင်းကိုလည်း ဤတစ်သက် မမေ့နိုင်တော့ပါ။

အလို . . . နှင်းဆီနီဝါပန်းသွေး၊ ခရမ်းရောင်၊ ကြက်သွေးရောင်စုံများကို တယုတယ ပြုစုရန် မလိုပါလား။ အလေ့ကျ ပေါက်နေပါသည်လား၊ အိမ်က နှင်းဆီပင်များကဲ့သို့ ပန်းအိုးထဲတွင် ပွင့်နေသည်မဟုတ်၊ ခြံစည်းရိုးကာလောက်လေသည့် ရိုးတံရှည်နှင်းဆီရိုင်းများ၊ အသွေးအရောင်က လှလည်းလှ၊ အဆင်းရနံ့ကလည်း သင်း။

လောကကို အလှဆင်သော နှင်းဆီ

ထိုသောနှင်းဆီများကို အမေရိကားတွင် တွေ့ရသည့်အခါ ထူးထွေ၍ မအံ့သြတော့ပါ လေလည်း တွေ့ဖူးထားသည့် နှင်းဆီများထက် အမျိုးအစား စုံလင်သော၊ အရောင်အသွေးပိုစုံသော၊ အရွယ်အစား ပိုစုံသော ရန်ကုန်တွင် မြင်ရခဲသည့် ယောကျ်ားလက်တစ်ဝါးစာထက် အရွယ်ကြီးသော နှင်းဆီများ ဖြစ်နေသည်ကို တော့ ဝန်ခံရပါမည်။

ပထမဆုံး ရောက်သွားသည့် ကယ်လီဖိုးနီးယားပြည်နယ် ဘာကလေမြို့မှနှင်းဆီဥယျာဉ်တွင် ထိုသောနှင်းဆီများကို စိုက်ခင်းများတွင် နှင်းဆီချုံတွင်၊ နှင်းဆီခွေယ်တွင်၊ သစ်သားတံတားခုံးတွင်၊ လှေကားထစ်များတွင်၊ လူလုပ်ရေကန်ပတ်ပတ်လည်တွင်၊ အုတ်နံရံတွင်၊ တစ်ခြံလုံး ဘယ်နေရာကြည့်ကြည့် ပန်းနှင်းဆီများ တွေ့ရသည်ကလည်း မှတ်မှတ်ရရ။

တစ်ခုတော့ ရှိပါသည်။ ကိုယ့်ငါးချဉ်ကိုယ်ချဉ်လေသည်တော့ မဟုတ်။ အမေရိကားမှ နှင်းဆီများသည် မြန်မာနိုင်ငံ နှင်းဆီများသို့ နှယ် ရနံ့မသင်းခြင်းပင်။ အမေရိကန် နှင်းဆီဥယျာဉ်တွင် နေရာရသည့် ပန်းနှင်းဆီများသည် လွယ်လွယ်ကူကူ သိမ်းကျုံးခံ နှင်းဆီဟူ၍ ရောနှောခေါ်ဝေါ်ခံရမည့်အရေးက ကျော်လွန် ၍ နှင်းဆီပန်း၏ အမည်၊ မည်သည့်နှင်းဆီ၊ မည်သည့်မျိုး။ မည်သည့်နိုင်ငံတွင် ပေါက်ဖွားသည့် နှင်းဆီဟူ၍ စာတန်းလေးများဖြင့် သတ်သတ်မှတ်မှတ် ဖော်ပြခံရလေသည်က နှင်းဆီချင်းတူတူ ကုသိုလ်က မတူပြန်ပါလေ။

ဟေမာန်ဆောင်းမတိုင်ခင် ဦးနှိမ်ခံရ၊ အရွက်၊ အပူး၊ အငုံ၊ ပွင့်ဖတ် တစ်စတစ်မျှင် တစ်လွှာမျှ မကျန် ရိုးတံသက်သက်သာကျန်အောင် ချိုးနှိမ်ခံရသည့် နှင်းဆီ။

www.burmeseclassic.com

www.burmeseclassic.com



ရန်သင်းသင်း၊ မသင်းသင်း နှင်းဆီ သည် နှင်းဆီ၊ လှပါသည်။

နှင်းဆီများကို ဇာချဲ့နေ၍ လိုရင်းကို ယခုမှ ပြောနိုင်ပါတော့မည်။ အခြားမဟုတ်ပါ။ နှင်းဆီ ဆိုအားမာန်၊ နှင်းဆီ၏ ဂုဏ်ဖြင့်။

တစ်ဆောင်းလုံး ခေါင်းမဖော်ဘဲ နေရသည့် နှင်းဆီများ၏ မာန်။

မြန်မာနိုင်ငံကဲ့သို့ မဟုတ်မူ၍ အမေရိကားမှ နှင်းဆီများသည် ရာသီဥတုဒဏ် အလွန်ကို ခံရပါသည်။

နှင်းဆီများသည် ဆောင်းဒဏ်ကို အလူးအလိမ့်ခံစားရပါသည်။ နှင်းပွင့်များကြား . . . ရေခဲမှတ်အောက်အေးသော ဆောင်းကြား၊ နှင်းဆီများသည် အားမတန်မာန်လျော့ မလူးနိုင်၊ ဆင့်နိုင်၊ မအာနိုင်၊ မပွင့်နိုင်။ ရွက်စိမ်းများလည်း စာလှလှ မတက်နိုင်ဘဲ အရိုးပြိုင်းပြိုင်းနှင့် ဖြစ်၍ နေပါသည်။

အမှန်တော့ နှင်းဆီသည် ဘဝဆန်လှပေသည်။

နွေဂိမာန်လွန်၍ ဆောင်းဦးကာလ အေးစပြုလာသည်နှင့် နှင်းဆီပန်းမျိုးဆက်သစ်များ ရောဏ်အနိုင်ရှာတော့ပါ။ သို့တစေ ဖောက်ပြန် သည့် လူသားများရှိသော ကမ္ဘာသည် ဖောက်ပြန်သော ရာသီဥတုကိုလည်း လက်သင့်ခံရပါသည်။

တစ်ခါတရံ ဆောင်းဦးသည် အေးနေရာက နွေးလာလျှင်လည်း နွေးတတ်ပါသည်။ ထိုရောအခါ အငုံစိတ်နှင့် ဦးကျိုးနေရသော ပန်းနှင်းဆီသည် ရသမျှ စွမ်းအားနှင့် နိုးထလာပြီး အတတ်နိုင်ဆုံး ပွင့်လာ အလှများ ဝေငှလာပါလေသည်။

ခဏနေ၍ ရာသီအေးလာလျှင် ငွားငွား စွင့်စွင့်နေရာမှ အရောင်များ လွင့်ပြယ်ရုံမက ဦးငိုက်ကျသွားရရာပါလေသည်။ တစ်ရံတစ်ခါ ဆောင်းဦးပင် ဖြစ်လင့်ကစား နှင်းမုန်တိုင်း ဝင်ချင်လျှင် ဝင်တတ်လေရာ နှင်းလွှာဖတ်များကို တောင့်မခံနိုင်တော့ဘဲ အိကျသွားရသည့် ပန်းနှင်းဆီများ၏ မချမ်းမလှ ဘဝကို ကရုဏာသက်ရပြန်ပါသည်။

ဆူးသာရှိပါသည်။ ပန်းနှင်းဆီသည် သည်သို့သော အခြေအနေတွင် သူ့ဆူးများသည်လည်း လက်နက်များ မဟုတ်လေပါ။ တွေးကြည့်လျှင် သူ့ဆူးများသည် သူကအရင် ရန်လာစသည့် သဘောမဆောင်ပါ။ သူဘာသာသူ တစ်ထောင့်တစ်နေရာမှ ကမ္ဘာမြေကို အလှပန်းဝေပေးနေရုံနှင့် သူကို လာထိသူတို့ကိုသာ နာကျင်စေစူးစေသည်သာ။ သူက မည်သူ့ကိုမျှ ချွန်မြမြဆူးနှင့် တမင်နာကျင်စေသည် မဟုတ်ပါ။

သူ့ဆူးသည် သူ့အတွက် အကာအကွယ်သာ ဖြစ်ပါသည်။

အမေရိကားတွင် ဆောင်းဝိဝိပြင်ပြင် မဝင်ခင် နှင်းဆီပင်များကို ငုံးတိတိ၊ တုံးတိတိ ဖြစ်အောင် ပင်စည်အထက် လက်တစ်တောင် တစ်တောင်ကျော်လောက်က တိခနဲ ရက်ရက်စက်စက် ဖြတ်ပစ်ကြသည်။ ကြည့်ပါလေ၊ ထိလည်း မခံ၊ အလှမာန်လည်း ရှိ၊ ရန့်လည်း သင်းပျံ့မလှမပ ရှိရန်ကောရယ်လို့ မည်သို့မျှ ယိုးစွပ်၍ မရသော ပန်းနှင်းဆီ ဦးချိုးခံရသည် ဖြစ်ရပ်၊ အရိုးချည်းကျန် . . . အကျည်းတန်ဘဝကို ချက်ချင်းရောက်သွားသည့် ပန်းနှင်းဆီ။ သည်အရပ်က နှင်းဆီများသည် တောင်ကြီးမြို့မှ နှင်းဆီများနှယ် ပင်စည်လည်းရှည်၊ ရိုးတံလည်း ရှည်ကြသည်။

မပြုမပြင်ဘဲ အလေ့ကျပေါက်နေသည့် နှင်းဆီရိုင်းများကသည် စင်ထိုးမစိုက်သည့် ဖရဲပင်သဖွယ် ရိုးတံက အမြင့်သို့ ထိုးမထွက်လေဘဲ မြေတွင် ရိုးတံကို တိုးဆန့်နိုင်သမျှ တွားထွက်လေရာ ပန်းပွင့်ချိန်တွင် ပီဘိ နှင်းဆီချုံနွယ်ဖြစ်၍နေတတ်သည်။ ဤသို့သော နှင်းဆီချုံနွယ်များကို အဝေးပြေးလမ်းမ အဝင်အထွက် လမ်းများတွင် တောထနေသည်ကို တွေ့ရတတ်ပါသည်။ ထိုသောနှင်းဆီတောတို့ကို ပြုစုစောင့်ရှောက်သည့် ဥယျာဉ်မှူးများ ရှိ၊ မရှိ မသေချာ။ ပြောလိုသည်က တယုတယ ပြုစုထားသည့် နှင်းဆီယဉ်များဘဝ။

ဟေမာန်ဆောင်းမတိုင်ခင် ဦးနှိမ်ခံရ၊ အရွက်၊ အဖူး အငုံ၊ ပွင့်ဖတ် တစ်စတစ်မျှင် တစ်လွှာမျှမကျန် ရိုးတံသက်သက်သာကျန်အောင် ချိုးနှိမ်ခံရသည့် နှင်းဆီ။ လူသဘာဝနှင့်ပြောလျှင် ဖိနှိပ်ခံရသည့် နှင်းဆီ၊ ဤနှင်းဆီတို့ ဆောင်းဝိဝိသဿ ရောက်လာသည့်အခါ ပဇာမျှ ဖူးခွင့်၊ ငုံခွင့် ပွင့်အာခွင့်မသာ။ အညွှန့်လည်း ချိုးခံရ၊ ရာသီဒဏ်လည်း လိုမဲ့နေအောင် ခံရ။

သို့တစေ . . . အချိုးနှိမ်ခံ၊ ဖိနှိပ်ခံ ခေါင်းမထောင်နိုင်အောင် ဦးချိုးခံရသော ပန်းနှင်းဆီကို တစ်သက်လှာလုံး ချိုးနှိမ်၍ မရနိုင်ပါ။ ရာသီလင်းလာလျှင် နွေးထွေးလာလျှင် သူ့အလှည့် ရောက်လာသည်ဖို့ မည်သူမျှ တား၍ နိုပ်၍ ဖိနှိပ်၍ ချုပ်ခြယ်၍ မရတော့ပါပြီ။ တစ်ဆောင်းလုံး ခေါင်းမဖော်ဘဲ နေရသည့် နှင်းဆီပင်များ အညွှန့်တလူလူ တက်ရှလာလေပြီ။

သူ့အစွမ်းကုန်ပွင့်ပါလေပြီး

အစွမ်းအစရှိလျက်၊ အရည်အသွေးရှိပါလျက်၊ အလှမာန်ရှိပါလျက်၊ အားမာန်ရှိပါလျက်၊ ဖိနှိပ်ချုပ်ချယ် အနှိမ်ခံနေရပါလား။ စိတ်ဓာတ်ကျစရာ မလိုပါ။ ဥပမာ ရှိပါသည်။ အချိန်တိုင်လျှင် ပန်းနှင်းဆီ ပွင့်ပါမည်၊ မည်သူမမတားနိုင် . . . မဆီးနိုင် . . နှိပ်ကွပ်၍ မရနိုင်း လွတ်လပ်နှင်းဆီ အလှဆင်နေပါသည်။

လမ်းစမ်းတင်

www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့ဆိုင်းပညာရှင် ရှာစားကြိုး ပဲခူးစိန်မြအောင် ပြောပြသည့် မြန်မာ့ရှေဆိုင်းတော်မင်္ဂလာ ဘုရင်မင်းမြတ်မြှောက်စားခဲ့သော

မြန်မာ့ဆိုင်း

မိုးမြင့်လွင်

www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့ရိုးရာ၊ မြန်မာ့ယဉ်ကျေးမှု ဂီတအကြောင်းကို ပြောပါဆိုလျှင် မြန်မာ့ဆိုင်းပါမှ ပြည့်စုံပေမည်။ မြန်မာ့ဂီတသမိုင်းတွင် မြန်မာ့ဆိုင်းကို ဘယ်သို့မှ ချန်လှပ်ထား၍ မရပေ။ မြန်မာ့ဆိုင်းသည် စာရေးသူ လက်လှမ်းမီသရွေ့ တင်ပြရလျှင် သရေခေတ္တရာ၊ ပုဂံ၊ အင်းဝ အစရှိသည့် ခေတ်များကို တိထွင်ဆန်းသစ်ဖြတ်သန်းလာခဲ့ရသည်။ ထို့နောက် ကုန်းဘောင်ခေတ်သို့ ရောက်သောအခါ မြန်မာ့ဂီတ၊ မြန်မာ့ဆိုင်းသည် ပိုမို ကြီးဆက်လာသည်ဟု ဆိုပါသည်။

ထိုခေတ်ကစ၍ ရွှေဘို ဘုကြီးသံဟူသည် ဖြစ်ပေါ်လာခဲ့သည်။ တစ်ဖန် ကုန်းဘောင်ဆက် ရတနာပုံခေတ်သို့ ရောက်သောအခါ မြန်မာ့ ဆိုင်းသည် မူစံရွှေချဆိုင်းဝိုင်းကြီးများဖြင့် ခန့်ညားထည်ဝါစွာ တိုးတက် လာပြီ ဖြစ်ပေသည်။

ရတနာပုံခေတ်တွင် မင်းတုန်းမင်းကြီးသည် မြန်မာ့တူရိယာ၊ မြန်မာ့ ဆိုင်းကို အထူးအားပေး ချီးမြှောက်လာသည်ကို တွေ့ရလေသည်။ အဘယ်မျှထိ မြန်မာ့ဆိုင်းပညာရှင်များကို မြှောက်စားခဲ့သည်ကို ယနေ့ ဆိုင်းဆရာများအား ရွာစားဟု ခေါ်ဆိုသုံးနှုန်းနေခြင်းကို ကြည့်ခြင်းအား ဖြင့် ခန့်မှန်းသိမြင်နိုင်ပေသည်။

ရွာစားဟူသည် ဘုရင်မင်းမြတ်မှ ပညာတော်သည့် နန်းတွင်းဆိုင်း ဆရာကြီးများကို နယ်စား ရွာစားပေး၍ မြှောက်စားခဲ့သဖြင့် ထိုခေတ်၊ ထိုအချိန်မှစ၍ ပတ်တီးခေါင်းဆောင် ဝိုင်းတော်တီးဆရာများကို ရွာစား ဟူ၍ တင်စားခေါ်ဝေါ်ခဲ့ခြင်း ဖြစ်ပေသည်။

ထို့ပြင် မြန်မာ့ဆိုင်းဝိုင်းများသည် နန်းတွင်းမင်းပွဲစိုးပွဲများတွင် ဆိုင်း ဆိုလျှင် ပွဲမဖြစ်ပေ။ ထိုပွဲမျိုးကို ဘုရင်က မြှောက်စားထားသည့် လက်ျာ ဆိုင်းပညာရှင်များက တီးရသည်။ ထိုခေတ်က လက်ျာဆိုင်း၊ လက်ဝဲ ဆိုင်းဟူ၍ နှစ်မျိုးရှိခဲ့သည်။

လက်ျာဆိုင်းသည် နန်းတွင်းဘုရင်မင်းမြတ်နှင့် မိဖုရားများ၊ သား ဆောမျာ၊ သမီးတော်များကို ဖျော်ဖြေရသဖြင့် ဆိုင်းဝိုင်းကြီးကို မှန်စီ ဆွဲချထားပြီး လက်ဝဲဆိုင်းကိုတော့ မပြုလုပ်ရပေ။ အဆင့်ခွဲခြားထားခြင်း ဖြစ်လေသည်။

လခြမ်းသဖွာန်ဆိုင်းဝိုင်းမှသည် ပတ်လုံး (၂၁) လုံး (သို့မဟုတ်) (၂၂) လုံးနှင့် ဝိုင်းကြီးအဖြစ် ရတနာပုံခေတ်တွင် ဆန်းသစ်လာခဲ့သော အခါ မြန်မာ့ဆိုင်းသဘင်ဟူ၍ပင် တင်စားဆိုကြပြန်သည်။ မင်းတုန်းမင်း လက်ထက်တွင် နန်းတွင်းအသုံးတော်ခံ မြန်မာ့ဆိုင်းပညာရှင်ကြီးမှာ ဦးဆောင်နိုဖြစ်ပြီး သီပေါမင်းလက်ထက်တွင်မူ နန်းတွင်းဆိုင်းဆရာကြီး မှာ စိန်ဗေဒါ၏ဖခင် ဆရာဖေဖြစ်သည်။ ထိုနန်းတွင်းဆိုင်းများသည် ဘုရင်၊ မိဖုရား၊ သားတော်၊ သမီးတော်များ နန်းတွင်းထွက်တော်မူသည့် အခါ တီးမှုတ်ပေးရန် နေ့ဆောင်၌ အမြဲ ဆင်ထားပေးရလေသည်။

ဘုရင်များသည် မြန်မာ့တူရိယာနှင့် ပတ်သက်၍ အလွန်ဂုဏ်ယူကြ ကာန် ရှိသည်။ ပမာတစ်ခု စည်တော်ကြီး ဆိုပါစို့၊ စည်တော်တွင်လည်း (၁) ဗဟိုရိစည်တော်၊ (၂) ဓာတ်စည်တော်၊ (၃) မင်္ဂလာစည်တော်၊ (၄) စာရားစည်တော်၊ (၅) ဝင်စည်တော်၊ (၆) စည်ပြော၊ (၇) စည်ပြော ဟူ၍ ခွဲခြားထားပြန်သည်။

ဗဟိုရိစည်သည် နေ့လေးဗဟိုရိ၊ ညဥ့်လေးဗဟိုရိ ရှစ်ဗဟိုရိကို ပိုင်ခြားပြီး တစ်ဌာနစီ ရေနာရီအပိုင်းအကွာအခြားအရ တီးပေးရလေ သည်။

ဓာတ်စည်တော်ကိုတော့ နံနက် လေးချက်တီးတစ်ကြိမ်၊ ညနေ လေးချက်တီး တစ်ကြိမ် တီးခတ်ပေးပြီး တစ်ကြိမ်လျှင် အချက် (၄၀) တိတိ တီးပေးရလေသည်။

မင်္ဂလာစည်တော်ကိုတော့ ဘုရင်မင်းမြတ် ကြွားသိအောင် တီးပေး ရသဖြင့် မင်းကြားစည်ဟု ဆိုခဲ့ကြပါသည်။

တရားစည်တော်ဆိုသည်မှာ စာရေးသူတို့ ပွဲကြည့်ကြသည့်အခါ နောက်ပိုင်း ဇာတ်ထုပ်များတွင် မှန်းကြီးမတ်ရာများမှ အတွင်းကနက်မဟီ

ရွာစားကြီး စိန်မြဒေါင်

က မင်းထွက်စည်ရွှမ်းဟု ဆိုသည့်အခါ တီးပေးရသည့် စည်တော်ဖြစ်ပြီး တဖန် ဝင်စည်တော်ကိုတော့ ဘုရင်မင်းမြတ် နန်းစမုတ်ဆောင်တွင်း ပြန်ဝင်သောအခါ တီးပေးရသည့် စည်တော်ဖြစ်ကြောင်း မှတ်သားထား ရပါသည်။

စည်ပြောကတော့ အိမ်ရှေ့စံတို့၊ မှူးကြီးမတ်ရာ သေနာပတိတို့ ပေးစည်ဟု ဆိုပါသည်။

သို့ဖြစ်၍ ရှေးမြန်မာမင်းများ လက်ထက်မှသည် ယနေ့တိုင် ရှိနေ သေးသည့် ကြေး၊ ကြိုး၊ သရေ၊ လေ၊ လက်ခုပ် ဟုဆိုသော တူရိယာ (သို့မဟုတ်) မြန်မာ့ဆိုင်းသည် မြန်မာတို့၏ ယဉ်ကျေးမှု အမွေအနှစ်ဖြစ် ပါကြောင်း ဦးစွာ လေ့လာမိသမျှ တင်ပြလိုက်ရပါသည်။

♛ ♛ ♛ ♛ ♛

ပတ်တီးကောင်းဆိုသည်မှာ

စာရေးသူ အဓိက တင်ပြလိုသည်က ယနေ့မြန်မာ့ဆိုင်းလောက ပင် ဖြစ်သည်။ မြန်မာ့ဆိုင်းသည် မြန်မာ့ယဉ်ကျေးမှု အနုပညာဂီတ ဖြစ်ပါလျက် ယနေ့ခေတ်တွင်မူ မြန်မာလူငယ်တို့သည် ဆိုင်းသံကြားလျှင် ငြီးငွေ့လာကြသည်။ စာရေးသူတို့ ငယ်စဉ်က အလှူပွဲ၊ ဘုရားပွဲများ တွင် ဆိုင်းမပါလျှင် ပွဲမစည်ခဲ့ကြသော်လည်း ယခုအခါမူ အနောက်တိုင်း တူရိယာများက ကျေးလက်အလှူပွဲများထိ လွှမ်းမိုးလာသည်ကို တွေ့မြင် လာသည်မှာလည်း အလွန်ပင် ဝမ်းနည်းစရာ ကောင်းလှတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတစ်ရံ ဆိုင်းပွဲများနှင့်ကြုံ၍ မြန်မာ့ဆိုင်းလက်သံကို နှစ်သက်စွာ နားထောင်လိုသော်လည်း ခေတ်သစ်ဆိုင်းဆရာလေးများသည် လူငယ်ပရိသတ်အကြိုက်အကြောင်းပြု၍ အဆိုတော် အမျိုးသမီးလေးများနှင့် ဟစ်ဟော့သီချင်းများ တီးမှုတ်နေသည်မှာလည်း စိတ်ပျက်စရာပင် ကောင်းလှသည်။ ပို၍ဆိုးသည်မှာ မြန်မာ့မင်္ဂလာရွှေဆိုင်းတော်ဟု ဆိုပါလျက် ဆိုင်းအဆိုတော် အမျိုးသမီးငယ်များသည် စကတ်အတိုအရှည်၊ ဘောင်းဘီဖင်ကျပ်၊ ရှော့ပင်များဝတ်၍ မီးရောင်စုံ တဖျပ်ဖျပ်နှင့် တွန့်လိမ်ကခုန် သီဆိုနေကြခြင်းပင် ဖြစ်သည်။

သို့ဖြစ်၍ စာရေးသူသည် သက်ရှိ ထင်ရှား ရှိနေသေးသည့် ပခုံးပြိုမှ မြန်မာ့ဆိုင်းပညာရှင်ကြီး ဦးစိန်မြအောင်နှင့် တွေ့ဆုံကာ မြန်မာ့ဆိုင်းလောကအကြောင်းကို အနည်းငယ် မေးမြန်းကြည့်မိပါသည်။ စာရေးသူ မေးမြန်းသည်မှာ မြန်မာ့ဆိုင်းတွင် ပတ်တီးကောင်း တစ်ယောက်ဖြစ်ဖို့ အခြေခံအဆင့်တွင် မည်သည့်တီးကွက်တီးလက်များက စသင်ရပါသလဲဟု ဦးစွာမေးမြန်းကြည့်ပါသည်။ ထိုအခါ ရွာစားကြီး ဦးစိန်မြအောင်မှ ဆိုင်းဆရာတစ်ဦး သို့မဟုတ် ဆိုင်းဝိုင်းကြီးအတွင်း ပတ်လုံး (၂၁) လုံး (သို့မဟုတ်) (၂၂)လုံးကို တီးသော ဆိုင်းဆရာကို ရွာစား (သို့မဟုတ်) ပတ်တီးခေါင်းဆောင်၊ ဝိုင်းခေါင်းဆောင်ဟု ခေါ်ဆိုသည်။

ဝိုင်းအတွင်းရှိ ဆိုင်းဆရာသည် ဆိုင်းရာဟု အမည်ခံသည်နှင့်အမျှ ပတ်တီးကောင်းတစ်ယောက် ဖြစ်ဖို့လိုသည်။ ပတ်တီးကောင်းတစ်ယောက် ဖြစ်ဖို့သည် အခြေခံ (၁၃) ချက်ကို ဆရာများထံမှာ သင်ယူဖို့ လိုသည်ဟု ဆိုပါသည်။ ဒါကို ပတ်တီးခေါင်းဆောင်တို့၏ သင်လက်ဟုလည်း ခေါ်သည် ဆိုပါသည်။

တံတျာ၊ သီတာ၊ သာယာ၊ ဝေဆာ၊ ထွေတလား
ဘုံဆောင်မြင့်၊ ဇေယျာမြို့၊ စိမ့်လဲ့လဲ့ညိုပြာ

သာနိပျော်ဖွယ် (၅)ပုဒ်– စံရာတောင်ကျွန်း၊ ရွှေပြည်ကြီးဇရာ– မြို့နန်းငယ်လေး

ရွှေဘုန်း ရွှေဘုန်းတော်လေးတည့်မှ စသည်ဖြင့် ၎င်း (၁၃)ပုဒ် ဖြစ်ကြောင်း။

၎င်း (၁၃)ပုဒ်ကို မိမိ (စိန်မြအောင်) ဆိုင်းပညာကို စတင် သင်ယူစဉ်က အခြေခံအားဖြင့် ကျေညက်အောင် ဆရာထံမှ နှစ်ချီ၍ သင်ယူခဲ့ရသည်။ ဆိုင်းဆရာ ဖြစ်ချင်လွန်းလို့ ဆရာအိမ်မှာနေ ဆရာခိုင်းသမျှ ကျိုးကျိုးနွဲ့နွဲ့ လုပ်ခဲ့ရသည်။ ဒါပေမဲ့ ဒီအပိုဒ်ကို ကျေညက်နေပြီလို့ ထင်ပေမယ့် ဆရာက နောက်တစ်ပိုဒ်ကို မတက်ပေသေး။ ဒါကိုလည်း စိတ်ရှည်ရှည်နဲ့ စောင့်ခဲ့ရသည်ဟု ဆိုပါသည်။

ဆိုင်းဆရာ လုပ်တော့မည်ဆိုလျှင် ပတ်စာနယ်တာကအစ ကျွမ်းကျွမ်းကျင်ကျင် တတ်ထားရမှာ ဖြစ်သည်။ သူတို့ငယ်စဉ်က ပတ်စာဆိုတာ တကူးတက နယ်ကြရသည်။ ပြာနနသန့်သန့်ကို ထမင်းလုံးနှင့် ရောနယ်ပြီး ပြုလုပ်ကြရသည်။ ဒါလည်း ဆိုင်းဆရာများ အခြေခံအားဖြင့် ကျေညက်စွာ တတ်မြောက်ထားရမည့် အနုပညာတစ်ရပ် ဖြစ်သည်ဟု ရွာစားကြီး စိန်မြအောင်က ပြောပါသည်။ ဆိုင်းဆရာများ အခြေခံအားဖြင့် ကျေညက်စွာ တတ်မြောက်ထားရမည့် ထံတျာအပိုဒ်နှင့် ပတ်သက်၍ ရှင်းပြရာတွင်–

ထံတျာ တေ။ ရှင်။ ထံတျာတေ၊ ရှင်။ ဒျန်၊ ဒျန်။ ထံတျာတေးရှင်။ ဒလု ဒလု၊ ထုံဒျန်ဒျန်။ တောပင်တောလုံး နံ့ပါလို့လေး။ ထက်စငယ်ကောင်းကင်။ မိုးတည့်မိုးတိမ်ပြည်။ စံရွှင် စံရွှင် ပျော်ပါး။ ရွှေဘော်တစ်စုများငယ်နှင့်လေး။ သည်မိုး သည်မိုးဒေဝါ။

အုံကာလေတဖွဲဖွဲ။ ရွာလေတသဲသဲ ထံတျာတေရှင် ထံတျာတေရှင်။ ဒျန်ဒျန်။ တျာတေထံတျာတေဒျန်။ တျာတေထံတျာ။



www.burmeseclassic.com

www.burmeseclassic.com

ဒင်း ထဲတျာတေရှင်သည် ကြိုးသီချင်းဖြစ်ပြီး ပုစဉ်းတောင်ပံကြိုး ဟူသည်း ခေါ်သည်ဟု ဆိုပါသည်း

ဤထဲတျာတေရှင်ကြိုးအပိုဒ်သည် ပထမဦးစွာ သင်ကြားပေးရသည်း ထိုအပိုဒ်ကို စည်းဝါးပိုင်နိုင်စွာ တီးခတ်နိုင်မှ နောက်သီတာ ဘယာစတဲ့ ကြိုးသီချင်းတွေကို ဆရာက တစ်ဆင့်ပြီးတစ်ဆင့် သင်ပေးသည်း ဒီလို အခြေခံကောင်းပါမှ ပတ်တီးကောင်းတစ်ယောက် ဖြစ်သည်ဟုလည်း ရွာစားကြီး ဦးစိန်မြအောင်မှ ပြောပြပါသည်။

အဲဒီကြိုးတွေထဲမှာ ဘုံဆောင်မြင့်ဆိုတာက ဖောင်လားကြိုး၊ အသျှောရွှေမြို့က ဖောင်ငင်ကြိုး၊ စိမ်းလဲ့လဲ့ ညိုပြာက ဖောင်ဆိုက်ကြိုးသည်း ခွဲခြားပြပြန်ပါသည်။ စာရေးသူတို့သည် ငယ်စဉ်ကစလို့ ဆိုင်းသံသည်းများကြားလျှင် မနေနိုင်၊ မထိုင်နိုင်အောင် ဝါသနာကြီးခဲ့ကြသူများဖြစ်သည်။ တစ်ညလုံးတီးလျှင် တစ်ညလုံး ထိုင်ပြီး နားထောင်ခဲ့သည်။ အဲဒီပျက်ရမှန်းလည်း မသိ၊ ထမင်းမေ့ ဟင်းမေ့ ဖြစ်သည့်အထိ ဆိုင်းကို ကြိုက်ခဲ့သည်။ တောမှာနေစဉ်ကဆိုလျှင် ဘယ်ရွာဘယ်အလှူမှာ ဘယ်လောဆောင်မှာ ဆိုင်းဝိုင်းကြီးပါသည်ဟုဆိုလျှင် ဘယ်လောက်ပင် ဆေးပေ၊ သူငယ်ချင်းတစ်သိုက် ဆိုင်းလိုက်နားထောင်ခဲ့ကြသည်။

အကယ်၍ ဆိုင်းဝိုင်းကြီးအတွင်းမှ ဆိုင်းဆရာ ပတ်တီးခေါင်း ဆောင်က သစ်စွမ်းပြတီးပြပြီဆိုလျှင် အလွန်သဘောကျသည်။ နား ထောင်လို့ ကောင်းသည်ကိုတော့ သိသည်။ ဒါပေမဲ့ ပတ်ပျိုးလား၊ ယိုး ဒယားလား၊ ကြိုးလားဆိုတာတော့ လုံးဝ နားမလည်ပေ။ မည်သို့ပင် ဆိုစေ မြန်မာ့ဆိုင်းသည် မှန်စီရွှေချကနက်ပန်းများဖြင့် ဝိုင်းဖွဲ့ထားသည့် ဘုရိယာမျိုးဖြစ်၍ အလွန် ခန့်ညားတင့်တယ်ပြီး ကျက်သရေမင်္ဂလာ နှင့် ပြည့်စုံသည်။ မြန်မာအနုပညာစစ်စစ်သာ ဖြစ်တော့သည်။

♛ ♛ ♛ ♛ ♛

ခြေကြိုးခြေကြား ဆိုင်းပညာသင်ယူရ

နိုင်ငံကျော် မြန်မာ့ဆိုင်းပညာရှင်ကြီး ဖြစ်လာမည့် ပဲခူးစိန်မြအောင်ကို သက္ကရာဇ် ၁၃၀၅ ခုနှစ်၊ ပြာသိုလတွင် ပဲခူးမြို့ အဘ ဦးခင်မောင်နှင့် မိခင် ဒေါ်မြရှင်တို့မှ မွေးဖွားခဲ့သည်။ မွေးချင်း (၈) ယောက်၊ (၁၅)နှစ်သားအရွယ်တွင် စိန်မြအောင်သည် ဆရာများထံ၌ ဆိုင်းတီး ပညာကို သင်ယူနေပြီဖြစ်သည်။ ပဲခူးစိန်မြအောင်၏ လက်ဦးဆရာမှာ ပဲခူးစိန်ဝင်းမောင်နှင့် ယနေ့သက်ရှိထင်ရှား ရှိနေသေးသည့် နိုင်ငံကျော် ရွာစားကြီး ဦးစိန်ကြည်မြဖြစ်သည်။

စိန်မြအောင်သည် မြန်မာ့ဆိုင်းပညာကို လေ့လာသင်ယူရာတွင် ဆရာနှစ်ယောက်ထံနှင့် တင်းတိမ်မှု မရှိဘဲ နောက်ထပ်လည်း တကယ့် အကျော်အမော် ဆိုင်းပညာရှင်ကြီးများထံ ဆက်လက်လေ့လာ သင်ယူပြန်ပါသည်း

နိုင်ငံကျော် ရွာစားကြီး ဦးစိန်နွဲ့၊ စိန်ချစ်တီး၊ နဲ့ဆရာကြီး ဦးစိုးမောင် (အငြိမ့်မင်းသမီး ရွှေမန်းမေ၏ဖခင်)၊ မြန်မာ့ဆိုင်းတစ်ခေတ်ကို ဆန်းသစ်စေခဲ့သည့် ဆိုင်းပညာရှင် စိန်ဗိုလ်တင့်၊ မြင်းခြံစိန်ဘဟံတို့ ဖြစ်ကြသည်။

စိန်မြအောင်သည် ပတ်တီးခေါင်းဆောင်ကောင်းဖြစ်ရန် ကြိုးစား၍ ဆရာများထံ နေ့ညမနား အပင်ပန်း၊ အဆင်းရဲခံ သင်ယူခဲ့ရသည်ဟု ဆိုပါသည်။ ထို့ပြင် မိမိသင်ကြားပေးသည့် ဆိုင်းပညာရှင် ဆရာသမားများအပြင် အခြားသော ဆိုင်းဆရာများ၏ တီးကွက်တီးလက်များကိုလည်း ခြေကြိုးခြေကြား လေ့လာသင်ယူရသေးကြောင်းလည်း ဆိုပါသည်။

စာရေးသူ လေ့လာမိသလောက် ခြေကြိုးခြေကြား သင်ယူရသည် ကဲ့သည့် ဝေါဟာရကို မကြားမိဖူးပေ။ သို့ဖြစ်၍ ခြေကြိုးခြေကြား ဘယ်လိုသင်ယူမှုမျိုးလည်းဆိုကာ မေးမြန်းကြည့်မိသည်။ ထိုအခါ ရွာစားကြီး စိန်မြအောင်မှ–

ကျွန်တော်တို့ ဆိုင်းဆရာများဆိုတာ အရှုးလွယ်အိတ်လိုပဲ။ ရသမျှ



ရွာစားကြီး စိန်မြအောင် အသက်(၃၀)ပုံ

ပညာကို စုဆောင်းတတ်ကြရမည်။ ဆိုင်းဆရာများဟာ တစ်ဦးနှင့်တစ်ဦး လက်ကွက်တွေက မတူကြဘူးလေ။ သီချင်းတစ်ပုဒ်ထဲကို တီးကြပေမယ့် အမျိုးမျိုး တီးကွက်ပြောင်းပြီး လက်စွမ်းပြတာမျိုး ရှိတယ်။

အဲဒီလို လက်စွမ်းပြတာမျိုးကို အန္တေဝါသိက ဆရာရင်း မဟုတ်ပေမဲ့ သူ ဘယ်လိုတီးတယ်၊ တီးလက်ရှိတယ်ကို ဘေးကနေ ကြည့်လည်းကြည့်၊ နားလည်းနားထောင်ပြီး မှတ်သားပညာယူတာမျိုးကို ခြေကြိုးခြေကြား ပညာယူတာလို့ ပြောတာပါဟု ရွာစားကြီး ဦးစိန်မြမောင်က ရှင်းပြပေးပါသည်။

မှန်ပါသည်။ ပညာဆိုသည်က ဝိုသည် မရှိ၊ အမြဲလိုနေသည်သာ ဖြစ်သည်။ အရှုးလွယ်အိတ်လို ရသမျှ ပညာရပ်များကို စုဆောင်းရ သည်း မှတ်သားထားရသည်း အနုပညာ ဆိုသည်မှာလည်း လမ်းဆုံး ဟူ၍ မရှိပေ။ အမြဲတမ်း လေ့လာဆည်းပူးနေရမည့် ပညာရပ်တစ်ခု ဖြစ်ပေသည်း

သို့ကြောင့် မြန်မာ့ဆိုင်းအနုပညာသည် အလွန် သိမ်မွေ့နက်နဲ သည့် ပညာရပ် ဖြစ်သလို၊ မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု အမွေအနှစ်လည်း ဖြစ်သည်း မြန်မာတိုင်း မြန်မာတိုင်းတို့သည် မြန်မာ့ဆိုင်းကို တန်ဖိုးထားမြတ်နိုးကြစေချင်ပါသည်။

♛ ♛ ♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်မောင်နှင့် စိန်မြအောင်တို့ တွဲစဉ်က

တစ်ခေတ်တစ်ရိုးနိုင်တစ်ခါက မြန်မာဇာတ်သဘင်နှင့် အငြိမ့်ပွဲများ တွင် မြန်မာ့ဆိုင်းဝိုင်းကြီးများကို ဦးစားပေးကာ ဇာတ်စင်ရှေ့တွင် ဂုဏ်ယူ ဝင့်ကြွားစွာ ဆင်ပြထားသည်ကို စာရေးသူတို့ မြင်ခဲ့၊ တွေ့ခဲ့ရသည်။ ဇာတ်၊ အငြိမ့်၊ ကြော်ငြာဝိုစတာများ၌ပင် ရှေ့ပိုင်း၊ နောက်ပိုင်း လက်စွမ်း ပြတီးပြသည့် မြန်မာ့ဆိုင်းဝိုင်းကြီးမှာ နိုင်ငံကျော် ရွာစားကြီး +++ နှင့် ငွေနဲ့ကျော်+++ တို့မှ အတွဲညီညီနှင့် ပွဲစည်အောင် အသုံးတော်ခံမှာ ဖြစ်သည်ဟူ၍ ညွှန်းဆိုထားသည်ကိုလည်း ကြုံခဲ့ရပါသည်။

စာရေးသူ ကြည့်ခဲ့ဖူးသည့် တိုင်းချစ်သန်းစိန် ဇာတ်သဘင်ကြီး တွင် အလင်္ကာကျော်စွာ ရွာစားကြီး နှစ်ဦးဖြစ်သည့် ဦးဟံပနှင့် ဦးဘ မောင်တို့ မြန်မာ့ဆိုင်းဝိုင်းကြီးများ နှစ်ဝိုင်းကို ဇာတ်စင်၏ ရှေ့ဝဲယာတွင် လက်ဝဲဆိုင်း၊ လက်ျာဆိုင်း ဆင်ထားသည်ကို ခန့်ညားထယ်ဝါစွာ ကြည့် ခဲ့ရဖူးပါသည်။ တဖန် ဇာတ်မထွက်မီ အဖြည့်ခံ ဆိုင်းတီးကြသည်မှာ လည်း အလွန်ကောင်းလွန်းလှ၍ ပွဲကြည့်ပရိသတ်လက်ခုပ်သံ တဖြောင်း ဖြောင်းနှင့် အားပေးခဲ့ကြသည်။ ဒါကြောင့် တစ်ခေတ်တစ်ခါက မြန်မာ့ ဆိုင်းသည် မြန်မာတို့ တန်ဖိုးထားမြတ်နိုးရသည့်ဆိုင်းသည် မြန်မာ့ဂီတ အနုပညာသည် မြန်မာဆိုင်းသာ ဖြစ်ခဲ့သည်မှာ လုံးဝ ငြင်းဆို၍ မရပေ။

ရွာစားကြီး ဦးစိန်မြအောင်သည်လည်း ဇာတ်သဘင်၊ အငြိမ့်သဘင် များစွာနှင့် တွဲဖက်တီးပြခဲ့ရသည်။ မြန်မာဇာတ်သဘင်နှင့် အငြိမ့်လောက တွင် ဇာတ်ပို့ကောင်းသော စိန်မြအောင်ဟု ယနေ့တိုင် နာမည်တစ်လုံး ရနေဆဲ ဖြစ်သည်။

နိုင်ငံကျော် ဇာတ်မင်းသားကြီး မင်္ဂလာ ဦးအောင်မောင်၊ အသံ ဝိဇ္ဇာပုလဲစိန်၊ အသံကောင်း အကကောင်းမင်းသားပြည်တော်ချစ် တိုင်းချစ် သန်းစိန်၊ အလင်္ကာကျော်စွာ ရွှေမန်းသဘင်၊ အဆိုကောင်း အကကောင်း မင်းသားများ ဖြစ်သည့် ရွှေမန်းပန်တျာကြည်လင်၊ ပန်တျာမြဝင်း၊ ဂီတရုပ်ရှင်သဘင် အဆိုတော် ရုပ်ရှင်မင်းသား တွဲတေး သိန်းတန်၊ ချစ်စပယ်၊ သဘင်ဥသျှောင် ဝဏ္ဏကျော်ထင် ဦးစိန်အောင်မင်း၊ မွန်မင်း သားများ ဖြစ်သည့် ပုလင်းစိန်၊ ဖန်ခွက်စိန်၊ အမြည်းစိန် ဇာတ်သဘင်၊ ကိုကိုအလိမ္မာ ညီညီအလိမ္မာ ဇာတ်သဘင်၊ ပင်လုံသဘင်၊ ပန်တျာမြကြည် (မန္တလေးသဘင်)နှင့် ပန်တျာတင်မိုးဝင်း ဇာတ်သဘင်များ ဖြစ်သည်။

ရွာစားကြီး ဦးစိန်မြအောင်သည် ဆရာများထံ ပညာဆည်းပူးပြီး နောက် ပထမဦးဆုံးတီးရသော ဇာတ်သဘင်မှာ ထိုခေတ်ထိုအချိန်က ယခင်နာမည်ကြီး ဇာတ်မင်းသားကြီး ဦးအောင်မောင်းနှင့် ဖြစ်သည်။ ထိုစဉ်က သူ့၏အသက်သည် (၂၁)နှစ်မျှသာ ရှိသေးသည်။ ပညာသင် ယူပြီးစ ဆိုင်းထောင်ပြီး ပတ်တီးကောင်းအောင်မြင်စ ပညာနုနုအချိန် တွင် တွဲရမည့် မင်းသားက တကယ့်နာမည်ကြီး ပြည်သူချစ် ဝါရင့်မင်း သားကြီး ဦးအောင်မောင်း ဖြစ်နေပြန်သည်။

သို့ပေမဲ့ တတ်သည့်ပညာမနေသာဆိုသလို တီးရတော့သည်။ ဆိုင်း လောကတွင် ဗလာဆိုင်းနှင့် ဇာတ်ဆိုင်း၊ နတ်ဆိုင်းဟူ၍ ရှိသည်။ ဗလာ ဆိုင်းဆိုသည်က အလှူမင်္ဂလာ ညည့်ခံပွဲများတွင် တီးကြရသည်။ ပရိသတ် ကို ညည့်ခံရသည့်ပွဲဖြစ်၍ လွတ်လွတ်လပ်လပ် စိတ်ကြိုက်တီး၍ ရသည်။ အတန်အသင့် မှားသွားလည်း အကြောင်းမဟုတ်။ ပရိသတ်က မသိ လိုက်ပေ။

ယခုကဲ့သို့ ပညာရှင်ဇာတ်မင်းသားကြီးများနှင့် တီးရသည့်အခါမှာ တော့ ပတ်တီးခေါင်းဆောင် ဆိုင်းဆရာအဖို့ မမှားအောင် အထူးသတိ ထားဖို့ အရေးကြီးပေသည်။ ဆိုင်းဆရာက တီးကွက်တီးလက်၊ စည်းဝါး နရီမှားသည်ကို မင်းသားကြီးများက သိသည်။ တချို့သော ဇာတ်မင်း သားကြီးများသည် ဆိုင်းဆရာများသော်လည်း ဟန်မပျက်အောင် ထိန်း ပြီး ကသွား၊ ဆိုသွား၊ ငိုသွားကြသည်။

သို့သော် မင်္ဂလာဦးအောင်မောင်းကြီးကတော့ ထိုသို့မဟုတ်ဟု ဦးစိန်မြအောင်က သူနှင့်တွဲတီးခဲ့ရပုံများကို ပြန်ပြောပြသည်။ အကယ်၍ သူ စိတ်ကြိုက်စည်းဝါး နရီမှန်ကန်အောင် တီးပေးနေလျှင် ကနေရင်းမှ ပရိသတ်ကို ဆိုင်းဆရာအမည်ကို ဖော်ကျူးပြီး ချီးမွမ်းခန်းထုတ်တော့ သည်။

ပရိသတ်ကြီးရေ အဲဒါက ပဲခူးသားလေး ရွာစားစိန်မြအောင်လေး။ အသက်လေးက (၂၀)ပဲ ရှိသေးတာ။ တော်လိုက်တဲ့ ဆိုင်းဆရာလေး။ ကောင်းလိုက်တဲ့ ရွာစားလေး စိန်မြအောင် စသည်ဖြင့် ရွှန်းရွှန်းဝေနေ တော့သည်။ သို့ပေမဲ့ မှားများသွားပြီးဆိုလျှင် ဇာတ်စင်ပေါ်မှ ခါးထောက် ပြီး ပရိသတ် အဲဒီဆိုင်းဝိုင်းထဲက တီးနေတာ ပဲခူးမြအောင်တဲ့။ အလကားမြအောင်၊ အသုံးမကျတဲ့မြအောင်ဟု ပြောသည့်အပြင် ဆဲရေး တိုးထွာသည်အထိ ခံခဲ့ရသည်ဟု စိန်မြအောင် ပြောပြသည်။ မှတ် သားခဲ့ရသည်။

ရွာစားကြီးစိန်မြအောင် နှစ်အရွယ်ဆုံး တီးခဲ့ရသည့်ဇာတ်မှာ အသံ ဝိဇ္ဇာပုလဲစိန်ဇာတ်ဖြစ်သည်။ (၈)နှစ်ကြာထိ တီးခဲ့ရသည်ဟု ဆိုသည်။ ပုလဲစိန်သည် ရှေ့ပိုင်းဇာတ်ထုပ်၊ နောက်ပိုင်းဇာတ်ထုပ် (၂) ထုပ်ကပြ သည့်မင်းသား ဖြစ်သည်။ သို့ဖြစ်၍ ဆိုင်းညကြေးအနေဖြင့် ဝိုင်းခေါင်း ဆောင် စိန်မြအောင်သည် တစ်ညလျှင် ညကြေး (၂)ခါရသည်။ ထိုစဉ်က ရရှိသော ညကြေးမှာ ကျပ်ငွေ (၁၀၀) ကျော်သည်။ သူအတွက် သုံး မကုန်အောင် ဖြစ်သည်ဟုဆိုသည်။ မှန်ပေလိမ့်မည်။ အဘယ်ကြောင့် ဆိုသော် နောက်လိုက်များမှာ တစ်ည (၅/–) (၁၀/–) သာ ရကြသည့် ခေတ်ဖြစ်သည်။

ရွာစားကြီး စိန်မြအောင်သည် ဆိုင်းတီးသည်သာမက ပုလင်းစိန်၊ ဖန်ခွက်စိန်၊ အမြည်းစိန် ဇာတ်ကိုပင် သူကိုယ်တိုင် တည်ထောင်၍ စင်မြင့်ထက်သို့ တင်ပေးခဲ့သည့် ဆိုင်းဆရာတစ်ဦး ဖြစ်ပေသည်။

ဇာတ်ပြားခေတ်ဦးလည်း မင်းသားကြီး ခေတ်ပါတီနှင့် ဇာတ်ထုပ် ကြီးတစ်ထုပ်၊ ပုလဲစိန်နှင့် ဇာတ်ထုပ်ကြီး တစ်ထုပ်၊ ပန်တျာကြည်လင်နှင့် ဇာတ်ထုပ်ကြီးတစ်ထုပ် ဇာတ်ပြား သွင်းခဲ့ဖူးပါသည်။ ယခုအခါ အသက် (၇၀) အတွင်းသို့ ရောက်ပြီဖြစ်သော်လည်း ပဲခူးတွင် မြန်မာဆိုင်းဝိုင်း ကြီးဖြင့် ဗလာဆိုင်းများကို တီးနေဆဲဖြစ်သည်။

♛ ♛ ♛ ♛ ♛

တပည့်များ မွေးထုတ်ခဲ့သည့် ရွာစားကြီး

ရွာစားကြီးသည် (၁၅)နှစ်တိုင်တိုင် မြန်မာ့ရိုးရာ ဆိုကရေးတီးပြိုင် ပွဲတွင် ဆိုင်းအကဲဖြတ်ဒိုင်လူကြီးအဖြစ် ဆောင်ရွက်ခဲ့သလို တပည့် များစွာကိုလည်း မွေးထုတ်၍ ရွှေတံဆိပ်ဆုများ ရသည်အထိ သင်ကြား ပေးခဲ့သည်။

ယနေ့မြန်မာပြည်တွင်းသာမက ပြည်ပနိုင်ငံများထိ သွားရောက် ဖျော်ဖြေနေရသည့် အကယ်ဒမီ မြန်မာပြည်ကျောက်စိမ်းသည် သူ၏ သားတပည့်အရင်းဖြစ်သည်။ တဖန် ပဲခူးမြို့မှ နာမည်ကျော် ဆိုင်းဆရာ များဖြစ်သည့် ပဲခူးစိန်သန်းနွယ်၊ သူ၏ ညီအရင်း ပဲခူးစိန်ကလား (မြဝတီ ရွှေတံဆိပ်ဆုရှင်)၊ ရန်ကုန်အောင်မြင့်လှိုင်၊ ပြည်သန်းဝင်းနှင့် မန္တလေး စိန်သောင်း စသူတို့မှာလည်း ပဲခူးစိန်မြအောင်၏ ထင်ပေါ်ကျော်ကြား သည့် လက်ရုံးတပည့်များ ဖြစ်ကြသည်။

အထူးသဖြင့် သူ၏သမီးငယ် မဝင်းသန္တာအောင် (B.A.Music အမျိုးသားယဉ်ကျေးမှု အနုပညာတက္ကသိုလ်) အား မြန်မာဆိုင်းအမွေ များ သင်ကြားပေးခဲ့ပြန်ပါသည်။ ဝင်းသန္တာအောင်သည် ဖခင်ပေးသော မြန်မာဂီတ၊ မြန်မာအနုပညာဖြင့် ဆိုကရေးတီးပြိုင်ပွဲကြီးတွင် ဆိုင်းဖြင့် တစ်ဖုံ။ ပတ္တလားဖြင့် တစ်သွယ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ နိုင်ငံတော်မှ ရွှေတံဆိပ်ကိုးခုအပြင် ငွေတံဆိပ်မျှားလည်း ရရှိခဲ့ပါသည်။

ယခုအခါ၌လည်း ဖခင်ကြီးနှင့်အတူ အလှူမင်္ဂလာပွဲများတွင် ပတ်

www.burmeseclassic.com

www.burmeseclassic.com

စာစောကပြောခဲ့သလို ပတ်တီးကောင်းတစ်ယောက် [illegible] အခြေခံ (၁၃) ပုဒ်ကိုပင် သေသေချာချာ မသင်ယူကြတော့ဘူး ဒီလောမှေလွယ်ပျောက်လွယ်နှင့် တီးကွက်တွေလည်း အမှားချည်း ဖြစ်နေတာကို ကိုယ့်ကိုယ်ကိုယ် မသိကြတော့ဘူးပေါ့။ ဆိုင်းဆရာဆိုတာ သိချင်းကြီးကို နိုင်မှ၊ တီးနိုင်မှ ပတ်တီးခေါင်းဆောင်၊ ဝိုင်းခေါင်းဆောင်လို့ခေါ်တာ။ အဲဒါမှ မြန်မာ့ဆိုင်းရဲ့ အတတ်ပညာရှင်အစစ်။

အခုတော့ တပည့်က (၃)မျိုး ဖြစ်နေတယ်။ ဘာလဲဆိုတော့ အိမ်ရှင်တပည့်၊ ဧည့်သည်တပည့်၊ အသံကြားကက်ဆက်တပည့်ပေါ့။ အိမ်ရှင်တပည့်ဆိုတာက ဆရာ့အိမ်မှာနေပြီး ဆရာ့ထံမှာ အခြေခံကအစသင်ယူတဲ့ တပည့်၊ ဧည့်သည်တပည့်ဆိုတာက ဆိုင်းဆရာအိမ် အလည်လာနိုက် ဆရာရယ် ဟိုသီချင်းလေး တက်ပေးပါဦး။ ဒီသီချင်းလေး ချပေးပါဦးဆိုပြီး သင်ယူတဲ့ တပည့်။ အသံကြား ကက်ဆက်တပည့်ကတော့ မှားမှန်းမသိ၊ မှန်မှန်းမသိ ကက်ဆက်ထဲက တီးတဲ့အတိုင်း လိုက်တီးနေတဲ့ တပည့်ဖြစ်တယ်ဟု တပည့်များနှင့် ပတ်သက်၍ ရွာစားကြီး စိန်မြအောင်မှ ရှင်းပြခဲ့ [illegible]သည်။

တဖန် ယိုးဒယားတီးကွက်အစ ရာမဇာတ်ကဟု ပြောပြသည်မှာလည်း သက်ကြီးစကား သက်ငယ်ကြားဆိုသလို အလွန် တန်ဖိုးကြီးလှပါသည်။ ရွာစားကြီး စိန်မြအောင်မှ ယိုးဒယားအစ ရာမကဆိုတာက ကုန်း ဘောင်မင်းဆက် အလောင်းဘုရားလက်ထက်မှာ ယိုးဒယားတွေကို စစ် သုံ့ပန်းအဖြစ် ဖမ်းဆီးထားပါသည်။ ထိုအခါ ညဘက်တွင် စစ်သုံ့ပန်းများထဲမှ ညည်းသံကို ကြားရသည်ဟု ဆိုသည်။

''ဖေခြူရေးချိုက်။ ကျပါ– ရာနှောာ။ ကောလော– ပေပေးရိုင်။ ယဉ်ရယိုင်– ကလိုင်။ ချားပေး ပါပေးကားပါ။ ကွတ်ကာပွန်းရာ။ လွန်းခွတ်ရာ။ ဒွေတာရပိုက်။ တျာတျာယိမ်း– ယိမ်းယိုင်ယိုင်။ ကျောက်ဘွဲ့လောပေ။ တျာတျာ ယိမ်းယိုင်ယိုင်။ ။ မယ်ဆီရေ– မယ်ဆီဆံခေါ်။ နောမြနားမော။ ဝမ်းကော ဝမ်းတွေးတာရပိုက်။ ဘွေကြံရံပိုက်။ ကြာနာပိုက်။ တျာတျာ ဒိန်းဒိန်း–နာနာ။''

ဒီအသံကို ကြားရသည့်အခါ မြဝတီမင်းကြီး ဦးစအား မောင်စရယ်သူတို့ညည်းသံလေးက တစ်မျိုးပါပဲလား။ ဘာသာပြန်စမ်းကွယ်လို့ အမိန့်ရှိတဲ့အခါ မြဝတီမင်းကြီး ဦးစက လွမ်းပိုအောင် ညှိမင်းလွင် အစချီပြီး ယိုးဒယားအပိုက်နဲ့ ထပ်တူ မြန်မာပြန်ခဲ့တာ။ ဒါကို ဖရင်းယိုးဒယားအလိုက်လို့လည်း ခေါ်ကြတယ်။

မြဝတီမင်းကြီး ဘာသာပြန်ခဲ့တဲ့ အလိုက်က–

လွမ်းပိုအောင်– ညှိမင်းလွင်။ ။ လေပြေပျိုး– တိမ်ခိုးဆင်။ ။ မျှော်တိုင်းမှိုင်းလွင်။ ရွှေဘွင်ကြဲရ။ ပင်နန်းသာထွေ။ နွေရာမင်းဝယ်။ သာသည်လေ။ ။ အို ကြဲရ– လွမ်းဘွယ်။ ။ လှိုင်ကြွယ်သင်းကြဲ။ ဂေါ်ဇင်ကြိုင်ပျံရှား။ ရွှေဆပ်သွား– ခိုင်မဋ္ဌ။

အမှန်ကတော့ သူတို့ဌာနေကို လွမ်းလို့ ယိုးဒယားများက လွမ်းလို့ညည်းကြတာနဲ့ တူပါသည်။

ဒီယိုးဒယားအလိုက်ကို ရာမဇာတ်မှာ မြန်မာဆိုင်းဝိုင်းကြီးနဲ့ တီးခိုင်းပြီး ကခဲ့ကြသည်။ ရာမဇာတ်ထွက်တာနဲ့ ဆိုင်းဆရာက ပန်းပြိုင်လယ်ယိုးဒယားတီးကွက်နဲ့ တီးပေးရတယ်ဟု ယိုးဒယားတေးသွားအစ ဖြစ်ပေါ်လာပုံကို ရွာစားကြီး ပဲခူးစိန်မြအောင်မှ ဤသို့ ရှင်းပြပါသည်။

ပြောရမည်ဆိုလျှင် ယနေ့မြန်မာ့သမိုင်း အမွေအနှစ် မြန်မာ့ဂီတ မြန်မာ့ဆိုင်းသည် မြန်မာတစ်မျိုးသားလုံး၏ အရင်းအမြစ် အနုပညာစစ်စစ်ဖြစ်၍ ယခုကဲ့သို့ အခြေခံမှစ၍ တတ်ကျွမ်းသော မြန်မာဆိုင်းပညာရှင်ကြီးများ သက်ရှိထင်ရှားရှိစဉ် မျိုးဆက်သစ် အနုပညာရှင်များ အနေဖြင့် မြန်မာ့ရွှေဆိုင်း တစ်ခေတ်ကို ဆန်းသစ်သော တီးကွက်ပုံလက်များဖြင့် ထိန်းသိမ်းသင့်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။

ဝိုင်းခင်လွင်

တီးခေါင်းဆောင်အဖြစ် ဗလာပွဲများကို တီးလျက် ရှိနေပါသည်။ မြန်မာ့အမျိုးသမီးဆိုင်းပညာရှင်တစ်ဦးသည် မျိုးရိုးဗီဇအရ ပေါ်ထွက်လာခြင်းအတွက် အားရကျေနပ်ဂုဏ်ယူရမည်သာ ဖြစ်ပေသည်။ အဘယ်ကြောင့် ဆိုပါသော် ရွာစားကြီး ပဲခူးစိန်မြအောင်၏ ဇနီးမှာ အလင်္ကာကျော်စွာ ရွှေမန်းဦးတင်မောင် သက်ရှိထင်ရှားရှိစဉ်က ရွှေမန်းသဘင်ပြဇာတ်ခေါင်းဆောင် မင်းသမီး တစ်ဦးဖြစ်သည့် မကေသီဖြစ်သည်။ ကိုဝင်းဗိုလ်၊ ကိုဆန်းဝင်းတို့နှင့် ပြဇာတ်တွင် တွဲခဲ့ရသည်။ ရွှေမန်းကေသီဟု အများက သိထားကြသည်။ ရွှေမန်းသဘင်တွင် ပြဇာတ်ခေါင်းဆောင် မင်းသမီး တစ်ဦးဖြစ်ဖို့သည် လွယ်သည်တော့ မဟုတ်ပေ။ အသံ၊ သရုပ်ဆောင်၊ အက၊ ရုပ်ရည် စသည့် အင်္ဂါရုပ်များနှင့် ပြည့်စုံမှ ဖြစ်သည်။

ယနေ့ ရွှေတံဆိပ် (၉)ဆုရှင် ဝင်းသန္တာအောင်သည် ပဲခူးစိန်မြအောင်နှင့် ရွှေမန်းကေသီတို့၏ သမီးရင်းဖြစ်၍ အနုပညာသွေးပါသူ တစ်မိပေါက် တစ်ယောက်ထွန်းသည့် အမျိုးသမီးဆိုင်းပညာရှင်တစ်ဦး ဖြစ်ခဲ့ခြင်း ဖြစ်သည်။

ယနေ့ လူငယ်အများစုသည် အနောက်တိုင်း တူရိယာသံစဉ်များကို ခုံမင်နစ်မြောနေချိန်တွင် ကိုယ့်ရိုးရာ၊ ကိုယ့်ဓလေ့၊ ကိုယ့်အနုပညာ၊ မြန်မာ့ဆိုင်း၏ သမီးပျိုတစ်ယောက် ပေါ်ထွန်းလာခြင်းသည် မြန်မာ့အနုပညာလောကအဖို့ ဂုဏ်ယူရမည်သာ ဖြစ်ပါသည်။

❦ ❦ ❦ ❦ ❦

ယိုးဒယားနှင့် ရာမဇာတ်တော်

ယနေ့ မြန်မာ့ဆိုင်းလောကတွင် ပဲခူးစိန်မြအောင်ကဲ့သို့ မြန်မာဆိုင်းပညာရှင်များသည် အလွန်ရှားပါးသွားပြီ ဖြစ်သည်။

ဆိုင်းအပေါ်ပညာကို စိတ်ပါဝင်တစား သင်ယူကြသည့် မျိုးဆက်သစ်များသည်လည်း အလွန်နည်းပါးသည်ကိုလည်း တွေ့ရသည်။

ထိုတပည့်ဟူသည့် ကိစ္စများနှင့် ပတ်သက်၍ ရွာစားကြီး စိန်မြအောင် ပြောပြသည်မှာ အလွန် မှတ်သားထိုက်ပါသည်။

အခုခေတ် ဆိုင်းပညာကို လိုချင်တဲ့ လူငယ်တွေက အတော်နည်းနေပြီ။ မိမိတို့က ဆိုင်းအမွေကို လက်ဆင့်ကမ်းပေးချင်ပါတယ်။ ဒါပေမဲ့ ယူမယ့်သူက မရှိဖြစ်နေတယ်။ တပည့်ခံဖို့ အတော် ဝန်လေးကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

အကြမ်းဖျင်း

လှမြင့်အောင် (တောင်ကုတ်)

အကြမ်းဖျင်းဟုဆိုလျှင် လူတိုင်းနားလည်သော စကားရပ်ဖြစ် သည်။ စေ့စေ့စပ်စပ် မကျ၊ ခရေစေ့တွင်းကျမဟုတ်၊ တိတိပပ မဖြစ်ဟု ဆိုသော် ရ၏။ ယေဘုယျဆန်သည်။ သည်ထက် ပိုမိုအဓိပ္ပာယ်ရှင်းဖို့ လိုမည် မဟုတ်ပါချေ။ လူတိုင်း နေ့စဉ်သုံးစကားလည်း ဖြစ်သည်။ နေ့ စဉ်သုံး စကားတင်မက လူအတော်များများ၏ နေ့စဉ်ကျင့်ထုံးအဖြစ် တွေ့မြင် နေရသောအခါ၊ စိတ်မသက်မသာ ဖြစ်ရသည်။ အကြမ်းဖျင်းသည် ကြုံတင် မှန်းဆတွက်ချက်မှုသာ ဖြစ်သောကြောင့် တကယ်တန်းလက်တွေ့၌ ထို အတိုင်းဖြစ်ချင်မှ ဖြစ်မည်ဆိုသည်ကိုလည်း တစ်ပါတည်းလက်ခံထား သင့်သည်။ ပြောဖို့လိုသေးလား၊ လက်ခံထားပြီးသားပါဟု ပြောကောင်း ပြောလာနိုင်သည်။ သို့သော်အများစုက အကြမ်းဖျင်းကိုပင် အဟုတ် တကယ်အလား လက်ခံနေသည်ဆိုလျှင် ငြင်းပါဦးမည်လား။

လွန်ခဲ့သော နှစ်အနည်းငယ်က ဆရာအောင်သင်း စာပေဟောပြော ပွဲမှာ ကျွန်တော် နာကြားခဲ့ရာ ဆရာကြီးက ပရိသတ်များထံ မေးခွန်းမေး ရင်း ဟောပြောသည်။ 'ပညာဆိုတာ ဘာလဲ၊ မင်းတို့ ဖြေကြစမ်း' ဟူ ၏။ ကျွန်တော်ကိုယ်တိုင် ပရိသတ်ထဲက တစ်ယောက် ဖြစ်နေရာ ကျွန် တော်တို့ကိုလည်း မေးနေသည် မဟုတ်ပါလား။ ကျွန်တော် ကိုယ့်ကိုယ် ကိုယ် စိတ်ထဲမှာ ကျိတ်ခဲ ဖြေဆိုသော်ငြားလည်း ရသလိုလိုနှင့် ကျေ နပ်လောက်သည့်အဖြေကို မရ။ ဟိုလိုပတ် စဉ်းစား၊ သည်လိုလှည့်စဉ်း စားလုပ်သော်လည်း အကျပ်ရိုက်ကာ ဆောင်းတွင်းညကြီး ချမ်းစီးစီးမှာ ချွေးပြန်ချင်လာသည်။ ငုံးဆူ လူမသိဆိုသည့်ကိန်းကို လူသားစစ်စစ် ကျွန်တော် ရင်ဆိုင်နေရလေ၏။ ကျွန်တော် ယူထားသော ဘွဲ့၊ ဒီပလိုမာ နှင့် ဘုန်းကြီးကျောင်းသား လုပ်ခဲ့သော အတွေ့အကြုံများက ပါဠိနှင့် အလွန်နီးစပ်ခဲ့သည်ကြောင့် သည်လောက်တော့ အပျော့ဟု သဘော ထားလာသည့် မာနကြီးတစ်ခွဲသားက ကျွန်တော့်ကို ကောင်းကောင်းကြီး ဒုက္ခပေးတော့သည်ကိုး။ ပေ့ကောင်မှတ်ပြီလားဟု ကိုယ့်လိပ်ပြာက လာ ပြောနေသည်မှာ ပိုဆိုးသည်။ ကျွန်တော် ဘယ်လိုရုန်းရုန်း ထူးလာမည့်ပုံ မပေါ်။

''မင်းတို့ မှတ်ထား၊ ပညာဆိုတာ အကြောင်းကို သိခြင်းပဲ'' ဆရာက သူဟာသူ ဖြေလိုက်သည်။ သေဆိုလျှင် သေဖို့သာ ရှိသည်။ ဆရာလောက် ကျစ်လျစ်လှပသည့် အဓိပ္ပာယ်မျိုး မဖွင့်ဆိုတတ်သည်မှာ ဇကန်။ ပညာကို စဉ်ဆက်မပြတ် နီးနွှယ်လေ့ကျင့်လျက် ရှိသည်ဟု ကိုယ့်ကိုယ်ထင် မှတ်ထားသည့် ကျွန်တော်သည် ပညာသိသိရန် အားထုတ်ရမည့်အဆင့် ကိုမသိသေးပါတကား။ အကြမ်းဖျင်း မှတ်သားလာသည်များကို စုဆောင်း ခဲ့ခြင်းဖြင့် ပညာတတ်သည်ဟု ဤအသက်အရွယ်အထိ တောက်လျှောက် ရှက်ဖွယ်လိလိ မှိုင်းရည်ဝလာသည်တကား။ ဆရာက ပညာကိုပြောပြမှ ပညာဆိုသည်ကို ဝီးဒေါက်ခနဲ တန်းမြင်ခဲ့ရတာကားဟု ကိုယ့်ကိုယ်ကိုယ် အကျတ်သတိ ဖမ်းဆုပ်မိလေ၏။

ကျွန်တော်သည် စာပေဟောပြောပွဲနာကြားရာ ထိုင်ခုံမှနေ၍ စင် မြင့်ပေါ်က ပလတ်စတစ် ပလတ်စတစ်ပက်လက်ထိုင်ခုံမှာ ထိုင်နေသော ဆရာ့ကို ရည်မှန်းလျက် အကြိမ်ကြိမ် ဦးချမိလေပြီ။ ကျွန်တော်၏ အကြမ်းဖျင်းမှတ်သားလာသည့် အကြမ်းဖျင်း ပညာ နှိုင်ခဲတံသည့်နေ့ပါ ပေတည်း။ ဒီနောက်ပိုင်းတွင် ကြုံကြိုက်သည့်အခါတိုင်း ကျွန်တော့်မှာ 'ပညာလား'၊ 'အကြမ်းဖျင်းလား' အလေးအနက်ထား စဉ်းစားရန် အလုပ် တစ်ခု ပိုလာခဲ့သည်။

ကျွန်တော်၏ မိဘများမှာ လယ်သမားများ ဖြစ်သည့်နှင့်အညီ ထွန်တုံး၊ ထွန်တဲ၊ ဆန်စပါး စသည့်လက်ယာစိုက်ပျိုးရေးဆိုင်ရာ အကြောင်းအရာများကို အလိုအလျောက် ဆက်စပ်ပတ်သက်ကာ သိနေခဲ့ ရသည်။ သို့သော် စာသင်သားဖြစ်နေပြန်၍ ထဲထဲဝင်ဝင် ဘာမှဝင်မလုပ် ခဲ့သည်ကြောင့် လယ်သမားကိစ္စကို ဖြစ်ဖြစ်မြောက်မြောက် မသိ။ လယ်သမားမဟုတ် သူများက ကျွန်တော်လယ်အကြောင်းကို ကောင်း ကောင်း သိမည်ဟု ထင်နေနိုင်သည်။ ကျွန်တော် မသိသည်တော့ မဟုတ် ပါ။ သို့သော် အကြမ်းဖျင်းသိခြင်းသာ ဖြစ်ကြောင်း တဖြည်းဖြည်း သဘောပေါက်လာသည်။ လယ်ယာမြေတစ်ကွက်ကို စီမံခန့်ခွဲရမည်ဆို လျှင် မလွယ်မှန်း စိတ်ထဲ သိနေသည်ကိုး။ နွားအမျိုးအစား၊ နွားအထာ၊ နွားအစာ၊ နွားလှည်းပစ္စည်းများ၊ ထွန်၊ ထယ်၊ ကောက်လိုင်းစည်း၊ တလင်းနယ်တို့ကို စေ့စေ့ပေါက်ပေါက် စဉ်းစားသောအခါ အဝ်ကျမတ်ကျ သိသည်မဟုတ်။ ဟိုလိုလို ဒီလိုလို အကြမ်းဖျင်းနှင့် ရပ်သွားပြီး ထို အကြမ်းဖျင်းလောက်ကလေးကိုပင် ငါ တော်တော်သိသည်ဟု မသိစိတ်

မဂ္ဂင်း၏ စာမျက်နှာပွဲစည်းပုံ၊
သုတနှင့်ရသ အချိုးကျထည့်သွင်းပုံ၊
ဒေသရန်စာမူ စုဆောင်းပုံ၊ ခေတ်မီမျက်နှာဖုံး
ထည့်သွင်းပုံ၊ စာမူထိန်းသိမ်းပုံနှင့်
ပုံနှိပ်ပြီးပြန့်ကျဲရေးအထိ စဉ်းစားရန်
အချက်များအား အသေးစိတ်တင်ပြခဲ့ရာ
ကိုယ်တိုင်မလုပ်ဖူးဘဲနှင့် အကြမ်းဖျင်းလောက်
သိသူများက တစ်စခန်းထ၍
လွယ်လွယ်ဆုံးပြတ် ...

www.burmeseclassic.com

www.burmeseclassic.com

ထဲမှတ်၍ ကိုယ့်ကိုယ်အဟုတ်ထင်ကောင်း ထင်နေနိုင်သေးသည်ကိုတော့ ခန့်ခံပါတ၏။

အကြမ်းဖျင်းသိခြင်းကို စဉ်းစားမိသောအခါ အတန်းငယ်ငယ်တုန်းက သင်ခဲ့ရသည့် စွန့်စားရှာဖွေရေးသမား ကိုလံဗတ်စ်ကို ပြန်သတိရလာ၏။ ပင်လယ်ရေကြောင်းခရီးဖြင့် စွန့်စားရှာဖွေခဲ့ရာ အမေရိကတိုက်ကို ရှာဖွေတွေ့ရှိလာသည့် ကိုလံဗတ်စ်အား ခြိမ့်ခြိမ့်သဲသဲ ချီးကျူး ဂုဏ်ပြုခဲ့ရသော်လည်း လူအချို့က သည်လောက်ကို လူတိုင်းတတ်၊ နိုင်သည်ဟု ဆိုလျက် နှိမ့်ချပြောဆိုနေကြလေ၏။ ထိုလူအုပ်ထဲသို့ လူစွန့်စားကိုလံဗတ်စ်ရောက်ရှိသွားပြီး ''အသက်နှင့်ရင်းပြီး စွန့်စားလုပ်ကိုင်ရတာကို တောင် ခင်ဗျားတို့က လူတိုင်း လုပ်နိုင်တယ်လို့ ထင်နေတယ်ပေါ့လေ။ ကဲ . . အဲဆိုရင် ဟောဒီကြက်ဥကို ဘာပစ္စည်းမှ အကူအညီမသုံးဘဲနဲ့ ဒီစားပွဲပေါ်မှာ ဒေါင်လိုက်ထောင်ပြ''ဟု ဆိုလိုက်၏။ လူစုထဲမှ တစ်ယောက်က တွန့်တွန့်ဆုတ်ဆုတ်နှင့် ထောင်ကြည့်သော်လည်းမရဘဲ အခက်တွေ့နေလေသည်။ လူအများကလည်း ကြိုရာမရလက်မှိုင်ချကာ အရှုံးပေးရတော့၏။ ''ကဲ . . ခင်ဗျားတို့ မလုပ်နိုင်တာကို ကျွန်ုပ်လုပ်ပြမယ်၊ ဟောဒီမှာ'' ကိုလံဗတ်စ်ကပင် ကြက်ဥဒေါင်လိုက်ကို စားပွဲပေါ်၌ ခပ်ဆတ်ဆတ် ဆောင့်ချလိုက်သောအခါ အခွံအက်ကွဲသွားသည့် ချိုင့်ခွက်တွင် ဟန်ချက်ညီဖြင့်ထောင်နေလေ၏။ ထိုအခါ ''ကြော် . . ဒီလိုတော့ ရမှန်း သိတာပေါ့''ဟု အင်တင်တင် ဆိုကြပြန်သည်။ ''အေး . . ခင်ဗျားတို့လည်း စောစောက ဒီလိုလုပ်ခွင့်ရခဲ့တာပဲလေ၊ လုပ်ရကောင်းမှန်းမသိတာတော့ ခင်ဗျားတို့အကြောင်းပဲ''ဟု ကိုလံဗတ်စ်က ပြောကာ လူအုပ်ထဲမှ ထွက်ခဲ့လေ၏။ သူတို့၏ သာမန်ပင်လယ်ခရီး ထွက်ခဲ့ဖူးသည်ကို အကြောင်းပြု၍ ကိုလံဗတ်စ်၏ စွန့်စားရှာဖွေတွေ့ရှိမှုကို အကြမ်းဖျင်းလောက်ကလေးဟု အထင်သေးကြခြင်းပင် မဟုတ်ပါလား။

ကျွန်တော် ပြောလိုသည်မှာ လူတစ်ဦးတစ်ယောက်၏ ဘဝခရီး ဖြတ်သန်းအောင်မြင်မှုကို အကြမ်းဖျင်းလောက် မှတ်ချက်ချရုံကလွဲ၍ သူကိုယ်တိုင်က ဟုတ်တိုးပတ်တိ ဘာမျှမသိ၊ မလုပ်တတ်သူတို့ကား ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ အများကြီး၊ ထိုအကြမ်းဖျင်းသမားတို့သည် သူများကဲ့သို့ အောင်မြင်မှုများကို ရရှိဖို့ မည်သည့်အခါမျှ အလှမ်းမီမည် မဟုတ်ချေ။

တစ်ခါက ဖြစ်ပါသည်။ အလုပ်ပွဲတစ်ခုမှ ဖိတ်သဖြင့် သွားရောက်ခဲ့ရာ ရောက်တတ်ရာရာ စကားပြောနေခိုက် ဘွဲ့ရပြီးသူတစ်ယောက်က ''ပြန်မာစာဟာ တော်တော် ခက်သလားဗျ'' ဟု မေးလာ၏။ ကျွန်တော်က ''ခက်လား၊ လွယ်လား လက်တွေ့ကြည့်ကြစို့ရဲ့''ဆိုကာ နေ့စဉ်သုံး စကားလုံးငါးလုံးကို စာလုံးပေါင်း ရေးခိုင်းလိုက်သည်။ သူက အနီးအနား မှာ စာရွက်လိုက်ရှာရင်း ဆေးလိပ်ထုပ်တစ်ခုမှ ထွက်ကျဟန်တူသော စာရွက်ကို ကောက်ရေး၏။ ခုတင်အစား ကုတင်၊ သံပရာသီးအစား သံပုရာသီး၊ မရန်းသီးအစား မရမ်းသီး၊ ပုစွန်အစား ပုဇွန်၊ ပရိသတ်အစား ပရိသတ်ဟု ငါးလုံးစလုံး အမှားရေးလေသည်။

''ကိုင်း . . ကိုယ့်ဆရာ ပန်းပေးပေတော့၊ ငါးလုံးစလုံး မှားတယ်ဗျ၊ တစ်မှတ်မှ မရဘူး''ဟု ပြောလိုက်ရာ လူကြီးရှက် ရှက်ရာက တဟား ဟားရယ်တော့သည်။ ''ကျွပ်က ဒါလေးများလို့ တွက်ပြီးရေးလိုက်တာ ဟဲ့ဟား ဒီအတိုင်းကို ရေးနေခဲ့တာပဲလေ။ ခင်ဗျားစစ်တော့မှ ပေါ်ရော'' ဟု စပ်ပြီးဖြီးနှင့် ပြောလာ၏။ ''ပြန်မာစာကို အကြမ်းဖျင်းလောက် သိတာနဲ့ ကိုထ့်ကိုယ်တတ်နေတယ်လို့ ထင်တတ်ကြတယ်လေ၊ တကယ် ဆိုရင် ပြန်မာစာတင် မဟုတ်ပါဘူးဗျာ။ အရေးကြီးတဲ့ ပညာရပ်တွေကို တောင် အဲဒီလို ထင်တတ်ကြသေးတာ'' ဟု ကျွန်တော်က ပြောပြီး လူအုပ်ထဲမှ ထလာခဲ့တော့သည်။

တစ်ခါက မဂ္ဂဇင်းစာမျက်နှာကနေ ဆရာမောင်သာနိုးရေးသည့် စတောက်တခေါက်တတ်တဲ့ အန္တရာယ်ဆောင်းပါးကို ဖတ်ဖူးပါသည်။ စာရေးကြရာတွင် မတောက်တခေါက် သိရုံကလေးနှင့် ကျမ်းကြီးကျမ်း ခိုင်ပုံစံ ရေးသားနေကြသည်မှာ အန္တရာယ်ကြီးလှကြောင်း ဖွင့်ဆိုရှင်းလင်း ထားရာ မှတ်သားခဲ့ရ၏။

သင်္ကြန်ရေလောင်းမဏ္ဍပ်မှာ ကတတ်ရုံဖြင့် ပြန်မာ့ရိုးရာအက ဆိုသည်မှာ အလွယ်ကလေးဟု မှတ်ချက်ချသော် ခက်ပြီ။ ဆေးပုလင်းမှာ ရေးထားသော စာကို ဖတ်တတ်လျှင် ဆေးကုတတ်ပြီဟု အထင် ရောက်သော် ဒုက္ခလှလှကြီး တွေ့မည်။ ပန်းတစ်ပွင့်ပုံကို ဆွဲပြီး ပန်းချီဆွဲတန်းကုန်ပြီဟု ကျေနပ်၍ ဖြစ်မည်လား။ သူများရေးသော စာများကို ဖတ်ပြီး ကိုယ်က တစ်ပုဒ်မျှ မရေးဖူးပါဘဲ စာရေးဆရာတွေ စာရေးတာ လွယ်ပါတယ်ဟု ထင်နေလျှင် အမှန်ရောက်မည်လား။ အကြမ်းဖျင်းသည် ဒိဋ္ဌဓမ္မမဟုတ်ပါချေ။

မကြာသေးမီက ပြို့နယ်မဂ္ဂဇင်းတစ်စောင် ထုတ်လိုသဖြင့် ကော်မတီဖွဲ့ကာ အစည်းအဝေးထိုင်ကြသည်။ မဂ္ဂဇင်းထုတ်ဖူးသူအချို့ ပါဝင်လာသောကြောင့် အားရစရာလည်း ဖြစ်၏။ အတွေ့အကြုံရှိပြီးသူများက မဂ္ဂဇင်းထုတ်ဝေရန် ဦးဆောင်သည့် ပုဂ္ဂိုလ်ကို မဂ္ဂဇင်း၏ စာမျက်နှာဖွဲ့စည်းပုံ၊ သုတနှင့် ရသ အချိုးကျ ထည့်သွင်းပုံ၊ ဒေသရန်ုံစာမူ စုဆောင်းပုံ၊ ခေတ်မီမျက်နှာဖုံး ထည့်သွင်းပုံ၊ စာမူထိန်းသိမ်းပုံနှင့် ပုံနှိပ်ပြီး ဖြန့်ချိရေးအထိ စဉ်းစားရန်အချက်များအား အသေးစိတ် တင်ပြခဲ့ရာ ကိုယ်တိုင် မလုပ်ဖူးဘဲနှင့် အကြမ်းဖျင်းလောက် သိသူများက တစ်စခန်းထ၍ လွယ်လွယ်ဆုံးဖြတ် ဆောင်ရွက်လိုက်ကြသည်။ အပြီးသတ်မှာမူ မဂ္ဂဇင်းသည် ကုန်ကျသည့်ငွေကြေးနှင့် ထိုက်တန်သည့် ဖွဲ့စည်းမှုမျိုး ထွက်မလာခဲ့တော့ဘဲ ဖြစ်သမျှနှင့် ကျေနပ်လိုက်ကြရသည်။ အတတ်ပညာတစ်ရပ် အပေါ် အမြဲတန်း အကြမ်းဖျင်းလောက်သာ သဘောပိုက်တတ်သူတို့ ကြောင့် မလိုလားအပ်သော ထိခိုက်နစ်နာ ဆုံးရှုံးမှုများ ဖြစ်ပေါ်နေမည်ကား သေချာ၏။ အတတ်ပညာကို တန်ဖိုးထားလေ လေးစားသင့်ကြသည်။

သူများအလုပ်ကို အကြမ်းဖျင်းလောက်နှင့် တွက်ဆမိ၍ ဒုက္ခရောက်ရပုံကို ဆရာကြီး ပီမိုးနင်းရေးသော 'စာရေးဆရာ၏ နှိမ့်တုံနိမ့်တုံဘဝ'၌ တွေ့ရသည်။ တစ်နေ့နံနက် ဆရာကြီးအိမ်မှာ ထိုင်နေခိုက် ခြံဝင်၌ သူတောင်းစားတစ်ယောက် လာရပ်ကာ တောင်းရမ်း၏။ ဆရာကြီးက ပေးတန်သလောက်ပေးလိုက်ပြီး သူတောင်းစားထွက်သွားသော အခါ အတွေးမျှင်တန်းလန်း ကျန်ခဲ့သည်။ သူတောင်းစားတို့ကား ဘာမှ လုပ်စရာမလိုဘဲ လိုက်တောင်းရုံနှင့် မငတ်မပြတ် စားရသည်။ ငါ့မှာကား စာရေးပြီး ကြိုးစားပါလျက် ကြီးပွားသည်ဟူ၍မရှိ။ မကြီးပွားသည့် အတူတူတောင်းစားတာကမှ သက်သာဦးမည်။ ငါလည်း သူတောင်းစား လုပ်ကြည့်အုံဟု မဖွယ်မရာတွေးကာ ချက်ချင်း လက်တွေ့ကွင်းဆင်း၏။

ရှေးဦးစွာ လက်တစ်ဖက်၌ အနှံကဲ့သို့ အဝတ်ဟောင်းနှင့် စည်းလိုက်သည်။ အသိမိတ်ဆွေများ မမှတ်မိအောင် ခေါင်းပေါင်းထူထူဝတ်၊ ခမောက်ဆောင်းလျက် အသေအချာ ပြင်ဆင်ထွက်ခဲ့၏။ ပထမ တစ်ဦးစ၊ နှစ်ဦးစထံ နှာသံပစ်ကာ တောင်းကြည့်သော် အဆင်မပြေသည်။ လူထူထူရှိနေသော လက်ဖက်ရည်ဆိုင်ရှေ့ ရောက်သော် ဆိုင်ရှင် တရုတ်ကြီးက သူ့အသံကို မကြားဟန်ဆောင်နေ၏။ ဆရာကြီးက စောင့်ရန် စိတ်မရှည်တော့သောကြောင့် အသံမြှင့်အော်လိုက်သည်။ သူအသံ မဆုံးလိုက်၊ ''ဒီခွေးသူတောင်းစားနော်။ မီဂလာဗီရှိဘူး၊ စွားစမ်း''ဟု ဟောက်လွှတ်တော့သည်။ ဆရာကြီးမှာ သူတောင်းစားစစ်စစ် မဟုတ်ရကား ခွေးနှင့်နှိုင်းသည်ကို သည်းမခံနိုင်သည်ကြောင့် ''မအေပေး တရုတ်ကြီး၊ မိုက်ရင် ထွက်ခဲ့စမ်း''ဟု မူလအသံနဲ့ ချဲ့လင့်ခေါ်မိလေပြီ။ ထိုအခါ စားပွဲထိုးများကပါ ရိုက်ရန် ဝိုင်းလာ၍ ထွက်ပြေးခဲ့ရသည် ဟူ၏။

အကြမ်းဖျင်းကို ဆုပ်ကိုင်ထားမှုကြောင့် ဆုံးရှုံးခြင်း မဖြစ်ရလေအောင် ဝမ္မမိဋ္ဌာန်ကျကျ ကျင့်သုံးကြပါစို့။

လှမြင့်အောင် (လောင်းတုတ်)

www.burmeseclassic.com

www.burmeseclassic.com

(၁)

ကျွန်တော်တို့ မြို့ကလေးမှာ ကြိုးကြိုးစားစားနဲ့ဖွဲ့ထားတဲ့ စေတနာဝန်ထမ်းအဖွဲ့ကလေး တစ်ဖွဲ့ရှိပါတယ်။ ကျွန်တော်တို့အဖွဲ့က တကယ်စေတနာရှင်တွေနဲ့ ဖွဲ့ထားတဲ့ အဖွဲ့လေးတစ်ခု ဖြစ်ပါတယ်။ ဦးဆောင်သူရယ်လို့တော့မရှိပါဘူး။ ကိုယ့်အသိနဲ့ကိုယ်၊ အပြင်မတော်တာလေးတွေကို ပြုပြင်ပေးမယ်ဆိုတဲ့ ထောက်ပြပေးမယ်ဆိုတဲ့ စေတနာတွေနဲ့သာ လုပ်ကြကိုင်ကြတာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့လို တောမြို့လေးဆိုတာ တစ်ယောက်အကြောင်းတစ်ယောက်သိနေကြတာကိုး။

ခရစ်

သင်းမြစန္ဒီ



www.burmeseclassic.com

www.burmeseclassic.com

နောက် တောင်ပေါ်သားတွေဆိုတော့ ခိုးသားကြတယ်လေ။ ကိုယ့်စီးပွားကိုယ်လုပ်ကြတယ်ဆိုပေမင့် အချင်းချင်း ဖြတ်စား၊ ပါးပါးလေး ရိတ်ကြမယ်ဆိုတာလည်း သိပ် မရှိကြပါဘူး။ သမားရိုးကျ တောင်သူလုပ်စားကြ၊ အရောင်းအဝယ် လုပ်စားကြတာလောက်ပဲ ရှိတယ်။ တစ်ယောက်စီးပွားဖြစ်လည်း တစ်ယောက် မနာလိုမဖြစ်ဘူး။ သူကသိုလ်က်နှင့် သူ ဖြစ်တာပဲဆိုတာလောက် နှလုံးသွင်းကြတာ။ ကျွန်တော်တို့ဒေသက ထမင်းတစ်လုတ်စားဖို့ဆိုတာ ဘာမှခက်ခဲတဲ့ အလုပ်မဟုတ်ဘူး။ ဟင်းက ရွေးဖရုံသီး ဖြစ်ချင်ဖြစ်မယ်။ ပဲပုပ်ဖြစ်ချင်ဖြစ်မယ်။ အာလူးဟင်း၊ ဂေါ်ဖီထုတ်ကြော် ဖြစ်ချင်ဖြစ်မယ်။ ထမင်းတော့ ဘယ်အိမ်မှာဖြစ် ဖြစ် တစ်ယောက်စာလောက်ကတော့ ညည်းညူကြတာ မဟုတ်ဘူး။ ခေါ်စားနိုင်ကြတယ်။ ငှဲစားနိုင်ကြတယ်။ အစားအသောက်အတွက် သိပ်ပြီး ပြဿနာ မရှိဘူး။ အင်းရေချည်ဆိုတော့ ငါးတစ်မျိုးပေါ့။ ထသွား၊ ထလာလောက်က ဆော့ အေးအေးဆေးဆေး စားနိုင်သောက်နိုင်ကြတာချည်းပဲ။ သူ့ဌေးအိမ်ဖြစ်ဖြစ် ဆင်းရဲသားအိမ်ဖြစ်ဖြစ်၊ တောင်သူအိမ်ပဲဖြစ်ဖြစ် ကျွေးနိုင်ကြတာပဲ။

ဒါကြောင့်မို့ ကျွန်တော်တို့က လွယ်လွယ်နဲ့ စားနိုင်သောက်နိုင်ကြတာမို့ ကိုယ့်ဒေသကို ကိုယ်ချစ်ကြတယ်။ တခြားနေရာလည်း သိပ်ပြီးကြာကြာ မပျော်နိုင်ကြပါဘူး။

စီးပွားရေးဆိုတာကလည်း ကိုယ့်ဒေသ က သူတွေက စိုက်ကြပျိုးကြနဲ့ တောင်သူ ခပ်များများဆိုတော့ တောင်သူတွေကို မှီပြီး ရောင်းချကြ ဝယ်ကြနဲ့ပါ။ အဲ . . . တောင်သူထွက်တဲ့ သီးနှံတွေ စေ့းကောင်းမရဘူးဆိုရင်တော့ အရောင်းအဝယ်ပါး၊ ငွေရေးကြေးရေး ရှားပါးကြတာပါပဲ။ ဒီတော့ ကျွန်တော်တို့က တောင်သူတွေ အရောင်းအဝယ်ကောင်း၊ ရာသီဥတုဆွေ ကောင်း၊ သီးနှံကောင်းဖို့ ဆုတောင်းကြရတာချည်းပါပဲ။

ကျွန်တော်တို့က ကိုယ့်ဒေသ၊ ကိုယ့်ရေမြေ၊ ကိုယ့်တောတောင်ကို ချစ်ကြတဲ့သူတွေလေ။ ဒီတော့ ကိုယ့်ဒေသကလူတွေ အန္တရာယ်ကင်းအောင်ဆိုပြီး တတ်နိုင်သမျှ ကာကွယ်မယ်ဆိုတဲ့ စိတ်နဲ့ လုပ်ကြရတာကိုး။ ကျွန်တော်တို့အလုပ်က သိပ်ကျယ်ကျယ်ပြန့်ပြန့် တော့ မဟုတ်သေးပါဘူး။ ဘယ်လိုအဖွဲ့တွေနဲ့ ချိတ်ဆက်ရမယ်၊ ဘယ်လိုနေရာတွေနဲ့ ဆက်သွယ်ရမယ်ဆိုတာကို သိပ်ပြီး မသိကြသေးဘူး။ ကိုယ်သိသလေး ဖြစ်မယ့်နေရာလေးတွေကို ကိုယ် စုံစမ်းပြီး ဖော်ထုတ်ကြမယ်ဆိုပြီး ဖွဲ့ကြတာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ စေ့းကို သွားကြပါတယ်။

စေ့းဆိုတာ ပစ္စည်းမျိုးစုံ၊ ကုန်မျိုးစုံ ရောင်းကြ၊ ဝယ်ကြ၊ စားကြ၊ သောက်ကြတာကိုး။

ကျွန်တော်တို့အဖွဲ့က လူတွေကိုယ်တိုင် တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် လေ့လာကြမယ်ဆိုပြီး ကွင်းဆင်းကြည့်ကြတာပါ။

ဟော . . စေ့းမရောက်ခင်မှာ မြင်ရတဲ့ မြင်ကွင်းပါ။ ကွမ်းယာဆိုင်လေးပါပဲ။ ကွမ်းယာဆိုင်ရှေ့မှာ အရက်ဆိုင်။ ကွမ်းယာဆိုတာက ကျွန်တော်တို့ တောင်ပေါ်သားတွေ ပါးစပ်ထဲမှာ အချိန်မရွေး တွေ့ရတဲ့ အစားအသောက်မျိုးပါ။ ကဲ . . ကွမ်းယာဆိုင်ကိုပဲ လေ့လာကြရတာပေါ့။

ကွမ်းကတော့ ကျွန်တော်တို့ တောင်ပေါ်မြို့တွေမှာ စိုက်လို့ မရတဲ့ အပင်။ ဒီတော့ မြန်မာပြည်ထဲမှ ကားနဲ့မှာရတာပါ။ ကွမ်းရွက်တွေကို ကွမ်းခြင်းတွေနဲ့ သယ်လာတာပါ။ ကွမ်းရွက်ကို အညှာချင်းထပ်ပြီး ခွေထားတယ်။ အခွေလိုက် စီထည့်ထားတာ။ ကွမ်းရွက်ဆိုတာ ကလည်း အရင်တုန်းကလို မဟုတ်တော့ပါဘူး။ ဓာတ်မြေဩဇာထည့်၊ ပိုးသတ်ဆေးဖြန်းပြီး စိုက်ရတဲ့ အပင်မျိုး ဖြစ်နေပါပြီ။ သည်တော့ ကွမ်းသယ်က ကွမ်းရွက်တွေကို သေချာဆေးလား၊ မဆေးလား သူကိုယ်တိုင် သိမှာပါ။ အရွက်တွေမှာ ပိုးသတ်ဆေး ဘယ်လောက်ထိ ဖျန်းထားပြီးပြီလဲ။

ကျွန်တော့်သူငယ်ချင်းက ပြောတယ်၊ ထုံးဖောက်တာ အခရာတဲ့။ ထုံးအိုးထဲမှာ ကွမ်းသည်မက ဘာတွေ ပစ်ထည့်ထားမလဲ။ စဉ်းစားကြည့်ပါ။ သူကဓာတ်ဝတ္ထုပစ္စည်းအကြောင်း စာထဲမှာ ဖတ်ဖူးသလား၊ ဒါမှမဟုတ် စိတ်ကူးနဲ့ ထုံးမပေါက်အောင် ဖန်တီးသလားဆိုတာ စဉ်းစားစရာပါ။ ထုံးအိုးထဲမှာ ရှောက်သီးတစ်လုံး ပစ်ထည့်၊ သကြားထည့်၊ ဆားထည့်၊ အချိုမှုန့်ဆိုတာ ထည့်ပြီး ထုံးဖောက်သတဲ့။ ထုံးကိုလက်နဲ့မွှေ၊ နောက် ညသိပ်ထား၊ အာမပေါက်ဘူးဆိုပဲ။ ထုံး၊ သကြား၊ ဆား၊ အချိုမှုန့်၊ ရှောက်သီး၊ ရှောက်ရည် ဘာဖြစ်တွေ ပေါင်းပြီးသား ဖြစ်မည်လဲ။

နှပ်ဆေးတဲ့။ အရက်၊ ချက်အရက် အပေါစားခပ်ပြင်းပြင်း၊ ပျားရည်၊ ဆေးရွက်ကြီး၊ အရောင်တင်ဆေးမှုန့်၊ ရောနှပ်၊ အနံ့ပြင်းပြင်းမကြိုက်ကြသတဲ့လေ။ ဟင်းခတ်အမွှေးအကြိုင် ဖန်တီးနိုင်သော တိုင်းပြည်တစ်ပြည်မှ ဝင် ရောက်လာသော ဓာတ်ခွဲစစ်ဆေးပြီးသား ရှိ/မရှိ တံဆိပ်မျိုးစုံနဲ့ အစစ်ရော အတုရော ဝင်လာသည်။ အာမွှေး၊ နိုင်တီတူး၊ ပါရာဂျက် စသည် စသည်ဆေးမျိုးစုံ။ အစရှိသည့် ဆေးများစွာ ရောစပ်ထားသော ကွမ်းယာများ။ ကွမ်းသီးက ပိုးထိုးလို့ ပစ်ထည့်ထားသည့် ပိုးမတက်သည့်

‘သူများမကြိုက်ရင် မပြောနဲ့၊ အနေသာကြီးဆိုပြီး’ ခပ်ကင်းကင်းပဲ နေကြပုံ၊ မပြောကြပုံ ပေါက်ပါတယ်။ အချင်းချင်းတောင် ‘‘အစ်မက ကွမ်းကို နှပ်ပြီးသားတစ်နေ့ ငါးရာဖိုးစားတာလို့’’ ဂုဏ်ယူဝင့်ကြွားစွာ ပြောတတ်ကြတာလေ။

www.burmeseclassic.com

www.burmeseclassic.com

ပိုးသတ်ဆေးပြား၊ ကွမ်းသီးအရောင်လှအောင် ထည့်ပြုတ်ထားသော ဆိုးဆေးရည်များ စသည်ဖြင့် အဂါရင်များ ခုံလှသော ကွမ်းပေါင်း တစ်ထုပ်။

(၂)

ကျွန်တော်တို့ မြို့က ကားသမား၊ ပွဲစား၊ အရောင်းအဝယ်သမား၊ ဈေးသည်၊ အလုပ်သမား စသည်ဖြင့် ရောယှက်နေကြသည်။ ဆိုင်ကယ်ပြင်သမားတစ်ယောက်ဆို ကွမ်းကို နံနက်ထဲက မြို့ပြီး ဆိုင်ကယ်ပြင်သတဲ့။ ဘာမှ မစားမသောက်ဘဲတောင် ကွမ်းကို မြို့နိုင်သတဲ့။ ကွမ်းကို နပ်ပြီးသည့် တစ်နေ့ကို နစ်ထောင်ဖိုး၊ သုံးထောင်ဖိုး စားနိုင်တယ်။ ပါးစပ်ကိုကြည့်၊ လျှာက နီရဲနေတာတောင် မဟုတ်ဘဲ အညို့အမည်းစွဲထင်နေတာ တွေ့နေရတယ်။ ပါးစောင်ထဲက ကွမ်းယာကို ငုံထားပြီး စကားပီအောင် ပြောနိုင်တယ်လို့ နာမည်ကြီးသူ။

နောက်တစ်ယောက်က အထည်သည် အမျိုးသမီး။ သူကလည်း နံနက်အိပ်ရာထမျက်နှာသစ်ပြီးကတည်းက သနပ်ခါးလိမ်းတာတောင် ကွမ်းက ငုံသေးသတဲ့။ ဝဝတုတ်တုတ်၊ နံနက်မိုးလင်း ဖြီးလိမ်းထားတာ သနပ်ခါးကို မှုံလို့။ သူ့ကွမ်းစားပုံက တစ်မျိုး။ ကွမ်းကို တရစပ် ဝါးစားနေတာ။ စကားပြောရင်း ကွမ်း တံတွေးက တပြစ်ပြစ်။ သူ့အယူအဆက တစ်မျိုး။ ကွမ်းကို ဗိုက်ထဲ အဝင်မခံဘူး။ ကွမ်း ယာကို ဝါးပြီး ထွေးထုတ်တာတဲ့။

သူက သူ့အမြဲတမ်း ကိုင်ထားတဲ့ ပိုက်ဆံအိတ်ကလေးထဲမှာ ကွမ်းယာထုပ် အပြတ်မခံအောင်စား‌တာ။ တစ်ယောက်ယောက်နဲ့ စကားပြောရင် ကွမ်းတံတွေးကို တစ်ချက်ထွေးချလိုက်တာပဲ။ ပြီးမှ စကားဆက်ပြောရတာ။ သူက တော့ သွားတွေမှာ ကွမ်းချိုးက မနည်းလှ။ လျှာတွေမှာတော့ အညိုရောင် သိပ်မသမ်း။ အံသွားတွေတက်မှာတော့ ကွမ်းချိုးက စွဲနေပြီ။ အမျိုးသမီး ခပ်ရွယ်ရွယ်ဆိုတော့ ကွမ်းစားလို့ မလှမပ ဖြစ်မှာကို စိုးရိမ်စိတ် သိပ်မရှိ။

သူမက ကျန်းမာရေးနှင့်ပတ်သက်သည့် စာစောင်စာအုပ်များကို အမြဲတမ်း ဖတ်ရှုတတ်သည်။ ကျန်းမာရေးစာစောင်ထဲမှာ အစာအိမ်၊ အသည်းရောဂါ၊ အဆုပ်ရောဂါ၊ နှလုံးရောဂါ စသည်အဂါကြီးများမှ ဖြစ်ပွားလေ့ ရှိသည့်ရောဂါများ၏ ဆိုးကျိုး၊ ကာကွယ်နည်းအစရှိသည့် ဗဟုသုတများကို လက်တန်းပြောပြနိုင်လောက်ကို ဖတ်ထားသည်။ သူမ ခန္ဓာကိုယ်ကလည်း ဝဝဖြိုးဖြိုးဆိုတော့ ကိုယ်တိုင် စားသုံးထားသည့် ကွမ်းယာ၏ ဘေးထွက်ဆိုးကျိုးလောက်ကို တော့ ပူစရာမလို ထင်ထားပုံရသည်။ ကွမ်းစားရင် ပါးစောင့်ကင်ဆာ၊ လျှာကင်ဆာ၊ လည်ချောင်းကင်ဆာတို့ ဖြစ်တတ်တာလောက်ကို ဖတ်လေ့လာ ပြီးပြီ။ ကိုယ့်ကိုယ်တိုင်လည်း မှန်ထဲမှာ လျှာတို့၊ ပါးစောင်တို့၊ သွားတို့ကို စစ်ဆေးကြည့်လိုက်သေးသည်။

ပါးစောင်ကို မှန်ထဲမှာ ကြည့်လိုက်တော့ ပါးစပ်အတွင်းရှိ အမြှေးပါးမှာ ကွမ်းယာကြောင့် နီရဲနေတာကလွဲပြီး အပြစ်မရှိ သွားတွေက လည်း အသက် သုံးဆယ်ကျော်ရှိပြီ။ နွဲခြင်း၊ နာခြင်း၊ သွေးထွက်ခြင်း လုံးဝကင်းရှင်းသည်။ ဒီတော့ ကွမ်းကို မဖြတ်ဖြစ်။ ရှပ်ဆိုးတာက တော့ သူများတွေနှင့် စကားပြောရလျှင် နီးရာ နေရာတစ်ခုမှာ ကွမ်းတံတွေး ပြန်ပြန်သွားထွေးရတာကလွဲပြီး ဆိုးကျိုး သိပ်မရှိလို့ တွက်ထားလိုက်သည်။ သေချာသည် ပါးစပ်၊ လည် ချောင်း၊ သွား၊ လျှာ စသည်တွေမှာလည်း ဘာပြဿနာမှမရှိ။ ထိုကြောင့် ကွမ်းယာကို ဝါးပြီးရင်း ဝါးရင်းနှင့် နစ်ကာလတစ်ခုဆီသို့ ရွှေ့လျားလာခဲ့သည်။

သူမက ခပ်ပျော်ပျော် နေတတ်သူ၊ ဒီတော့ ကွမ်းယာနှင့် ပတ်သက်ပြီး ထိန်းသိမ်းဖို့ မကြိုးစားခဲ့တာတော့ သေချာလေပြီ။ တစ်ခါတလေ ဗိုက်ထဲက နာတာတာနှင့် ဆေးခန်းသွားပြလိုက်သည်။ မြို့လေးက ဆေးခန်းဆိုတော့ အစာအိမ်ရောင်တာ ဖြစ်မယ်၊ ကွမ်းကို ဖြတ်ပါဆိုတော့ သူမက ဆရာဝန်ကို 'ကျွန်မက လေနာရှိတယ် ဆရာရဲ့၊ လေနာစွဲတာ၊ ဗိုက်က အမြဲတမ်းတော့ မဟုတ်ဘူး၊ ခဏနား ပြီးရင် ပျောက်ပျောက်သွားတယ်။ လေနာစွဲ တာ' လို့ ဆရာဝန်ကို ဆင်ခြေပေးလိုက်သည်။

သူက ရိုးရိုးဆရာဝန်ရဲ့ ကွမ်းဖြတ်ပါဆိုတဲ့ စကားဆိုတော့ သေချာ မလိုက်နာခဲ့။ အပူအစပ်ကိုတော့ ဖြတ်လိုက်သည်။ သူမကိုယ်တိုင်က ဆေးပညာပေးစာအုပ်တွေထဲက အစာအိမ်ရောင်ရမ်းနာအကြောင်းကို နောကြေအောင် ဖတ်ပြီး ဆေးဆိုင်မှာ ဆေးတွေကို ကိုယ်တိုင် ဝယ်သောက်တော့ ပျောက်သွားသလိုလိုပဲ။ ခရေးမဲအတိစ၊ နီဘိုရမ်နီတပ်ဒင်း၊ အိုမီပရာဖေစတဲ့ ဆေးတွေကို ဝယ်သောက်လိုက်၊ ပျောက်လိုက်နဲ့ နေခဲ့တာ လပေါင်းမနည်းတော့။ သူမက ငယ်သေးတယ်။ ရောဂါအကြီးကြီး သူ့ကိုယ်မှာ မရှိနိုင်ဘူးလို့ တထစ်ချတွေးထင်ထားတဲ့ အခံကလည်း ရှိနေပြန်သည်။

ဗိုက်နာတာကြာလာပြီ။ ဟိုဆေးသောက်၊ သည်ဆေးသောက်၊ ဒီတော့ ကျွန်မမှာ အစာအိမ်ရှိတယ်။ အစာအိမ်ရှိတယ် ဆိုပြီးနေခဲ့တာ။ ဈေးထဲဆိုတော့လည်း တစ်ယောက်တစ်ပေါက်နဲ့ ဈေးသည်ရော၊ ဈေးဝယ်ရောက ကြားဖူးသမျှ အကြံဉာဏ်ပေးကြတာ စုံလို့။ အထူးကုဆရာဝန်ကြီး၊ အထူးကုဆေးရုံ၊ ဓာတ်မှန်ရိုက်၊ အစာအိမ်မှန်ပြောင်းရိုက် ဆိုပြီး တစ်ယောက်တစ် မျိုး ညွှန်းကြပါတယ်။ အဲ 'ကွမ်းဖြတ်ပါလား ရှင်' ဆိုတဲ့စကားကိုတော့ ပြောရော့မှာ တွန့်ဆုတ်

www.burmeseclassic.com

www.burmeseclassic.com

နေလေရဲ့။ ဘာကြောင့်လဲဆိုတော့ 'သူများအကြိုက်ကို မဖျက်ဆီးပါနဲ့ဟယ်' ဆိုပြီး ရိုးသားဆော မြို့သားများဝိဝီ ဒီအကြံပေးချက်ကို ချောင်ကြပုံရတယ်။ 'သူများမကြိုက်ရင် မပြောခဲ့ အနေသာကြီးဆိုပြီး' ခပ်ကင်းကင်းပဲ နေကြပုံ၊ မပြောကြပုံ ပေါက်ပါတယ်။ အချင်းချင်း ဆောင် ''အစိမက ကွမ်းကို နှပ်ပြီးသား တစ်နေ့ ဒီဆာဖိုးစားတာလို့'' ဂုဏ်ယူဝင့်ကြွားစွာ ပြောတတ်ကြတာလေ။

တစ်နေ့တော့ သူမခန္ဓာထွားထွားကြီးက ဆင်းမစားနိုင်ဘဲ နည်းနည်းပိန်လိုက်တာကို ဆွေလိုက်ရတယ်။ သူမကိုယ်တိုင်ပဲ ဖတ်ထားတဲ့ဆေး ဗဟုသုတတွေအတိုင်း အထူးကု ဆေးခန်းကြီးတစ်ခုကို ရောက်သွားပါတယ်။ အထူးကုဆေးခန်းဆိုတော့ သူမကိုယ်ကို တစ်ကိုယ်လုံး ဆီး၊ ဝမ်း၊ သွေး၊ ဓာတ်မှန်၊ အစာအိမ်ကြည့်မှန်ပြောင်း၊ အသားစစ် စတာတွေနဲ့ စစ်ဆေးတော့ သေချာပြီ။ အစာအိမ်ကင်ဆာ ဖြစ်ပြီလို့ ထင်ရှားစွာ အဖြေရလိုက်သည်။

သူမကအစက မယုံ၊ သည်တော့မှ ကွမ်းကို တုံးတိုဖြတ်ရတော့သည်။ နောက်ကျသွားပြီ။

(၃)

ကျွန်တော်တို့အဖွဲ့ထဲမှာ တက်ကြွစွာ ကျွန်းမာရေး ရွယ်ထောင့်က အားပေးခဲ့တဲ့ အမျိုးသမီးတစ်ဦး ဆုံးရှုံးသွားရလို့ ကျွန်တော်တို့ စိတ်မကောင်း ဖြစ်ကြရသည်။ သူမကိုယ်တိုင်က ဒီအဖွဲ့ဖွဲ့ဖို့ ဝိုင်းစဉ်းစားပေးခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သူမကိုယ်တိုင် ဈေးသည်ဖြစ်ပြီး ဈေးထဲမှာ ကျင်လည်ခဲ့သူဆိုတော့ ဘယ်ဆိုင်က ဘယ်လိုကုန်တွေကို ပြုပြင်ပြောင်းလဲခဲ့သလဲ၊ ဘာတွေသုံးခဲ့သလဲဆိုတာကို ထဲထဲဝင်ဝင် သိပြီးသား ဖြစ်နေသည်။ သူမက ကွမ်းယာရဲ့ ဆိုးကျိုးကိုတော့ သူမ အလွန်နှစ်သက်သူမို့ အပြစ်မမြင်ရက်တာ ဖြစ်မည်။

ကျွန်တော်တို့အဖွဲ့ထဲက တစ်ယောက် ကွမ်းယာရဲ့ ဆိုးကျိုးကြောင့် ဆုံးရှုံးသွားတာကို မြင်လိုက်ရတော့ ကျွန်တော်တို့ ကျန်အဖွဲ့သားတွေက စိတ်မကောင်း ဖြစ်ကြရသည်။ အဖွဲ့ထဲက သူတွေက ဒီအဖြစ်အပျက်ကို သိတော့ ဘယ်လို လုပ်ရပါမလဲ။ ဘယ်ကို အကြောင်းကြားပြီး ဘယ်လိုစစ်ဆေးပေးစေချင်လဲ။ ဘယ်လိုကာကွယ်ရမလဲဆိုတာ စုပေါင်းပြီး အဖြေထုတ်ကြမယ်လို့ စဉ်းစားကြရတယ်။

ကိုယ့်ကိုယ်ကိုယ် ကာကွယ်တားဆီးနိုင်တာ အကောင်းဆုံးလို့လည်း တစ်ယောက်က ထပြောတယ်။ တစ်ယောက်ကတော့ သည် ကွမ်းယာထဲက နှပ်ဆေးတို့၊ ထုံးတို့ကို ဓာတ်ခွဲခန်း ပို့ချင်သတဲ့။ တစ်ယောက်ကတော့ နိုင်ငံခြားက ဝင်လာတဲ့ ကွမ်းယာပစ္စည်းကို ဆန့်ကျင်ကြဖို့ပြောတယ်။ တက်ကြွတဲ့ ကောင်လေး တစ်ယောက်က ဆိုင်ကို တရားစွဲမယ်တဲ့။ တစ်ယောက်ကတော့ ဆိုင်တွေကို စစ်ဆေးရမယ်တဲ့၊ တစ်ယောက်ကတော့ ကွမ်းယာဆိုင်တွေကို ပညာပေးရမယ်တဲ့။ တစ်ယောက်က ခပ်အေးအေး မြို့ခံလူငယ်၊ သူက ဘာပြောသလဲဆိုရင် 'ကံတရားပေါ့ကွာ၊ အလှည့်ရှိတယ်ကွ၊ ကွမ်းယာသည်လည်း တစ်ချိန်ကြရင် ကင်ဆာရောဂါနဲ့ ဆုံးရမှာပါကွာ' လို့ ပြန်ပြောလိုက်သတဲ့။

ဟုတ်ကဲ့ ကျွန်တော်တို့ မြို့ကလေးမှာ ကွမ်းယာနှပ်ဆေးနဲ့ စားတဲ့ အစိမကြီးရဲ့ ပုံပြင်က ကျွန်တော်တို့ကို တွေးစရာတွေ ပေးသွားပါတယ်။ စကားလုံး ကြီးကြီးကျယ်ကျယ်နဲ့ ပြောတဲ့ တစ်ယောက်ကတော့ ဒီလိုဖြစ်ရတာ ငါတို့ကို အုပ်ချုပ်နေတဲ့လူတွေနဲ့ ဆိုင်တယ်လို့ ထပြောတယ်။

လူငယ်အားလုံးက တညီတညွတ်တည်း မှတ်ချက်ချတယ်။ ''မင်းကလဲကွာ၊ အစိုးရဆိုတာ တိုင်းပြည်အုပ်ချုပ်ဖို့တဲ့၊ ငါတို့ အစိမကြီးကင်ဆာရောဂါနဲ့ မဆိုင်ရေးချ မဆိုင်ပါဘူးကွာ'' တဲ့။ ဟုတ်ကဲ့။

သင်းမြစန္ဒီ

လိပ်ခေါင်းရောဂါရှင်များ ဝမ်းမြောက်ဖွယ်

လိပ်ခေါင်းရောဂါမှန်လျှင် ဒီဌာနပျောက်ကင်းရမည်။

- ဆရာဇ၏ဆေးခန်းတွင် လိပ်ခေါင်းရောဂါရှင်များအား မပူ၊ မစပ်၊ မနာ၊ မကျင်၊ မလိုးမဖြတ်၊ မြန်မာ့နည်း၊ မြန်မာ့ဟန်သက်သက်ဖြင့် အမြစ်ပါမကျန် လုံးဝပျောက်ကင်းအောင် ကုသပေးလျက်ရှိပါသည်၊
- ကုသရှိပျောက်ကင်းသွားသော ရောဂါရှင်ဇယားများ၏ ဓာတ်ပုံနှင့် ထောက်ခံစာပေါင်းများစွာတို့ကို လက်တွေ့လာရောက်လေ့လာနိုင်ပါသည် (နိုင်ငံခြားမှ ခွဲစိတ်ကုသဖူးသူများ အပါအဝင်)
- ရောဂါအတွက် ပျောက်ကင်းအောင် တာဝန်ယူသည်၊
- လိပ်ခေါင်းရောဂါသည် အနားယူကုသမှသာ အမြစ်ပြတ် ပျောက်ကင်းနိုင်ပါသည်၊

မှတ်ချက်။ ။လိပ်ခေါင်းရောဂါသည်စားဆေးသက်သက်ဖြင့် လုံးဝမပျောက်ပါ၊

နိုင်ငံကျော် မန္တလေးမြို့ အဘိမဓွဇတောင်သာဆရာတော်ကြီးဦးလှမောင်၊ ဆရာမကြီး ဒေါ်သန်းဟန် (လိပ်ခေါင်းအထူးကုဝိဇ္ဇာ)

ရန်ကုန်ဆေးခန်းဌာနခွဲ - အမှတ်(၅၀)၊ ၅-လွှာ၊ ၁၂၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၃၀၀ ၉၃၉၁

၁၃-၁၄ လမ်းကြား၊ ၇၀-၈၁ လမ်းကြား၊ အကွက်-၅၄၊ ပြည်လုံးချမ်းသာ၊ မန္တလေး။ ဖုန်း-၀၂-၇၅၂၀၀၊ ၀၉၉၁၀၄၄၀၂

www.burmeseclassic.com

www.burmeseclassic.com

ဂန္ဓဝင်ဂီတပညာရှင် ဆရာဦးခင်ဇော်(K)

စန္ဒရားသိန်းမောင်

၁၉၆၂–၆၃ ခုနှစ် ပတ်ဝန်းကျင် ကျွန်တော်နှင့် ဆရာကျမ်း(ကိုတင်မိုး) အတော်တွဲဖြစ်ကြပြီး မန္တလေးမြို့ နေပြည်တော် အထက်တန်းကျောင်းမှာပင် တက်၍ ပညာသင်နေဆဲကာလ၊ တစ်နေ့တွင် မန္တလေးအနုပညာနှင့် ပန်တျာကျောင်းမှဂုံးအုပ်ကြီး ဦးအေးဖေ(မြို့မအသင်းဥက္ကဋ္ဌဟောင်း) ကျွန်တော့်ဆီ ရောက်လာပြီး ကျွန်တော့်အား အနုပညာ ပန်တျာကျောင်းအုပ်ကြီး ဆရာဦးစိန်ညွန့်က တွေ့လိုကြောင်းလာခေါ်သည်နှင့် ကျွန်တော် ပန်တျာကျောင်းသို့ နောက်တစ်နေ့နံနက်ပိုင်းရောက်သွားပါသည်။

ကျွန်တော် ရောက်သွားလျှင်ပင် ဆရာကြီးဦးစိန်ညွန့်က ကျွန်တော့်အား တွေ့ပေးစရာ ပုဂ္ဂိုလ်တစ်ဦးနှင့် ကိစ္စရှိသဖြင့် ခေါ်ကြောင်းပြော၍ ထိုပုဂ္ဂိုလ်ရှိရာသို့ခေါ်သွားရာ ထိုပုဂ္ဂိုလ်မှာ ဆရာဦးခင်ဇော်(K)ပင် ထိုင်နေ၍ ဆရာဦးခင်ဇော်မှာ ဆေးတံကိုကိုင်ထားကာ ကျွန်တော့်အားပြုံး၍ နှုတ်ဆက်ပြီး ''မင်းက ဦးသန့်(ဒါးတန်း)၏ တပည့်မောင်သိမ်းမောင်ဆို တာလား''ဟူ၍ မေးမြန်းစကားပြောပြီး ''ကဲ .. မင်းကို ဦးသန့် သင်ပေးထားတဲ့ စန္ဒရားတီးကွက် (Piano Compositions)တွေ တီးပြစမ်းပါဦးကွာ'' ဟူ၍ပြောသဖြင့် ကျွန်တော်သည် ဦးလေးသန့် (ဒါးတန်း)၏ တီးကွက်များနှင့် ဥရောပဂီတတွေပါ တီးပြပြီးသောအခါတွင် လက်ခုပ်တီး၍ ''အေး . . . ငါတို့ရှာကြံနေတာလည်း ဒါတွေပဲကွာ''ဆိုပြီး အနီးပါးတွင်ရှိကြသော အနုပညာ၊ ပန်တျာကျောင်းအုပ်ဆရာကြီး ဦးစိန်ညွန့် စန္ဒရားနည်းပြဆရာ(ကျွန်တော့်ဆရာ) ဦးအုန်းမောင်နှင့် အချို့သော ပုဂ္ဂိုလ်များနှင့်ပါ စကားပြောနေကြပါသည်။

ထိုသို့ ကျွန်တော့်အား စန္ဒရားခေါ်၍ အတီးခိုင်းသည့်ကိစ္စ ကျွန်တော်နောက်မှ သိရသည်မှာ ထိုအချိန်ကာလ ၁၉၆၂–၆၃ ခုနှစ် ပတ်ဝန်းကျင်တွင် မြန်မာပြည်မှ ရုရှားနိုင်ငံ လူမှုဓနအားတက္ကသိုလ်သို့ ပညာသင်များစေလွှတ်ရာတွင် ဂီတစန္ဒရားရှင်များပါ ပညာသင်လွှတ်ရန် အစီအစဉ်တွင် ရန်ကုန်မှာသာရှိသော စန္ဒရားတီးသူတွေကိုသာ လွှတ်သည်သတင်း၊ သတင်းစာတွင်ပါလာရာ မန္တလေးမှ ဂီတပညာရှင်ကြီးများနှင့် ပန်တျာကျောင်းအုပ်ကြီးတို့က မလိုလားကြပါ။ ထိုစဉ်က မန္တလေးမြို့ အနုပညာပန်တျာကျောင်းတွင် လာရောက်၍ ဂီတသုတေသနပြုလုပ်နေသော မြန်မာနိုင်ငံယဉ်ကျေးမှု အထူးအရာရှိ ဦးခင်ဇော်အား ထိုကိစ္စ ဆွေးနွေးကြပြီး မန္တလေးမှာလည်း စန္ဒရားပညာတွင်ကြိုးစား၍ တော်သော လူငယ်တွေ ရှိပါသည်။ ထိုအထဲမှဦးသန့်(ဒါးတန်း)၏ တပည့် မောင်သိမ်းမောင်ဆို တာရှိကြောင်း ပညာရှင်ကြီးများ၏ ထောက်ခံပြောဆိုမှုဖြင့် ကျွန်တော့်အား ခေါ်၍ စန္ဒရားတီးပြခိုင်းခြင်းဖြစ်ပါသည်။

ထိုသို့ ကျွန်တော် စန္ဒရားတီးပြပြီးသောအခါတွင် ဆရာဦးခင်ဇော်မှ ကျွန်တော့်အား မောင်သိမ်းမောင် မင်းဆရာဦးသန့်ကို တွေ့လိုကြောင်း ပြောပြပေးရန် ထိုနေ့တွင်ပင် ကျွန်တော်သည် ဦးလေးသန့်(ဒါးတန်း)အား သွားရောက်ပြောဆိုရာတွင် ဦးလေးသန့်မှ ''အေး ငါကပဲ သွားတွေ့လိုက်ပါမည်''ဟုပြောပါသည်။ နောက်ရက်ပိုင်းတွင် ဆရာဦးခင်ဇော်မှ ကျွန်တော်တီးသော စန္ဒရားလက်သံများကို 'ရီကော်ဒါ'ဖြင့် အသံသွင်းယူခြင်း ဂီတစန္ဒရားပညာများကို မေးမြန်းပြီး အတော်အားရကျေနပ်ကြောင်း ပြောပြပါသည်။ ထိုစဉ်မှစ၍ ဆရာဦးခင်ဇော်နှင့်ကျွန်တော် သိကျွမ်းခင်မင်ရင်းနှီးသွားသဖြင့် ဆရာတပည့်ရင်းဖြစ်၍သွားပါသည်။

ထိုသို့ ဆရာဦးခင်ဇော်နှင့် တွေ့ဆုံပြီး တစ်လခန့်အကြာတွင် ဆရာ့ဆီမှ စာရပါသည်။ သူ ရန်ကုန်ပြန်ရောက်လျှင်ပင် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်တွေနှင့် တွေ့ဆုံကာ ကျွန်တော် အသံသွင်းပေးလိုက်သော တိပ်ခွေဖွင့်နားထောင် ဆွေးနွေးကြပြီး ယဉ်ကျေးမှု ဂီတရေးရာတွေကို အစီအစဉ် ပြုလုပ်ကြကြောင်းနှင့် ၁၉၆၃–၆၄ ခုနှစ်တွင် ရုရှားပြည်သို့ ဂီတပညာတော်သင်များ ဆက်လက်လွှတ်ရန် အစီအစဉ်တွင် ကျွန်တော့်ကို ဦးစားပေးလျာထားကြကြောင်း စာရသည့်အခါ ကျွန်တော်မည်မျှ ဝမ်းသာမှုရှိသည်ကို ရေးပြရန်ပင် ခက်ခဲလှပါသည်။ ထို အချိန်မှစ၍ ဆရာဦးခင်ဇော်နှင့် ဦးလေးသန့်တို့ မကြာခဏ စာဆက်သွယ်မှုပြုပါသည်။

ထိုစာများကို ကျွန်တော့်အား ဖတ်ခွင့်ပြုသဖြင့် ဦးလေးသန့်မှ ဆရာဦးခင်ဇော်သို့ ပေးစာတစ်စောင်တွင် မြန်မာ့မဟာဂီတ ရေးဖွဲ့မှုများတွင် ကိုလိုနီခေတ်မှစ၍ တိမ်ကောလာသည်မှာ နောက်ဆုံးဆရာကြီး ဦးပြုံးချို၊ နန်းတော်ရှေ့ ဆရာတင်နှင့် ဆရာမကြီးဒေါ်စောမြအေးကြည် (မိုးဒေဝါ) တို့သာတွေ့ရ၍ နောက်ဆုံးတေးသီချင်းဂီတများ ပျောက်ကွယ်သွားစရာရှိကြောင်း ရေးထားတာကို တွေ့ရပါသည်။ ထို့ကြောင့်မြန်မာဂီတကို ကမ္ဘာနှင့်ရင်ဘောင်တန်းစေရန် ရည်ရွယ်ချက်ရှိပါမူ အခြေခံမူ(၃)ချက်ကို လက်ကိုင်ထားရမည်ဖြစ်ကြောင်း ထို(၃)ချက်မှာ–

(၁) မြန်မာ့မဟာဂီတ တေးသီချင်းများကို ခေတ်မီနည်းဖြင့် ရာဖွေထိန်းသိမ်း၍ သုတေသနပြုလုပ်ခြင်း၊

(၂) မြန်မာလူငယ်များအား ဂီတပညာတော်သင်လွှတ်၍ ဂီတပညာကျွမ်းကျင်စွာ ဖြစ်မြောက်သည်အထိ ပညာသင်ကြားပေးရန်၊

(၃) မြန်မာ့တေးဂီတများကို တတ်သိပညာရှင်များအား တီးဝိုင်းဖွဲ့စည်းမှု (Arrangement) နှင့် တီးဝိုင်းများအား အုပ်ချုပ်စီမံခန့်ခွဲပညာများကို သင်ကြားလေ့လာရန် အကြံပြုထားသည်ကို တွေ့ရပါသည်။

သို့သော် ၁၉၆၃–၆၄ ခုနှစ်တွင် ရုရှားပြည်သို့ ပညာတော်သင် ထပ်လွှတ်ရန် ကိစ္စပေါ်လာသောအခါတွင် ကျောင်းသား ၅ ယောက်၊ ၆ ယောက်လောက်နှင့် တူရိယာပစ္စည်း ခုံခုံလင်လင်မဟုတ်ဘဲ ဆင်ပါးစပ်

www.burmeseclassic.com

www.burmeseclassic.com

ခြင်းတော်သလို ဖြစ်ခဲ့ရသည်။ ရုရှားမှ ပြန်လာကြသော ပညာတော်သင် ပြန်များလည်း ဘာမျှရေရေရာရာ မရှိကြတော့ဘဲ တိုင်းပြည်ကသာ နစ် နာခဲ့ရပါသည်။ ထိုရုရှားပြည်နှင့် အလုပ်မဖြစ်သောအခါတွင် ဆရာ ဦးဆောင်ဖော်သည် အရှေ့ဂျာမဏီဖက်မှ ဂီတပညာရှင်ကြီးများ ဖြစ်ကြသော Leipzig ဂီတတက္ကသိုလ်မှ ပါမောက္ခချုပ် Dr. Kohler Berlin ဂီတ တက္ကသိုလ်မှ ပါမောက္ခ Dr. Reapling တို့နှင့် ရင်းနှီးခဲ့၍ ထိုပုဂ္ဂိုလ်ကြီး များနှင့် မန္တလေးမြို့မှ ဂျွန်တော့်ဆရာ ဦးသန့် (ဒါးတန်း)တို့ တိုင်ပင် ဆွေးနွေးပြီး အထက်ပါ အခြေခံ (၃) ရပ်ကို လက်ခံကြပြီးလျှင် စီမံကိန်း ချခဲ့ကြပါသည်။ ထိုစီမံကိန်းအရ နောင်ဆယ်နှစ်ခန့် ၁၉၅၂ ခုနှစ်တွင် ဦးလှမျိုးချုပ် သောင်းဒန် ဝန်ကြီးဖြစ်စဉ် ဗိုလ်မှူးချုပ်သောင်းဒန်မှ ဦးစီး၍ ယဉ်ကျေးမှုဌာန အထူးအရာရှိ ဆရာဦးခင်ဖော်၊ သမိုင်းကော်မရှင် ဥက္ကဋ္ဌကြီးရေးမှူးချုပ် ဆရာဖော်ကို၊ ရွေးဟောင်းယဉ်ကျေးမှု ညွှန်ချုပ် ဆရာဦးအောင်သော်၊ ယဉ်ကျေးမှုဌာနပြတိုက်နှင့် စာကြည့်တိုက်ညွှန် ချုပ် ဆရာဦးသန်းထွတ် (ဆရာတိုက်စိုး)နှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအတွင်းဝင် ဦးသိန်းတန်တို့မှ အရှေ့ဂျာမဏီ ယဉ်ကျေးမှုဌာနကို ပူးပေါင်းခြင်းပဏာမအဖြစ် ဂျွန်တော့်ကို အရှေ့ဂျာမဏီနိုင်ငံသို့ စေလွှတ်ခဲ့ပါသည်။ ထိုကြောင့် အထက်ပါ ပုဂ္ဂိုလ်များ၏ စီမံခန့်ခွဲမှုကို အကြောင်းပြု၍ ဂျွန်တော်ဂျာမဏီ သို့ ဂီတပညာဆည်းပူးလေ့လာရန် သွားရောက်ခဲ့ရပါသည်။

သို့သော် ဂျွန်တော့်အနေနှင့် အင်္ဂလိပ်ဘာသာ အားနည်းချက် ကြောင့် နေရာအတော်များများတွင် အခက်အခဲ ရှိခဲ့ပါသည်။ ဂျာမဏီ နိုင်ငံမှ ဂျာမန်လူမျိုးမှာလည်း အင်္ဂလိပ်စကားပြောတတ်သူ အလွန် ရှား ပါးခဲ့၍ လမ်းပန်းမှအစ အားလုံး ဂျာမန်ဘာသာဖြင့်သာ ရေးကြပါသည်။ ထို့ထက်ဆိုးသည်မှာ ဂျွန်တော်တို့ မြန်မာနိုင်ငံမှာ အင်္ဂလိပ်ကိုလိုနီ ဖြစ် ခဲ့၍ ဂျွန်တော်တို့ မြန်မာများအနေနှင့် အင်္ဂလိပ်စာ စကားပြောတတ်လျှင် အထက်တန်းကျသည်ဟု အယူရှိသော်လည်း ဂျာမန်များမှာ အင်္ဂလိပ် လူမျိုးကို အထင်သေးသော စိတ်ရှိကြသဖြင့် အတော်ကသိလင်တ နိုင် ပါသည်။ ဥပမာ– ဂျွန်တော်ကြုံခဲ့ရသည့် ကိစ္စပြောပြပါမည်။ ဂျွန်တော့် တို့ မြန်မာသံရုံးတွင် ကားမောင်းသော ဂျာမန်တစ်ယောက် ရှိပါသည်။ သူ့အမည်က "Hanz" ဟန်ဆိုသူပါ။

နောက်ပိုင်း ဂျွန်တော် ဘာလင်မြို့တွင်ရှိစဉ် သူနှင့်ရင်းနှီးသဖြင့် တစ်နေ့ ဂျွန်တော်က သူ့အားနာမည်အရှေ့မှ မစ္စတာတတ်၍ ခေါ်လိုက်ရာ သူမကြိုက်ပါ။ ထို့ကြောင့် ဂျွန်တော်အား ''သိမ်းမောင်၊ ငါ အင်္ဂလိပ် မဟုတ်ဘူး၊ ဂျာမန်ဆိုပြီး (I'm not English: I'm my man) (ငါကကိုယ့် လူ)''ဟုပြောသဖြင့် ယောင်းမသီချင်းထဲမှ ''စောင့်ရဦးမှာပေါ့ဟဲ့ ကိုယ့် လူရယ်ရှင်'' ဆိုသော ဒုတိယစစ်ကြိုးခေတ်ကရေးခဲ့သော ဆရာမြို့မငြိမ်း အား အတော်အံ့သြမိပါသည်။

ဂျွန်တော် ဂျာမဏီနိုင်ငံတွင် နေစဉ်က ဘာသာစကားနှင့် ပတ် သက်၍ အခက်အခဲများ ရှိခဲ့သော်လည်း အဆင်ပြေမှု ရခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုစဉ်အချိန်ကာလက ဂျာမဏီနိုင်ငံတွင် နှစ် ပေါင်းများစွာ ရောက်ရှိနေသူ ကိုတင်အောင်အေး (ဒေါက်တာ တင်အောင် အေး၊ ဗဟိုတရားရုံး တရားသူကြီး) သည် ဂျွန်တော် သွားလေရာတွင် လိုက်ပါ ကူညီခဲ့သဖြင့် အဆင်ပြေခဲ့ခြင်း ဖြစ်ပါသည်။ ဂျွန်တော် ဂျာမဏီ နိုင်ငံမသွားမီကပင် မြန်မာသီချင်းကြီး (မဟာဂီတနှင့် မြို့မငြိမ်း၏ တေး သီချင်းကြီး သင်္ကေတ (Music Note) များ ရေးခဲ့ ယူသွားခဲ့ပါသည်။ ဂျာမဏီရောက်၍ ပညာရှင်ကြီးများနှင့် ရင်းနှီးလာသောအခါတွင် ထိုတေး သွား "Melody Music Notes" များကိုပြ၍ ဂီတတီးဝိုင်းအတွက် (Orchestration) arrangement: Scores ပြုလုပ်ပေးပါရန် ပြောပြ သောအခါတွင် (Berlin) ဂီတတက္ကသိုလ်မှ ပညာရှင်ကြီးများ ဖြစ်ကြ သော Dr. Reapling, Dr. Nagal တို့က ဂျွန်တော်ပြသော သင်္ကေတ များအား တီးကြည့်ကြ၍ သူတို့၏ ရည်ရွယ်ချက်နှင့် ဆန္ဒကို ထုတ်ဖော် ပြောဆိုရာတွင် ထိုဆရာမြို့မငြိမ်းတို့၏ Melody များကို "Arrange-ment" ပြုလုပ်လိုက်ပါက ဂျာမန်ပုံသဏ္ဌာန်က (၅၅) ရာခိုင်နှုန်းထက် ပိုသွားမည်။ မြန်မာ့ဂီတက (၂၅)နှုန်းထက် လျော့နည်းသွား၍ မြန်မာ့လေ ယဉ်ကျေးမှု (Character) ပုံသဏ္ဌာန် အမူအရာပျောက်ကွယ်သွားပြီး ဂျာမန်ဂီတ ဖြစ်သွားလိမ့်မည်။ အကောင်းဆုံးနည်းလမ်းကတော့ မြန်မာ့ ရိုးရာတေးဂီတကို သိပြီး ကမ္ဘာဂီတ အခြေခံရှိသူတွေကို တီထိုင်းခွဲပြ ပုံသဏ္ဌာန် (Arrangement) ပညာ လာရောက် သင်ကြားလေ့လာပြီး မြန်မာ့ရိုးရာ တေးဂီတပညာရှင်နှင့် အနောက်တိုင်းဂီတ၊ ပညာရှင်တို့၏ ပညာများ ဆက်လက် ဆည်းပူး၍ ကြိုးစားမှသာလျှင် နောက်မျိုးဆက် သစ် (၃)ဆက်လောက်မှ မြန်မာ့ဂီတကို ကမ္ဘာအဆင့် ရောက်နိုင်မည် ဖြစ်ကြောင်း ပြောပါသည်။ မြန်မာ့ဂီတ သီချင်းကြီးများကို "Music notes" ကြည့်၍ တီးကြည့်သဖြင့် ဂျွန်တော်တို့ရေးသားထားသော "Music notes" တွေက တိကျမှု ရှိ/မရှိ မေးသောအခါတွင် သူတို့ အနေဖြင့် မြန်မာဂီတ စိမ်းသောကြောင့် အဆုံးအဖြတ်ပေးရန် မဖြစ် နိုင်ကြောင်းနှင့် ထိုတေးသီချင်းကြီးများ၏ "Music notes" များမှာ ယခင်အချိန်ကပင် ပေါ်ပေါက်အသုံးချမှု ရှိ/မရှိ မေးပါသည်။ ဂျွန်တော်က မရှိပါကြောင်း ဖြေခဲ့သည်။ အခြား ရှေးမှတ်တမ်းများမှ အမှတ်သင်္ကေတမှ ပြောင်း လွဲရေးသားခြင်း ရှိ/မရှိ မေးရှု မရှိပါကြောင်း ပြောပြသောအခါတွင် ထိုတေးသီချင်းကြီးများ၏ မူရင်းမှာ လက်ဆင့်ကမ်း နားကြားနှင့် ထိန်းသိမ်းလာသော်လည်း ဂီတပြုစုသူ၏ မူရင်းမဖြစ်နိုင်တော့ကြောင်း ရှင်းပြခဲ့ရပါသည်။ ဥရောပ တေးဂီတများ တွင်မူ (၉)ရာစုနှစ်လောက်ကပင် သင်္ကေတရေးနည်း ပေါ်ပေါက်နေပြီ ဖြစ်၍ ယနေ့ (၂၀) ရာစုတွင်မူ လုံးဝ ဥဿုံနီးပါး ပြည့်စုံနေ၍ သင်္ကေတ ဘာသာရပ်အနေဖြင့် ကျင့်သုံး နေပြီး ဖြစ်သဖြင့် မြန်မာများအနေဖြင့် ဂီတသင်္ကေတ (Music Notes) ဘာသာကို အလေးထားသုံးသင့်ကြောင်း ပြောဆိုသင်ကြားပေးခဲ့ပါသည်။ ဂျွန်တော် ဂျာမဏီကနေ ပြန်ရောက်သောအခါတွင် ဆရာ ဦးခင်ဖော်မှ ဂျွန်တော် ထိတွေ့သင်ကြားလေ့လာခဲ့သမျှများကို မေးမြန်းမှတ်သားပြီး လျှင် ဂျွန်တော့်ဆရာ ဦးလေးသန့် (ဒါးတန်း)နှင့် တိုင်ပင်၍ မြန်မာဂီတ ကို ခေတ်မီနည်းဖြင့် ပြုရန် အကြံဉာဏ် ရှိကြသည်။ သို့သော်လည်း ထိုအချိန်ကာလ ၁၉၆၂ ခုနှစ် နောက်ပိုင်း ရုရှားနိုင်ငံသို့ ပညာတော်သင်

ဆရာဦးခင်ဖော်မှာ ဒုတိယကမ္ဘာစစ် မတိုင်မီကပင် ရေဒီယိုပညာရှင်ဖြစ်၍ ဒုတိယကမ္ဘာစစ်အတွင်း ဖက်စစ်ဆန့်ကျင်ရေး ရေဒီယိုဌာန 'လေနတ်သား' ဆိုသော အသံလွှင့်အစီအစဉ်ကို ညွှန်ကြားလာသူဖြစ်၍ ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသောအခါတွင် မြန်မာ့အသံ BBS ကို ဦးစီး . . .

---

www.burmeseclassic.com

www.burmeseclassic.com

များ လွှတ်သော်လည်း ပြည်တွင်းတွင်မူ မြန်မာနည်း၊ မြန်မာဟန် ဆိုရှယ်လစ်ဆိုသော ဝေါဟာရမှာ ရှေ့ဘုန်းရောက်လာ၍ နိုင်ငံခြားယဉ်ကျေးမှု ဆွဲသွင်းလာသူဟုပင် အချို့သော ဆရာကြီးများက သမုတ်ပြောဆိုခြင်း ခံရပါသည်။ ကျွန်တော် ထိုနိုင်ငံခြားမှ ပြန်ရောက်လာသောသူများနှင့် အနုပညာဦးစီး အစည်းအဝေးတွင် တင်ပြကြရာ ညွှန်ကြားရေးမှူးဆိုသော ပုဂ္ဂိုလ်က ''ဟေ့ မင်းတို့ကိစ္စထက် အရေးကြီးတာတွေ မြန်မာပြည်မှာ ရှိတယ်''ဟု ပြောဆိုခဲ့သည့် ထိုပုဂ္ဂိုလ်ဘဝတစ်ပါးသို့ ရောက်ရှိသွားသည့် ယနေ့တိုင် ဘာတွေအရေးကြီး ရှိကြောင်းကို သယ်ယူတွေးပိုက်သွားခဲ့သည်ကို သိခွင့်မရခဲ့ပါ။

ဆရာဦးခင်ဇော်ကို ကျွန်တော်တို့ ငယ်စဉ်ကပင် 'မောင်ခွေးဖို့' ကဗျာစာအုပ်ထဲမှ ဆရာမင်းသုဝဏ်၏ 'ဝါဆိုဝါခေါင် ရေတွေကြီးလို့ သပြေသီးမှည့် ကောက်စိုက်ယဉ်' နောက် ''လူလေးရေ ထပါတော့'' စသည် ကဗျာများအား ဆရာဦးခင်ဇော်၏ တေးသွား (Melody) ၊ ဆရာ ဦးဘဉာဏ်၏ ရုပ်ပုံစသည်တို့ကို ငယ်စဉ်ကပင် ထိတွေ့ သိရှိခဲ့ရပါသည်။ ကျွန်တော် မန္တလေးတွင် စနစ်ကျတီးသူတစ်ယောက် ဖြစ်ပြီး နောက် ၁၉၆၂-၆၃ ခုနှစ်မှစ၍ သိရှိခင်မင်ကာ ၁၉၇၀ ခုနှစ်နောက်ပိုင်း ကျွန်တော် ရန်ကုန်ပြို့ ဂီတနှင့် အဆိုအက (ပန်တျာ)ကျောင်းတွင် ပထမစနှစ်များ၊ နောက် သင်္ကေတနည်းပြ ဆရာအလုပ်ရ၍ ရန်ကုန်မှာ အခြေချကာ ဆရာဦးခင်ဇော်ရှိရာ ဝင်းဒါမီယာသို့ မကြာခဏ သွား၍ တေးဂီတ များအား သုတေသနပြုပုံမှအစ ဗဟုသုတများကို ရခဲ့ပါသည်။ ထို့ထက် ပို၍ ဆရာနှင့် နီးကပ်စွာ အကြောင်းတစ်ခုမှာလည်း ထိုစဉ် မြန်မာ့အသံတွင် အလုပ်လုပ်နေသော ဦးသန်းမြင့် (အဘ)နှင့်ပါ နီးကပ်စွာ ထိတွေ့ကြသဖြင့် ဆရာဦးခင်ဇော်နှင့် ပို၍ ဆက်ဆံရာအကြောင်းတစ်ခု ဖြစ်လာပါသည်။ ဦးသန်းမြင့် (အဘ)မှာ ဆရာဦးခင်ဇော်၏ မွေးစားသား တပည့်ဖြစ်၍ ဦးသန်းမြင့်(အဘ)က 'ဒက်ဒီ'ဟုပင် ခေါ်ပါသည်။ ဦးသန်းမြင့်(အဘ)မှာ ဆရာဦးခင်ဇော်ထံမှ အသံလွှင့်ပညာရပ်ပြီး အမေရိကန်ပြည် ဗီအိုအေ (VOA) တွင် ဆယ်နှစ်ကာလအထိ အလုပ်လုပ်၍ မြန်မာပြည်သို့ ခေတ္တပြန်လာသည်။

ထိုအချိန် မြန်မာ့တပ်မတော်မှ စီစဉ်အသံလွှင့်နေသော ရေကူးအသံလွှင့်(တွဲဖက်)ဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်ကြီးများမှ ဦးသန်းမြင့်(အဘ)အား တွေ့ဆုံ၍ ထိုအသံလွှင့်ဌာန အောင်မြင်အောင် လုပ်နိုင်ပါ့မလားဟု မေး၍ ဦးသန်းမြင့်(အဘ)အနေနှင့် ဗီအိုအေ အမေရိကန်တွင် ဆယ်နှစ်ဆယ်ပိုး လုပ်လာသူကို ''လုပ်နိုင်ပါ့မလား''ဟု မေးရပါမည်လား ဆိုသည့် မာနစိတ် ဝင်သွားခဲ့သည်။ သို့ဖြင့် အင်္ဂလန်ဘီဘီစီ (BBC) တွင် အလုပ်လက်ခံထားသည်ကို ပစ်ပယ်၍ မြန်မာပြည်တွင် သောင် တင်၍ အချိန်ကာလကြာသော် တွဲဖက်အသံလွှင့်ဌာနကို မြန်မာ့အသံနှင့် ပေါင်းလိုက်သောအခါတွင် ဦးသန်းမြင့်(အဘ)မှာ ဒုတိယလက်ထောက် ညွှန်ကြားရေးမှူးဘဝနှင့် အဆုံးသတ်သွားရသည်။ ဤအဖြစ်ကို ဦးသန်းမြင့်(အဘ)သည် ကျွန်တော့်အား မကြာခဏ ရင်ဖွင့်၍ ၎ ဒီယအဖြစ်ထဲမှာတောင် လက်ထောက်ဘဝ ရောက်ရသည်ဟု ညည်းညူပါသည်။ ဆရာဦးခင်ဇော်သည် လွတ်လပ်ရေးရပြီး မြန်မာ့အသံတွင် ညွှန်ကြား ရေးဝန်ဖြစ်ပါသည်။ ထို့ကြောင့် ဆရာဦးခင်ဇော်သည် ဘီဘီစီမှ လာ သည့်အတွက် မြန်မာ့အသံအား BBS ဟူ၍ ခေါ်ပါသည်။ ဆရာဦးခင် ဇော် ညွှန်ကြားရေးဝန်မှ အစီအစဉ် (Program) များမှာ အလွန် ပညာသားပါလှပါသည်။

ယခင် မြန်မာ့အသံမှ နံနက် ၇ နာရီတွင် ရေခင်းတီးလုံးနှင့် ဖွင့်ရာတွင် ရေခင်းတီးလုံး မလာမီ နှုံးဖြင့် နည်ဟု ခေါ်ဆိုသော အသံ ကို နဲဆရာကြီး စိုးကိုင်းမြို့မှ ဆရာဦးသာကျင်၏ ပညာသံ ဖြစ်ကြောင်း ဆရာK က ပြောပြပါသည်။ နေ့လယ်ပိုင်း 'အင်္ဂလိပ်ပိုင်း အစီအစဉ်တွင် မူ ကမ္ဘာဂီတ ပညာရှင်ကြီး Beethoven ၏ Symphony No.6, "Pastoral" မှ ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရေဒီယို ပရိုဂရမ် များသည် အဖွင့်တီးလုံးများနှင့် မတူကြပါ။ ဆိုင်ရာ ပရိုဂရမ်အစီအစဉ် ဖြင့် ကမ္ဘာ့စည်းမျဉ်းအတိုင်း လိုက်နာကြပါသည်။ ဆရာဦးခင်ဇော်မှာ ဒုတိယ ကမ္ဘာစစ် မတိုင်မီကပင် ရေဒီယိုပညာရှင်ဖြစ်၍ ဒုတိယကမ္ဘာစစ်အတွင်း ဖက်စစ်ဆန့်ကျင်ရေး ရေဒီယိုဌာန 'လေနတ်သား'ဆိုသော အသံလွှင့် အစီအစဉ်ကို ညွှန်ကြားလာသူဖြစ်၍ ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးသောအခါတွင် မြန်မာ့အသံ BBS ကို ဦးစီးလာသူ ဖြစ်ပါသည်။ ဆရာဦးခင်ဇော် မြန်မာ့အသံ ညွှန်ကြားရေးဝန် ဖြစ်စဉ်က 'မောင်ခွေးဖို့' ကဗျာများအား ဂျပန်နိုင်ငံမှ ဂီတပညာရှင်များနှင့်ပူးပေါင်း၍ အသံသွင်းခြင်း၊ ဆရာမြို့မင်္ဂြိမ်း၏ 'ပျို့မှာတမ်း' သီချင်းအား ဂျပန် Arrangement ပညာရှင်များနှင့် တေးသွားစာသား၏ ခံစားချက် အဓိပ္ပာယ်များအား နီးနေ့ာတိုင်ပင်၍ ဂျပန်ပြည်အသံလွှင့်ဌာနမှ NHK Symphony တီးဝိုင်းကြီးနှင့် သီဆိုမှုမပါဘဲ တူရိယာများ၏ အသံစုံကို ပြုစုသွားခဲ့ပါသည်။

ထို့အတူ ဆရာဦးခင်ဇော်၏ သားတပည့်ဖြစ်သူ ဦးသန်းမြင့်သည်လည်း အသံလွှင့်ပညာတွင် မကဘဲ မြန်မာ့လူထု ကမ္ဘာ့ဂီတ ဗဟုသုတ ရစိမ့်သောငှာ ကမ္ဘာ့ဂီတအစီအစဉ်ဆိုသော ပညာပေး အသံလွှင့် အစီအစဉ်ကို ပြုစုပျိုးထောင်သွားခဲ့ကြသူတွေ ဖြစ်သည်။ သို့သော်လည်း နောက်မျိုးဆက်များမှာ တစ်ဦးတစ်ယောက်မှ ပေါ်ထွက်လာခြင်း မရှိ ဘဲ ဖြစ်နေသည်မှာ အလွန်ဝမ်းနည်းစရာ ကောင်းလှပါတော့သည်။ ကျွန်တော် ၁၉၇၀ ခုနှစ်မှ ရန်ကုန်ပြို့ရှိ ဂီတနှင့် အဆိုအကကျောင်းတွင် အလုပ်လုပ်ခဲ့ရာ ၁၉၇၈-၇၉ ခုနှစ်ခန့်တွင် အလုပ်ကို ကျေနပ်မှုရှိသော် လည်း ကျွန်တော် လုပ်ကိုင်နေသော ယဉ်ကျေးမှုဌာနဆိုသော နေရာ တွင် အလွန် ရိုင်းစိုင်းသူတွေ တွေ့လိုက်ရသဖြင့် ဆရာဦးခင်ဇော်အား ပြောပြခဲ့ပါသည်။ ဆရာဦးခင်ဇော်မှ နေပါဦးကွာ၊ တို့ဆီမှာက Music Notes တက်သူ ရှားပြီး အထူးသဖြင့်က မြန်မာ့မဟာဂီတတတ်သူ၊ သင်္ကေတ ကျွမ်းကျင်သူ မရှိသဖြင့် ငါ့အနေနှင့် မင်းကို လက်တိုလက် တောင်း ခိုင်းစရာ ရှိပါသည်ဟု ပြောသဖြင့် ကျွန်တော်လည်း လုပ်လက်စ အလုပ်ကို စိတ်မပါသော်လည်း ဆက်လက် လုပ်ကိုင်ခဲ့ရာမှ ၁၉၈၀ ခုနှစ် ရောက်သောအခါတွင် နောက်ဆုံး ဆရာK အား ကျွန်တော် နိုင်ငံခြားကို ထွက်သွားလိုကြောင်း ပြောပြသောအခါတွင် အေး မင်းရဲ့ နေရာဟာ နိုင်ငံခြားမှာပဲ ထင်ပါရဲ့ဟုပြော၍ သွားခွင့်ရသောအခါ ကျွန်တော် နိုင်ငံခြားထွက်ရှိနိုင်ရေးကိစ္စ လုံးပမ်းပြီး၍ နိုင်ငံခြားမထွက်မီ ဦးသန်းမြင့် (အဘ)နှင့် ဆရာဦးခင်ဇော်ထံသို့ ကျွန်တော်သွားရောက် ကန်တော့ရာတွင် ဆရာစိတ်မကောင်းကြီးစွာဖြင့် ရှိနေခဲ့၍ ကျွန်တော်နောက်ဆုံးနှုတ်ဆက်ခြင်းကဲ့သို့ ဖြစ်ခဲ့ပါတော့သည်။

ထို့နောက် ဦးသန်းမြင့်(အဘ)မှာလည်း စိတ်မကောင်းကြီးစွာဖြင့် ဖက်၍ နှုတ်ဆက်ရင်း ကိုသိမ်းလေး ကံကြုံရင်လည်း ပြန်ဆုံကြတာပေါ့ဟု နောက်ဆုံး နှုတ်ဆက်ခဲ့ပါသည်။ ထို့အတူ ဦးသန်းမြင့်(အဘ)က ကမ္ဘာ့ဂီတအစီအစဉ် ပြုလုပ်သွားသည့် ပညာရှင်ဆရာသည်လည်း တစ်ပါတည်း ဘဝနောက်ဆုံး နှုတ်ဆက်သွားကြခြင်း ဖြစ်ပါသည်။ ကျွန်တော် နိုင်ငံခြားမှ ဆယ်စုနှစ်ကျော် ပြန်လည်ရောက်ရှိလာသောအခါတွင်မူ ဆရာ ဦးခင်ဇော်၊ ဦးသန်းမြင့်(အဘ)၊ မန္တလေးမြို့မှ ကျွန်တော့်ဆရာ ဦးသန်း(ဒါးတန်း)တို့သည် အသီးသီး ဘဝချုပ်ငြိမ်း၍ ကွယ်လွန်သွားကြပါသည်။ ယခုအချိန်တွင်မူ မြင့်မှာမဟာဂီတသည် လေမုန်တိုင်းဒဏ် ကြမ်းတမ်းသော လှိုင်းလေထဲတွင် ခုန်ပျံ၍ ရေစုန်မျောနေသော အချိန်သို့ရောက်ရှိနေပါသည်။

မေခလာသော်လည်းကောင်း
ဟောင်ခလာသော်လည်းကောင်း
ပေါ်ပေါက်ခဲ့ကောင်းရဲ့ဟု ရင်မချိ
ရွှန်နေရပါတော့သည်။

သိမ်းမောင် (စန္ဒရား)

www.burmeseclassic.com

www.burmeseclassic.com

အမျိုးသမီးများ အရျိုးကျလှပစေရန်

လှယဉ်ကျေးမယ်

အမှတ်တံဆိပ်

- အရပ်အမောင်း ကိုယ်အလေးချိန်တို့ ချိုးယှဉ်စစ်ဆေးကြည့်ပြီးမှ (သို့) တစ်ခါတစ်ရံ .....?
- မျက်နှာပြောင်သို့ ကိုယ်ရောင်ရင်ပြာ ဖြစ်လာရင် အစိမ်းရောင် (သို့) ဖြူဖျော့လာရင် .....?
- အသံထွက်ခဲခြင်း၊ ပြောရင် ကိုယ်ခန္ဓာ လှုပ်ရှားမှုတွေ ထူးခြားလာခြင်းတို့ (သို့) အလုပ်ရှုပ်လာရင် .....?
- အသားအရေ ဆွဲခြင်း ကိုယ်အင်အားကို ဘာကြောင့်ဆိုသည်
- အိပ်ရာဝင်ရင် ခြေထောက်ကြွက်တက်ခြင်း (သို့) ခံစားရခြင်းတို့ကြောင့်
- အသံ အသားအရေ အလုပ်အားနည်းခြင်း အကြောင်းတရားတို့
- ဦးခေါင်းကို အပို ကိုယ်ခန္ဓာ ပြန်လာခြင်း (သို့) ခံစားရခြင်းတို့ကြောင့်
- ကိုယ်ခန္ဓာ ကြီးထွားမှုနှေးကွေးခြင်း၊ ကိုယ်ခန္ဓာအင်အားနည်းခြင်း သားသမီးမရခြင်းတို့ကြောင့်

ဤသို့သော အခြေအနေများ၏ ရိုးသင့်ရိုးထိုက်သော ကိုယ်ခန္ဓာအခြေအတွင်း လုပ်ဆောင်ပေးနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကာဖ်ကာနှင့် သူ၏ဘဝ

အေးမောင်ကျော်

စာဖတ်ပရိသတ်များ အနေနဲ့ လွန်ခဲ့တဲ့နှစ် အတော်ကြာကြာက 'အသွင်ပြောင်းလဲခြင်း' ဆိုတဲ့ ကာ့ဖ်ကာရဲ့ဝတ္ထုလတ်တစ်ပုဒ် ဖတ်မိကြမယ်လို့ ထင်ပါတယ်။ ဘာသာပြန်သူက ဖုန်းမြင့် (မန္တလေး)လို့ ထင်ပါတယ်။ အဲဒီဝတ္ထုရဲ့ အကြောင်းအရာက ဆန်းကြယ်လွန်းပြီး အရေးအသားက ကောင်းလွန်းလို့ ဖတ်တဲ့သူမှာ မွန်းကြပ်ပြီး ထူးဆန်းတဲ့ ရသကို ခံစားရပါတယ်။ ထွက်ပေါက်မဲ့နေတဲ့ အခြေအနေတစ်ခုကို ပြောင်းလဲလိုပြီး မပြောင်းလဲနိုင်ဘဲ ဖြစ်နေတဲ့ အရောင်းသမား လူငယ်တစ်ယောက်ရဲ့ စိတ်ခံစားချက်ကို ဖော်ပြထားတာလို့ ယူဆရပါတယ်။

ကာ့ဖ်ကာက ဒီ "The Metamor phosis" (ဂျာမန်လို Die Verwandlung) ဆိုတဲ့ ဝတ္ထုကို ၁၉၁၅ ခုနှစ်က ဂျာမန်မဂ္ဂဇင်း သေးသေးလေးတစ်စောင်မှာ ထည့်သွင်းဖော်ပြခဲ့တာပါ။ ဇာတ်လမ်းကတော့ ကုမ္ပဏီတစ်ခုရဲ့ အရောင်းသမားလေး ဂရီဂေါ်ဆင်မ်ဆာဆိုသူဟာ မနက်မိုးလင်းလို့ အိပ်ရာထချိန်မှာ သူ့ရဲ့ခန္ဓာကိုယ်ဟာ ရောမပိုးတုံးလုံးကြီး တစ်ကောင်အဖြစ် အသွင်ပြောင်းသွားတာကို တွေ့လိုက်ရတဲ့အကြောင်းပါ။ စာရေးဆရာ ဖရင့်ကာ့ဖ်ကာဟာ ပရက်ဖြို့မှာ အလုပ်လုပ်တဲ့ အလယ်အလတ် အရပ်ဘက်ဝန်ထမ်းတစ်ဦးပါ။ သူဟာ 'အသွင်ပြောင်းလဲခြင်း' ဆိုတဲ့ သူ့ရဲ့ပထမဆုံး ဝတ္ထုကိုရေးပြီးနောက် ဆယ်နှစ်မကြာခင်မှာ သေဆုံးသွားတာပါ။ ဒီကြားမှာ ဝတ္ထုရှည်သုံးပုဒ်နဲ့ ဝတ္ထုတို အတော်များများ ရေးခဲ့တယ်။ 'အသွင်ပြောင်းလဲခြင်း' ဆိုတဲ့ ဝတ္ထုထွက်ပေါ်ပြီးနောက်ပိုင်း မရေမတွက်နိုင်လောက်တဲ့ ဒီဝတ္ထုကို မိုးပြီး ကပြတဲ့ ဇာတ်လမ်းတွေ၊ ဒေါက်တာဘွဲ့ယူ စာတမ်းတွေနဲ့ စာရေးဆရာရဲ့ ဦးကျွေး ရေးသားမှုက်တွေ ထွက်ပေါ်ခဲ့တယ်။ နောက်ပိုင်း ထွက်ပေါ်လာတဲ့ တရားခွင် (Trial) နဲ့

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တိုက် (The Castle) ဆိုတဲ့ ဝတ္ထုတွေ ထွက်ပေါ်လာပြီးနောက်မှာတော့ ကာ့ဖ်ကာကို ၂၀ ရာစုရဲ့ အရေးပါဆုံး စာရေးဆရာတွေ စာရင်းမှာ ထည့်သွင်းလိုက်ကြရတော့တာ ဖြစ်ပါတယ်။

အခု ကာ့ဖ်ကာရဲ့ အကြောင်းကို ရေးသားထားတဲ့ "Kafka; the Years of Insight" ကာ့ဖ်ကာရဲ့ အတွေးအမြင်ပေါက်သော နှစ်များ ဆိုတဲ့ အတ္ထုပ္ပတ္တိ စာအုပ်တစ်အုပ် ထွက်ပါတယ်။ ဒီစာအုပ် ပထမပိုင်းမှာ ၁၉၁၀ မှ ၁၉၁၅ အထိ ကာ့ဖ်ကာရဲ့ ဘဝကို ရေးသားထားတာပါ။ ဒီကာလတွေမှာ ကာ့ဖ်ကာဟာ တစ်ပတ်ကို နာရီ ၅၀ လောက် အလုပ်လုပ်နေတဲ့ကြားက ညဘက်တွေမှာ စာပေကို အလူးအမူး ရေးသားနေခဲ့တာပါ။ ဒုတိယ ပိုင်းကတော့ သူအလျင်အမြန် နာမည်ကြီးလာပုံနဲ့ နောက်ပိုင်း ဩစတြီးယားမှာရှိတဲ့ နာလန်ထစခန်းတစ်ခုမှာ နာတာရှည်ခံစားနေရတဲ့ တီဘီဝေဒနာနဲ့ ကွယ်လွန်သွားတဲ့အထိ ခြယ်မှုန်းသွားတာပါ။ ကွယ်လွန်ချိန်မှာ သူဟာ အသက် ၄၀ ပဲ ရှိပါသေးတယ်။

အောင်မြင်မှု ရလာတဲ့ နောက်ဆုံးနှစ်တွေ ဖြစ်တဲ့ ၁၉၁၆မှ ၁၉၂၄ ကာလအတွင်းမှာ ဘဏ်မန်နေဂျာ တစ်ယောက်ဆီကနေ သူရဲ့ဝတ္ထုတွေနဲ့ ပတ်သက်လို့ နားလည်အောင် ရှင်းပြဖို့ ပန်ကြားတဲ့စာတစ်စောင် လက်ခံရရှိခဲ့တယ်။ ဒီစာထဲမှာ "ဆရာခင်ဗျား ကျွန်တော်ဟာ ဝမ်းကွဲညီမ တစ်ယောက်ကို ဆရာ့ရဲ့ အသွင်ပြောင်းလဲခြင်း ဆိုတဲ့ ဝတ္ထုစာအုပ် လက်ဆောင်ပေးခဲ့တယ်။ သူဟာ ဒီစာအုပ်ကို ဘယ်လိုမှ နားမလည် ဘူးဆိုလို့ ဆရာ ရှင်းပြပေးစေချင်ပါတယ်" ဆိုပြီး ရေးထားပါတယ်။ နောက်ပိုင်းမှာ သူဟာ သူရဲ့ စကားပြေအရေးအသားကို လွယ်ကူလာ အောင် သူဟာ နာရီပေါင်းများစွာ ရေးလိုက်၊ ပြင်လိုက်၊ ဖျက်လိုက်၊ အသစ်ပြန်ရေးလိုက်နဲ့ ကြိုးစားခဲ့တယ်လို့ ဆိုတယ်။ နလန်ထစခန်းမှာ အခြားသော လူနာများရဲ့ အမေးကို ပြန်ဖြေရာမှာတော့ အချို့သော ဝတ္ထုတွေကတော့ သူရေးတာ မဟုတ်ဘူးလို့ ငြင်းဆိုခဲ့တယ်လို့ ဆိုပါတယ်။ သူမှာ ချစ်သူလေးယောက် ရှိခဲ့တယ်။ သူဘဝရဲ့ အများစုအချိန်တွေကိုတော့ သူအလုပ်လုပ်တဲ့ အလုပ်သမား ထိုခိုက်နစ်နာမှု အာမခံဌာန ရုံးခန်းကနေ ဝေးနေတဲ့ နေရာမှာ သူအချိန်တွေကို ဖြုန်းပစ်ခဲ့တာပါ။ ဒါပေမဲ့ ဒီလိုအတွေးအမြင်ပေါက်ပြီး အောင်မြင်နေတဲ့ နှစ်တွေမှာပဲ သူဟာစိတ်ဓာတ်ကျမှုနဲ့ အဖျားရောဂါတွေ ခံစားနေခဲ့ရတာပါ။

စိတ်ဆင်းရဲရာတွေ၊ ပါဝင်နေသည့်တိုင် ဒီအတ္ထုပ္ပတ္တိစာအုပ်ဟာ ထူးထူးခြားခြား ဖတ်လို့ကောင်းတဲ့ စာအုပ်တစ်အုပ် ဖြစ်ပါတယ်။ အတ္ထုပ္ပတ္တိ ရေးသားသူဟာ ပထမကမ္ဘာစစ် နောက်ခံနဲ့ကာ့ဖ်ကာရဲ့ အလုပ်အပေါ် ကြိုးစားရုန်းကန်ပုံနဲ့ ကျန်းမာရေး အခြေအနေတွေကို ကျွမ်းကျင်ပိုင်နိုင်စွာ တင်ပြသွားခဲ့တယ်။ အဲဒီအချိန်မှာ ချက်ကိုဆလိုဗေးနီးယားနိုင်ငံ မွေးဖွားလာချိန်ဖြစ်ပြီး ဌေကြေးဖောင်းပွမှုကလည်း စံချိန်တင်မြှင့်တက်နေတဲ့အချိန် ဖြစ်တယ်။ အတ္ထုပ္ပတ္တိစာအုပ်တစ်အုပ်အဖို့ အကန့်အသတ်တွေ ရှိနေပေမယ့် စာရေးသူဟာ ခေတ်ပြိုင်အကြောင်း အရာများအပေါ်အခြေခံ ရေးသားခဲ့တယ်။ ကာ့ဖ်ကာရဲ့ ကိုယ်ပိုင်အမြင်တွေကိုလည်း တတ်နိုင်သမျှ ထည့်သွင်း ဖော်ပြထားတယ်။ သူဟာ ကာ့ဖ်ကာရဲ့ ဝတ္ထုတွေနဲ့ပတ်သက်လို့ မှီလို ပေါက်အောင် ထွက်ပေါ်လာတဲ့ ပညာရပ်ဆိုင်ရာ စာစောင်စာတမ်းတွေကို ခန့်တဲ့တဲ့ သရော်တော်တော်ဖော်ပြခဲ့တယ်။ ဒီစာတမ်းတွေ၊ အကဲဖြတ် ချက်တွေဟာ ကာ့ဖ်ကာမကွယ်လွန်မီကတည်းက ပေါ်ထွက်နေခဲ့တာပါ။

ဒီစာအုပ်မှာ ပေါ်လွင်လာတဲ့ သူရဲ့ပုံရိပ်က အတော်ဆက်ဆံရေး ခက်ခဲပြီး ဉာဏ်ထက်မြက်တဲ့ ပုဂ္ဂိုလ်တစ်ဦးရဲ့ ပုံရိပ်ပါ။ စာရေးသူရဲ့ အမြင်အရ ကာ့ဖ်ကာဟာ စိတ်အနည်းငယ် မူမမှန်တာ၊ ကျန်းမာလျက်နဲ့ ရောဂါ ရှိလေဟန် သောကလွန်ကဲနေသော၊ ဒီဇာကြောင်တဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး အရာရာအပေါ်မှာ ထိခိုက်လွယ်သူတစ်ဦးဖြစ်တယ်လို့ ဆိုပါတယ်။ ကိုယ့် ကိုယ်ကိုယ်ပဲ ဗဟိုပြု စဉ်းစားနေသူတစ်ဦး ဖြစ်ပြီးအရာရာကို ပြဿနာ တွေချည်း မြင်နေတတ်သူလို့ ဆိုပါတယ်။ နောင်မှာ သူရဲ့ရည်းစား ဖြစ်လာမဲ့သူ၊ လက်ထပ်ပြီး အမျိုးသမီးတစ်ဦးထံကို သွားလည်ဖို့ ဆုံးဖြတ် ချက် ချဖို့အချိန် ၃ ပတ်နဲ့ စာပေါင်းအစောင် ၂၀လောက် ရေးခဲ့ရတယ်လို့ ဆိုတယ်။ သူနဲ့ ပထမဆုံး စေ့စပ်မယ့် အမျိုးသမီးတစ်ဦးထံ စာရေးရာမှာ သူကိုယ်သူ တတိယပုဂ္ဂိုလ်နေရာမှာ ထားပြီးကြားကနေ အမျိုးသမီးနဲ့ ရင်းနှီးမှုရအောင် ကြိုးပမ်းပေးတဲ့ပုံများ ရေးသားထားတယ်။ သူ ဆုံးဖြတ် ချက်မြန်တဲ့ နေရာကတော့ အဲဒီလို ကိစ္စတွေ အလျင်အမြန် ဘာမှမလုပ်ဘဲ နေလိုက်တာမျိုးမှာ ဖြစ်ပါတယ်။ ''တစ်ခါ တရံမှာ ကျွန်တော့်အတွက် ဘဝဆိုတာဟာ ကျွန်တော့်အာရုံကြောတွေမှာ ပေါ်လာတဲ့ အရာတွေပဲလို့ စဉ်းစားမိတယ်'' ဆိုပြီး သူမိတ်ဆွေတစ် ယောက်ထံ ရေးထားတာ တွေ့ရတယ်။

အတ္ထုပ္ပတ္တိဆရာရဲ့ ရေးသားမှုမှာ ကာ့ဖ်ကာရဲ့ ပေါ်ပါးတဲ့ ဘဝ ဟန်ပန် အချို့ကိုလည်း ဖော်ပြထားတယ်။ တစ်ခါမှာ သူရဲ့ အမျိုးသမီး မိတ်ဆွေတစ်ဦးနဲ့ သေမတတ် ရုယ်မောပျော်ရွှင်နေပုံကို ရေးထားတယ်။ သူဘဝရဲ့ နောက်ဆုံးနေ့တွေထဲက တစ်ရက်မှာ ပန်းခြံတစ်ခုမှာ ငိုနေတဲ့ ကလေးမတစ်ယောက်ကို တွေ့တယ်။ သူအရပ်ပျောက်သွားလို့ ငိုနေတာ လို့ ကာ့ဖ်ကာကို ပြောတယ်။ ဒါနဲ့ ကာ့ဖ်ကာဟာ အဲဒီကလေးမလေးထံ တစ်ရက်ကို စာတစ်စောင်နှုန်းနဲ့ ၃ ပတ်တိတိ အရှုပ်ကလေးက သူရဲ့ စွန့်စားခန်းတွေကို ပြန်ပြောပြတဲ့ ပုံစံမျိုး ရေးပေးနေခဲ့တယ်။ သူနဲ့ နောက် ဆုံးတွေ့တဲ့အမျိုးသမီးကတော့ ဒိုင်ရာဒိုင်ယာမန်ဆိုတဲ့ အမျိုးသမီးပါ။ သူမကိုတော့ သူ တကယ်လက်ထပ်လိုခဲ့တာပါ။ သူရဲ့ ကျူးအယ္ဒပါဒ အပေါ် စိတ်ဝင်စားမှုကို ပြန်လည်ရရှိဖို့ကိုတောင် သူမက သူ့ကို တိုက်တွန်းခဲ့ပါတယ်။

ဒီလို အတိုအတွာဖြစ်ရပ်တွေက ကာ့ဖ်ကာရဲ့ လက်ရာတွေမှာ တွေ့ရတဲ့ ခြိုးခြံကျင့်ကြံတဲ့ ပုံရိပ်တွေမှာ ထင်ဟပ်နေတာပါ။ စာရေးသူ ဟာ ကာ့ဖ်ကာကို လူသတ်ပွဲကြီးတွေ ဖြစ်တော့မယ်လို့ နိမိတ်ပြ ဟော ပြောခဲ့သူလို့ အမြင်များတင်ရေးသားချက်တွေကို သမားရိုးကျ အမြင်မျိုးနဲ့ ချေဖျက်ပြနိုင်ခဲ့ပါတယ် (ကာ့ဖ်ကာရဲ့ညီမ ၃ ယောက်ဟာ နာဇီအကျဉ်း စခန်းတွေမှာ သေဆုံးခဲ့ရပြီး သူရဲ့ အမျိုးသမီးနှစ်ဦးဟာလည်း အလားတူ အဲဒီစခန်းတွေမှာ သေဆုံးခဲ့ရတာ ဖြစ်တယ်)။ ကာ့ဖ်ကာဟာ 'ဆီးမိုက်' ဆိုတဲ့ ကျူးအန္တယ်တွေအပေါ် ဆန့်ကျင်တဲ့ စကားတွေနဲ့ ပတ်သက်လို့ တော့ ကမ္ဘာကြီးကို သူ နားလည်သလိုပဲ ပုံဖော်ခဲ့တယ်။ ကမ္ဘာကြီးကို အထီးကျန်မှုတွေ ပြည့်နေတဲ့ တစ်ဦးချင်း လူပုဂ္ဂိုလ်တွေအပေါ် နှိပ်ကွပ် နေတဲ့ နေရာကြီးအဖြစ် မြင်ပါတယ်။ ဒါပေမဲ့ ဒီလူတွေအားလုံးမှာ မျှော် လင့်ချက်တွေ ကိုယ်စီနဲ့ပါလို့ သူက ဆိုပါတယ်။

အေးမောင်ကျော်

Ref: A ditinitine biography of a rare writer "kafka: The Years of insight} (The Economist)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ကပဲ အရမ်းကြီး နောက်ကျကျန် ခဲ့တာလား၊ သူတို့တွေကပဲ အရေးကြီး အဲ . . ဘယ်လိုပြောရမှန်းတောင် မသိတော့။ လွန်ခဲ့တဲ့ နှစ်အနည်းကြီးတာကတော့ တကယ့်ကို သေချာပါသည်။

အဓိက တရားခံကတော့ ကိုယ်နှင့်ရင်းနှီးသော ဂျာနယ်လစ်ကောင်လေးပဲ ဖြစ်ပါလိမ့်မည်။ သူ့ဆီကသာ စာတိုပုံလေး နှစ်ပုံကို ကြည့်ရဘူးဆိုရင် ဘာမှဖြစ်စရာ အကြောင်းမရှိဘူးဗျိုး။ ခုတော့ စာတိုပုံလေးနှစ်ပုံကို ကြည့်လိုက်မိပါရဲ့။ ရင်ထဲမှာ ဘာလောင်ဆူသွားသလဲဟာ ကြည့်ရတာနဲ့တောင် တန်ရဲ့လား မသိ။ မျက်နှာတစ်ပြင်လုံး ရွံနှံးတီနှံးဖိန်းတီနှံး ဖြစ်ကာ မျက်နှာကို ဘယ်နားသွားထားရမှန်း မသိဖြစ်နေခဲ့ရှိမှာ စာတိုပုံထဲက ကောင်မလေးတွေက ဆော့ မရယ်၏သို့ ရယ်၏သို့။

သေချာပြန်စဉ်းစားရင်တော့ တရားခံက ကိုယ်တိုင်ပဲ ဖြစ်ဖို့ များပါတယ်။ ကြည့်ရှုရန် ဆင့်လို့ သတ်မှတ်ပြီး မပြတဲ့ စာတိုပုံတွေကို ခွတ်အတင်း ယူကြည့်လိုက်မိတာကိုး။ အဲဒီကောင်လေးက ဂျာနယ်လစ်တစ်ဦးပီပီ ကင်ရောတစ်လုံး၊ ကက်ဆက်တစ်လုံးနှင့် ပွဲတိုင်းတက်ကာ သတင်းယူပြီး မဂ္ဂဇင်း၊ ဂျာနယ်များသို့ သတင်းပို့သည်။ ကဗျာလေးတွေ၊ ဝတ္ထုဆောင်းပါးတွေလည်း ကြိုးကြိုးကြိုးကြိုး ရေးနေတဲ့ အဲဒီကောင်လေးကို ကိုယ့်ဝန်းကျင်ကတော့ စာရေးဆရာလို့ပဲ သတ်မှတ်ထားကြပါတယ်။ ပြီးတော့ ပွဲတွေမှာ ရိုက်လာတဲ့ သူလက်ရာ စာတိုပုံများကိုလည်း အမြဲလိုလို ကြည့်နေရသည်။ လုပ်ငန်းရှင် စီးပွားရေးသမားတွေရဲ့ စာတိုပုံတွေကို သိပ်စိတ်မဝင်စားပေမဲ့ မင်းသား၊ မင်းသမီးတွေ၊ အဆိုတော်တွေ၊ မော်ဒယ်တွေရဲ့ စာတိုပုံတွေကိုတော့ စိတ်မဝင်စားသည့်တိုင် အမျှင်းပြေ ယူကြည့်ဖြစ်သည်။ ခုလည်း ရွံးပွဲတစ်ပွဲက ပုံတွေ အရမ်းမိုက်လို့ ပြဦးမတဲ့။ ကိုယ်ကလည်း ယူခဲ့ပေါ့။ တစ်ရက်လည်း မပါ၊ နှစ်ရက်လည်း မပါ၊ သုံးရက်လည်း မပါ၊ ကိုယ်ကလည်း မေ့မေ့ပျောက်ပျောက်ပါပဲ။ ရွံးပွဲက မော်ဒယ်တွေရဲ့ စာတိုပုံကြည့်ဖို့ ကိစ္စက အရေးကြီးတဲ့ ကိစ္စမှ မဟုတ်တာလေ။

နောက်တော့မှ တမင်မပြဘဲထားမှန်း သိခဲ့ရသည်။ အဲဒီနေ့က ကိုယ်စေးရောင်းနေတုန်း ရောက်လာတဲ့ ဂျာနယ်လစ်ကောင်လေးဟာ မျက်နှာချင်းဆိုင် ဆိုင်က ကောင်လေးနဲ့ ခေါင်းချင်းဆိုင်ကာ တွတ်ထိုးနေကြသည်။ ကိုယ့်ဘက်မှာ စေးဝယ်လည်း ရှင်းရော သူတို့လည်း လူချင်းခွဲလိုက်ရော။ ကိုယ်လည်း အမှတ်တမဲ့ ပဲပေါ့။ နောက်တစ်ခါ သုံး၊ လေးရက်လောက်ကြာတော့ မျက်နှာချင်းဆိုင်မှာ ဆိုင်နီးချင်း ကောင်လေးတွေရယ်၊ ဂျာနယ်လစ် ကောင်လေးရယ် ခေါင်းချင်းရိုက်နေကြပြန်သည်။

အဲဒီလို တစ်ယောက်တစ်ခွန်း ဆူညံနေချိန်မှာ ''ဘာတွေတုန်းဟေ့'' ဆိုတဲ့ အသံနဲ့အတူ နောက်ဆုံးရောက်လာသူဟာ ဒီနားမှာတော့ သြဇာကိုတွယ်မကြီးမားတဲ့ ဝါအရင့်ဆုံး အပျိုကြီး မမတစ်ဦးပဲဖြစ်သည်။ ပွဲကတော့မြိုင်ပြီ။

ဒါဟာ တစ်ခုခုတော့ တစ်ခုခုပဲ။ ကောင်လေးတွေ အခုလို တိုးတိုးတိတ်တိတ် လုပ်နေကြပြီဆိုရင် မဟုတ်တော့ဘူးသာ မှတ်လိုက်တော့။ ခု ကြည့်လေ . . . အသံမထွက်စေရဘဲ တစ်ခုခုကို ခိုးကြောင်ခိုးဝှက် ကြည့်နေကြပုံ ဟာသိသာလွန်းနေသည်။ ဘာရမလဲ၊ ကိုယ် လည်း ချက်ချင်းသတိရကာ သူတို့ဘက်ကို ဖျတ်ခနဲ ကူးလိုက်တော့ ဂျာနယ်လစ်ကောင် လေးက ကိုယ့်ထက်တောင် လျင်သေးသည်။ ဒါပေမဲ့ မြင်လိုက်ပါသည်။ လွယ်အိတ်ထဲကို တစ်ခုခု ထည့်လိုက်တာကိုလေ။ သူ့ကိုယ်သူ တော့ ဟန်မပျက်ပေါ့။ ဟန်ပျက်နေတာ အသိသာကြီးကို။

''ပြပါ . . . အခုချက်ချင်းပြပါ''

''ဘာမှမဟုတ်ပါဘူး၊ စကားပြောနေကြတာ''

တခြားကောင်လေးတွေ ပြုံးစေ့ စပ်ဖြဲ မျက်နှာလေးများဖြင့် အလျှိုလျှို ဆင်းချသွားကြသည်။ ဘာမှမဟုတ်ဘူးဆိုတာ လုံးဝ မဖြစ်နိုင်။ ဒါဟာ ရွံးပွဲက ပုံတွေပဲ ဖြစ်ရမယ်။

''ပြစမ်းပါဟာ . . . မင်းတို့တွေ ကြည့်ပြီး''

ဂျာနယ်လစ်ကောင်လေးက လွယ်အိတ်ကို တင်းတင်းဆုပ်ရင်း အသက်သာ အသေခံမယ်၊ မပြဘူးဆိုတဲ့ မျက်နှာပေးနဲ့ မျက်နှာချင်းဆိုင်က ကောင်လေးကတော့ ကိုယ့်အသက် အရွယ်အရရယ်၊ ကိုယ့်ကို လေးစားယုံကြည်မှုအရရယ် ပြသင့်တယ်လို့ ယူဆတယ် ထင်ပါရဲ့။

''ပြလိုက်ပါ အစ်ကိုရာ။ ဘာမှမဖြစ်ပါ ဘူး''

''မကောင်းပါဘူးကွာ''

''မင်းတို့ ကြည့်နေကတည်းက ကောင်းလို့ကြည့်နေကြတာပေါ့၊ မရဘူး . . ပြ''

ကိုယ်က မိန်းကလေးဆိုတော့ အားနာလို့ပါတဲ့။ ဘာပဲဖြစ်ဖြစ် နောက်ဆုံးတော့ စာတိုပုံလေးနှစ်ပုံကို ကြည့်ခွင့် ရခဲ့ပါသည်။ ကြည့်စမ်း . . ဒီကောင် ကိုယ့်ကို အားနာတယ်ဆိုတာ တကယ့်ကို ဟုတ်မှာပဲ။

မော်ဒယ်ကောင်မလေးကို အပြင်မှာ မမြင်ဖူးပေမယ့် မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေထဲမှာ အမြဲပဲ တွေ့နေရတာမို့ ကြည့်လိုက်တာနဲ့ ဘယ်သူဆိုတာ တန်းခနဲ သိသည်။ နောက်ပိုင်းတော့ တော်တော်ကြီးကို မှတ်မိအောင် လုပ်ထားရသည်။ မျှားပြားလိုက်တဲ့ အဆိုတော်တွေ၊ မော်ဒယ်တွေဆိုတာကလည်း တစ်ယောက်လာ တစ်မျိုး၊ နောက်တစ်ယောက်လာ တစ်မျိုးနဲ့ ခပ်ညည်ညည်တော့ တစ်ယောက်မှ မပါကြပါ။ အားလုံးဟာ အနု၊ အလှ၊ အရွှေလေးတွေချည်း။ လူသိများအောင် ထင်ပေါ် ကျော်ကြားအောင် လုပ်တဲ့နေရာမှာ အနုပညာ အဓိက မကျဘူးလား။ မဂ္ဂဇင်းစုံ၊ ဂျာနယ်စုံ ဖတ်လေ့ရှိသူဆိုတော့ သူတို့အကြောင်းတွေ ဖတ်ရတိုင်း၊ သူတို့ပုံတွေ မြင်ရတိုင်း ဘဝင်မကျတာက ခပ်များများပါပဲ။

တစ်ယောက်က နာမည်ကြီး မင်းသမီး၊ တစ်ယောက်ကတော့ ဒီနှစ်ထဲမှာမှ နာမည်ရလာတဲ့ မော်ဒယ်ကောင်မလေး။ စာတိုပုံတွေ ကို ကြည့်ရင်း လက်ဖျားပါမက ခြေဖျားပါ ခါမိပါသည်။ မိန်းကလေးချင်းတောင် တအံ့တသြ ရင်သပ်ရှုမော ဖြစ်ရတာ မဟုတ်လား။

နိုင်ငံခြားမင်းသမီးတွေ၊ ပြည်တွင်းမင်းသမီးတွေ အဆိုတော်တွေ လုပ်ပြသမျှ အဟုတ်ကြီးမှတ်ကာ ဒီကကောင်မလေးတွေ အကုန်လိုက်လုပ်ပြီး တခြားမွဲလမ်းသဘင်တွေမှာ လတ်လျားလတ်လျား လုပ်ကြတာ ထားလိုက်ပါတော့။ မဟာမုနိဘုရားကြီးထဲကို လာတဲ့အခါ မတော်တရော် ဝတ်စားဆင်ယင်မှုကိုတော့ ရှောင်ကြဖို့ ကောင်းပါသည်။

ကိုယ်တို့ကရော ကြည့်နေရုံကလွဲလို့ ဘာတတ်နိုင်မှာတဲ့လဲ။ သူတို့ကလည်း သူတို့ရဲ့အပြုအသကို လူကြည့်လေ ဂုဏ်ယူဝင့်ကြွားလေ ထင်ပါရဲ့။ အိမ်က မိဘတွေကလည်း 'ဟဲ့

www.burmeseclassic.com

ငါးသမီး။ ဒါနဲ့တော့ မသင့်တော်ဘူး' လို့ မပြောမဆို မဆုံးမကြတော့ဘူးလား။ ကောင်မလေးတွေကတော့ ဟိရိသြတပ္ပဆိုတဲ့ အရှက်အကြောက်တရားကို တကယ်ပဲ မသိကြတော့ဘူး ထင်ပါသည်။

ရင်ညွန့် အပေါ်ပိုင်းဗလာနဲ့ အောက်ပိုင်း ပေါ်နိုင်သမျှ ပေါ်အောင် ဝတ်စားဆင်ယင်မှုကို အထူးအသားပေး အရေးထားနေကြသူတွေကြားထဲမှာ လုံခြုံတာ ရှက်စရာလို့များ ထင်နေကြပြီလား။ လုံခြုံတာ မပေါ်လွင် မထင်ရှားဘူး။ လုံခြုံတာ တက်လမ်းမရှိဘူး။ လုံခြုံတာ အဆင့်အတန်း မရှိဘူး။ လုံခြုံတာ အောက်တယ်လို့များ သတ်မှတ်လိုက်ကြပြီလား။ ပြလို့ မရတဲ့ နေရာတွေကိုတောင် ပြဖို့နည်းမျိုးစုံနဲ့ ကြိုးစားနေကြပြီ။ စင်ပေါ်ကတောင် မလုံမခြုံတွေ ဝတ်စားပြနေမှတော့ စင်အောက်ကဆိုတာ တော့ ပြောမနေနဲ့တော့။

မဖြစ်သေးပါဘူးလေ။ ကိုယ်တစ်ယောက် တည်း ခံစားနေလို့ မဖြစ်သေးဘူး။ မျှဝေခံစားဖို့ ဆိုင်နီနားချင်း ကောင်မလေးတွေကို လက်လှမ်းမီသလောက် စုလိုက်သည်။ ခုနက ကောင်လေးတွေက ကြည့်ပြီးပြီဆိုတော့ ဒီတစ်ခါ တို့အလှည့်။

အဲဒီနေ့က ကိုယ့်ဘဝမှာ လူပေါင်းလေးငါးခြောက်ဦးလောက်ရဲ့ မတူညီတဲ့ အာမေဋိတ်သံတွေကို ကြားခဲ့ရသော နေ့လေးတစ်နေ့ပဲ ဖြစ်ပါသည်။ တကယ်တော့ အာမေဋိတ်ဆိုတာ အထူးအဆန်း တစ်စုံတစ်ရာကို တွေ့လိုက်မြင်လိုက်ရတဲ့အခါ အံ့သြခြင်းကြီးစွာနဲ့ နှုတ် ဖျားက အလိုအလျောက် ထွက်ကျလာတဲ့ စာလုံးလေးတွေပဲ မဟုတ်လား။ အုံသြ၊ ထိတ်လန့်၊ ကြောက်ရွံ့၊ ချောက်ချား၊ တုန်လှုပ်၊ ရွံရှာတဲ့ အခါတွေမှာလည်း ပါးစပ်ဖျားက စကားလုံးလေးတွေ အလိုလို ထွက်ကျလာတတ်တယ်လေ။ အခုလည်း ဓာတ်ပုံနှစ်ပုံကို မြင်လိုက်ရတာနဲ့ ထွက်ပေါ်လာတဲ့ အာမေဋိတ် စကားသံလေးတွေကို နားထောင်ကြည့်ရအောင်။

''ဘုရား ဘုရား သံဝုဇ္ဈ''

ပထဝီနဲ့ရော ဂျာမန်နဲ့ရော ကျောင်းပြီး ထားသူ ကောင်မလေးရဲ့ လန့်ဖျပ်ပြီး ဘုရားတသံ။

''ဟင် . . သမီး စိတ်ညစ်လိုက်တာ''

ဒါကတော့ မြန်မာစာနဲ့ ကျောင်းပြီးထားတာ မကြာသေးတဲ့ ကောင်မလေးတစ်ယောက်ရဲ့ တကယ့်ကို စိတ်ပျက်လက်ပျက် မျက်နှာလေးနဲ့ ပြောလိုက်တဲ့စကားသံ တိုးတိုးတိမ်တိမ်လေး။

''အားလားလားလား ရက်စက်တယ်များ၊ ထကယ်ပဲ''

ဒီကောင်မလေးကတော့ ဒီနားမှာ ဝါရင့်သမျှာရင့်လို့ ပြောရမည်။ နောက်ဆုံးနှစ် ကျောင်းသူဘဝမှာ ကတည်းက အိမ်ထောင်ကျကာ ခုနေခါ ကလေးသုံးယောက်ရဲ့ မိခင်ဘဝကို ရောက်နေသူပေါ့။ သူ့အာမေဋိတ်က အားပါးတရ ပွင့်ပွင့်လင်းလင်း ရှိလှသည်။ ဟုတ်တယ် . . . သူပြောသလိုပဲ ဓာတ်ပုံတွေက တကယ့်ကို ရက်ရက်စက်စက် ပက်စက်နေတာကိုး။

''ဟား . . . ဒါကြီးကတော့ အလွန်ကြီး''

ဓာတ်ပုံက နှစ်ပုံလို့ ပြောထားပြီးပါပြီ။ အခုဓာတ်ပုံကြည့်ဖို့ အလှည့်ကျတဲ့ ကောင်မလေးကလည်း ဘွဲ့ရထားပြီးသား။ ဘွဲ့ရတာကို ထည့်ထည့်ပြောရတာက ဒီနားက ကောင်မလေးတွေအားလုံး အမြင်မကျဉ်းတဲ့ လူငယ်တွေဆိုတာ သိစေချင်လို့ပါ။ ခါတိုင်း စကားပြောရင် အားပါးတရ ကျယ်လောင်စွာ ပြောတတ်တဲ့ ကောင်မလေးဟာ ဒီတစ်ခါတော့ လုံးဝအငြိမ်။ အကယ်ဒမီ မင်းသမီးပုံကို အရင်ကြည့်ပြီး ''ဒါလောက်ကတော့ ဖြစ်တတ်ပါတယ်။ လည်ပင်းက ဟိုက်ရတဲ့အထဲ ပိတ်စက အသားဖျော့ဆိုတော့ . . '' သဘောကတော့ ခွင့်လွှတ်လို့ ရပါတယ်ပေါ့လေ။ ''သမီးတို့တော့ ကျောင်းတုန်းကလည်း ဒါမျိုး မဝတ်ဘူး။ အခု ဈေးရောင်းနေရတော့ ပိုတောင် မဝတ်သေး'' ဟုတ်တာပေါ့။ ဒီလို ဒီဇိုင်းကို ဘယ်လိုလုပ်ပြီး မိကောင်းဖခင်သားသမီးကဝတ်ရဲမှာလဲ။ မော်ဒယ်ကောင်မလေးရဲ့ ဓာတ်ပုံကိုလည်း မြင်လိုက်ရော သူ့ခမျာ ငြိမ်မနေနိုင်တော့ပါ။ ဟား . . ဒါကြီးတော့ အလွန်ကြီးလို့ အော်ရုံသာမက ''ဒါ သက်သက်ပြထားတာ အသိသာကြီး'' တဲ့။

ဓာတ်ပုံတစ်ပုံကို ကြည့်ပြီး အလိုလို ထွက်ကျလာတဲ့ စကားလေးတွေပဲဆိုတာ သေချာပါသည်။ ကိုယ်ချဲ့ထွင်လုပ်ကြံ ပြောသော စကားတစ်ခွန်းမှ မပါဘူးဆိုတာ ယုံလိုက်ပါ။ ပြောတဲ့လူ လွန်လား၊ မလွန်လားဆိုတာ ဆက်ပြီး ပြောမည်။ အဲဒီမော်ဒယ်မလေး ဝတ်ထားတဲ့ အင်္ကျီက ပခုံးအစွန်းနှစ်ဖက်လောက်အထိ လျော့ကျနေတဲ့ ကျားပါးစပ်ပုံ လည်ပင်းအဟိုက် အင်္ကျီ၊ ပခုံးနှစ်ဖက်ကို ကျုံ့ကာ ရှေ့ကို ခပ်ကိုင်းကိုင်း ထိုင်နေတော့ လက်နှစ်ဖက်နှင့် စုညှစ်ထားသလို ပြူးပြဲ ရုန်းကန်ထွက်နေပုံက ညှာတ်လေးတွေ မပေါ်ရုံကလေး။ တကယ်ကို အဲဒါလေး နှစ်ခု အုပ်မိတယ်ဆိုရုံကလေး ကာယဗလမောင်တွေ ရင်အုပ်ကြွက်သားအစွမ်းကုန် ညှစ်ထုတ်ပြနေတဲ့ပုံတွေ မြင်ဖူးကြမှာပါ။ အခုဟာက မောင်တွေလို့ ဆီတော့ သုတ်မထားဘူးပေါ့။ မိန်းကလေးချင်း ကိုယ်ချင်းမစာ ပြောတာမဟုတ်ပါ။ ဖြစ်နိုင်ရင် ဓာတ်ပုံကိုသာ ပြလိုက်ချင်ပါသည်။

''အမလေး . . . ဒုက္ခပါပဲ''

အဲဒီလို အလန့်တကြား အော်သူကတော့ အသက်ငါးဆယ်ကျော် အစ်မကြီးတစ်ယောက်ပဲ ဖြစ်ပါသည်။ သမီးပျိုနှစ်ယောက်ရဲ့ မိခင်ဆိုတော့လည်း မြင်ရတဲ့ အနေအထားကို ရင်လေးမှာပေါ့လေ။ ဒါတောင် သူ့သမီးတွေက ဟော့ဟော့ရမ်းရမ်း မဟုတ်ကြပါ။ ခေတ်မီတာနဲ့ လော်မာတာကို ခွဲခြားသိကြပါသည်။

''ဟား ဟား ဟား . . . မိုက်တယ်ဟော့''

www.burmeseclassic.com

www.burmeseclassic.com

အဲဒီလို လှောင်ရယ်ရယ်ပြီးတာနဲ့ ''ဒီပုံ အလွှာမှာ ဓာတ်ပုံအရိုက်ခံရဲတာများ အဲ့ ''ဆို ရွှတ်ချွန်ပြစ်တင်လိုက်သူကတော့ လေး ကျော်တွေ့ရ အပျိုကြီးပဲ ဖြစ်ပါသည်။

အခြေအနေကတော့ မြင်သူတွေက ရှက် နာလွဲရတဲ့ အနေအထားကို ရောက်နေ သိသူမရှက် ဆိုတာက ကျန်းမာရေးကိစ္စ ဘုတ်တယ်မို့လား။ အခုဟာက ဘာ . . . ဘာကိစ္စနဲ့ ဒါလောက်တောင်

သောင်းကျန်းနေကြတာလဲ။ မော်ဒယ်တွေက လည်း မော်ဒယ်တွေမို့ အဆိုတော်တွေက လည်း အဆိုတော်တွေမို့၊ မင်းသမီးတွေက လည်း မင်းသမီးတွေမို့ အတော်အသင့်ဆို လက်ခံလို့ ရပါသည်။ အခုဟာက ကျောက် ခေတ်ကို ပြန်ရောက်လုနီးပါး ရိုင်းစိုင်းနေကြတာ မို့ ပြောရတာပါ။

''ကဲ . . .ကဲ . . . ဘယ်သူတွေ ဘာပဲပြော ပြော တို့အဖို့တော့ ရှေ့လျှောက် ကောင်းဖို့ ချည်းပဲ မောင် ဟုတ်တယ်မို့လား၊''

''ဟုတ်တာပေါ့မောင်၊ ဒါက ကျွန်တော်တို့ အတွက်ပဲဥစ္စာ၊ သူတို့က မဆိုင်ဘဲ ဝိုင်းပြော နေကြတယ်''

ဂျာနယ်လစ်ကောင်လေးရဲ့ အပြောကို မျက်နှာချင်းဆိုင်က ကောင်လေးက ထောက် ခံလို့။

ကိုယ်တို့ကလည်း ဘယ်အလျော့ပေးမ လဲ၊ နောင်ထပ်ဒါမျိုးတွေရှိရင် ယူခဲ့ဦးဆိုတော့ အများကြီး ကျန်သေးတယ်တဲ့။ တကယ်က ဒီ ဓာတ်ပုံတွေက သူရိုက်တာမဟုတ်၊ သူမရောက် ဖြစ်သော ရိုးပွဲတစ်ခုမှာ တခြားဂျာနယ်လစ် ကောင်လေးတစ်ဦး ရိုက်လာသော ဓာတ်ပုံများပဲ ဖြစ်ပါသည်။ ဒီ ဓာတ်ပုံနှစ်ပုံကတော့ ကူး မလောက်ဆိုပဲ။ ပျိုပျိုအိုအို ကြီးငယ်မရွေး ပုရိသအပေါင်းက တောင်းကြလို့တဲ့လေ။ ကောင်းကြသေးရဲ့လား။

''ဒီပုံတွေကို သူတို့မိဘတွေဆီ ပို့ချင် တယ်''

''မလုပ်နဲ့ . . လူမှားပြီး အိတ်ကပ်ထဲ ဆောင်ထားမှ ဒုက္ခ''

မင်းသမီးကဆို ငှက်ပျောသီးတောင် စား ပြနေသေးသည်။ ဖီးကြမ်းလား၊ သီးမွှေးလား မခွဲခြားနိုင်အောင် ဓာတ်ပုံက ဆွဲအားကောင်း လှသည်။ ဒီအချိန်မှာ သူဟာ ပရိသတ်ကို ဒီ နည်းနဲ့ မမြူဆွယ်သင့်တော့ဘူး။ ပရိသတ် အခိုင်အမာ ရထားတဲ့ မင်းသမီးတစ်ဦးဟာ ကိုယ့်ဂုဏ်သိက္ခာလေးကိုတော့ နည်းနည်းပါးပါး ထိန်းသိမ်းသင့်ပါသည်။ ဒါပေမဲ့ ရင်ညွှန့်အပေါ် ပိုင်း ဗလာကျင်းထားတဲ့ သူပုံတွေဟာ စာမျက် နှာတွေပေါ်မှာ ပလူပျံနေတာပဲလေ။

ဒီဖိုင်နာဆိုသူတွေကလည်း သူများနိုင်ငံ က အဝတ်အစားတွေကို ပုံတူကူးကာ ကိုယ် တိုင်ဒီဖိုင်းထွင်ပါတယ် အော်နေကြတော့ ဘာ ပြောရမှန်းတောင် မသိတော့။ ကျောက်မျက် ရတနာတွေကို ကြော်ငြာတာလား။ မော်ဒယ် တွေရဲ့ အတွင်းပစ္စည်းတွေကို ထုတ်ပြတာလား။ မြန်မာပြည်မှာ မကြီးကျယ်တဲ့ ရိုးပွဲဆိုတာ မရှိ တော့ပါ။ သူထက်သူ လူစွမ်းကောင်းတွေချည်း ပါပဲ။

''ဒီမင်းသမီးကို အစက အရပ်ကြီးက် တာ၊ ခုတော့ တော်ပြီ၊ မကြည့်ချင်တော့ဘူး''

''မော်ဒယ်မက ပိုရိုင်းပါတယ်ဟယ်၊ ဘာ လို့များ ဒါလောက်အရှက်နည်းကြတာလဲ။ စဉ်း စားလို့ကို မရဘူး''

''ဒီပုံတွေကို ဗီနိုင်းနဲ့ ပုံကြိုးခွဲပြီး လမ်း ဆုံတွေမှာ ထောင်ထားရရင် ကောင်းမယ်''

အဲဒီလို တစ်ယောက်တစ်ခွန်း ဆူညံနေ ချိန်မှာ ''ဘာတွေတုန်းဟေ့''ဆိုတဲ့ အသံနဲ့အတူ နောက်ဆုံး ရောက်လာသူဟာ ဒီနှာမှာတော့ သြဇာကိတ္တိမကြီးမားတဲ့ ဝါအရင့်ဆုံး အပျိုကြီး မမတစ်ဦးပဲဖြစ်သည်။ ပွဲကတော့ မြို့ပြီ။ စကား ပြောရင် ပျစ်ပျစ်နှစ်နှစ်၊ ပယ်ပယ်နယ်နယ်၊ တစ် တစ်ခွခွ နံဘေးပိသလေးနဲ့ ပစ်သလို ပြောလေ့ ရှိသူ အပျိုကြီးမမ B.E ဘွဲ့ရမို့လည်း အားလုံး ပျာသွားကြသည်။ ဘယ်လိုစကားလုံးတွေများ ကြားရဦးမှာလဲဆိုတဲ့ အတွေးနဲ့ ဓာတ်ပုံတွေကို အမြန်ဆုံး ပြလိုက်တာပေါ့။

အစ်မကြီးဟာ ဓာတ်ပုံတွေကို စိမ်ပြေ နပြေကြည့်တာမှ အသေအချာကို စူးစူးစိုက်စိုက် ဟိုပုံကြည့်လိုက် သည်ပုံကြည့်လိုက်။ ကိုယ်တို့ အားလုံးဟာလည်း သူပါးစပ်ဖျားက ခုန်ထွက် လာမယ့် စကားလုံးလေးတွေကို စိတ်ဝင်တစား၊ မကြားဝံ့၊ မနာသာတွေဆိုရင်တော့ မျက်နှာချင်း ဆိုင်မှာ ရှိနေတဲ့ ကောင်လေးနှစ်ယောက်ကြား ရင် အားနာစရာကြီး။

''အင်း . . ဒီကောင်မလေးတွေ တော် တော် သဘောကောင်းတာပဲ။ ကိုယ့်ရဲ့အလှ အပကို ရက်ရက်ရောရော ပြထားကြတာ၊ ဒါ တစ်ဦးတစ်ယောက်ပဲ မြင်ခွင့်ရရမယ့် အလှ အပ။ ခုတော့ အများပြည်သူ ကြည့်ရှုခံစားရန် သူတို့ခမျာ အစွမ်းကုန် ကြိုးစားထားကြတာ။ တော်တော်ကို စေတနာသဒ္ဓါအားကောင်းတဲ့ ကောင်မလေးတွေ''

ကဲ . . ဘာပြောချင်သေးသလဲ။ အားလုံး ဟာ ခေါင်းညိတ်ပြီး သာခုပဲ ခေါ်ရတော့မှာလို လို။ သူပြောတော့လည်း ဟုတ်တုတ်တုတ်။

မေမောင်

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာကို ပြောင်းလဲခဲ့သော စာအုပ် "နိုင်ငံများ၏ ဓန"

The Wealth of Nations (1776)

ထက်မြက်



အဒမ်စမစ်၏ 'နိုင်ငံများ၏ဓန' The Wealth of Nations စာအုပ်သည် ခေတ်သစ်ဘောဂဗေဒကို အုတ်မြစ်ချပေးလိုက်သော စာအုပ်ဖြစ်သည်ဟု အများအပြားက မှတ်ယူထားခဲ့ကြသည်။ ထိုစာအုပ် ထဲတွင် 'ကိုယ်ပျောက်လက်' Invisible Hand ဆိုသည့် အယူအဆကို မိတ်ဆက်ပေးထားသည်။ ထိုသည်မှာ လွတ်လပ်သော ဈေးကွက်နှင့် စီးပွားရေး ပြိုင်ဆိုင်မှု ဖြစ်ပါသည်။ စမစ်က ပုဂ္ဂလိက ပြုမူဆောင်ရွက်မှုနှင့် ကိုယ်ပိုင်ရှာဖွေမှုကို အခြေခံပြီး ရေးသားထားသည်။ ထိုသို့ မိမိဘာသာ ရှာဖွေပြီး စီးပွားရေးလုပ်ကိုင်လျှင် သူတို့သည် တဖြည်းဖြည်း ဘုံအကျိုးစီးပွားအတွက် အကျိုးရှိစေမည် ဖြစ်သည်ဟု ဖော်ပြထားပါ သည်။ စိတ်ဝင်စားဖွယ် ကောင်းပြီး လွတ်လပ်သော စီးပွားရေးစနစ်ကို ၁၉ ရာစုကတည်းက ဖော်ဆောင်ခဲ့ပြီး ဘောဂဗေဒပညာရှင်များ အလေးအနက်ထားခဲ့ရသည့်ကျမ်းတစ်စောင်၊ ပေတစ်ဖွဲ့လည်း ဖြစ်ပါသည်။ ယနေ့ကာလတွင် အခွန်ငွေ ဖြတ်တောက်ခြင်း ဝါဒကို ဗဟိုလက်ယာယိမ်း အစိုးရအဖွဲ့များက ကျင့်သုံးနေခြင်းမှာ ထိုစာအုပ်၏ ဂိုဏ်ခတ် ချက်လည်း ပါဝင်လေသည်။

စမစ်၏ စာအုပ်ကို 'သဘာဝနှင့် နိုင်ငံများ၏ ဓနဖြစ်ပေါ်မှု အကြောင်းအရင်းများကို လေ့လာစူးစမ်းခြင်း' An Inquiry Into the Nature and Causes of the Wealth of Nations ဟု အမည်ပေးထားပါသည်။ ၁၇၇၆ ခုနှစ်က ရေးသားထုတ်ဝေခဲ့သော စာအုပ်ဖြစ်သည်။ သမိုင်းဖြစ်ပေါ်မှုတစ်ပိုင်း၊ ဒဿနိက တစ်ပိုင်းနှင့် ဘောဂဗေဒ၏ သိပ္ပံပညာအသစ် တစ်ပိုင်း ပို့ကို ရေးသားထားသော စာအုပ်ဖြစ်၏။ နောက် 'နိုင်ငံရေး ဘော ဗေဒ'ဟု ခေါ်လေသည်။ စမစ်သည် စကော့လူမျိုး၊ ပညာတတ်တစ်ယောက် ဖြစ်လေသည်။ သူက လူအသိုင်းအဝိုင်း ဖွံ့ဖြိုးလာမှုမှာ အဆင့် ၄ ဆင့်ရှိသည်။ သမိုင်းဦး ကာလအမဲလိုက်ခြင်း ခေတ်မှနေ တစ်နေရာတွင် ကြာကြာမနေဘဲ ရွှေ့ပြောင်းနေထိုင်ကာ စိုက်ပျိုးစား သောက်သည့်ခေတ်သို့ ပြောင်းလဲလာခြင်း၊ နောက်မြေရှင် လူနေမှု အသိုင်းအဝိုင်းတွင် ထွန်ယက်စိုက်ပျိုးပြီး မိမိတို့၏ ကမ္ဘာကို တည် ထောင်လာသည့်ခေတ်၊ ထိုအခြေအနေကို စံပြပုံစံအဖြစ် အနိမ့်ဆုံး သတ်မှတ်ခဲ့သည်။ ထိုအချိန်က ကူးသန်းရောင်းဝယ်မှု စတင်ခဲ့သည်ဟု သူက မြင်လေသည်။ ကူးသန်းရောင်းဝယ်မှု၊ ကုန်သွယ်မှုနှင့် ပူးပေါင်း ဆောင်ရွက်မှုများလည်း ရှိလာခဲ့သည်။ ခေတ်သစ်ကမ္ဘာသို့ ရောက် သောအခါ လူတို့သည် ပုဂ္ဂလိက ပိုင်ဆိုင်မှု စိတ်ဓာတ်များကို လွတ်လပ် စွာကျင့်သုံးခဲ့ကြသည်။ နောက်တဖြည်းဖြည်းနှင့် အစီအစဉ်တကျ လုပ် ဆောင်လာကြသည်။ ကုန်ထုတ်လုပ်မှု လုပ်အဖွဲ့အစည်းကို တည်ထောင် လာခဲ့ကြသည်ဟု ရေးထားပါသည်။ တခြားအခန်းများတွင် ငွေကြေး၏ မူလအစအကြောင်း၊ ကုန်ပစ္စည်းများ၏ ဈေးနှုန်းများအကြောင်း၊ လုပ်ခများ၊ အမြတ်များနှင့် ငှားရမ်းခြင်းအကြောင်း၊ အရင်းကို အသုံးပြုမှုများအကြောင်း ကို ရေးထားသည်။ ဘောဂဗေဒနှင့်ပတ်သက်၍ အဓိက ဘောဂဗေဒ အနှစ် ၃ မျိုးရှိကြောင်း စမစ်ကတင်ပြထားပါသည်။ သူက ခေတ်ပြိုင် လူမှုအဖွဲ့အစည်းသည် အလုပ်ခွဲဝေမှု၊ ကိုယ်ကျိုးစီးပွားကို ရလိုမှုနှင့် ကုန်သွယ်ရေးလွတ်လပ်မှုတို့ကို အခြေခံသည်ဟု ဖော်ပြထားလေသည်။

သူက စာအုပ်ထဲတွင် အလုပ်တာဝန် ခွဲဝေမှုနှင့် ပတ်သက်သည့် သူ၏ သီအိုရီသဘောတရားကို ရှင်းလင်းထားပါသည်။ သူက စက်ရုံ များတွင် လုပ်ကိုင်သော အလုပ်သမားများအား အလုပ်တာဝန်ပေး၍ လုပ်ကိုင်သည်ကို ဥပမာပေးထားသည်။ ပင်အပ်ထုတ်လုပ်သော စက်ရုံ တစ်ရုံကို ဥပမာပေးပြီး ရှင်းပြပါသည်။ သူတစ်ယောက်တည်းသာ အ လုပ်လုပ်လျှင် တစ်နေ့လျှင် ပင်အပ်တစ်ချောင်းသာ ထုတ်နိုင်မည်ဖြစ်၏။ သို့သော် ထိုသို့မဟုတ်ဘဲ အလုပ်သမား ၁၀ ယောက် အလုပ်လုပ်လျှင် တစ်နေ့လျှင် သူတို့တာဝန်ယူသည့် ပင်အပ်များကို ထုတ်နိုင်ပေမည်။ စက် ရုံက တစ်နေ့လျှင် ပင်အပ်အချောင်း ၄၈၀၀၀ ထုတ်လုပ်နိုင်မည်ဆိုလျှင် အလုပ်သမားတစ်ယောက်လျှင် ပင်အပ် ၄၈၀၀ ထုတ်လုပ်နိုင်ပေမည်။ ထိုသို့ တာဝန်ခွဲဝေပြီး လုပ်သဖြင့် အလုပ်သမားများ ပိုမိုကောင်းမွန်စွာ ထုတ်လုပ်နိုင်ပြီး သူ့အတွက်လည်း ကောင်းပါသည်။ အလုပ်သမားများ စုလုပ်သည့်အတွက် အချိန်လည်းမကုန်သလို အလုပ်တစ်ခုမှ တစ်ခု ပြောင်းရွေ့မလုပ်ရသည့်အတွက် အလုပ်လည်း တွင်ကျယ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကြီးရွယ်အသစ်များ ပေါ်ပေါက်ပြီး စက်မှုဖွံ့ဖြိုးလာမှုက ပို၍ အားရှိလာပြီး ကုန်ထုတ်လုပ်မှုလည်း ပိုပြီးထုတ်လာနိုင်ပါသည်။

စာအုပ်၏နောက်တစ်ပိုင်းတွင် စမစ်က သူ၏ ထင်ရှားသော လေ့လာတွေ့ရှိချက်ကို ရေးသားထားပါသည်။ ''ယခု တင်ပြချက်မှာ သားသမီးထဲမှရရှိသော တွေ့ရှိချက်မဟုတ်သလို အရက်ချက်သူ၊ မုန့်လုပ်သူထဲမှ ရရှိသည်လည်း မဟုတ်ပါ။ ယခု တွေ့ရှိချက်မှာ ကျွန်တော်၏ အဝထဲမှ ကျွန်တော်တို့ အကျိုးစီးပွားနှင့် ယှဉ်၍ တွေ့ရှိလာခြင်းဖြစ်ပါသည်''ဟု ရေးထားပါသည်။ စာအုပ်ထဲတွင် လူများသည် အလုပ်လုပ်ပြီး မိမိတို့ဘာသာ ငွေကိုရှာဖွေကြရသည်။ သူတို့သည် ပစ္စည်းတစ်ခုကိုထုတ်လုပ်ပြီး ထိုပစ္စည်းကို လူများအတွက် တန်ဖိုးရှိအောင် ပြုလုပ်ကြသည်။ ထိုသို့ထုတ်လုပ်သော ပစ္စည်းများက လူအဖွဲ့အစည်းကို အကျိုးပြုခဲ့လေသည်။ သူက ဈေးကွက်ဆိုသည်မှာ မိမိဘာသာအမှန်ကို ပြောပြလုပ်သော စက်ယန္တရားတစ်ခုဖြစ်သည်။ ထိုသည်ကို 'မမြင်ရသောလက်'ဟု ခေါ်ထားလေသည်။

သူက ပျံနှံတွင်ကျယ်နေသော ကုန်သွယ်မှု စည်းကမ်းများဆိုသည်ကိုအခိုင်အမာ ဆန့်ကျင်ထားလေသည်။ အစိုးရက ကုန်သွယ်မှု ပိုင်္ဂပြုအတွက် ကြိုးပမ်းအားထုတ်ကြသည်။ ထိုသို့ အားထုတ်ရာတွင် ကြီးမှူးတိုးတက်ရေးအတွက် မျှော်လင့်ခြင်းဖြစ်သည်။ ထိုသို့ကုန်သွယ်ရေးပိတ်ဆို့ပြုမှုဖြစ်အောင်ကြိုးစားရာ၌ မူဝါဒများကိုချမှတ်ပြီး လက်ပါးကြီးအုပ်ချုပ်ကိုင်ကြသည်။ အမျိုးသားကုန်သွယ်မှု အကျိုးစီးပွားအတွက်လည်း ကာကွယ်ထားကြ၏။ သို့သော်ကုန်သွယ်မှု၏ အမှန်တကယ် အကျိုးအကြောင်းမှာ ဈေးကွက်အသစ်များကို ဖွင့်ပေးခြင်းဖြစ်သည်။ ကုန်ပစ္စည်းများ ဖြန့်ဖြူးနှင့် များများ ရောင်းချဖို့အတွက် ဖွင့်ပေးခြင်းဖြစ်၏။ တစ်ချိန်တည်း တခြားကုန်ပစ္စည်းများကို ထုတ်လုပ်သလိုပြင်ပမှ တင်ပို့သည်များကိုလည်း ဈေးချိုချိုဖြင့် ရောင်းနိုင်အောင်ကြိုးစားရမည်။ ထို့ပြင် ပြည်တွင်းကုန်ပစ္စည်းများကိုလည်း ပို့မိုထုတ်နိုင်ရမည်ဟု တင်ပြထားပါသည်။

'နိုင်ငံများ၏ ဓန' ကျမ်းသည် အနောက်ကမ္ဘာတွင် စီးပွားရေးနှင့် လူမှုရေး အကြီးအကျယ် ပြောင်းလဲစဉ်က ထုတ်ဝေခဲ့သောစာအုပ် ဖြစ်၏။ ထိုစာအုပ်ထုတ်ဝေပြီး ၄ လအကြာတွင် အမေရိကန်တို့က အမေရိကန် လွတ်လပ်ရေး ကြေညာစာတမ်းကို ကြေညာလိုက်ကာ အခွန်ထောက်ပို့မှု ဆန့်ကျင်ရေး တော်လှန်ရေးကြီးကို ဆင်နွှဲခဲ့၏။ ထိုတော်လှန်ရေးကြီးမှနေ နိုင်ငံသစ်တစ်ခု ပေါ်ပေါက်လာခဲ့သည်။ နိုင်ငံရေးအယူအရော လူပုဂ္ဂိုလ်တို့၏ လွတ်လပ်ရေးကိုပါ ထိုတော်လှန်ရေးကြီးက ဖော်ဆောင်ခဲ့လေသည်။

စမစ်၏ ဘောဂဗေဒကျမ်းကြီးက စီးပွားရေးနှင့် နိုင်ငံရေး အငြင်းပွားမှုများကို လွန်ခဲ့သော အနှစ် ၂၀၀ ကတည်းက ဖြစ်ပွားစေခဲ့သော ကျမ်းဖြစ်သည်။ ထိုစာအုပ်သည် ဘောဂဗေဒနယ်ပယ်၌ အကြီးအကျယ် သက်ရိုက်သွားသော စာအုပ်ဖြစ်ပါသည်။ နှစ်ပေါင်းများစွာကတည်းက အငြင်းပွားခဲ့သည်မှာ ယခုအထိ ဖြစ်ပွားဆဲပင်။ ဒီမိုကရေစီစနစ် ရှိသော အစိုးရအဖွဲ့များသည် သူတို့ ပြည်သူများအပေါ် ဘယ်အတိုင်းအတာအထိ သင်္ဘောက်စွက်ဖက်နှောင့်ယှက်ခွင့် ရှိပါသလဲ။ အစိုးရအဖွဲ့များသည် ဝင်ငွေခွန်နှင့် အမြတ်ခွန်များ ကောက်ခံသင့်ပါသလား။ သူတို့၏ မဲဆန္ဒရှင်များထဲမှ ဤကဲ့သို့ အခွင့်အရေးများကို အစိုးရကများ ယူသင့်ပါသလား။ ထိုအစိုးရများသည် ဆင်းရဲသားများကို ကာကွယ်သင့်ပါသလား။ ဒုက္ခဆောက်နေသူများကို အကာအကွယ်ပေးသင့်ပါသလား။ အစိုးရများသည် စီးပွားရေးစီမံကိန်းများကို ချသင့်ပါသလား။ စီးပွားရေး စွမ်းဆောင်မှုများကို ပုံစံအမျိုးမျိုးနှင့် ပြုလုပ်နိုင်အောင် အားပေးပြီး ထိုသို့ စီးပွားရေးလုပ်ငန်းရှင်များကို ကြီးပွားတိုးတက်အောင် အကူအညီပေးသင့်ပါသလား။ ပြည်သူများကို သူတို့နည်း၊ သူတို့ဟန်ဖြင့် စီးပွားရေး လုပ်ခွင့်ပေးခြင်း၊ ပြည်သူများကို အခွန်အတုပ် အနည်းဆုံး ကောက်ခံခြင်းများ အစိုးရက လုပ်ပေးသင့်ပါသလား စသည် စသည်ဖြင့် စမစ်က ထိုစာအုပ်ထဲတွင် ပုစ္ဆာများ ထုတ်၍ ရေးသားထားပါသည်။ ဘောဂဗေဒလေ့လာသူများအဖို့ စနစ်၏ စာအုပ်သည် အာရုံစူးစိုက်စရာ ဖြစ်လာပြီး ထိုအချိန်က ပေါ်ပေါက်ခဲ့သည့် အိုက်ဇက်နယူတန်၏ Principia on Physics စာအုပ် နှင့် နှိုင်းယှဉ်ပြီး ပြောစမှတ်ပြုကြလေသည်။ 'နိုင်ငံများ၏ ဓန' စာအုပ်ကို လက်ခံသူ ဘောဂဗေဒပညာရှင်များ ရှိသလို ဆန့်ကျင်တိုက်ခိုက်သူများလည်း ရှိပါသည်။ ထိုအချိန်ကတည်းက လွတ်လပ်သော ဈေးကွက်အရင်းရှင်ပုံစံကို စမစ်က စတင်၍ သက်သေပြခဲ့လေသည်။ ထိုစာအုပ်က ဘောဂဗေဒနှင့် ပတ်သက်ပြီး ဘောဂဗေဒ တွေးခေါ်မှု တစ်ခုလုံးအတွက် အလွန် အရေးကြီးသော ကျမ်းကြီးတစ်စောင် ဖြစ်ခဲ့ပါသည်။

၁၉ ရာစုနှစ်က ဘောဂဗေဒနှင့် နိုင်ငံရေး တွေးခေါ်ပညာရှင်များ အများအပြား ပေါ်ပေါက်ခဲ့ပါသည်။ ဒေးဗစ်ရီကာဒို (၁၇၇၂– ၁၈၂၃)၊ သောမတ်မောလ်သပ်စ် (၁၇၆၆–၁၈၃၄) နှင့် ဂျွန်စတူးဝပ်မီးလ် (၁၈၀၆–၁၈၇၃)တို့ကိုယ်တိုင်စမစ်၏ကျမ်းကို အလေးထားခဲ့ကြ၏။ သူ၏ 'နိုင်ငံ များ၏ ဓန' စာအုပ်မှာ ဂန္ထဝင်ဘောဂဗေဒအတွက် အခြေခံကျမ်းကြီး လည်း ဖြစ်သည်။ စီးပွားရေးတိုးတက်ရေးနှင့် ဖွံ့ဖြိုးမှုအတွက် ရှင်းလင်း ဖော်ပြသော စာအုပ်လည်း ဖြစ်ပါသည်။

ကားလ်မာ့က်စ် (၁၈၁၈–၁၈၈၃)ကလည်း စမစ်၏ အခြေခံအယူအဆများကို ဆင်ခြေတက်ခဲ့လေသည်။ စမစ်၏ စီးပွားရေးအယူအဆမှာ ဈေးကွက်အတွက် အလုပ်လုပ်ခြင်းမှာ အလုပ်သမားများအတွက် မမျှတဆုံးနှင့် အကျိုးမဲ့ဆုံးသော အယူအဆဖြစ်သည်ဟု ငြင်းခုံဆွေးနွေးခဲ့လေသည်။ ၂၀ ရာစုသို့ ကျေအမ်ကိန်း (၁၈၈၃–၁၉၄၆) ဆိုသော ဘောဂဗေဒပညာရှင်တစ်ဦး ပေါ်ပေါက်ခဲ့ပြန်သည်။ သူကလည်း စမစ်၏ အယူအဆများကို ဆန့်ကျင်ထား၏။ သို့သော် လက်ယာစွန်း ဘောဂဗေဒပညာရှင်များကမူ စမစ်၏ အယူအဆကို လက်ခံကြသည်။ ထိုပညာရှင်များတွင် မီလ်တန်ပရီဂျင်းမန်း (၁၉၁၂–၂၀၀၆) နှင့် ဖရက်ဒရစ်ဟာယက် (၁၈၉၉–၁၉၉၂) တို့လည်း ပါဝင်လေသည်။ နိုင်ငံရေးသမားများထဲမှ ဆိုလျှင် မာဂရက်သက်ချာနှင့် ရော်နယ်လ်ရီဂင်တို့က စမစ်၏ အယူ အဆကို ထောက်ခံကြ၏။ ၁၉၈၀ ခုနှစ်များက ထိုနိုင်ငံရေး ခေါင်း ဆောင်များသည် အဒမ်စမစ်ကို ခရီးကျူးပြောဆိုခဲ့ကြသည်။ လွတ်လပ် သော ဈေးကွက် မူဝါဒကို ချပေးခဲ့သူအဖြစ် ခေတ်သစ်နိုင်ငံတကာ ကုန်သွယ်မှုတွင်ပါ

www.burmeseclassic.com

www.burmeseclassic.com

ထိုအယူအဆသည် ဩဇာသက်ရောက်မှု ရှိနေ ကြောင်း ပြောဆိုခဲ့ကြသည်။ အနိမ့်ဆုံး သီအိုရီအရ စမစ်၏ အယူအဆမှာ မှန်ကန်ကြောင်း စမစ်သည် လွတ်လပ်သော ကုန်သွယ်မှုကို ယုံကြည် သူဖြစ်ကြောင်း ပြောဆိုခဲ့ကြလေသည်။

သို့သော် စမစ်သည် အတောမသတ်နိုင်သော ကိုယ်ကျိုးစီးပွား ကြည့်သူများကိုမူ ထောက်ခံအားပေးသူ မဟုတ်ပေ။ 'နိုင်ငံရေး၏ ဓန' စာအုပ်သည် ဘောဂဗေဒကျမ်းအဖြစ်သာမက လူမှုရေး ဒဿနိကအဖြစ် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားနိုင်သော ကျမ်းကြီးတစ်စောင် ဖြစ်ပါသည်။ စမစ်၏ အစောပိုင်း ရေးသော စာအုပ်မှာ 'စိတ်သဘောထားဆိုင်ရာ သီအိုရီ' ဆိုသော စာအုပ်ဖြစ်ပါသည်။ ထိုစာအုပ်ထဲတွင် သူက သဘာဝက ဖန်တီးခဲ့သည့် မူလဖြစ်စဉ်အတိုင်း လူတွင် ကိုယ်ကျိုးစီးပွားရှာမှု ဘာကြောင့် ဖြစ်ပေါ်လာရသလဲ ဆိုသည်ကို ရှင်းပြထား၏။ လူတိုင်းသည် ပုဂ္ဂလိက အကျိုးစီးပွားနှင့် ပုဂ္ဂလိက ဘဝတို့ကို ရှာဖွေနေကြသူများချည်း ဖြစ်သည်။ လူတိုင်းသည် မိမိအကျင့်စရိုက်နှင့် မိမိ၊ မိမိဝိဇ္ဇနှင့်မိမိရှိသည်။ အမှားအမှန် ဘယ်က လာသလဲ စသည်ဖြင့် သူက ငြင်းခုံဆွေးနွေးစရာများကို ရေးထား၏။ ထို့ပြင် ကိုယ်ကျိုးစီးပွားနှင့် ပတ်သက်ပြီး မိမိအသိနှင့် မိမိ.. ထိန်းသိမ်းရမည်။ တခြားသူများကို ကိုယ်ချင်းစာသော အသိဖြင့် ထိန်းသိမ်းချခြင်းဖြစ်သည်ဟု သူကအကြောင်းပြထားပါသည်။ ထိုစာအုပ် ရေးပြီးနောက် ထင်ရှားသော 'နိုင်ငံများ၏ ဓန' စာအုပ်ကို ဆက်ရေးရာတွင် ပထမစာအုပ်ပါ အယူအဆများလည်း ထိုစာအုပ်ထဲတွင် ရေးသားထားပါသည်။ သဘာဝအရ ကိုယ်ကျိုးကြည့်မှုဆိုသည်မှာ ရှိနေကြသော်လည်း လူများသည် 'ကိုယ်ပျောက်လက်' Ivisible Hand ၏ ဦးဆောင်မှုနောက်သို့ပါသွားကြလေသည်။ ထိုအခါ လွှအသိုင်းအဝိုင်း၏ အကျိုးစီးပွားကိုဆောင်ရွက်လာကြခြင်းဖြစ်သည်ဟု ဖော်ပြခဲ့လေသည်။

ယနေ့ကာလတွင် လူများသည် နိုင်ငံများ၏ ဓနကျမ်းပါ အယူအဆများကို နိုင်ငံရေး တွေးခေါ်မှုများအဖြစ် စဉ်းစားတွေးခေါ်လာသည်ကို တွေ့ရ၏။ စီးပွားရေးတွင်သာမက နိုင်ငံရေးတွင်ပါ ထိုကျမ်းကြီးက အရေးပါသည်ကို တွေ့ရသည်။ စမစ်က ထိုကျမ်းကြီးကို လွန်ခဲ့သည့် ရာစု နှစ် ၂၃၆ ကုန်ကတည်းက ရေးသားခဲ့ခြင်း ဖြစ်သော်လည်း ထိုကျမ်းထဲ တွင် ဘောဂဗေဒရော၊ အရင်းရှင်စနစ်ပါ ရေးသားဖော်ပြထားခြင်း မရှိ ပေ။ ထိုဘောဂဗေဒနှင့် အရင်းရှင်စနစ် ဆိုသော စကားလုံးများကို ထိုကျမ်းထဲတွင် အသုံးပြုမထားပေ။ သို့သော် ယနေ့ခေတ်၏ အခြေအနေနှင့် ဖြစ်ပေါ်တိုးတက်မှုများအရ ဘောဂဗေဒနှင့် အရင်းရှင်စနစ်ဆိုသည်ကို နားလည်သဘောပေါက်နိုင်ပါသည်။ ၂၁ ရာစု နိုင်ငံရေးတွင် လွန်ခဲ့သည့် နှစ် ၂၀၀ ကျော်က ထိုကျမ်းကြီးမှာ အသုံးဝင်ပြီး အကျိုးသက်ရောက်မှုရှိသည် ကိုတွေ့ရလေသည်။

အဒမ်စမစ်၏ ကိုယ်ရေးအကျဉ်း

၁၇၂၃ ခုခန့်တွင် အဒမ်စမစ်ကို မီဇောရှိ ကတ်ကယ်လ်ဒီတွင် မွေးဖွား။။

၁၇၃၇ ခုနှစ်တွင် အသက် ၁၄ နှစ်တွင် ဂလက်စကိုတက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြား။။

၁၇၄၀ တွင် အောက်စဖို့ဒ်တက္ကသိုလ် ဘာလီယိုကောလိပ်တွင် ဆက်လက်ပညာသင်ကြား။။ သို့သော် အောက်စဖို့ဒ်၌ ပညာသင်ကြားရသည်မှာ ဂလက်စကိုထက် အဆင့်နိမ့်ကြောင်း သိရှိရ။။

၁၇၄၆ တွင် အောက်စဖို့ဒ်မှ ဆင်းခဲ့။။

၁၇၄၈ ခုနှစ်တွင် အီဒင်ဘာ်တွင် လူအများအပြားအား သင်တန်းများ ပို့ချခဲ့။။ ဘာသာရပ်အများအပြားကို သင်ကြားခဲ့ခြင်း ဖြစ်သည်။။

၁၇၄၀ တွင် ဒဿနိက ပညာရှင် ဒေးဗစ်ဟာဂမ်းနှင့် တွေ့ဆုံခဲ့။။ ဒေးဗစ်သည် အရေးပါသော စကော့တို့၏ စီးရှူးတန်ဆောင် ဖြစ်ပါသည်။။

၁၇၄၁ တွင် ဂလက်စကိုတက္ကသိုလ်ရှိ ယုတ္တိဗေဒဌာနတွင် ပါမောက္ခအဖြစ် ခန့်အပ်ခြင်း ခံရ။။ ၁၇၅၂ ခုနှစ်၌ ထို တက္ကသိုလ်မှာပင် ကျင့်ဝတ်ဆိုင်ရာ ဒဿနိက ဗေဒဘာသာရပ်တွင် ပါမောက္ခအဖြစ် ခန့်အပ်ခံရ။။


AN

INQUIRY

INTO THE

Nature and Causes

OF THE

WEALTH OF NATIONS.

By ADAM SMITH, LL. D. and F. R. S.

IN TWO VOLUMES.

VOL. I.

LONDON:

၁၇၅၉ ၌ The Theory of Moral Sentiments စာအုပ်ကို ထုတ်ဝေ။။

၁၇၆၂ ခုနှစ်၌ ဥပဒေပါရဂူဘွဲ့ ချီးမြှင့်ခံရ။။

၁၇၆၃–၆၆ ၌ ဂလက်စကို တက္ကသိုလ်မှ နတ်ထွက်ပြီး Duke of Buccleuch တွင် နည်းပြဆရာအဖြစ် ပြောင်းလဲလုပ်ကိုင်ခဲ့။။ ဥရောပ တစ်ခွင် ခရီးဆန့်ပြီး ပညာတတ်အမြောက်အမြားနှင့် တွေ့ဆုံဆွေးနွေး ခဲ့။။

၁၇၇၃ တွင် တော်ဝင်မိသားစုတွင်း ပါဝင်ဖို့ ရွေးချယ်ခံရ။။

၁၇၇၆ တွင် 'နိုင်ငံများ၏ ဓန'စာအုပ် ၂ တွဲစလုံးကို ထုတ်ဝေခဲ့။။

၁၇၇၈ တွင် စကော့တလန်နိုင်ငံ၏ အကောက်ခွန်မင်းကြီးအဖြစ် ခန့်အပ်ခံရ။။

၁၈၀၃ တွင် အီဒင်ဘာ်တော်ဝင် မိသားစု တည်ထောင်သူတစ် ဦးဖြစ်လာ။။

၁၇၉၀ တွင် အီဒင်ဘာ်တွင် ကွယ်လွန်အနိစ္စရောက်။။

စက်မှုတော်လှန်ရေး

၁၈ ရာစုနှစ်အစောပိုင်းက လူသားမန်တို့၏ အပြင်တွင် ဥစ္စာနေ ဆိုသည်မှာ မြေယာပိုင်ဆိုင်မှုနှင့် ရွှေပိုင်ဆိုင်ခြင်းကို ဆိုလိုသည်ဟု ယူဆထားကြလေသည်။ ထို့ကြောင့် မြေပိုင်သော မြေပိုင်ရှင် မင်းစိုးရာဇာများမှာ အလွန် ချမ်းသာကြွယ်ဝသူများဖြစ်လာသည်။ ဘုရားသခင်၏ အလိုတော်အရ ကြွယ်ဝကြခြင်း ဖြစ်သည်ဟု ထိုခေတ်အုပ်ချုပ်သူများက လူအများ ယုံကြည်အောင် လှုံ့ဆော်စည်းရုံးထားလေသည်။ ဘုရားသခင်၏ အလိုတော်ကြောင့်သာ မြေယာပစ္စည်းများ ပိုင်ဆိုင်ကာ လူသာမန်များကို အုပ်ချုပ်နိုင်ခြင်း ဖြစ်သည်ဟု သူတို့က ပြောဆိုကြ၏။ ထို့ပြင် ဆင်းရဲ

www.burmeseclassic.com

www.burmeseclassic.com



သူများမှာလည်း ဘုရားသခင်၏ သတ်မှတ်မှုအတိုင်း ဆင်းရဲကြ ခြင်း ဖြစ်သည်။ သူတို့မှာ လူဆင်းရဲများအဖြစ် ဘုရားသခင်ထံ ကတိ တဝတ်ပြုထားကြသည်ဟု ပြောဆိုလို့ဆော်ထားကြလေသည်။

'နိုင်ငံများ၏ ဓန' သည် ဤကဲ့သို့သော မြေပိုင်ရှင် မင်းစိုးရာဇာများ၏ မိမိတို့ကိုယ် မိမိတို့ စန်းတင်ထားသော သတ်မှတ်ချက် အယူအဆကို ထည့်သွင်းတတ်များက စိန်ခေါ်လိုက်ခြင်း ဖြစ်၏။ ထိုသို့ စိန်ခေါ်မှုမှာ စက်မှုတော်လှန်ရေး ဖြစ်၏။ လယ်ယာစိုက်ပျိုးရေး၊ စီးပွားရေးကို ပြောင်းလဲလိုက်သော တော်လှန်ရေး ဖြစ်ကာ အရင်းရှင်စနစ်၏ အခြေခံ တော်လှန်ရေး ဖြစ်ပါသည်။ မြို့ပြတိုးတက်ဖွံ့ဖြိုးရေးအတွက် စတင်လိုက်သော လှုပ်ရှားမှုကြီး ဖြစ်၏။ စမစ်၏ 'နိုင်ငံများ၏ဓန'စာအုပ် စတင်ထုတ်ဝေလိုက်သည့်အချိန်တွင် စက်မှုတော်လှန်ရေးကြီး စတင်ခဲ့သည်။ လူအဖွဲ့အစည်းကြီး တစ်ခုလုံးကို အပြောင်းအလဲ လုပ်လိုက်သည့် လှုပ်ရှားမှုကြီးဖြစ်ကာ ကျေးလက်နေ လူအများအပြားသည် မြို့ပြသို့ အလုံးအရင်း ရွှေ့ပြောင်းလာကြသည်။ အပြောင်းအလဲများမှာ မြို့ပြများတွင် သိသိသာသာ ဖြစ်ပေါ်ခဲ့သလို ကျေးလက်တောရွာများမှ စိုက်ပျိုးနေသူများမှာ မြို့ပြရှိ စက်မှုလုပ်ငန်းများသို့ ပြောင်းလဲလုပ်ကိုင်ခဲ့သည်။ ထိုအချိန်က စက်မှုနည်းပညာ ဖွံ့ဖြိုးမှုမှာ ထိုခေတ်အတိုင်းအတာအရ အလွန်ထူးထူးခြားခြား ပြောင်းလဲလျက် ရှိပါသည်။ စမစ်ပုံဖော်ထားသော ပင်အပ်ထုတ်သည့် နည်းပညာမှာ ၁၇၆၀ တွင် ထိုထက်ဖွံ့ဖြိုးပြီး သံတူရွင်း ထုတ်လုပ်သည့် အဆင့်ထိရောက်ခဲ့၏။ ဂျိမ်းဝပ်၏ ရေနွေးငွေ့စက်မှာလည်း ၁၇၆၉ တွင် တီထွင်လာနိုင်သဖြင့် ထိုစက်များမှာ ခေတ်စားလာခဲ့လေသည်။ အကျိုးကျေးဇူးများလာသလို အမြတ်အစွန်း ငွေကြေးလည်းပို့များလာ၏။ ထို့ကြောင့် စက်မှုတော်လှန်ရေးကြီးကြောင့် ပိုင်နက်နယ်မြေ အင်ပါယာကြီးမှာ ဖွံ့ဖြိုးတိုးတက်လာခဲ့လေသည်။ ဈေးကွက်များ ဖြန့်ကျက်လာနိုင်သလို ဈေးပေါသော ကုန်ကြမ်းများကိုလည်း ကမ္ဘာ့ဒေသ အများအပြားတွင် သွားရောက်၍ ယူဆောင်လာခဲ့ကြလေသည်။

အသစ်ရရှိလာသော ဓနသည် သိသိသာသာ အားကောင်းလာခဲ့သည်။ တစ်နှစ်ပြီး တစ်နှစ် ခန့်ကြွယ်ဝမှုမှာလည်း များပြားလာ၏။ စက်ရုံများ ပိုင်သော ပိုင်ရှင်များထံတွင် ဓနများ စုပြုံလာခဲ့သည်။ မီးခိုး တလူလူနှင့် စက်ရုံများရှိသော နေရာမှာ အင်္ဂလန်မြောက်ပိုင်းတွင် တစ်ခုပြီးတစ်ခု ပေါ်ထွန်းလာခဲ့သည်။ အရင်းရှင်စနစ်မှာ အလွန်ပင် တိုးတက်ဖွံ့ဖြိုးလာခဲ့ပါသည်။ စမစ်ဖော်ပြခဲ့သော တိုးတက်ဖွံ့ဖြိုးမှုမှာ အင်္ဂလန် နိုင်ငံတွင် လက်တွေ့ဖော်ဆောင်နိုင်ခဲ့လေသည်။ အလုပ်သမားများ အတွက်မှာမူ စက်မှုတော်လှန်ရေးကြီး ဖြစ်ပေါ်လာသည့်အတွက် ချမ်းသာလာရာ မရှိဘဲ ထိုစက်ရုံအများတွင် လုပ်ပြီး ဆင်းရဲမွဲတေလျက် ရှိကြ၏။ စက်ရုံပိုင်ရှင်များ ချမ်းသာသလောက် အလုပ်သမားများမှာ မွဲတေလွန်းလှလေသည်။ ဒုက္ခနှင့် ဆင်းရဲမွဲတေမှုသည် အလုပ်သမား များအတွက် ဖွားဖက်တော်များ ဖြစ်လာကြ၏။ သို့သော် ထိုကဲ့သို့ လူ အသိုင်းအဝိုင်း တိုးတက်ဖွံ့ဖြိုးလာမှုက လူတန်းစားသစ်တစ်ရပ်ကိုလည်း ဖော်ဆောင်နိုင်ခဲ့၏။ ထိုလူတန်းစားသစ်မှာ လူလတ်တန်းစား ဖြစ်သည်။ ထိုလူလတ်တန်းစားအသစ်မှာ လူနေမှုအသစ်တွင် ဦးဦးဖျားဖျား ပေါက်ဖွားလာခြင်းဖြစ်၏။ ဗြိတိန်နိုင်ငံသည် မိမိဘာသာ ကြွေးကြော်လိုက်သော 'ကမ္ဘာကြီး၏ အလုပ်ရုံ' ဆိုသည်ကို နှစ်ရာပေါင်းများစွာ အထိတည်ရှိလာခဲ့ပါသည်။

ကိုယ်ပျောက်လက်၏ ဦးဆောင်မှု

စမစ်၏ ထင်ရှားလှသော နိမိတ်ပုံမှာ 'ကိုယ်ပျောက်လက်' ဆိုသော ဝေါဟာရဖြစ်၏။ ထိုနိမိတ်ပုံကို ပထမစာအုပ် 'ကျင့်ဝတ်သဘောထားသီအိုရီ'ကတည်းက သုံးနှုန်းခဲ့ပါသည်။ ယခုစာအုပ်တွင်လည်း မကြာခဏ ကိုယ်ပျောက်လက်ကို ထည့်သုံးသည်။ ယနေ့လက်ယာနိုင်ငံရေးသမားများ၏ ပြုမူကျင့်ကြံပုံများကို ဖော်ပြရာတွင် ထိုကိုယ်ပျောက်လက်မှာ ပေါ်လွင်လှပါသည်။ သူက ပုဂ္ဂလိက ကိုယ်ကျိုးကြည့်သူများသည် ယနေ့ လူဘောင်အသိုင်းအဝိုင်းတွင် ကိုယ်ကျိုးကြည့်ဖို့သာ အားထုတ်လုံးပန်းကြကြောင်း ရေးထား၏။ စီးပွားရေး လုပ်ငန်းရှင်များသည် သူတို့၏ ဥစ္စာဓနများကို ဘယ်နေရာတွင် သုံးသင့်သည်ကို နိုင်ငံရေးသမားများ ထက်ပိုပြီး နားလည်ကြောင်း စမစ်က ရေးသားထားပါသည်။

''မည်သူမဆို လူအများ၏ အကျိုးစီးပွားအတွက် အားကောင်း အောင်ဆောင်ရွက်ပေးမည်ဟု ရည်မှန်းချက်များ မရှိသလို သူကိုယ်တိုင် လည်း မည်ရွေ့မည်မျှ ဖြစ်ထွန်းအောင် လုပ်မည်ဆိုသော အသိတရား လည်း မရှိကြပေ။ သူသည် သူ့အိမ်အတွက် ထောက်ပံ့ဖို့သာ ဝိသေသ ကျသည်။ သူ၏ လုံခြုံမှု ရှိရန်သာ သူက ရည်ရွယ်ထား၏။ စက်ရုံကို ညွှန်ကြားရာ၌လည်း မိမိအကျိုးဖြစ်ထွန်းရေးအတွက်သာ ထိုစက်ရုံကို စီမံ အုပ်ချုပ်ခြင်းဖြစ်၏။ ထိုသူသည် ကိစ္စတစ်ခုတည်းအတွက်သာ မဟုတ်၊ တခြား ကိစ္စများတွင်လည်း မိမိအကျိုးအတွက်သာ အမြင်ကျဉ်းကျဉ်းဖြင့် လုပ် ဆောင်သည်ကိုတွေ့ရ၏။ ထိုသို့ လုပ်ရာတွင် သူသည်သူ၏ ကိုယ်ပျောက် လက်ကို အသုံးချ၍ ပြုလုပ်ခြင်းဖြစ်သည်။ မိမိအတွက်၊ မိမိမိသားစု အတွက်ဆိုသော ရည်မှန်းချက်သာ ခေါင်းထဲတွင်ရှိပြီး လူအသိုင်းအိုင်း ပိုကောင်းလာဖို့ကို ခေါင်းထဲမရှိပေ။ မိမိအကျိုးစီးပွားကို အခြေခံကာ မိမိအတွက် ဘယ်လိုအကျိုးအမြတ်ရှိမလဲဆိုသည်သာ စဉ်းစားဆောင်ရွက်လေ့ရှိ၏။ လူအများ ကောင်းစားရေးအတွက် ထိရောက်သော ကုန်သွယ်မှု လုပ်မည်ဆိုသော လူမျိုးကိုကျွန်တော်မတွေ့ဖူးခဲ့ပါ။ သာမန် ကုန်သည်များထံမှာလည်း မိမိ၏ကုန်ပစ္စည်းအမြတ်ရသည်ကိုသာ ယောဘယူထား၍ ကုန်သွယ်ကြသည်ကိုတွေ့မြင်ရ၏''။

နိုင်ငံများ၏ ဓန၊ အတွဲ (၄)၊ အခန်း (၂)၊ (၁၇၆၈ တွင် ပုတ်ဝေ)

ထက်မြတ်

www.burmeseclassic.com

www.burmeseclassic.com

မေပစ်ရမယ့်အထဲမှာ မောင်ချောနွယ်မပါဘူး

ရာမျိုး

ကြယ်တွေဟာ သူတို့ရွေ့က ကြွေကျသွားတဲ့ ကြယ်တွေကို ငေးကြည့်လွမ်းဆွတ်နေရင်းနဲ့ သူတို့ကိုယ်တိုင် ကြွေကျသွားခဲ့ချိန်ကိုတော့ မသိလိုက်နိုင်တော့ဘူး။ ဒီကမ္ဘာမြေပေါ် မောင်ချောနွယ် ရောက်ရှိလာပုံက သူကဗျာပါရမီကို ခြေချဖို့ သက်သက်ပဲ။ ကဗျာတွေနဲ့ ကဗျာလောကအတွက် မောင်ချောနွယ် အသက်ရှင်ခဲ့တယ်။ သူ သေသွားတဲ့အခါ ကဗျာဆရာတွေအတွက် ရွှေသေတ္တာတစ်လုံး အမွေထားခဲ့တယ်။ အဲဒီသေတ္တာထဲက ရတနာကိုတော့ ကဗျာအနုပညာရှိတဲ့ သော့နဲ့မှ ခတ်ဖွင့်လို့ ရမယ်။

မောင်ချောနွယ်ဟာ သူဘဝကြီးတစ်ခုလုံးကိုပဲ ကဗျာဖွဲ့ချပစ်လိုက်တာ။ သားပစ်မယားပစ် အိုးပစ်အိမ်ပစ်ကြီး။ သူကဗျာတွေကျတော့ လှလိုက်တာ။ စုတ်တသပ်သပ်ပဲ။ ရင်တမမပဲ။ ပျစ်ပျစ်နှစ်နှစ်ကြီး။ စကားလုံးတွေဟာ သူလက်နဲ့ ထိတွေ့ပြီး ခြုံငုံစုစည်း အနှက်ရိုင်းဆုံး စိတ်လှုပ်ရှားစေတဲ့ ကဗျာစာသားတွေ ဖြစ်သွား။

လောကမံတရားကို ကဗျာနဲ့ ခုခံ။ သူ နောက်ဆုံးနေ့အထိ ဆုပ်ကိုင်သွားခဲ့တာ ကဗျာလက်နက်တစ်ခုတည်း။

ဒီလိုနဲ့ ကဗျာဆရာမောင်ချောနွယ်ဟာ ရင်မောပူဆာတတ်တဲ့ ငှက်ကလေးတွေကို ချစ်ခဲ့တယ်။ ကြီးနိုင်ငယ်ညှင်း စိတ်ဓာတ်တွေကို ဆန့်ကျင်တယ်။ သူကိုယ်သူ ကမ္ဘာပတ်လမ်းကြောင်းထဲမှာနေတဲ့ ပြိုးဟ်တစ်လုံးလို နေထိုင်ခဲ့တယ်။ သူကဗျာချစ်စိတ်ဟာ ကဗျာလောကထဲ ခုထိ ရေအလျဉ်မပြတ်သေး။ ကဗျာတွေ ချန်ထားခဲ့မယ်။ ၂၀၀၂ ခုနှစ်၊ စက်တင်ဘာ (၃) ရက်နေ့မှာ ကျွန်တော်တို့ရဲ့ ကဗျာရွှေတောင်ကြီး ပြိုခဲ့တယ်။

ကဗျာဆရာ မောင်ချောနွယ် အမှတ်တရပွဲများ လုပ်ခဲ့တာဟာ အခုနှစ်နဲ့ဆို (၁၁)နှစ်မြောက်ပေါ့။ မောင်ချောနွယ်ပွဲတွေကို နိုင်ငံအနှံ့ကျွန်တော်တို့ ဘာကြောင့် လုပ်ကြသလဲ။ မောင်ချောနွယ်ဟာ ကဗျာလောကနဲ့ ကဗျာဆရာတွေရဲ့ ရင်ဘတ်သွေးကြောအနှံ့မှာ ပျံနှံ့နေရာယူထားပြီးပြီ။ ကျွန်တော်တို့ ရင်ထဲမှာ လေထုရေထု နေမင်းကြီးရဲ့ အလင်းရောင်လို နေရာယူထားတဲ့ မောင်ချောနွယ်ရယ်ပါ။ ဒါကြောင့် ကဗျာဆရာမောင်ချောနွယ်ကို မမေ့ဘူး။ မေ့ပစ်ရမယ့်အထဲမှာ မောင်ချောနွယ် မပါဘူး။

မင်းက မောင်ချောနွယ်အကြောင်း ဒီလောက်ပြောနေရအောင် မောင်ချောနွယ်နဲ့ မင်းနဲ့ ဘယ်လောက်များ ရင်းနှီးခဲ့လဲလို့ မေးရင် ရန်ကုန်မှာ တစ်ကြိမ်သာ ကျွန်တော်နဲ့ ဆုံခဲ့ဖူးပါရဲ့။ ဒီတစ်သက် လွမ်းစေဆိုတဲ့ အထဲက မောင်ချောနွယ်ပါ။ ကဗျာဆရာသေရင် ကဗျာတွေနဲ့ သရဏဂုံတင်ရမယ်လို့ ပြောခဲ့သူကြီး။ ၂၀၀၂ ခုနှစ် စက်တင်ဘာ (၃)ရက်နေ့မှာ ကျွန်တော်တို့ရဲ့ ကဗျာရွှေတောင်ကြီး ပြိုခဲ့တယ်။

မိုးသည်းနေတဲ့ ကောင်းကင်အောက်ကို သွားဖို့ ထီးတစ်လက်ကို ဖွင့်လိုက်သလို မောင်ချောနွယ်ရဲ့ ကဗျာတစ်စကို ရွတ်လိုက်တယ်။ သူရဲ့ သေဆုံးခြင်းက ကျွန်တော်တို့ရဲ့ အသည်းနှလုံးထဲကို တစ်စက်တစ်စက် သော မိုးရေတွေ ပေါက်ကျနေသလို နာကျင်ကိုက်ခဲစေတာ အမှန်ပဲ။ ခိုက်ခိုက်တုန်နေရှာတဲ့ သူတောင်းစားတစ်ယောက်ရဲ့ရွေ့ ရောက်ရှိလာတဲ့ နွေးထွေးနေရောင်ခြည်ဟာ သေချာပါတယ်။ မောင်ချောနွယ်ဆီက လာတာ။ အမှန်တရားနဲ့ ထိတွေ့ရမှာ ကြောက်ရွံ့နေရှာတဲ့ စိတ်ဝေဒနာသည်တွေကို ကုသပေးလိုက်တာ ဒေါက်တာ မောင်ချောနွယ်။

ဆရာအောင်ချိမ့်၊ ဆရာမောင်သင်းခိုင်၊ ဆရာမောင်ချောနွယ်တို့ ဟာတကယ့်ဇာတ်လိုက်ကြီးတွေပါလို့ သိခဲ့ရတယ်။ ဇာတ်မင်းသားလေး မန္တလေးသိန်းဇော် (ကဗျာဆရာ မောင်သိန်းဇော်)ရဲ့ ဇာတ်နောက်ကို လိုက်ခဲ့ကြလို့တဲ့။ နောက်ဆုံး ကိုဌေးကြည် (စလင်း)ကို မောင်ချောနွယ်က သူတို့ကိုယ်စား ဇာတ်လိုက်လုပ်စေခဲ့တယ်။ ကိုဌေးကြည်ဟာ မောင်ချော

မူးလာပြီဆိုရင် ကောင်းဘွိုင်တွေလို စိန်ခေါ်ပြီး သေနတ်တွေပစ်ကြသတဲ့၊ သေနတ်မှန်လို့ ဟန်ဆောင်လဲကျသွားရင် ရှုံးတဲ့သူက အရက်တိုက်။ နိုင်တဲ့သူကလည်းအိစ်ဝလိုလို သေနတ်ပုံလုပ်ထားတဲ့ လက်ညှိုးထိပ်က ထွက်လာဟန်ရှိတဲ့ ယမ်းငွေ့တွေကိုမှုတ်ထုတ် . . . .

www.burmeseclassic.com

www.burmeseclassic.com

နည်းရဲ့ အမှတ်တရစကား ဘာများ ကြားရလေမလဲလို့ ဆိုင်တစ်ဆိုင်မှာ ဘီယာနှစ်ခွက် မှာပြီး ကျွန်တော် စောင့်နေခဲ့တယ်။ တေး ဤသို့။ ကဗျာထဲတွေမှာ သူတို့ခေတ်ကလည်း အဟောင်းနဲ့အသစ် အားပြိုင်မှုတွေ ရှိခဲ့တယ်။ 'အသစ်ကို ဖန်တီးကြ'ဆိုတဲ့ အက်ဇရာပေါင်းရဲ့ စကားကို ကောင်းထောင်ခဲ့ကြသူများလည်း ရှိမယ်။ ကိုဌေးကြည် ဖောက်သည်ချခဲ့တဲ့ မောင်ချောနွယ် ပြောစကားကလည်း 'အသစ်အသစ်နဲ့ ဓာစ်သစ်တည်း သစ်နေကြတာ၊ အသစ်ဖြစ်ဖို့ထက် အစစ်ဖြစ်ဖို့ကသာ အရေးကြီးတာ' ဘဲ့။

မောင်ချောနွယ်ဘဝကို အချိုးချကြည့်ရင် သူကဗျာ ဘူမိနက်သန် ထောင်တွင်းမြေမှာ အနေများခဲ့တယ်။ 'ငါတို့တွေဟာ ဆိုက်ချင်တာ ဆိုက်၊ ကယ်ချင်တာကပ် ကျွန်းမျောကြီးတွေပဲကွ စတီးလ်ရဲ့' လို့ ပြောသတဲ့။ ဆယ်သွားမှာ သူကဗျာထဲက ဆရာဝန် တွန့်ခေါက်တောင်တန်း လေး ခေါက်တာဝင်းမြင့်ထွန်း ရှိတယ်။ ဆရာမဂျူးရဲ့ ဇာတ်ကောင် အုပ်စိုးပေါ့။ ထောင်တွင်းမှာ တင်ဦးချစ်၊ စတီးလ်၊ ကမ္ဘာပု၊ ဖော်ဝင်းတင် ခေါ် မြွေကြီး၊ စံမြောင်း၊ လင်းနိုင်တို့ ရှိတယ်။ ကဗျာအကြောင်းအရင်းကို ရှာဖို့ အပေါင်းအသင်းတွေနဲ့ သူတို့အုပ်စုဟာ ဟိုရွှေ့ဒီရွှေ့။ မူးလာပြီဆိုရင် ထောင်ဘျိုင်တွေလို စိန်ခေါ်ပြီး သေနတ်တွေပစ်ကြသတဲ့။ သေနတ်မှန်လို့ ဘန်ဆောင်လဲကျသွားရင် ရှုံးတဲ့သူက အရက်တိုက်။ နိုင်တဲ့သူ ကလင့် အစိုးရလိုလို သေနတ်ပုံလုပ်ထားတဲ့ လက်ညှိုးထိပ်က ထွက်လာဟန်ရှိတဲ့ သမ်းဒွေ့တွေကို မှုတ်ထုတ်ကြသတဲ့။ မောင်ချောနွယ်ဟာ ဆတ်သွား ကဗျာကို ဆတ်သွားမှာ ရေးလာခဲ့ပြီး တောင်တွင်းက စတီးလ်အိမ်မှာ ကဗျာချောသတဲ့။ မောင်ချောနွယ်ဟာ လင်းနိုင်ကို ဂျာမန်ဘာသာနဲ့ ဆရာထားတဲ့ ဂျာမန်ကဗျာတွေ ဖတ်လို့ ဂျာမန်လို ကဗျာရေးဖို့ မျှော်လင့် ဆတဲ့။

တောင်တွင်းနဲ့ မောင်ချောနွယ်ဟာ ခွဲခြားရှု မရစကောင်း။ ကမ္ဘာ့ ကဗျာနေ့တစ်နေ့မှာ ပျဉ်းမနားကပေးတဲ့ ကဗျာစာဆို မောင်ချောနွယ်ရဲ့ အနုပညာဂုဏ်ပုဒ်ကို လူသဘာဝအတိုင်း ကျွန်တော်ကလည်း မြတ်မြတ် နိုးနိုး လုခဲ့ပါတယ်။

၂၀၀၂ ခုနှစ်၊ စက်တင်ဘာ (၃) ရက်နေ့မှာ ကျွန်တော်တို့ရဲ့ ကဗျာရွှေတောင်ကြီး ပြုခဲ့တယ်။ ဆရာအောင်ချိမ့်ရဲ့ 'မောင်ချောနွယ် အတွက် မနေနိုင်လို့ ရေးတဲ့ကဗျာ' တစ်ပိုဒ်မှာ –

'ဖန်ခွက်တစ်ခွက်နဲ့
အရက်တစ်ခွက်နဲ့
သွေးတစ်စက်စက်နဲ့
ဘဝ တဆတ်ဆတ် ကတုန်ကယင်နဲ့
ငြင်းပယ်ခံရမှုတွေနဲ့
လှည့်လည်တောင်းခံရမှုတွေနဲ့
တစ်ကိုယ်လုံး ထိုးအပ်လိုက်ရမှုနဲ့
နောက်ဆုံးတော့
ပါးလျားသေးသေးလေး
သေးသေးလေး အစက်လေးတစ်စက်
အစက် တစ်စက်

အဲဒီအစက်လေး တစ်စက်အထိ ကဗျာတွေ ရေးထွက်ခဲ့သေး တယ်။

အဲ့ဒြဖွယ် ကဗျာဆရာ မောင်ချောနွယ် အမှတ်တရပွဲကို ပထမဆုံး အကြိမ် မန္တလေးမှာ ကျွန်တော် ကြုံခဲ့ရတယ်။ ၂၀၀၂ ခုနှစ်၊ အောက်တိုဘာ (၃)ရက် ဇရာဝတီမြစ်ရဲ့ တစ်ဘက်ကမ်း မင်းကွန်းဘက်မှာ 'အဝေး တစ်လ' မောင်ချောနွယ်ပွဲကို သွားခဲ့တယ်။ ကျွန်တော် မှတ်မိသလောက် မောင်သင်းပန်း၊ စံညိမ်းဦး၊ ရိုးဒီ၊ သာဇော်၊ ကိုငြိမ်းတို့ပါတယ်။ မန္တလေး ကဗျာအုပ်စုတွေနဲ့ မောင်ချောနွယ်ကဗျာတွေကို ရှုတ်ဆို အလွမ်းဖြေ ကြတယ်။ မောင်ချောနွယ် ကဗျာဆရာဘဝ ပြန်ရောက်ဖို့ ဆုတောင်း ကြတယ်။

၂၀၀၅ ခုနှစ်၊ စက်တင်ဘာ (၃) ရက်မှာတော့ ပြည်မှာ တိုးနောင်မိုး ဦးစီးပြီး မောင်ချောနွယ် (၃)နှစ်မြောက် အမှတ်တရပွဲကို လုပ်ခဲ့တယ်။ ကဗျာဆုပေးပွဲနဲ့အတူ ရွှေဆံတော်ဘုရား ခြေတော်ရင်းမှာ မောင်ချောနွယ် အမှတ်တရ ကျောက်တိုင်ကို စိုက်ထူခဲ့တယ်။ မှတ်မှတ်ရရ ကဗျာဆု မှာ ကြည်ဇော်အေးရဲ့ 'ဝမ်းနည်းမှတ်တမ်း' ကဗျာရှည်ကို ပေးခဲ့တယ်။ ကိုတိုး (ချမ်းငြိမ်းအေး)၊ ကိုဆွေ၊ ဇော်ရေးထင်နဲ့ ပြည်က လူငယ်ကဗျာ ဆရာတွေ၊ ရန်ကုန်က ဆရာကောက်နွယ်ကနောင်နဲ့ ရယ်စရာအုပ်စု၊ လူအိမ်၊ ပန်းချီမြင့်စိုးတို့လည်း ပါတယ်။ တောင်တွင်းက ကျွန်တော်နဲ့ တစ်ဦးကို၊ မကွေးက သားဦးနဲ့ နွန်လတ်၊ ပြင်ဦးလွင်က နွယ်စိမ်းဝေ ကဗျာဆရာ အတော်စုံလင်တဲ့ အမှတ်တရပွဲလေး ဖြစ်ပါတယ်။ ကိုယ် ရွတ်ချင်တဲ့ ကဗျာလည်း ရွတ်၊ မောင်ချောနွယ် လွမ်းသူများ၊ မောင်ချော နွယ်ရဲ့ ကဗျာများလည်း ရွတ်နိုင်ပါသည်ပေါ့။

၂၀၀၉ စက်တင်ဘာ (၃)။ သတ္တမအကြိမ်မြောက် မောင်ချောနွယ် အမှတ်တရပွဲကို ရန်ကုန်က စားသောက်ဆိုင်တစ်ခုမှာ ကျင်းပခဲ့။ မောင်ချောနွယ်တို့ တော်လှန်ကဗျာ (၁၉၆၉) အုပ်စုထဲက ဆရာမောင် စိမ်းနီပါတယ်။ ဆရာအောင်ဇင်မင်း၊ ဆရာလင်းထင် စတဲ့ လူကြီးတွေ ကို အမှူးထားပြီး မာန်ထက်သား၊ ဖွဲ့သီသစ်၊ A–မွန်၊ လင်းသဏ္ဌာည်၊ အောင်ဝိုင်စိုး၊ အောင်ရင်ငြိမ်း၊ ရင်နီတို့ လုပ်ကြတဲ့ ပွဲတစ်ပွဲ။ ကောမျိုးငြိမ်း တို့ ဦးဆောင်လုပ်ကြတဲ့ ဒီပွဲမှာ မောင်ချောနွယ်နဲ့ ပတ်သက်တဲ့ အမှတ် တရ စကားတွေကို ပြောကြတယ်။ ကဗျာဆရာ ထိုင်ခုံမှာ မောင်ချော နွယ်အတွက် နေရာတစ်ခုပေးပြီး အောင်ခိုင်မြတ်၊ အောင်ဘညိုတို့လည်း မောင်ချောနွယ် အမှတ်တရ ကဗျာကို ရွတ်ကြတယ်။

တောင်တွင်းမှာတော့ မောင်ချောနွယ်ရဲ့ ကဗျာမှတ်တိုင်၊ ဘဝမှတ် တိုင် ကဗျာဆရာတွေရဲ့ ရင်ထဲ၊ အသည်းထဲမှာ စိုက်ထူဖို့ (၉)နှစ်မြောက် အမှတ်တရပွဲနဲ့ (၁၀)နှစ်မြောက် အမှတ်တရပွဲကို လုပ်ခဲ့ပြီးပါပြီ။

မောင်ချောနွယ် အမှတ်တရပွဲတဲ့။ ဟုတ်ပါပြီ။ အဲဒီပွဲတွေကို ကျွန် တော်တို့ ကျင်းပခဲ့ကြတယ်။ အဲဒီပွဲကနေ ကျွန်တော်တို့၊ ဘာတွေ ရခဲ့ လဲ။ အဲဒီပွဲမှာ ကျွန်တော်တို့ ဘာတွေ ပေးနိုင်ခဲ့လဲ။ မောင်ချောနွယ် ဘဝနဲ့ ဆက်စပ်ပတ်သက်ခဲ့သူတွေဆီက ကဗျာဆရာတစ်ယောက်ရဲ့ ကံ သုံးပါးကို သိရပါသလား။ မောင်ချောနွယ်ရဲ့ ကဗျာအပေါ် ခံယူချက်၊ ယုံကြည်ချက်တွေကို မျိုးဆက်သစ်ကဗျာဆရာတွေအပေါ် ဘယ်လောက် ဖောက်သည်ချနိုင်ခဲ့လဲ။ လောကခံချက် ဘယ်လောက်ရိုက်ချခဲ့ ကဗျာ ကို နောက်တစ်လက်မမှ ဆုတ်မပေးဘဲ ဖက်တွယ်ထားတဲ့ မောင်ချော နွယ်ရဲ့ ပုံရိပ်လွှာကို အားကျမိပါတယ်။ မောင်ချောနွယ်ပွဲမှာ မြန်မာနိုင်ငံ ရဲ့ ကဗျာမီးရှူးတန်ဆောင်ကို ဂုဏ်ပြုတယ်။ ကဗျာလောကနဲ့ ပတ်သက် လို့ တိုင်တည်စရာ ရှိလာရင် မောင်ချောနွယ်ကို တိုင်တည်တယ်။

ဒဗလျူအိတ်အော်ဒင်ရေးတဲ့ 'ယိစ်အတွက် အမှတ်တရ' ကဗျာမှာ 'ငိုကြွေးမြည်တမ်းတဲ့ လျှာတွေနဲ့ ကဗျာဆရာရဲ့ သေခြင်းကို သူကဗျာ တွေကနေ သီးခြားဖြစ်စေပြီ . . .' တဲ့။ ကျွန်တော်တို့ ကဗျာရွှေတောင် ကြီးပြုခဲ့ပေမယ့် မေ့ပစ်လို့ ရတဲ့အထဲမှာ မောင်ချောနွယ် မပါဘူး။

အရက်တစ်ခွက်နဲ့ သွေးတစ်စက်စက်နဲ့ ဘဝတဆတ်ဆတ် ကတုန် ကယင်နဲ့ မောင်ချောနွယ် အနုပညာဖြင့် ကွယ်လွန်ခြင်း စက်တင်ဘာ (၃)ဟာတော့ ထာဝရ ငြင်းပယ်ခံရလိမ့်မယ် မဟုတ်ပေဘူး။

(ကလောင်နာမည်အတိုင်း အသုံးပြုခြင်းကို ခွင့်ပြုပေးကြပါရန်လေးစား စွာဖြင့် . . .)

ရောမျိုး

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဒုတိယဒါဒ်မြ

ရာသက်ပန်(တောင်ငူဆောင်)

မတ်လနေက ပူပြင်းလွန်းသည်။ အရိပ်ရ
သစ်ပင်ကြီးတွေ၏ အရွက်များကိုလည်း နွေအပူနှင့်
လေသရဲ၊ရောဂြေပြီး ခြွေပစ်လိုက်ကြသည်။ ကျဲကျဲတောက်
နေအပူနှင့် ဝိုးတဝါးကျဲကျဲ ပင်အိုတွေ၊ ပင်ဖျိုတွေက လူစိတ်ကိုလည်း
ပင်ပန်းနွမ်းနယ်စေသည်။ တဖြည်းဖြည်း နေတာရှည်လာသဖြင့်
ညတာက တိုသည်ထက်တိုလာသည်။ အိပ်ရေးမဝသလို ခံစားရသည်။
အစောကြီး မိုးလင်းသည်။ နေအရောင်က ထွက်စကတည်းက
ရဲရဲကောက်။ ၂၀၁၃ နွေ မှာ တောင်ငူဆောင်ကြီးကို ဆေးသုတ်ပြုပြင်
နေသဖြင့် ဌာနမှာ နေစရာမရှိ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

တောင်ငူဆောင်ရှေ့ရှိ ဦးချစ်ဆိုင်မှာ ဌာနက ဆရာ၊ ဆရာများ ထိုင်ကြသဖြင့် ထိုအရပ်၌ ဌာနကို ခေတ္တပြောင်းဖွင့်ထားရမလို ဖြစ်နေသည်။ တောင်ငူဆောင်ရှေ့က မဟော်ဂနိုပင်ကြီးကလည်း ခုမြင်ခုပျောက် သခါရတရားကို ပြနေသလိုပင်။ အရွက်တွေက နေ့ချင်းညချင်း ကြွေကျသည်။ တစ်လှည့်စီမကြွေ၊ တဖျော်ဖျော်နှင့် အတူတူကြွေကြသည်။ သစ်ရွက်တောကြီးကို မြင်ရသည်မှာ ပျော်စရာ မကောင်းပေ။ ထူးခြားသည်က အရွက်နုလေးများ ချက်ချင်း ထွက်ပြီး ချက်ချင်းကြီးသည်။ အညိုရောင်မှ အစိမ်းနုရောင်သို့ တစ်ရက်ချင်း ပြောင်းသည်။ ဒီကနေ့နှင့် မနက်ဖြန် လုံးဝ ခြားနားသောမြင်ကွင်းကို မြင်ရပေသည်။ ထိုအပင်ကြီး၏ လုံးပတ်က တော်တော်ကြီးနေပြီ။ '(၃)ပင်ပေါင်းပြီး (၁) ပင် ဖြစ်နေတာ' ဟု ထိုအပင်ကို စိုက်ရာတွင် ပါဝင်ခဲ့သော ဆရာမကြီးတစ်ဦးက ပြောပြဖူးသည်။ ကျွန်မတို့ ကျောင်းသူဘဝက မရှိခဲ့ပေ။

၁၉၈၈ အခါသမယက တောင်ငူဆောင်ရှေ့ မျက်နှာစာမှာ မြက်ခင်းစိမ်းစိမ်းတို့ ရှိသည်။ တောင်ငူဆောင် အလယ်ထပ် ဝရန်တာမှ ဟောပြောသော ကျောင်းသားခေါင်းဆောင် တစ်ဦး၏ ဟောပြောချက်ကို ထိုမြက်ခင်းစိမ်းစိမ်းပေါ်မှာ ထိုင်၍ နားထောင်ခဲ့ဖူးသည်။ ထို အချိန်က မဟော်ဂနိုပင်ကြီး မမွေးသေးပေ။ မြက်ခင်းစိမ်းမှာ လွယ်အိတ်ကလေး ပေါင်ပေါတင်ပြီး နားထောင်ခဲ့စဉ်အခါက မျက်စိရှေ့မှာ ရှင်းလင်းနေခဲ့သည်ကို မှတ်မိသည်။ တောင်ငူဆောင် ဆင်ဝင်အောက်အဝင်မှာတော့ ပွင့်တူရွက်တူ အပင်ကလေး ရှိနေတာကို သတိရနေဆဲဖြစ်သည်။ ကျောင်းသူဘဝက ဓာတ်ပုံတွေထဲမှာလည်း ထိုအပင်လေးကို တွေ့ရသည်။ ကျွန်မတို့ရဲ့ အမိတက္ကသိုလ်မြေကြီးက အားမာန်ရှိသည်ဟု ခံစားမိသည်။ နှာဂစ်မုန်တိုင်း မွှေတုန်းက အမိတက္ကသိုလ်ထဲမှ ကံကော်ပင်တွေ၊ စိန်ပန်းပင်တွေ၊ သစ်တိုပင်တွေ၊ တောင်ပိန္နဲပင်တွေ . . . အမျိုးအမည်မသိ အပင်တွေ၊ အပင်တွေ၊ အတုံးအရုံး လဲသွားခဲ့သည်။ ကျွန်မနှလုံးသားထဲမှာ မျက်ရည်မဆည်နိုင်အောင် ခံစားခဲ့ရသည်။ လောကဓံကို ကြုံကြဲခံနိုင်စွမ်းသည့် သစ်ပုပ်ပင်ကြီးကိုလည်း ချီးကျူးလေးစားလို့ မဆုံးနိုင်ခဲ့ပေ။ လဲကျသွားသော သစ်ပင်တွေကို ကြည့်ပြီး ကိုယ့်သွေးသားရင်းချာသေဆုံးသလို ခံစားရသည်။ တောင်ငူဆောင်ကင်တင်းသည် သစ်ပင်ရိပ်များဖြင့် နေပြောက်မထိုးနိုင်သော အချိန်တို့ ရှိခဲ့သည်ဆိုတာ သက်သေပြစရာ ဓာတ်ပုံတွေ၊ ပန်းချီကားတွေသာ ရှိတော့သည်။ နှာဂစ်ကြောင့် တောင်ငူဆောင် ကင်တင်းသည် လွင်တီးခေါင်လို ဖြစ်သွား သည်။

ကျောင်းသားတွေထဲမှာ ကိုယ့်ခုံနံပါတ်ကိုပင် မှန်အောင် မရေးနိုင်သူလည်းပါသည်။ Code ပိတ်သူက ကော်များသွား၍ ရေစိမ်ပြီး အသည်းတထိတ်ထိတ်နှင့် ခွာရသည့် အခါလည်းရှိသည်။ အထဲက ခုံနံ ပါတ်ပျက်ပြီးပါသွားလျှင် ဒုက္ခ။

နေပြောက်စူးစူးတွေကို မြင်ရပြီ။

ရွှေဘိုဆောင်ဘေးက သက်တမ်းရင့် စိန်ပန်းပင်ကြီး လမ်းမပေါ် လဲကျနေသည်။ အမြစ်တွေက မြေပေါ်မှာ သုံးပုံနှစ်ပုံခန့် ပေါ်နေသည်။ အဲသည်အပင်တွေကို အလွယ်ဆုံး နည်းသုံး၍ ဖြေရှင်းကြသည်။ ခုတ်ထစ်ပြီး ရှင်းပစ်ကြ သည်။ လူအင်အားဖြင့် ပြန်ထောင်ကာ ပြန်စိုက် ကြရန် မည်သူမျှ မစဉ်းစားမိကြဘူးလား မသိ။ ဤနည်းဖြင့် ရန်ကုန်တက္ကသိုလ်ထဲက သက်တမ်း ရင့်အပင်ကြီးတွေ ဘဝဇာတ်သိမ်းလိုက်ကြရ၏။ လူအင်အား မရှိ၍လား မသိ။ စစ်တပ်က တပ်သားတွေက လာရောက်ခုတ်ထွင်ရှင်းလင်းသည်ကို မျက်မြင်ကိုယ်တွေ့ မြင်ရသည်။ လူတစ်ဖက်စာမကသော ပင်စည်လုံးကြီးတွေ တစ်မဟုတ်ချင်း ပျောက်ကုန်သည်။ တပ်သားတွေကို အင်းဝဆောင်၊ ပင်းယဆောင် . . . စသည့် အဆောင်တွေမှာ ခေတ္တထားသည်။ နှာဂစ်ကြောင့် လဲကျသွားသော အပင်တို့ကို ရှင်းလင်းပေးသည့် တပ်မတော်သားတွေကို ကျေးဇူးတင်ရပါမည်။ သူတို့လည်း အမိန့်ကို မလွန်ဆန်နိုင်၍ ဖြစ်ပါလိမ့်မည်။ ထိုအပင်ကြီးတွေ ထင်းတုံးဖြစ်ကုန်တာလား၊ ဘယ်သူတွေ ယူသွားတာလဲ။ နိုင်ငံပိုင်သိမ်းသွားသလား မသိ၊ မသိ။ ၂၀၀၈ သည် နှာဂစ်ဖြစ်သည့်နှစ်၊ ရောဝတီတိုင်းမှာ လူတွေ သိန်းချီပြီး သေသည့် နှစ်။ ကျွန်းလယ်ယာ၊ အိမ်၊ မိသားစု အများ အပြား ဆုံးရှုံးပြီး မိဘမဲ့များစွာ ပေါ်ပေါက်ခဲ့ သည့်နှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေကို အတည် ပြုသည့်နှစ်၊ ရန်ကုန်တိုင်းကို သဘာဝဘေး အန္တရာယ် ကျရောက်သည့် ဒေသအဖြစ် တရား ဝင် ကြေညာခဲ့သည့်နှစ်၊ ... ထိုအချိန်က ကျွန်မသည် ထားဝယ်တက္ကသိုလ်တွင် တာဝန် ကျနေခဲ့သည်။ Vacation (အားလပ်ရက် ကျောင်းပိတ်ချိန်) ဖြစ်၍ ရန်ကုန်မှာ ပြန်ရောက် ခဲ့သည်လေ။ မိဘအိမ်သို့ ပြန်ရောက်တိုင်း ကျောင်းထဲသို့ ကျွန်မသွားတတ်သည်။ မိဘအိမ် သည် ပထမအိမ်ဖြစ်လျှင် ရန်ကုန်တက္ကသိုလ် သည် ကျွန်မ၏ ဒုတိယအိမ်ဖြစ်ပါသည်။ ပထမ အိမ်သို့ ပြန်လျှင် ဒုတိယအိမ်သို့လည်း မရောက် ရောက်အောင် သွားပြီး အလွမ်းစိတ်ဖြေမိတတ်သည်။ ထိုကြောင့် ကျောင်းကြီးနှင့် ကျွန်မသည် ဝေးကွာစိမ်းကားသွားသည် မရှိခဲ့ပေ။ ကျောင်းထဲမှာ သံတိုင်တွေ ကာထားတာ၊ ကျောင်းပတ်ပတ်လည်က တံခါးတွေ ပိတ်ထားတာ၊ သစ်ပုပ်ပင်ကြီးသည်ပင် မလွတ်မလပ် ဘဝရောက်နေတာ၊ ကျပ်ဆင်နဲ့ ကျောင်းကို ခြိုစည်းရိုးခတ်ပြီး ခွဲပစ်လိုက်တာ။ ဒဂုံဆောင်နဲ့ ရွှေဘိုဆောင်ကြား ထမင်းစားဆောင်ကို သွားသည့် ကော်ရစ်တာလမ်း အပိုးတွေ ပျက်စီးနေတာ၊ ဒဂုံဆောင်ခေါင်မိုးပေါ်မှာ ချုံနွယ်ပိတ်ပေါင်းတွေ

www.burmeseclassic.com

www.burmeseclassic.com

အလုပ်တစ်ဖက်နှင့် ကျောင်းလာတက်ကြသူ တွေမို့လားမသိ၊ ကျောင်းသားစစ်စစ်များနှင့် မတူပေ။ ကျွန်မကပဲ အဆိုးမြင်မိနေတာလား စဉ်းစားမိသည်။ နှစ်ယောက်၊ သုံးယောက်တန်း၌ လမ်းလျှောက်သည်။ ဆရာ၊ ဆရာမ လူကြီးသူမတွေက မျက်နှာချင်းဆိုင် တည့်တည့်မှ လာနေသည်ကိုလည်း ရှောင်ပေးခြင်းမျိုး မရှိပေ။ ကိုယ်က ရှောင်မပေးလျှင် သူတို့က တကယ် ဝင်တိုက်တော့မှာလား မသိ။ ဟိုးရှေးရှေးတုန်းက ဆရာနှင့်ကျောင်းသားအကြား ဂါရဝတရား ရှိခဲ့ဖူးတယ်ဟု ပုံပြင်လုပ်ပြောရတော့မည်လား။ ၈၀ မတိုင်ခင်က ကိုယ့်ဆရာ ဟုတ်ဟုတ် မဟုတ်ဟုတ် ဆရာဆိုလျှင် ခေါင်းညွှတ်ပြီး သာ။ ရှိ၊ပြီးသား။ လူတိုင်းတော့ မဟုတ်ပေမယ့် အများစုက ဂါရဝတရား နည်းလာသည်မှာ အမှန်ပင်။ ဒါကိုပဲ ခေတ်ရေစီးလို့ ဆိုမလား။ ခေတ်ကြီးတိုးတက်လာသည်ဟု သုံးသပ်ရမှာ လား။ ကျွန်မ ဘာကြောင့် ဒီလိုပြောရတာလဲ၊ အကြောင်းရှိပါသည်။ (Sky Net ပညာရေး Channal မှာ ပြသွားသည့် မြန်မာစာပေဖွဲ့ပြိုး တိုးတက်အရေး အလုပ်ရုံ ဆွေးနွေးပွဲ (စာတမ်း ဖတ်ပွဲ)မှာ အင်တာဗျူး ဖြေသွားသည့် ဆောင်းပါး စာရေးဆရာတစ်ယောက်၏ အဖြေနှင့် ဆက်စပ်နေပါသည်။ ကျွန်မ အထင် ပြောရရင် နိုင်ငံရေး၊ စီးပွားရေး ဆောင်းပါးတွေ ရေးပြီး စာရေးဆရာဖြစ်လာသူ တရုတ်လူမျိုး တစ်ယောက် ဖြစ်သည်။ ထိုစာရေးဆရာက မြန်မာစာပေ နိမ့်ကျလာသည်ဟု မမြင်ကြောင်း၊ **"ပုဂံခေတ်က စကားမျိုး၊ ကျွန်တော်တို့ ဒီခေတ်မှာ မပြောတော့ဘူး"** ဟုဆိုကာ မျက်နှာအမူအရာနှင့် အလုပ်ရုံ ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်ကို ဆန့်ကျင်သွားသည်ကို မြင်လိုက်ရ၏။ ရသစာပေရေးသားသူ မဟုတ်သောကြောင့် ပြောခြင်းဟု နားလည်ပေးလိုက်ပါသည်။ ဒီမို ကရေစီခေတ်မှာ Diversity ဟုခေါ်သော မတူကွဲပြားမှု ရှိနိုင်တာကို လက်ခံပါသော်လည်း ၉ ယောက် ၁ ယောက် စွတ်ပြီး ဆန့်ကျင်နေသည်ကိုတော့ဖြင့် Diversity ဟု လက်မခံချင်ပေ။ စိတ်ပျက်သွားသည်မှာ အမှန်ပင် ဖြစ်၏။ အဲသည့် စာရေးဆရာ သုံးသပ်သလိုမျိုး လူအများအပြင်ကို ပြောင်းပြန်လှန်ကာ ယနေ့ လူငယ်များ ဂါရဝတရား ဆိတ်သုဉ်းလာခြင်းကိုပင် တိုးတက်လာခြင်းဟု ကောက်ချက် ဆွဲရမည်လော၊ 'လော' ပေါင်းများစွာ ခေါင်းထဲမှာ ပလူပျံနေပါတော့သည်။

♛ ♛ ♛

သူများတွေက ဗြိုဟ် (၁) ရက်နေ့မှာ ရင်းနှီးသူအချင်းချင်း 'ဗြိုဟ်အရှေ့' လုပ်ကြသည့်၊ ကျွန်မတို့ တက္ကသိုလ်ဆရာမတွေကတော့ 'အလုပ်အရှေ့'ဖြစ်ကြရသည်။ ရန်ကုန်လက္ကသိုလ်

ဖြစ်နေတာ၊ ဒဂုံဆောင်ဘေးမှ ရောမအမှိုက်ပုံကြီးက အမြင်မတော် ဖြစ်နေတာ၊ ကျောင်းကို အရှုပ်ဆိုးစေခဲ့တာတွေအတွက် အတော်ပင် စိတ်မသက်မသာဖြစ်မိသည်။ **ကျောင်းဝင်းကြီးက ရပ်ကွက်ကြီးတစ်ခုနှင့် တူနေသလိုခံစားရသည်။** ဤမြေမှ အပင်တွေက ထွက်သည့် အသီးအနှံတွေကို ရောင်းချစားပြီး အရှုပ်ဆိုး အကျည်းတန်လောက်အောင် အမှိုက်တွေ ပုံ ထားသင့်ဟု ကျွန်မ ထင်သည်။ ကျောင်းကြီးကို ကျက်သရေရှိအောင် လုပ်ပေးကြပါဟု ကျွန်မက တောင်းဆိုချင်သည်။ အစိုးရကို ဆောတ်ပါ။ ဤကျောင်းထဲမှာ နေထိုင် ကျက်စား သူတွေကို တောင်းဆိုခြင်း ဖြစ်ပါသည်။

ဂျပ်ဆင်နောက်မှာ အပွင့်ဝါဝါတွေ ဝင်း နေအောင် ကြွေကျတတ်သည့် 'ရင်ခတ်ပင်' ကြီး ရှိတော့ပေမဲ့ အဲဒီနားကိုရောက်တိုင်း ခင် ဗောင်တိုး၏ 'ရင်ခတ်အလွမ်း' သီချင်းကို ဆို ညည်းမိသည်။

နွေရောက်တိုင်း ရင်ခတ်ပန်းတို့ ပွင့်ကြ သည်။

ချစ်မိတဲ့ပန်းလေးရယ် . . . ရင် . . . ရင် ခတ်ပန်းရယ်။

အာရိစ်နောက်က နွေကို နွေမှန်းသိ အောင် သတ္တိရှိရှိ ဖွင့်ချပြတတ်သည့် စိန်ပန်း ဒေါင်ကြီးလည်း ပျောက်ချင်းမလု ပျောက်သွား သည်။ တော်ပုံထဲမှာပဲရှိတော့သည်။ တက္ကသိုလ် များ၊ ဗဟိုစာကြည့်တိုက်ရှေ့က ကံကော်ပင်ကြီး ဆွေ့ လဲကျနေတာကို ကျွန်မ မျက်စိနှင့် တပ် အပ်မြင်ခဲ့ရသည်။ ခွေးလေခွေးလွှင့်တွေကတော့ တဖြည်းဖြည်း ပေါများလာသည်။ ငှင်းတို့၏ စောင့်ပုံများက စကြံလမ်းတွေမှာ မြင်မကောင်း ဖွယ်ကောင်း။ အနီ မိုင်းပျော့ မိုင်းမာများကို ရှောင်၍ ထမ်းလျှောက်ရသည်က တစ်ဒုက္ခပါ လား။ ကျောင်းကြီးရယ်၊ အသင် ဘယ်လို များ ဖြစ်သွားရတာပါလဲ၊ ဘာကြောင့်လဲ၊ ဘယ်သူ ကြောင့်လဲ။ ကြားနိုင်ရင် အော်အော်ပြီးသာ မေး ထိုက်ချင်ပါတော့သည်။

ကျောင်းနှင့် မကင်းကွာအောင် နေခဲ့ သော ကျွန်မ၏ ခံစားချက်အချို့ကို ပြောပြ ချင်ပါသည်။ ခဏျောင်း၏ ဝိညာဉ်သည် (၈၈) ဆရေးအခင်းကြီးနှင့်အတူ စတေးခံလိုက်ရသည် ဟု ခံစားမိသည်။ အခု ကျောင်းကြီးက ဖုတ်ဝင် နေသော ကျောင်းကြီးနှင့် တူနေသည်။ ခြောက် သွေ့နေသည်။ လက်ချိုးရေတွက်၍ ရနိုင်သော ဆာဝီဇာ၊ သိပ္ပံကျောင်းသူကျောင်းသားများ။ ဘဏ္ဍာ (အကြို)သင်တန်းသား အနည်းငယ်နှင့် ဆရာ၊ ဆရာမ ရုံးဝန်ထမ်းများ၊ လူစွမ်းအား ဆင်းအပြစ်အဖြစ် ဖွင့်သော သင်တန်းများမှ သင်တန်းသူ၊ သင်တန်းသားများ ရှိနေသော် သည်း စည်ကားစိုပြည်သည်ဟု မခံစားမိပေး

ကွန်မိုးဒိန်း၊ တော်လတီ၊ တော် လတက်၊ မငေးထိန်ကုန်း၊ ကျိုက်ထော်တို့လို စာစစ်ဌာနမျိုးကို ကြားဖူးနားဝရှိလာရသည်။ ဒေသန္တရ ဗဟုသုတ ပြည့်ဝတာပေါ့လေ။

www.burmeseclassic.com

www.burmeseclassic.com

က ရန်ကုန်တိုင်း၏ တက္ကသိုလ်ဝင်တန်း စာမေးပွဲ အဖြေလွှာများ စတင်စစ်ကြရတော့သည်။ ထားဝယ်တက္ကသိုလ်မှ ပြောင်းရွှေ့လာကတည်းက စာစစ်မှူး (convena) လုပ်ရသည်။ ဒီနှစ်ဆို (၄) နှစ်တိုင်ခဲ့ပြီ။ အလုပ်ပင်ပန်းသလောက် လုပ်ငန်းအတွေ့အကြုံလည်းရသည်။

အမှားမရှိအောင် ကြိုးစားရသည်။ ကိုယ်ဦးဆောင်သည့်အဖွဲ့က မည်သူမှားမှား ခေါင်းဆောင်မှာ တာဝန်ရှိသည်။ တာဝန်ယူမှုဟု ဆိုသည့် (Responsibility) ရှိရမည်။ ထိုကြောင့် ကိုယ့်အဖွဲ့ဝင်အားလုံး မမှားရအောင် ကြိုးစားရသည်။ အမှတ်ပေး စည်းမျဉ်း၊ အမှတ်ပေးပုံ၊ အမှတ်ရေးပုံတို့ကို သေချာရှင်းပြရသည်။ မှားလျှင်လည်း တစ်ယောင်ချင်းစီ အနီးကပ်သွား၍ သင်ပေးရသည်။ အော်ဟစ် ငေါက်ငမ်းဆူဆဲ၍ မရ။ ငါလူကြီးပဲဆိုပြီး မောက်တိုက်တစ်ခုရရုံမျှဖြင့် မင်းဆုကို မရွယ်လိုပေ။ ခေါင်းရှောင်မဖြစ်လိုပါ။ ဤခံယူချက်ကို ကိုင်ဆွဲ၍ အလုပ်လုပ်တော့ ပိုပင်ပန်းသည်။ မနက် (၈)နာရီမှစ၍ ညနေ (၆) နာရီထိ မနားတမ်း ခေါင်းစိုက်စစ်ဆေးရသည်။ စာဖြေသူကလေးများ ရသင့်ရထိုက်သော အမှတ် (၁)မှတ်မှ မနှစ်နာရအောင် သေချာစစ်ဆေးဖို့ မှာရသည်။ စာစစ်သူ ဆရာကြီး၊ ဆရာမကြီးတွေက ကိုယ့်ထက်ရာထူးငယ်သော်လည်း ဝါနှင့်အသက်က ပိုကြီးသည် မဟုတ်လား။ (၁၀) တန်းမှာ မြန်မာစာ မသင်ရဘဲ၊ သင်ခန်းစာကို မရဘဲနေလျှင် နယ်စွန်နယ်ဖျားကို ပို့ပစ်မည်ဟု ကြိမ်းဝါးသော ပညာရေးမှူးကြောင့် စာမစစ်ချင်ဘဲ လာစစ်ရသော ဆရာမကြီးများလည်း ရှိသည်။ မြန်မာစာကို ဖတ်တတ်ရုံနှင့် မြန်မာစာအဖြေလွှာကို လာစစ်သော ဆရာမမျိုး မဖြစ်စေချင်။ အဲလို ဆရာမမျိုးကြောင့် စာဖြေသူကလေးများ နှစ်နာသလို အတူပိုင်း စစ်ကြရသော ဆရာ၊ ဆရာမများ လည်း ပင်ပန်းရသည်။ သူ့အမှားကို လိုက်ပြင်ရင်း မပြီးနိုင်၊ မစီးနိုင် စိတ်ညစ်ညူးရသည်။

စာစစ်မှူးဖြစ်သည့် ကျွန်မဆီ ရောက်လာတော့လည်း အစမှအဆုံးတိုင် ပြန်စစ်နေရသလို စစ်ရပြန်သည်။ အဖြေလွှာအုပ်ရေ (၅၀၀၀) လောက်ကို လက်မှတ်ထိုးပြီး တာဝန်ခံနေရသည့် ကျွန်မက သတ်မှတ်ချိန် (၁၀) ရက်လောက်အတွင်း ဘယ်လိုလုပ် ပြီးနိုင်တော့မှာလဲ။ စဉ်းစားကြည့်ကြပါလေ။ အရုပ်ကတို့။ စာတစ်အုပ်စစ်ခ (၇၀)ကျပ်၊ ဆရာမတစ်ယောက်ကို အုပ်ရေ (၂၀၀) လောက် စစ်ရသည်။ အခြားသူ စစ်ဆေးထားသော အဖြေလွှာအုပ် (၂၀၀) ကို Cross Check လုပ်ပေးရသည်။ ပထမအကြိမ် စစ်ဆေးသည့် Cross Check က မင်အစိမ်းသုံးရသည်။ ဒုတိယအကြိမ် cross Check ကိုကျတော့ မင်ခရမ်းရောင် သုံးရသည်။ စစ်ဆေးသူက မင်အနီရောင်ဆိုတော့ နီး စိမ်း ရမ်းပေါ့။

စာစစ်မှူးက အနက်ရောင် မင်ခြောက်သုံးရသည်။ နီ၊စိမ်း၊ ရမ်းပြီးတက်လာသော အမှတ် (၄၀) အောက် ကျရုံးနေသော ရမှတ်အဖြေလွှာများနှင့် (၆၅) မှတ်အထက် အဖြေလွှာများကို စာစစ်မှူးက ပြန်လည်စစ်ဆေးရသည်။ အမှတ်ပေါင်း မမှားအောင်လည်း မကြာခဏ သတိပေးနေရသည်။ အမှတ်ပေါင်းကို ပြန်တိုက်ရသည်။ **ဆရာ၊ ဆရာမ အတော်များများသည် အားဖြည့်ဆေးတွေ သောက်ပြီး အလုပ်လုပ်နေရခြင်း ဖြစ်သည်။ အလွန်ပူသည့် ဇူလိုနွေမှာ ကျွန်မတို့သည် ရင်အပူနှင့် (၂) ထပ်ကွမ်း ပူနေရသည်။ မနက်မိုးလင်းလင်းချင်း အိမ်က ထွက်ပြီး ညမိုးစုပ်စုပ် ချုပ်မှ အိမ်ပြန်ရသည်။**

အခြားသော ဝန်ထမ်းတွေ နွေအားလပ်ရက်ရပြီး တရားစခန်း ဝင်ကြရသည်ကို မုဒိတာပွားရင်း အားကျရသည်။ (၁၀) တန်း စာစစ်ရှိသော ကျွန်မတို့မှာတော့ ဝိပဿနာ မရှိနိုင် အား။ ဘုရား၊ တရား၊ သံဃာကို ရင်ထဲမှာ ထည့်ထားပြီး ဘုရားတရင်း အလုပ်လုပ်ရသည်။ ဇူလို (၁၀)ရက်ဆို အခြေခံက လာသည့် အထက်တန်းပြ ဆရာ၊ ဆရာမတွေ ပြန်သွားကြပြီ။ ကျွန်မနှင့် ကျွန်မ၏ လက်ထောက် တက္ကသိုလ် ဆရာမလေး (၂) ဦးက တစ်ဖွဲ့လုံး စစ်သွားသည့်အုပ်ရေ (၅၀၀၀) ကို အပြန်ပြန်၊ အလှန်လှန် အမှတ်တိုက်၊ ကွန်ပျူတာနှင့် အမှတ်သွင်း၊ ပြန်ပြီး အမှတ်တိုက်။ အကျတွေကို အနီပိုင်း၊ ဂုဏ်ထူးမှတ်တွေဖြည့်ပြီး အပြာပိုင်း။ ပိုင်းတွေ မှန်မမှန်၊ ကျန်မကျန် စစ်ဆေး၊ လက်ထောက်တွေကို ပြန်စစ်ဆေးခိုင်း။ အောင်မယ်လေး ပြန်ပြောရတာကိုပင် အမောကဆို ချင်နေပြီ။ ဒါပြီးရင်တော့ ပထမဆင့်ပြီးပြီ။ သင်္ကြန်ရက်မှာတော့ ခဏနားရ သည်။ တစ်နှစ်ဆို သင်္ကြန်တွင်းကြီး သူများ ပျော်လို့မပျော်နိုင်ဘဲ စာစစ်ခဲ့ရသည်။ ဘတ်စကားလိုင်းတွေ ပိတ်သည်မို့ ဘီအမ်ကားတွေ နှင့် ဖယ်ရီလုပ်ပေးသည်။ အင်းလျားလမ်းက ရေပက်မဏ္ဍပ်များကို လာသည့်ကားများကို ကျောင်းထဲမှာ ရပ်ခွင့်ပေးထားသဖြင့် ကျောင်းဝန်းတစ်ခုလုံး ကားလှလှလေးများဖြင့် ပြည့်နေသည်။ သင်္ကြန်တွင်း အပျော်လွန်ကြသူ၊ အမူးလွန်ကြသူတွေက လှည်းတန်း မီးပွိုင့်နှင့် ပြည်လမ်းဘက်တွင် ကားများဖြင့် ပိတ်နေသောကြောင့် ကျွန်မတို့ ကျောင်းဝန်းထဲမှဖြတ်ကာ ဘွဲ့နှင်းသဘင်ခန်းမ နောက်ဖက်ရှိ ဝင်ပေါက်များမှတစ်ဆင့် အင်းလျားလမ်းတွင်ရှိသော မဏ္ဍပ်များကို သွားကြခြင်းဖြစ်သည်။ အဓိပတိ လမ်းမကြီးကို ဖြတ်လမ်းအဖြစ် အသုံးပြုကြခြင်း ဖြစ်သည်။ ကျွန်မတို့ဟာ မြန်မာ့မိုးရာ သင်္ကြန် ပွဲတော်နှင့် ဘာမှ မသက်ဆိုင်သူလား။ သူများ ပျော်လို့ မပျော်နိုင်၊ သူများဥပုသ်စောင့်၍ မစောင့်နိုင်သည့် ကျွန်မတို့ တက္ကသိုလ် ဆရာမ တွေ၏ ဘဝကို ဧဏာလောက် ကိုယ်ချင်းစာ ကြည့်စေချင်ပါသည့် လူကြီးမင်းများရေ။

သင်္ကြန်နှစ်သစ်ကူး ရုံးပိတ်ရက်မှာ အပြည့်အဝ နားရတော့မည်ဟု တွေးထားသော အတွေးကလည်း ပိတ်ရက်အတွင်း ဌာနတွင်း လုပ်ငန်းဆောင်တာများ စဉ်ဆက်မပြတ် လုပ်ဆောင်ရေး ကျွတိကြောင့် (၁)ရက်ပဲရပြန် သည်။ တောင်ငူဆောင်ကြီး တစ်ဆောင်လုံးမှာ ကျွတိကျဆရာမ (၂)ဦးတည်းသာ။ ငုတ်တုတ် ထိုင်ပြီး ဖုန်းစောင့်နေရသည်။ ဂျူတီစောင့်၊ မစောင့် ဖုန်းဆက်၍ စစ်ဆေးသေးသည်။ ကျွန်မ ပြန်မေးလိုက်ချင်သည်။ နိုင်ငံတော်က တရားဝင် ပိတ်ရက်သတ်မှတ်ထားသည့် ပိတ် ရက်မှာ ဂျူတီချတာ ဘယ်လူကြီးလဲလို့၊ လူကြီး နာမည်လေး တစ်ဆိတ်လောက် ပြောပြပါဟူ၍။ ဒီဆရာမနှစ်ယောက်ကိုရော ဘယ်သူက လုံခြုံရေးပေးမှာလဲ . . ဟူ၍။

သင်္ကြန်ပိတ်ရက်ပြီးတော့ Code လုပ်ထားသည့် အဖြေလွှာများကို ဖောက်ရသည်။ မသမာမှုများ ဖြစ်မှာစိုးသောကြောင့် ကျောင်းသား၏ ခုံနံပါတ်ကို ပိတ်ပြီး စာစစ်ဌာနများ ကို ရောသမမွှေကာ အုပ်ရေ (၁၀၀၀) (တချို့ Code တွေက တစ်ထောင်ကျော်သည်) ပြန်စီထားသည့် Code စနစ်ကြောင့် ဖုံးထားသော ခုံနံပါတ်များကို မားနှင့် ပါးပါးလေးဖောက်ကာ သူ့စာစစ်ဌာနအလိုက် ခုံနံပါတ်ပြန်စီရသည့် အလုပ်ကို လုပ်ရပြန်သည်။ ထိုအလုပ်က အလုပ်ကြမ်းဖြစ်သည်။ အထုပ်တွေ သယ်ရသည်။ အလွန်စိတ်ပင်ပန်းသော အလုပ်ဖြစ်သည်။ ကျောင်းတွေက စာမေးပွဲတာဝန်ခံ ဆရာ၊ ဆရာမတွေ ရေးပေးလိုက်သော ပျက်ကွက် စာရင်းနှင့် တိုက်ပြီး ခုံနံပါတ်စီခြင်းဖြစ်သည်။ အဖြေလွှာတွေက ဘယ်တော့မှ လျော့လျော့ရွဲ့မပြည့်ပေ။ ကံကောင်းထောက်မစွာ ပြည့်သွားလျှင်လည်း သိန်းဆုပေါက်သလို ဝမ်းသာကြရသည်။ ကျောင်းသားတွေထဲမှာ ကိုယ့် ခုံနံပါတ်ကိုပင် မှန်အောင် မရေးနိုင်သူလည်း ပါသည်။ Code ပိတ်သူက ကော်များသွား၍ ရေစိမ်ပြီး ဒေသည်းတထိတ်ထိတ်နှင့် ခွာရသည့်အခါလည်းရှိသည်။ အထဲက ခုံနံ ပါတ် ပျက်ပြီးပါသွားလျှင် ဒုက္ခ။ ဒီဒုက္ခတွေကို ကာယကံရှင်တွေက သိကြမှာမဟုတ်ပေ။ ဆမင်း(မင်္ဂလာဒုံ)နှင့် ဆဒမ(မြောက်ဒဂုံ)တို့က ဘည်းမှားတတ်သေးသည်။ မင်္ဂလာဒုံ ခုံနံပါတ်ကို မြောက်ဒဂုံသမားက ယူစီထားသည့်အခါ

www.burmeseclassic.com

www.burmeseclassic.com

မင်္ဂလာဒုံသမားက အဖြေလွှာ မပြည့်တော့ပေ။ ပျက်ကွက်နှင့် ဂုဏ်ထူးတိုက်ပြီးသည့်အခါမှသာ ပိုသူက လိုသူကိုပေး။ စာဖြေသူထဲမှာ မျက်မမြင်ပါလျှင်လည်း အဖြေလွှာက မပါလာဘဲ အမှတ်ကိုသာ အမှတ်စာရင်းမှာ ဖြည့်ထားခြင်းဖြစ်၍ ထိုအဖြေလွှာကို ပျောက်၍ ဒေါင်းတောက်အောင် ရှာနေသူလည်းရှိသည်။

အို . . . ရှုပ်ယှက်ခတ်နေတာပဲ။ သတ်မှတ်ချိန်ဖြစ်သည့် နောက်ဆုံးရက်မှာမှ အား လုံးပြည့်ကြသည်။ မြန်မာစာဖြေသူက အုပ်ရေ (၁)သိန်းနီးပါးရှိသည်။ အဖွဲ့ (၄)ဖွဲ့ ခွဲထားသည်။ အဖွဲ့ (၁)က ဒဂုံ၊ ကမာရွတ်တို့လို Hot Centre တွေကို ဖောက်၊ စီး အမှတ်သွင်းကြရသည်။ ကျန်အဖွဲ့ (၃)ဖွဲ့က ရန်ကုန်တိုင်းအတွင်းက သိပ်မHot သော Centre တွေကို ဖောက်ကြရသည်။ နာမည်ပင် သိပ်မကြားဖူးသော Centre များလည်း ရှိသည်။ ကွန်ပိုးဒိန်း၊ တော်လတီ၊ တော်လတက်၊ မငေးထိန်ကုန်း၊ ကျိုက်ထော်တို့လို စာစစ်ဌာနမျိုးကို ကြားဖူးနားဝ ရှိလာရသည်။ ဒေသန္တရ ဗဟုသုတ ပြည့်ဝတာပေါ့လေ။ Code ဖောက်ပြီးတော့ လူတွေလည်း တော်တော် အားယုတ်ယိုင်နဲ့ နေကြပြီ။ Vacation ဟု ခေါ်သည့် (အားလပ်ရက်)လည်း ကုန်တော့မည်။ သို့သော် ဌာနမှာ အဖွဲ့ခွဲ၍ နားရက် ပေးတော့မည်ဆိုသည့်သတင်းကြားတော့ အတွေးနှင့်ပျော်နေမိသည်။ နားရက်ရလျှင် စာဖတ်မည်။ စာရေးမည်။ စားချင်တာချက်စားမည် အတွေးတွေက . . . လေထဲမှာ။

♛ ♛ ♛

သောကြာနေ့မှာ Code ခွာပြီး အမှတ်သွင်းသည့်ကိစ္စ အောင်မြင်စွာ ပြီးဆုံးသည်။ စနေနေ့ ညနေ (၃း၃၀) မှာ ရွှေကြေးစည် ခရီးသွားလုပ်ငန်း၏ စပွန်ဆာနှင့် အောင်ပန်း မြို့မှ စာရေးဆရာကြီး ဒဂုန်တာရာ မွေးနေ့ပွဲသွားရမည်။ ကားပေါ်မှာပဲ ညအိပ်ပြီး ရောက်ပြန်သဘောမျိုးသွားရမည့် ခရီးဖြစ်သည်။ ပါမောက္ခဆရာကြီးကိုလည်း သွားမည့်အကြောင်း ခွင့်တိုင်ထားပြီးသားမို့ စိတ်အေးလက်အေးသွားရုံသာ။ ကိုယ့်စာပေလောကသားတွေနှင့်အတူ သွားရမည့်ခရီးမို့ စပွန်ဆာပေးသူတွေကို အထူး ကျေးဇူးတင်မိပါသည်။ ခရီးသွားဖို့ အထုပ်ပြင်ပြီး ဇည့်ခန်းထဲက နှစ်ယောက်ထိုင် ဆက်တီမှာ ဆွဲဆွဲ လဲလျောင်းပြီး Sky Net ကြည့်နေတုန်းမှာပဲ လက်ကိုင် ဖုန်းက မြည်လာသည်။ ဖုန်းနံပါတ်ကို ကြည့်တော့ Save မလုပ်ထား ရသေးသော နံပါတ်စိမ်း တစ်ခု ဖြစ်နေသော်လည်း ထိုနံပါတ်ကို ရင်းရင်းနှီးနှီး သိနေသလိုလည်း ဖြစ်နေသည်။

"ဟဲလို" မရဲတရဲ ထူးလိုက်သောအခါ

" . . . လား" တဲ့။ ကျွန်မ၏ နာမည်ရင်း

www.burmeseclassic.com

www.burmeseclassic.com

အပြည့်အစုံကို ခေါ်သည်။ ပြီးတော့ ''ဆရာပါ'' တဲ့။ ကျွန်မတို့ ပါမောက္ခဆရာကြီးရဲ့ အသံပါလား။ ချက်ချင်းဆိုသလိုပဲ အိပ်ချင်မူးတူး ဖြစ်နေသည့်စိတ်တွေ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်သည်။

''ဟုတ်ကဲ့ . . ပြောပါ ဆရာ''

''ဆယ်တန်းအမှတ်စာရင်းတွေ Check Up လုပ်ရမယ့်အထဲမှာ ပါတယ်တဲ့။ အဲဒါ အခုနေ့ခင်း နှစ်နာရီခွဲ အရောက် ကျောင်းကို လာရမယ်လို့ ပါချုပ်ရုံးခန်းကနေ ဆရာ့ဆီ ဖုန်းဝင်လာတယ်''

ကျွန်မ အသံတိတ်သွားသည်။ အံ့လည်း အံ့သြမိသည်။ မနှစ်ကလည်း အလွန်စိတ်ပင်ပန်းသည့် အဲဒီအလုပ်ကို ကျွန်မ လုပ်ခဲ့ရသည်လေ။ အလွန်တာဝန်ကြီးသည့်အလုပ်။

''ကျွန်မ အရမ်းပင်ပန်းနေပြီဆရာ။ ကျွန်မ မနှစ်ကလည်း ပါတယ်လေ။ ကျွန်မ မလုပ်နိုင်တော့ဘူး။ ဆရာ့ကိုတော့ အားနာပါတယ်ဆရာ''

အလွန် ခွန်အားချိနဲ့နေသော အသံနှင့် ပြောမိမှန်း ကိုယ့်ကိုယ်ကိုယ်ပင် သတိမထားမိပေ။ ဆရာအသံတိတ်သွားမှ ကိုယ့်မှာ ပြန်အားနာရသည်။

ဆရာ ရွှတ်ပြသည့် နာမည်တွေထဲမှာ မနှစ်က လုပ်ခဲ့ဖူးသည့်နောက် ဆရာမတစ်ယောက် ပါသေးသည်။ နာရီကြည့်မိတော့ နှစ်နာရီထိုးတော့မည်။ နာရီဝက်အတွင်း လှည်းတန်းကို ရောက်အောင် တက္ကစီငှားစီးရင်တောင် အမီရောက်နိုင်ဖို့ မလွယ်ပေ။ ဆရာနှင့် ဖုန်းပြောနေစဉ် နားထောင်နေဟန်တူသော အဖေက . . . .

''လူကြီးက ကိုယ့်ကို ယုံကြည်လို့ခိုင်းတာကို ငြင်းရသလား'' ဟု ဆူသည်။ အဖေ့ကို ဘာမှပြန်မပြောမိ။ စိတ်ထဲမှာ အတွေးနှစ်ခု ကပတ်ချာလည်နေသည်။ ခရီးစဉ်ကို ဖျက်ရမလား။ အလုပ်ကို ဇာတ်ရွှေ့ရမလား။ ခရီးကလည်း ရောက်ပြီး အခမ်းအနားတက်ပြီးသည်နှင့် တန်းပြန်မှာမို့ တနလ်ာနေ့အမီတော့ ကျောင်းတက်နိုင်မည်။ အခုလည်း ချက်ချင်း ထသွားရင်တောင် နှစ်နာရီခွဲကို မမီနိုင်။ စိတ်ကို ဖြတ်ပြီး ဘုရားစာရွတ်နေလိုက်တော့သည်

♛ ♛ ♛

ဆရာကြီး ဒဂုန်တာရာ မွေးနေ့ပွဲကို ကျွန်မက မှော်ဘီမှာကတည်းက တက်ခဲ့ဖူးသည်။ မသင်းမြစန့်ဇ်၏ အိမ်ကလေးမှာ ခြံထဲက ဒန့်သလွန်သီးတွေ ဆူးပြီး ငါးခြောက်နှင့် ချက်ကာ ဆရာကြီးနှင့်အတူ ထမင်းလက်ဆုံ စားခဲ့ဖူးသည်။ ဟိုစဉ် ၁၉၉၀ လွန်ကာမျှားဆီက ဖြစ်သည်။ အောင်ပန်းမှာ ကျင်းပသည့်ပွဲကို တော့ခုတစ်ကြိမ်နှင့် ပေါင်းမှ (၂) ကြိမ်သာ ရောက်ဖြစ်သည်။ မှတ်မှတ်ရရ တောင်ကြီး တက္ကသိုလ်မှာ တာဝန်ကျစဉ်က ဆရာမ မေလတ်၊ ဆရာကြီးဒေါက်တာအောင်ကျော် (သွား/ဆေး)နှင့်အတူ ရောက်ခဲ့သည်။ အချိန်က ၂၀၀၂ ခုနှစ် ဖြစ်သည်ကို မှတ်မိနေသည်။ အခု ၂၀၁၃ ဆိုတော့ (၁၁)နှစ်တောင် ရှိခဲ့ပြီ ပဲ။ ဘာပဲဖြစ်ဖြစ် ထိုမွေးနေ့ပွဲကို ကျွန်မ မယုက်ကွက်မိတာ မှန်သွားသည်။ နှုတ်ဆက်ဂါရဝပြုသည့် ကျွန်မတို့ကို ဆရာကြီး စကားမဆိုနိုင်တော့။ ပန်းချီမင်္ဂေးက မျက်ရည်တွေ လည်နေသည်။ သူ့ကို နှစ်သိမ့်ပေးရန် စကားလုံး ကျွန်မမှာ မရှိ။ ကျွန်မရင်ထဲမှာလည်း ဆို့နှင့်နေသည်။ ဆရာကြီး အသက်ရှည် ကျန်းမာပါစေ . . ဟု ဆုတောင်းကာ ကားပေါ်ပြန်တက်ခဲ့ရတော့သည်။

တနလ်ာနေ့ မနက်အစောကြီး (၃) နာရီမှာ ရန်ကုန်သို့ပြန်ရောက်သည်။ AD လမ်းဆုံမှာ 'ဆည်းဆာရိပ်' ဂီလာနဘိုးဘွားရိပ်သာမှ ကားက လာကြိုသည်။ အစ်မကြီး သန်းမြင့်အောင်နှင့် ဆရာဝန် စာရေးဆရာမ စုထား လည်း ပါသည်။ မနက် (၈)နာရီလောက်ရောက် တော့ ဆရာ့ဆီ ဖုန်းဆက်ဖြစ်သည်။

''ဆရာ . . ကျွန်မ ဘာလုပ်ရမလဲ၊ အောင်စာရင်းလုပ်ဖို့ သွားရမှာလား'' ရင် တထိတ်ထိတ်နှင့်မေးမိသည်။

''ပြန်ရောက်ပြီလား၊ အေးသွားရမယ်၊ နှိုင်နှိုင်တို့ကို ဖုန်းဆက်လိုက်''

''ဟုတ်ကဲ့ . . . ဟုတ်ကဲ့ . . . ဆက်လိုက်ပါ့မယ်''

ကိုယ်လည်း သက်ပြင်းချနိုင်သွားသည်။ ဆရာလည်း ကျေနပ်သွားမှာပါလေ။ ဒီလိုနှင့် ကျွန်မလည်း 'ဒုတိယအိမ်'ကြီးဆီ ပြန်ရောက်ရပြန်ပါပြီ။ တာဝန်ဝတ္တရားတွေက လိုက်လဲစွာ ဆီးကြိုလေ၏။ ကျသည့်အမှတ်များကို အနီပိုင်းရသည့်အလုပ်နှင့် တာလီချိုးရသည့်အလုပ်က ဇက်ညောင်းခေါင်းကိုက် မျက်စိမှုန်သော ဝေဒနာကို ပေးစွမ်းသည်။ သည်ကျောင်းထဲ မှာပဲ ကျောင်းတက်ရင်း၊ ပျော်ရင်း၊ မောရင်း၊ ကြေကွဲရင်း၊ ပြေးလွှားရင်း ကျွန်မတို့ အသက်တွေ ကြီးခဲ့ပြီ။

ရာသက်ပန် (တောင်ငူဆောင်)

မှတ်မှတ်ရရ တောင်ကြီး တက္ကသိုလ်မှာ တာဝန်ကျစဉ်က ဆရာမ မေလတ်၊ ဆရာကြီးဒေါက်တာအောင်ကျော် (သွား/ဆေး)နှင့်အတူ ရောက်ခဲ့သည်။ အချိန်က ၂၀၀၂ ခုနှစ်ဖြစ်သည်ကို မှတ်မိနေသည်။ အခု ၂၀၁၃ ဆိုတော့ (၁၁)နှစ်တောင်ရှိခဲ့ပြီ ပဲ။

www.burmeseclassic.com

www.burmeseclassic.com

ဟယ်ပြာဓာတ်ဖြေ

လင်ဆို

ဆွဲကျသလိပ်ပျော်ရင်လှုံးဆေး



www.burmeseclassic.com

www.burmeseclassic.com



မှန်တိုင်းနှစ်ခု တိဘက်ပြည်

ဖြိုးထိန်

ဒလိုင်းလားမား ဘဝဇာတ်ကြောင်း

ဘာသာပြန်သူ – သရဝဏ်(ပြည်)
ထုတ်ဝေသူ – ကံ့ကော်ဝတ်ရည်စာပေ
ထုတ်ဝေသည့်နှစ် – ၂၀၁၃၊ ဇွန်လ
တန်ဖိုး – ၁၅၀၀ ကျပ်
အုပ်ရေ – ၅၀၀

တိဘက်ဇာတ်ကြောင်းကို ဖတ်ဖူးသည်မှာ လွန်ခဲ့တဲ့ အနှစ် ၄၀ လောက်က ဖြစ်သည်။ အမေရိကန်သတင်းစာဆရာမကြီး အန်နာလူးဝစ္စထရောင်း ရေးသားပြီး အောင်ခင်ဦး မြန်မာပြန်သည့် 'တိဘက်ဇာတ်ကြောင်း' စာအုပ်ဖြစ်သည်။ ထိုစာအုပ်ထဲတွင် တိဘက်ဘုန်းတော်ကြီးများမှာ မြေရှင်ကြီးများ ဖြစ်ကြောင်း၊ သီးစားခစနစ်၊ စပါးပေးစနစ်များဖြင့် သွေးစုတ်နေကြကြောင်း၊ သူတို့၏ ငွေကြေးများကိုလည်း နီးစပ်ရာ သူများထံ အတိုးရင်းပွားများဖြင့် ချေးငှားကြကြောင်း၊ သူတို့ အကြွေးမပေးသူ၊ သီးစားခ မကြေသူများနှင့် အဆင်မပြေသူများကို ရက်စက်စွာပြုမူကြကြောင်း၊ ဥပမာ– ထိုသူ၏ ခြေထောက်နှစ်ဖက်ကို တစ်ဖက်စီ ကြိုးဖြင့် ချည်၍ မြင်းနှစ်ကောင်အား ဆန့်ကျင်ဖက် တစ်ဖက်စီမှ ဆွဲစေခြင်းဖြင့် ပေါင်ဖြဲ၍ သတ်ဖြတ်မှုများကို ပြုလုပ်ကြကြောင်း။ သိပ်မမှတ်မိတော့ပါ။ အနှစ်ချုပ် သိလိုက်ရသည်မှာ တိဘက်ဘုန်းတော်ကြီးများသည် ရက်စက်ကြမ်းကြုတ်သူများဖြစ်ကြောင်း။ ဘာသာရေးကို ဘန်းပြု၍ သွေးစုပ်ဖိနှိပ်ချယ်လှယ်နေကြကြောင်း။ သူတို့၏ မတရားကြီးစိုးမှုများကို ဖွင့်ချထားသော စာအုပ် ဖြစ်ပါသည်။ ထိုစာအုပ်ကို ဖတ်ပြီး ကျွန်တော့် စိတ်ထဲ စွဲနေသည်မှာ တိဘက်ဘုန်းတော်ကြီးများ ဆိုးယုတ်ပုံနှင့် တရုတ် ကွန်မြူနစ်တို့ လုပ်ရပ်များ မှန်ကန်ကြောင်းသာ သိရှိထားခဲ့ပါသည်။

ယခု ဤစာအုပ်ကို ဖတ်ရသောအခါ အန်နာလူးဝစ္စထရော်း၏ စာအုပ်မှာ ဝါဒဖြန့်ချက်သက်သက်များ ဖြစ်နေကြောင်း သိရှိလာရပါ သည်။

၁၉၃၀ ပြည့်လွန်နှစ်များအတွင်း တရုတ်ပြည်၌ ကွန်မြူနစ်ဝါဒ အားကောင်းလာပြီး တိဘက်ကို တရုတ်တို့ စိုးမိုးရန် လုပ်ဆောင်လာကြသည်။ တိဘက်မြို့တော် လာဆာမှ မိုင် (၃၇၀) ဝေးသော ရွှေတန်းခံတပ် ကွန်ဒိုကို တရုတ်တပ်မတော်က ဝင်ရောက် တိုက်ခိုက်သဖြင့် တိဘက်တို့ ဆုတ်ခွာခဲ့ရသည်။ လက်ရှိ ဒလိုင်းလားမား ကိုယ်တော်ကြီးလည်း တရုတ်ပြည် ဘေဂျင်းသို့ ပြီဒိုးချမ်းရေး ကိုယ်စားလှယ်အဖွဲ့ စေလွှတ်ခဲ့သည်။

၁၉၅၀ ပြည့်နှစ် မေလ ၃၁ ရက်နေ့၌ တိဘက်နှင့် တရုတ်တို့ သဘောတူစာချုပ် ချုပ်ဆိုကြသည်။ ၎င်းစာချုပ်အရ တိဘက်တို့ကို တရုတ်တို့က ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပြုသော်လည်း အရေးပါသော အာဏာမှန်သမျှကို တရုတ်တို့က ချုပ်ကိုင်ထားသည်။ တရုတ်မြို့စောင့်တပ်များနှင့် ဒေသခံ တိုင်းရင်းသားတို့ကို ၎င်း၏ ဘာသာရေး ဩဇာအာဏာသုံးပြီး ထိန်းချုပ်ကြီးကြပ်ခဲ့ဖို့ တရုတ်တို့၏ တောင်းဆိုချက်ကို ဒလိုင်းလားမားက

www.burmeseclassic.com

www.burmeseclassic.com

[illegible] ခုနှစ်တွင် ငြင်းဆန်လိုက်သည်။ ထို့ကြောင့် တရုတ်စစ်ဗိုလ်ချုပ်ချုပ်တော်သို့ လာဆာမြို့တွင် ဒလိုင်းလားမား လာရောက် တွေ့ဆုံရာတွင် တရုတ်ဘက်မှ အမိန့်ထုတ်ပြန်လိုက်သည်။ တစ်နိုင်ငံလုံးက သာဆာတစ်ဆူ၊ ဂူတစ်လုံးလို ကိုးကွယ်ကြသော ဆရာတော်ကြီးအား ဤသို့ ခြိုခိုင်ခိုင်းခိုင်း ဆင့်ခေါ်လိုက်ခြင်းကို တိဘက်ပြည်သူပြည်သား အားလုံးက စာနည်းကြကာ ပဋိပက္ခ အမုန်းမီးပွားများမှာ ပို၍ ကြီးထွား လာခြင်း အားဒဿအဖြစ် တိုက်ခိုက်မှုများ စတင်ဖြစ်ပွားလာတော့သည်။

၁၉၅၉ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ဒလိုင်းလားမားသည် နိုင်ငံတော်အရွေ့မြောက်ဘက် နယ်စပ်မြို့ကို ဖြတ်ကျော်ကာ အိန္ဒိယနိုင်ငံ အာသံနယ်ထဲသို့ ခြေလျင်တစ်လှည့်၊ မြင်းဖြင့်တစ်ဖုံ ခက်ခက်ခဲခဲ ဖြတ်ပြေးကာ နိုင်ငံရေး ဝိုလ်ရုံရတော့သည်။ ဒလိုင်းလားမားနှင့်အဖွဲ့ကို အရှေ့ကာ ဟိမဝန္တာတောင်တန်းအဆုံးရှိ မက်လီယိုဂန့်ဂျီဆိုသော အရပ်တွင် နေရာချထားပေးသည်။

ဘုဉ်စားရှာပုံတော့်

၁၉၃၃ ခုနှစ်၊ ဒီဇင်ဘာလလယ်ခန့်တွင် သက်တော် ၅၈ နှစ်ရှိပြီဖြစ်သော (၁၃) ဆက်မြောက် ဒလိုင်းလားမား ဆရာတော်ကြီး မမာ ကျန်းဖြစ်ကာ ပျံလွန်တော်မူသွားသည်။ တိဘက်ပြည်သူများ ဝမ်းနည်းရတော့သည်။ ယခုအခါ (၁၃) ဆက်မြောက် ဒလိုင်းလားမား ဆရာတော် ကွယ်လွန်မှုတွင် အချို့ကြောလာသည်အထိ လူဝင်စားမှု သတင်းတစ်ိုးတစ်မျှ မရသေးခြင်းအပေါ် စိတ်ပူစ ပြုလာပြီဖြစ်သော အုပ်ချုပ်ရေးမှူးသည် ဤလူဝင်စား ပြဿနာ၏ သဲလွန်စကို ရှာဖွေရန် ထာဆာမြို့မှ မိုင် ၉၀ အကွာတွင် ရှိသည့် ထူးခြားဆန်းပြားလှသော ဦးလက်ဆို ဆိုသည့် ရေကန်ကြီးမှ စတင်ဖို့ ဆုံးဖြတ်လိုက်လေသည်။

လူစုခွဲ၍ ရေကန်တစ်ဝိုက် စနည်းနာထွက်စေခဲ့သည်။ အုပ်ချုပ် ရေးမှူး ရင်ပိုချီသည် သစ္စာခံဌာနပြုကာ မှုက်စိမှိတ်ပြီး လေးလေးနက်နက် ဆုတောင်းလိုက်၏။ ၎င်းနောက် မှုက်စိကို ဖွင့်၍ ရေကန်ထဲသို့ အချိန်အတန်ကြာအောင် ကသိုဏ်းရှုသလို စိုက်ကြည့်နေလိုက်သည်။ တွေ့ ခဲ့ပြီး စာသုံးလုံးကို တွေ့သဖြင့် တုန်တုန်ယင်ယင် ဖြစ်သွားသည်။ အ၊ က နှင့် မတို့ ဖြစ်ကြသည်။ ထိုစာလုံးများသည် ပေါ်လာပြီး ချက်ချင်း မျောက်ကွယ်သွားကြသည်။ ထိုအခိုက်ဝယ် ဘုန်းကြီးကျောင်းလိုလို၊ ရွှေရောင်ခေါင်မိုးတွေနှင့် ကြွေပြားအပြာရောင်ကပ်ထားသော အုတ်ဆိုင်းတစ်ခုပါသော သုံးထပ်အဆောက်အုံတစ်ခုကို အာရုံထဲမှာ မြင်လာသည်။ ထို့အပြင် တောင်ကမ်းပါးယံတစ်လျှောက် ဖောက်လုပ်ထားသော ကျဉ်းမြောင်းသည့် ကျောက်သားလမ်းကလေးမှာ ရှာတစ်ရှာဆီသို့ ဦးတည်နေပြီး ထိုလမ်းကလေးသည် အိမ်ရှေ့တွင် ရေတံလျှောက် ထစ်ခုပါသော တစ်ထပ်အိမ်ကလေးရှေ့တွင် ဆုံးသွား၏။

မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် သူ မြင်ခဲ့၊ တွေ့ခဲ့သမျှကို အပြန်ပြန် အလှန်လှန် စဉ်းစားကာ အုပ်ချုပ်ရေးမှူး ရင်ပိုချီသည် လာဆာမြို့သို့ ပြန်လာခဲ့၏။ တိဘက်ပြည်၏ အရေးပါသော ဘုန်းကြီးကျောင်းသုံး ကျောင်းမှ ဆရာတော်သုံးပါး အပါအဝင် လူဝတ်ကြောင် အရာရှိများနှင့် အုပ်ချုပ်ရေးမှူးကိုယ်တိုင် ပါဝင်သော အစည်းအဝေး လုပ်ကြသည်။ အကြိမ်ကြိမ် ဆွေးနွေးငြင်းခုံခဲ့ပြီးနောက် နတ်ဝင်သည်ကို မေးရန် သဘောတူကြသည်။

နတ်ဝင်သည်ကို ဘုန်းကြီးချက်ပေးသည်မှာ ရှာဖွေရေး အဖွဲ့ သုံးဖွဲ့ ခွဲလိုက်သည်။ တစ်ဖွဲ့မှာ အရှေ့တောင်ဘက်တွင်ရှိသော 'ဒတ်ပိုခရိုင်'ကို သွားရမည်။ နောက်တစ်ဖွဲ့က အရှေ့ဘက်ရှိ 'ခန်းခရိုင်' သို့ သွားကာ နောက်ဆုံးအဖွဲ့သည် အရှေ့မြောက်ဘက်ရှိ 'အမ်ဒိုခရိုင်' သို့ သွားရမည်။ သို့ဖြင့် အစုခွဲ၍ ထွက်လာကြရာ ၂ လကြာသောအခါ ရင်ပိုချီတို့အဖွဲ့ကို ကန်ဆန်ဘုန်းကြီးကျောင်းမှ ဆရာတော်နှင့် မြင်းမွေး သမားရွာသားများက ဧည့်ခံရွေစွာ ကြိုဆိုကြသည်။ ကျောင်းထဲတွင် ခေတ္တအနားပေးပြီး 'ရင်ပိုချီနှင့်ဆီဒရမ်လော့ဆန်'တို့သည် အနီးအဝေးသို့ ထွက်လာခဲ့လေသည်။ သူတို့နှစ်ဦးသည် မြင်းဇီးကြာခြင်း ရွှေရောင်ခေါင်မိုးနှင့် သုံးထပ်ကျောင်းဆောင်တစ်ခုကို တွေ့လိုက်ရသောအခါ မြင်းပေါ်မှ ပြုတ်ကျလုမတတ် အံ့သြတုန်လှုပ် သွားကြသည်။ ထို့မျှသာမက သေး တောင်စောင်းအတိုင်း ဆက်သွားရာ ထိုလမ်းကလေးအဆုံးတွင် ရှိသော ရေတံလျှောက်ပါသော အပြာရောင် တစ်ထပ်အိမ်ကလေးကိုလည်း တွေ့လိုက်ရ၍ ပါးစပ်အဟောင်းသား ဖြစ်သွားကြ၏။ ရောက်ကြီး၏ ရေပြင်ကို ရင်ပိုချီကသိုဏ်းရှုရာမှ ပေါ်လာသည့် အတိတ်နိမိတ်အတိုင်း ဖြစ်နေပေပြီ။

မိခင်ဖြစ်သူ 'ဆိုမန်ဆိုဖို' သည် သားဖြစ်သူ 'လာမို'ကို ခါးတစ်ခွင်လျက် အိမ်ဝင်ခါးပေါက်တွင် ရပ်နေသည်။ ဆရာတော်တစ်ပါးနှင့် လူအများ သူအိမ်ထဲသို့ ဝင်လာသဖြင့် စိုးရွံ့ထိတ်လန့်နေမိသည်။ 'လာမို' ကတော့ လူအများကြီးကို တွေ့ရသဖြင့် ကျေနပ်ဝမ်းသာနေဟန် ရှိသည်။ ဆရာတော် အိမ်ထဲ ကြွလာ၍ ထိုင်လိုက်သောအခါ 'လာမို'သည် သွက် လက်စွာ ဆရာတော့်ပေါင်ပေါ်တွင် သွားထိုင်လိုက်ပြီး ဆရာတော့် စိပ်ပုတီး ကို ဆွဲယူကာ ''ဒီစိပ်ပုတီးကို ငါ လိုချင်တယ်''ဟု ပြောလိုက်သည်။ ဆရာတော်က ရုတ်တရက် အကြံရကာ စမ်းသပ်သည့်အနေဖြင့် ''ကျုပ် ဘယ်သူလဲပြောနိုင်ရင် ဒီစိပ်ပုတီးကို ပေးမယ်''ဟု တီးခေါက်ကြည့် လိုက်သည်။ လာမိုလေးက ချက်ချင်းပင် ''ဆရာတော်ဟာ ဆီရာကျောင်း တိုက်က လားမားဆရာတော်ပါ'' လို့ ပြောလိုက်သည်။ သူက နောက် တစ်ယောက်ကို လက်ညှိုးထိုးပြလိုက်သောအခါ ''အဲဒါ ဆီဒရမ်လော့ ဆန်း'' လို့ မှတ်မိတဲ့အတိုင်း ပြောလိုက်သည်။ သူတို့မျက်နှာတွေ ဝင်းထိန်သွားကြသည်။

အတိတ်ကို မှတ်မိတဲ့ 'ဇာတိသရဏာဂုဏ်'ဆိုတာ ရှင်းပြဖို့ တော် တော်ခက်သည်။ သိစိတ်အလျှော်မှာ ရောမွှေနေတဲ့ မှတ်စအိုင်းအစ တွေဟာ တမင် မစဉ်းစားရဘဲ ဦးနောက်ထဲ သူ့အလိုလို စီးယိုထွက်ကျ လာတာပါ။ သို့ဖြင့် ဆရာတော် လူဝင်စား ဖြစ်နိုင်သူကို တွေ့ထားပြီ ဖြစ်ကြောင်း လာဆာသို့ စကားဝှက်ဖြင့် သတင်းပို့လိုက်၏။ လေးပတ် အကြာမှ အကြောင်းပြန်စာ ရောက်လာသည်။ မြို့တော်မှ အကြံပြုသည် မှာ ချာတိတ်သည် ပျံလွန်တော်မူသွားသော (၁၃) ဆက်မြောက် ဒလိုင်း လားမား ဆရာတော်၏ အသုံးအဆောင်ပစ္စည်းများကို မှတ်မိသလားဟု ဆက်လက်၍ စမ်းသပ်ကြည့်ပါဟူသတည်း။ ပစ္စည်း အစစ်တစ်ခုကို ပုံစံတူ အတုတစ်ခုရောရ၍ ဇဝေဇဝါ ဖြစ်သွားအောင် သူတို့ သေသေ ချာချာ လုပ်ဆောင်ကြသည်။

သူတို့ လာမိုအိမ်သို့ နောက်တစ်ခေါက် ပြန်လာသည်။ လာမိုလေး ၏ ရှေ့သို့ အနက်ရောင် စိပ်ပုတီးနှစ်ကုံး အဝါရောင် စိပ်ပုတီး နှစ်ကုံး ကြေးဝါနှင့် သံလယ်ကိုင်ဝမ်းထားသော တုတ်ကောက်နှစ်ချောင်း၊ ဆင် စွယ်ဖြင့် အလှဆင်ထားသော ဝုံနှစ်လုံး၊ အသီးသီး ချထားလိုက်သည်။ ချာတိတ်သည် ဂိုးရိုးဗုံကို ရွေးရာ မှန်နေသည်။ ကလေးက ဆရာတော်ကြီး ၏ အသုံးအဆောင်အားလုံးကို အမှားအယွင်း မရှိ၊ ခက်ခက်ခဲ မစဉ်းစား ရဘဲ ရွေးထုတ်ပြနိုင်သဖြင့် ဤကိစ္စမှာ ပို၍ ခိုင်မာသွားသည်။ နောင်သော အခါ ဆရာတော်ကြီး၏ အံကပ်သိမ်းဆည်ထားရာ ကျောင်းဆောင် ဗိရိ ကို အတိအကျပြ၍ ပြန်ရာပေးနိုင်ခဲ့သည်။ အရေးပါသော စမ်းသပ်စစ် ဆေးမှုအားလုံးကို အောင်မြင်ပြီးသောအခါမှ ကလေးသည် ၁၃ ဆက်မြောက် လားမားဆရာတော်ဝင်စားသူ ဖြစ်ကြောင်း မိသားစုကို ဖွင့်ပြောလိုက်ပါသည်။

၁၉၃၉ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်တွင် မြင်း၊ လား၊ နွားမွေးရသည့် ကုလားအုတ်၊ မြည်းအကောင် ၃၅၀ နှင့် လူ ၅၀ ပါဝင်သော လူတန်း ကြီးသည် အမ်ဒိမှ လာဆာသို့ စတင် ခရီးထွက်ခဲ့ကြပါသည်။ မြည်မှန်စွာ ကောင်းကသော ရထားပေါ်တွင် ၁၄ ယောက်မြောက် ဒလိုင်းလားမား ဖြစ်လာမည့် သူငယ်နှင့် ထိုသူငယ်ထက် သုံးနှစ်ကြီးသော အစ်ကိုတို့ကို

www.burmeseclassic.com

www.burmeseclassic.com

သယ်ဆောင်ရန် ဝေါယာဉ်ကို အသင့်ပြင်ဆင်ထားပါသည်။ ရေကန်ပေါင်းဒါဇင်နှင့်ချီ၍ တောအထပ်ထပ်၊ တောင်အထပ်ထပ်ကို ဖြတ်သန်းကြရသည်။ ချီတက်ရသော ခရီးစဉ် အစအဆုံး ၁၃ လခန့်ကြာသည်။ လမ်းတစ်လျှောက်၊ ရွာစဉ်တစ်လျှောက် လူအုပ်ကြီးများ ထောင်နှင့်ချီကာ သောင်းသောင်းဖျဖျ ကြိုဆိုကြသည်။

ထို့နောက် လာဆာမြို့တော်သို့ ရောက်ပြီး တိုင်းသူပြည်သားများက နွှတ်ဆက်ကြခြင်း၊ ဘာသာရေး ဝတ်ပြုဆုတောင်းပွဲများ ကျင်းပခြင်းတို့ကြောင့် နှစ်ရက်တိုင်တိုင် အချိန်ယူရသည်။ ပထမဆုံးအနေဖြင့် တိဘက်ပြည်၏ တန်ခိုးအကြီးဆုံး ဘုရားကျောင်းဖြစ်သည့် ဂျိုခန်းဘုန်းကြီးကျောင်းသို့ ဝင်ကြသည်။ ဘုန်းကြီးကျောင်းထဲသို့ ရောက်သည့်နှင့် ဒလိုင်းလားမားလေးကို ဆဲချလိုက်ပြီး သက်နန်းဆည်းပေးလိုက်ကြသည်။ ကိုရင်လောင်းဘွဲ့တော်ကို 'ဂျန်ဖယ်ဝမ်လော့စန်းယီသျှီတန်ဇင်ဂျာမ်ဆို' ဖြစ်သည်။ မြင့်မြတ်တော်မူသော၊ နူးညံ့သော ဂုဏ်ကျက်သရေကို ဆောင် သော အဟောအပြော ခွန်အားကြီးသူ၊ မေတ္တာကရုဏာရှင်၊ ယုံကြည် ချက်ကို ကောင်းစွာ လေ့ကျက်ထားသူ၊ ပင်လယ်ကြီးလောက် ဉာဏ်ကြီး သူဟု ဘွဲ့တော်အဓိပ္ပာယ်ရသည်။

ဒလိုင်းလားမား နန်းတက်ခြင်း

၁၉၄၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့သည် လာဆာတွင် ဂုဏ်ကျက်သရေနှင့်အထူး ပြည့်စုံသော နေ့တစ်နေ့ ဖြစ်လေသည်။ ပိုတလာနန်းတော်အတွင်းမှာတော့ 'လာမိုသွန်းဒက်' ဆိုသော ကလေးလေးသည် သူကိုယ်တိုင် အားထုတ်ကြိုးစား မတောင်းဆိုရပါဘဲ အလိုလို ဖြစ်ပေါ်ရရှိလာသော ရာထူးတစ်ခုကို လက်ခံရရှိရန် ပြင်ဆင်နေလျက် ရှိသည်။ သူသည် ဘုရင်ဖြစ်ဖို့ မွေးလာသူ ဖြစ်သည်ဟု အယိုးတော်မြဲများက ပြောကြသော်လည်း သူ နားမလည်ပေ။ မြို့ထဲတွင် လူတို့သည် မင်္ဂလာဆောင်သို့ သွားကြတော့မည်သဖွယ် ဝတ်ကောင်းစားလှများကို ဝတ်ဆင်ကာ ဟိုဟိုဒီဒီ လျှောက်နေကြသည်။ အမွေးတိုင်နံ့သည် တစ်မြို့လုံးတွင် မွှေးလွင့်နေသည်။ မကျန်းမာသူ တချို့တလေမှလွဲ၍ အိမ်တိုင်းအိမ်တိုင်း အိမ်စောင့်ပါမကျန်အောင် ပိုတလာနန်းတော်သို့ ချီတက်လာကြသည်။ ဤကား ၁၄ယောက်မြောက် ဒလိုင်းလားမား ဆရာတော် တိဘက်ပြည်၏ အထွတ်အထိပ် အုပ်ချုပ်သူအဖြစ် နန်းတက်ပွဲ အခမ်းအနား ကျင်းပသောနေ့ပေတည်း။

တော်လှန်ရေးများ

၁၉၄၉ ခုနှစ်တွင် တရုတ်ပြည်သူ့တပ်မတော်က တိဘက်ကို ကျူးကျော်သောအခါ ဒလိုင်းလားမားအသက်မှာ ၁၄ နှစ်ပဲ ရှိသေးသည်။ ၁၉၅၀ ပြည့်နှစ် အောက်တိုဘာလတွင် ခမ်းပြည်နယ်၏ မြို့တော်ဖြစ်သော 'ချန်ဒိုမြို့' သို့ တရုတ်တပ်များ ဝင်ရောက်လာကြသည်။ ပြည်နယ်အုပ်ချုပ်ရေးမှူး 'ဇဝမ်ဝါဘို'ကိုလည်း ထောင်သွင်း အကျဉ်းချထားလိုက်ကြသည်။ ၁၉၅၁ ခုနှစ်၊ စက်တင်ဘာလတွင်တော့ တရုတ်တပ်မှ တပ်အင်အား ၃၀၀၀ ကျော်သည် လာဆာမြို့ကို ထိန်းချုပ်လိုက်ကြသည်။ ၃ နှစ်အတွင်း စစ်အင်အား တိုးမြှင့်လာခဲ့ရာ ၁၉၅၄ ခုနှစ်သို့ ရောက်သော အခါ တရုတ်စစ်သည် ၂၂၀၀၀၀ ခန့်ကို ထပ်မံ ချထားခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် တိဘက်ဂိုယိပိုင်အုပ်ချုပ်ရေး ကော်မတီကို ဒလိုင်းလားမား ခေါင်းဆောင်၍ ဖွဲ့စည်းရန် တရုတ်တို့က ပြင်ဆင်မှု ကော်မတီ ဖွဲ့စည်း ပေးခဲ့သည်။ ထိုသို့ ကော်မတီဖွဲ့တာ တိဘက်ပြည်ကြီး ခေတ်မီ ဖွံ့ဖြိုးဖို့လို့ ဆိုတာပါပဲ။ တကယ့်ရည်ရွယ်ချက်ကတော့ တရုတ်ဩဇာခံ ရုပ်သေး အစိုးရဖွဲ့ပေးခြင်းသာ ဖြစ်သည်။

၁၉၅၇-၅၈လွန်နှစ်များတွင် တိဘက်ပြည်သူများသည် နိုင်ငံရေး ပိုမို တက်ကြွနိုးကြားလာကြသည်။ 'မိုင်းမောင်းဆောင်ဒူး' ဟု ခေါ်သော ပြည်ချစ်သားများအဖွဲ့ ပေါ်ပေါက်လာမှုနှင့်အတူ အကြမ်းမဖက်သော အာဏာဖီဆန်မှု လှုပ်ရှားမှုကြီးများ ကြီးထွားလာသည်။ မြို့ရွာအနှံ့ တရုတ်သိမ်းပိုက် ကျူးကျော်မှုကို ရွံတ်ချသော ပိုစတာများကို ဖြန့်ဝေကြသည်။ တရုတ်တပ်သား စစ်ရေးပြချီလာလျှင် ကျောက်ခဲများ၊ နွားရိုးများဖြင့် ပစ်ပေါက်ကြသည်။

၁၉၅၅ ခုနှစ်တွင် 'ချဒ်ပြည်နယ်နှင့် အမ်ဒိုပြည်နယ်'မှ တိဘက် ပျောက်ကျား စစ်သည်များ တိဘက်အရှေ့ပိုင်းတွင် တော်လှန်ကြသဖြင့် တရုတ်တပ်မတော်မှာ အထိအခိုက်၊ အကျအဆုံးများလာခဲ့သည်။ ပုန်ကန်တိုက်ခိုက်မှုများကြောင့် တရုတ်စစ်တပ်သည် နိုင်ငံအနောက်ပိုင်းမှ စစ်သည် ၁၀၀၀၀၀ ကို အရှေ့ပိုင်း စစ်မျက်နှာသို့ ပို့ခဲ့ရသည်။ ဒေသခံ 'ခမ်ပါမျိုးနွယ်ဝင်' သူပုန်စစ်သည်များကို တရုတ်စစ်တပ်က လက်နက် ဖြုတ်သိမ်းရန် ကြိုးပမ်းရာမှ လက်နက်ကိုင် ပဋိပက္ခမှာ ပိုမိုပြင်းထန်လာပြီး နောက်ဆုံး၌ တရုတ်တပ်မတော်သည် လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ရသည့် အခြေသို့ပင် ဆိုက်ရောက်ခဲ့သည်။

ဘုန်းတော်ကြီးကျောင်းများမှာ လုယက်တိုက်ခိုက်ခံရပြီး သူကောင်းမျိုးနွယ်များ၊ သံဃာတော်များ၊ ပျောက်ကျားစစ်ခေါင်းဆောင်များစွာ အဖမ်းခံကြရသည်။ လက်နက်ကိုင်တော်လှန်ရေးတွင် ပြည်သူလူထု မပါဝင်လာစေရန် အကြောက်တရားဖြင့် ခြိမ်းခြောက်သည့်အနေဖြင့် ဖမ်းမိသူများကို အများပြည်သူရှေ့မောက်တွင် ညှဉ်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်သုတ်သင်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။ သူပုန်ထသော ပြည်နယ် အများစုမှ ဒုက္ခသည်များမှာ မြို့တော်လာဆာသို့ အစုလိုက်၊ အပြုလိုက် ထွက်ပြေးခို လှုံခဲ့ကြသည်။ လာဆာသည် နေ့ချင်းညချင်းပင် လူဦးရေ တိုးတက်များပြားလာ၏။ လာဆာမြို့တွင် တပ်စွဲထားသော အင်အား ၃၀၀၀၀ ရှိ တရုတ်စစ်တပ်များမှာ လာဆာတွင် အင်အားတိုးပွားလာခြင်း ကို စိုးရိမ်တကြီး စောင့်ကြည့်နေခဲ့ကြသည်။ မြို့ဆင်ခြေဖုံး အရပ်များ၌ ယာယီတဲအိမ်များ တိုးပွားလာသည်။ ထိုသို့ လူစုမိလာသည်နှင့် ထောင်နှင့်သောင်းချီသော ပျောက်ကျားတပ်သားများ၊ သာမန်တိဘက်အရပ်များသည် ၁၉၅၈ ခုနှစ် ဆောင်းရာသီအဝင်တွင် တရုတ်တို့နှင့် ရင်ဆိုင် တိုက်ပွဲများ ဖြစ်ပွားကြသည်။ ၁၉၅၈ ခုနှစ်ကုန်ပိုင်းတွင် ဖြစ်ပွားခဲ့သော မီးကုန်ယမ်းကုန် ခုခံတော်လှန် တိုက်ခိုက်မှုများကြောင့် တရုတ်တို့ ခြေကိုင်မိ လက်မကိုင်မိ ဖြစ်ကာ နောက်ဆုံး နိုင်ကွက် ပွဲကို ထုတ်သုံးလာကြသည်။ ထိုဝတ်ဖဲကား ပုန်ကန်ထကြွမှုများကို မရပ်ဆိုင်း

www.burmeseclassic.com

ယခုနှစ်ငြိမ်းချမ်းရေးနိုဗယ်လ်ဆု မည်သူ့ကို ချီးမြှင့်ရမလဲဆိုတာ စဉ်းစားစရာတစ်ခုရသွားခဲ့သည်။ ထိုနှစ်အတွက် ငြိမ်းချမ်းရေးနိုဗယ်လ်ဆုကို ဒလိုင်းလားမားအား ချီးမြှင့်ရန် ဆုံးဖြတ်လိုက်ကြတော့သည်...

www.burmeseclassic.com

ဝိုင်းလားများ ဆရာတော် သီတင်းသုံးရာ နန်းတော်ကို ပုံးကြ
ပြည်ဟု ခြိမ်ခြောက်လိုက်ခြင်းပင် ဖြစ်သည်။ မတ်လ ၁
တွင် တရုတ်စစ်တပ်သည် 'နော်ဘူလင်ကာ နွေရာသီနန်းတော်'
အာနှစ်လုံးဖြင့် ပစ်ခတ်တိုက်ခိုက်သည်။ မော်တာကျရောက်
သည်မှာ ဆရာတော်နှင့် အတော်နီးကပ်နေသဖြင့် ချီတုံချတုံ
သူစိတ်ကို ယတိဖြတ် ဆုံးဖြတ်ရတော့သည်။ နောက်ဆုံး
အခြေအနေအရ သူ၏ ရွှေဝါရောင် သင်္ကန်းကို ချွတ်လျက်
မှုန်ဖောင်း ဝတ်ပေးပြီး သေနတ်တစ်လက်ကို ကိုင်စေကာ
ထွက်ခွာလာခဲ့ရတော့၏။ အိန္ဒိယသို့ ချီတက်ရန် ခရီးရှည်

ဝိုင်းလားများ၏ ဆောင်ရွက်ချက်များ

အိန္ဒိယကို ရောက်သောနှစ်မှာပင် ဆရာတော် ဒလိုင်းလားများက
မတ္တသို့ တိဘက်အရေးကိစ္စကို ကိုင်တွယ်ဆောင်ရွက်ပေးပါရန်
တင်ပြခဲ့သည်။ ထိုသို့ စာရေးသားတင်မှုကြောင့် တိဘက်
ပြည်သားများ၏ လူ့အခွင့်အရေးကို လေးစားရန် တိဘက်ပြည်
ကိုယ်ကြမ္မာ ကိုယ်ဆုံးဖြတ်ပိုင်ခွင့်ကို လေးစားရန် တရုတ် ပြည်ကို
ခြိမ်းခြောက်သော ကုလသမဂ္ဂက ဆုံးဖြတ်ချက် ချခဲ့သည်။ ၁၉၆၁ ခုနှစ်နှင့်
၁၉၆၅ ခုနှစ်များတွင် နောက်ထပ်ဆုံးဖြတ်ချက်နှစ်ခုကို ကုလသမဂ္ဂမှ ထပ်မံ
ချခဲ့သည်။ တိဘက်ဘာသာစကား၊ ဓလေ့ ထုံးစံ၊ ရိုးရာအမွေအနှစ်နှင့်
ဘာသာယဉ်ကျေးမှုကို ကာကွယ်စောင့်ရှောက် သည့်လုပ်ငန်းအဖြစ်
ဆောင်ရွက်သည် တိဘက်အမျိုးသား အနုပညာ တက္ကသိုလ်တစ်ခုကိုလည်း
တည်ထောင်ခဲ့သည်။

၁၉၅၉ ခုနှစ် တော်လှန်ရေး နှစ်ပတ်လည် နေ့နှင့် ချိန်ကိုက်၍
၁၉၆၃ ခုနှစ် မတ်လ ၁၀ ရက်တွင် ဒီမိုကရေစီဖွဲ့စည်းပုံ အခြေခံဥပဒေကို
ဒလိုင်းလားများတို့ ကြေညာလိုက်သောအခါ တရုတ်အစိုးရမှာ ဒေါသ
အမျက်ချောင်းချောင်းထွက်လေသည်။ ထို့ကြောင့် တိဘက်အပေါ်
တရုတ်တို့ကျင့်သုံးပိုင်ခွင့် အာဏာနှင့် ပြန်လည်သင့်မြတ်ရေးကို အိန္ဒိယ
က ဝင်ရောက်နှောင့်ယှက်နေသည်ဟုပြောခဲ့သည်။ နောက်တစ်နှစ် တိတိ
ကြာသောအခါ ၎င်းရက်စွဲမှာပင် ဒလိုင်းလားများက နောက်ထပ်ကြေညာ
ချက်တစ်စောင်ထုတ်ပြန်သည်။ ထုံးစံအတိုင်း တရုတ်က မကျေမနပ်ဖြစ်ကာ
အိန္ဒိယကို အကြိမ်ကြိမ်ထပ်မံကန့်ကွက်သည်။

နိုဗယ်လ်ဆု ချီးမြှင့်ခံရခြင်း

တရုတ်ပြည်နှင့် တိဘက်ပြည်တို့တွင် ဖြစ်ပွားခဲ့သော အဖြစ်အပျက်
များက နော်ဝေနိုင်ငံ စတော့ဟုန်းတွင် အခြေစိုက်သော နိုဗယ်လ်ဆု
ပေးရေးကော်မတီအတွက် ယခုနှစ်ငြိမ်းချမ်းရေးနိုဗယ်လ်ဆု မည်သူကို
ချီးမြှင့်ရမလဲဆိုတာ စဉ်းစားစရာတစ်ခုရသွားခဲ့သည်။ ထိုနှစ်အတွက်
ငြိမ်းချမ်းရေး နိုဗယ်လ်ဆုကို ဒလိုင်းလားမားအား ချီးမြှင့်ရန် ဆုံးဖြတ်
လိုက်ကြတော့သည်။

ဒလိုင်းလားများ ငြိမ်းချမ်းရေး နိုဗယ်လ်ဆုရခြင်းကို နိုင်ငံအားလုံး
က ဝမ်းမြောက်ကြသော်လည်း တရုတ်အစိုးရကမူ ဘာသာရေး အရေ
ခြံ၍ မြေရှင်ပဒေသရာဇ်စနစ်ကို ပြန်လည် အသက်သွင်းလိုသည့် တရုတ်
ပြည် မတည်ငြိမ်အောင် ပြုလုပ်လိုသည့် ခွဲထွက်ရေးသမားတစ်ဦးကို
အနောက်အုပ်စုက လောင်စာဖြည့်တင်းပေးခြင်းဟု မှတ်ချက်ပြုခဲ့ပေ သည်။

ဖြိုးထိန်



www.burmeseclassic.com

www.burmeseclassic.com

ငယ်ကြီး မလိုနှင့်သော်ဒရ

နှင်



www.burmeseclassic.com

www.burmeseclassic.com

ပြောင်သူနိုင်သူ အရှုံးပေး နလုံးအေးသည်
ဆေး၊ 'မေတ္တာတရားသည်သာ အောင်နိုင်ရာ
ခါ တဲ့... စတဲ့ ဆိုရိုးစကားတွေကို ဘယ်သူ
သူများ လက်တွေ့ကျကျ အကောင်အထည်
ပေါ်ပြီး လက်ကိုင်ပြ သုံးစွဲကြသလဲဟု စိတ်
အချင်ပေါက်စွာ ကျွန်မ စဉ်းစားမိသည်။

ကျွန်မကို စိတ်ဆိုးလျှင် အမျိုးသားက
ပြောသော ဘုရားဖြစ်မဲ့ အုတ်နီခဲပေါ့ကွာ။ ခုတော့
အုတ်နီခဲကို လမ်းအဖြစ် ခင်းပြီး သူများက
လျှောက်သွားကြတာချည်းပဲ'ဟု ခနဲ့သလိုနှင့်
ပြုံးပြုံးရင်လည်း ဟုတ်နေသည်ဖို့ ငြိမ်သက်
နေပြန်သည်။

ဟုတ်သည်ပဲလေ။ ကိုယ်ထားတဲ့ မေတ္တာ
ဆေးမှာ အရောင်ဆိုး အကျည်းတန်စေခဲ့သလို
ဒီဇောင်က အသီးစား၊ ဒီအကိုင်းမှာနားပြီး ဒီ
အပင်ကို မစင်စွန့်ထွက်ခွာသည့် ကျွန်မအလုပ်
သမားတစ်ယောက်၏ လုပ်ရပ်ကတော့ အား
လုံးထဲမှာ အဆိုးဆုံးဖြစ်သည်။

အလုပ်ရှင်ကို ညှာသော အလုပ်သမား
ရှိသည်း ရှိကြသည်မှာ မှန်ပေမဲ့ အတွန့်
တစ်ကိုယ်ကောင်းစိတ် ရှေ့တန်းတင်သည့် တော်
သောမှလာသော သူများကတော့ အလုပ်ရှင်
ဆွဲတင်လျှင်သူပင် ရှယ်ယာပါသလို ခိုးယူသုံးစွဲ
ခံတော်သည့် အလုပ်သမားတစ်ဦး (ကျွန်မ၏
အိမ်ဘာ)အကြောင်းကို တွေးမိတိုင်း ဒေါသဖြင့်
ခုန်နင့်နေသည်။

ကျွန်မကတော့ မေတ္တာကပေးသည့် သင်
ခန်းစာတပွေ့တပိုက်နှင့် နောင်တကို နောင်းမှ
ရသည့် လူမိုက်တစ်ဦးပေပဲမို့...

♛ ♛ ♛

ကျွန်မ ဒီနေပြည်တော်ဆိုသည့် မြို့သစ်
ကြီးကို ရောက်ပြီး သိပ်မကြာခင်မှာပဲ ခင်ပွန်း
သည် ဝန်ထမ်းမို့ တနိုင်တပိုင် မောင်တစ်ထမ်း၊
ယောင်တစ်ရွက်အနေဖြင့် ကားလုပ် လုပ်ငန်းကို
အစိုးက်တစ်လမ်းမှ စီးပွားရေး အသေးစား
အဆေးအဖြစ် လုပ်ကိုင်သည်။

ရုန်ကုန်မှာလို ဘတ်စ်ကား မပေါသည့်
အလုပ်မှာ ကျောင်းဖယ်ရီလုပ်ငန်းနှင့် တက္ကစီ
လုပ်ငန်းကို ကျွန်မက ဦးစီးပြီး စက်အကြောင်း
Mechnice တစ်ဦးနီးပါး နားလည်သော
ခင်ပွန်းက ကူညီသဖြင့် အတော်လေး အရှိန်ရ
ခဲ့ပါသည်။ နေပြည်တော်မှာ တာဝန်ကျသည့်
သူနာပြုတစ်ဦး၏ ခင်ပွန်းဖြစ်သော ကျွန်မ၏
အိမ်ဘာလေးက ရုတ်တရက်ကြီး ဇနီးဖြစ်သူ၏
Transfer ကြောင့် ပြောင်းရွှေ့သွားရတော့မည်
ဖို့ ဦးဆောင်ဆိုသည့် အသက် လေးဆယ့်ငါး
နှစ်ခန့်ရှိသော လူတစ်ယောက်ကို ခေါ်လာပြီး
အောင်းချင်ကြောင်းနှင့် ကျွန်မတို့နှစ်ယောက်
သဘောကျမှ ခန့်ပါဟု ဆိုလာသည်။

နေပြည်တော် ရောက်တာကလည်း
မကြာသေးသည်ဖို့ ကျွန်မာလည်း ပတ်ဝန်း ကျင်
အဆက်အစပ် သိပ်မရှိသေး၍ လော
လောလတ်လတ် ဒရိုင်ဘာ လိုအပ်ချက်ကို
ဖြည့်ဆည်းဖို့ သူကို ကြည့်လိုက်တော့ မဲပြာ
ညစ်ထပ်နေသော အသားနှင့် ခါးလျားရှည်ရှည်
မျက်နှာခပ်ကြမ်းကြမ်းကြီးနှင့် ဖြစ်သည်။

တစ်နှစ်အရွယ် ကလေးမလေးတစ်
ယောက်ကို ချီပိုးပြီး တစ်ယောက်ကို လက်တွဲ
လျက် ဇနီးသည်ဖြစ်ဟန်တူသည့် မိန်းမတစ်
ယောက်က နံဘေးက ပါသေးသည်။

အလုပ်လိုချင်လို့ပါ ဆိုသည်ကတော့
ဟုတ်ပြီ။ ခက်တာက ကျွန်မ ယူကြည့်သည့်
ကားမောင်းလိုင်စင်က သူလိုင်စင် မဟုတ်တာ
သေချာသည့်တိုင် သူက ဟုတ်ပါသည်ချည်း
ဇွတ်ငြင်းနေသည်။ နောက်ဆုံး ကျွန်မက ခန့်
ဖြစ်ရင် ခေါ်လိုက်မယ်ဟု ပြန်ခိုင်းတော့ ဘေးမှ
ကလေးက လက်အုပ်ကလေး ချီပြီး ကျွန်မကို
ငိုချ ကန်တော့ကာ ''အဖေ့ကို အလုပ်ပေးပေး
ပါ။ သမီးတို့ ထမင်းမစားရတာလည်း နှစ်ရက်
ရှိပါပြီ''ဟု ဆိုလာတော့ ရင်ထဲနင့်ခနဲ့ ခံစားလာ
ရသည်။ ဒါက စကတည်းက ယဉ်သကိုး ဇာတ်
လမ်းဆိုပါတော့။

မိတ္ထီလာ ဇရပ်ကြီးရွာကဆိုလား ပြော
သည်။ နေပြည်တော်မှာ အလုပ်လာရှာတာ မရ
သေး၍ သူများအိမ်အဖိမှာ နေပြီး ငှားနေခ ပေးမို့
နေနေသာသာ စားဖို့ပင်မရှိတော့ကြောင်း
သူ့မိန်းမက မျက်ရည်ခဲထိုးလာသည်။ ကျွန်မ
ဆိုတာကလည်း မျက်ရည်မြင်လျှင် စိတ်မခိုင်
သူ၊ ပျော့ညံ့သူတစ်ဦးပင်။

''ကဲ . . မငိုကြနဲ့တော့၊ ကျွန်မ ခန့်ပါ
မယ်၊ ဟုတ်ပြီလား။ ဒါပေမဲ့ ဒီလိုင်စင်က ဘယ်
သူ့လိုင်စင်လဲ'' ဆိုမှ သူ့လိုင်စင် ပျောက်သွား၍
ညီဖြစ်သူ၏ လိုင်စင်ဖြစ်ကြောင်း ဝန်ခံသည်။
ဒီတော့ လိုင်စင်ပျောက်ဆုံး လျှောက်ဆိုတော့
လည်း အသစ်ပဲ လျှောက်မည်ဟု ဇွတ်ငြင်း
သည်ဖို့ သင်မောင်းလိုင်စင် လုပ်ပေးပြီး သူ့ကို
ကားမောင်းခိုင်းတော့လည်း မကျွမ်းကျင်ဖို့ ကျွန်မ
ခေါင်းခဲရသည်။

ခင်ပွန်းသည် ပြည်ပခရီးသွားချိန်ဖို့ ကိုယ့်
ဘာသာကိုယ် စီစဉ်ပြီး ကျွမ်းကျင်သူကို ဆီ
ထည့်ပေးပြီး အမောင်းကျွမ်းကျင်စေရန် ဦးစွာ
သင်ခိုင်းရသေးသည်။ ကျွန်မမှာတစ်လလောက်
အကူဒရိုင်ဘာငှားပြီး ဒုက္ခရောက်နေသည့် သူ
မိသားစုအတွက် ရှာကြံပြီး အလုပ်ပေးရမယ့်
ယနေ့အချိန်အထိ ကျေးဇူးတင်ကြောင်း တစ်
ချက် ပြောမသွားခဲ့သူတွေပါ။

ဟော . . . မောင်းတတ်ပြီး မကြာခင်
လိုင်စင်လည်းရ၊ အလုပ်ကလေးက ဖြောင့်လာ
တော့ ကော်မရှင်နှင့် လခပေးထားတာကို
မလောက်လို့ တိုးတောင်းတဲ့ ဇာတ်လမ်းရှည်က
တစ်လတစ်မျိုး မရိုးနိုင်အောင် ကျွန်မမှာ ရှင်းရှ
မနိုင်ပါ။

နယ်မှာကျန်သည့် ကလေးကို ဘော်ဒါပို့
သည်ဆိုတော့ ကျွန်မပင် အံ့သြသွားသည်။
လောကမှာ ကိုယ့်အိုးနှင့်ကိုယ့်ဆန် တန်ရဲပဲ
ကောင်းသည်။ နယ်မှ ရှစ်တန်းကျောင်းသားကို
ကျွန်မထံ အလုပ်ဝင်ပြီး မကြာမီ ဘော်ဒါပို့သည်
ဆိုတော့ ဘော်ဒါစရိတ်ကို သုံးလစာ တစ်ခါပေး
စနစ်မို့ ကြိုထုတ်ပြီး ကားမှရသည့် ပိုက်ဆံဖြင့်
ကျွန်မသိတာရော၊ မသိတာပါ ယူငင်စား
သောက်ပေမဲ့ ကျွန်မက မေတ္တာစိတ်ဖြင့် သည်း
ခံခဲ့ပါသည်။

ထိုအချိန်က နေပြည်တော်မှာ ကားရှား
ရှိလည်း သူ ခိုးတာတောင် ကျွန်မအတွက်
ကျန်ပါသေးသည်။ ဒါကြောင့်လည်း 'ခိုးမစားတဲ့
ဒရိုင်ဘာ မရှိဘူး' ဟူသော ကားသမားလောက
မှ ကြားရသည့် စကားလိုပဲ ကျွန်မ လျစ်လျူ
ရှုခဲ့ပါသည်။

သူ့အားသာချက်က အချိန်မှန်သည်။
ပိုက်ဆံရမယ်ဆိုရင် သုံးရက်ဆက်တိုက် နေ့
ရောညပါ မောင်းဆိုလျှင်တောင် မောင်းတတ်
သည့် သားသမီးများအတွက်ဆို ကျောခင်း
လမ်းလျှောက်စေတတ်သည့် ဖခင်စိတ်ရှိသည့်
လူမျိုးမို့ ကျွန်မ လျစ်လျူရှုကာ ဥပေက္ခာတရား
ဖြင့် ဒေါသကို မျိုချနေသည်မှာ အကြိမ်ကြိမ်
ဖြစ်သည်။

အလုပ်အရှိန်ရပြီး တစ်နှစ်နီးပါးကြာတော့
ရုတ်တရက်ကြီး ရွာပြန်မည်ဟုဆိုတော့ ကျွန်မ
အံ့သြမိပေမဲ့ ပေးကမ်းထောက်ပံ့လိုက်ပါသေး
သည်။ ခုကျတော့လည်း ရွာမှာ သူမိဘတွေက
တောင်သူကြီးတွေမို့ သွားပြန်ဦးစီးရမည်ဆိုပဲ။
တတ်လည်း တတ်နိုင်ပါသည်။ ရုပ်ရှင်ထဲကလို
သူဌေးက ဆင်းရဲသားယောင်ဆောင်ပြီး အလုပ်
လာလုပ်သည့် ပုံစံမျိုး။ ဇာတ်သဲနောသည်ကိုပဲ
ကျွန်မကယုံပြီး မဆပ်ဘဲ ကျန်သည့်အကြွေး
ကိုပင် ခဝါချလိုက်ပါသေးသည်။

နေပြည်တော်ဆိုတာလည်း တကယ်
တော့ လုပ်စားစရာ နေရာတွေက ရုန်ကုန်လို
မကျယ်ပေမဲ့ ဒီအကွက်ကလေးကိုပင် လုယက်
နေကြသူတွေက မျက်နှာပြောင်ပြောင်ပင်။

''ဒီနေ့ ဆိုက်ကားသမားက နောက်တစ်
နေ့ ကားပိုင်တောင် ဖြစ်သွားလောက်တဲ့ မြေ
ဈေးတွေက ယခင်က တစ်သိန်းပင်ပြည့်အောင်
မရသော မြေလေးကို သိန်းနှစ်ရာဖြင့် ရောင်း
ချနိုင်သည့် ရွှေခေတ် အချိန်မှာ ကျွန်မကျောင်း
ကားရဲ့ စယ်ယာက မြေရောင်းပြီး ကားတစ်စီး
ဝယ်လိုက်သည်တဲ့။

ကားသာ ဝယ်လိုက်သည် မမောင်းတတ်
သည့် စယ်ရာလေးကို သူခြေသူလက် ဦးစီးပြီး
ကျွန်မလုပ်ငန်းရဲ့ ခွင်တွေကို ခပ်တည်တည်ဝင်ပြီး

www.burmeseclassic.com

www.burmeseclassic.com

လုပ်ကိုင်နေတော့ ရွာပြန်မည် လိမ်ပြီး နောက်ကျောမားထိုးသည်ကို အတော်လေး နာကျင်သွားခဲ့သည်။

အဲဒီတစ်နှစ်လုံး ကျန်မ ထိုလုပ်ငန်းကို ရပ်နားပြီး ဖယ်ရီတစ်ခုတည်းဖြင့် ရပ်တည်ခဲ့ရ ဖူးပါသည်။ ကျန်မမိတ်ဆွေတချို့က နံဘေးမှ ဒေါသထွက်နေတာကိုပင် ကျန်မက 'ထားလိုက်ပါ'ဟု ဖျောင်းဖျပြီး တက္ကစီအလုပ်ကို စွန့်လွှတ်ပြီး ကျန်မကားဖြင့် ချိတ်ဆက်ထားသော Stand by ငှားတတ်သည့် လုပ်ငန်းသမား အားလုံးနှင့် ကုမ္ပဏီမိတ်များကို အားလုံးရယူ ပြီး မြေပွမ္ပသွားသည့် စယ်ရာနှင့် နှစ်ယောက် ပေါင်း လုပ်ကိုင်နေချေလေပြီ။

''သမုဒ္ဒရာရေကို တစ်ယောက်တည်း သောက်လို့ မရပါဘူး''ဟု ကျန်မက ဖြေသိမ့်ပြီး နောက်ဆုတ်လိုက်ပေမဲ့ သူမွေးတဲ့မျောက်က မကြာခင် သူ့ကို ပြန်ခြောက်ပြန်သည်။

ကားအုံနာဖြစ်သွားတဲ့ စယ်ယာကောင်လေးက ဆယ်လလောက်ပဲ သူ့ကို သုံးသည်။ ကိုယ်တိုင်လည်း လိုင်စင်ရ၊ ညီအစ်ကိုနှစ်ဦးလည်း ဦးစီးနိုင်တော့ သူ့ဒဏ်မခံနိုင်၍ ကန်ထုတ်လိုက်ပြီဆိုပဲ။

ဂိတ်မှာ ကြုံတဲ့ကား တက်မောင်းပြီး ရှာဖွေစားရတဲ့ဘဝမှာ သူမိန်းမက သပြေကုန်းဈေးက ကုန်ခြောက်ဆိုင်တစ်ဆိုင်မှာ အရောင်းအကူ ဝင်လုပ်ရသည်။ ကျန်မနှင့် တွေ့တော့ ''ဆရာကတော်၊ ကျန်မတို့ကို ကူညီပါဦး''ဟုဆိုကာ မိသားစု အလုပ်မရှိ၍ ဒုက္ခရောက်ကြောင်းတွေ ပြောပြသည်ကို ကျန်မ နားထောင်မိသည်က အမှားဖြစ်သည်။

''လူတွေအကြောင်းလည်း သိသွားပြီ။ နောင်တလည်းရသွားပါပြီ''လို့ ဆိုပြီး ကျန်မ ကားပြန်မောင်းချင်လို့ပါဟု ထပ်ပြန်တလဲလဲ ဆိုလာတော့ ကျန်မစိတ်က အမှတ်မရှိ ယိုင်လာပြန်သည်။

ပိန်ချုံး ချိုနဲ့ နေတဲ့ သူတို့မိသားစုက ကျန်မအိမ်ပေါ် တက်လာပြီး အရှက်မရှိ အလုပ်လာပြန်တောင်းတော့ တခြားသူတွေက 'မောင်းထုတ်ပစ်လိုက်'ဟုပင် ကျန်မအစား ဒေါသဖြင့် တိုက်တွန်းသလောက် ကျန်မကတော့ မိသားစုတာဝန်ကို ထမ်းပြီး သားကျေး။ မယားကျေးလို့ ကျွေးလို ရှာဖွေနေရရှာတဲ့ အသနား ခံတဲ့သူ ဒီတစ်ကြိမ်တော့ နောင်တ တကယ်ရတန်ကောင်းရဲ့ဟု တွေးပြီး လက်ခံခဲ့ပြန်သည်။

သူမိန်းမနှင့် ကလေးတွေအတွက် အဝတ်အစားနှင့် အစားအသောက်ကို ပူစရာပင် မလိုအောင် ကျန်မ မတော်သည့် အဝတ်တွေ အထုပ်လိုက်နှင့် အစားအသောက်ဆိုလည်း တစ်နေ့ချက်သာ တစ်နေ့စားသည့် ကျန်မက မကုန်လျှင် အားလုံး ပေးပစ်လိုက်သည်။ ထမင်းပေါင်းအိုးနှင့် မွေ့ယာပါမကျန် တီဗီကအဆုံး ကျန်မပေးခဲ့ဖူးပါသည်။

ကျန်မအိမ်နှင့် သပြေကုန်းဈေးသာ ခြားသည့် သူ ငှားနေသည့်အိမ်ကို အသွားအပြန် အတွက် ဆိုင်ကယ်နှင့် အလုပ်အတွက် သုံးရန် ဟမ်းဖုန်း ဝယ်ပေးထားသည့် ကျန်မဆီက ဘယ်လောက်ရရ ခွာမည်ဆိုသည့်သူ။

ကိုယ့်ဆိုင်ကယ်နှင့် မြို့မဈေးဘက်ခိုင်း စရာရှိလျှင် ဆိုင်ကယ်ဆီဖိုးဟု တစ်ထောင် တောင်းတတ်တဲ့ သူ့ကို အဲဒီလို ပေးပြီးမှ ခိုင်းလို့ ရသလို တစ်သောင်းတန်ကတ် ထည့်ထားပေး လျှင် တစ်ပတ်နှင့် ကုန်၍ စိတ်ပေါက်ပေါက်နှင့် ကျန်မ မထည့်ပေးပြန်တော့လည်း Receiving တစ်ခုတည်းနှင့် ဖုန်းကိုင်ထားသည်။

တစ်လကို ကျန်မ နှစ်သိန်းထက်မနည်း လခနှင့် ကော်မရှင်လစဉ် ရှင်းပေးတာတောင် သူက နည်းသည်ထင်သည်။

ကားမှ ဝိုက်ဆန့်၊ ထမင်းပေးစားသလို ကွမ်းဖိုး၊ လက်ဖက်ရည်ဖိုး သုံးခွင့်ပေးပါသည်။ ဒါ့အပြင် မသိအောင်ယူသော လေးငါးထောင် ကိုလည်း အသာငြိမ်နေလိုက်ပြန်တော့ တစ်ဆင့်တက်ပြီး သောင်းချီပြီး ဖြတ်အုပ်တာမှ အကြိမ်ကြိမ်ပင်။

မိလျှင် အီး . . အားဖြင့် နောက်မလုပ်ပါဘူး ဝန်ခံပြီး ဆယ်တန်းကျောင်းသား ဖြစ်နေသည့် သူသားဘော်ဒါကြေးအတွက် ရှာနေရပြန်ပါပြီတဲ့။

နယ်မှာ တစ်လတစ်သိန်းရှစ်သောင်း ဘော်ဒါကြေးကို ကျန်မကားထဲမှ နိုးဝှက်ပြီး လစဉ်ပို့ပေးနေတာကိုလည်း သိသိကြီးနှင့် ကျန်မက ထုံးစံအတိုင်း ငါ့အတွက် ကျန်ပါသေးတယ်လေဆိုပြီး ခွင့်လွှတ်တဲ့စိတ်က သူ့ကလေးတွေအပေါ် မိခင်စိတ်ရှိနေတဲ့ မေတ္တာတရားကြောင့်ပဲ ဖြစ်သည်။

ကျန်မ ထုတ်လိုက်လျှင် ဘော်ဒါတစ်ဝက် တစ်ပျက်ဖြင့် ဒီကလေး ပညာရေး ပျက်သွားမလား၊ လူမမယ် ကလေးငယ်လေးတွေနဲ့ တစ်နယ်တကျေးကနေ လာပြီး နေကြရရှာတဲ့ သူ့မိသားစု ဒုက္ခရောက်သွားရှာမလားဆိုပြီး ငါ့စီးပွားမပျက်ရင် တော်ပြီ၊ ခိုးသင့်သလောက် သူ့ခိုးမှာပါလေလို့ ဖြေသိမ့်တွေးတဲ့ ကျန်မကို 'စီးပွားရေး မလုပ်နဲ့ ခေါင်းတုံးရိတ်ပြီး သီလရှင်ဝတ်ပြီး တောထွက်ဖို့ပဲ ကောင်းတယ်'' ဟု ခင်ပွန်းသည်က နံဘေးမှ အားမလို အားမရ အပြစ်တင်သည်။

ကျန်မနှင့်ပတ်သက်သော ကုမ္ပဏီနှင့် ဟိုတယ်လုပ်ငန်းမှ စုပြုံကျလာသည့် အော်ဒါတွေ မနိုင်နင်းလျှင် ပွဲခယူပြီး တခြားကို သူပေးလျှင်လည်း ကျန်မက မုဒိတာပွားပြီး ကိုယ့်အလုပ်သမား ဗိုက်ဝလျှင် ကျေနပ်နေသူ။

ဟော . . ထုံးစံအတိုင်း တစ်နှစ်နီးပါး ရှိလာသည့် ဖေဖော်ဝါရီကုန်လို့ မတ်လဆန်းရောက်တော့ သူသားဘော်ဒါကလည်း ပြီးပြီ။ ကျန်မရဲ့ ထပ်ခဲ့ထွင်ထားသည့် အလုပ်ရဲ့ ကွင်းဆက်ချိတ်ဆက်တွေကို ထုံးလိုချေရေလိုနောက် သိပြီဆိုတော့ ခင်ပွန်းနှင့် တစ်ရုံးတည်းမှ အရာရှိငယ်၏ ခင်ပွန်းဖြစ်သော အိမ်မှာ ကလေးထိန်းပြီး ဆယ်စုနှစ် နှစ်စုစာမျှ ထမင်းဟင်းချက်ပြုတ် အိမ်မှုကိစ္စဖြင့် အချိန်ကုန်သော အိမ်ဘေးမှ လူအား ကားဝယ်ရန် ယုတ်မာစွာ လမ်းကြောင်းပေးပြီး သူ ဦးစီးပြီး လုပ်ငန်း Source တွေကို ယူဆောင်သွားပြန်ပါသည်။

မှတ်မှတ်ရရ ကျန်မဒေါသဖြင့် ဆူခဲ့သည့် နေ့က စပြီး သူက ဘေးအိမ်မှ လူနှင့်ပေါင်းပြီး စတင်ကြံစည်နေပြီဖြစ်သည်။ အဲဒါကလည်း ဖြစ်ပြီးတာ တစ်လကျော်ကြာပြီး ယခုမှ သိခြင်းဖြစ်သည်။

ထိုနေ့က နိုင်ငံခြားသားကို လပြတ်ငှားထားသည့် ကျန်မ Custom ကား မိုင်တိုင် အမှတ် ၂၇၇ မှာ ပျက်သည်ဟု ဖုန်းဝင်လာသည်။ အမျိုးသားက ဇီးပင်ကြီးမှာ သင်တန်းတက်နေသဲ့။ အိမ်မှာ ကျန်မတစ်ယောက်တည်း သူကိုခေါ်ပြီးသွားတော့ ကျန်တော့်သူငယ်ချင်းကားကို ကားChange ပေးဖို့ ခေါ်လိုက်ပါလား''ဟု အကြံပေးသည်။

ကျန်မ ထူထူပူပူဖြင့် ခေါင်းညိတ်ပြီး ခေါ်သွားပါသည်။ ဟိုရောက်တော့ နိုင်ငံခြားသားက ကျန်မ၏ အခြား custom တစ်စီးငှားထား သော သူ့သူငယ်ချင်းကားကို ခေါ်ပြီးပါပြီတဲ့။

ဒီတော့ ညနှစ်နာရီထိုးအထိ သီးကုန်း ဂိတ်မှ ဒရိုင်ဘာ သွားခေါ်ထားသည့် မပြင်တတ်ပေမယ့် ငွေတောင်းတတ်သည့် ဝပ်ရှော့ ဆရာက Spare part တွေသာ မိတ္ထိလာသွားဝယ်ပြီး ပြင်ပါသော်လည်း စက်က မိုးလင်းတော့မည် မနိုးသည်မို့ ကျန်မလည်း ဆက်မပြင်တော့ဖို့နှင့် နေပြည်တော်ကို ကားဆွဲပြီး ပြန်တော့မည်လုပ်သည်။

မန်မန်းအောင် ပြင်မည်၊ ရပ်မိုင်းလျှင် လည်း ပြင်ဆင်ခကို သူတို့ သဘောကျပေးရ မည်ဟု ကျန်မကို အကြပ်ကိုင်၍ ညတစ်နာရီ ထိုးစကားများနေရသည့် ကျန်မနှင့် ဝပ်ရှော့ဆရာပွဲတွင် သူက ပျောက်နေသည်။

နောက်တော့မှ ငှားလာသည့်ကားအပေါ်မှာ ခွေခွေလေး အိပ်ပျော်လျက်ဖြင့် ကျန်မ နှိုးမှ နိုးသည့် အလုပ်ရှင်အပေါ် မငဲ့တတ်သော အလုပ်သမားမှန်း ကွင်းကွင်းကွက်ကွက် ပေါ်သည်က ငှားလာသည့် ကားခက မသုံးဖြစ်ခဲ့မတန်မဆစ်ကို တောင်းယူခြင်းပဲ ဖြစ်သည်။

''မရဘူး။ မိုင်တိုင်အမှတ် ၂၇၇ နဲ့ နေပြည်တော်ကို လူလိုက်လိုက်၊ မလိုက်လိုက်

www.burmeseclassic.com

www.burmeseclassic.com

အသွေးအပြန်အနှန်း ယူတယ်။ အစ်မ ဒရိုင်ဘာက ကြိုက်ရွေးပေးမယ်ဆိုပြီး ခေါ်လာတယ်ဆိုပဲ။ ဦးကော့ ကျွန်မ အင်ဂျင်တစ်လုံးလုံး လဲလိုက်ရသည်။ ၎င်းကားဒရိုင်ဘာက ကား Heat တက်သည်ကို မသိဘဲ အိပ်ပျော်နေပြီး သော့ကို ခြေခြောင်းသားကို ပေးပြီး မောင်းစေသည်တဲ့။

"ကိုယ့်ဒရိုင်ဘာက နိုင်ငံခြားသား၏ ကားထိ၏ စည်ကပ်းကို ဖောက်ပြီး မောင်းချင်သည့် နိုင်ငံခြားသားလက်ထဲ ကားသော့ထည့်ပြီး မောင်းစေသည်တဲ့၊ ဖြစ်လာတော့ သူတို့ အလုပ်သမား ဘာလုပ်နိုင်မည်လဲ၊ ကိုယ်ပဲ ပြန်ပေးသည်။ ကားထောင်စားရသည်က ဒီလို ဖြစ်သည်မှ မရှိသော၊ တာဝန်မဲ့သော ယာဉ်မောင်းများ ရှိသလို ဒင်းလို အပြီးကျက် အပြီးစား ခေါင်းကျက် ခေါင်းစား၊ ဘယ်သူသေသေ ဆေးမာစိတ်ဓာတ်ရှိသူတွေကလည်း ဒုနှင့်ဒေး ရှိသည် ထင်ပါသည်။

ကဲ . . . ခုပဲကြည့်၊ ကျွန်မမှာသာ ဒေါင်ဆိုင်းနေသည်။ သူက ငှားခဲ့သည့် သူမိတ်ဆွေထံမှ ကော်မရှင်နှင့် အင်ဂျင်ဝယ်သည်ဆိုင်ရာသည်း ပွဲခထုတ်သည်တဲ့။ ဒီထက်ဆိုးသည်ကတော့လက်ခကိုပင် ဈေးတင်ခိုင်းသည်ကို အားလုံးပြီးမှ သိရသည်။

ပြောင် . . . ကျွန်မမှာတော့ ယုံလိုက်ရတာ၊ လုပ်ပြန်ပြီဟဲ့လို့ ခံရမှ သိတော့ လက်ပူးလက်ကြပ် ဘယ်ရွှေ့ဘယ်မှ အတိအကျ ကြားရသည့်အတိုင်း မေးတော့လည်း ဟုတ်ပါသည်။ သို့သော်ဆိုပြီး ဟိုထွေး ဒီထွေးတွေ ဝေဝေဝါးဝါးဖြေသည်။

ဒါတောင် ကျွန်မ မထုတ်ဘဲ ဆက်သုံးပြန်တော့ နောက်ပိုင်း ကုမ္ပဏီက ဆက်တိုက် ငှားသည့် ရရှိငွေစာရင်းတွေကို အမှန်မပြောတဲ့အပြင် သူက ထုတ်ပြီးပင် သုံးနေလိုက်သေးသည်။

တော်တော်လေး ဒေါသထွက်ပြီး ကျွန်မ ဒုတိယအကြိမ် ငေါက်ပစ်တော့ ဘော်ဒါမှ ကလေးက ငွေလုမ်းမှာလို့ပါတဲ့။ ကိုယ်တိုင် ဘာမသုံးမစွဲဘဲ သားသမီးကို ဆိုးဝှက် လိမ်လည်ကျွေးနေတဲ့ ဒီဖခင်လုပ်စာကို စားနေ သည့် လူမမယ်ကလေးတွေ မျက်နှာပြင်တိုင်း ကျွန်မက ပြတ်သားစွာ စိတ်လျော့လိုက်ရပြန် သည်။

အမှန်ဆို ဒီလူကို ပထမအကြိမ်ကတည်းက ကျွန်မ ခါးသီးစွာ လျစ်လျူရှုရမှာ ဖြစ်သည်။ ခုတော့ . . .

♛ ♛ ♛

ဒီတစ်ခါလည်း ရွာတစ်ပတ်ပြန်မည်ဆိုတော့ မယုံတစ်ဝက်၊ ယုံတစ်ဝက်ဖြင့် ကျွန်မ ခွင့်ပြုလိုက်ပြီး နောက်တစ်ရက်မှာ ကျွန်မအိမ်ဘေးရှိ လူက ကားတစ်စီးကို သူ့အစီအမံဖြင့် အရစ်ကျ အကြွေးဖြင့် ဝယ်လာပြီး သူလက်ထဲ အပ်လိုက်သည်။

ခပ်တည်တည်ဖြင့် သူသာ ဦးဆောင်သူ လူတတ်ကြီး လုပ်ကာ ကျွန်မ၏ အရှိန်ရပြီး လုပ်ငန်းကို ၎င်းကားဖြင့်ဝင်ရောက် လုပ်ကိုင်နေချေပြီ။

အားနာစိတ်၊ သနားစိတ်ဖြင့် ကျွန်မက တော့ မိအေးနှစ်ခါနာဆိုတဲ့ စကားပုံလို ခင်ပွန်းသည်၏ ဝေဖန်ပြစ်တင်မှုနှင့် ပတ်ဝန်းကျင်မှ စုတ်တသတ်သတ်နှင့် မေးမြန်းမှုကို ခေါင်းငုံ့ခံပြီး မေတ္တာပွားနေရုံအပြင် ဘာမှ မတတ်နိုင်ပါ။

စီးပွားရေးမှာ မေတ္တာမလိုဘူး။ အလျော့ပေးရင် ခံရမှာပဲဆိုသည့် သူငယ်ချင်း စီးပွားရေးသမားက ကျွန်မကို သတိပေးဖူးသည်။ သူငယ်ချင်းစကားကို ခုမှ အဖန်ဖန်၊ အလဲလဲ ဆင်ခြင်မှ အရာရာက နောက်ကျခဲ့ချေပြီ။

ကျွန်မ စီးပွားရေးသမားစစ်စစ် ဖြစ်ရန် အတွက် ရှိမနေသင့်သော ကျွန်မ၏ ဆိုးရွားသော အကျင့်စရိုက်ဟု ယူဆ၍ ရနိုင်သော ခွင့်လွှတ်တတ်သော မေတ္တာဖြင့် သည်းခံသည့် ကျင့်စဉ်ကို စွန့်လွှတ်ဖို့ စွမ်းအားတွေ ခက်ခဲစွာ မွေးမြူကြည့်ရပါဦးမည်။ ခုနေချိန်ခါမှာ ကျွန်မသည် ဥပေက္ခာပြုနိုင်သည့် အတ္တကြီးသူတစ်ယောက် ဖြစ်ချင်နေပါသည်။

နိုင်

www.burmeseclassic.com

www.burmeseclassic.com

ကောင်းကင်မှ မြေပြင်သို့

မျိုးသန့်

အခုနှစ်ပိုင်းတွေမှာ ကဗျာစာအုပ်တွေ တစ်အုပ်ပြီး တစ်အုပ် ထွက်နေတာကို ကဗျာသမားတွေအနေနဲ့ အားရဖွယ်ရာ တွေ့နေရပါတယ်။ တစ်ယောက်ချင်းရော နှစ်ယောက်သုံးယောက်ပေါင်း စတာတွေ အပြင် စုပေါင်းကဗျာစာအုပ်တွေပါ တွေ့နေရပါတယ်။

အခုလည်း တမူထူးတယ်လို့ ဆိုနိုင်တဲ့ စုပေါင်းကဗျာစာအုပ်တစ် အုပ် ထွက်လာပါတယ်။ ၂၀၁၃ ဇန်နဝါရီလမှာ ထုတ်ဝေတဲ့ 'ကောင်း ကင်လက်ရွေးစင်ကဗျာများ' စာအုပ်ဖြစ်ပါတယ်။ အမှာစာကို ကောင်းကင် နိုင်ငံပြု မဂ္ဂဇင်းမှ ကိုထိုက်ဆိုသူက ရေးထားတယ်။

အင်တာနက်ပေါ်က Online ကဗျာလေးတွေကို ပုံနှိပ်မီဒီယာအဖြစ် အသွင်ပြောင်းထားတာလို့ ဆိုပါတယ်။ ရေးသားသူတွေကတော့ ခေတ်ပေါ် မော်ဒန်ကဗျာဆရာကြီးတွေကစလို့ ခေတ်လယ်မော်ဒန်ကဗျာရေးသူတွေ အလယ်၊ မော်ဒန်ခေတ်နောင်းနဲ့ ခေတ်ပြိုင်ကဗျာဗေဒသစ် ကဗျာဆရာ ငယ်လေးတွေအထိ စုံလင်အောင် စုစည်းထားပါတယ်။

မောင်သင်းဆိုင်၊ မောင်ဒီ၊ မောင်စိမ်းနီ၊ အောင်ချိမ့်၊ သစ္စာနီ၊ မောင်ပြည့်မင်း၊ ခင်အောင်အေး၊ ဇေယျာလင်း၊ လှသန်း၊ ဘုန်းသက်ပိုင်၊ ခရမ်းပြာထက်လူ၊ ကိုရွှေ၊ ဝင်းမြင့်၊ မောင်တင်သစ်၊ လွှမ်းရုံ၊ မိုးဝေး၊ ဝေးခေါင်၊ အိုအောင်၊ မနော်ဟရီ၊ စိုင်းဝင်းမြင့်၊ သည်မော်နိုင်၊ ထိန်လင်း၊ ကြည်ဖော်အေး၊ ဖော်လူစိမ်း၊ သူရနီ၊ မျိုးတေဇာမောင်၊ အိန္ဒြာ၊ ပန်ဒိုရာ စတဲ့ နာမည်ရကဗျာဆရာကြီးငယ်တွေ ပါဝင်တာမို့ ခေတ်ပေါ်မော်ဒန်၊ နောင်းမော်ဒန်၊ ခေတ်ပြိုင်ကဗျာသစ်ရေးသူတွေ တော်တော်စုံလင်တယ်လို့ ဆိုရမယ်။

ရေးသားဖွဲ့စွဲပုံမှာလည်း မော်ဒန်ခေတ်ဦးစရေးပုံက စပြီး မော်ဒန် ရေးဟန်၊ နောင်းမော်ဒန်ရေးဟန်၊ ခေတ်ပြိုင်ကဗျာဗေဒသစ်ရေးဟန်များ အထိ စုံလင်ပါတယ်။ ထူးခြားတာက ကဗျာတွေရဲ့ အတွင်းသား၊ အကြောင်းအရာပါပဲ။ ကျွန်တော် အမှတ်ထားမိတဲ့ ကဗျာတချို့အကြောင်း မိတ်ဆက်သဘော ရေးချင်ပါတယ်။

ပထမဆုံးဖတ်ရတဲ့ 'ကြည်ဖော်အေး'ရဲ့ 'နှစ်ငါးဆယ်' ကဗျာရှည် ဟာ အမှောင်ခေတ်ရဲ့ အုံ့ဆိုင်း မိုးသားတိမ်တိုက်များအောက်က အနေ အထားအမျိုးမျိုးရဲ့ အကျဉ်းချုပ် သံစဉ်ဖြစ်ပါတယ်။ သိပ်သည်းကျစ်လျစ် တဲ့ အဖွဲ့တွေနဲ့ ကားချပ်တွေကို တစ်ချပ်ပြီး တစ်ချပ် လှစ်ဟပြသွားပါ တယ်။

'ငါဟာ
အနာဂတ်ကို အမှီကပ်ပုံထဲမှာ
တူးဆွရှာဖွေနေတဲ့ သူတောင်းစား။
'ငါဟာ
ဒုက္ခသည်စခန်းထဲက
ခြေတစ်ဖက်ပြတ် တိုင်းရင်းသား။

ငါဟာ
ထမီသူဝိုး။
ငါဟာ
ယောင်ခြောက်ဆယ် ပညာတတ်။

ဘုရားဖူးထွက်ရုံနဲ့
တရားထူး မရခဲ့ကြသူတွေလို
ရွှေကောက်ပွဲတွေနဲ့ လွှတ်တော် အဆောက်အအုံတွေကြား
မျက်စိလည် လမ်းမှားခဲ့ကြပေါ့။
ရန်ကုန်ဟာ
နောက်ပြန်လှည့်တော့ဘူးလို့
နောက်ပြန်လှည့်ကြည့်ပြီး ပြောရဲ့ . . . '

ကြည်ဖော်အေးဟာ မောင်လေးအောင်၊ လှသန်း၊ မိုးယံဖော်တို့ရဲ့ ပင်မရေစီးလမ်းကြောင်းထဲက စောင့်ကြည့်ရမယ့် လူငယ်ကဗျာဆရာတစ် ယောက် ဖြစ်တယ်။ သူလိုပဲ နောက်ကဗျာဆရာတစ်ယောက်က လူအိမ်။ ဒီစာအုပ်ထဲမှာတော့ မပါဘူး။

ဒုတိယဖတ်ဖြစ်တဲ့ ကဗျာကတော့ ကိုရွှေရဲ့ 'မထည့်ဖြစ်တဲ့ စာ'။ ကိုရွှေဟာ ကျွန်တော်တို့ ကဗျာသမားတွေ သိထားတာက သူဟာ ဒီ ဘက် ၂၀၀၀ နောက်ပိုင်း မြန်မာကဗျာလောကမှာ တွင်ကျယ်လာတဲ့ 'နှစ်ကာလများ' အသိုင်းအဝိုင်းနဲ့ နီးစပ်သူ ဖြစ်ပါတယ်။

ဒါပေမဲ့ သူဟာ ဘာသာစကားနဲ့ အစွန်းရောက်မှုကို ရှောင်ရှား ပြီး နည်းသစ်တွေကို ပင်မရေစီးမော်ဒန်ထဲ အလိုက်သင့် ဆွဲယူ ဖန်တီး တတ်ကြောင်း သူ့ရဲ့ ကဗျာတွေက ဖော်ပြနေတယ်။ သူ့ရဲ့ ကဗျာတွေ ဟာ ဖတ်ရလွယ်ကူတဲ့ ကဗျာတွေ ဖြစ်ပါတယ်။

ဒီကဗျာမှာ ဒီနေ့မျက်မှောက်ခေတ် မြန်မာ့လူဘောင်မှာ ကြုံတွေ့ နေရတဲ့ ဖြစ်ရပ်တွေကို တိုထိထည့်သွင်း ဖွဲ့ဆိုထားတာ တွေ့ရတယ်။

'အလွမ်းတွေကို စမ်းရေထဲမှာ မျှောလိုက်ပေမယ့်။
စမ်းတွေက ဆည်တွေဖြစ်တော့ တကယ်ညစ်တယ်အစ်ကို

ဘယ်သူ့ဌေးမှ မတက်တဲ့ လမ်းဘေးအိမ်သာ ကျွန်မတို့တက်တယ်
ဘယ်သူ့ဌေးမှ မစီးတဲ့ မြို့ပတ်ရထား ကျွန်မတို့စီးတယ်

အမှီကတောင် ပစ်စရာမရှိတဲ့ ကျွန်မတို့ အမှီကခွန်တက်မယ်တဲ့
ရေခွန် လေခွန် မြေခွန် မီးခွန် ဓာတ်ကြီးလေးပါး အခွန်တက်မယ်
ဆိုလား

(စာ-၁၁)

သူရနီရဲ့ 'အရင်ကရာဖ် အခု အဝတ်စ' ကဗျာမှာ စူပါပါဝါ တချို့ရဲ့ ကျဆုံးခန်းကို အသွင်ပြောင်းသွားတဲ့ အလံနီမိတ်ပုံနဲ့ လှပစွာ ဖွဲ့ပြထားတယ်။

'တချို့လည်း ကုန်စုံဆိုင်လေးရဲ့ နေရောင်ကာ ပစ္စည်းအဖြစ်
အသုံးတည့်လို့
---

www.burmeseclassic.com

www.burmeseclassic.com

အပတ်စဉ်ထုတ် စာစောင်တစ်ခုမှာတော့ သမိုင်းတန်ဖိုးအဖြစ် ရိုးတိုး
နိုင်တိတ်

ရေမြေ့သမင်း ကေသရာဇာခြင်္သေ့မင်းဟူ၍ ဖြစ်ဖူးလေရဲ့''

(စာ-၁၇)

လွှမ်းရဲ့ 'ကဒါဖီရဲ့ နောက်ဆုံးမျက်နှာ အရေးသားခံကြည့်ခြင်း'မှာ အားဆာရှင်တွေရဲ့ ကျဆုံးခန်းကို ဖွဲ့ထားတယ်။

'ဒီလို မျက်နှာမျိုးနဲ့ ကဒါဖီကို
မြင်ရလိမ့်မယ်လို့
ဘုရားသခင်လည်း ထင်ခဲ့မိမှာ မဟုတ်ဘူး

ခေတ်သစ်ဆီ မျက်နှာမူနေတဲ့ လစ်ဗျာပြည်သူများ
ကမ္ဘာကြီးကို အဲသလို သင်ကြားပေးလိုက်တယ်''

(စာ- ၁၈/၁၉)

မာကျောတဲ့ အသံတွေကို ပိန်းမကဗျာရေးသူ (၂)ဦးကလည်း ဖွဲ့ဆိုပြီး ခေတ်ရဲ့ မျက်နှာပြင်ထဲ ခုန်ချလာကြရဲ့။

'အမှန်တရားအတွက် အမှန်တရားတွေသာ သက်သေခံပေလိမ့်
ငါတို့ သမ္မာဆန္ဒကို ဘာနဲ့မှ အရည်ဖျော်ချလို့ မရဘူး။
(သံမဏိလူ- အိန္ဒြာ)

'ငါ့အစွန်းအထင်းတွေ ငါ့အရောင်အသွေးတွေ ငါ့အနှံ့အသက်တွေ
မတုန်လှုပ် မဖိတ်စဉ်အောင် သယ်ဆောင်ရင်း
တောင်စဉ်ခုနစ်ထပ်ကြားမှာ ငါဦးနှောက်ရထား ဒုန်းစိုင်းနေတယ်'
(ငါဦးနှောက်ကို လျော်ဖွတ်လို့ မရဘူး- ပန်ဒိုရာ)

မိုးဝေးရဲ့ 'သမ္မတကြီးနဲ့ သုံးလေးမှတ်တိုင်' ကဗျာဟာ ဒီဘက် ကာလတွေမှာ ကျော်ကြားတဲ့ ခေတ်ပြိုပုံရိပ်တစ်ခု ဖြစ်ပါတယ်။ အများစု ဆော်ပြီး ဖြစ်တာပို့ မဖော်ပြတော့ပါဘူး။

ဇော်လူစိမ်းရဲ့ 'ကလေးစစ်ပွဲအတွင်းက ကွဲကွာသွားတဲ့ ကလေး စိတ်သားတွေ' ဟာ ဒီနေ့မငြိမ်းချမ်းနိုင်သေးတဲ့ နယ်စပ်ဒေသတချို့က ကြေကွဲစရာ မြင်ကွင်းတစ်ချပ်ပဲ ဖြစ်ပါတယ်။

''တစ်ရက်မနက်စောစော ချမ်းချမ်းစီးစီး အမှိုက်မီးထလှုံကြတုန်း
ငါတို့ ကြည့်ပြီးစ စစ်ကားရုပ်ရှင်ဇာတ်လမ်းကို အလုအယက်
ပြန်ပြောကြတုန်း
မီးပုံအောက်မြေကြီးထဲက သံချေးတက်နေတဲ့ ကျည်ဆန်တွေ
ထပေါက်တာ
တကယ့်စစ်ပွဲကြီးအတိုင်းပဲ ငါတို့ သွေးထွက်ခဲ့/ သွေးပျက်ခဲ့ရ
ငါတို့ ကျောင်းခန်းလေးထဲ ပြန်မဆုံဖြစ်တော့ဘူး''

(စာ- ၅၉)

ဝင်းမြင့်ရဲ့ 'ကျွဲတစ်ဖက် နွားတစ်ဖက် ထွန်ယက်ခြင်း' ကဗျာမှာ ကမောက်ကမ ခေတ်ကြီးရဲ့အဖြစ်ကို ဘာသာစကား အားပြုပြီး ရေးဖွဲ့ ထားတာ တွေ့ရတယ်။ ဒလမန်းကြမ်းတောထနေတဲ့ ဘာသာစကား ကဗျာတချို့ကိုလည်း ငြီးငွေ့လာပုံ ရတယ်။

'ဘာသာစကားဟာ ဆက်ဆွယ်မှုယန္တရားမှာ အသန့်ဆွဲသလိုမျိုး
ပြည်သူ့လမ်းကြားမှာ ပီဇာမုန့်တွေစားရင်း ကုန်ပစ္စည်းသစ် ဗီတာ
ဆက်ပွဲတွေ သွားရင်း
အပေါ်ထပ် အဆောက်အအုံက မဆင်းချင်တော့ဘူး''

(စာ- ၆၂)

ခရမ်းပြာထက်လူရဲ့ 'ငါတို့လူငယ်ဘဝ' ကဗျာကတော့ ၉၀ မျိုး ဆက်ကဗျာခေတ်ပြိုင်လူငယ်တွေ ကြုံခဲ့ရတဲ့ ခံစားမှုတချို့ကို ဖောက် ထုတ်လိုက်တာပါပဲ။

'မင်းလည်း ငါလည်း သွေးလှူဖို့ မစဉ်းစား . . ''

ဒီစာအုပ်မှာ sketch ဆန်တဲ့ [redacted] တွေ့ရတယ်။ ခင်အောင်အေး၊ ပန်းချီထိန်လင်း၊ နိုင်ဆင်ခြင်္သေ့ [redacted] ကဗျာရေးသူ ဇေယျာလင်းတို့ရဲ့ ကဗျာတွေမှာ ဖြစ်ပါတယ်။ [redacted] စမ်းသပ်မှုတွေ၊ ကက်သလောက်အရေးအသားတွေ၊ မှတ် [redacted] အတွေးအတိုအထွာတွေ။ အဆုံးမသတ်နိုင်သေးတဲ့ ဝါကျ အပိုင်းအစတွေ၊ လက်ရှိသဒ္ဒါစည်းနဲ့ မကိုက်တဲ့ ရေးလက်စဆန်ဆန် ပါဒတွေ၊ အရှဲ့ထဲ ရုတ်တရက် ဝင်ရောက်လာတဲ့ စာသား၊ အသံတွေ။ တစ်စုံတစ်ခုကို ဦးတည်နေရာက ဖျတ်ခနဲ လမ်းကြောင်းပြောင်းတဲ့အတိုင်း ချိုးကွေ့ သွားတာတွေ။ ကဗျာပုံကြမ်း အဆင့်အတိုင်း ထားလိုက်တာတွေ။ ဒီနေ့ မြန်မာကဗျာမှာ ထုနဲ့ထည်နဲ့ ခေတ်စားနေတဲ့ ကဗျာဇေဒသစ် စမ်းသပ်မှု တွေကိုတွေ့နိုင်မယ်ထင်ပါတယ်။

မောင်သင်းခိုင်၊ မောင်စိမ်းနီ၊ သစ္စာနီ၊ မောင်ဒီ၊ အောင်ချိမ့် စတဲ့ မော်ဒန်ခေတ်ဦးကဗျာဆရာကြီးတွေရဲ့ ကဗျာတွေကတော့ လွယ်ကူရှင်း လင်းတဲ့ ရေးဖွဲ့ပုံတွေနဲ့ ရေးဖွဲ့ထားတာ တွေ့ရပါတယ်။ ဒီကဗျာလေးတွေ ဟာ ခေတ်ဦးမော်ဒန်ရေးဟန်တွေနဲ့ ယနေ့ခေတ်ပြိုင် လူငယ်လေးတွေ ရဲ့ ရေးဟန်တွေ တောင်နဲ့မြောက် ကွာခြားသွားမှုကိုလည်း ဖော်ပြနေပါ တယ်။

ဥပမာ-

'သစ်လွင်မှဟာ
သူတို့ရဲ့ အနာဂတ်အတွက်
ပင်လယ်လိုင်းလုံးကြီးများပမာ . . .'

(မောင်ဒီ)

'မနက်ရေအေးအေးနဲ့
ကိုယ့်မျက်နှာကိုယ် ထိစမ်းပြီး မနက်မျက်နှာသစ်ရတိုင်း
ကိုယ့်ကိုယ်ကိုယ် အသစ်တွေ့ရှိရတာပဲ'

(အောင်ချိမ့်)

'ခုပြာ ခုမှိုင်း ခုဆိုင်း ခုကြည်
တိမ်ပလီမာယာတော 'မော'ပေါ် ခင်ရယ်'။

(မောင်စိမ်းနီ)

'ကဲ . . . ထွက်တော်မူ နန်းကခွာမယ်
အင်္ဂလန်ကို
ဘင်သံနဲ့ ပို့စမ်း'။

(သစ္စာနီ)

အကျဉ်းချုပ်ရလျှင် ဒီကဗျာစာအုပ်မှာ ခေတ်ပြိုင်ခံစားမှု၊ အတွေး၊ Message တွေကို အဓိက ဖော်ပြရေးဖွဲ့ထားကြတယ်။ နည်းလမ်းဖွဲ့ဆို ပုံတွေကလည်း အထွေထွေ အပြားပြားပါပဲ။

ဘာပဲဖြစ်ဖြစ် ဘာသာစကားနဲ့အိုင်ထဲမှာ မွန်းနစ်နေတဲ့ ကဗျာများ ကြားထဲက ခေတ်ပြိုင်လူမှုဘဝ ပုံရိပ်တွေကို ဒဲ့စောင်းကြည့်ဖော်ရလာ တဲ့ ကဗျာများဖြစ်လို့ ကဗျာချစ်သူများ တစ်စုံတစ်ရာ အာသီသ ပြေစေ မယ့်အပြင် စာပေကင်းလွတ်ခွင့်ရတဲ့ကာလရဲ့ ခေတ်ဦးကဗျာစာအုပ်လေး အဖြစ်လည်း မြင်နိုင်ပါတယ်။

မျိုးသန့်

www.burmeseclassic.com

www.burmeseclassic.com

ရခိုင်ရိုးရာလက်ထပ်မင်္ဂလာ (သမက်တက်ပွဲ)

သူရိန်လင်းဆက် (မြောက်ဦး)

ရခိုင်တိုင်းရင်းသားလူမျိုးများသည် ရိုးရာဓလေ့ထုံးတမ်းစဉ်လာများကို ထိန်းသိမ်းစောင့်ရှောက်လေ့ ရှိကြရာ ရခိုင်ရိုးရာလက်ထပ်မင်္ဂလာ (သမက်တက်ပွဲ) အခမ်းအနားကိုလည်း ယနေ့အချိန်ထိ ထိန်းသိမ်းကျင့်သုံးလျက် ရှိကြပါသည်။

ရခိုင်ရိုးရာမင်္ဂလာဆောင်မှာ မြန်မာ့ရိုးရာမင်္ဂလာဆောင်နှင့်မတူ တစ်မူထူးခြားပါသည်။ ရခိုင်တွင် လက်ထပ်ထိမ်းမြားသော မင်္ဂလာဆောင်ပွဲကို သမက်တက်ပွဲဟု ခေါ်ပါသည်။ ယောကျ္ဃအိမ်သို့ သမက်ကို တင်ပို့ရသောကြောင့်လည်းကောင်း၊ လက်ထပ်ရန် သွားရသောကြောင့် လည်းကောင်း သမက်တက်ပွဲဟု ခေါ်ခြင်း ဖြစ်ပါသည်။ ရခိုင်ရိုးရာ သမက်တက်ပွဲသည် ရခိုင်လူမျိုးတို့၏ ချစ်စရာကောင်းသော ဓလေ့၊ တစ်မူထူးခြားသော မင်္ဂလာအယူအဆများဖြင့် ပြည့်လျှံနေကြောင်း တွေ့ရပါသည်။

စေ့စပ်ကြောင်းလမ်းခြင်း (မယားလျှာဆိုခြင်း)

ရခိုင် လူပျို အပျိုတို့ အရွယ်ရောက်လျှင် အိမ်ထောင်ဘက်ကို အများအားဖြင့် မိဘတို့က ရွေးချယ်ပေးလေ့ ရှိကြသည်။ လူငယ်ချင်း ချစ်ကြိုက်၍ လက်ထပ်မင်္ဂလာ ပြုကြသည်လည်း ရှိသည်။ မိဘများကမူ သမီးမျောက်သားကိုသာ ရွေးချယ်လေ့ ရှိကြသည်။ အကြောင်းကြောင်းကြောင့် အဆင်မပြေမှ အခြားဆွေမျိုးများကို ရွေးချယ်ကြသည်။ [သမီးမျောက်သားဆိုသည်မှာ အစ်ကို (သို့မဟုတ်) မောင်၏ သားအရင်းဖြစ်စေ၊ သမီးအရင်းဖြစ်စေ၊ အစ်မ (သို့မဟုတ်) ညီမက မွေးသည်သားအရင်းဖြစ်စေ၊ သမီးအရင်းဖြစ်စေ အချင်းချင်း သမီးမျောက်သား တော်စပ်ပါသည်။ ညီအစ်ကိုရင်း၊ ညီအစ်မရင်း အချင်းချင်းက မွေးသည့် သားသမီးများ လက်ထပ်၍ မရပါ]။

အချို့မှာ ငယ်စဉ်ကပင် ကတိကဝတ်ပြု၍ စေ့စပ်သတ်မှတ်ထားကြသည်။ ၎င်းကို ကျမ်းဂန်က သာရကွာ (ထိမ်းမြားပြီးခြင်း၊ စေ့စပ်ကြောင်းလမ်းပြီးခြင်း၊ လင်ရှိပြီးခြင်း၊ အုပ်ထိန်းသူ၊ ပိုင်ဆိုင်သူ ရှိပြီးခြင်း) အိမ်ထောင်ဖက်မျိုးဟု ခေါ်သည်။

သားရှင် မိဘများက ရွေးမလောင်း ရွေးချယ်ရာတွင် အရပ်မှ အမျိုးသမီးကြီးများမှ တစ်ဆင့် ပြောကြားခိုင်းရသည်။ ထို့နောက် ကောင်းသောရက်ကို ရွေးချယ်ပြီး ယောကျ်ား၏ မိဘများက ရပ်ကွက်လူကြီးများကို ဖိတ်ခေါ်၍ စေ့စပ်ကြောင်းလမ်းရန် မိန်းကလေးအိမ်သို့ သွားကြရသည်။ ၎င်းကို မယားလျှာဆိုသည်၊ ခြုပ်မလျှာဆိုသည်ဟုခေါ်သည်။

အသွင်းနှင်းခြင်း

စေ့စပ်ပွဲတွင် အသွင်းသည် အရေးကြီးသည်။ ရွှေ၊ ငွေ(သို့မဟုတ်) လယ်ယာ၊ ဥယျာဉ်၊ ကွဲ၊ နွား စသည်တို့ကို အသွင်းအဖြစ် တင်တော်မူလေ့ရှိသည်။ ၎င်းကို မိန်းကလေးအိမ်တွင် ကျင်းပပြီး မိန်းကလေးဘက်မှ ခေါ်ထားသော ဗေဒင်ဆရာနှင့် ယောကျ်ားဘက်မှ ဗေဒင်ဆရာတို့က နှစ်ဖက်ဇာတာကို နေ့နံသင့်၊ မသင့် တွက်ရသည်။ အနည်းငယ် မည်

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းလျှင် တင်ကြွပြီး ယတြာကိန်းခန်း ကျစေလျက် အဆင်ပြေစေသည်။ သင့်လျှင် အသွင်းဘိုးကို လူကြီးများရှေ့တွင် စာရင်းနှင့်တကွ သာဆပ်ရသည်။ ၎င်းကို သတို့သမီးအတွက် ခန်းဝင်ပစ္စည်းပေးသည်ဟု ခေါ်သည်။ ဤသည်မှာ ဝယ်သည်၊ ရောင်းသည် သဘောမသက်ရောက်သော သမီးရှင်၏ဂုဏ်၊ မိဘဆွေမျိုးများ၏ဂုဏ်ကို ထောက်၍ ပေးခြင်းသာ ဖြစ်သည်။ သို့မဟုတ် အိမ်ထောင်ဘဝအတွက် အရင်းအနှီး ကူညီမစခြင်းဖြစ်သည်။

ထို့နောက် ယောကျ်ားလေးဘက်မှ အမေ (သို့မဟုတ်) အစ်မက မိန်းကလေး၏ ကန်တော့ကြိုးဆံထုံး (ဘီးဆံထုံး)တွင် ပန်းဆင်ပေးရသည်။ ထိုနေ့တွင် မိန်းကလေးကို ယောကျ်ားမိဘများက မြင်တွေ့ရသဖြင့် မျက်နှာခ (သို့မဟုတ်)အဖြစ် ငွေကြေးပေးရသည်။

မင်္ဂလာဆောင်မည့် နေ့ရက်ကောင်းကို ဟူးရားဗေဒင်ထံ တွက်ချသည်။ အခါကြည့်၊ အခါတွက်သည်ဟု ခေါ်ဆိုသည်။ အခါပေး ဆရာကလည်း အခါကောင်းကို ပေရွက်၊ ထန်းဖူးပြားတွင် စာရေး၍ သမက်နှင့် သမီးရှင် နှစ်ဦးစလုံးအတွက် တစ်စောင်စီ ပေးရသည်။ ထိုစာကို သားပြီးယပ်တွင် ယှဉ်တပ်၍ ချည်နှောင်ထားရသည်။ အခါပေးရာတွင် ခါတွင်းကာလ နေ့ရက်ကို ရှောင်ခြင်း၊ နွေကြီးရက်ကြီးများတွင် ဆုတ်တစ်ရက်၊ ဆန်းတစ်ရက်ကို ရှောင်ခြင်း၊ ပြဿဒါး၊ နဂါးခေါင်းရှေ့ဆိုင်ကို ရှောင်ခြင်း၊ ပြာသိုလ၊ တပို့တွဲလ စသည်ကို ရှောင်ခြင်း၊ အိမ်တွင် နှတ်ပိုက်ကိုယ်ဝန်ရှိက ရှောင်ခြင်း သို့မဟုတ် ရှောင်ရှားနေစေခြင်း၊ ဘေးလွှင့်လူပ်သောလတို့ဦလည်း ရှောင်ခြင်း ပြုကြရသည်။

တစ်စုံတစ်ခုကြောင့် ယောကျ်ားဘက်မှ ပျက်ကွက်လျှင် အသွင်းဘိုးကို အဆုံးခံရသည်။ မိန်းကလေးဘက်မှ ပျက်ကွက်လျှင် အသွင်းဘိုးကို တစ်ဆပြန်လျော်ရဂိုးရှိသည်။ စေ့စပ်ပွဲတွင် နေ့နံ့မသင့်၍ ပျက်သွားပါလျှင် မိန်းကလေးသည် စားပွဲတင်ခံရသည်။ ထိုကဲ့သို့ တစ်ပွဲ၊ နှစ်ပွဲ၊ သုံးပွဲ အတင်ခံရသူမှာ နာမည်ကြီးလေသည်။ လိုချင်သူယောကျ်ား ပေါများလေသည်။ အသွင်းဘိုးပို၍ ပေးကြရသည်။

မင်္ဂလာဆောင်ကိစ္စကို ဆောင်ရွက်မည့်သူများမှာ ငယ်လင်၊ လင်ဖေး အညွှန့်အိမ်ထောင်စုများ ဖြစ်ရပေမည်။ အညွှန့်ကျိုးသည်ဟု ဆတ်မုတ်ထားသော မုဆိုးမ၊ လင်သေ၊ လင်ကွာ အမျိုးသမီးများကို ရှောင်ရသည်။

ပွဲတင်ခြင်း

မင်္ဂလာမဆောင်မီ တစ်ရက်ကပင် လက်ဖက်ထုပ်၊ တွဲယောများ ကမ်းလှမ်း၍ မင်္ဂလာနေ့ရက်ကို ပွဲရှင်ကိုယ်တိုင် ပွဲစားအိတ်ကြားခြင်း အပျိုခေါင်းအမှူးပြု၍ အပျိုများကို သမီးရှင်ဘက်မှ ဖိတ်ကြားခြင်း ပြုရသည်။ လက်ဖက်ထုပ် ကမ်းလှမ်းဖိတ်ကြားခြင်းဆိုသည်မှာ ကန်တော့လုပ်ထားသော ငှက်ပျောဖတ်များကို လက်ဖက်အနည်းငယ်စီထည့်၍ ဆန်ကောတစ်ချပ်တွင် ထိုလက်ဖက်ကန်တော့များကို ထည့်ကာ အိမ်တိုင်းဝေသွားပြီး အပျိုများက တစ်အိမ်တက်ဆင်း ကမ်းလှမ်းဖိတ်ကြားခြင်း ဖြစ်သည်။ ၎င်းကို အပျိုရဲသိမ်းသည်ဟု ခေါ်သည်။ ထို့နောက် သမီးရှင်အား ဆင်ယင်ထုံးပွဲရန် ကိစ္စ၊ မင်္ဂလာဆောင်လာသောအခါ သံချပ်ထိုးအနိုင်ရရန် ကြိုးတင်ညှိနှိုင်းခြင်းများ ပြုကြရသည်။

ထိုနေ့တွင် ပွဲတင်ရန် သမီးရှင်အိမ်သို့ သမက်ရှင်ဘက်မှ မိဘဆွေမျိုးများနှင့်ပန်းဆင်ပေးရန် ပန်းအညွှန့်အုပ်ကို အမေ (သို့မဟုတ်) အစ်မက ယူဆောင်လာရသည်။ နောက်နေ့ မင်္ဂလာထမင်းပွဲတွင် အသုံးပြုရန် အတွက် ဆန်နှင့် ကောက်ညှင်းဆန်ကိုလည်း သမက်ရှင်အိမ်မှ တစ်ပါ တည်း ယူဆောင်လာရသည်။ ဆန်မှာ နှိုဆီမူး ၂ ပူး၊ ၄ ပူး စသည်ဖြင့် စုံဂဏန်းဖြစ်ရသည်။

သမီးရှင်မှာ ဝိုးရာမင်္ဂလာဝတ်စုံဖြစ်သော ထိုင်မသိမ်းအင်္ကျီ၊ နောက်စထဘီ၊ ခါးစည်းကြိုးနှင့် ခါးတွင် ချိတ်ဆွဲသော ရွှေငွေသော့ ကြိုးများကိုလည်း ဝတ်ဆင်ထားရသည်။ ထိုအဝတ်အစားကို မင်္ဂလာ ဆောင်မည့်နေ့အထိ ဝတ်ဆင်ထားရပြီး နောက်နေ့ မင်္ဂလာဆောင်မည့်နေရာတွင် ထိုင်နေရသည်။ အညွှန့်အုပ်ထမ်းလာသူက သမီးရှင်ကို ပန်းဆင်ပေးပြီး လက်ဖွဲ့သည့်အခါ သမီးရှင်က လက်အုပ်ချီ၍လက်ခံရသည်။

မင်္ဂလာမြှောက်ခြင်း

မင်္ဂလာဆောင်မည့်နေ့၌ သမီးရှင်အိမ်တွင် အရှဏ်ဆွမ်းကပ်ပြီး မင်္ဂလာမြှောက်ခြင်း ပြုလုပ်ကြရသည်။ သမီးရှင်သည် နေ့သင့်၊ နံသင့် အပျိုရုံနှစ်ဦးက လက်ဝဲ၊ လက်ယာရံလျက် မင်္ဂလာဆောင်မည့်နေရာ တွင် ထိုင်နေရသည်။ မြားသည့်အခါ သုံးမည့် အပ်ချည်လုံး နှစ်လုံး၊ သဲ၊ ဆန်နှင့် ရေများကို ထားပြီး သံဃာများက မင်္ဂလာ ပရိတ်တရားများ ချီးမြှင့်ကြရသည်။

သမက်ရှင်၏အိမ်တွင်လည်း မင်္ဂလာမြှောက်ခြင်း ပြုလုပ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

သမက်ရှင်၏ လက်ယာဘက်၌ ဓားလွယ်ကိုင် လူပျိုရံတစ်ယောက်၊ လက်ဝဲဘက်၌ မင်္ဂလာယပ်တောင်ကိုင် လူပျိုရံတစ်ယောက် ဝိုင်း၍ ငါးပါး သီလခံယူကြရသည်။ မင်္ဂလာပရိတ်ရွတ်စဉ် သမီးရှင်တွင်လည်းကောင်း၊ သမက်ရှင်တွင်လည်းကောင်း အရှန်စီး အပါအဝင် မင်္ဂလာပွဲတင်ကို ချည်မျှင် ခုနစ်ပတ် ပတ်ပြီး ဘုန်းကြီးများက ကိုင်ထားရသည်။ ပြီးလျှင် ဘိုး ဘွားလူကြီးမိဘများအား ကန်တော့ခြင်း၊ မင်္ဂလာစကား ကျွမ်းကျင်သူက နှံ့သာရည်ဖြင့် ပက်ဖြန်းခြင်းပြုလုပ်လေ့သည်။

မင်္ဂလာထမင်းပွဲပြင်ဆင်ခြင်း (မင်္ဂလာခုံတင် အစီအစဉ်)

သမီးရှင်အိမ်တွင် မင်္ဂလာလက်ဆုံထမင်းကို အညွှန့်ရှိသူအမျိုးသမီးက သမက်ရှင်အိမ်မှ ပို့ထားသော ဆန်နှင့် သမီးရှင်အိမ်မှ ဆန်များကိုရော၍ ချက်ရသည်။ မင်္ဂလာစားပွဲသည် ကြိမ်ဖြင့် ရက်လုပ်ထားသော အသစ်စက်စက် စားပွဲဝိုင်းဖြစ်ရသည်။ ၎င်းမှာ ပေါင်းစပ်ယှက်နွယ်သည့် နိမိတ်ပုံကိုဆောင်၍ တစ်သက်တာခိုင်မြဲစေရန် ရည်ရွယ်ခြင်းဖြစ်သည်။

မင်္ဂလာစားပွဲကို စားပွဲခင်းခင်း၍ အပေါ်တွင် စပါးအနည်းငယ် ခင်းထားရသည်။ ၎င်းမှာ ဆန်ရေစပါးပေါများစေရန် ရည်ရွယ်ခြင်းဖြစ်သည်။

ဘဲဥပုံ မင်္ဂလာကြွေလင်ပန်းကြီး (မင်္ဂလာကိစ္စ၌သာ သီးသန့်သုံးရသည်)တွင် ကောက်ညှင်းနှင့် ထမင်းကိုရော၍ (တစ်သက်တာ မခွဲမခွာ စေးကပ်နေစေရန်) မင်္ဂလာထမင်းပွဲပြင်ပြီးနောက် ၎င်းအပေါ်တွင် ခြေ၊ လက်၊ အမွေးစုံသော ပုစွန်ထုပ်ပြီးတစ်စုံ (ပစ္စည်းဥစ္စာ ပြည့်စုံကြွယ်ဝစေရန်)၊ အဂါစုံအကြေးခွံပါသောငါးကန်သားတစ်စုံ (ကံကောင်းစေရန်)၊ အခွံမန္တာဘဲ ဘဲဥတစ်စုံ (ဥမှ အကောင်ပေါက်သလို သားသမီးရတနာ ထွန်းကားပါစေ (သို့မဟုတ်) ဘေးဥပါဒ်အန္တရာယ်မှ ကင်းရှင်းစေရန်) အတိတ်နိမိတ် ယူဆောင်ခြင်းတို့ဖြင့် ပြင်ဆင်ထားရသည်။ နောက်ပြီး မင်္ဂလာပန်းကန်ကြီးအောက်ရှိ စပါးများထဲတွင် ရွှေဒင်္ဂါးများ၊ ငွေဒင်္ဂါး များ မြှုပ်နှံထားကြရသည်။ ရွှေ၊ ငွေ၊ ဥစ္စာပေါများစေရန် ရည်ရွယ်ခြင်း ဖြစ်ပါသည်။

မင်္ဂလာပန်းကန်ကြီး၏ တစ်ဖက်တစ်ချက်စီတွင် သပြေညွှန့်ကို မူတည်၍ နွေနံသင့်သော ပန်းညွှန့်များနှင့် ပေဖူးလွှာခေါ် အခါစာကို စိုက်ထူထားသော ရေစင်အိုးတစ်စုံက တစ်ဖက်ကြက်သားအူစုံ အသည်းစုံ ဟင်း ၂ ပွဲ (ကျက်သရေမင်္ဂလာရှိစေရန်)၊ ရွှေဖရုံသီးဟင်း ၂ ပွဲ (ရွှေ၊ ငွေပေါများစေရန်)၊ ကန်စွန်းမြောက်ဥတစ်စုံ (အကြောအစည် ဖြစ်မြောက်စေရန်) စသည့် ဟင်းပန်းကန်များက တစ်ဖက် ထားရှိရသည်။ ဤ မင်္ဂလာစားပွဲကို မင်္ဂလာဆောင်မည့်နေရာတွင် ထားချပြီး မင်္ဂလာမြောက်ခြင်း ပြုလုပ်ကြရသည်။

သပြီးစောင့်ခြင်း

မင်္ဂလာဆောင်မည့်နေ့ နံနက် ကိုးနာရီခန့်တွင် သမီးရှင်နှင့် ရင်းနှီးသော ဆွေမျိုး၊ မိတ်ဆွေ မိန်းကလေးများကို သမီးရှင်အိမ်တွင် ထမင်းကျွေးမွေးရသည်။ ၎င်းတို့မှာ သမီးရှင်ကို အဖော်ပြုခြင်း၊ စောင့်ရှောက်ခြင်းဖြစ်၍ သမီးစောင့်သည်ဟု ခေါ်သည်။ ထိုအခမ်းအနားအတွက် အမျိုးသမီးများအား 'သမီးစောင့်ကြွပါ' ဟု ကြိုတင်ဖိတ်ကြားထားရသည်။ သမီးရှင်မှာ ကန်တော်ကြီးဆံထုံး (ဘီးဆံထုံး)နှင့် အလှပဆုံး ဝတ်စားခြယ်လှယ်ကာ နေ့သင့်၊ နံသင့် အဖျိုရံနှစ်ယောက် လက်ဝဲ၊ လက်ယာ ရံလျက် သမီးစောင့်လာသူများကို မင်္ဂလာဆောင်မည့် နေရာမှ ထိုင်၍ ဧည့်ခံရသည်။

မင်္ဂလာဆောင်ခြင်း (သမက်တက်ခြင်း)

မင်္ဂလာဆောင်ကို ညနေဘက်တွင် ကျင်းပကြသည်။ ဧည့်ပရိသတ်များက မိမိတို့နှင့် ရင်းနှီးရာဘက်သို့ သွားရောက်ကြရသည်။ ထို့နောက် မင်္ဂလာအချိန်ကျရောက်သောအခါ သမက်ရှင်နှင့် ဧည့်ပရိသတ်များက သမီးရှင်အိမ်သို့ စီတန်းသွားကြရသည်။ ထိုသို့ သွားရာတွင် နဂါးခေါင်းလှည့်နှင့် ရင်မဆိုင်ရအောင် ဗေဒင်တွက်ထားသည့်အတိုင်း လှည့်လည်၍ ဒီရေတက်ချိန်တွင် သွားကြရသည်။

ထိုသို့ စီတန်းသွားကြရာတွင် ရွှေဦးစွာ ရေစင်အိုးထမ်းသူ၊ သျှောင်ထမ်းသူ၊ သေတ္တာထမ်းသူ၊ အညွှန့်အုပ်ကိုင်သူတို့ လိုက်ပါကြရသည်။ အညွှန့်အုပ်ကိုင်သူများအထဲတွင် ရွှေဆုံးမှ အညွှန့်ပန်းအုပ်ကို သမက်ရှင်၏ အစ်မ (သို့မဟုတ်) ဆွေမျိုးရင်းချာထဲက ထမ်းရသည်။ နောက် အုပ်များတွင် မုန့်အမျိုးမျိုးနှင့် ငှက်ပျောသီးများထည့်ကာ ထမ်းကြရ သည်။ အုပ်ထမ်းသူများအတွက် လက်ဆောင်အဖြစ် ပဝါပိုင်းများကို အုပ်များကို ချည်နှောင်ထားရသည်။ သမက်ရှင် တတ်နိုင်သလောက် အုပ်များမှာ ၇ အုပ်၊ ၉ အုပ်အထိ ပါတတ်ကြသည်။ အညွှန့်အုပ်များမှာ စုံမဟုတ်ဘဲ မ,ချည်း ဖြစ်ရသည်။

ထို့နောက် သမက်ရှင်၏ ဖခင်နှင့် ရပ်ရွာလူကြီးများ၊ သမက်ရှင်၏ မိခင်နှင့် အမျိုးသမီးများ၊ မိတ်ဆွေသင်္ဂဟများက စီတန်း၍ လိုက်ပါကြရသည်။ အပျိုများ လိုက်ပါခြင်း မရှိကြရပေ။

ဤသို့ စီတန်းသွားကြစဉ် သမီးရှင်ရှိရာ ရွာသို့အရောက်တွင် လူပျို၊ အပျိုများက လမ်းဆီး၍ စောင့်နေကြပြီး စာတန်း၊ ကြိုးတန်း၊ ချေကြိုး၊ ငွေကြိုးစွာနှံများဖြင့် တားဆီး၍ ရွာဝင်ခတောင်းခံကြသည်။ ဤသို့ ကြိုးတားလျှင် မသွားကောင်းဟု အယူရှိ၍ ရွာဝင်ခတောင်းသူများကို ကျေနပ်အောင် ငွေပေး၍ ကြိုးဖယ်ခိုင်းပြီးမှ သွားရသည်။ သမီးရှင်အခန်းသို့ အရောက် ထိုသို့ လမ်းဆီးခြင်း အခက်အခဲများကို ကျော်လွှားသွားရသည်။

သမီးရှင်အိမ်သို့ ရောက်သည့်အခါ ချက်ချင်းအိမ်သို့ မတက်ရသေးပေ။ သမီးရှင်၏ မိဘဆွေမျိုးများက ဆီးကြို၍ ဧည့်ခံရင်း နေရာထိုင်ခင်းများ ပေးရသည်။ ပထမဦးစွာ သမီးရှင်ဘက်မှ အညွှန့်ရှိသူက လှမ်းယူရသည်။ ထိုအညွှန့်အုပ်ကို မင်္ဂလာမြောက်ရန် မင်္ဂလာစားပွဲတွင် တင်ထားရသည်။ ကျန်အုပ်များကို သမီးရှင်အိမ်မှ လက်ခံယူ၍ နေရာချထားကြရသည်။ သမက်ရှင်ဘက်မှ သယ်ဆောင်လာသော မင်္ဂလာရေစင်အိုးကိုလည်း မင်္ဂလာစားပွဲတွင် သမီးရှင်၏ ရေစင်အိုးနှင့်အတူ ထားရသည်။

ထို့နောက် အညွှန့်အုပ်ထမ်းလာသူ သမက်ရှင်၏ အစ်မ (သို့ မဟုတ်) ဆွေမျိုးက သမီးရှင်ကို ပန်းဆင်ပေးရသည်။ အညွှန့်အုပ်တွင် ရာသီအလိုက်ပန်းများ ပါရသည်။ ထိုပန်းများသည် တစ်ခုကျစီ ဖြစ်ရသည်။ ပန်းဆင်ပေးသူက ပန်းများကို တစ်စုံစီ ငါးစုံ ဆင်မြန်းပေးရသည်။ ထိုသို့ မပန်ဆင်ပေးမီ သမီးရှင်ဆောင်းထားသော သျှောင်မျက်နှာဖုံးကို ဖွင့်ရန် မျက်နှာဖုံးဖွင့်ကြေး ပေးရသည်။ သမီးရှင်ကို ပန်းဆင်ပြီးနောက် ဦးသျှောင်ကို ပြန်ဆောင်းပေးပြီး မျက်နှာကို ဖုံးအုပ်ထားရသည်။

ထို့နောက် အညွှန့်အုပ်ထမ်းသူ အမျိုးသမီးများ စုံညီစွာ ဆင်းလာကြပြီးမှ သမက်ရှင်သည် မင်္ဂလာဆောင်ရန် အိမ်ပေါ်သို့ တက်ခွင့်ရသည်။ လှေကားအတက်တွင် သမီးရှင်၏ ညီမမျိုးက သမက်ရှင်ခြေကို ရေနှင့် လောင်း၍ ခြေဆေးခ ငွေတောင်းခံလေ့ရှိသည်။ လူပျိုရံများက ဈေးဆစ်ကြ၊ လူပျိုရံ၊ အပျိုရံများ တစေ့တစောင်း ပြောဆိုကြ စသည်ဖြင့် ပျော်စရာကောင်းသောအချိန် ဖြစ်ပေသည်။

အိမ်ပေါ်ရောက်သည့်အခါ သမက်ရှင်ကို ရေတစ်ခွက် တိုက်ရ သည်။ ထို့နောက် သမီးရှင်၏ ညာဘက်တွင် သမက်ရှင်ကို နေရာယူစေ ပြီး ဦးသျှောင်ဆောင်းပေးရသည်။

မြားသောမင်္ဂလာ

မြားသောမင်္ဂလာတွင် အညွှန့်အမျိုးသမီးကြီးနှစ်ဦးက မောင်နှံစုံ

www.burmeseclassic.com

www.burmeseclassic.com

အပေါ်အဝင် မင်္ဂလာစားပွဲ၊ အိပ်ရာလိပ်၊ သေတ္တာအားလုံးကို ပရိတ်ချည် ရှည်ဖြင့် ဂ-ပတ်ရစ်ပတ်၍ မြားပေးရသည်။ ထို့နောက် သမက်ရှင်၏ ဖခင်က သမီးရှင်နှင့် မျက်နှာချင်းဆိုင် ထိုင်၍လည်းကောင်း၊ သမီးရှင်၏ ဖခင်က သမက်နှင့် မျက်နှာချင်းဆိုင်ထိုင်၍လည်းကောင်း ထမင်းထုပ်ခံရန် သတ်ပြန်ခင်းထားရသည်။ သမက်ရှင်နှင့် သမီးရှင်သည် မင်္ဂလာထမင်းပါမှ သင်းကို တစ်ဆုပ်ချင်းဆုပ်ပြီး ဖခင်များ၏ ပတိထဲသို့ ထည့်ရသည်။ ထိုအခါ ဖခင်များက လက်ဖွဲ့ငွေ ပေးကမ်းရသည်။ မိခင်များကိုလည်း ထိုနည်းတူ ထမင်းခုနစ်ဆုပ်စီ ထည့်ရသည်။ ထိုသို့ ထမင်းခုနစ်ဆုပ်စီ ထည့်ပေးခြင်းသည် မိဘနှစ်ပါးကို ကန်တော့ခြင်းသဘောဖြစ်သည်။ ထို့နောက် သမက်ရှင်နှင့် သမီးရှင် တစ်ဦးနှင့်တစ်ဦး ထမင်းခုနစ်ဆုပ်စီ အပြန်အလှန် ခွံ့ကျွေးကြရသည်။ ထိုသို့ အပြန်အလှန် ခွံ့ကျွေးခြင်းသည် တစ်သက်လုံး အလုပ်အကျွေးပြုသွားမည်ဟု ကတိသစ္စာပြုခြင်း ဖြစ် သည်။ ပြီးလျှင် ရေဖလားတွင် အတူလက်ဆေးရသည်။ မင်္ဂလာလက်ထပ် ပွဲတွင် အသုံးပြုခဲ့သော ထမင်းဆုပ်ကို တလက်ဆုံအိုးဟုလည်း ခေါ်သည်။

ထမင်းလက်ဆုံစားစဉ် ထမင်းခုနစ်ဆုပ်စေ့ခါနီး သမက်ရှင်၏လက်ကို လူပျိုရံကလည်းကောင်း၊ သမီးရှင်၏ လက်ကို အပျိုရံကလည်း ကောင်း ခေါ်ထားလျက် မိဘများထံတွင် လက်ဆုံမိုးတောင်းခံလေ့ ရှိ သည်။ ထို့နောက် အညွှန့်ရှိပြီး ဂုဏ်သရေရှိသော ဇနီးမောင်နှံတို့က သမက်ရှင်နှင့် သမီးရှင်တို့၏ ညာဘက်လက်များကို ယူ၍ လက်ထပ်ပေး ရသည်။ လက်ထပ်သည့်အခါ သမီးရှင်ဘက်ကို အောက်က လှန်ထားပြီး သမက်ရှင်လက်ကို အပေါ်က မှောက်ထားရသည်။ ထို့နောက် အောင်သပြေခက်ဖြင့် ရေစင်အိုးနှစ်အိုးမှ ပေါင်းစပ်ထားသော ရေစင်များ ပက် ဖျန်းကာ ဆုတောင်းမေတ္တာပို့ပေးကြရသည်။

လက်ဖွဲ့ခြင်း

လက်ထပ်ပေးသူ ဇနီးမောင်နှံတို့က ဦးစွာလက်ဖွဲ့ပြီးမှ မိဘ၊ ဆွေမျိုး မိတ်ဆွေများက သမက်ရှင်၊ သမီးရှင်တို့၏ ရှေ့တွင်ရှိသော ငွေဖလား နှစ်လုံးထဲသို့ လက်ဖွဲ့ငွေများ ထည့်ရသည်။ ထိုစဉ် သမက်ရှင်၊ သမီးရှင်တို့က လက်ဖွဲ့သူများကို လက်အုပ်ချီ၍ နေရသည်။

သျှောင်ရေး သျှောင်တင်

သမက်ရှင်က မိမိဦးသျှောင်ကို ချွတ်၍ စားပွဲပေါ် တင်ထားပြီးလျှင် သမီးရှင်၏ ဦးသျှောင်ကို ချွတ်ယူကာ မိမိဦးသျှောင်ကို ဆောင်းပေးရ သည်။ သျှောင်တင်၊ သျှောင်ချစဉ် သမီးရှင်က သမက်ရှင်ကို ရှိခိုးပြီး သျှောင်တင်၊ သျှောင်ချခအဖြစ် သမက်ရှင်က ငွေပေးရသည်။

လက်ဖွဲ့အပ်နှံခြင်း

ရရှိသော လက်ဖွဲ့ငွေများကို ရေတွက်၍ သမက်ရှင်က သမီးရှင်ကို အိမ်ထောင်သစ် ထူထောင်ထိန်းသိမ်းရန် အပ်နှင်းရသည်။ သမီးရှင်က ရှိခိုး၍ ယူရသည်။ မင်္ဂလာအခမ်းအနားပြီးလျှင် အခမ်းအနားမှ သမက်ရှင် ထွက်ခွာသွားရန် သမီးရှင်ဘက်မှ သမက်ရှင်၏ လူပျိုရံများအား ငွေပေးရသည်။

ထိုအခါ သမက်ရှင်သည် မိတ်ဆွေသူငယ်ချင်းများအား ဆိုင် သို့ မဟုတ် မဏ္ဍပ်တွင် ညနေစာဖြင့် ကျွေးမွေးဧည့်ခံရသည်။ နောက်ပြောင် ကျိစယ်ကာ သောက်စားကြလေ့ ရှိသည်။ ပြီးလျှင် မိတ်ဆွေသူငယ်ချင်း များက သမက်ရှင်ကို သမီးရှင်အိမ်သို့ ပို့ဆောင်ပေးကြရသည်။ ထို အချိန်တွင် သမီးရှင်အိမ်မှ ဧည့်ကြိုးတား၍ ခန်းဝင်ခပေးမှ သမီးရှင်ကို မြင်တွေ့ရသည်။ သမီးရှင် ရွာရှိ ကာလသားများကလည်း ခဲဖိုးတောင်းခံ ကြ၍ ကျေနပ်လောက်အောင် ပေးရသည်။

၃ ရက်၊ ၅ ရက်၊ ၇ ရက်တိုင်တိုင် မင်္ဂလာပွဲတွင်ကဲ့သို့ ဓမ်လာ ပန်းကန်ပြားတွင် ထမင်းစားကြရသည်။ ထိုအတွင်း တစ်အိမ်အိမ်သို့ လည်ပတ်ခြင်း မပြုရချေ။ မင်္ဂလာဆောင်တွင် အသုံးပြုခဲ့သော သေ့ချောင်း များ၊ ယပ်တို့ကို သမီးရှင်အိမ်၏ ခေါင်းရင်းဘက်တွင် ထားရသည်။ မိဘနှစ်ပါးအား ပေးအပ်ခဲ့သော ထမင်းဆုပ်များကိုလည်း အိုးတွင်ထည့်၍ ခြေရင်းတွင် လုံခြုံစွာ ထားရသည်။ မင်္ဂလာဆောင်သည့်ညမှ အိမ်ပြန်လည်သည်အထိ ထားရသည်။ ရက်စေ့သောအခါ ရေတွင် မျှော်၍ သို့မဟုတ် မြေတွင်မြှုပ်ကြရသည်။ သမက်ရှင်ကိုင်ဆောင်သော ဓားကို သမီးရှင်အိမ်တွင် ထားချပြီး တခြားကို မငှားရချေ။

အိမ်ပြန်လည်ခြင်း

မင်္ဂလာဆောင်ပြီး ၃ ရက်၊ ၅ ရက်၊ ၇ ရက်အကြာတွင် သမက်ရှင်၊ သမီးရှင်တို့သည် သမက်ရှင်၏မိဘအိမ်သို့ နံနက် ၉နာရီခန့်တွင် အိမ်ပြန်လည်ကြရသည်။ အိမ်သို့ရောက်သောအခါ သမက်ရှင် မိဘများက ဆီးကြို၍ပေးသော ဆန်တစ်ဆုပ်စီဖြင့် မိဘတို့ကို ကန်တော့ပြီးမှ အိမ်ပေါ်တက်ရသည်။ ထိုနေ့တွင် မင်္ဂလာအသွင် အဝတ်အစားများကို ဝတ်ဆင်ရသည်။ ပန်ဆင်ခြင်းကိုလည်း ပြုကြရသည်။

ထိုနေ့ကို လူကြီးမိဘများသာမက မိမိတို့ကို လက်ထပ်ပေးသူ ဇနီး မောင်နှံကိုပါ ကန်တော့သောနေ့ဟုလည်း သတ်မှတ်ကြသည်။ အိမ်ပြန် လည်သောအခါ သမက်ရှင်ဘက်မှ ဆီးကြိုနေသည့် အမျိုးသမီးများအား သမီးရှင်က ခန်းဝင်ခအဖြစ် ငွေပေးရသည်။ ထို့နောက် သမက်ရှင်နှင့် ရင်းနှီးသော ဆွေမျိုးမိတ်ဆွေများ၊ အိမ်နီးချင်းများကို ဖိတ်ကြားပြီး နံနက်စာ ထမင်းကျွေးခြင်း၊ နေ့လယ်လက်ဖက်ရည်၊ မုန့်တို့ဖြင့် ကျွေးမွေး ဧည့်ခံရသည်။ ညနေစာ စားပြီးမှ သမီးရှင်၏ အိမ်သို့ ပြန်ကြရသည်။

ရခိုင်မင်္ဂလာဆောင်ပွဲတွင် ဧည့်ခံကျွေးမွေးရာ၌ 'လက်သင့်ရာ စားပါ' လူကြီးတစ်ဦးဦးက ပြောလိုက်သောအခါ နှစ်ယောက်စီ မျက်နှာချင်း ဆိုင်၍ စားသောက်ကြရသည်။ သို့သော်လူတစ်ဦးတစ်ယောက်၏ မယား ငယ်နှင့် မျက်နှာချင်းဆိုင် မထိုင်မိရန် အထူးရှောင်ရလေသည်။ မျက်နှာရှိသူ၏ မယားငယ်ပင် ဖြစ်စေကာမူ မျက်နှာချင်းဆိုင်၍ ထမင်းအတူ မစားကြပေ။ တစ်လင်တစ်မယားစနစ်ကို ကျင့်သုံးသော ရခိုင်လူမျိုးတို့၏ မယားငယ်ယူခြင်းကို ဝိုင်းပယ်ကြသည့်သဘော ဖြစ်သည်။ အမျိုးသမီးများ မယားငယ်ဘဝ မရောက်စေရန် တားမြစ်သည့် သဘောလည်း ဖြစ်သည်။

ဤသို့ဖြင့် ရခိုင်တို့၏ ရိုးရာလက်ထပ်မင်္ဂလာ (သမက်တက်ပွဲ)ကို တမူထူးခြားသော မင်္ဂလာအယူအဆများ၊ ချစ်စရာကောင်းသော ဓလေ့ စရိုက်များဖြင့် ခမ်းနားကြီးကျယ်စွာ ဆင်ယင်ကျင်းပကြလေသည်။

သူဇိန်လင်းဆက် (မြောက်ဦး)

ကိုးကား

၁။ စိန်နုဖြူ၊ ရခိုင်ရိုးရာ သမက်တက်၊
မြတ်ပန်းသစ်မဂ္ဂဇင်း၊ ၂၀၀၇။

၂။ ရခိုင်သဟာယအသင်းဒိုင်ယာရီ- ၂၀၁၁

၃။ နတ်မြစ်-ညီဖဲ့မောင်ကျော်ဦး၊ သမက်တက်ပွဲနှင့်
လက်ထပ်မင်္ဂလာ ဓလေ့ထံထွား ရခိုင်မဂ္ဂဇင်း၊ အမှတ်-၁၂

၄။ မောင်မိုးယံ၊ ကစ္စပနဒီပ ဧည့်ဝတ်သစ္စာ၊

www.burmeseclassic.com

www.burmeseclassic.com

ပါရဂူစာအုပ်တိုက်

ရသစာတမ်း

စစ်သည်ရိုင်းမှ ပန်းမာလာ

www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်မြို့တွင်းမှ မြို့ပြင်သို့ ထွက်ခွာအံ့ဆဲဆဲ၌ဖြစ်စေ။ ရန်ကုန်မြို့ပြင်မှ မြို့တွင်းသို့ ဝင်ရောက်အံ့ဆဲဆဲ၌ဖြစ်စေ ထောက်ကြွန့်လမ်းဆုံအနီးတွင် ကြည်နူးဖွယ် ပန်းဥယျာဉ်ကြီး ဝန်းရံထားသော ရောမကျောက်သားဒိမာန်ကြီးတစ်ခုကို တွေ့မြင်ရမည်ဖြစ်သည်။ ဒိမာန်ကြီးက မြန်မာဆန်သော ဗိသုကာလက်ရာသွင်ပြင်မျိုး မဟုတ်။ မဏ္ဍိုင်ခေါ် မျဉ်းမတ်ဆောက်တိုင် pillar များကို ခပ်စိတ်စိတ်အားပြု၍ တည်ဆောက်ထားသည့် အနောက်တိုင်း ဗိသုကာဟန် တည်ကြည်အေးစက်သော ဒိမာန်ကြီးတစ်ခု ဖြစ်သည်။ ထိုဒိမာန်နှင့် ပန်းဥယျာဉ်ကို 'ဗြိတိသျှနေသဟာယစီးပွားရေးသမ္မဂ္ဂီငြိမ်းချမ်းရေးဟု ခေါ်ပါသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက မြန်မာပြည်ကို မြေပြင်မှာ ကျဆုံးခဲ့ကြသော မဟာမိတ်စစ်သည်တော်တို့၏ ရုပ်ကြွင်းအဆီအမှတ် အရိုးအိုးအုတ်ဂူကလေးများစွာကို ရာနှင့်ချီ၍ တွေ့ရလိမ့်မည်။ အရိုးအိုး ဘယ်ရွှေ့ဘယ်မျှ ရှိကြောင်း ကျွန်တော် မပြောနိုင်။ ဗြိတိသျှိုင်းကဲ့သို့ ကျွန်တော် တစ်ကြိမ်တစ်ခါမျှလည်း မဝင်ရောက်ဖူးသလို အရိုးအို အရေအတွက်ကိုလည်း ဗဟုသုတအလို့ငှာ မလေ့လာစဖူးပါ။ ဗြိတိသျှအမျက်ကို လိုအပ်သော ဗဟုသုတအဖြစ်လည်း မမှတ်ယူ၊ မထင်မြင်ခဲ့ပါ။

သို့သော် ... တစ်ပေစတုရန်းသာသာအရွယ် အရိုးအိုးကလေးတွေတစ်ခုနှစ်လိုက်၊ အတန်းလိုက် ညီညီညာညာ စီတန်းတည်ရှိနေကြပုံကတော့ သက်မဲ့စစ်သည်တော်တွေက အရိုးအိုးတွေအဖြစ် စီတန်း၍ စစ်ရေးပြနေကြသည်ဟု ထင်စရာ ကောင်းလှသည်။ ပန်းဥယျာဉ်ကြီးကလည်း အနီဒြာရုံနယ်မှ ကွဒ္ဒာရုံအလှကမ္ဘာငယ် အသွင်ဆောင်နေသည်။ ရောင်စုံပန်းအလှပင်ကလေးတွေက အသုဘရွှပ်အလောင်းတွေကြားမှာ ကကြိုးသီနေကြသည့် ယိမ်းမင်းသမီးကလေးတွေနှင့် တူနေကြသလိုလို။

ကျွန်တော်သည် အ,ပင်္ဂလာမြေအနီးမှ အကြိမ်ပေါင်း မရေအတွက်နိုင်အောင် ဖြတ်သန်းဖြတ်လာခဲ့ဖူး၊ သွားလာနေဆဲ ဖြစ်ပါသည်။ ဒုဗဘာသာဝင် မြန်မာလူမျိုးပီပီ သုသာန်ကို မြင်တွေ့ရလျှင် ရုံ့ရှာကြောက်လန့်စိတ် ဝင်ချင်ဝင် (သို့မဟုတ်) သခါရတရားကို နှလုံးသွင်းမိစာ သံဝေဂစိတ်ဝင်ရမည်။ သံဝေဂစိတ်ဝင်သင့်သည်ဟု အများက ဆင်ကြလိမ့်မည်။ ကျွန်တော်၏ ခံစားသက်ဝင်မှုကတော့ တစ်မျိုးတစ်ဘာသာ ဖြစ်နေသည်။ ရုံ့လည်း မရုံ့၊ ကြောက်လည်း မကြောက်၊ သံဝေဂလည်း မရမိဘဲ နာကျည်းစက်ဆုပ်ခြင်းကိုသာ လှိုက်လှိုက်ရှရှ ခံစားနေ မိတတ်ပါသည်။ အချုပ်တန်းဆရာဖေ၏ အသုံးအနှုန်းကို ဆတ္တဌာန်း၍ ပြောရပါလျှင် 'တွေးမိတိုင်း အရိုးနာသည်'ဟုသာ ဆိုရပါတော့မည်။

ဘာကြောင့် ကျွန်တော် အရိုးနာရပါသနည်း။ ဤသချိုင်းထဲမှ အရိုးအိုးတွေထဲမှာ ကျွန်တော်၏ ဆွေမျိုးသားချင်း တစ်ယောက်မျှ မပါသော်မှ မြန်မာပြည်သားတွေပင် တစ်ယောက်မျှ မပါရှိရော့။ အားလုံး နီဝင်းခြားသား သူစိမ်းတရံတွေချည်း။ တို့ပြင် သူတို့၏ မျိုးနွယ်တွေက ကျွန်တော်တို့၏ မဟာရန်သူတော်ဟောင်းတွေ။ သူတို့ကို တစ်ချိန်က ကျွန်တော်တို့၏ ဘိုးဘွားတွေက နာနာကျည်းကျည်း၊ နှင့်နှင့်သီးသီးနှင့် "ကုလားဖြူ နယ်ချဲ့မိစ္ဆာ'ဟု တံဆိပ်တပ်ခြင်း ခံခဲ့ရသူတွေ။

ကုလားဖြူနယ်ချဲ့ မိစ္ဆာတွေ၏ သချိုင်းကို ကြည့်ပြီး ဘာကြောင့် သံဝေဂပွားများ နေရမည်နည်း။ စင်စစ် ဤနေရာ၊ ဤဌာနသည် လူဆယ်မျိုးသချိုင်းကုန်း စစ်စစ်မဟုတ်။ သူတို့၏ ဘက်တော်သားတွေ အတွက် ဆောက်မွေဖွယ် အမှတ်တရ တည်ဆောက်ထားခဲ့သော အမှတ် အသား ဒိမာန်တစ်ခုသာဖြစ်သည်။ သို့သော် ဖြစ်ကတတ်ဆန်း တည်ဆောက်မထား။ သေချာ ဒီဇိုင်းရေးဆွဲ၊ ငွေကုန်ကြေးကျခံ၊ အလုအပ သာယာမှုလည်း ပေါ်ဝင်ပေါင်းစပ်နေအောင် အခိုင်အမာ တည်ဆောက်ခဲ့မထားကြသည်။ ကမ္ဘာတစ်လွှားတွင် မဟာမိတ်တို့၏ အောက်မေ့ဖွယ် သုသာန်တွေ အရေအတွက်အားဖြင့် မည်မျှ ရှိပါလေသနည်း။ ကျွန်တော် မပြောတတ်ပါ။

အမှန်ဆိုရလျှင် ထောက်ကြွန့်စစ်သချိုင်းထဲမှာ လဲလျောင်းအိပ်စက်နေကြဟန် ရှိသူများသည် မမြင်ရသော ရောမ ယန္တရားကြီးတစ်ခုမှ အသေးအမွှား ခွေးသွားစိတ်အချို့မျှသာ ဖြစ်ကြသည်။ အရေအတွက် အားဖြင့်လည်း မဆိုစလောက်မျှသာ ရှိနေကြသည်။ သို့သော် ခြောက်ပြစ်ကင်း သဲလစင် ခွေးသွားစိတ်ကလေးများတော့ မဟုတ်။ ကမ္ဘာလုံးဆိုင်ရာ မဟာဖျက်ဆီးမှုကြီးထဲမှာ သူတို့လည်း ပူးပေါင်းကြွစည်သူ ကြရာပါများအဖြစ် ပါဝင်ခဲ့ကြသည်။ သူတို့က ရန်သူတွေကို သတ်ဖြတ်ရန် ကြိုးစားနေကြစဉ် ရန်သူတွေ၏ အသတ်အဖြတ်၊ အသုတ်အသင် ခံလိုက်ကြရသည်။ သူတို့၏ ခွင့်မလွှတ်နိုင်ဖွယ် မှားယွင်းမှုမှာ သူတို့၏ ကာယကံမြောက် ကျူးလွန်မှုများအတွင်း အပြစ်မဲ့ မြန်မာပြည်သူပြည်သားများစွာ သေကြေပျက်စီးခဲ့ကြရခြင်း ဖြစ်သည်။ ထို့အပြစ်ကို သူတို့ အသက်ဖြင့် ပေးဆပ်ခဲ့ပြီးပြီ ဖြစ်ကြောင်း သချိုင်းထဲကနေ သူတို့ အသံတိတ်ကြေညာနေကြသည်ဟု ကျွန်တော် ခံစားသည်။

မြေက ဖားကို မျိုသွင်းလျှင် ကျားက သမင်ကို ကိုက်ပါးလျှင် ဘာဆင်ခြေမျှ ပေးလေ့ မရှိ။ လူတစ်ယောက်က အခြားလူတစ်ယောက်ကို သတ်ဖြတ်ဖျက်ဆီးလျှင်တော့ အကြောင်းပြ ဆင်ခြေတက်ကြသည်။ ကျွန်တော်၏ ဘိုးဘွားမိဘများသည် စည်းစိမ်ချမ်းသာ အာဏာတန်ခိုးကာကွယ် ထိန်းသိမ်းရေး ဝါဒီများ၏ ဆင်ခြေတွေကြားမှာ လယ်မဲ့ယာမဲ့၊ အိုးမဲ့အိမ်မဲ့ ဖြစ်သွားကြသည်။ အဆွေအမျိုးများစွာ ရောမ ယန္တရားကြီး၏ အညာတာကင်းမဲ့၊ ရက်စက်ကြမ်းကြုတ်ခြင်း ကမ်းကုန်သော နင်းချေမှုအောက်မှာ အသက်ဝိညာဉ်တွေ ပျောက်ယွင်းလွင့်ပါးသွားကြရသည်။ ကျွန်တော်၏ ဘိုးဘွားများနည်းတူ အလျှံငြိုးငြိုး မီးတောက်ထဲမှာ ပြာကျသွားခဲ့သူတွေ တစ်ကမ္ဘာလုံးအနှံ့ သန်းချီ၍ ရှိခဲ့ကြသည်။ မီးလျှံဘေးမှ ဖွတ်ကာသီကာ လွတ်မြောက်သူ များစွာမှာလည်း ကျွန်တော်၏ မိဘများနည်းတူ ရေမျောကမ်းတင် ခြေသလုံးအိမ်တိုင်များ carpet-baggers အဖြစ် အမှီအတွယ်မဲ့ လွင့်မျောခဲ့ကြရသည်။ သူတို့ တစ်တွေ ကွန်းခိုရပ်နားစရာ ရရှိခဲ့သော အချိန်တွင် ယမ်းခိုးတွေဝေဆဲ။ ပြာမှုန်တွေ လွင့်ဆဲ။ လူသေကောင် မီးလောင်ညော်နံ့တွေ ညှီဆဲ။

ကမ္ဘာဖျက်မီးကြီးကား ကမ္ဘာမပျက်မီ ငြိမ်းသေသွားခဲ့ဖြစ်၏။ သို့သော် မီးကြွင်းမီးကျန်များက နောက်ဆက်တွဲ မီးတောက်ငယ်များအဖြစ် ကမ္ဘာ့ပျက်နှာပြင်နေရာအချို့ကို စွဲလောင်လာကြပြန်သည်။ ထိုမီးတောက်ငယ်ကလေးများစွာထဲမှ မီးတောက်ငယ်တစ်ခုနှင့် မနီးမဝေးတွင် ကျွန်တော် လက်ခမောင်း ခတ်လျက် လူလောကထဲသို့ ခုန်ပေါက်ပြေးလွှားဝင်ရောက်လာ၏။ သို့ရာတွင် ကျွန်တော်၏ လက်တွေကို အသာချထားလိုက်ရသည်။ ခုန်ပေါက်ပြေးလွှားခြင်းကို ဖျတ်ခနဲ တုံ့ရပ်လိုက်ရ သည်။ ကျွန်တော့်ရင်ရွှာမှာ တစ်ပါး သူတို့၏ ရင်ရွှာတွေမှာ ဟိုအဝေး ဒေသတွေမှာ မီးတောက်တွေ မငြိမ်းမစဲသေးပါကလား။

တိုက်ခိုက်သတ်ပုတ်လိုစိတ် fighting spirit သည် လူသား တိုင်း၏ မွေးရာပါ သဘာဝအမွေခံဥစ္စာ ဖြစ်နေသည်။ ကမ္ဘာဦးရှေးလူ သည် ထစ်ခနဲရှိမိမိနှင့် ပြိုင်ဘက်အသွင် ရှိသူထံ ဓားဆွဲ၍ ပြေးဝင်သွား တတ်သည်။ 'ဓားကအရင်၊ စကားက နောက်' ဟူသော ဝါဒမျိုးဖြစ်သည်။ ယဉ်ကျေးမှုမြင့်မားလာသောအခါ ရန်စောင်ကြသည့် အနေအထားတွင် ဆွေးနွေးညှိနှိုင်းကြည့်ကြသည်။ အနိုင်ယူ စိုးမိုးလိုသော စိတ်ဆန္ဒကို ရေ့တန်းတင်ကြရာက ညှိနှိုင်း၍ မရတော့ဘဲ ဓားမှားချင်း၊ လုံလုံချင်း ဖြစ်သွားကြသည်။ အနိုင်ရသူက ရှုံးနိမ့်သူအပေါ် 'ကျူပင်ခုတ် ကျူငုတ် မကျန်' စနစ်ကျင့်သုံးသည်။ ခေတ်သစ်မှာ ပေါ်ထွန်းလာခဲ့သည့် 'မီးလောင်တိုက်သွင်းခြင်း' holocaust နှင့် 'မျိုးတုံးစစ်ဆင်ရေး' ethnic cleansing တို့သည် ခေတ်ဟောင်းသမိုင်းဟောင်း၏ အမွေခံ အစွန်းဆက်များအဖြစ် ခေါင်းထောင်လာကြသည်။ ရှေးပဝေသဏီက ကြစ်ခဲ့သော

www.burmeseclassic.com

www.burmeseclassic.com

မိမ်ကိုယ်တိုင် လုံကြီးတဝင့်ဝင့်နှင့် တစ်ပါးသူပိုင်နက်ထဲသို့ ချဉ်းနင်းဝင်ရောက်လျှင် မိမိကို လောက်လေးခွများမှ ပစ်လွှတ်သော လေးသီးတွေက ဆီးကြိုနေကြလိမ့်မည်။ သူတစ်ထူး၏ ပိုင်ခွင့်ကို စော်ကားခြင်းက စစ်ကို ဖန်တီးသည်။

သော ကျူပင်ခုတ် ကျူငုတ်မကျန် စစ်ပွဲများကြောင့် လူသမိုင်းသည် တုန့်ဆိုင်းဆဲ့အသွားသည်။ အချို့လူမျိုးစုငယ်များဆိုလျှင် ဤကမ္ဘာပေါ်ကနေ ဘဝကော သမိုင်းပါ ပျောက်ကွယ်သွားခဲ့ကြသည်။

လူတစ်ယောက်တည်းဆိုလျှင် အတ္တအကျိုး ရှေးရှုသော သတ္တဝါသက်သက်သာ ဖြစ်ပါသည်။ မျိုးနွယ်အုပ်စု၊ အဖွဲ့အစည်းနှင့် နေထိုင်လာကြသောအခါ အတ္တအကျိုး ရှေးရှုခြင်းသို့ သဘာဝအတိုင်း ရောက်ရှိသွားသည်။ မိမိမျိုးနွယ်အုပ်စု၏ ဦးတည်ချက်တွေ မှားယွင်းဖောက်ပြန်နေမှန်း သိသော်လည်း သစ္စာဖောက်တံဆိပ် အကပ်မခံလိုရှိ၍ အမှားထဲမှာ မိမိပါ ရောပါနေတတ်ကြသည်။ အမှားထဲမှ အမှန်ဘက်သို့ ကူးမြောက်ထွက်ပြေးသူ ရှားပါးသည်။ အမှားနွံသည် ရှုန်းထွက်နိုင်လောက်သော ခြေကျင်းဝတ်လောက်သာ ရှိနေစဉ် ရုန်းမထွက်ပါက ဒူးလောက်အထိ မြုပ်ဝင်သွားမည်။ ဒူးလောက် မြုပ်နေသည့်တိုင် အမှားကို အမှန်ဟု ထင်နေလျှင် မကြာမီ လည်ပင်းအထိ နွံထဲမှာ မြုပ်ဝင်သွားတော့မည်။ ပြီးလျှင် စုံးစုံးမြုပ် ပျောက်ကွယ်သွားဖို့ပဲ ကျန်ပါတော့သည်။

ဤနည်းဖြင့် သမိုင်းတစ်လျှောက်မှာ မရေမတွက်နိုင်သော လူဇာလခေါင်းဆောင်တွေသည် သူတို့ ဖန်တီးသော အမှားနွံပွက်ကြီးထဲမှာပဲ သူတို့ကိုယ်တိုင် မရှုမလှ နစ်မြုပ် ပျောက်ကွယ်သွားခဲ့ကြသည်။ သူတို့သာမက သူတို့၏ အဆွေအမျိုး နောက်လိုက်နောက်ပါ ဘောင်းတော်ပြတ် စိတ်တော်သိ 'ခရိုနီ' crony တွေပါ သူတို့နှင့်အတူ အမှားနွံပွက်အောက်ထဲသို့ ဆွဲမြှုပ်ခြင်း ခံကြရသည်။ သူတို့အားလုံး ပြစ်ဒဏ်သင့်သည်က ဝမ်းနည်းဖွယ် မဟုတ်။ သူတို့၏ ဒဏ်ကို ခံခဲ့ရသူတွေပါ နာလံမထူနိုင်အောင် အားပြတ်ချည့်နဲ့ လဲခွေ ကျန်ရစ်ခဲ့ကြရချာသည်။

ရှေးဟောင်းကျမ်းကန်လာ 'ဝိဋ္ဌဏ္ဍပ' ဘုရင်၏ သာကီဝင်မျိုး ဖြုတ်ရေးရာဇဝတ်မှုကြီးကို ကြည့်ကာ ထိုဘုရင်ကို ရက်စက်မှုအပေါင်း သရဖူဆောင်းခဲ့သူအဖြစ် ကျန်တော်ငယ်စဉ်က ထင်မှတ်ခဲ့သည်။ ဧင်စစ် ဝိဋ္ဌဏ္ဍပသည် ထိုသရဖူနှင့် မထိုက်တန်သေး။ သူထက် ပို၍ ကြမ်း ကြုတ် ရက်စက်သူတွေ ခေတ်ဟောင်းမှာကော ခေတ်သစ်မှာပါ ရှိနေကြ သည်။ ကျွန်တော်၏ လက်ရှိ အသက် ၆၀ ဆိုသော နှစ်ကာလထဲမှာပင်။ ဝိဋ္ဌဏ္ဍပထက် ဆယ်ပြန်ဆိုးသူ တစ်ဒါဇင်ကျော်ကို တွေ့မြင်ခဲ့ရပြီးပြီ ဖြစ်သည်။ လာလတ္တံ့သော လူဆိုးလူညစ် လူဇာလတွေ မည်မျှရှိနေ ကြောင်းတော့ ကျွန်တော် မခန့်မှန်းနိုင်။ လူဆိုးလူညစ် လူဇာလတွေ မလာတော့ ခေတ်ကုန်သွားပြီဟု ဆိုလာသူသည် 'ကျား ကျား မီးယပ်' ပေကပ် ဖွတ်တင်းခံနေသော သူရူးသာဖြစ်မည်။

ရှေးကောရာဇများတွင် ရန်သူကို ခုခံကာကွယ်ရန် သို့မဟုတ် တိုက်ခိုက်ချေမှုန်းရန် ပိုင်ဆိုင်ညွှန်ကြားနိုင်သော ခေါဘိဏီတပ်မ ဆိုသည်မှာ ယခုခေတ် စစ်အင်အားကြီးနိုင်ငံများမှ တပ်မအင်အား၏ ဆယ်ပုံတစ်ပုံ လောက်သာရှိမည်။ မွန်ဂိုဘုရင် 'ကူဗလိုင်ခန်' ၏ လေးသည့်တော်များက မြားတံများ ပစ်လွှတ်လိုက်လျှင် နေရောင်ခြည်ကိုပင် ဖုံးကွယ်၍ နေရောင် ပျောက်ကွယ်သွားသည်ဟု မှတ်တမ်းတင်ကြသည်။ ယခုခေတ် သေနတ် ဗျူဟာ ပါရဂူတွေက ထိုမှတ်တမ်းမျိုးကို ကြည့်၍ ပခုံးတွန့်ကြလိမ့်မည်။ လက်ရှိ ဖျက်အားပြင်းလက်နက်တစ်ခုက နေရောင်ခြည်ကို ရက်ပေါင်းများစွာ ပိတ်ဆို့ အမှောင်ချနိုင်စွမ်း ရှိနေခြင်းကတော့ အားလုံးအတွက် ပျော်ရွှင်စရာ မဖြစ်နိုင်ပါ။

ကံတရား ပို့ချရာအတိုင်း ကျွန်တော်သည် စစ်ဘေးဒုက္ခများနှင့် ဝေးလှမ်းရာ အရပ်တွင် မွေးဖွားသူ ဖြစ်ခဲ့၊ ရှင်သန်နေထိုင်ခဲ့သူဟု ဆို နိုင်သည်။ သို့သော် . . . ထောက်ကြွန့်အရပ်ရှိ ဗြိတိသျှ ဓနသဟာယ စစ်သင်္ချိုင်းနံဘေးမှ ကျွန်တော် မကြာခဏ ဖြတ်သန်းသွားလာနေသလို ဝေးရပ်ဒေသမှ ဒေသတွင်း စစ်ပွဲကြီး စစ်ပွဲငယ်တို့၏ ကျက်သရေ မင်္ဂလာမဲ့ အငွေ့အသက်၊ အသံလှိုင်းများကလည်း ကျွန်တော့်ဦးခေါင်း အထက် မိုးတိမ်များကြားမှ ဖြတ်သန်းသွားလာနေကြသည်။ တစ်ခါတစ်ရံ ကျွန်တော့်အနီးရှိ ရေဒီယိုကလေးထဲမှ စစ်ပွဲအတွင်း အသေအပျောက် ကြေညာသံတွေ လိုမ်ထွက်လာတတ်သည်။ အခါများစွာမှာပင် ကျွန်တော့် ရှေ့ရှိ ရုပ်မြင်သံကြား ဖန်သားမျက်နှာပြင်ဆီမှ ပခုံးထမ်း လောင်ချာ ကျည်ဖူးတစ်ခု တိုးထွက်လာပြီး ကျွန်တော့်နှာခေါင်းရွက်ဘေးကနေ ဝိုးခနဲ ဖြတ်ပျံသွားသည်။ ကျွန်တော် မတုန်လှုပ်တော့။ ကျွန်တော်သည် ကိုရီးယား ကျွန်းဆွယ်စစ်ပွဲနှင့်အတူ လူတဝ ရောက်လာခဲ့ကာ ဗီယက်နမ် စစ်ပွဲနှင့်အတူ လူလားမြောက်လျက်။ ပင်လယ်ကွေ့စစ်ပွဲနှင့်အတူ ရင့် ကျက်လာခဲ့သူ၊ စစ်နှင့်ယဉ်ပါးသယောင်ယောင် မထုံတတ်သေး ဖြစ်နေသောစိတ်မချမ်း သာသည့် လူသားတစ်ဦးမျှသာဖြစ်သည်။

စစ်သည်ကိုယ်တွေ့ကြုံမှု ယုံကြည်လက်ခံရမည့် ကံဆိုးမိုးမောင် ကျခြင်းမျိုး မဟုတ်ပါ။ သမိုင်းသင်ခန်းစာများဆီမှ ကိုယ်တွေ့ကြုံဖူးခဲ့သူများဆီမှ မီဒီယာများဆီမှ သိမှတ်ခံစားကြည့်ရုံမျှဖြင့် အောနေလုံးနာစရာ ကောင်းနေပါပြီ။ စစ်ပွဲဆန့်ကျင်ရေး ကြွေးကြော်အော်ဟစ်၍ ရသော်လည်း မိမိအိမ်ထဲကို အခွင့်မဲ့ ကျူးကျော်ဝင်ရောက်လာရုံမျှမက ထိုသတ္တဝါ၏ လက်ထဲမှာ ဓားတစ်လက် ကိုင်ဆောင်ထားမည် ဆိုပါက မိမိက မိမိ၏ လုံခြုံရေးအတွက် အရံသင့်ဆောင်ထားသော လုံရှည်ကြီးကို ဆွဲယူပြီး ထိုသူကောင်းသားကို မည်ကဲ့သို့ ထိုးစိုက်ပစ်သွင်းလိုက်ရုံသာ ရှိပါသည်။ မိမိကိုယ်တိုင် လုံကြီး တဝင့်ဝင့်နှင့် တစ်ပါးသူပိုင်နက်ထဲသို့ ချဉ်းနင်းဝင်ရောက်လျှင် မိမိကို လောက်လေးခွများမှ ပစ်လွှတ်သော လေးသီးတွေက ဆီးကြိုနေကြလိမ့်မည်။ သူတစ်ထူး၏ ပိုင်ခွင့်ကို စော် ကားခြင်းက စစ်ကို ဖန်တီးသည်။ ရူးရူးမိုက်မိုက်နှင့် မာနထောင်လွှားခြင်းကလည်း စစ်ကို မွေးထုတ်သည်။ 'အားကြီးသူ အနိုင်ယူ'ဟူသော 'တောဇ၏ ဥပဒေသ' Law of the jungle ကို လူဖြစ်ပါလျက် တောနေတိရစ္ဆာန်စိတ်ဝင်ကာ ကျင့်သုံးသော အမနုဿတွေကလည်း စစ်ကိုခေါ်ဆောင်လာတတ်ကြပါသည်။ 'ငါနဲ့မတူ ငါ့ရန်သူ' ဟူသော တစ်လွဲ ဆံပင်ကောင်း ဥပါဒါန်အစွဲက ရှိ့လိုက်သော မီးတောက်ကတော့ အပူရှိန်အပြင်းဆုံး စစ်မီးကြီးကို တောက်လောင်စေပေလိမ့်မည်။

လွန်ခဲ့သော နှစ်ပေါင်း (၅၀) တစ်ဝိုက်လောက်က အမေရိကတွင် ဗီယက်နမ်စစ် ဆန့်ကျင်ရေးဆန္ဒဖော်ထုတ်နေကြစဉ် လုံခြုံရေးစစ်သည် တစ်ဦး၏ သေနတ်ပြောင်းထဲသို့ မိန်းကလေးတစ်ဦးက ပန်းတစ်ပွင့်၏ ရိုးညွှာတံကို စိုက်သွင်းလိုက်ခြင်းဖြင့် သေနတ်ပြောင်းဝမှာ မီးလျှံအစား ပန်းလှလှကလေး တစ်ပွင့် ပွင့်စေသည်။ ထောက်ကြွန့်စစ်သင်္ချိုင်းထဲမှာတော့ လေအဝေ့မှာ ပန်းမာလာမျိုးစုံ ယိမ်းနွဲ့ကခုန်လို့။ **ကြူးနှစ်**

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်နီသခင်ဝိုး

ကိုလေးမြတ်

www.burmeseclassic.com

www.burmeseclassic.com

၁၉၅၀ ခု ဝန်းကျင် အုပ်ချုပ်ရေး မတည်ငြိမ်စဉ်က ကျွန်တော့်ရွာကို ရဲဘော်ဖြူတွေ အုပ်စိုးထားတယ်။ ဒီနောက် အလံနီ ကွန်မြူနစ်တွေက တိုက်ထုတ်ကြတော့ ရဲဘော်ဖြူတွေ ရွာရဲ့ တောင်ဘက် (၂) မိုင်လောက် အကွာရှိတဲ့ ခင်မွန်ရွာကို ထွက်ပြေးသွားကြတယ်။ (ရွာက တိုးတက်တဲ့ အမြင်ရှိတဲ့ လူငယ်တွေက ကျွန်ရှိခဲ့တဲ့ ရဲဘော်ဖြူရုံး၊ အဆောက်အအုံလေးကို စာကြည့်တိုက်အဖြစ် အသုံးပြုလိုက်ကြတယ်။ စာကြည့်တိုက်လေး သက်တမ်း (နှစ်ပေါင်း ၆၀ ကျော်) ရှိနေပြီပေါ့။) အဲဒီက စပြီး အလံနီကွန်မြူနစ်တွေဟာ အုပ်ချုပ်ရေး တည်ငြိမ်တဲ့ ၁၉၅၆ ခုနှစ်လောက်ထိ ကျွန်တော်တို့ရွာကို အုပ်စိုးသွားကြတယ်။ ဒီတော့ ကျွန်တော်တို့ရွာ နိုင်ငံရေးသမားဟောင်းကြီးတွေဆိုရင် အလံနီကွန်မြူတွေက များလှတယ်။

ကျွန်တော်တို့ဟာ ငယ်စဉ်ကတည်းက ကြားဖူးနားဝ ရှိနေကြ တယ်။ အလံနီခေါင်းဆောင် သခင်စိုးကြီးရဲ့ အကြောင်းကိုပါ သူက အကာမိသသော၊ ကာမိသသော (လင်ရှိ/ မရှိ) မိန်းမဆိုရင် တွေ့မရောင် ပါတဲ့။ ''ပါးစပ်ကသာ ကွန်မြူနစ်၊ ++က ဖက်ဆစ်'' တဲ့။ မိန်းမနဲ့ပတ် သက်ပြီး ''မိန်းမဆိုတာ ခြင်ထောင်ထဲမှာသာ အသုံးဝင်တဲ့ပစ္စည်း''လို့ အဓိပ္ပာယ်ဖွင့်ဆိုပါသတဲ့။ ဒီလို လူတစ်ယောက်က ပါတီကြီးတစ်ခုရဲ့ ခေါင်းဆောင် ဖြစ်နေတာကို နားမလည်နိုင်ဘူး။ အလှူအတန်း၊ အသုဘ တွေမှာ အလံနီကွန်မြူနစ်တွေ ဖြစ်ခဲ့ကြဖူးတဲ့ ဦးလေးအရွယ် လူကြီးတွေ နဲ့တွေ့ရင် ''ကျွန်တော် ခင်ဗျားတို့ရဲ့ ဆရာကြီးသခင်စိုးအကြောင်း ပြော ချင်တယ် ဘယ်နယ်လဲ''လို့ ပြောလေတိုင်း ''ဟေ့ကောင် လေးမြတ်၊ မင်း တို့ရဲ့ဆရာကြီးကို ဝေဖန်ပိုင်ခွင့် မရှိဘူး။ အေး ဝေဖန်မယ်ဆိုရင် တော့ ရိုက်ခွဲပစ်မယ်။ ပြီးမှ တို့အဆိုးမဆိုနဲ့'' လို့ တံပြန်ကြတဲ့အတွက် ရေငုံနှုတ်ပိတ် နေခဲ့ရတယ်။ အဲဒီမှာ သခင်စိုးကြီးရဲ့ ပုဂ္ဂိုလ်ရေး ကြည် ညိုမှု စွမ်းအား ထူထောင်ထားနိုင်မှုကို ကျွန်တော့်အနေနဲ့ အလေး အနက် အသိအမှတ်ပြုထားမိတယ်။

နောက် . . နိုင်ငံသမိုင်း၊ နိုင်ငံရေး အနေအထားတွေ ဖတ်ရှုခွင့် ရရှိလာတော့ နိုင်ငံရဲ့ လွတ်လပ်မှု ကြိုးပမ်းမှုသမိုင်း၊ ဖက်ဆစ်တော်လှန် ရေးသမိုင်းတွေမှာ သခင်စိုးကြီးရဲ့ အရေးပါမှု၊ ကြိုးစားမှု အခန်းကဏ္ဍ တွေကို သိရှိလာရတယ်။ ဒီဘက်ပိုင်း ဗိုလ်မှူးချုပ် ကျော်ဇော၊ သခင် ဗဟိန်း၊ ဗိုလ်လက်ျာတို့ရဲ့အကြောင်းတွေကို စာအုပ်အဖြစ် ဖတ်ရှုရလေ တော့ ဆရာကြီး သခင်စိုးကြီးရဲ့အကြောင်း၊ စာအုပ်ထွက်ရှိလာရင် ကောင်းလေစွလို့ အာသီသ ဖြစ်မိတယ်။ အခု သန်လျင်တင်ထွန်းနဲ့ ခေတ်ပြိုတိုက်စာပေတို့က ဆရာကြီး သခင်စိုးရဲ့အကြောင်းကို စာအုပ် အဖြစ် ထုတ်ဝေလာတဲ့အတွက် အားရကျေနပ်မှု မဖြစ်သည့်တိုင် အာသီ သတော့ ပြေလျော့စေပါတယ်။

''အခု သခင်စိုးရဲ့စာအုပ်မှာ သိန်းဖေမြင့်ရဲ့ဆောင်းပါး (၄) ပုဒ်၊ အောင်စွမ်း၊ ရဲနီကျော်ဝင်း၊ ဇဝန၊ မောင်သုမန တို့ရဲ့ ဆောင်းပါး (၁) ပုဒ်စီ၊ သခင်တင်မြရဲ့ ဆောင်းပါး (၄) ပုဒ်၊ သန်လျင်တင်ထွန်းရဲ့ ဆောင်း ပါး (၂) ပုဒ်နဲ့ သခင်စိုးရဲ့ မိန့်ခွန်း (၁)ပုဒ်တို့ ပါဝင်ကြပါတယ်။ ခေတ်ပြိ တိုက် စာပေက ၂၀၁၃ ဇူလိုင်လမှာ ပထမအကြိမ်အဖြစ် အုပ်ရေ ၁၀၀၀၊ တန်ဖိုး– ၂၀၀၀ ကျပ်နဲ့ ထုတ်ဝေထားပါတယ်။

သန်လျင်တင်ထွန်းရဲ့ သခင်စိုးရဲ့ ကိုယ်ရေးအကျဉ်းမှာ သခင်စိုး ဟာ မွန်ပြည်နယ်၊ မုဒွန်မြို့နယ်၊ ကျောက်တန်းရွာဇာတိ။ အဖ သူကြီး ဦးစံဒွန်း၊ အမိ ဒေါ်နှင်းအောင်တို့က မြန်မာသက္ကရာဇ် ၁၂၆၉ ခု၊ ကဆုန် လဆုတ် ၁၄ ရက်၊ အင်္ဂါနေ့ (၉၊ မေ၊ ၁၉၀၇ ကြာသပတေး)နေ့မှာ မွေးဖွားတယ်။ မွေးချင်းတွေအနက် စတုတ္ထသား။ အဲဒီမှာ အောက်ခြေ မှတ်စုမှာ မောင်ဇေယျာရဲ့ မြန်မာလူကျော် (၁၀၀) မှာတော့ (၁၅၊ မေ၊ ၁၉၀၆ အင်္ဂါနေ့) မွေးဖွား။ အငယ်ဆုံးသားလို့ဆိုတာကို ကွဲလွဲချက်ကို ဖော်ပြထားတယ်။ ဒီအချက်ဟာ မဖြစ်သင့်ဘူးလို့ ထင်ပါတယ်။ သန်လျင် တင်ထွန်းအမှန်လား၊ မောင်ဇေယျာအမှန်လား။ သန်လျင်တင်ထွန်းက မှားယွင်းနေတယ်ဆိုရင် တစ်ခါတည်း အမှန်ပြင်ဆင်ပြီး ထည့်သွင်း ဖော်ပြသင့်တယ်။ သန်လျင်တင်ထွန်းက မှန်တယ်ဆိုရင်တော့ မည်သူ့ရဲ့ ပြောဆိုချက်၊ ဘယ်မှတ်တမ်းအရ ဖြစ်တယ်လို့ ပြောဆိုသင့်တယ်။ မှုကွဲ အဖြစ် မောင်ဇေယျာရဲ့ မြန်မာလူကျော် (၁၀၀)ကို ညွှန်းဆိုပေါ့။ သခင်စိုး ကွယ်လွန်တာ နှစ်ပေါင်း (၂၅) နှစ် မပြည့်သေးဘူး။ မွေးသက္ကရာဇ် လွဲချော်နေတာတော့ မဖြစ်သင့်ဘူး ထင်ပါရဲ့။ ဒါပေမဲ့ ဆောင်းပါး အသွား အလာအရ မောင်ဇေယျာက မှန်တယ်လို့ ယူဆဖွယ် ဖြစ်ပါတယ်။

သခင်စိုးရဲ့ ကိုယ်ရေးအကျဉ်းကို အသက်မွေးမှု၊ အနုပညာစွမ်း ရည်၊ နိုင်ငံရေးစွမ်းရည်၊ ကာယစွမ်းရည်၊ ပြုစုခဲ့သည့် နိုင်ငံရေး သဘောတရား ကျမ်းများဆိုပြီး ခွဲခြားဖော်ပြထားတယ်။ အသက်မွေးမှု မှာ ၁၉၂၃ ခု၊ မတ်လ (၂၃) ရက်နေ့မှ ၁၉၃၇ ခု၊ စက်တင်ဘာအထိ သန်လျင် BOC ရေနံချက်စက်ရုံမှာ အစ်ကိုကြီးဖြစ်တဲ့ ဦးကျေးရင် (ဆီတိုက်ဗိုလ်)နဲ့အတူတူ ဓာတ်ခွဲခန်းမှူး လုပ်ခဲ့တယ်။ အဲဒီမှာ အင်္ဂလိပ် စာအပြော၊ အရေး အင်မတန် ကောင်းတဲ့ အစ်ကိုက သခင်စိုးကို အင်္ဂလိပ်စာ သင်ကြားပေးခဲ့တယ်လို့ ဆိုပါတယ်။

အနုပညာစွမ်းအနေနဲ့ သခင်စိုးဟာ မဟာဂီတ သီချင်းကြီးအားလုံး နီးပါးကို တယောနဲ့ ကျွမ်းကျင်စွာ ထိုးတတ်တယ်။ ရန်ကုန်မြို့ ဂျူဇလီ ဟောမှာ မြန်မာနိုင်ငံလုံးဆိုင်ရာ တယောပြိုင်ပွဲမှာ တယောထိုး ပညာ မကြည့်ဘဲ ကောလိပ်ကျောင်းသားဆိုတဲ့ ဂုဏ်ပုဒ်နဲ့ အဲဒီလူကို ပထမဆု ပေးပြီး သူ့ကို ဒုတိယဆုပေးလို့ ဒိုင်တွေရဲ့ တယောရိုက်ခွဲပြီး ဒုတိယဆု မယူဘဲ သပိတ်မှောက်ခဲ့တယ်လို့ ဆိုပါတယ်။ (စာရေးဆရာ အောင်လင်း လည်း တက္ကသိုလ်တယောထိုးပြိုင်ပွဲမှာ သူထိုးနေကျ တယောကို စာရေးဆရာ မြသန်းတင့်က ယူပြီး ပေါင်ထားလို့ တခြားတယောနဲ့ဝင် ပြိုင်ရာမှာ ဒုတိယဆုသာ ရလို့ တယောရိုက်ခွဲဖူးတယ်။ ဆရာစိန်ခင် မောင်ရီက ပြောပြတာ မှတ်သားထားတာပါ။ စာရေးဆရာ အောင်လင်း လည်း အလံနီကွန်မြူနစ်ပါပဲ။)

နိုင်ငံရေးစွမ်းရည်အနေနဲ့ နဂါးနီစာစောင်မှာ နိုင်ငံရေးဆောင်းပါး တွေနဲ့ နိုင်ငံရေး စစ်တမ်းတွေ ရေးခဲ့တယ်လို့ ဆိုတယ်။ အင်္ဂလိပ်ဘာသာ နဲ့ ထုတ်ဝေတဲ့ Liberty နေ့စဉ်သတင်းစာမှာ အယ်ဒီတာချုပ်အဖြစ် ထမ်းဆောင်ခဲ့တယ်လို့ ဆိုပါတယ်။ ၁၉၄၃ ခုနှစ်မှ ၁၉၄၆ ခုနှစ်ထိ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ အထွေထွေ အတွင်းရေးမှူးချုပ်အဖြစ် တာဝန် ထမ်းဆောင်ခဲ့တယ်။ (ဗမာပြည်ကွန်မြူနစ်ပါတီက သခင်စိုးကို အိမ်ထောင်

သခင်စိုးရဲ့ ကိုယ်ရေးအကျဉ်းမှာ သူကွယ်လွန်တဲ့ ခုနစ်၊ လ၊ ရက်မပါရှိတာကတော့ လစ်ဟာချက်လို ဖြစ်နေတာတွေ့ရတယ်။ ဓာတ်ပုံမှတ်တမ်းထဲမှာသခင်စိုးနဲ့ သန်လျင်တင်ထွန်းတို့ တွဲရိုက်ထားတာတွေ့ရတယ်။ သခင်စိုး အိုမင်းချိန်မှာ အနီးကပ်နေထိုင်ခဲ့တယ်လို့ ကောက်ယူမိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ရေး ပြဿနာရှိလို့ ဗဟိုကော်မတီအဖြစ်ကနေ ဖယ်ရှားထားတယ်။ အဲဒီမှာ သခင်စိုးက ကွန်မြူနစ်ပါတီ (ဗမာပြည်)လို့ ခွဲထောင်သွားပါတယ်။ သခင်တင်မြတို့လည်း သခင်စိုးနဲ့အတူ ပါသွားပါတယ်။ လူထုက သခင်စိုးရဲ့ ကွန်မြူနစ်ပါတီ (ဗမာပြည်)ကို အလံနီ ကွန်မြူနစ်၊ သခင်သန်းထွန်းရဲ့ ဗမာပြည် ကွန်မြူနစ်ပါတီကို အလံဖြူ ကွန်မြူနစ်လို့ သိရှိနားလည်ထားကြတယ်။)

၁၉၄၁ ခု အင်းစိန်ထောင်မှာ အကျဉ်းသမားအဖြစ် ဖမ်းဆီးခံရစဉ် ကျော်ကြားလှတဲ့ 'အင်းစိန်စစ်တမ်း'ကို အင်္ဂလိပ်ဘာသာနဲ့ ရေးသားဖြန့်ချိခဲ့တယ်လို့ ဆိုပါတယ်။ (အင်းစိန်စစ်တမ်းက ဂျပန်ဖက်ဆစ်ဝါဒ က အရင်းရှင်ဝါဒရဲ့ စီးပွားရေး တောင်းဆိုမှုက ပေါ်ထွန်းလာတဲ့ ဝါဒဖြစ် တယ်။ ကမ္ဘာမှာ အလုပ်သမားတွေ ကိုယ်စားပြုတဲ့ ကွန်မြူနစ်ဝါဒက ကြီးထွားစိုးမိုးလာပြီ ဖြစ်တယ်။ ဖက်ဆစ်ဝါဒဟာ ရေရှည်မှာ အောင်မြင်မှု ရရှိနိုင်ဘူး။ ယာယီအခိုက်အတန့်သာ အင်အားကြီးမားနေတာ ဖြစ်တယ်။ မလွဲမသွေ ကျဆုံးရှုံးနိမ့်သွားမယ့်ဝါဒဖြစ်တယ်။ ဒါကြောင့် ဖက်ဆစ်ဝါဒ ကို လက်ခံစရာ အကြောင်း မရှိဘူး။ မလွဲမသွေ ရောက်ရှိလာလည်း တော်လှန်တိုက်ထုတ်ရမယ်လို့ နိုင်ငံရေးသဘောတရား ချမှတ်ပြတဲ့ စစ်တမ်း ဖြစ်ပါတယ်။) အဲ့ဒီအချိန်အခါတုန်းက အင်းစိန်စစ်တမ်း နိုင်ငံရေးအမြင်ဟာ အင်မတန် ထက်မြက် စူးရှလှတဲ့ အမြင် ဖြစ်ပါတယ်။ အဲဒီကတည်းက သခင်စိုးကြီးဟာ သူ ယုံကြည်တဲ့ ဖက်ဆစ်ဝါဒ တော်လှန်ရေးကို တစိုက်မတ်မတ် ဆောင်ရွက်ပါတော့တယ်။

ဒီမှာ သခင်စိုး အင်းစိန်ထောင်ထဲ ရောက်စဉ် ဖြစ်ရပ်လေးတစ်ခုကို ပြောချင်ပါတယ်။ (စာအုပ်အမည်နဲ့ ရေးသားသူ မေ့လျော့နေမိတာ ခွင့်လွှတ်ပါ)။ ထောင်ထဲမှာ သခင်ဗစိန်တို့လည်း ရောက်နေကြတယ်။ သခင်ဗစိန်က ကွန်မြူနစ်ဝါဒကို လက်မခံပါဘူး။ ဆန့်ကျင်တဲ့သူပါ။ (တက္ကသိုလ် စိန်တင်ရဲ့ သခင်ဗစိန် အတ္ထုပ္ပတ္တိစာအုပ် ထွက်ရှိလာတော့ ကျွန်တော်က ကွန်မြူနစ်ဝါဒ ဆန့်ကျင်မှုနဲ့တိုးသူကြီးလို့ အမည်ပေးပြီး ဝေဖန်ရေး ဆောင်းပါးရေးခဲ့ဖူးသေးတယ်။ ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းမှာပါပဲ။ ဒါပေမဲ့ အဲဒီဆောင်းပါးက စိစစ်ရေးက ဆုတ်ဖြဲခြင်း ခံခဲ့ရတယ်။) အဲဒီမှာ ကွန်မြူနစ်ဝါဒ ယုံကြည်ကြတဲ့ လူငယ်တွေက သခင်ဗစိန်ကို မလိုလားကြ ဘူးပေါ့။ သခင်စိုးနဲ့ နိုင်ငံရေး ဆွေးနွေးပွဲဖြစ်အောင် ဖန်တီးပေးကြမယ်။ သခင်စိုးရဲ့ နိုင်ငံရေး အယူအဆတွေကို သခင်ဗစိန် ငြင်းပယ်နိုင်မယ် မဟုတ်ဘူး။ ဒီတော့ သခင်ဗစိန်တစ်ယောက် ဒေါသဖြစ်ပြီး ရူးရူးရှားရှား ဖြစ်လာမယ်ပေါ့။ အဲဒီအချိန် ဝိုင်းရိုက်ကြဖို့ တိုင်ပင်ထားကြသတဲ့။ တစ်နေ့ မှာတော့ သခင်ဗစိန်နဲ့ သခင်စိုးတွေ့ဆုံပေးနိုင်ကြတယ်။ သခင်စိုးက သူ ယုံကြည်တဲ့ ကွန်မြူနစ်ဝါဒအကြောင်းကို အားတက်သရော ပြော။ သခင်ဗစိန်က အင်မလှူပ်၊ အဲမလှုပ် ငြိမ်နားထောင်နေတယ်။ အဲဒီမှာ သခင်စိုးက ဒေါသဖြစ်လာပြီး သခင်ဗစိန်ကို ရိုက်မယ်၊ နှက်မယ်၊ ထိုးမယ်၊ ကြိတ်မယ် ဖြစ်ပါလေရောတဲ့။ သခင်ဗစိန် ဒေါသဖြစ်လာရင် ရိုက်ကြမယ် လို့ စိတ်ကူးထားကြတဲ့ လူငယ်တွေဟာ သခင်စိုး ဒေါသပေါက်ကွဲလာလို့ ဆွဲကြရ၊ ထိန်းကြရတာ အမောပါပဲတဲ့။

၁၉၃၀ ခု၊ နိဝင်ဘာ (၁၀) ရက်မှာ သခင်စိုးဟာ ဇနီးဒေါ်ခင်စု၊ လသားအရွယ် သား ခင်မောင်စိုး (၁) သီတာအေးတို့နဲ့အတူ အလင်းတင်ရောက်ခဲ့တယ်။ ၁၉၈၀ ခု၊ မတ်လ (၅) ရက်မှာ လွတ်ငြိမ်းချမ်းသာ ခွင့်နဲ့ လွတ်မြောက်ခဲ့တယ်။ ဦးဝိစာရ (မင်းမနိုင်) တိုက် ၂၉၊ အခန်း (၈) ပထမထပ်မှာ နေထိုင်သွားတယ်။

ကာယစွမ်းရည်အနေနဲ့ သန်လျင်ကနေ ရွှေဘိုမြို့ထိ မိုင်ပေါင်း (၅၅၀) ကို စက်ဘီးနဲ့ သွားရောက်ခဲ့တယ်။ အသက် (၄၅) နှစ်မှ (၆၂) နှစ်အတွင်း တောတွင်းလက်နက်ကိုင် အလံနီဘဝနဲ့ မိုင်ပေါင်း (၁၀၄၀၄၀) ခြေလျင်လျှောက်ခဲ့တယ်လို့ ဆိုပါတယ်။ အသက် (၇၃) နှစ်အရွယ် ရန်ကုန်–မန္တလေး မိုင်ပေါင်း (၄၂၀) ခြေလျင်လျှောက်ခဲ့တယ်လို့ ဆိုပါတယ်။ ဒါ့ပြင် ၁၉၅၀ မှ ၁၉၈၀ ခု၊ အင်းစိန်ထောင်အတွင်း (၁၀) နှစ်နေရစဉ်ကလည်း ကြိုးအကြိမ်ပေါင်း (၂၅၀၀၀) ခုန်ခဲ့တယ်လို့ ဆိုပါတယ်။

ပြုစုခဲ့တဲ့ နိုင်ငံရေး သဘောတရားကျမ်းများအနေနဲ့ ၁၉၅၀ ခုမှ ၁၉၈၀ ခု အင်းစိန်ထောင်အတွင်း နေရစဉ် နိုင်ငံရေးဘောဂဗေဒကျမ်းကြီး (၃)စောင် (စာမျက်နှာ ၁၀၀၀၀) ကျော် ရေးသားခဲ့တယ် ဆိုပါတယ်။ သခင်စိုးက အရင်က အလုပ်သမားလောကကို ရေးခဲ့ဖူးသေးတယ်။ သခင်စိုးရဲ့ ကိုယ်ရေးအကျဉ်းမှာ သူကွယ်လွန်တဲ့ ခုနစ်၊ လ၊ ရက် မပါရှိတာကတော့ လစ်ဟာချက်လို ဖြစ်နေတာတွေ့ရတယ်။ ဓာတ်ပုံ မှတ်တမ်းထဲမှာ သခင်စိုးနဲ့ သန်လျင်တင်ထွန်းတို့ တွဲရိုက်ထားတာ တွေ့ရ တယ်။ သခင်စိုး အိုမင်းချိန်မှာ အနီးကပ် နေထိုင်ခဲ့တယ်လို့ ကောက် ယူမိပါတယ်။ သန်လျင်တင်ထွန်းအနေနဲ့ သခင်စိုးရဲ့ အကြောင်းကို ဒိုထက်မက ပြည့်ပြည်စုံစုံ၊ ကျကျနန ရေးသားပါဦးလို့ တောင်းဆိုချင် ပါတယ်။

သခင်စိုးကို ကျွန်တော်လည်း ကွယ်လွန်ခါနီးအချိန်မှာ မြင်တွေ့ လိုက်ဖူးတယ်။ ကျွန်တော်က အန်ကယ်ကြီးလို့ခေါ်တဲ့ မုံရွာ ဦးခင်မောင် ကြီး (လေထီးခင်မောင်ကြီး)ဟာ အလံနီကွန်မြူနစ်ပါ။ ငါန်းဖွန်းနယ်ဘက် မှာ တောခိုဖူးတယ်။ တောတွင်းအမည်က ဘမောင်တဲ့။ သူတို့ဆရာကြီး ကျန်းမာရေးမကောင်းလို့ ဆေးရုံတက်ရတော့ ရန်ကုန်ဆင်းလာတာ ပေါ့။ သူက ကျွန်တော်တို့ လုပ်သားမော်တော်ယာဉ်အသင်းမှာ နာယကဆို တော့ ကားဂိတ်မှာပဲ တည်းခိုပါတယ်။ သူ ဆေးရုံသွားမယ်ဆိုတော့ ''အန်ကယ်ကြီး ကျွန်တော်လည်း လိုက်ခဲ့ပါရစေ'' လို့ ပြောမိတယ်။ ''ဘာလုပ်ဖို့လဲ''။ ''သခင်စိုးကြီးကို မြင်ဖူးချင်လို့ပါ'' ဆိုတော့ ''ဝတ်ခဲ့'' တဲ့။ ရန်ကုန် ပြည်သူ့ဆေးရုံကြီးမှာပါ။

www.burmeseclassic.com

www.burmeseclassic.com

ရောက်တော့ အန်ကယ်ကြီးက ''ဆရာကြီး ကျွန်တော် ဘမောင်ပါ'' လို့ပြောတော့ သခင်စိုးက အန်ကယ်ကြီးရဲ့လက်ကို ကျစ်ကျစ်ပါအောင် ဖြစ်ညစ်ထားတယ်။ သူရဲ့မျက်နှာလည်း လန်းလို့၊ ဝမ်းသာတဲ့ မျက်ရည်တွေ ရစ်ဝဲလို့။ တစ်ချိန်က ဆရာရင်း၊ တပည့်ရင်း၊ သေဖော်သေဖက်ရဲဘော်တွေ မဟုတ်ကြပါလား။ သခင်စိုးဟာ ခပ်တုတ်တုတ်ပါ။ လူချင်း တွေ့မြင်ရတော့ ရုပ်သွင်က ဓာတ်ပုံတွေထဲကလောက် ရုပ်မဆိုးလှပါဘူး။ ဖက်ဆစ်တော်လှန်ရေး၊ လွတ်လပ်ရေး တိုက်ပွဲတွေအတွင်းက ဒိတ်ဒိတ်ကြဲ ခေါင်းဆောင်ကြီး တစ်ဦးပေပဲလေ။

အခု စာအုပ်မှာ သိန်းဖေမြင့်ရဲ့ ဆောင်းပါးတွေက သခင်စိုးရဲ့ လုပ်ဆောင်ချက် အမူအကျင့်တွေကို ဖော်ပြထားတယ်။ သခင်စိုး စိတ်ကောင်းဝင်ချိန် ဆောင်းပါးမှာ ''သခင်စိုးဟာ စိတ်ဓာတ်တက်စရာ ရှိရင် သိပ်တက်တယ်။ စိတ်ဓာတ်ကျစရာရှိလည်း သိပ်ကျတယ်။ စိတ်ကောင်းဝင်ချိန်မှာ သိပ်ကောင်းပြီး စိတ်ဆိုးချိန်မှာ သိပ်ဆိုးတယ်။ စိတ်ဆိုးရင် မွန်ထူပြီး မဆင်မခြင် ထင်ရာလုပ်တတ်တယ်။ အတွေးအခေါ်နှင့် ပတ်သက်ရင်လည်း ဒီလိုပဲ။ တည်ငြိမ်မှု မရှိဘူး။ အတွေးအခေါ် ချော်နေပြီဆိုရင် အများကြီး ချော်လိုက်တာပဲ။ အတွေးအခေါ်၊ အကြည့်အမြင်တွေဟာ ပြောင်းပြန်ကို ဖြစ်တာပဲ။ တစ်ခါတစ်ခါ အတွေးအခေါ် တည်ငြိမ်တော့လည်း အုံဩစရာ ကောင်းလောက်တဲ့ အမှန်တရားဟာ လက်ခနဲ၊ လက်ခနဲ လင်းလက်လာတတ်တယ်'' တဲ့။

၁၉၅၂ ခုဝန်းကျင်က သခင်စိုးဟာ စိတ်ကောင်းဝင်ချိန် ဖြစ်ပါ သတဲ့။ သူဟာ တောခိုရာဘဝ၊ ရောက်လေရာ အရပ်မှာ ရင်ဘတ် စည်တီးလုပ်ပြီး ''ကျူပ်ကို ကြည့်လိုက်ပါဗျ။ ကျူပ်ဟာ ယနေ့ မြန်မာ နိုင်ငံရေး အကွဲအပြဲများ ရေသောက်မြစ်ဖြစ်တယ်။ ပြည်သူတွေ သေ ကြေပျက်စီး၊ ပြည်သူအိုးအိမ်၊ စည်းစိမ်တွေ မီးလောင်ဆုံးရှုံးစေတဲ့ ပြည် တွင်းစစ်ရဲ့ တရားခံဟာ ကျူပ် ဖြစ်ပါတယ်'' လို့ ပြောနေတတ်တယ် တဲ့။

ဒါ့အပြင် သခင်စိုးကြီးဟာ စိတ်ကောင်းဝင်ချိန်မှာသိပ်ကောင်းပြီး စိတ်ဆိုးရင်တော့ မဆင်မခြင် ကမူးရှူးထိုး လုပ်ကိုင်တတ်တယ်လို့ ဆိုပါတယ်။ ဒါကတော့ ခေါင်းဆောင်တစ်ယောက်ရဲ့ အရည်အချင်းတစ်ရပ်မဟုတ် ပေဘူး။

အဲဒီ သခင်စိုးကြီး စိတ်ကောင်းဝင်ချိန် ဆောင်းပါးက သခင်စိုးရဲ့ သုံးပါတီညီညွတ်ရေး (ဗမာပြည် ကွန်မြူနစ်ပါတီ၊ အလံနီကွန်မြူနစ်ပါတီ၊ ပြည်သူ့ရဲဘော်ပါတီ)မှာ ပြောကြားတဲ့ မိန့်ခွန်းကို ဝေဖန်ထားတဲ့ ဆောင်းပါး ဖြစ်ပါတယ်။ ၁၉၅၂ ခု၊ ဇူလိုင်လ (၃)ရက် ပုံတောင်ပုံညာ ခင်သာစခန်းမှာ သုံးပါတီ ညီညွတ်ရေးလုပ်ကြတယ်။ သုံးပါတီ ကိုယ်စားလှယ် (၁၅)ဦး၊ ညီသည်တော် (၃၄)ဦး တက်ရောက်ခဲ့တယ်။ အဲဒီ (၄၉)ဦး စလုံးဟာ သုံးပါတီ ထိပ်သီးခေါင်းဆောင်တွေချည်း ဖြစ်ပါသတဲ့။

အဲဒီမှာ သခင်စိုးက အတိတ်က ဆိုရှယ်လစ်အကွဲအပြဲ၊ ပြည်သူ့ရဲဘော် အကွဲအပြဲ၊ ကွန်မြူနစ်အကွဲအပြဲတွေကို ခမ္မဓိဌာန်ကျကျ ခွဲခြမ်းစိတ်ဖြာပြီး ဝေဖန်သုံးသပ်ပြသွားပါတယ်။ အဓိကတော့ ဂိုဏ်းဂဏစွဲတွေပဲပေါ့။ အဲဒီမှာ ''ညီညွတ်ရေး ဘောင်မခတ်ဘဲ ဆွေးနွေးခြင်း'' ဆိုတာ အထူးမှတ်သားထိုက်တဲ့ စကားရပ် ဖြစ်ပါတယ်။ အခုထိ ကျွန် တော်တို့ရဲ့ နိုင်ငံ၊ နိုင်ငံရေးအကွဲအပြဲတွေမှာ တူညီမှု အခြေခံတစ်ခုကို ရှာဖွေကြပြီး အဲဒီ ရရှိတဲ့ အဖြေပေါ်က ညီညွတ်ရေး ဘောင်ခတ်ပြီး ဆွေးနွေးကြမယ်ဆိုရင်တော့ ညီညွတ်ရေး မရရှိနိုင်စရာအကြောင်း မရှိပါဘူး။ ဝါဒမတူ၊ လူမျိုးမတူ၊ ဘာသာမတူ ရှိစေဦးတော့ တူညီမှုကို ရှာဖွေရင် လူသားအချင်းချင်းဆိုတဲ့ တူညီမှုကိုတော့ မလွဲမသွေ ရရှိနေမှာ ဖြစ်ပါတယ်။

ဒီမှာ သခင်စိုးရဲ့ သုံးသပ်ချက်ကို ကြည့်ကြရအောင်ပါ။

''ကျွန်တော်တို့ဟာ ကွန်မြူနစ်ပါတီနဲ့ ဆက်သွယ်လာသူတွေကို အထင်သေးခဲ့တယ်။ မရှိသေခဲ့ဘူး။ အာဘိဓမ္မာနဲ့ သဘောတရားဟာ အလုပ်ရဲ့ လမ်းညွှန်ဆိုသလို ကျွန်တော်တို့မှာ ရှိခဲ့တဲ့ ဂိုဏ်းဂဏစွဲ အာဘိဓမ္မာတရားဟာ ကျွန်တော်တို့ရဲ့ ဂိုဏ်းဂဏစွဲ စည်းရုံးရေးနဲ့ လက်တွေ့ အလုပ်တွေကို နောက်ပိုင်းကနေပြီး စေခိုင်းခဲ့တယ်။ ဒါဟာ ဂိုဏ်းဂဏစွဲရဲ့ စေခိုင်းချက်ကြောင့်ပဲ။ ပါတီတည်ဆောက်ရေးမှာ ပါတီတပ်သား တွေကို မွေးထုတ်ရာ၌ တပ်သားတွေ၊ လူတွေကို ရှိသေမှ မှုမှန် ကျယ်ပြန့် တဲ့ ပါတီတစ်ရပ် တည်ဆောက်နိုင်မယ်''

''နယ်ချဲ့သမားကို မစေ့စပ်တမ်းတိုက်ဖို့နဲ့ အဖွဲ့လိုက် ပူးပေါင်းလုပ်ဖို့ ဆိုရှယ်လစ်ပါတီရဲ့ ညီညွတ်ရေး ကမ်းလှမ်းချက်ကို ဂိုဏ်းဂဏစွဲဝါဒကြောင့် ဖဲ့ထုတ်ခဲ့ခြင်း၊ အထင်သေးခြင်း၊ တစ်ဦးချင်း ဝင်ရမယ်လို့ လုပ်ခဲ့ခြင်း စတဲ့ အမှားတွေကို ကျူးလွန်ခဲ့မိတယ်။ ဒါကြောင့် ဆိုရှယ် လစ်ပါတီနဲ့ မရှမလွှ ကွဲသွားခဲ့ရတယ်။ ဒီလို ကွဲသွားတဲ့အတွက် သူတို့ မှာ ရွှတ်ယွင်းချက် ရှိသေးတာထက် ကျွန်တော်တို့ရဲ့ စည်းရုံးရေး အရည် အချင်း ရွှတ်ယွင်းခဲ့ရလို့ ဖြစ်ရတယ်ဆိုတဲ့ အချက်က ဝိုင်ပြီး အဓိက ကျတယ်။ အခု ဆိုရှယ်နီဟာ ကွဲထွက်လာတော့ အရင်ကသာ ငါတို့မှာ ဂိုဏ်းဂဏစွဲ မရှိခဲ့ရင် တော်လှန်ရေးအင်အားစုဟာ ဇရာမ အင်အားကြီး ဖြစ်နေမှာပဲလို့ ပြန်သုံးသပ်မိတယ်''

''၁၉၄၇ ခုနှစ် အစလောက်မှာ သခင်အောင်ဆန်းတို့အပေါ် သဘောထားမှားခဲ့သလောက် ပြည်သူရဲဘော် တစ်ဖွဲ့လုံးအပေါ် သဘောထားမှားခဲ့တယ်။ အလုပ်ညီညွတ်ရေးကို ဘောင်ခတ်ပြီး အပြန်အလှန် တစ်ဦးကိုတစ်ဦး ကူညီရင်း ညှိနှိုင်းရင်း ကျယ်ပြန့်တဲ့ အလုပ်သမား လှုပ်ရှားစားပါတီတစ်ရပ် ထူထောင်ရအောင်ဆိုတာ မမြင်ခဲ့၊ ဉာဏ်မမီခဲ့တဲ့အတွက် သခင်အောင်ဆန်းခဲ့ရော ပြည်သူရဲဘော်အဖွဲ့ဟာ အလုပ် သမား လှုပ်ရှားစားပါတီထဲမှာ တစ်စည်းတစ်လုံးတည်း ဖြစ်ရမယ့် ကိစ္စ ဟာ ပျက်ပြားခဲ့တယ်''

''ဘရောက်စ်၊ ဝါဒနဲ့ ပတ်သက်လို့ တိုက်တဲ့နေရာမှာ ပြည်သူ့သည်ဖြစ်စေ၊ မပြည်သူ့သည်ဖြစ်စေ မူလဂိုဏ်းဂဏစွဲ မကင်းတော့ (ပါတီတည်ဆောက်ရေးမှာလည်း ဂိုဏ်းဂဏစွဲ မကင်းတော့) ဘရောက်စ်၊ ဝါဒတိုက်ချက်တဲ့ နေရာမှာ သဘောထားချင်း ကိုက်ညီကြပေမယ့် ပစ္စည်းမဲ့ လူတန်းစားညီညွတ်ရေးဘောင် မခတ်မိတဲ့အတွက်

www.burmeseclassic.com

www.burmeseclassic.com

ကြောင်းကြတာပဲ။ ဒီလူတွေဟာ တော်လှန်ရေးကို ယုံကြည်ကြတယ်။ ဘုတ်စီလီနင်ဝါဒကို လက်ခံသူတွေ ဖြစ်ကြတဲ့အတွက် မကွဲတမ်း ညီနှိုင်းပြီး ပါတီတည်ဆောက်ရမယ့်အချက်ကို မလုပ်မိခဲ့ဘူး။ ပါတီအဆောက်ရေးမှာ ဂိုဏ်းဂဏစွဲရှိတဲ့အတွက် အချင်းချင်း ညီညွတ်အားကောင်းမတတ်မိခဲ့ဘူး။ ဒါကြောင့် ကွဲခဲ့တယ်။ ကွဲခဲ့တဲ့ ထင်မြင်ချက်အတွေ ရှိနေတာကို ညီညွတ်ရေးဘောင်ရဲ့ အပြင်ဖက်မှာ ရှာတော့ တော်သူမှန်ကန်တဲ့ သစ္စာတရားကို မရခဲ့ဘူး။ ဒီမိုကရေစီ သစ္စာတရားအစား ဝါဒဆစ်တရားပဲ ရခဲ့တယ်။ တိုင်းပြည်ကြီး ပျက်စီးခဲ့တဲ့ တရားပဲရခဲ့တယ်။ ယဉ်ကျေးမှုတရားမရခဲ့ပဲ ကြမ်းတမ်းတဲ့ မောင်စဲ့နမ၊ သားနဲ့အဖ ကြောင့်တဲ့ ဆဲရေးတိုင်းထွာတဲ့ တရားသာရခဲ့တယ်။ တိုင်းပြည်ကြီး သဘောက်ကမနဲ့အကွဲကွဲ အပြားပြားဖြစ်ပြီး နယ်ချဲ့ပဒေသရာဇ်တွေ အားရစေတဲ့ တရားကိုသာရခဲ့တယ်"

"မင်းတို့ကိုယ် မင်းတို့ လူထုနဲ့ အဆက်အသွယ် ရှိနေတယ်လို့ ထင်သည်။ အရမ်းမထင်လိုက်လေနဲ့၊ မင်းတို့ဟာ အပြီးဆွဲပါဒီတွေ ဖြစ်ကောင်း ဖြစ်နေလိမ့်မယ်။ မင်းတို့ကိုယ် မင်းတို့ကင်းလွတ်တဲ့ ပါတီတစ်ရပ်လို့လည်း ရေရေး ထင်မနေလိုက်လေနဲ့။ မင်းတို့ဟာ ဂိုဏ်းကလေးတစ်ခု ဖြစ်ကောင်းဖြစ်နေလိမ့်မယ်လို့ ဆိုထားတဲ့အတိုင်း ဟိုတုန်းက ကျွန်တော်တို့ ကျွန်တော်တို့ ဂိုဏ်းကလေးကို တကယ် ကင်းလွတ်တဲ့ ပါတီတစ်ခုအထင်နဲ့ လုပ်လာလိုက်တာ နောက်ဆုံး ကိုယ့်ပါတီထဲမှာပင် အစိတ်အပိုင်း အပြွှာပြွှာ ထပ်ပြီး ကွဲပြန်တယ်"။

အဲဒါတွေက သခင်စိုးရဲ့ စိတ်ကောင်းဝင်ချိန် ညီညွတ်ရေးတရားတွေပါပဲ။ သိန်းဖေမြင့် ပြောသလို သခင်စိုးဟာ တစ်ခါတစ်ခါ အတွေးအခေါ် တည်ငြိမ်တော့လည်း အံ့သြစရာ ကောင်းလောက်တဲ့ အမှန်တရားဟာ လက်ခနဲ၊ လက်ခနဲ လင်းလက်နေပါတော့တယ်။

အခု ကျွန်တော်တို့ မျက်မှောက်ကာလ ဒီမိုကရေစီလမ်း တည်ဆောက်နေကြတဲ့အချိန်မှာ အချက်အခြာဖြစ်တဲ့ အမျိုးသား ရင်ကြားစေ့ရေး၊ တိုင်းရင်းသားတွေနဲ့ ညီညီညွတ်ညွတ် ချစ်ကြည်စွာ နေထိုင်နေရေး၊ စတဲ့ အရာတွေကို ရရှိရိုင်ဆိုင်ဖို့အတွက် သခင်စိုးကြီးရဲ့ သုံးပါတီညီညွတ်ရေးမှာ ပြောကြားခဲ့တဲ့ မိန့်ခွန်းဟာ အထောက်အကူ ဖြစ်စေလိမ့်မယ်လို့ ယုံကြည်မိပါတယ်။ ဒါ့အပြင် သခင်စိုးကြီးဟာ စိတ်ကောင်းဝင်ချိန်မှာ သိပ်ကောင်းပြီး စိတ်ဆိုးရင်တော့ မဆင်မခြင် ကမူးရှူးထိုး လုပ်ကိုင်တတ်တယ်လို့ ဆိုပါတယ်။ ဒါကတော့ ခေါင်းဆောင်တစ်ယောက်ရဲ့ အညွှန်းအရှုပ်၊ တစ်ရပ် မဟုတ်ပေဘူး။ သခင်စိုးရော၊ ဗိုလ်နေဝင်းရော အသက်အရွယ်ရလာကြတဲ့ အချိန်မှာ သတိသံဝေဂတွေ ရရှိလာကြတယ်လို့ဆိုပါတယ်။

ဒီမှာ ကျွန်တော်တို့အနေနဲ့ သူတို့လို သတိသံဝေဂ မရကြရအောင် ဆောင်ရွက်နေကြတဲ့ အချိန်မှာ လုပ်သင့်၊ မလုပ်သင့်၊ တရား၏ မတရား၏ ဆိုတာတွေကို ချင့်ချင့်ချိန်ချိန် မျော်တွေးပြီး လုပ်ကိုင်ဆောင်ရွက်သွားကြဖို့ပါပဲ။

အစဉ်အမြဲ စိတ်ကောင်းဝင်နိုင်ကြပါစေး

ကိုလေးမြတ်



www.burmeseclassic.com

www.burmeseclassic.com



ခဏမဆိုင်းဘရှုနိုင်းသို့ သွားရသည့်ခရီး (၄)

မောင်သန်းဆွေ (ထားဝယ်)

ကျွန်တော်သည် လေယာဉ်ပေါ်တွင် ပေးသည့်စာအုပ်မှ ဘရှုနိုင်း နိုင်ငံအကြောင်းနှင့် ဖြစ်စဉ်များကို စိတ်ဝင်တစားဖတ်နေလိုက်သည်မှာ လေယာဉ်မယ်ကလေးက မီးခိုးရောင်ကတ်ပြားမီနူး (Menu) စာအုပ် ကလေးလာပေးမှပင် သတိပြန်ဝင်လာပါတော့သည်။

စာအုပ်ကလေး၏ မျက်နှာဖုံးတွင် Sky Menu (ကောင်းကင်ပေါ်မှ အစားအသောက်စာရင်း) ဟု ရေးထားပါသည်။ အခြားလေယာဉ် များကဲ့သို့ ကျွေးမည့်အစာအား လာမချဘဲ ဟိုတယ်ကြီးများတွင် စားသကဲ့သို့ ကိုယ်နှစ်သက်ရာကို စားနိုင်ရန် ရွေးချယ်ဆေခြင်းဖြစ်သည်။ အလွန်အဆင့် အတန်းမြင့်သော အစီအစဉ်ပင်ဖြစ်၏။

စာအုပ်ကလေးကို ဖွင့်ကြည့်လိုက်ရာ ပထမစာမျက်နှာပေါ်တွင် တော်ဝင်ဘရှုနိုင်း လေယာဉ်လိုင်းမှ ကြိုဆိုပါကြောင်းနှင့် သူတို့တန်ဖိုး ထားသည့် ခရီးသည်များက ကြိုက်နှစ်သက်ရာ စားသောက်ဖွယ်ရာများကို ရွေးချယ်စားသောက်နိုင်ပါကြောင်း ရေးသားထားပါသည်။ ပထမစာမျက်နှာ တွင် ဘရှုနိုင်းအစားအစာများကိုရေးပြထားသည်။ အင်္ဂလိပ် စာလုံးပေါင်း နှင့်ဖြစ်သော်လည်း အသံထွက်မှာ ဘရှုနိုင်းသံဖြစ်၍ နားမလည်ပါ။ Roti (ရိုတီ) ဟုရေးထား၍ အိန္ဒိယအစာ ရိုတီဖြစ်ကြောင်းသိလိုက်ရသည်။ Puding (ပူတင်)ဟု ရေးသားထားသဖြင့်လည်း အချိုအတွက် ပူတင်ကျွေး ကြောင်းသိရလိုက်ပါသည်။

နောက်တစ်မျက်နှာတွင် အင်္ဂလိပ်အစားအစာများကို ရေးထား သည်။ ဦးဆုံး ဆော်လမွန်ငါးကြော်တင်ကို အားလူးနှင့်တွဲဖက်ထားသော ဟင်း အမယ်ဖြစ်သည်။ ဒုတိယမှာ အဓိကအစာဟုရေးထားသည်။ အမဲသားကို ချေပြီး ကရင်နှင့်ဆော့စ်ရောကာ ကြော်ထားသည့်အာလူးနှင့် ဟင်းလျာ (သို့မဟုတ်)အမဲသားမစားသူများအတွက် ကြက်သားနှင့် ထမင်း(သို့မဟုတ်) အီတလျံအစာဖြစ်သော စပါဂတီနှင့် အာလူးကို ပဲဖြင့်ရောထားသည့် ဟင်းလျာ၊ တတိယမှာ ပါမုန့်အမျိုးမျိုးဖြစ်သည်။ စတုတ္ထအားဖြင့် ပါမုန့်နှင့် ထောပတ်၊ ပူတင်တို့ဖြစ်ပါသည်။ နောက်တစ်မျက်နှာတွင် ကော်ဖီ သောက်ရန် ကော်ဖီအမျိုးမျိုးအမည်ကို ဖော်ပြထားသည်။ အမည်များ လွန်းသဖြင့် နက်စ်ကော်ဖီနှင့် ကာပူစီနိုကော်ဖီ အမည်(၂)မျိုးကိုသာသိသည်။ ကြိုက်နှစ်သက်ရာ ကော်ဖီကိုနားနိုးပူဖြင့် သောက်နိုင်သည်ဟု ဆိုထားသည်။ ချောကလက် ကော်ဖီဟူ၍လည်းပါ၏။ ကော်ဖီမသောက်ချင်ပါက မိုင်လို (သို့မဟုတ်) နွားနို့သောက်နိုင်ကြောင်းလည်းရေးသားထားသည်။

Tea ဟုခေါ်သည့် လက်ဖက်ရည်အမျိုးအမည်များကို ကြိုက် နှစ်သက်ရာ ရွေးသောက်ရန် ဖော်ပြထားပြန်ပါသည်။ စီလွန် Tea ဟုခေါ် သော သီရိလင်္ကာမှလက်ဖက်ရည်၊ ဒါဂျီလင် Tea ဟုခေါ်သော အိန္ဒိယမှ လက်ဖက်ရည်၊ Earl Grey Tea ဟူ၍လည်းပါသည်။ ဂျပန် Green Tea၊ စံပယ်ပန်း Tea ၊ ပက်ပါမန် Tea ဟူ၍ အမျိုးအမည်များစွာ ဖော်ပြ ထားသည်။ ကြိုက်နှစ်သက်ရာ Tea လက်ဖက်ရည်ကို မှာသောက်ရန် ဖြစ်သည်။

ဤနေရာတွင် ဂျပန် Green Tea ဟု ရေးထား၍ ဆရာ သော်တာဆွေရေးခဲ့ဖူးသော ဆောင်းပါးတစ်ပုဒ်မှ အကြောင်းကို သွား သတိရမိသည်။ ဆရာက နိုင်ငံခြားလေယာဉ်ပျံပေါ်တွင် ယခုကျွန်တော် ကြုံရသကဲ့သို့ပင် Tea ဟုခေါ်သော လက်ဖက်ရည်အမျိုးမျိုးကို ရွေးရ၍ Green Tea ဟုခေါ်သော အစိမ်းရောင်တီး (လက်ဖက်ရည်)ကို အမည် ဆန်း၍ မှာလိုက်ရာ လက်ဖက်ရည်ကြမ်းတစ်ခွက် လာပေးသည် ဆိုပါ သည်။ သူလက်ဖက်ရည်ကြမ်းမှ လက်ဖက်ခြောက်အရောင်သည် စိမ်းဖန့် ဖန့်လေးဖြစ်သည်။ ဆရာသော်တာဆွေက ထိုလက်ဖက်ရည်ကြမ်းကိုပြန်လဲ သော်လည်း လေယာဉ်မယ်က လဲမပေး၍ နိုင်ငံခြားလေယာဉ်ကြီးပေါ်တွင် လက်ဖက်ရည်ကြမ်းကိုသာ သောက်ခဲ့ရပါသည်ဟု ရေးထားပါသည်။

စာအုပ်ကလေး၏ နောက်တစ်မျက်နှာတွင် ဖျော်ရည်အမျိုးမျိုးကို မှာနိုင်ကြောင်း ရေးထားသည်။ ပန်းသီးဖျော်ရည်၊ သရက်သီးဖျော်ရည်၊ လိမ္မော်ဖျော်ရည်၊ နာနတ်သီးဖျော်ရည်၊ ဟင်းသီးဟင်းရွက်ဖျော်ရည်၊ ခရမ်းချဉ်သီးဖျော်ရည်နှင့် ခရမ်းရောင်မုန်လာဥဖျော်ရည်ဟူ၍ အမည် များကို ဖော်ပြထားသည်။

နောက်တစ်ဖန် ယမကာများကို ရွေးချယ်ရန်ရေးပြထားသည်။ Soft Drinks ဟုရေးထားသဖြင့် မပြင်းလွန်းသော အရက်များဟု အဓိပ္ပါယ်ရ သည်။ ဂျင်ဂျာဘီယာ၊ ကိုကာကိုလာ၊ ဆီးချိုရှိသူများအတွက် ဖျော်ရည် များစသည်ဖြင့် ဝိုင်အနီအဖြူ၊ အရက်အမျိုးမျိုးအမည်များကိုလည်း ရေးပြထားပါသည်။ ကျွန်တော်က သောက်တတ်သူ မဟုတ်သဖြင့် နား မလည်ပါ။ ကျွန်တော်သည် ရွေးချယ်ရန်များလွန်းသဖြင့် လေယာဉ်မယ် ကလေးအား ကျွန်တော်အမဲသား မစားတတ်ကြောင်း၊ သို့ဖြစ်၍ သင့်တော်၍ ကောင်းမည့် အစားအစာနှင့် ဖျော်ရည်ကိုသာပေးရန် မှာလိုက်ပါသည်။ သူက ယနေ့အထူးအစာဟူသော စားသောက်ဖွယ်ရာများနှင့် လာကျွေး ပါသည်။

လေယာဉ်ပေါ်တွင် ကိုယ့်အမည်နှင့်တကွ သွားရောက်မည့်နေရာ၊ သွားရောက်မည့်အကြောင်း စသည်ဖြင့် နိုင်ငံကူးလက်မှတ်ထဲမှ အချက်အ လက်များကိုလည်း ကြည့်ရေးရန် စာရွက်တစ်ရွက်ပေးလေ့ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤကိစ္စကိုမူ ကျွန်တော်၏ နိုင်ငံကူးလက်မှတ်ကိုင်ထားသော ကိုမင်းအေးကို ပြည့်သွင်းပါလိမ့် မည်။ သူကရိုးရိုးတန်းတွင် စီးရပြီး၊ ကျွန်တော်က အထူးတန်းတွင် စီးရခြင်းဖြစ်၍ သူနှင့်ကျွန်တော် အလှမ်း ဝေးပါသည်။

လေယာဉ်ကြီး ဘရူနိုင်းနိုင်ငံ၏ ဘန်ဒါဆာရီဘီဂါဝမ်မြို့တော်သို့ ဆောက်၍ ဆင်းမည်ပြုသောအခါမှ နာရီကြည့်လိုက်ရာ ဘရူနိုင်းစံတော်ချိန် (၄း၁၅) နာရီရှိပြီ ဖြစ်သည်။ လေယာဉ်မဆင်းခင် အောက်သို့ကြည့်လိုက်သည်။ ရေပြင်တွင်ရပ်ထားသည့် သင်္ဘောများမှာ စင်ကာပူမြို့ တော်၏ ဆိပ်ကမ်းလောက် သင်္ဘောမြောက်များစွာ မတွေ့ရပါ။ ဘန်ဒါဆာရီဘီဂါဝမ်မြို့တော် တစ်ဖက်ကမ်းရှိ ရေပေါ်အိမ်လေးများကိုလည်း မြင်လိုက်ရပါသည်။

ကျွန်တော်နှင့် ကိုမင်းအေးကိုတို့ နှစ်ယောက်ကို လေဆိပ်တွင် ကြိုတင်ရောက်နေသော ကျွန်တော်တို့ ဝန်ကြီးဌာနမှ သမိုင်းသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးဒုပ် ဒေါ်နန္ဒာမွန်းနှင့် ဘရူနိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါ်ရင်ရင်မြင့်တို့က ကြိုဆိုနေကြပါသည်။ သံအမတ်ကြီး ဒေါ်ရင်ရင်မြင့်သည် တစ်ချိန်က ဝန်ကြီးတစ်ဦး၏ သမီးဖြစ်သည်။ ကျွန်တော်တို့၏ အင်္ဂလိပ်မက်သစ်အထက်တန်းကျောင်းမှပင် ဖြစ်၏။ သို့သော် ကျွန်တော်နှင့် အသက်လည်းကွာ၊ အတန်းလည်းကွာပါသည်။ ကျွန်တော့်တူမ ဒေါ်သိဂီအောင်၊ ယခု ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်တို့နှင့် တစ်တန်းတည်းဖြစ်သည်။ အပျိုကြီးလည်းဖြစ်ပါသည်။

ကျွန်တော်တို့ကို The Empire ဟိုတယ်ကြီးသို့ ခေါ်သွားသည်။ ထိုဟိုတယ်သည် ဘရူနိုင်းဘုရင် နှင့် အစိုးရတို့က တစ်ဝက်စီပိုင်သည်ဟု သိရသည်။ ပင်လယ်ကမ်းခြေမှ တောအုပ်အတွင်းတွင် ရှိသည်။ ဟိုတယ်အရှည်သည် တစ်မိုင်ခန့်ပင်ရှိမည်ဟု ထင်ပါသည်။ ကျွန်တော်နေရသည့်အခန်းသည် အောက်ထပ် အစွန်ဆုံးတွင်ဖြစ်ရာ ဧည့်ခန်းဆောင်ရှိရာ အလယ်ဗဟိုသို့ လာရသည်မှာ (၃) ဖာလုံခန့်လမ်းလျှောက်ရသည်။ အချို့သက်ကြီးရွယ်အိုများသည် တွန်းလဲကုလားထိုင်များနှင့် သွားနေသည်ကို မြင်ရသည်။ ဟိုတယ်မှာ (၆) ထပ်ခန့်ရှိမည် ထင်ပါသည်။

ဟိုတယ်သို့ ရောက်သည်နှင့် မနှံ့နေဂျာဖြစ်သူ ခရစ်စတီးနီယော့ ဆိုသူက ဆီးကြိုနှုတ်ဆက်ပြီး ဟိုတယ်ဓာတ်ပုံပါ ကြိုဆိုသည့်ကတ်ကို ပေးပါသည်။

ထိုဟိုတယ်တွင် ကလပ်လည်းဖွင့်ထားသည်။ ရေကူးကန်များရှိသည့်အပြင် တစ်ဖက်ကလည်း ပင်လယ်ကမ်းခြေဖြစ်သဖြင့် ရေကူးနိုင်ပါသည်။ ဆေးကွင်းလည်းရှိ၏။ ရုပ်ရှင်ရုံ၊ စာကြည့်တိုက်၊ အနှိပ်ခန်းစသည် များလည်း ပါသည်။

ဟိုတယ်အတွင်းပိုင်းမျက်နှာစာတွင် တည်ဆိုသူများလိုက်နာရန် အချက်ကြီး (၁၀)ချက်ကို ဖော်ပြထား၍ သတိထားဖတ်ကြည့်ရာ –

"ဘရူနိုင်း၏ ရာသီဥတုသည် (၂၇)° C မှ (၃၂)° C ရှိကြောင်း၊

သို့ကြောင့် –

(၁) ကိုယ်၏ အသားအရေအား နေလောင်ခြင်းမှ ကာ ကွယ်ရန်။

(၂) နေပူထဲတွင် ကြာရှည်မနေရန်။

(၃) ရေများများသောက်ရန်။

(၄) ကျေးဇူးပြု၍ ဦးထုပ်ဆောင်းထားရန်။

(၅) ပင်လယ်ကမ်းခြေသို့ ညနေ (၅)နာရီထိုးမှ ထွက်ရန်။

(၆) မျက်စိအားကာကွယ်ရန် နေကာမျက်မှန်တပ်ထားရန်။

(၇) ရေကူးသည့်အခါ ရေခွေရှိသဖြင့် သတိထားရန်။

တို့ ဖြစ်ပါသည်။

ပင်လယ်ပြင်ပေါ်၌ ရေလွှာလျောစီးခြင်းနှင့် အခြားရေလွှာကစား နည်းအမျိုးမျိုးလည်း ကစားနိုင်ပါသည်။ ပင်လယ်တွင်းသို့ ငုပ်လျှိုးပြီး ရေအောက်ရှုမျှော်ခင်းများကိုလည်း ကြည့်နိုင်ပါသည်။

ဟိုတယ်မှ Country Club တွင် ဘီလီယက်ခုံ၊ ဘောက်လင်းဘောလုံးကစားနည်း၊ ကြက်တောင်ရိုက်ကစားနည်း၊ တင်းနစ်ကစား နည်းတို့ ကစားနိုင်ပါသည်။ ရုပ်ရှင်ရုံလည်းရှိသည်။ ကိုယ်လက်လှုပ်ရှား အားကစားပြု လုပ်နိုင်ရန် အားကစားခန်းလည်းရှိသည်။ အကျွေးအမွေး အစားအသောက်များနှင့် ကျွေးမွေး ဧည့်ခံနိုင်သည့်အပြင် အစည်းအဝေးခန်းမနှင့် မင်္ဂလာခန်းမလည်းရှိသည်ဟုရေးထားပါသည်။ ထို့အပြင်ဧည့်သည်များ လှည့်လည်ကြည့်ရှုနိုင်ရန် နေပြည်တော်အတွင်း လှည့်လည်ခြင်း၊ ရေပေါ်ရွာသို့ လိုက်ကြည့်ခြင်း၊ အပျိုးသားဥယျာဉ်သို့ သွားရောက်ကြည့်နိုင်ခြင်း၊ နန်းစင်အသုံးအဆောင်ပစ္စည်းများ ပြသထားသည်ကိုလည်း ကြည့်နိုင်ခြင်း။ ဘရူနိုင်းပြတိုက်ကြီးသို့လည်း သွားရောက်ကြည့်နိုင်ခြင်း။ ကမ္ဘာပေါ်တွင် အကြီးဆုံးဖြစ်သည့် ဆူလတန်အိုမာအလီ ဆက်ဖူတင်ဗလီကြီးသို့လည်း သွားရောက်ကြည့်နိုင်ခြင်း၊ တမူးခမ်းကက် ဈေးသို့လည်းသွားရောက်နိုင်ခြင်း၊ ဘုရင့်နန်းတော်သို့လည်း သွားရောက် ကြည့်ရှုနိုင်ခြင်းစသည်များကို ဟိုတယ်မှ ဦးဆောင်ကြီးကြပ်၍ ပို့ပေးမည်ဟုရေးသားဖော်ပြထားသည်။

(ဆက်ရန်)

မောင်သန်းဆွေ(ထားဝယ်)

www.burmeseclassic.com

www.burmeseclassic.com

ဦးဒါးရေနဲ့ ကြမ်းကြားလေ

စင်တင်ပွင့်သစ်

အောင်ကိုး(ချောက်)

အရှေ့ရွာက ဘကြီးအောင်၊
အနောက်ရွာကဘကြီးချော နှစ်လုံးစလုံး
မိမိရပ်ရွာတိုးတက်ဖို့အတွက် အပြိုင်အဆိုင်
လုပ်ကိုင်သူများ ဖြစ်သည်။ ဒါကြောင့်
အများက ချစ်ခင်လေး စားကြသည်။
သို့သော်လည်း ဘယ်သူ ပိုတော်သည်
ဆိုတာမျိုးတော့ အဖြစ်မခံနိုင်ကြ။
ယခုလည်း အရှေ့ရွာက ဘကြီးအောင်
ဖောင်ဒေးရှင်းထောင်မည်ဆိုတော့
အနောက်ရွာက ဘကြီးချော ရင်မောရပြီ။
ဘကြီးနှစ်ယောက် ပြိုင်ဆိုင်မှု
ပြင်းထန်တော့မည်။ တယည့်ကိုယ်စီနှင့်
ဆိုစေ့ လက်ရည်သီကြည့်ကောင်းမည့်
ပွဲတစ်ပွဲ။



www.burmeseclassic.com

www.burmeseclassic.com

ပြဿနာအစက ပြီးခဲ့သည့်သင်္ကြန်ကစသည်။ ဘကြီးအောင် ပြို့မှ ဆံပင်ညှပ်ဆရာကို ခေါ်လာသည်။ ရွာက လူငယ်လေးများကိုကြွက် ဆံပင်ပုံစံအမျိုးမျိုး ဆိုးဆေးရောင်ခြယ်ပြီး လူငယ်တို့သဘာဝ ပျော်ရွှင်ကြသည်။ နောက်နောက်လောက်အောင်လန်းနေကြသည်။ ဒီလည်း ပြဿနာတော့ မဟုတ်။ 'မျိုးဆက်သစ်တွေ ပျော်ရွှင်လန်းဆန်းစေရမည်'ဆိုသည့် ဘကြီးအောင်အပြောကို ဘကြီးချော လုံးဝ သဘောမတူနိုင်။ အဲဒါ ပြဿနာအစ။

ထုံးစံအတိုင်း ဘကြီးချော ပြဿနာကို ဖြေရှင်းဖို့ တစ်ဦးတည်းသောတပည့် အိုကေကျော်ကြီးနှင့် တိုင်ပင်သည်။ အိုကေကျော်ကြီးမည်တွင်ပုံကို ရှင်းပြပါမည်။ မူရင်းအမည်က ကျော်ကြီးပါ။ ဒါပေမဲ့ ဘယ်သူကိုတွေ့တွေ့ 'အိုကေနော်' ဆိုပြီး လက်မြှောက်နှုတ်ဆက်သည်။ အချိန်နေရာမရွေး တွေ့သည့်လူတိုင်းကို 'အိုကေနော်'ပဲ။ အဲဒီကနေ အိုကေကျော်ကြီး ဖြစ်သွားသည်။ ယခုတော့ အိုကေကျော်ကြီးလို့ နှုတ်ခေါ်နေကြသည်။

အခုလည်း ဘကြီးချောတစ်ယောက် အိုကေကျော်ကြီးပေးသည့် အကြံအတိုင်း 'မျိုးဆက်သစ်တွေ သရုပ်ပျက် ယဉ်ကျေးမှုထဲမှာ နစ်မွန်းစေချင်ဘူး' ဘကြီးချောထိုသို့ ပြောဆိုပြီး ရွာအတွင်း ဝါဒဖြန့်သည်။ ဒါပေမဲ့ လူငယ်တွေကတော့ ဘကြီးချောကို မကျေနပ်ကြ။ သူတို့ကတော့ သရုပ်ပျက်ပျက် အရှေ့ရွာကကလေးတွေလို လန်းချင်ကြသည်။ ခက်ပြီ။ လူငယ်တွေ ကျေနပ်မှ ဖြစ်မည်။ အိုကေကျော်ကြီးပြောသည့်အကြံအတိုင်း ဘကြီးချော လူငယ်တွေကို ကျေနပ်အောင် ဆောင်ရွက်ပြန်သည်။

ဘကြီးချော ရွာဦးစာသင်ကျောင်းမှာ တန်စွန်းဥ၊ ပြောင်းဖူး စသည်တို့ကို နွေလယ်သူ့ဆည်စာအဖြစ် ပြုက်ကျွေးလိုက်သည်။ မှန်သည်။ ကလေးများ၊ လူငယ်များ သွားရေစာကျကြပါသည်။ ဒါနဲ့မပြီးသေး။ ဘကြီးချောက 'မျိုးဆက်သစ်တွေ အားရှိမှ တိုင်းပြည်တိုးတက်သည်၊ သရုပ်ပျက်ပျော်ရွှင်မှုက အလကားပဲ' ဆိုတဲ့ ဝါဒဖြန့်စကားတွေကိုလည်း အိုကေကျော်ကြီး အကြံအတိုင်း ဘကြီးချော တွေ့တဲ့သူတိုင်းကို ပြောပေးရသည်။

အဲဒီလို အပြောခံရတာကို ဘကြီးအောင်ကြားမကျေနပ်။ တပည့်မန်ယူတင်ဝင်းထံ အကြောင်းကြားသည်။ မန်ယူတင်ဝင်း ဆိုတာ ရှင်းပြဦးမည်။ မန်ယူဘောလုံးအသင်း နိုင်ပြီဆိုလျှင် တင်ဝင်းတစ်ယောက် အိမ်ရှေ့မှာ လက်ဖက်သုပ်၊ ရေနွေးကြမ်းနှင့် လာသမျှလူကို ဧည့်ခံပြီး မန်ယူအသင်းအကြောင်း စားမြုံ့ပြန် အရသာခံလေ့ ရှိသည်။ မန်ယူများ ရှုံးလို့ကတော့ ချာထိုက ခွေးလေခွေးလွှဲတောင်ရန်ရှာတတ်သည်။ လေတိုက်လို့ လွှင့်လာသည့် ကြွပ်ကြွပ် အိတ်ကိုပင် အလွတ်မပေး။ အဲဒီလောက် မန်ယူချစ်သူဆိုတော့ မန်ယူတင်ဝင်းလို့ တစ်ရွာလုံးက ခေါ်ကြတာ မဆန်း။

မန်ယူတင်ဝင်းက ''ဘကြီးအောင်ရယ်၊ ဒါများ အလွယ်လေး။ သရုပ်ပျက်လူငယ်တွေ မဟုတ်ကြောင်း ဟောဒီလို သက်သေပြလိုက်'' ဆိုပြီး အကြံပေးသည်။ ဘကြီးအောင် ရွာမှ ကလေးလူငယ်များ ဘကြီးအောင် လုပ်ခိုင်းသည့်အတိုင်း မနက်အိပ်ရာထလျှင် ရွှေမန်းတင်မောင်၏ 'အောင်ပါစေ' သီချင်းဆိုပြီး ထလာကြခြင်း ဖြစ်သည်။ ထို့ကြောင့် မနက်ဆိုလျှင် ဘကြီးအောင် ရွာ၌ ဟိုဘက်အိမ်ကလည်း အောင်ပါစေ။ သည်ဘက်အိမ်ကလည်း အောင်ပါစေနှင့် ကျက်သရေမင်္ဂလာတိုးလို့ အောင်ပါဂျေဟု ဆိုသည့် ကလေးများပင် ပါသေးသည်။ ဒါက ဘကြီးအောင် လူငယ်လေးများ သရုပ်မပျက်ကြောင်း မင်္ဂလာရှိတဲ့ မြန်မာလေးများဖြစ်ကြောင်း ကြွေးကြော်သံဟု ဆိုရပေမည်။

ထူးဆန်းတာက အရှေ့ရွာနှင့် အနောက်ရွာကို ခြားထားသည့် တောင်နှင့်မြောက် လှည်းလမ်းမကြီး၏ထိပ် မြောက်ဘက်တည့်တည့်တွင် ဆုတောင်းပြည့် မင်္ဂလာစေတီကြီးရှိသည်။ အဲဒီဘုရားပွဲတွင်တော့ နှစ်ရွာတစ်ရွာဆိုသလို စု ပေါင်းကျင်းပကြသည်။ ဘကြီးအောင်နှင့် ဘကြီးချောတို့မှာ အတူလက်တွဲပြီး မမောနိုင်၊ မပန်းနိုင် ပျော်ရွှင်နေကြသည်။ တစ်ယောက်နှင့် တစ်ယောက် မာန်မာနမထားကြ။ တစ်ယောက်လုပ်တာ နောက်တစ်ယောက်က အတုခိုးပြီး လိုက်လုပ်ရမှာ ဝန်မလေး။' မိမိရွာတိုးတက်ဖို့ အဓိက။

အခုလည်းကြည့် . . . ။

''ဘကြီးချောတို့များ ခေတ်မီချက် နေရောင်ကို ဖမ်းထားပြီး တီဗီကြည့်သတဲ့။ နေရောင်ဖမ်းအပြားဆိုတာ ဝယ်လာသတဲ့တော် ရေ။ တစ်ရွာလုံး လင်းလို့ထိန်လို့'' ဆိုတော့–

မကြာပါဘူး။ ဘကြီးအောင်တို့လည်း မြို့တက်ပြီး ဆိုလာပြားများ၊ ဝယ်ကြရသည်။ တစ်ရွာနှင့်တစ်ရွာ အသံချဲ့စက်များ ဖွင့်လိုက်ကြသည်မှာ မကြုံစဖူး အပျော်ကြီးပျော်ကြရသည်။

ပျော်လို့မှ မဆုံးသေး ဘကြီးအောင်က ဖောင်ဒေးရှင်ထောင်မည်ဆိုတော့ ဘကြီးချော ဒေါသဖြစ်မိတာက အမှန်။ ဒီတစ်ခါတော့ မိမိကို အလဲထိုးဖို့ ကြံစည်တာပဲ ဖြစ်မယ်လို့ တွေးမိအောင် လမ်းကြောင်းပေးသူက အိုကေကျော်ကြီး။ ဘကြီးချော ရင်မောနေရုံနှင့်မပြီး၊ ဒေါသဖြစ်နေရုံနဲ့ မပြီးသေး။ အိုကေကျော်ကြီး ပြောသလို ပွဲင့်လင်းမြင်သာအောင် မေးခွန်းတွေ တရစပ် မေးပစ်ရမည်။ ဘကြီးချောနှင့် အိုကေကျော်ကြီးတို့ အရှေ့ရွာသို့ ခဲ့တက်ကြပြီ။ ဖောင်ဒေးရှင်းတစ်ခု ထောင်ဖို့ဆိုတာ လွယ်သည့်ကိစ္စမှ မဟုတ်ဘဲ။

''လွယ်ပါတယ် ဘချောရယ်၊ ကျွန်တော် ထောင်မယ့် ဖောင်ဒေးရှင်းအမည်က ကျွန်တော့် မြေးမလေး စံထားနိုင်အမည်နဲ့ဗျ'' ဆိုတော့ ဘကြီးချောက ဒီလိုပြန်မေးတယ်။

''ဒီမယ် ဘအောင်၊ ဒါပြောင်စရာ မဟုတ်ဘူး။ စံထားနိုင်အသက်က ရှိလှ ၅–နှစ်ပေါ့။ တခြားဖောင်ဒေးရှင်းတွေ ကြည့်ပါလား။ တည်ထောင်တဲ့သူတွေထဲမှာ ကလေးမှ မပါဘဲ၊ စဉ်းစဉ်းစားစား ပြောပါဗျာ''

''စဉ်းစားပါတယ် ဘချောရယ်။ ကျွန်တော် ရှင်းပြပါ့မယ်။ မြေးမလေးနဲ့ သက်တူရွယ်တူ အခွင့်းချင်း အခြေခံလိုအပ်ချက်တွေ ကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးဖို့ပါ။ အသက် အရွယ်ပြောင်းလဲသလို အခြေခံလိုအပ်ချက်တွေ ဟာလည်း ပြောင်းလဲနေမှာပါ။ ဥပမာအားဖြင့် အခုရွာထဲမှာ ဆယ်ကျော်သက်အရွယ် မိန်းကလေးတွေ မာတ်ပုံရိုက်ချင်နေကြတယ်။ ဒါဟာ သူတို့အရွယ်နဲ့ သူတို့ လိုအပ်ချက်ပဲ။ ဝတ်ရစားရတာနဲ့ မဆိုင်ဘူး။ ကျွန်တော့်မြေးမလေး အဲဒီအရွယ်ရောက်ရင် လက်နှိပ်စက်နဲ့ တွဲလွှဲပါတဲ့ တီဗီမျိုး လိုချင်လိုမှာပေါ့။ အတိုးအကျတော့ ကျွန်တော် မပြောတတ်ဘူး။ လိုအပ်ချက်

> ''စိတ်မဆိုးပါဘူးဗျာ၊ ရည်ရွယ်ချက်ရှိပါတယ်။ ကျွန်တော်ရှင်းပြပါ့မယ်။ တောက်တဲ့ လှည်းမနင်းစေရပါဘူး။ ကျွန်တော့်ဖောင်ဒေး ရှင်းကြီးရဲ့ရည်ရွယ်ချက်က ကိုယ်ချင်းစာနာတတ်တဲ့စိတ်တွေ၊ ထွန်းကားပြန့်ပွားလာအောင် . .''

www.burmeseclassic.com

www.burmeseclassic.com

တွေ ရှင်သန်ပြောင်းလဲနေမှုအပေါ်မှာ ဒီဖောင်ဒေးရှင်းကို တည်ဆောက်မှာ ဖြစ်တဲ့အတွက် မြေးမလေးအမည် မှည့်ခေါ်ရတာပါ။ အမြဲရှင်သန်တိုးတက်နေမှုကို ပေါ်လွင်စေချင်တာပါ ဗျာ''

ဘကြီးအောင် မောသွားသဖြင့် ရေနွေးကြမ်း ၂ခွက်ဆင့်သောက်သည်။ မန်ယူတင်ဝင်းကလည်း တလေးတစား ဘကြီးအောင်ကို ကွမ်းယာလှမ်းပေးသည်။ ပိုင်လိုက်တဲ့ ဘကြီးအောင်ဆိုသည့် မျက်နှာပေါက်နဲ့၊ အိုကေကျော်ကြီးနှင့် ဘကြီးချောတို့ တီးတိုးညှိနှိုင်းကြရပြီ။ လာရောက်နားထောင်သူများကလည်း တစ်စတစ်စ များလာသည်။ လက်(ပ်)တော့ကို တောင် လက်နှိပ်စက်နဲ့တွဲလျက် ပါတဲ့ တီဗီလို့ ပြောသွားတာကိုကြည့်။ ဒါ မန်ယူတင်ဝင်းအကြံဗျ။ ကျုပ်တို့ကို တောသားတွေဆိုပြီး ရိုသဲ့သဲ့ ပြောသွားခြင်းဖြစ်ကြောင်း အိုကေကျော်ကြီးက ဘကြီးချောကို တီးတိုးရှင်းပြသည်။ ဘကြီးချော ဆက်၍ မေးခွန်းထုတ်သည်။

''ကဲ.. ကဲ စိတ်တော့ မဆိုးနဲ့ဗျာ။ ခင်ဗျား ဖောင်ဒေးရှင်းကြီးရဲ့ ရည်ရွယ်ချက်က ဘာလဲ။ မခံချင်စိတ်နဲ့ လျှောက်လုပ်ပြီး ရည်ရွယ်ချက်မရှိရင် တောက်တဲ့ လှည်းနင်း ဖြစ်နေမှာစိုးလို့ မေးတာပါဗျာ။ တပည့်မကောင်းရင် ဆရာ့ခေါင်းဗျ။ ဆရာမကောင်းရင် ဆရာ့ကိုယ်တိုင် ပေါချာချာကြီး ဖြစ်နေမှာစိုးလို့ စဉ်းစဉ်းစားစား လုပ်စေချင်လို့ မေးတာပါ''

ဘကြီးအောင်ကိုရော မန်ယူတင်ဝင်းကိုပါ နှက်လိုက်ခြင်းဖြစ်ကြောင်း အားလုံးသိသည်။ ဆရာတပည့်နှစ်ယောက် ဘာတတ်နိုင်သေးသလဲဆိုသော အပြောမျိုးဖြင့် မေးလိုက်ခြင်းဖြစ်သည်။

ဘကြီးအောင်ရော မန်ယူတင်ဝင်းပါ ပြုံးပြုံးကြီး စာကျက်ထားသည့် ကျောင်းသား မိမိကျက်ထားသည့်စာနှင့် မေးခွန်းကိုက်နေသည့် ပုံစံမျိုးဖြင့် ဘကြီးအောင်မှ ဆက်ရှင်းပြသည်။

''စိတ်မဆိုးပါဘူးဗျာ၊ ရည်ရွယ်ချက် ရှိပါတယ်။ ကျွန်တော် ရှင်းပြပါ့မယ်။ တောက်တဲ့လှည်းမနှင်းစေရပါဘူး။ ကျွန်တော့်ဖောင်ဒေးရှင်းကြီးရဲ့ ရည်ရွယ်ချက်က ကိုယ်ချင်းစာနာတတ်တဲ့စိတ်တွေ၊ ထွန်းကားပြန့်ပွားလာအောင် ဆောင်ရွက်ဖို့ပါပဲ။ ကျွန်တော် ဥပမာလေးနဲ့ ရှင်းပြပါ့မယ်။ မြေးမလေးနဲ့ သက်တူရွယ်တူအားလုံးကို ကျွန်တော့်အိမ်မှာ မွေးဆယ်ပြုနဲ့ မျက်နှာသစ် သွားတိုက်ဆေး၊ သွားပွတ်တံတွေနဲ့လည်း သွားတိုက်ခိုင်းပါတယ်။ ကျွန်တော်တို့ရွာမှာ အခုလိုမျိုး သွားပွတ်တံနဲ့ သွားမတိုက်ဖူးပဲ သေဆုံးသွားသူတွေ အများကြီး ရေတောင် မရေနိုင်ပါဘူး''

ဘကြီးအောင် ခေတ္တနားသည်။ပရိသတ်ကို တစ်ချက်ခံ့ကြည့်သည်။ အားလုံး ပါးစပ်ပိတ်

မီးဘေးဒုက္ခမှာလည်း မီးလောင်ခံရတဲ့သူတွေကို မီးဘေးဒုက္ခအပေါင်း(+)နဲ့ မီးပျက် မီးမလာတဲ့သူတွေ အတွက်တော့ မီးဘေးဒုက္ခ အနှုတ်(-) သတ်မှတ်သင့်ပါတယ်။ ဒါပေမဲ့ဘယ်သူမှဒီလို သတ်မှတ်ကြမှာ မဟုတ်ပါဘူး။

ထားကြသည်။ ဘကြီးအောင်စိတ် ပါလာပြီး ဘကြီးချောတို့ကိုသာမက လိုက်ပါ နားထောင်သူများကိုပါ ရှင်းပြသည့် လေသံမျိုး ဖြစ်လာသည်။ အသံကျယ်လာပြီး ဘကြီးအောင် ဆက်ပြောသည်။

''မျက်နှာသစ်၊သွားတိုက်ဆိုတာ ကျောင်းဖတ်စာအုပ်ထဲမှာတင် မကဘူး၊ အပြင်မှာ ငါတို့ တကယ်လုပ်ဖူးတယ်ဆိုတဲ့ အတွေ့အကြုံမျိုး ရအောင် ကျွန်တော် စမ်းသပ် ဖန်တီးကြည့်တာပါ။ သိန်း ၎၀၊ သိန်း ၈၀ မကုန်ပါဘူး။ ဒါမျိုးကို ဖောင်ဒေးရှင်းကြီးရဲ့ ရည်ရွယ်ချက်၊ ကိုယ်ချင်းစာတရားလို့ ခေါ်ဆိုနိုင်မှာပါ။ အဲဒါ ဖောင်ဒေးရှင်းကြီးရဲ့ ရည်ရွယ်ချက်ပဲ။ ဘချောရေ''

ထုံးစံအတိုင်း ဘကြီးအောင်ကို မန်ယူတင်ဝင်းက ရေနွေးကြမ်း ငဲ့ပေးသည်။ လိုတာထက် ပိုဂရုစိုက်နေသည်။ ဘကြီးချောတို့ ထင်နေသည့် သိန်း ၎၀၊ သိန်း ၈၀ လောက် အနည်းဆုံးရှိမှ ဖောင်ဒေးရှင်းတစ်ခု တည်ထောင်နိုင်မည့် ဆိုသည့်အထင်ကို ချေဖျက်နိုင်ပြီဆိုပြီး ကျေနပ်နေသည်။ ဘာတတ်နိုင်သေးလဲ ဘချောရာဆိုသည့် ပုံစံမျိုးဖြင့်။ ဘကြီးချောနှင့် အိုကေကျော်ကြီးတို့ ခေါင်းချင်းဆိုက်ပြန် သည်။ မေးခွန်းတွေ နှစ်ခု၊ သုံးခု ပေါင်းမေးလျှင် ဘာတတ်နိုင်မှာလဲ ဘကြီးရောလို့ အိုကေ ကျော်ကြီးက အကြံပေးသည့်အတိုင်း ဘကြီးချော ဆက်မေးသည်။

''ကျုပ်တို့ လျှာရှည်တယ်လို့တော့ မထင်ပါနဲ့ဗျာ။ ပွင့်လင်းမြင်သာအောင် အများအတွက် မေးရတာပါ။ ခင်ဗျား ဖောင်ဒေးရှင်းကြီးရဲ့ ဖွဲ့စည်းပုံ၊ ရန်ပုံငွေ ဘယ်လိုရှာမလဲ၊ ငွေစာရင်းရှင်းတမ်းတွေ၊ ရသုံးမှန်းခြေ ငွေစာရင်းတွေ၊ အနာဂတ်လုပ်ဆောင်မည့် လုပ်ငန်းစဉ် စတာတွေရော ခင်ဗျားမှာ ရှိလို့လား။ မျက်ကန်းတွေ့ဆေးကြောက် လုပ်လို့ မရဘူးနော်။ ခင်ဗျားရဲ့ အတွေးအခေါ်နဲ့ လုပ်ပုံကိုင်ပုံလေးတွေ သိပါရစေဦးဗျာ''

အိုကေကျော်ကြီးက ဘကြီးအောင်နှင့် မန်ယူတင်ဝင်းတို့ကို အားနာသည့်ပုံစံမျိုးနှင့် ခေါင်းငုံ့ထားသည်။ ဘကြီးအောင်နှင့် မန်ယူတင်ဝင်းတို့ကတော့ ဘာမျှမသိသည့် ကလေးငယ်လေးများကို ခွင့်လွှတ်သည်ဆိုသည့် အပြုံးမျိုးဖြင့် တုံ့ပြန်ပြီး ဘကြီးအောင်ဆက်၍ ရှင်းပြသည်။

''အများအတွက် ပွင့်လင်းမြင်သာအောင် စေတနာမေးခွန်းတွေ စုပေါင်းပြီး မေးတာ ကျေးဇူးတင်တယ်ဗျာ။ ကျွန်တော့်အနေနဲ့ ဒီဖောင်ဒေးရှင်းကြီး တည်ထောင်မယ် စိတ်ကူးက တည်းက ဘယ်သူ့ကို ဘယ်နေရာပေးမယ်၊ ငါကိုယ်တိုင်ကတော့ ဘယ်နေရာယူမယ်ဆိုတဲ့ နေရာပေးချင်၊ ယူချင်လို့ ထောင်တာ မဟုတ်ဘူး။ အဲဒီစိတ်ကူး အစကတည်းက မရှိဘူးဗျ။ အဲဒီတော့ ရှင်းရှင်းပြောရရင် ဒီဒေးရှင်းကြီးမှာ ဥက္ကဋ္ဌ အတွင်းရေးမှူး၊ အဖွဲ့ဝင်၊ အသင်းသားစတာတွေ တစ်ယောက်မှ မရှိဘူးဗျ။ မည်သူမဆို ပါဝင် ဆောင်ရွက်နိုင်တယ်။ ပါဝင်ဆောင်ရွက်ကြဖို့လည်း လေးလေးစားစား ဖိတ်ခေါ်ပါတယ်။ အခုန ပြောတဲ့ သတ်မှတ်ချက်တွေ မထားတော့ ရွေးကောက်တာတွေ မဲနဲ့ရွေးတာတွေလည်း မလုပ်ရတော့ဘူး။ အားလုံးက ရေလို တစ်သားတည်းပေါ့ဗျာ''

ဘကြီးအောင်က ဘကြီးချောနဲ့ အိုကေတင်ဝင်းတို့ကို နားလည်ပြီလား ဆိုသည့် သဘောမျိုးဖြင့် မေးထိုးပြသည်။ ထို့နောက် ဆက်လက်ရှင်းပြပါသည်။

''ဘချောမေးတဲ့ ဒုတိယမေးခွန်းက ငွေရေးကြေးရေးကိစ္စကတော့ ရှင်းပါတယ်ဗျာ။ ငွေစာရင်းရှင်းတမ်းတွေ၊ ရသုံးမှန်းခြေ ငွေစာရင်းတွေ ဘာမှလုပ်မှာ မဟုတ်ပါဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ မလုပ်တတ်လို့ပဲ။ ကျွန်တော်တို့ မညာတတ်ဘူး။ ဒါ ရိုးရိုးရှင်းရှင်း ပြောတာပါ။ ရန်ပုံငွေ ရှာဖွေပုံကလည်း လည်ချောင်ထည့်၊ မထည့်ချင်နေ ရွာဦးစေတီရွေ့မှာ ဒေးရှင်းကြီးအတွက် အလှူခံပုံလေးမယ်။ ဒါမဲ့

www.burmeseclassic.com

www.burmeseclassic.com



ခြင်းမဟုတ် တကယ်ဖြစ်သည်။ ရေအကျိုး (၁၀) ပါး ဆုမတောင်းဘဲ ပြည့်သည်ဆိုခြင်းမှာ မှန်ပါတယ်။ ထို့နောက် ဘကြီးအောင်မှ လေးနက်စွာ ဆက်၍ ရှင်းပြပါသည်။

''ရေဘေး၊ မီးဘေး၊ လျှောင်ဘေး၊ စစ်ဘေး စတဲ့ ဒုက္ခတွေကို အများကြီးက မြင်နိုင် သိနိုင်ပါတယ်။ ရေဘေးဒုက္ခဆိုရင်လည်း မိုး များ၊ ဆည်ကျိုး၊ ချောင်းရေလျှံ စတဲ့ ရေများ လို့ ဖြစ်တဲ့ဒုက္ခတွေကို ကျွန်တော် တစ်ဦးတည်း အမြင်အရ ရေဘေးဒုက္ခအပေါင်း (+)လို့ သတ်မှတ်ချင်ပါတယ်။ ကျွန်တော်တို့ ဒုက္ခကတော့ ရေဘေးဒုက္ခ အနှုတ် (–)လို့ သတ်မှတ်ချင်ပါ တယ်။ မီးဘေးဒုက္ခမှာလည်း မီးလောင်ခံရတဲ့ သူတွေကို မီးဘေးဒုက္ခအပေါင်း (+)နဲ့ မီးပျက် မီးမလာတဲ့သူတွေအတွက်တော့ မီးဘေးဒုက္ခ အနှုတ် (–)သတ်မှတ်သင့်ပါတယ်။ ဒါပေမဲ့ ဘယ်သူမှ ဒီလိုသတ်မှတ်ကြမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ ဒေသတွေက ရေသည် အသက်၊ အသက်သည် ရေ ဆိုတာမျိုးတဖြည်းဖြည်းချင်း ရေစာတ်ဆုံးရှုံးအောင် လုပ်နေတဲ့ တရားခံကို ကိုယ်ချင်းစာတရား မရှိရင် မြင်နိုင်၊ သိနိုင်မှာ မဟုတ်ပါဘူး။ ကျွန်တော့်အနေနဲ့ အပြစ်ပြောလို ခြင်း မဟုတ်ပါဘူး။ ကိုယ်ထူကိုယ်ထ ဆောင် ရွက်ကြရမယ်လို့ ရှင်းရှင်းလင်းလင်း သိစေချင် တာပါ။ မျက်ကန်းတစ္ဆေမကြောက် ဒီဒေးရှင်းကို တည်ထောင်တာ မဟုတ်ပါဘူး။ ဒါကြောင့် စံ ထားနိုင် ဖောင်ဒေးရှင်းကြီးက အနာဂတ် ဆောင်ရွက်မှုအဖြစ် ပထမဆုံး ဆောင်ရွက်မှာ ကတော့ . . .'' ဘကြီးအောင် အသံမြှင့်လိုက် သည်။

''နွေရာသီမှာ ကလေးအားလုံးကို ရေ အဝ

တိုက်မှာ ဖြစ်ပါတယ်ခင်ဗျား''

ဘကြီးအောင်၏ အောင်မြင်ခန့်ညား ထား အသံအဆုံးမှာတော့ လက်ခုပ်သံများသံ များ ဝေစည်သွားသည်။ လက်ခုပ်တီးသူတွေ များ မနှယ်တင်ဝင်းဖြစ်သည်။ ဘကြီးချောနှင့် အိုကေကျော်ကြီးတို့ အလဲအကွဲ ဖြစ်နေတဲ့ အိုကေကျော်ကြီးက ''ကဲ . . ရပ်ကြပါ၊ ရပ် ကြပါ''ဟု တားမြစ်သည်။ တန်ပြန်တိုက်စစ် တော့မည်။ ဘကြီးချောအလှည့်။

''ဘကြီးအောင်ရဲ့ စံထားနိုင် (ရေ)ဖောင် ဒေးရှင်းကြီးကို ဂုဏ်ယူစွာ ကြိုးဆိုပါကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်လည်း ကျွန် တော့်မြေးမလေး အိပြည့်မောင်အမည်နဲ့ ဖောင် ဒေးရှင်းတစ်ခု ထောင်မှာဖြစ်ကြောင်း ပြောကြား လိုပါတယ်။ ရေထက် အရေးကြီးတဲ့ ဖောင်ဒေး ရှင်းပါ။ ရေအသက် တစ်မနက်ဆိုပေမယ့် လေ အသက်ကတော့ ငါးမိနစ်၊ ဆယ်မိနစ် အသက် မရှူလို့ မရပါဘူး။ ဒါကြောင့် ကျွန်တော်က မြို့ပြက မွန်းကြပ်မှုတွေ ပြေပျောက်အောင် သန့် ရှင်းလတ်ဆတ်တဲ့ လေကို ရှူဖို့ အိပြည့်မောင် ဖောင်ဒေးရှင်းကို တည်ထောင်မှာ ဖြစ်ပါတယ်။ အဓိက ရည်ရွယ်ချက်ကတော့ လွတ်လပ်စွာ ပြောဆိုခွင့်ပြုမှာ ဖြစ်ပါတယ်ခင်ဗျား''

လက်ခုပ် သြဘာသံများ၊ လက်ခုပ်စတီး လက်ခေါက်မှုတ်သူကတော့ အိုကေကျော်ကြီး။

ဆုတောင်းပြည့် မင်္ဂလာစေတီကြီး၏ ဘုရားပွဲကို စည်ကား သိုက်မြိုက်စွာ ကျင်းပနေ သည်။ ဘုရားပွဲဈေး၏ အရှေ့ဘက်ခြမ်းတွင် ဘကြီးအောင်၏ စံထားနိုင်(ရေ)ဖောင်ဒေးရှင်းမှ လှူဒါန်းသည်ဆိုသော ကြော်ငြာဆိုင်းဘုတ်ကြီး နှင့် ရေသန့်ဘူးများ ဝေငှနေသည်။ အနောက် ဘက်ခြမ်းတွင်တော့ ဘကြီးချော၏အိပြည့် မောင် (ရေ)ဖောင်ဒေးရှင်းကမှ လှူဒါန်းသည် ဆိုသော ကြော်ငြာဆိုင်းဘုတ်ကြီးနှင့် ယပ် တောင်များ ဝေငှနေသည်။ရေဖောင်ဒေးရှင်း ကြီး၏ ရှေ့တွင် ကျကျနန ဝတ်ကောင်းစားလှ နှင့် ထိုင်နေသူနှစ်ဦးကတော့ ဘကြီးအောင်နှင့် မနှယ်တင်ဝင်း။ အနောက်ဘက် လေဖောင်ဒေး ရှင်းရှေ့မှာတော့ ဘကြီးချောနှင့် အိုကေကျော် ကြီးတို့ ဖြစ်သည်။

ထူးခြားသည်က သူတို့လေးယောက်၏ မျက်နှာများမှာ တိုင်းပြည်တည်ဆောက်ရာတွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့် ပါဝင်သူများကဲ့သို့ ရေတစ်ပေါက် လေညှင်းလေးတစ်ချက်တော့ တိုင်းပြည်တည်ဆောက်ရာမှာ ငါတို့ပါသည်ဆို သည့် ပုံစံမျိုးနှင့်။

သည်ထက် ထူးခြားသည်က ဘုရားပွဲ ကျင်းပသည်မှာ ပြာသိုလပြည့်နေ့ဖြစ်၍ ဦးဝိုက်ကို တုန်လို့။

အောင်တိုး (ရေနောက်)

www.burmeseclassic.com

www.burmeseclassic.com



နန်မန်တောင်ရိုးတွေရဲ့ ကျေးလက်မှော် အနုပညာထဲက မိန်းမခေါ်ပြန်ခန်း

ဝင်းအောင် (အောင်ပန်း)

ရွက်ကျင်ရွက်ညောင်းတို့ ကြွေဝေခဲ့သည်မှာအခါခါ၊ အမေ့ရွာသို့ အလည်တစ်ခေါက်မျှ မရောက်မိ။ အမေ့ရွာက တောင်ရိုးရွာ။ နန်မန်တောင်ရိုး တိုင်းရင်းသားတွေရဲ့စရိုက် ဓလေ့အမူအကျင့်နှင့် ပြည့်မွမ်းထုံဝေနေသောရွာ။ ကတ္တီပါစိမ်းနု သစ်လွင်သော ကြက်သွန်ခင်းကြား ခဲတွတ်နီတျာသော ငရုတ်ပင်များအလယ် ပါကြန်မှည့်ရွှဲနေသော စပါးခင်း၊ ကျို့နှံခင်းတို့ အဆုံးစွန်မှ ဝဲဝိုက်ဖြတ်သန်းလာသော မှော်အေးသံများ ကြားယောင်လာသည်။ ယခုဒင် ခြေချပြီဆိုတော့လည်း ရင်းနှီးဖော်ရွေစွာ ညှော်ဝတ်ပြုကြပြန်သည်။ တစ်အိမ်တက်တော့ ခေါင်ရည်တစ်မော့၊ တစ်အိမ်လည်တော့ ခေါင်ရည်ရည် တစ်စလှယ်၊ ခေါင်ရည်ငွေ့များ တနွေးနွေးတဝေ့ဝေ့၊ ရင်တွင်းမှာ ထွေးဖက်ယုက်သန်းလာသည်။ ယုယ သောအပြုံး၊ နွေးထွေးသောအသိဖြင့် ထိတွေ့မိသည်။

ကျို့ ပြောင်း၊ စပါးတို့ ဝိုက်သိမ်းပြီးစ နွေကာလရောက်ပြီဆိုရင် ရှင်ပြုပြွဲ ဦးမှဲဦးမှဲသဲမျှ တစ်ရွာပြီးတစ်ရွာ ဆင်ယင်ကျင်းပလေ့ ရှိသည်။ ယနေ့ကား မွန်းပင်ရွာက ရှင်ပြုအလှူပွဲနေ့။ အဝေးကပင် သဲဖြူခင်း ရာဇမတ်ကာ ငှက်ပျောပင်များ စိုက်ထူထားသော ထမင်းကျွေးရုံ အလှူ မင်္ဂလာမဏ္ဍပ်နှင့် အိုးစည်သံ၊ ခြောသံများ ဆူဝေညံစည်နေသည်။ တစ် ခွက်တစ်ချက်တွင် ကြိတ်ကြိတ်တိုး လူစည်နေသော မဏ္ဍပ်ထဲမှ ဆည် ခေါင်းရွာသား မှော်ဆရာ မှော်သာ၏ ဖမှော်အေးသံမှာ ပီပီပြင်ပြင်ကြား ယောင်လာသည်။ မဏ္ဍပ်တွင်း ရောက်သည်ဆို လျှင် ရာထောင်မကသော မှော်နာပရိသတ်များ မနောခွေ့နေသည်။ တခိုးခိုး၊ တခစ်ခစ် ရယ်နေ ကြသည်။ မှော်ဆရာ မှော်သာကလည်း လက်ညှိုးတည့်ညွှန် လည် ချောင်းတရှင်းရှင်းဖြင့် အိတ်သွန်ဖာမှောက် ဟောပြောနေသည်။ မှော် နတ်(ကဗျာလမိုင်းကပ်) ဝင်သည့်နှယ် ပတ်ဝန်းကျင်အား မေ့မေ့လျော့ လျော့ တိုင်ထောင့်တွင် ဗိုဗိုထိုင်ထိုင်ဖြင့် ထိုင်နေသော ကျောက်ဆင့် တောင်ကြား တောင်ရိုးရွာမှ မှော်ဆရာမှော်ထက်မှာ မှော်ဆရာ မှော်သာ ဏ၏ အပြောအဟောကို ပြုံးပန်းတဝေဝေဖြင့် နားစွင့်နေသည်။

''ဘုရားတရားသံဃာရတနာသုံးပါး ဦးထိပ်နဖူးမှာ လက်ဦးထား၊ ဝပ်တွားလိုပင် မြတ်ဗုဒ္ဓန၊ စိတ်တေယျကို လက်လှတင်၊ ဆရာရှင် ငုံ၊ မှာ ကြာပဒုံန၊ ရွှေစုံစုံလဲ၊ ခုပူဖော်၊ ကိုယ်တော်မြတ်နိုး၊ ဆယ်ချောင်းထက် ကို ထိပ်ထက်မိုး ငါလည်းကိုးပြီး ရင်အရှင်နှတ်မှား နတ်သိကြား ကျွန်တော်နဲ့ ရှင်မှော်ငုံကို မကြလော့ မကြလော့။

သိကြားပြဟ္မာ၊ ပြဟ္မာနတ်တကာ ကျွန်မိဋ္ဌာန်မယ်က နစ၊ မကြာခုလည်း လူချင်းထပ်တယ်၊ မဏ္ဍပ်ထဲ၊ မလွှဲရအောင် မိုးညိုတက်လို့ ထရက်မှောင်၊ ရပ်ရှစ်တစ်ခွင်၊ မိုးနဲစုံလို့ တောင်ညိုထိပ်မှာတို့ ထိပ်တင်၊ တင်လေဆမီး၊ ပန်းရိုးနွယ်နှ၊ ယတောင်ခွင်က မယ်ဆံသီ။ အပြီးမပါ၊ ကျွန်တော်ကိုမယ် ရွှေပြဟ္မာထက်ကရောဖ၊ ကျွန်တော်ကိုမယ် နတ် ဒေဖ၊ ဒေါဝဆမီး၊ ပန်းရိုးနွယ်နှ ယတောင်ခွင်ကမယ်ဆံသီး၊ နတ်ဆီးကို မှ၊ အာကိုရွှေပြစမ်းသခင်၊ ယတောင်ခွင်က နတ်မယ်ဖလူးတို့ အိုသခင်၊ ပွဲဝင်လည်းရောက် လက်ပန်းပင်ကို ကတိုင်းလှ၊ ဆိုပြတိုင်းကောင်း အပူထုတ်တယ်၊ ကျွဲပ်လည်ချောင်း မစောင်းမရင်း၊ မတိမ်းမပို၊ မဏ္ဍာဝ်ထားနှ၊ ဆုပွဲဝင်တော့မယ်။ အဆံခရို့၊ မယ်ဖလူ သခင် လက်ဖက်ဦးနှ၊ ရှစ်ဦးတင် သခင်ထရင် မပြီးလေ မပြီးလေ။

အဆိုပါ မှော်အေးနတ်ကိုးအား မှော်ဆရာမှော်သာက စိတ်လက်ကြည်သာစွာဖြင့် ဟောပြောနေသည်။ မှော်ကဗျာမှော်စာဆိုမည်ပါက မှော်နတ်သမီးအား လက်ဖက်ဆီဦးတို့ဖြင့် ပူဇော်ရကြောင်း ထိုသို့ပူဇော်ပသပါက ကဗျာရွတ်တိုင်း ကဗျာဖြစ်ကြောင်း။ ကဗျာလမိုင်းကပ်ကြောင်း။ ကဗျာစွာန်ထက်ကြောင်းကို အဆိုပါ မှော်အေးနတ်ကိုးကို လေ့လာပါက တွေ့မြင်နိုင်သည်။

မှော်အေးမှော်ဆိုသောအခါ အောင်ပန်းမြို့၊ အနောက်ဘက်ရှိ ယ-တောင်တန်းကို ပိုင်ဆိုင်သော ယ-တောင်ခွင် နတ်မိမယ်အား ပူဇော်ဦးခိုက်လေ့ရှိပြီး ထိုသို့ဦးခိုက်ပါက ကဗျာဉာဏ်ရွှင်ကြောင်း၊ ကဗျာဉာဏ်ထက်ကြောင်းကိုလည်း အထက်ပါ မှော်အေးနတ်ကိုးက ပြောပြထား သည်။

'မလည်းမကြ၊ ကလင်ဒေါင်းလန်း၊ မှော်ပွဲချလို့ ခုညတွင်း၊ ဒေါင်းလန်းပေါ်ထက်၊ ကျော့သခင်ကို တင်ပါငြားတယ်၊ စားလက်ဖက်၊ တဘက်ကွမ်းယာ၊ ဆရာတင်တယ်၊ ကွမ်းဆီးလေ့ဘ်၊ ဒေဝါသခင်မစေချင်၊ လက်ဖက်တင်ပုံ ကျွဲပ်ဆရာမှာ မှော်ရှင်ချို့ (ဟဲဟိုး)၊ ကိုးပုံကိုးပင်၊ ဒူးကို တုတ်လို့ လက်အုပ်တင်၊ သခင်လာရင် ပညာလည်းရ ကျောင်းနာမည်ကြီး ရှင်ပဏ္ဍာပ်၊ ကိုးရမယ်လက်ညှိုး ဆရာဂုဏ်ကို ငါရွှမယ်ကိုး ချီးမမွှန်းကျွပ်ခါ။ ဟေတစ်မျိုးနှ၊ ဟိုးလက်ဖျား။ လက်ဖျားဘုန်းကံ၊ ဆိုတဲ့ဦးကောင်းတယ်၊ စောင်းညွှင်းဆံ ညံ့ညံ့မပြတ် ပရိသတ်၊ ပွဲမြတ်လယ်မှာ ကြွေး

www.burmeseclassic.com

www.burmeseclassic.com

စည်ခတ်သနယ်၊ တတ်ပါစေဗျာ။ ဆာရှင်မွန်ရဲ့ ဉာဏ်ပညာ၊ ဆာစေတယ်အေး ရွှေကျော်တိုးလို့ လွယ်မောတောင်က လက်လျှောက်မိုးလို့၊ ကိုးပြိုလေ ကိုးပြိုလေ။

ဖော်ပြပါ မှော်အေးနတ်ကိုးအား လေ့လာ သုံးသပ်ပါက မှော် အေး မှော်ဆိုကောင်းမွန်ရန် အနောင့်အယှက်ကင်းရန်အတွက် တီကျစ် မြို့နယ်ခွဲ လွယ်မောကြီးရပ်ခွင်မှ နတ်မိမယ်အား ပူဇော်ပသရသည်။

တောင်ရိုးမော်အနုပညာတွင် ဂျပန်ခေတ်ကို ဖွဲ့သောမှော်၊ ဆင်းရဲသူမလေး မယ်မြာ၊ ဆင်းရဲသူမလေးမယ်မုံ၊ ဘုရားအလောင်းတောထွက်ခန်းမော်၊ မိန်းမခေါ်ပြန်ခန်းမော် စသည်ဖြင့် မှော်အနုပညာများ စုံလင်လှသည်။ တောင်ရိုးကျေးလက်ကဗျာနှင့် မှော်အနုပညာများမှာ တစ်စစီ ပြန့်ကျဲနေသည်။ ကောက်သင်းကောက်လိုက်ပါက အရာအထောင်မကသော ရင်ခွင်မဲ့ ကျေးတောနေ ကဗျာများ ဖြစ်လင့်ကစား အရောင်အမျိုးမျိုး ပြိုးပြက်နေကြသည်။ ကဗျာဟန်၊ ကဗျာပုံသဏ္ဌာန်မှာလည်း စုံလွန်းသည်။ သုံးနှုန်းသော ဝေါဟာရနှင့် နိမိတ်ပုံတို့မှာလည်း နေ့စဉ်ထိတွေ့နေကျ စကားလုံးမျိုးဘဝနှင့် မဟပ်သော လက်လှမ်းမမီသော ပုံရိပ်များ၊ စကားလုံးများမပါ။ ရိုးသည်။ ရှင်းသည်။ လွယ်သည်။ ထိုရိုးစင်းသောဂုဏ်၊ ပုံရိပ်တို့ကြောင့် ကျေးလက်တောင်ရိုးတိုင်းရင်းသားတို့၏ နှုတ်ဖျားတွင် ယနေ့တိုင် ဝေလွင်နေသည်။

ယခင်တင်ပြမည့် မိန်းမခေါ်ပြန်ခန်းမော်အနုရိုးမှာ တောင်ရိုးမိန်းမပျိုတို့၏ သည်းခြေကြိုက် အနုရိုးကဗျာတစ်ပုဒ်ပင်။ ထိုအနုရိုးအား ကြားနာလိုက်ရသည်၌ တောင်ရိုးမိန်းမပျိုတို့၏ ရင်တွင်း၌ မေတ္တာအဖူးအပွင့်များ ကြောင့် ကြိုင်လှောက်လာသည်။ စာနာစိတ်၊ ကြင်နာစိတ်၊ ယုယထွေးသိပ်လိုစိတ်မှာလည်း တားမနိုင်၊ ဆီးမရ ထိုမျှထင်ရှားသော တောင်ရိုးတိုင်းရင်းသားတို့၏ ရင်တွင်းမှာ နှစ်အသချေကိန်းဝပ် သန္ဓေတည်လာသော မိန်းမခေါ်ပြန်ခန်းမော် အနုရိုးအား လေ့လာဝေဖန်သုံးသပ်ရန် စေတနာအရင်းခံဖြင့် တင်ပြအပ်ပါသည်။

'ရောရောရွှေတခါ
ကညာပလိုန် အနစာ
လာဟေ့ မယ်ဖလူ
တရုတ်ထမ်းလို့ ကန့်ပလူ
ဆဲအို့ရွှေစ
တို့မောင်နောက်ကုံ
အဆစ်ပါလို့ လိုက်ရင်ပ
တို့မွေးလုနှ
တို့ဖအိမ်တွင်
မယ့်ကိုမြင်ရင် အားလုံးလွင်။
ငင်းအနုရိုးကဗျာ၏ အဓိပ္ပာယ်မှာ–
'ရွှေတမျှ အဘိုးအနဂ္ဃထိုက်တဲ့
အသည်းနှလုံးပိုင်ရှင်လေးရယ်
မောင့် မဖြူလေးရယ်
မောင့်နောက်ကို လိုက်ခဲ့ပါလားကွယ်
မောင့်အဖေအမေတွေ မြင်တော့လည်း
ဆံချည်မျှင်မျှ အပြစ်တင်မှာ မဟုတ်လေဘူးကွယ်'

လို့ ယောကျ်ားပျိုက ဆိုလိုက်တဲ့အခါ မိန်းမပျိုမှာ ကြည်နူးပန်းများပွင့်လန်းလာသည်။ နှစ်လိုဖွယ်အကြည့်ဖြင့်လည်း တွေးငေးလာသည်။

'ထမန်းလဲ မင့်ကိ
အဝိုက်လဲ မရှား
လုံမပလို့ကို
အလိုလိုက်လို့ စိတ်ကရိုက်ထား
အစားခရိုရာ
တို့အိမ်တွင်းမှာ ကောက်ညှင်းပေါင်းနှ
ဟန်းကောင်းရာ
လှရာကိုဝိုက်
မယ်မိန်းမမှာ
ခေါင်းမှဆောင်းတဲ့ လေးဖက်မြိတ်
ဆန်ဖွတ်ပါးထောင်း
တချောင်းထင်းရေ
လွန်းမယ်ဖလူကို မပူစေ
ရေအတွက်လည်း ခက်စေဘူး
ထင်းအတာလည်း ရှာစေဘူး'။

ငင်းကဗျာ၏ မြန်မာပြန်မှာ–
မောင်မြတ်နိုးရပါတဲ့
မဖြူလေးသာ
မောင့်နောက်ကို လိုက်ခဲ့ရင်
အလိုလိုက် အကြိုက်ထားပါ့မယ်
အစားဆိုလည်း ချိုချိုမြိန်မြိန်ကျွေးပါ့မယ်
ဆန်ဖွတ်စပါးထောင်းလဲ
မခိုင်းရက်ပါဘူးကွယ်
ထင်းခွေရေခပ်လည်း မောင်ပဲလုပ်ပါ့မယ်
လှလွန်းဆန်းကြယ်လွန်းတဲ့
တောင်ရိုးမိန်းမပျိုတွေ ဆောင်းတဲ့
အမြိတ်လေးခုပါ တံဘက်လဲ
မောင် ရှာပေးပါ့မယ်...

ကွယ်လို့ ဆိုလိုက်တဲ့အခါမှာ တောင်ရိုးမိန်းမပျိုမှာ အမြိတ်လေးခုပါ တံဘက်ရမယ်ဆိုတော့ ဝမ်းပန်းတသာ ဖြစ်သွားလို့ မပြောနိုင်၊ မဆိုနိုင်တော့။

'ထင်းကိုပဲဟူလေး
မပူရဘူး

www.burmeseclassic.com

www.burmeseclassic.com

တို့မောင်စိုက်ထားတယ်ဟေ့
ထင်းခြံထား
ခွဲလို့တိုက်ရံ့
တို့မောင်ပျိုးထားတယ်ဟေ့
ဆစ်မျိုးစုံ
မောက်ခုံဆူးဖို
တကိုင်းထက်ကို တကိုင်းပို
ကုက္ကို့ယင်းမှာ
အကိုင်းထက် အခက်ဖြာ
ခဝစ်စိန ဥယျာဉ်ထား
ဆစ်ဆေးဖိုမ
အထားနှစ်မှာ
သစ်ခေါက်ရ
မိန်းမအကြိုက်
ခွရေစိမ်းရောင်နှ ခွရေဝါဆိုးရင်
အဖိုးထိုက်
တောက်ရပ်ကန့်ကော်
တရော်ဝက်ဝန်း
အထွေထွေန ရေသဖန်း
လမ်းနားလေလူ
မဲရွန်းပင်နှ စကားဖလူ
ယင်းကူဖက်ကြမ်း
ပင်စမ်းထင်းရွှေး
ကိုင်းချင်းတင်လို့ ပင်ချင်းပူး
ဆစ်နှဆစ်နီ
ကိုင်းချင်းတင်လို့ ပင်ချင်းမို
တန်တီဆီဆား
အဆီးယူလို့ လူတိုင်းစား
ဆီဆားနရန်
အိမ်ခေါင်းရင်းမှာ ဆစ်ပင်ပလန်
ကုက္ကို့ကတွင်
အိမ်ခေါင်းရင်းမှာ ဆစ်ပင်စဉ်
ဆစ်ရာပင်နှ
ညောင်ချဉ်ညောင်ကျစ်
ညောင်ခွေးဆာန ချောင်ခဝိုက်
ကတွတ်ဆောင်းနှ
ခအောင်းလဲဝင်
အခရေနက်သဟေ့
မြက်လွှီးပင်
ထိုပင်အင်ကြင်း
တပေါင်းကျွှေးလို့
တံခွန်းလရောက်ရင် မွေးလေခြင်း
အင်ကြင်းမွေးနှ
ပင်းဆေးကစုံ'။
ဂုဏ်ကဗျာ၏ မြန်မာပြန်မှာ-
'မီးဆိုက်ဖို့ မီးမြိုက်ဖို့
ထင်း (ထင်းသား)အတွက် စိုးရိမ်နေသလား နှမငယ်
မီးဆိုက်ဖို့
ထင်းခြံထဲမှာ အပြည့်စိုက်ထားလို့ကွယ်
ဆူးဖိုနဲ့ မောက်ခုံဆိုလဲ
အကိုင်းထက် အခက်ဖြာလျက်ပါကွယ်
ကုက္ကို့နဲ့ ယင်းမာဆိုရင်
အကိုင်းထက် အခက်သာနေတာပဲကွယ်
တောင်ရိုးမိန်းမပျိုတွေရဲ့ မြို့ထည်တွေမှာ
အစိမ်းအဝါဆိုးဖို့
စစ်ဆေးခေါက် ခဝစ်စီခေါက်ကလည်း ပြည့်လို့လျှံလို့
မီးကျီတက်မဲ့ မီးရှိန်ထက်မဲ့ ထင်းသားဆိုလဲ
ကန့်ကော်မဲရွန်း ယင်းကူ ပင်စိမ်းကအစ
သစ်နှသစ်နီ ရှစ်ရှား ညောင်ချဉ် ညောင်ကျစ်အဆုံး
ဟို . . . အဝေးပြုပြုက မွှေးတမြှုံမြှုံသင်းတဲ့
အင်ကြင်းပန်းစုံတောလဲ ရှိလေရဲ့ အချစ်ရယ်
အချစ်အတွက်ဆိုရင် . . အချစ်ရယ် . . .
ဘာလိုသေးလဲ အချစ်ရယ် . . . တဲ့'

လို့ ယောက်ျားပျိုက တရှိုက်မက်မက်ဖြင့် ယခုကဲ့သို့ ရှင်းပြတဲ့အခါ မိန်းမပျိုမှာလည်း မီးခိုချောင်ကအစ ဝတ်ထည်ခြုံစောင်အထိ လိုလေသေးမရှိကြောင်းကို သိရတော့ အားကိုးစိတ်၊ ယုံကြည်စိတ်၊ ပုံအပ်လိုစိတ်များမှာ အတိုင်းအဆမဲ့ ဖြစ်လာခဲ့သည်။

'ဆစ်ပင်များမှာဟေ့
ပျားမွဲရော်
ငတ်ကူးကော်နှ
စံလော်တခြား
ကြက်တူရွေးနှ ကျေးကုလား
ငတ်က ငုံးမင်း
ဝဲကာပလန်တယ်ဟေ့
တွန်ဆံပြင်း
ငှက်ပြင်းစိမ်းစွန်
ဆစ်ပင်ဖျားက
ကြိုးကြာတွန်လို့ ကတ္တူတွန်
ဥယျာဉ်ခြံထား
ပျားမွဲရော်လို့ ပျားအုံစွဲ
ကြေကွဲစရာ
မိုးဖျန်းဖျန်းနှ နှန်းခိုးဝေလို့
ရွှေပလေဆာ
လိုက်လာနှမ
တို့မောင်နှောက်မှာ
ဇာတစ်ခုမှ မပူရ
လမ မအောက်မေ့နလေး
လမော်လမ
လက်ာချောနသူဟောပြ
ရှင်လှနီမယ် ပန်းတပင်နှ
ရှင်တေဇလို့ ခေါ်ပါတယ်
တေဇနေရာ မဝေးလောက်ဘူး
ခွေးတခုန်နှ ယုန်တမြူး
ဝေးလောက်ဘူးတဲ့ဗျ
ဆစ်မရောလို့ ဝါးတောက
ရှင်တေဇနောက်မှာ
ဇာတခုမျှမပူရ
လမ မအောက်မေ့နလေး။

ဂုဏ်ကဗျာ၏ မြန်မာအဓိပ္ပာယ်မှာ -
စိမ်းမြည်ညို့မောင်နေတဲ့ သစ်ပင်ဖျားသစ်ပင်ကြားမှာလေ့

www.burmeseclassic.com

အရည်ရွှန်းလဲ့ပြီး မှည့်ရွဲနေတဲ့ ပျားအုံတွေ ရုံဖွဲ့လို့ နေပါပြီ
ကူးကော်ကူးကော်နဲ့ ဆန်လော်ငှက်သံကလည်း ညံစီလို့
ကြက်တူရွေး၊ ငုံး၊ သိန်းစွန်နဲ့ ကြိုးကြာငှက်တွေလည်း
တောင်ပံယှက်လို့ ရွှေလည်ဖက်နေကြပါပြီ
အိစက်ဖြူနုတဲ့ နှင်းမိုးပွင့်လေးတွေ ကြွေကြပုံဟာ
သာယာလွန်းလှပါဘိ နှမရယ်
ကိုတေဇနောက်ကို ထပ်ချစ်ဖဝါးမခွာ လိုက်ခဲ့ပါတော့
ကြောင့်ကြတဲ့ သောကတွေ ဝေးဝေးမှာထားခဲ့ပါတော့

လို့ ယောကျ်ားပျိုက နူးညံ့သိမ်မွေ့လွန်းတဲ့ မော်အနုကဗျာနဲ့ ဆို ရိုက်ပါတယ်။ မိန်းမပျိုမှာလည်း ယောကျ်ားပျိုဇာ၏ ဝေဆာပွင့်မြူးသော အပြောကြောင့် မဆွတ်ခင်က ညွှတ်မိလေပြီ။ အေးအတူ ပူအမျှ အပေး အယူတူမျှကြလေပြီ။

အဆိုပါ မိန်းမခေါ်ပြန်ခန်း မော်အနုရိုးမှာ တောင်ရိုးမော်အနုပညာ ထဲတွင် ထင်ရှားကျော်ကြားသော မော်အနုရိုးကဗျာတစ်ပုဒ်ဖြစ်သည်။ တောင်ရိုးမိန်းမပျိုတိုင်း လူပျိုတိုင်း ကျွမ်းဝင်ရင်းနှီးနေကြသည်။ ကဗျာ ဟန်၊ ကဗျာသဏ္ဌာန်မှာလည်း ရိုးရှင်း၍ သိမ်မွေ့နူးညံ့လွန်းသည်။ ဥပမာ ဥပမေယျတို့မှာလည်း အစင်းသိအတွင်းသိကြီးသာ ခက်သောနက်သော မုံရိပ်မပါ ဝေါဟာရဆန်း လက်ာဆန်းမဟုတ် ရင်တွင်းမှ ယိုဖိတ်အံ့ကျ လာသည့် မနောအသိ၊ မေတ္တာအသိ၊ စေတနာအသိတို့သာ ဖြစ်သည်။ ထို့ကြောင့်လည်း မိန်းမခေါ် ပြန်ခန်းမော်အနုရိုးမှာ မော်အနုပညာထဲမှ ပြစ်မှိုးမှဲ့မထင်သော ရုတနာများသာ ဖြစ်ပါသည်။

''ဆန်ဖွတ်ပါးထောင်း တချောင်းထင်းရေ လွန်းမယ်ဖလူကို မပူစေ ရေအတွက် ခက်စေဘူး ထင်းအတာလည်း ရှာစေဘူး'' ဟူသော အဖွဲ့မှာလည်း မိန်းမပျိုဇာ၏ အသည်းနှလုံးကို ကလိတိတိ၊ ရိတိတိဖြစ်စေ သည်။

'မောက်ခုံဆူခုံ တစ်ကိုင်းထက်ကို တစ်ကိုင်းပို
ကုက္ကိုယင်းမာ အကိုင်းထက်အခက်သာ
ပင်စမ်းထင်းရှူး ကိုင်းချင်းတင်လို့ ပင်ချင်းပူး

ဆစ်နုဆစ်နီ ကိုင်းချင်းတင်လို့ ပင်ခြင်းမို့' စသော အဖွဲ့အနွဲ့များ မှာ စံပြုထိုက်သော အဖွဲ့အနွဲ့ဖြစ်သည်။ ရှင်မဟာရဋ္ဌသာရ၏ ရွှေစက် အော်သွား တောလားနှင့် အန္ဒိုင်းခံပါက၊ အယှဉ်ခံပါက နွှိုင်းသူယှဉ်သူ မလွန်ရာ။

'တေဇနေရာ မဝေးလောက်ဘူး
ခွေးတခုန်ခုန် ယုန်တပြုံး
ဝေးလောက်ဘူးတဲ့ဗျ

ဆစ်မရောလို့ *ဝါးတောက'* ဟူသော အဖွဲ့မှာလည်း ယောကျ်ား ပျိုဇာ၏ အားထားစိတ်များကို ကြည်နူးနှစ်သိမ့်စွာ ဖော်ပြထားသည်မှာ ချစ်စရာပင်။ ဤအနုရိုးကဗျာတွင် အသံကွဲမြန်မာစကားဖြင့် သုံးနှုန်းထား သော ဝေါဟာရများမှာ –

'နုတ်ဆီး	= နုတ်သီး
ထား	= ထဲ
ဆာ	= သာ
ကွမ်းဆီး	= ကွမ်းသီး
စောင်းညွှင်းဆံ	= ငြိမ့်ညောင်းငြင်သာသော စောင်းသံ
ပလို	= ပျို
မယ်ဖလူ	= မယ်ဖြူး (မဖြူ)
တို့မွေ့	= တို့မေမေ
တို့ဖ	= တို့ဖေဖေ
မဝိုက်	= မငတ်
အဝိုက်	= အဝတ်
စိတ်ကရိုက်	= စိတ်ကြိုက်
နှ	= နှင့်
ခရေစိမ်း	= ချဉ်စိမ်း
ခရေနီ	= ချဉ်နီ
ခရေဝါ	= ချဉ်ဝါ
ဝက်ဝန်း	= အရွက်ဝိုင်း
ပင်စမ်း	= ပင်စိမ်း
ပလံ	= ပြန်
ညောင်ခွေးဆာ	= ညောင်ခွေးစာ
ဆစ်ပင်	= သစ်ပင်
ငတ်ကူးကော်	= ဆန်လော်ငှက်

ဝင်းအောင် (ဝေဆာင်ဆန့်)

www.burmeseclassic.com

www.burmeseclassic.com

ဘင့် ရုပ်ရှင်စောအကျော်

စောမိတ်ကြီးနှင်းဆီပန်း ဆရာတစ်ကြိုး ပြိုင်ဆော်

ချစ်သူဖတ်ဖို့

www.burmeseclassic.com

www.burmeseclassic.com

ရထားပေါ်က ဆင်းလိုက်ပြီ။ ကြိုသူမရှိသော ဘူတာလေးထဲတွင် ဟိုင်း ဒီငေးနှင့်သာ ကြည့်နေလိုက်သည်။ မရောက်တာကြာလို့လား မသိပါ။ အရင်ကနဲ့ မတူအောင် ပြောင်းလဲကာ သွားသလို ခံစားနေမိ၏။ 'ဟာဂဒူး' မထင်မှတ်ဘဲ နှုတ်ဆက်သံကြောင့် ကြည့်လိုက်မိပြီး ကျွန်တော့်ကို ရင်းနှီးစွာ ပြုံးပြနေပေမယ့် မမှတ်မိဘဲ ကြောင်ပြီးသာ ငေးကြည့်နေမိသည်။

''ဟေ့ကောင် စောဂဒူး၊ မမှတ်မိဘူးလား။ ငါမြတ်တိုးလေ''

''ဟာ မြတ်တိုး၊ ဆောရီးကွာ၊ ရုတ်တရက်ဆိုတော့ မမှတ်မိဘူး''

''မင်းက ဝလာလိုက်တာကွာ''

''ငါက ဝတာထားဦး၊ မင်းကရော ပိန်သွားလိုက်တာ စောဂဒူးရာ''

''ဒါနဲ့ မင်း ဒီကို ဘာလာလုပ်တာလဲ''

''အလည်လာရင်း ကုန်ကြမ်းရှာရင်းပေါ့ကွာ''

''ဘာလဲ စာရေးဖို့ ကုန်ကြမ်းလား''

ကျွန်တော်မြတ်တိုး ခေါင်းညိတ်ပြလိုက်ပြီး နှစ်ယောက်သား လက်ဖက်ရည်ဆိုင်သို့ သွားလိုက်ကြသည်။

သူငယ်ချင်းတွေ မတွေ့ဖြစ်ကြတာ အတော်ကြာပြီမို့ စကားတွေက ပြောလို့ပင်မကုန်နိုင်ပေ။

''မင်းကို မေးရဦးမယ်။ မင်းနဲ့ နွေးနွေးက မယူဖြစ်ကြဘူးဆို။ ငါတောင် အတော် အံ့သြသွားတယ်။ ပြောစမ်းပါဦး''

မြတ်တိုးအမေးကြောင့် ကျွန်တော် သက်ပြင်းတစ်ချက် ချလိုက်သည်။

''ဒီအကြောင်းတွေ ဘယ်က စပြောရမှန်းမသိပါဘူးကွာ။ ခြားနားချက်တစ်ခုကြောင့်လို့ ပြောရမယ် ထင်တယ်။ နောက်ပြီးတော့ ငါ့ဘက်က အပြောတစ်ခု မှားသွားတာလည်း ရှိတယ်''

ကျွန်တော် စကားကို ရပ်လိုက်ပြီး လက်ဖက်ရည်ကို တစ်ငုံသောက်လိုက်သည်။

''ကဲ ဆက်ရှင်းစမ်းပါဦး။ ငါတို့ သူငယ်ချင်းတွေကတော့ မင်းတို့အကြောင်း ကြားရ တော့ စိတ်မကောင်းဘူး။ နောက်ပြီး အံ့သြနေကြတာ။ ဒီလောက်တွဲလာခဲ့ပြီးမှ လက်မထပ်ဖြစ်ကြဘူးဆိုတော့ . . ''

မြတ်တိုးမှာ ကျွန်တော့်ကို ကြည့်ကာ ကျွန်တော် ဆက်ပြောမယ့်စကားကို နားစွင့်ကာ နေတော့သည်။

ကျွန်တော် ပြောလိုက်သည့်စကားကြောင့် သူငယ်ချင်းတွေမှာ မယုံတဲ့ပုံစံဖြင့် ဟားတိုက်ကာနေကြသည်။

''စောဂဒူးရာ မင်းအတော်ရယ်စရာ ပြောတတ်တာပဲ။ စာရွှး၊ ပေရွှးလို့ မပြောရဘူး။ ဆေးကျောင်းသူကို သွားပြီး စိတ်ကူးယဉ်ရတယ်လို့ကွာ။ ဟုတ်တယ် ဂဒူးရာ၊ မင်း ကြိုက်တာက ကြိုက်ခွင့်ရှိတယ်။ သူက စကားပြန်ပြောတာ လက်ခံတယ်။ ဒါပေမဲ့ မင်းကို အဖြေပေးတာတော့ သိပ်မယုံချင်ဘူးကွာ''

''မင်းတို့က ငါ့ အတော် အထင်သေးတာပဲ။ မယုံလည်း မတတ်နိုင်ဘူးကွာ''

ကျွန်တော် ဘာမှဆက်မပြောတော့ဘဲ လက်ဖက်ရည်ဆိုင်ထဲတွင် ထိုင်ကာ သူမကို စောင့်ကာ နေလိုက်သည်။ သူငယ်ချင်းတွေ မယုံချင်လည်း မယုံချင်စရာပင်။ သူမလို ဆေးကျောင်းသူတစ်ယောက်ဆီက ကျွန်တော် ကြားချင်တဲ့ စကား ကြားရမယ်လို့ ထင်မထားခဲ့ပေ။ ဆယ်တန်းကျောင်းသားဘဝထဲက သူငယ်ချင်းဆိုတဲ့ စည်းကို ထိန်းလာခဲ့ရင်းက သူမ ဆေးကျောင်းဒုတိယနှစ်အရောက်မှာတော့ နှလုံးသားတို့ရဲ့ဆန္ဒကို ဦးနှောက်က မလွန်ဆန်နိုင်တာကြောင့် သူမကို ဖွင့်ပြောလိုက်မိသည်။ တစ်ယောက်နဲ့တစ်ယောက် အထူးပြောစရာ မလိုပေမဲ့ သူမက ကျွန်တော့်ကို ငြင်းပယ်လိုက်မလားလို့တောင် ထင်မိခဲ့သည်။ သို့ပေမဲ့ ကျွန်တော် ကြားချင်သည့်စကား သူမနောက်ဆုံးနှစ်အရောက်မှာတော့ ကြားခဲ့ရ၏။

ထိုနေ့က ကျွန်တော့်အတွက် အတိုင်း မသိပျော်ခဲ့မိသည်။ သူမကို ဘယ်လောက် ချစ်တယ်ဆိုတာ နှိုင်းပြို့ ခက်သလို သူငယ်ချင်းဆိုတဲ့ အတိုင်းအတာကြားက ဖြစ်လာတဲ့ သံယောဇဉ်ဖို့ တစ်နေ့ကျရင် သူမနဲ့အတူ ထာဝရလက်တွဲသွားမယ်လို့ ကတိတွေ ပေးရင်း စိတ်ကူးတွေတောင် ယဉ်ခဲ့သည်။

ကျုံးရေပြောင်ကို ငေးကြည့်ရင်းတစ်ယောက်နဲ့တစ်ယောက် ငြိမ်သက်နေရင်းက သူမကိုကြည့် ကာမေးလိုက်သည်။

''နွေး ပြောစရာရှိတယ်ဆို ပြောလေ''

''တခြားတော့ မဟုတ်ပါဘူး၊ အစ်ကို၊ နွေး အထက်ပိုင်းက မြို့တစ်မြို့ သွားရမယ် အစ်ကို။ နောက်ပြီး အဲဒီဆေးရုံမှာ တာဝန်ကျ တယ်''

''ဟုတ်လား . . ဒါဆို ကြာဦးမှာပေါ့''

''အင်း . . ကြာတော့ ကြာမှာပါ၊ နွေးက တော့ သုံးနှစ်လောက်နေပြီး ဒီကို ပြန်ပြောင်း လာမှာပါ''

သူမ နယ်ပြောင်းကာ ၀၇၀ထဲမှ ဆောင်ရမည်ဆိုတာကြောင့်ရင်ထဲမှာ တစ်မျိုးဖြစ်သွားသည်။ အစိုးရဝန်ထမ်းဆိုတော့လည်း ထားရာနေစေရာကို သွားရတဲ့ဘဝမို့ သူမကိုတားဆီးခွင့် မရှိချေ။ သို့အတွက်ကြောင့် သူမသဘောကျမယ့် စကားတွေကိုပြောရင်း နေပေးလိုက်သည်။

''အစ်ကို ပြောဦးမယ်''

''ပြောလေ နွေး''

''တခြားတော့ မဟုတ်ပါဘူး။ အစ်ကို့ စာမူပါတဲ့ မဂ္ဂဇင်းတွေဆိုရင် နွေးကို ပို့ပေးဦး နော်''

''စိတ်ချပါ နွေးရဲ့''

''ဒါနဲ့ အစ်ကိုက စာရေးရင် ဘယ်လို လိုင်းကို အားသန်လဲ''

''အစ်ကိုကတော့ ဘယ်လိုင်းရယ်လို့ မဟုတ်ပါဘူး။ တစ်လှည့်စီထားပြီး စိတ်ကူးရ ရင် ရသလို အစုံရေးတယ်။ ဘာလဲ၊ နွေးက အစ်ကို့စာတွေဖတ်ပြီး မကြိုက်လို့လား''

''မဟုတ်ပါဘူး၊ နွေးကသီးသန့်တစ်လိုင်းထဲကို ရေးရင် မကောင်းဘူးလားလို့ မေးချင်တာပါ။ အစ်ကို ဘာပဲရေးရေး နွေးကတော့ အားပေးမှာပဲ။ နွေးကို ပို့ပေးဖို့သာ မမေ့နဲ့''

သူမနဲ့ ကျွန်တော်သည် အရင်ကတည်း

''ဟုတ်တယ်လေ၊ ခု ပြောနေကြတဲ့ ပုံတွေ အဲဒီသဘော သက်ရောက်နေတယ်။ ကျွန်တော်တို့လာတာ လူအရောင်း အဝယ်လုပ်ဖို့လာတာ မဟုတ်ဘူးဗျ။ ဆရာ သိန်း ၅၀ တင်တောင်းမှ မိန်းမရမယ်ဆိုရင် မရချင်နေပါစေတော့ဗျာ''

www.burmeseclassic.com

www.burmeseclassic.com

က စာပေဝါသနာအိုးတွေမို့ စာအကြောင်း၊ ပေအကြောင်းတွေ မကြာခဏ ဆိုသလို ပြောဖြစ်ကြပြီး ကျွန်တော် ရေးသမျှတွေကိုလည်း သူမက ဝေဖန်ကာ အကြံပြုပေးတာကြောင့် ပြုပြင်စရာလေးတွေ ပြုပြင်နိုင်ခဲ့သည်။

သူမနဲ့ အရင်ကလို မတွေ့ဖြစ်ကြပေမဲ့ မကြာခဏ ဖုန်းပြောလိုက်နှင့်အတူ အဆက်အနွယ်တော့ မပြတ်ခဲ့ပေ။

''မောင်ဂဒူး၊ ငိုင်လှချည်လား၊ ဘာလဲ ဆရာဝန်မလေး နယ်ပြောင်းသွားလို့ လွမ်းနာကျနေတာလား''

ကျွန်တော် ဟိုတွေးဒီတွေးနှင့် ငေးငိုင်ကာ နေရင်း ကြားလိုက်ရသည့် အသံကြောင့် အတွေးပျက်သွား၏။

''ဆရာ ဒီအကြောင်းတွေ သိတယ် လား''

''သိတာပေါ့ကွ၊ ဆရာ့ကို ပြောတဲ့သူ ရှိတယ်လေ''

''ဟုတ်လား၊ ဘယ်သူလဲ''

''ဘယ်သူရှိရမှာလဲ ညီမလေးပေါ့''

ကူးကူးမှာ ကျွန်တော့်ကို ကြည့်ကာ ရယ်နေတော့သည်။ ကျွန်တော့်မှာလည်း ရှက်သလို ဖြစ်သွားပြီး ဆရာ့တို့သားအဖနှစ်ယောက်နဲ့အတူ ရယ်လိုက်၏။

''ဒါနဲ့ မင်းတို့က ဘယ်တော့ လက်ထပ်ကြမှာလဲ''

''အတိအကျတော့ မပြောတတ်သေးဘူး ဆရာ။ နောက်သုံးနှစ်လောက်နေရင်တော့ လက်ထပ်ကြဖို့ ပြောထားတာပဲ''

''အဲဒါလည်း ကောင်းပါတယ်။ မင်းအတွက် ဆရာအားလုံး တာဝန်ယူပေးမယ် ဟုတ်လား''

''တကယ်ပြောတာလား ဆရာ''

''တကယ်ပေါ့ကွာ''

ကျွန်တော် ဘာမှတောင် အကူအညီ မတောင်းရသေးပါ။ ဆရာကူညီပေးမယ်ဆိုတာကြောင့် အတိုင်းမသိ ပျော်မိသည်။ ဆရာတို့ မိသားစုနှင့် ကျွန်တော်သည် ဘယ်ဘဝရေစက်ကြောင့်လည်းဆိုတာ မပြောတတ်ပေမယ့် ကျွန်တော့်အပေါ်တော့ မိသားစုလို ကောင်းရှာပြီး ကျွန်တော့်အတွက် စီမံကိန်းတွေ ရေးဆွဲထားမှုကတော့ မိဘအရင်းတွေလားလို့တောင် သူငယ်ချင်းတွေက မေးကြသည်။ ထို့အတွက် ဆရာသည် ကျွန်တော့်အတွက် ကျေးဇူးကြီးမားလှသလို မိဘတွေနဲ့ မခြားတော့ပေ။

''စောဂဒူး၊ မင်း အတော်ကံကောင်းတဲ့ကောင်ပဲ။ ဒီလိုဆရာမျိုးက ရွှေထက် ရှားတယ်ကွ။ ဒါဆို မင်းမိန်းမယူတာနဲ့စီးပွားရေးလုပ်ဖို့ အစပျိုးပေးမယ့် သဘောမျိုးပေါ့''

''ဟုတ်တယ်''

သူငယ်ချင်းတွေမှာ အံ့သြပြီးရင်း အံ့သြနေကြသည်။ ကျွန်တော့်မှာလည်း ထို့နည်းတူစွာပင် ဖြစ်နေသည်။ ထိုသို့ ဆရာက ပြောထားမှုကို ဆရာ့အမျိုးတွေကတော့ ကျွန်တော့်ကို မကြည့်ကြပါ။ ဆရာ့မိသားစုကတော့ ဆရာပြီးရင် ပြီးတာမို့ ပြောစရာ မလိုပေ။ သူမနဲ့ အနေဝေးလို့ တစ်ပတ်တစ်ခါဆိုသလို ဖုန်းပြောဖြစ်ကြပေမဲ့ ထိုအကြောင်းတွေ မပြောပြဖြစ်တာထက် သူမနဲ့ လက်ထပ်မယ့်နေကျမှ ဖွင့်ပြောဖို့ ဆုံးဖြတ်ထားခဲ့သည်။ သူမပြောင်းသွားတာ ဘာမှမကြာလိုက်သလို ထင်ရပေမယ့် (၂)နှစ်ပင် ကျော်လာခဲ့၏။

ကျွန်တော်ကတော့ ဆရာနှင့် တိုင်ပင် ကာ စီမံကိန်းတွေ ကြိုတင်ကာ ဆွဲထားလိုက် သည်။ ဆရာကတော်ကလည်း ကျွန်တော့်ကို ကြည့်ကာ ပြုံးစိစိနှင့် . . . ။

''အဲဒါသာကြည့်တော့ မောင်ဂဒူးရေ မင်းဆရာကတော့ မင်းမိန်းမယူမှာကို တက်ကြွနေလိုက်တာ။ သူ့ဆရာဝန်ဘွဲ့တောင် မင်းကို ပေးရရင် ပေးဦးမလား မသိဘူး''

ထိုသို့ လုပ်ဆောင်မှုတွေကြောင့် ကျွန်တော် ဆရာတို့မိသားစုကို ဘယ်လိုကျေးဇူးတင်ရမှန်း မသိတော့ပါ။ ၎င်းအပြင် သူမ ပြန်လာမယ့်နေ့ကို ရေတွက်ရင်း စိတ်တွေပါ လှုပ်ရှားနေတော့သည်။ သူမဘက်ကလည်း သူမမိဘတွေကို ကြိုတင်ပြောထားသည်မို့ သူမရောက်လာတာနဲ့ သူမနှင့် တိုင်ပင်ကာ မင်္ဂလာစကား ပြောတောင်းရမ်းဖို့ကိစ္စပါ စဉ်းစားထားလိုက်၏။

ဆရာနဲ့အတူ ရပ်ကွက်ထဲက လူကြီးတွေခေါ်ကာ မိန်းမတောင်းရမ်းဖို့ကိစ္စအတွက် သူမတို့ အိမ်သို့ သွားလိုက်သည်။ ကျွန်တော့်မှာလည်း စိတ်တွေ လှုပ်ရှားကာနေပြီး သဘောတူပါ့မလားဆိုတာလည်း စိုးရိမ်ကာ နေမိ၏။ လူကြီးတွေ ပြောတာကို သူမနဲ့အတူ နားထောင်ရင်း . . .

''ပြောရမှာတော့ အားနာပါတယ်ဆရာ၊ ကျွန်တော့်သမီးကို သိန်း ၅၀ တင်တောင်းနိုင်မှ သဘောတူမယ်''

''ဟုတ်တယ်၊ ကျွန်မသမီးကို +++ ကုမ္ပဏီပိုင်ရှင်ရဲ့သားကဆိုရင် တိုက်တစ်လုံး၊ ကားတစ်စီးနဲ့တောင် တင်တောင်းဖို့ ကမ်းလှမ်းထားတာ''

''ဟုတ်ပါ့၊ နောက်ပြီး +++၌ဒုနက လူကြီးရဲ့သားက စိန်တစ်ဆင်စာနဲ့ ကားတစ်စီး တောင် ပြောထားသေးတာ။ ဒီမှာ စကားကျဲထားလို့သာ''

ဆရာကတော့ ကျွန်တော့်အတွက် သူမ မိဘတွေကို နားဝင်အောင် အကျိုးသင့်၊ အကြောင်းသင့် ပညာတတ်ပီပီ ဖြစ်သင့်ဖြစ်ထိုက်တာကိုပါ ရှင်းပြနေတော့သည်။ သူမမှာလည်း မိဘတွေ ပြောစကားကြောင့် မျက်နှာပျက်နေ၏။ ထိုစကားတွေ ကြားရတော့ ကျွန်တော့်မှာလည်း အောင့်သက်သက်နှင့်

www.burmeseclassic.com

www.burmeseclassic.com

ဆရာကတော့ ငွေတင်တောင်းခိုင်းတဲ့ကိစ္စက လွဲ၍ တခြားသော ကိစ္စအဝဝကို တာဝန်ယူဖို့ ပြောပေမယ့် မရပါ။ သူမမိဘတွေနဲ့ အသိုင်းအဝိုင်းတွေကတော့ သူမရဲ့ ဆရာဝန်ဆိုတဲ့ ဂုဏ်နဲ့အတူပဲ ငွေကြေးကိုသာ အဓိကထား ပြောနေမှုတွေက လူအရောင်းအဝယ် လုပ်တဲ့သဘောနဲ့ တူနေတာကြောင့် . . .

''ဦးလေးတို့က သမီးကို ရောင်းစားနေကြတာလား''

''မင်း ဘာစကားပြောတာလဲ''

''ဟုတ်တယ်လေ၊ ခု ပြောနေကြတဲ့ ပုံတွေ အဲဒီသဘော သက်ရောက်နေတယ်။ ကျွန်တော်တို့လာတာ လူအရောင်းအဝယ်လုပ်ဖို့ လာတာ မဟုတ်ဘူးဗျ။ ဆရာ သိန်း ၅၀ တင်တောင်းမှ မိန်းမရမယ်ဆိုရင် မရချင်နေပါစေတော့ဗျာ''

ကျွန်တော် ခံပြင်းမှုတွေနဲ့အတူ ပြောလိုက်သည့်စကားကြောင့် သူမမိဘတွေမှာ အထိမခံတဲ့ ရွေပန်းကန်လိုဖြစ်ကာ ကျွန်တော့်ကို မောင်းထုတ်နေတော့သည်။ သူမမှာ မိဘကို ထိတော့ နာရင်းနဲ့အတူ . . . ။

ဆရာကတော့ ကျွန်တော့်အတွက် စိတ်မကောင်း ဖြစ်သွားပြီး နှစ်သိမ့်ပေးခဲ့သည်။ သူမကတော့ ကျွန်တော့်ကို အပြောအဆို ရိုင်းသလို ပြစ်သွားခြင်းနဲ့အတူ အတွေ့ပင် မခံတော့ပေ။ ငွေကို ဘုရားလို ကိုးကွယ်တဲ့ မိဘတွေရဲ့ဆန္ဒကို မလွန်ဆန်ရဲသလို ကျွန်တော်ပြောလိုက်သည့် စကားတွေက သူမအပေါ် အလေးအနက် မထားသလို ဖြစ်သွားမှုကို နာကြည်းကာ သွားခဲ့သည်။ ကျွန်တော်ကတော့ သူမကို မမုန်းပါ။ ပြောဆိုခဲ့တဲ့ အမှားအတွက် တောင်းပန်ချင်ပေမဲ့ လည်း . . . .

အတိတ်ကအကြောင်းတွေကို မြတ်တိုး ကို ရင်ဖွင့်ပြလိုက်တော့ ရင်ထဲမှာ ပေါ့ပါးကာ သွားတော့သည်။

''မင်းပြောခဲ့တဲ့စကားက အတော်ထိတယ်ကွာ။ နောက်ပြီးတော့ နွေးနွေးအပေါ် အလေးအနက် မထားသလိုလည်း ဖြစ်သွားတယ်ကွ။ ဒါနဲ့ မင်း နွေးနွေးနဲ့ နောက်ထပ်တွေ့ဖြစ်သေးလား၊''

''မတွေ့ဖြစ်ကြတာ ဒီနေ့ထိပဲ''

အချိန်တွေကသာ တရွေ့ရွေ့ ကုန်ဆုံးလာခဲ့ပေမယ့် ကျွန်တော် သူမကို အချစ်ဦးမို့ အရူးအမူးဖြစ်နေဆဲပင်။ အမှားမှန်း မသိတဲ့ အမှားအတွက်လည်း တောင်းပန်ချင်သည်။ တစ်နေ့ သူမတစ်ယောက် နားလည်လာမှာပဲလို့ စောင့်စားရင်းနဲ့သာ မျှော်နေမိပေမယ့် သူမနဲ့ ပတ်သက်တဲ့ သတင်းကတော့ မရခဲ့ပေ။ ကျွန်တော် မြတ်တိုးနဲ့အတူ လက်ဖက်ရည်ဆိုင်က ထွက်လာလိုက်ပြီး သူတို့အိမ်သို့ ပြန်လာခဲ့သည်။ နှစ်ယောက်သား စကားတပြောပြောနဲ့ ဟိုးဝေးဒီဝေးရင်းက မထင်မှတ်ဘဲ တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် ကျွန်တော် အံ့သြကာ သွားတော့သည်။ ကျွန်တော် ရှာဖွေကာ တွေ့ချင်နေတဲ့ နွေးနွေးဖြစ်နေတာကြောင့်ပင်။ သူမကို ဝမ်းသာအားရနှင့် လှမ်းကာ ခေါ်လိုက်မိသည်။ သူမမှာလည်း အံ့သြတဲ့ အမူအရာတွေနဲ့အတူ ပြုံးပြကာ သူမ ပြောလိုက်သည့်စကားကရင် ဘတ်ကို တက်နင်းခံရသည့်ပမာ။

သူမရဲ့ အပြုံးက ဖော်ရွေတဲ့အပြုံးမဟုတ်ပါ။ မဲ့ပြုံးမို့ သူမနှင့်အတူ ပါလာတဲ့လူတစ်ယောက်ကို လက်ဆွဲကာ . . .

''ကိုစောဂဒူး ဒါ နွေးနဲ့မကြာခင် လက်ထပ်ကြမယ့် သတို့သားလေ။ နာမည်က ကိုလင်းထက်တဲ့။ ခု နာမည်ကြီးနေတဲ့ +++ ကုမ္ပဏီပိုင်ရှင်ပေါ့။ နွေးတို့မင်္ဂလာဆောင်ကြရင် လာခဲ့ဦးနော်''

ကျွန်တော် ဟန်ဆောင်အပြုံးနဲ့သာ ပြုံးပြလိုက်ရပေမယ့် ရင်ထဲမှာတော့ ခံရခက်တဲ့ ဝေဒနာတစ်ခုနဲ့အတူ သူမပြောလိုက်သည့် စကားလုံးတွေရဲ့ အဓိပ္ပာယ် သက်ရောက်မှုက နာကြည်း မုန်းတီးနေဆဲဆိုတာ အဖြေက ထွက်နေခဲ့သည်။ ထို့အတွက် ဘာမှမပြောလိုတော့ပေ။ ဖူးစာမပါလို့ပဲလို့ မှတ်ယူရင်း . . အမှားမှန်းမသိတဲ့ ကိုယ့်ရဲ့အမှားကြောင့်လို့သာ။

စောအိထားနှင်း (ရွှေဘို)

www.burmeseclassic.com

www.burmeseclassic.com

သမင်လည်ပြန်ခရီးအစ

မောင်ခင်မင်(ဓနုဖြူ)

ပြန်စဉ်းစားကြည့်သောအခါ . . .

လွန်ခဲ့သော နှစ် ၅၀ က ကျွန်တော့်ကို မြန်မာစာနည်းပြခန့်ပြီး ပုသိမ်ကောလိပ်သို့ ပို့လိုက်သောအခါ၊ အဓိကပုဂ္ဂိုလ်မှာ ကျွန်တော်တို့ ဆရာမြန်မာစာပါမောက္ခ ဆရာဦးမောင်မောင်ကြီးလား။ ကျွန်တော်နှင့် ကျွန်တော့်ဖနီးတို့၏ ဖူးစာရေးနတ်လားဆိုသည်ကို တွေးစရာဖြစ်ရပါသည်။

ကျွန်တော်တို့၏ ပတ္တမြားရတု သမင်လည်ပြန်ခရီးအစကို ပြန်စဉ်းစားရင်း ဤအတွေးပေါ်လာခြင်းဖြစ်သည်။

၁၉၆၃ ခုနှစ်မှာ ကျွန်တော် မြန်မာစာ ဂုဏ်ထူးတန်း အောင်သည်။ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာ(အထွေထွေဂုဏ်ထူး) ဘွဲ့ရသည်။ အောင်စာရင်းထွက်ပြီး ၂လခန့်အကြာ ဂူလိုင်လတွင် ဆရာပါမောက္ခက ကျွန်တော့်ကို ''မင်းက ပုသိမ်ကောလိပ်သွားပေတော့'' ဟူသောစကားဖြင့် နည်းပြဆရာခန့်လိုက်ခြင်းဖြစ်သည်။ ထို့အချိန်က ရန်ကုန်တက္ကသိုလ်မှာ အစိုးရလက်အောက် မရောက်သေးပါ။ ပါမောက္ခက နည်းပြဆရာခန့်ထားနိုင်သော အခွင့်အာဏာရှိပါသည်။

ဂုဏ်ထူးတန်း အတူတူတက်သော ကျွန်တော်တို့ သူငယ်ချင်း ၄ ယောက်မှာ ''တို့တွေ တက္ကသိုလ်ဆရာဖြစ်ပြီကွ'' ဟု ဝမ်းသာအားရကြွေးကြော်ပြီး တာဝန်ကျသည့် ကောလိပ်သို့ ဝမ်းသာအားရသွားကြပါသည်။ သူငယ်ချင်းတစ်ယောက်က မော်လမြိုင်ကောလိပ်သို့၊ ကျွန်တော်နှင့် သူငယ်ချင်း နှစ်ယောက်က ပုသိမ်ကောလိပ်သို့။

> ပညာသင် နှစ်ကုန်၍ သူတို့စာမေးပွဲဖြေပြီး ကျောင်းရက်ရှည် **ပိတ်ချိန်မှာ ကျွန်တော်တို့** ရန်ကုန်ပြန်ဖို့ ပြင်ဆင်နေကြသည်။ ထိုစဉ် ထိုမိန်းကလေး ၂ ယောက်ထဲမှ **တစ်ယောက်က စာတိုက်မှ** စာတစ်စောင် ပို့လိုက်သည်။

ပုသိမ်မှာ ဖူးစာရှင်တွေ့မည်ဟု လုံးဝမစဉ်းစားမိခဲ့ပါ။ ဤနေရာတွင် ကျွန်တော်၏ ကိုယ်ရေးကိုယ်တာ အခြေအနေတစ်ခုကို ဖော်ပြပါရစေ။

ကျွန်တော် ဆယ်ကျော်သက်အရွယ်မှာ မိဘနှစ်ပါးစလုံးကွယ်လွန်သည်။ မိဘမဲ့ဖြစ်သော ကျွန်တော့်ကို အမေ၏ အစ်မတစ်ဝမ်းကွဲ၊ ကြီးတော်ကြီးနှင့် သူသမီး အပျိုကြီး ၂ ယောက်က သားရင်း။ မောင်ရင်းသဖွယ် ပြုစုစောင့်ရှောက်ခဲ့သည်။ သူတို့ခမျာ ချမ်းချမ်းသာသာ မဟုတ်ကြ။ စက်ချုပ်သူချုပ်၊ ဈေးရောင်းသူ ရောင်းဖြင့် အသက်မွေးရသည်။ သို့သော် ကျွန်တော့်ကို နွေးထွေးကြင်နာစွာ စောင့်ရှောက်လာကြသည်။ ကြီးတော်ကြီးနှင့် အစ်မကြီးများ၏ မေတ္တာရိပ်တွင် လူမချမ်းသာသော်လည်း စိတ်ချမ်းသာစွာ ကျွန်တော်လူလားမြောက်ခဲ့ရသည်။ ငယ်စဉ်ကပင် စာဖတ်ဝါသနာပါသည့်အတွက် စာအမျိုးမျိုးဖတ်ရင်း ကျောင်းစာပါတော်သော ကျောင်းသားဖြစ်ခဲ့ရသည်။ ဆဋ္ဌမတန်းကစ၍ ထောက်ပံ့ကြေး (စတိုင်ပင်)နှင့် စကောလားရှစ်(ပညာသင်ဆု) တစ်ခုမဟုတ်တစ်ခုရပြီး ပညာရေးခရီးကို ဘွဲ့ရသည်အထိဆက်နိုင်ခဲ့သည်။

ကျွန်တော့်ဘဝတွင် ပညာမှတစ်ပါး အားကိုးရာမရှိဟု သိမြင်သဘော ပေါက်သည့်အတွက် ကျောင်းသားဘဝတစ်လျှောက်လုံး ပညာကိစ္စကို သာအလေးထားခဲ့သည်။ နှလုံးသားအရေးကို စဉ်းစားဖို့အင်အားလည်းမရှိ။ သတ္တိလည်း မရှိပါ။ ကျောထောက်နောက်ခံလည်း မရှိ၊ ပစ္စည်း ဥစ္စာလည်း မရှိ၊ ချုပ်ရည်လည်း မရှိသော ဘဝပေးအခြေအနေတွင် ရင်ခုန်မှုများကို ဖြေဖျောက်ရသည်ပင် ဖြစ်ပါသည်။ အားငယ်စရာ ဘဝအခြေအနေ ဖြစ်သော်လည်း ပညာက ကျွန်တော့်ဘဝကို အားဖြည့်ပေးသည်။ ပညာကြိုးစားသော ကျောင်းသားအဖြစ် ဆရာ၊ ဆရာမများက ချစ်ခင်သည်။ မိတ်ဆွေသူငယ်ချင်းများက လေးစားသည်။ ကျွန်တော်ဘွဲ့ရပြီး တက္ကသိုလ်ဆရာဖြစ်တော့ အသက် ၂၃ နှစ် ရှိပါပြီး။

ရေလမ်းခရီးကို အသုံးများသော ထိုကာလမှာ 'ဗန္ဓုလ'သဘော်ကြီး စီးပြီး ပုသိမ်သို့သွားခဲ့သည်။ ပုသိမ်ကောလိပ်ကျောင်းအုပ်ကြီး ဦးလှရွှေက ကျွန်တော်တို့ကို မြန်မာစာပို့ချပေးခဲ့သော ဆရာရင်းဖြစ်သည်။ ဆရာကမြန်မာစာဌာနမှူး၊ တာဝန်ကိုလည်း တွဲဖက်ယူထားပြီး ကျွန်တော်တို့ကို ကြီးကြပ်လမ်းညွှန်သည်။ ဖခင်တစ်ယောက်လို ဆုံးမသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် နာမည်ရှေ့မှာ 'ဦး' တပ်အခေါ်ခံရသော ကျွန်တော်တို့ တက္ကသိုလ်နည်းပြဆရာကလေးများ မျက်နှာပွင့်ကြပါသည်။ တပည့်တွေက ရောတပည့်တွေ၏ မိဘတွေကရော 'ဆရာ'ဟူ၍ လေးလေးစားစား နေရာပေးကြပါသည်။ ကျွန်တော်တို့ကလည်း တက္ကသိုလ်ဆရာဟူသော သိက္ခာဖြင့် နေထိုင်ပြုမူဆက်ဆံသည်။ ကျောင်းသားကျောင်းသူများနှင့် ရင်းရင်းနှီးနှီး၊ ခင်ခင်မင်မင်ဆက်ဆံသည်။ နည်းပြတန်းများတွင် အားကြိုးမာန်တက် သင်ကြားပြသပေးသည်။ စာပေနှင့်ပတ်သက်၍ သူတို့လိုအပ်ချက်များကို အကူအညီပေးသည်။ စကားရည်လုပွဲတွေ ပြောကြ၊

www.burmeseclassic.com

www.burmeseclassic.com

နံရံကပ်စာစောင်တွေထုတ်ကြ၊ အားကစားပွဲတွေ ပါဝင်ဆင်နွှဲကြဖြင့်ပျော်ပျော်ရွှင်ရွှင် နေထိုင်ခဲ့ကြသည်။

၁၉၆၄ ခုနှစ်မှာ ပုသိမ်ကောလိပ်ကို မြို့ထဲရှိ ရုံးပေါင်းစုံ အဆောက်အအုံမှ ယခုပုသိမ်တက္ကသိုလ်တည်ရှိရာ ကန်သုံးဆင့်သို့ပြောင်းခဲ့သည်။ ကျွန်တော်တို့ လူငယ်ဆရာများက ကျောင်းသားဆောင်မှာ သူတို့နှင့် အတူနေကြသည်။ ကျောင်းသားတွေထက်တော့ အဆောင်ခပိုပေးရသည်။ စားတော့ အတူတူစားရသည်။ နေရင်းစားရင်းသွားလာရင်းဖြင့် ညီအစ်ကိုတွေလိုခင်မင်လာကြသည်။

ထိုနှစ်တွင် စနစ်သစ်ပညာရေးနှင့်အတူ အဓိကဘာသာ စနစ်ပေါ်လာသည်။ အဓိကဘာသာစနစ်ဆိုတော့ ကိုယ့်ဆရာနှင့်ကိုယ့်ကျောင်းသား ပိုင်ပိုင်နိုင်နိုင် ရှိသည်။ ကျွန်တော်နှင့် သူငယ်ချင်း ၂ ယောက်က နည်းပြဆရာ ပေါက်စတွေဆိုတော့ ပထမနှစ် မြန်မာစာအဓိကတန်း တွင် နည်းပြတန်း ကိုင်ရသည်။ ကျောင်းသူကျောင်းသား ၂၀ လောက် ရှိသည်။ ပင်ရင်းမြန်မာစာတန်းမှာတော့ အဓိက ဘာသာအမျိုးမျိုးပါ သည်။ ခန်းမကြီးထဲမှာ သူတို့၏ မြန်မာစာနည်းပြတန်း အဖြေလွှာများ ကို ဆရာ ၂ ယောက်၊ ၃ ယောက် တွဲပြီး ဝေငှရှင်းပြရသည်။

ထိုစဉ်က ကျွန်တော်တို့ မြန်မာစာဆရာများ အတန်းဝင်လျှင် ခေါင်းပေါင်း ပေါင်းရသည်။ ဗိုလ်ချုပ်စွေးမှာ 'အောင်လံတော်' တို့၊ 'မောင့်ကျက်သရေ'တို့ ခေါင်းပေါင်းတွေ အသင့်ရှိသည်။ ဝယ်ပြီး ခေါင်းမှာ စွပ်လိုက်ရုံသာ ဖြစ်သည်။ အမျိုးသားဆရာဆိုလျှင် လည်ကတုံး၊ ရှပ်အင်္ကျီ၊ တိုက်ပုံအင်္ကျီ၊ အင်းလေးပုဆိုးတို့ကို ဆင်မြန်းပြီး ခေါင်းပေါင်းစတလူလူနှင့် အတန်းဝင်ရသည်။ ဆရာမများကတော့ 'ပဝါနှစ်စ အသာခွဲ'ပြီး ဝင်ရသည်။

ပထမနှစ် မြန်မာစာအဓိကအတန်း စဝင်သောနေ့ကို သတိရနေပါသည်။ ဖော်ပြခဲ့သော ဝတ်စားဆင်ယင်ပုံဖြင့် စတိုင်ကျကျ အတန်းဝင်လာသော ကျွန်တော့်ကို ပထမနှစ် မြန်မာစာကျောင်းသားအသစ် စက်စက်များက မတ်တတ်ရပ်ပြီး ''မင်္ဂလာပါ ဆရာ'' ဟု ကြိုဆိုနှုတ်ဆက်ကြသည်။ ကျောင်းသူကျောင်းသား ၂၀ လောက်၏ မျက်လုံးအစုံက ကျွန်တော့်ကို အကဲခတ်ကြည့်နေကြသည်။ မိန်းကလေး ၁၅ ယောက်က ရှေ့ခုံတန်းတွေမှာ ထိုင်ပြီး ယောကျ်ားကလေး ၅ ယောက်လောက်က နောက်ခုံတန်းတွေမှာ ထိုင်သည်။ ကျွန်တော် စကား နည်းနည်းစပြောတော့ မိန်းကလေးတွေက ခေါင်းငုံ့ပြီး ပြုံးစိစိ လုပ်နေ ကြသည်။ ခေါင်းပေါင်းစ တလူလူနှင့် တစ်မူထူးနေသော သူတို့ဆရာကို ကြည့်ပြီး ပြုံးကြခြင်း ဖြစ်မည်ဟု တွေးလိုက်မိပါသည်။ သူတို့ရေးဖို့ စာစီစာကုံး ခေါင်းစဉ်မပေးမီ သိကောင်းစရာများကို စာသင်ချိန် တစ်ချိန် ပြောရသည်။ တစ်ချိန်ပြီးမှရေးဖို့ ခေါင်းစဉ်ပေးရသည့် ထုံးစံရှိသည်။ ထိုနေ့က ဘာအကြောင်းတွေ ပြောသည်ကိုမမှတ်မိတော့ပါ။ မြန်မာစာအရေးအသားအကြောင်း၊ မြန်မာကဗျာအကြောင်း၊ မြန်မာစကားပြေအကြောင်းတို့ထဲက ဖြစ်ပါလိမ့်မည်။ ပြောသမျှကို သူတို့က လေးလေးစားစား လိုက်မှတ်ကြသည်။ တစ်ချိန်ကုန်တော့ သူတို့ရေးဖို့ စာစီစာကုံး ခေါင်းစဉ်ကိုသင်ပုန်းမှာရေးပေးလိုက်သည်။ သူတို့စိတ်ဝင်တစား ရေးကြပါသည်။

သူတို့၏ အဖြေလွှာများကို အခန်းမှာ အေးအေးဆေးဆေး စစ်ဆေးသည်။ မှတ်ချက်ရေးသည်။ ပြီးတော့ စနစ်သစ်ပညာရေးအဆင့် မှတ်မှုအရအမှတ်ပေးသည်။ စဆိုလျှင် ၁ ဆိုလျှင် 'ညံ့'၊ ၂ က 'လို'၊ ၃ က 'သင့်'၊ ၄ က 'တော်'၊ ၅ က 'ထူး'ဟူ၍ဖြစ်သည်။

နောက်တစ်ပတ်ကျတော့ သူတို့စာရွက်တွေ ပထမအချိန်မှာ ပြန်ပေးပြီး အားလုံးခြုံ၍လည်း သုံးသပ်ပြရသည်။ တစ်ဦးချင်းလည်း လိုအပ်လျှင် ဆွေးနွေးသုံးသပ်ပေးရသည်။ မှားတတ်သော အသုံးများ၊ ဆောင်စရာ ရှောင်စရာများ စသည်ဖြင့် ညွှန်ပြရသည်။ နောက်တစ်ချိန်ရောက်တော့ ရေးဖို့ ခေါင်းစဉ်ရေးပေးသည်။ သူတို့ မသင်ရသော ကဗျာတစ်ပုဒ် ပေးထားပြီး စကားပြေပြန်ခိုင်းသည့် မေးခွန်းများ၊ အင်္ဂလိပ်စာပိုဒ် ပေးထားပြီး မြန်မာဘာသာပြန်ခိုင်းသည့် မေးခွန်းမျိုး စသည်ဖြင့် အလှည့်ကျမေးရသည်။ ၂ ပတ်၊ ၃ ပတ်ကြာတော့ ကျောင်းသူကျောင်းသားများနှင့် ရင်းနှီးသွားသည်။ နာမည်တွေ အကုန်သိသွားသည်။ ပုသိမ်မြို့ထဲက ကျောင်းလာတက်သူ၊ မအုပင်၊ ဝါးခယ်မ၊ မြောင်းမြ၊ ဟသ်တ၊ ရေကြည်၊ အသုတ်၊ သေပင်ချောင်း သည်ဖြင့် မြို့အသီးသီးမှ လာတက်သူများကို နေရပ်ပါတွဲပြီး သိသွားသည်။ စာမေးစရာရှိလျှင် သူတို့က ဌာနမှာ လာမေးကြသည်။ နံရံကပ်စာစောင်တို့၊ လက်ကမ်းစာစောင်တို့ ထုတ်တော့ ပါဝင်ရေးသားကြသည်။ စာအကြောင်း၊ ပေအကြောင်း ဝိုင်းဖွဲ့ဆွေးနွေးကြသည်။

'ကံ့ကော်မြိုင်စာတန်း'ပေါ်ထွက်ပြီး စာတန်း (ရသစာတမ်း) အရေးအဖွဲ့များ ခေတ်စားလာသည်နှင့်အညီ သူတို့ကို စာစီစာကုံး ခေါင်းစဉ်ပေးရာတွင် အတွေးအမြင်ကို အားပြုသော ရသစာတမ်းဆန်သော ခေါင်းစဉ်များ ပေးသောအခါ သူတို့ စိတ်ဝင်တစား ရေးကြသည်။ 'ဆေးရုံသို့တစ်ခေါက်'၊ 'စွေး'၊ 'မျက်ရည်'၊ 'ည'၊ 'ဘူတာရုံ'၊ 'သင်္ဘောဆိပ်' စသည့် ခေါင်းစဉ်များ ပါဝင်သည်။ 'တော်၊ ထူး' အဆင့်ရသူများမှာ စာရေးကောင်းသူများဖြစ်သည်။

ရှေ့ဆုံးခုံတန်းအလယ်မှာ အမြဲထိုင်သော မိန်းကလေး ၂ ယောက် ရှိသည်။ တစ်ယောက်က အသားညိုညို၊ တစ်ယောက်က မေးရိုးနှည်းနည်းကားသည်။ ခုံနံပါတ်က ၁ နှင့် ၂ ဖြစ်သည်။ ဆယ်တန်းအမှတ်အမှားအနည်းအလိုက် ခုံနံပါတ်ပေးသောစနစ်မို့ သူတို့ ၂ ယောက်ကို စာတော်သူများအဖြစ် သတိပြုမိပါသည်။ ဆရာ၊ ဆရာမများ သင်ကြားလျှင် စိတ်ဝင်တစား နားထောင်သည်။ စာမေးစရာရှိလျှင် ဌာနသို့လာပြီး ဆရာ၊ ဆရာမများကို မေးလေ့ရှိသည်။ နည်းပြတန်းမှာ ရေးသော သူတို့ အဖြေများမှာ 'တော်' နှင့် 'ထူး' တစ်ခုခု အမြဲရသည်။

ကဗျာကို စကားပြေပြန်ရသည့် မေးခွန်းတစ်ခုတွင် 'ယမုန်နာသီတာသောင်ခြေဦးမှာ လလေး' အစချီ ပတ်ပျိုးကို စကားပြေပြန်ခိုင်းသည်။ သူတို့ ကြိုးကြိုးစားစား ဖြေကြသည်။ ကျွန်တော်လည်း အဖြေလွှာများ ပြန်ပေးချိန်မှာ တတ်စွမ်းသမျှ ရှင်းပြလိုက်သည်။ ပညာသင်နှစ်ကုန်၍ သူတို့ စာမေးပွဲဖြေပြီး ကျောင်းရက်ရှည် ပိတ်ချိန်မှာ ကျွန်တော်တို့ ရန်ကုန်ပြန်ဖို့ ပြင်ဆင်နေကြသည်။ ထိုစဉ် ထိုမိန်းကလေး ၂ ယောက်ထဲမှ တစ်ယောက်က စာတိုက်မှ စာတစ်စောင် ပို့လိုက်သည်။ စာအိတ်ဖွင့်ကြည့်တော့ သတင်းစာမှ ဖြတ်ထားသော 'ခေါင်ဒင်သံသာသာနှင့်' ခေါင်းစဉ်ပါသည့် ဆောင်းပါးတစ်ပုဒ် ထွက်လာသည်။ ယမုန်နာပတ်ပျိုးမှ စကားလုံးများကို ရှင်းပြထားသော ဆောင်းပါးဖြစ်သည်။ မိန်းကလေးက နည်းပြတန်းမှာ ထိုကဗျာကို စကားပြေပြန်စဉ်က မသဲကွဲသည့်အတွက် ကျွန်တော်ဝမ်းသာသွားသည်။ ကျေးဇူးတင်ကြောင်း စာပြန်လိုက်ပါသည်။ ကျွန်တော်တို့ ရန်ကုန်ပြန်သည့်နေ့တွင် သင်္ဘောဆိပ်သို့တပည့်များ လာနှုတ်ဆက်ကြသည်။ သူတို့ သူငယ်ချင်း ၂ ယောက်လည်း ကျွန်တော့်ကိုနှုတ်ဆက်ဖို့ ရောက်လာသည်။ ကျွန်တော်တို့က ပုသိမ် ကောလိပ်မှာ ၂ နှစ်အမှုထမ်းပြီးပြီဖြစ်၍ ရန်ကုန်ကို ပြန်ပြောင်းရဖို့ ရှိသည်။ သူတို့ကတော့ ထိုစဉ်ကစနစ်အရပုသိမ်ကောလိပ်မှာ ဒုတိယနှစ် တက်ပြီးမှ ရန်ကုန်တက္ကသိုလ်မှာ တတိယနှစ်တက်ရမည်ဖြစ်သည်။ သူတို့တတိယနှစ်မှာ ရန်ကုန်သို့ကျောင်းလာတက်လျှင် ပြန်ဆုံကြဦးမည်ဖြစ်ကြောင်း၊ လိုအပ်သည့်အကူအညီပေးမည်ဖြစ်ကြောင်း ထွေထွေရာရာပြောဆိုကြပြီး သူတို့နှုတ်ဆက်၍ပြန်သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

CARTOON

www.burmeseclassic.com

www.burmeseclassic.com

မြန်စာချစ်တို့၏ မြန်မာစာပေ စာအုပ်

အောင်မိုးဆောင်း

မြန်မာစာပ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ (အမျိုးသား ဇာတ်ရုံ၊ ရန်ကုန်)တွင် မြန်မာစာပေ အခြေအနေအထွေထွေ သုံးသပ်ချက် (ဖေမြင့်)၊ မြန်မာဘာသာစကားအပြောအဆို အရေးအသား တိမ်းချော်လာမှုများကို ပြန်လည်တည့်မတ်ထိန်းသိမ်းရေး(မောင်ခင်မင်-ဓနုဖြူ)၊ မြန်မာစာပေလုပ်ငန်း အခြေအနေသုံးသပ်ချက်နှင့် အကြံပြုတင်ပြချက် (ထွန်းဦးစာပေ၊ မန္တလေးမှထွန်းဦးနှင့် သင့်နော်ခေါ် သန်းဌေး)၊ မြန်မာနိုင်ငံတွင် ရသစာပေ အရည်အသွေး ကျဆင်းလာခြင်းနှင့် ပြန်လည်မြှင့်တင်ရန် နည်းလမ်းများ (ဂျွန်း)၊ စာပေအသိပညာ မြှင့်တင်ရေး အသင်းအဖွဲ့များ (မောင်ဖေယျာ)တို့၏ စာတမ်းငါးစောင်ကို အဓိကပြု၍ ၁၁-၅-၂၀၁၃ နံနက်မှ ညနေအထိ တစ်နေကုန်အလား စာပေစကားသံများ ဆူညံပြန့်ကားမှုသည် ပွင့်လင်းမြင်သာဒီမိုကရေစီသမ္မတကြီး ဦးသိန်းစိန် ကာလတွင် ပထမဦးဆုံး ကြားသိနှစ်ခြိုက် ကြုံခဲ့လိုက်သော မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးပွဲတော်ကြီးတစ်ခုပါကလား။

မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုတ်ယုတ်၊ တည်တံ့နေခဲ့ကြရသော အခြေအနေအကြောင်းရပ်များစွာနှင့်အပြိုင် လာမည့် ဒီမိုကရေစီစစ်စစ် ပြည်သူချစ် ပြည်သူ့အစိုးရများအတွက်လည်း နည်းလမ်းရ၊ အကြံယူ၊ တိထွင်နိုင်သူ စာပေသူရဲကောင်းများစွာ ပေါ်ထွက်လာနိုင်ရေးတွင် အထောက်အကူရစရာ ဆွေးနွေးပွဲကြီးပမာ အလားပါပဲ မဟုတ်လား။

အသင်းအဖွဲ့များ၊ ဖွဲ့စည်းခွင့်ပြုရေးနှင့် ကြီးကြပ်ရေးဗဟိုအဖွဲ့ (ပြည်ထဲရေးဝန်ကြီးဌာန)၏ တရားဝင်ခွင့်ပြုချက် မှတ်ပုံတင်မရရှိသေးသော်ငြားလည်း ပွင့်လင်းမြင်သာ သမ္မတကြီးဦးသိန်းစိန်အစိုးရလက်ထက်မှာပင် အသင်းအဖွဲ့သစ္စာ အချို့အချို့တို့သည် ယနေ့ထိတိုင်လှုပ်ရှားညှိနှိုင်းတတ်ကြပြီး ကောင်းကျိုးပြုစွမ်းရှိနေကြသည်ကို သတိမူမိပါသည်။ ထိုထိုသော အသင်းအဖွဲ့အစည်း သမဂ္ဂအအစည်းအရုံးများအနက် မြန်မာစာပေချစ်မြတ်နိုးသူများအသင်း (၁၉-၇-၂၀၁၂ တွင် ရန်ကုန်တွင် စတင် ဖွဲ့စည်းခဲ့ခြင်း)သည် တစ်ခုအပါအဝင်ဖြစ်သည်။

မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းတွင် ပျက်စီး ပျောက်ကွယ်ခဲ့ပါသော မြန်မာနိုင်ငံ သုတေသနအသင်း၊ မြန်မာပြည်ပညာ ပြန့်ပွားရေးအသင်း၊ မြန်စာပြန့်ခေါ် မြန်မာနိုင်ငံစာပေ ပြန့်ပွားရေးအသင်းမှသည် အထက်ဗမာ (မြန်မာ) နိုင်ငံစာရေးဆရာအသင်း/ သတင်းဆရာအသင်း စသည်ဖြင့် ရှိခဲ့ဖူးပါ၏။ (အစိုးရမဟုတ်သော အရပ်ဘက် အဖွဲ့အစည်းများ (၁၈၈၆-၁၉၆၂) ရေးသူ တင်နိုင်တိုး၊ သင်းစာပေထုတ်၊ ၂၀၁၂ စာအုပ်ထဲတွင် အသင်းအဖွဲ့ပေါင်း ၂၀၀တိတိ ပါရှိထားသည်။) မည်သို့ဖြစ်စေ ကျွန်တော်တို့မြန်မာစာပေချစ်သူများအတွက် မြန်မာစာပေချစ်မြတ်နိုးသူများအသင်း၏ မြန်မာချစ်စာစဉ်-၁ အဖြစ် ပုံနှိပ်ထုတ်ဝေတရားဝင် ဖြန့်ချိဖြစ်ခဲ့ပါသော စာအုပ်တစ်အုပ်အကြောင်းကို ဆောင်း ပါးရေးချလေ့လာသုံးသပ် တင်ပြပါရစေ။

မြန်မာစာပေစာတမ်းများ (စာစဉ်-၁) အမည်ဖြင့် ဦးထွန်းမြင့် (ဒဂုန်ဦးထွန်းမြင့်) အစချီ၍ ဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ)အဆုံး မြန်မာစာဆရာ၊ ပါဠိဆရာ ဆယ်ဦးတို့၏ စာပေဆောင်းပါးစာတမ်း ၁၂ ပုဒ်၊ စာအုပ်လုပ်၍ ထုတ်ဝေဖြန့်ချိထားခြင်း။ ပန်းရွေပြည်စာအုပ်တိုက် (ဦးသိမ်းမင်း)ထုတ်၊ ၂၀၁၃ ဖေဖော်ဝါရီလ၊ စာမျက်နှာ ၂၈၉၊ အချပ်ပို အဖြစ် မြန်မာစာပေ ချစ်မြတ်နိုးသူများအသင်း၊ ဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်းကို ၁၄ မျက်နှာပူးတွဲဖော်ပြထားသည်။

စာအုပ်မာတိကာ အစီအစဉ်အရ အောက်ပါအတိုင်း စာတမ်းများကို ဖွင့်ပါရစေ။

ဦးထွန်းမြင့် (စာရေးဆရာကြီး၊ မင်္ဂလာ ၃၈ ပါး၏ မူလပိုင်ရှင် အစစ် ဒဂုန်ဦးထွန်းမြင့်)၏ ပါဠိသက် ဝေါဟာရအဘိဓာန် (၁၉၆၈-ပထမအကြိမ် ပုံနှိပ်ထုတ်ဝေ) စာအုပ်မှ ကောက်နုတ်ပြ စာမူ ၂ မှတ် ဖြစ်ကြောင်း ဝန်ခံပြထားသည့် စာမူ (စာတမ်း) ခေါင်းစဉ် ၂-ခုမှာ ပါဠိသက်ဝေါဟာရ ရေးထုံးနှင့် စာလုံးပေါင်း (စာ ၁၁-၂၀) နှင့် မှားယွင်းတတ်သော ဝေါဟာရများ (စာ ၂၁-၃၀) ဟူ၏။ ပါဠိသက် ဝေါဟာရ အဘိဓာန်စာအုပ်ကြီးပင်လျှင် တစ်ကြိမ်မက ပုံနှိပ်ဖြန့်ချိထုတ်ဝေနိုင်ခဲ့ ဦးမဟုတ်လား။

ဦးသန်း- မဟာဝိဇ္ဇာ ဟူသည် မန္တလေးတက္ကသိုလ်ထွတ် [illegible] ကြီးတစ်ဦးပါ။ မန္တလေး တက္ကသိုလ် (စာပေစာယူဌာန အဆိုအရ) ဘွဲ့ပင် တွေ့ဆုံသိကျွမ်းခဲ့ဖူးသူပါး ဆရာဦးသန်း မဟာဝိဇ္ဇာမှ မန္တလေး

www.burmeseclassic.com

www.burmeseclassic.com

ဟံသာဝတီ သတင်းစာပါ ဆောင်းပါးကောင်းများကိုပင် အမှတ်ရစရာ ဖြစ်မိပါသေးသည်။ ဆရာဦးသန်း မဟာဝိဇ္ဇာ၏ ရေးခေတ်မြန်မာစာပေ ဝေဖန်ရေး (ဆောင်းပါးကောင်း၊ ၁၉၇၆ ခုနှစ်ထုတ် စာတမ်းရှည်၊ စာမျက်နှာ ၃၁–၆၂) သည် ယနေ့ ကျွန်တော်တို့ မြန်မာစာပေချစ်သူများ အတွက် အားကျ၊ လေ့လာ၊ အတုယူအပ်စရာ နည်းလမ်းကောင်းတွေ ပဲ မဟုတ်လား (သတိပုံကျမ်း၊ အဘိဓာန်၊ အဖြေကျမ်း၊ အမေးအဖြေ ကျမ်း၊ ပျို့ကဗျာ ဟူ၍ ဆရာ၏ ဝေဖန်ရေး ဆောင်းပါးစာတမ်းကို ငါး ပိုင်းခွဲပြ သုံးသပ်ထားပုံမှာ အားရစရာပါ မဟုတ်လား။)

ဆရာဦးတိမ်ကြည် (သခင်ကိုယ်တော်မှိုင်း၏ ကလောင်စွမ်းရည် နှစ်ငါးဆယ်ပြည့် ရန်ကုန်တက္ကသိုလ်ရှိ မြန်မာနိုင်ငံ သုတေသန ဆွေးနွေး ပွဲတွင် ဖတ်ကြားခဲ့သော နာမည်ကျော်စာတမ်း) နှင့် ဦးဟုမ်ဝမ် (သခင် ကိုယ်တော်မှိုင်းနှင့် စံဖဲ)တို့၏ စာ ၂–ပုဒ်သည် ကျွန်တော်တို့၏ အမျိုး သားအရေးတွင် လက်မနေးဘဲ အမြဦးဆောင်ကလောင်လည်း ထက်ခဲ့ သော မျိုးချစ်စာဆိုကောင်း အဘိုးသခင်ကိုယ်တော်မှိုင်းအကြောင်း ရှာ ထောင့်ကောင်း အတင်အပြ စာတမ်းများပင် မဟုတ်လား။ ဆရာ ဦးတိမ် ကြည်နှင့် ဦးဟုမ်ဝမ်တို့သည် မြန်မာစာဆရာကြီးများ ဖြစ်ခဲ့သော်ငြားလည်း ယနေ့ဆို ကျွန်တော် (ဤစာရေးသူ)အဖို့ လူအမည်နှင့်ပုဂ္ဂိုလ်ရောနှော နေပါကြောင်း ဝန်ခံရေးပြထားပါရစေ (လူကွဲ–မူကွဲ မမှတ်မိစရာဖြစ်လို့ပါ ဆရာကြီးတို့ ခင်ဗျား)

ဆရာ ဦးကြင်လှိုင်၏ ဇာတကဋ္ဌကထာ ကျမ်းလာစကားပုံများ (၁၉၇၃) စာတမ်းရော၊ စာတမ်းရှင် ကိုပါ ဤစာရေးသူ ကောင်းစွာ သိရှိ ကြိုးကုန်စမ်းသည့်အကြောင်းရပ်ပါ။ မြန်မာစကားပုံများစွာတွင် ပါဠိ ဇာတကအဋ္ဌကထာ ကျမ်းလာစကားပုံများ မည်သို့ ပါဝင်ပတ်သက်ပုံတို့ကို စကားပုံ ၁၉–ခုဖြင့် ရေးပြထားခြင်း ဖြစ်သည်။ ဆရာ ဦးကြင်လှိုင်သည် ပါဠိ(အရှေ့တိုင်း) ဘာသာရပ်တွင် ပါမောက္ခရာထူးဖြင့် အငြိမ်းစား ယူခဲ့၍ ယခုအခါ ကျွန်တော်တို့၏ စမ်းချောင်းမြို့နယ်တွင် အခြေချ နေထိုင် လျက် ရှိကြောင်း ရေးပြထားပါရစေ။

ဓမ္မပဒကျမ်းလာစကားပုံများ– စာတမ်းရှင် ဆရာမကြီး ဒေါ်ခင်သိန်း ၁ ဟူသည် (၂) ဦးရှိခဲ့၍ ၁–၂ ခွဲပြထားခြင်းဖြစ်ပေမည်။ ပါဠိ (အရှေ့ တိုင်းပညာ) ဘာသာ ပါမောက္ခဖြစ်ခဲ့သူ ဆရာမကြီး ဒေါ်ခင်သိန်း၏ ဓမ္မပဒကျမ်းလာ စကားပုံသုံးမျိုး (ပါဠိဂါထာမှ တိုက်ရိုက်ယူသော စကားပုံ– ဥပမာ သမဂ္ဂါနံတပေါသုခေါ၊ ပါဠိဂါထာကို တိုက်ရိုက်မြန်မာ ပြန်ပြသော စကားပုံ – ဥပမာ သံကို သံဖျက်သံချေးတက်၊ ပါဠိဂါထာမှ သဘောကိုသာ ယူ၍ သင့်လျော်စွာ မြန်မာပြန်စကားပုံ– ဥပမာ– အချိန် ရှိခိုက် လုံ့လစိုက် စသည်ဖြင့် စကားပုံ) အကြောင်းရပ်တို့ကို ရှင်းလင်းရေး ပြထားခြင်း ဖြစ်သည်။ ဦးအောင်သန်း (ပါဠိ/မြန်မာ– အဘယ်မည်သော ဆရာသမား ဟူ၍ မမှတ်မိ၊ မသိသေးပါ၊ သေချာစွာ လေ့လာစူးစမ်းတတ် က စာတမ်းရှင် ဦးအောင်သန်းအကြောင်း သိကောင်းနိုင်စရာပါ။)၏ မြန်မာစကားပုံနှင့် ဆိုရိုးများ ဖြစ်ထွန်းတိုးပွားပုံဆန်းစစ်ချက် – စာတမ်း ပြုစုရေးပြု (တက္ကသိုလ် ပညာပဒေသာစာစောင်တွင် ဖော်ပြ)စဉ်က ယနေ့ မြန်မာစာအဖွဲ့၏ မြန်မာစကားပုံ၊ မြန်မာဆိုရိုးစကား စာအုပ်ကြီးများ မထွက်ခဲ့သေးတာအမှန်။ ယခုသော် ဆရာ ဦးအောင်သန်း၏ တစ်ချိန် က စာတမ်းဆောင်းပါးသည် ကိုးကားလေ့လာအပ်စရာ မူလမူရင်းပြ ရည်ညွှန်းအပ်စရာပင် မဟုတ်လော။

ဆရာမကြီး ဒေါ်မာလေး (ကျွန်တော်တို့ ရိုသေလေးစားခဲ့ရသည့် မြန်မာဂုဏ်ကျော်မြင့်၊ ဖိုးကျော်မြင့်၏ဇနီး) ၏ အထက်ဆွေမျိုး ၇ ဆက်၊ အောက်ဆွေမျိုး ၇ ဆက် စာတမ်း ဆောင်းပါး ၂ ပုဒ်ကြောင့် 'မြန်မာ့ဆွေ မျိုး၏ ဝေါဟာရများ') ၁၉၇၇– ခုနှစ် စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲ စာစဉ်) စာအုပ်လေးကို ယနေ့လုံးချင်းအဖြစ် လေ့လာဖတ်ရှုနေနိုင်ကြ ပြီ မဟုတ်လား။ ဘိုးဘေးဘီဘင်ထက် ပိုသိချင်၊ သိနိုင်သကဲ့သို့ မြေး၊ မြစ်၊ တီ၊ တွတ်(မျှော့) စသည်ဖြင့်လည်း ဆွေမျိုးစပ်နိုင်ကြပါသလား။ ဆရာမကြီး ဒေါ်မာလေး၏ ယခုစာတမ်းဆောင်းပါး ၂ ပုဒ်ရော လုံးချင်း လေး ဖြစ်ခဲ့ပြီဖြစ်သော စာအုပ်လေးကိုသာ ရှာဖတ်ကြပါလေဟု ညွှန်းပြ ပါရစေ။

ဦးတင်လှ (ဆရာကြီးမောင်မြန်မာပါပဲဟု တထစ်ချ ဆိုပါရစေ)၏ မြန်မာစကားလုံးသစ် ဖြစ်ပေါ်ဖန်တီးမှုများ ရှေ့ပြေးစုံစမ်းခြင်း (ဆောင်း ပါး၊ စာတမ်းရှည်၊ စာမျက်နှာ ၂၀၅–၂၅၄) အရ တက္ကသိုလ် ဘာသာ ပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန၏ စာတည်းမှူး(တာဝန်ခံ)ရာထူးရှင် စာရေးဆရာ မောင်မြန်မာ မူလကလောင်ရှင်ပါ။ ယနေ့ မောင်မြန်မာ ကလောင်အမည်တူ နောက်ထပ် ၂–ဦး ထပ်တွေ့နေရသော်ငြားလည်း ဘာသာဗေဒပညာရှင်တစ်ဦးဟု ဤစာရေးသူသိကျွမ်းခဲ့ဖူးသော မောင် မြန်မာအစစ်၊ မောင်မြန်မာ မူလကလောင်ရှင်မှာ ကွယ်လွန်ရှာခဲ့ပြီပဲ မဟုတ်လား။ ဆရာ၏ လေးစားအပ်ဖွယ်ရာ မြန်မာဘာသာဆောင်းပါးစု မှာ စာအုပ်လုံးချင်းထုတ် အပ်စရာဟုပင်ဆိုချင်ပါသည်။ မောင်မြန်မာ၏ သီးသန့်လုံးချင်း မြန်မာမှု၊ ဘာသာနှင့် စာပေစာအုပ် နှစ်အုပ်ကိုသာ သိမှတ်ဖတ်ဖူးပါသေးသည်။ ဦးတင်လှ(မဟာဝိဇ္ဇာ) အမည်ရင်းဖြင့် ထုတ်ဝေထားခဲ့ခြင်း ဖြစ်သည်။ တက္ကသိုလ်နေနတ်နွယ်၊ မောင်လှထွေး ဟူသော ကလောင်ကွဲများ ရှိထားခဲ့သူလည်း ဖြစ်ပေသည်။

နဂါးနီနှင့် မြန်မာစာပေ (ဒေါက်တာခင်အေး၊ မောင်ခင်မင်–ဝန်ဖြူ) ဟူ၍ နဂါးနီစိန်ရတု ၇၅–နှစ်ပြည့် အထိမ်းအမှတ်စာတမ်း (၄–၁၁–၂၀၁၂ အမျိုးသားဇာတ်ရုံ)ကို ကြားခဲ့ဖူးခြင်းကို စာတမ်းအစအဆုံး သဘော ဖတ်နိုင်ပါပြီကော။ မြန်မာစာပေခရီးလမ်းတွင် နဂါးနီစာအုပ် အသင်းထုတ် စာအုပ်၊ စာရေးသူနှင့် သမိုင်းကြောင်းတို့ကို မှတ်စုကောင်းတော်ပုံမှတ် တမ်းများကြောင့် အားကျစရာ စာတစ်အုပ် (စာရေးသူ–တင်နိုင်တိုး၊ စာအုပ်အမည်– နဂါးနီရေးသူမိတ်ဆက်၊ စာမိတ်ဆက်– စာမျက်နှာ ၂၁၊ တန်ဖိုး ၂၅၀၀ ကျပ်၊ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ အချိန်မီထုတ် စာအုပ်) နှင့် ယှဉ်ဖတ်နိုင်ခွင့်ရခြင်းပဲ မဟုတ်လား။ တင်နိုင်တိုး၏ စာအုပ်ထက် မောင်ခင်မင်–ဝန်ဖြူ(ဒေါက်တာခင်အေး)၏ စာတမ်းဆောင်းပါးမှာ သုံး သပ်ပြသော မှတ်ချက်ပါရှိသဖြင့် ချင့်ချိန်သိအပ်စရာများ ပိုရှိနိုင်ကြောင်း ထင်ရှားသည်။ သို့ပေသည့် နဂါးနီစာအုပ်အသင်းထုတ် စာအုပ်စာရင်း အပြည့်အစုံ၊ စာရေးသူအကြောင်းအပြည့်အစုံတို့သည် တစ်နေ့နေ့၊ တစ်ချိန်ချိန်တွင် အမှန်ပြည့်စုံပြီး မှန်ကန်တိကျလာနိုင်ကြစေသတည်းဟု ဆုတောင်းမိပါသည်။

နိုင်ငံ့အစိုးရ၏ လက်ရှိအနေအထားအရ တရားဝင်ဖွဲ့စည်းခွင့် မပြုသေးသော (မှတ်ပုံတင်အမှတ်မရှိသေးသော) ယနေ့မြန်မာစာပေ ချစ်မြတ်နိုးသူများအသင်း၏ တရားဝင်ခွင့်ပြုရေးက်သေကောင်းတစ်ခု ကား ယခု ဖော်ပြပါ မြန်မာစာပေစာတမ်းများ (စာစဉ်–၁) စာအုပ်ပင်ဖြစ်သည် မဟုတ်လား။ တက္ကသိုလ်ပညာ ပဒေသာစာစောင်ပါစာတမ်း (သုတေ သနဆောင်းပါး)များကို အဓိကထား၍ မြန်မာစာနှင့် ပါဠိကျမ်းကျင်ပညာ ရှင်ဆရာ/ဆရာမကြီးများ၏ ဖော်ပြပါရှိပြီး စာများ၊ ယနေ့ မြန်မာ စာပေမြတ်နိုးသူများ အသင်း၏ ရည်ရွယ်ချက်နှင့် ရည်မှန်းချက်များနှင့် အညီ ကနဦးဆုံး (ပထမဦးစွာ စာစဉ်– ၁) အဖြစ် စာအုပ်လုပ် ထုတ်ဝေ ဖြန့်ချိ ဖြစ်ပါပြီ။ သို့ဖြစ်၍လည်း မြန်မာစာပေချစ်မြတ်နိုးသူ (မုန်းတီးသူ တွေတော့ ရှိလိမ့်မည် မထင်ပေါင်)တိုင်း ကြိုက်နှစ်သက်ကြမည်သာ ထင် ပေသည်။ သို့သော်လည်း စာအုပ်ပုံစံ ပုံနှိပ်ထုတ်ဝေရာတွင် မူလပါရှိရာ စာစောင် အတွဲ၊ အပိုင်းမျိုးထက် ရက်စွဲအတိအကျနှင့် စာရေးသူ စာတမ်း ရှင်ဆရာကြီး၊ ဆရာမကြီးတို့၏ အတ္ထုပ္ပတ္တိအကျဉ်းလေးကို အောက် ခြေမှတ်စုသဘော (သို့မဟုတ်) သီးသန့်စာမျက်နှာပြု၍ ရေးပေးလျှင် ပိုမကောင်းလား၊ ပိုသိအပ်စရာပင်မဟုတ်လား။

မြန်မာချစ်စာစဉ် ၁ မှသည် မြန်မာချစ်စာစဉ် ထောင်၊ သောင်း ရောက်ပါစေကြောင်း ဆုတောင်းရေးပြနိဂုံးချုပ်ပါရစေ။

အောင်မိုးဆောင်း

www.burmeseclassic.com

www.burmeseclassic.com



ဆရာစံ ဇာကီဘိုက ဖွင့်ပေးလိုက်ပြီ

ရုပ်ရှင်တေးကဗျာမှာ ပေဒင်မေးလိုကြသော ပရိသတ်များခင်ဗျား။

ရုပ်ရှင်တေးကဗျာတွင် ယခင်က ဆရာစံဇာကီဘိုက မေးခွန်း (၃)ခုသာ လက်ခံဖြေကြားပေးနေပါသည်။ သို့သော် ယခုအခါ ပေဒင်မေးလိုသူများ၏ ဆန္ဒကို ဖွင့်ပေးလိုက်ပြီ ဖြစ်ပါသည်။

မေးခွန်း (၃) ခုသာမ မေးခွန်းအနည်းဆုံး (၈) ခုလောက် မေးနိုင်ပါသည်။ မေးခွန်းကို ရုပ်ရှင်တေးကဗျာစာအုပ်၏ မေးခွန်းပုံစံ ဖြင့်သာ မေးရမည် ဖြစ်ပါသည်။ ပိုတိုစတက်ကူးပြီး မေးမြန်းခြင်း၊ အခြားစာရွက်များနှင့် မေးမြန်းခြင်းများ မပြုလုပ်ကြပါရန် ပန်ကြားအပ် ပါသည်။

တစ်လလျှင် လူအယောက် ၅၀ ဟောပေးပါမည်။ အမည်ရင်းနှင့်သာ မေးကြပါရန်။ မွေးနေ့၊ မွေးရက် တိကျရန် လိုပါသည်။ လူအယောက် ၅၀ သာ ဟောမည်ဖြစ်ပြီး အရင်ရောက်သည့်မေးခွန်းကို အရင်ဟောပေးမည် ဖြစ်သည်။ အယောက် ၅၀ ထက် ပိုသွားလျှင် နောက်ထပ်တစ်လအတွက် ထပ်မံ မေးခွန်းမေးကြရမည် ဖြစ်သည်။ တစ်လလျှင် အယောက် ၅၀ ထက် ပိုမဟောနိုင်သည်ကို ခွင့်လွှတ်ကြပါရန်။

မေးသူအမည် .....

မွေးနေ့ (နှစ်၊ လ၊ ရက်) .....

၁။ .....

၂။ .....

၃။ .....

၄။ .....

၅။ .....

၆။ .....

၇။ .....

၈။ .....

www.burmeseclassic.com

www.burmeseclassic.com

အမေးအဖြေများ
ဆရာစံ ဇာတိထို

မောင်ဇေယျာထိန်
၁၀-၆-၈၃

(၁) အလှူကြီး၊ အတန်းကြီး ပေးနိုင်/မနိုင်၊ အချိန်အခါ

(၂) ကိုယ်ပိုင်စီးပွားရေးနဲ့ အဆင်ပြေနိုင်မယ့်အချိန်

(၃) မောင်လေးနှင့်အတူ ဒီဘဝတွင် နေနိုင်ပါမလား

(၄) ချမ်းချမ်းသာသာနှင့်အတူ ဒီဘဝတွင် နေနိုင်ပါ့မလား

(၅) ထီဆုကြီး ပေါက်ကိန်းရှိပါသလား

(၆) အိုဇာတာ ကောင်း/မကောင်း

(၇) အိုးပိုင်၊ အိမ်ပိုင် ဘယ်တော့လောက် နေရမလဲ

(၈) ဖူးစာရှင် အဆင့်အတန်း၊ ဒေသ၊ နေ့၊ ပုံစံ၊ အသက်၊ အလုပ်အကိုင်

ဖြေ- ပေးနိုင်မည်၊ အသက် (၃၅)နောက်ပိုင်း၊ ၂၀၁၈ တွင် ကိုယ်ပိုင်လုပ်ငန်းနှင့် အဆင်ပြေမည်။ အတူနေရန် (၆၀) ရာခိုင်နှုန်းသာ ရှိမည်။ ချမ်းသာစွာ နေထိုင်ရမည်။ အထီးကျန်နေမည်။ ထီပေါက်ကိန်း မရှိပါ။ အိုဇာတာ သင့်ရှုသာ ကောင်းမည်။ ကိုယ်ပိုင်အိုးပိုင်၊ အိမ်ပိုင်နေရန် ခက်ခဲသည်။ တစ်ပါးသူနှင့် တွဲဖက်နေရမည်။ အဆင့်အတန်း မြင့်သော သူ၊ မိမိနှင့် နေထိုင်ရာအရပ်ဒေသ မတူသူ၊ သောကြာသား (သို့မဟုတ်) အမည်တွင် (သ၊ ဟ)ပါသောသူ၊ အလုပ်အကိုင် အင်ဂျင်နီလုပ်ငန်းလုပ်သူ၊ အသားလတ်၊ နှာတံဖော်၊ နူတ်ခမ်းတွင် မွဲ့ (သို့) အမာရွတ် တစ်စုံတစ်ရာ ပါသူ။

ဦးစောအောင်
၇-၄-၁၉၆၂

(၁) နောက်အိမ်ထောင်ကျ/မကျ (အရင်အိမ်ထောင်ကွဲ)

(၂) ထီပေါက်ကိန်း ရှိ/မရှိ

(၃) ကိုယ်ပိုင်ကား စီးရ/မစီးရ

ဖြေ- ဒုတိယအိမ်ထောင်ကျရန် မရှိပါ။ ထီပေါက်ကိန်းရှိသည့် အက္ခရာ (က၊ ခ)၊ ဂဏန်း (၁)အစ (၂)အလယ် (၄)အဆုံးနဲ့ ထီထိုးပါ။ ကိုယ်ပိုင်ကားမစီးရပါ။ ဝယ်လျှင်လည်း အကျိုးမပေးပါ။

မသူဇာမြင့်
၁၂-၁-၁၆

(၁) အိုဇာတာကောင်း/မကောင်း

(၂) မိဘကို လုပ်ကျွေးပြုစုနိုင်မည်လား၊ အနီးကပ်စောင့်ရှောက်နိုင်မည်လား

(၃) ထီပေါက်ကိန်း ရှိ/မရှိ

(၄) အလှူကြီး၊ အတန်းကြီး ပြုနိုင်/ မပြုနိုင်၊ အချိန်အခါ

(၅) ဖူးစာရှင်၏ အဆင့်အတန်း၊ ဒေသ၊ နေ့၊ ပုံစံ၊ အသက်၊ အလုပ်အကိုင်

(၆) ဘယ်လိုအရပ်ဒေသမှာ အခြေချသင့်သလဲ

(၇) အသက် ဘယ်လောက်မှာ ချမ်းချမ်းသာသာ နေနိုင်မှာလဲ

(၈) ကံအပြုကောင်းအောင် ဘာဆောင်ထားသင့်မလဲ

ဖြေ- အိုဇာတာ သင့်ရုံသာကောင်းမည်။ မိဘကို လုပ်ကျွေးပြုစုနိုင် ပါမည်။ အနီးကပ် စောင့်ရှောက်နိုင်မည်။ အက္ခရာ (စ၊ ဆ)၊ ဂဏန်း (၃)အစ (၆)အလယ် (၉)အဆုံးနှင့် ထီပေါက်နိုင်သည်။ အလှူတန်းကြီး ကျူယ်စွာ ပြုနိုင်သည်။ (၂၀၁၈) ခုနှစ်။ အလယ်အလတ်အဆင့်အတန်း ရှိသူ၊ အမည် အက္ခရာ (က၊ ခ၊ စ၊ ဆ) အက္ခရာနှင့် ဆုံးခြင်း၊ စခြင်း အရပ်မှ လူ၊ တနင်္ဂနွေသား (သို့) အမည်တွင် (အ၊ဉ)ပါသောသူ၊ အသား ဖြူ၊ မျက်နှာလေးထောင့်စပ်စပ်၊ ဖေးရိုးပါးရိုးဖြင့်သောသူ၊ မိမိထက် အသက်ရွယ်တူ (သို့) ငယ်သောသူ၊ တနင်္လာနံ (ခြံ၊ ကား၊ ကျောက်၊ ငွေ)။ ဖွေဖွားရာအရပ်နှင့် ဝေးသောအရပ်တွင် အခြေချသင့်သည်။ အသက် (၄၀)မှ (၄၅) ကြား။ ပိတောက်သားနှင့် ပူးရွပ်ထုရ် ဆောင် ထားပါ။

မစောအိမ်ဦး
၂၅-၁၀-၁၉၈၈

(၁) သားဦးယောကျ်ားလေး အဖော်မတင်ခဲ့ပါ။ ဒုတိယကိုယ်ဝန် (သားသမီး) ယူသင့်သော ကာလ

(၂) ဘဝတွင် ထီပေါက်ဖက် ပါ/မပါနှင့် ရွေးချယ်ရမည့်ဂဏန်း

(၃) ဒုတိယသားသမီးရလျှင် ပထမကာလေးကဲ့သို့ အဖြစ်ဆိုးမျိုးနဲ့ ကြုံရမည်လား

(၄) ဘဝတွင် သားသမီး ရရှိကိန်း ရှိ/မရှိ၊ ရှိပါက အရေအတွက်

(၅) သာသနာပြုနိုင်/ မပြုနိုင်၊ သားသမီးအဖတ်တင်စေရန် ဆောင်သင့်သည့်အဆောင်

(၆) သက်ကြီးပိုင်း၌ အေးချမ်းစွာ တရားအားထုတ်နိုင်ရန် ရှိ/မရှိ

(၇) အသက် ၃၀ ပြည့်မွေးနေ့အဖြစ် သီလရှင်ဝတ်၍ ဖြစ်/မဖြစ်

(၈) ဘဝတွင် ဗုဒ္ဓဟူးသားဇင်္ကပ်သည် ဘုန်းကြီးအပြီးဝတ်ရန် ဖြစ်/မဖြစ်၊ ကားလေး

ဖြေ- အသက် (၂၅)နှစ်တွင် ဒုတိယကိုယ်ဝန်ဆောင်သင့်ပါသည်။ ထီပေါက်ဖက် မပါ။ မကြုံနိုင်ပါ။ သားသမီး (၁)ဦးရမည်။ သာသနာပြုနိုင်မည်။ တရားအားထုတ်နိုင်မည်။ သီလရှင်ဝတ်ပါ၊ အဆိုးအညှာများ ကင်းစင်သွားမည်။ ဘုန်းကြီးမဝတ်ဖြစ်ပါ။

Ma Wutt Yee Moe
၂၀-၅-၁၉၉၂

(၁) အသက် ဘယ်လောက်မှာ ကိုယ်ပိုင်အလုပ် ရနိုင်မည်လဲ

(၂) မိမိရဲ့ဖူးစာရှင်က နာမည် (မမစ)ပါတဲ့သူလား (ကြာသပတေး)။

(၃) မိမိရဲ့ ဖူးစာရှင်က (အကာလ) ပါတဲ့သူလား။

(၄) အိမ်ထောင်ပြုသင့်သည့်အရွယ်

(၅) ဝန်ထမ်းနှင့် ဆိုင်ရှင် အဆင်ပြေနိုင်/ မပြေနိုင် (ဆိုင်ရှင် ယောကျ်ားလေး ၂ ဦး)

(၆) မိမိအပေါ်မှာ ထားရှိသည့် ဆိုင်ရှင်၏သဘောထား

www.burmeseclassic.com

www.burmeseclassic.com

(၇) ကိုယ့်ရဲ့အပြုအမူတွေထဲက မပြုသင့်သည့်အရာ (အနေအထိုင်)
(၈) ဖူးစာရှင်ပုံစံ၊ နေ့နံ

ဖြေ– အသက် ၂၈ နှစ်။ ပုဒ္ဓဟူးသား သို့မဟုတ် အမည်တွင် (ဃ၊ ရ၊ လ၊ ဝ) ပါသောသူ။ (လ)ပါသောသူ။ အသက် ၂၄ နှစ်။ အဆင်မပြေနိုင်ပါ။ ပုံမှန်သဘောထားသာရှိ။ မိမိဆောင်ရွက်သည့်ကိစ္စများကို စိတ်ပါသလို၊ စိတ်မပါသလို ပြုမူခြင်း။ မင်းသားပြေတီဦးလို့ပုံစံ၊ ဗုဒ္ဓဟူးနံ။

မသီတာခိုင်

၁၈–၃–၁၉၉၀

(၁) ရွှေဆက်ရမည့် အနာဂတ်ခရီးမှာ စိတ်ချမ်းသာရမှာလား၊ စိတ်ဆင်းရဲရမှာလား
(၂) အိမ်ထောင်ကျ/ မကျ၊ ကျခဲ့ရင် အဝေးကလား/ အနီးကလား
(၃) ယခုလက်ရှိ စီးပွားရေးက အောင်မြင်မှာလား၊ မအောင်မြင်ဘူးလား
(၄) ယခု ချစ်ကြိုက်နေတဲ့ ချစ်သူနဲ့ ဘဝလက်တွဲဖော် ဖြစ်နိုင်ပါ့မလား
(၅) အိမ်ထောင်ကျခဲ့ရင် မိသားစုတွေကို ထောက်ပံ့နိုင်မှာလား
(၆) ယခု လုပ်ကိုင်နေရသော အလုပ်ကနေ ဘယ်အချိန် ပြောင်းရွှေ့ရမှာလဲ
(၇) အိုဇာတာ ကောင်းမှာလား၊ မကောင်းဘူးလား
(၈) အိမ်ထောင်ဖက်နဲ့ တစ်အိုးတစ်အိမ် ထူထောင်နိုင်မှာလား

ဖြေ– ကြိုးစားရန်းကန်နေရမည်၊ အနာဂတ်တွင် စိတ်ချမ်းသာရမည်။ အိမ်ထောင်မကျနိုင်သေးပါ။ ကျခဲ့ရင် အဝေးကသူ။ အတက်အကျ အမြဲရှိနေမည်။ တနှစ်နွေသား (သို့) အမည်တွင် အ၊ ဥ၊ ဩ ပါသောသူ။ မိသားစုကို ကောင်းစွာ ထောက်ပံ့နိုင်မည်။ ၂၀၁၄ တွင် ပြောင်းရမည်။ အိုဇာတာကောင်းမည်။ ထူထောင်နိုင်မည်။

မခင်သူဇာ

၂၉–၁၁–၉၃

(၁) ယခုလက်ရှိလုပ်ကိုင်သော လုပ်ငန်းအတည်တကျ ဖြစ်မည်လား
(၂) ငယ်ငယ်ကထဲက ခွဲခွာခဲ့ရသော အချစ်ဆုံးသူငယ်ချင်း (TYH) နှင့် ပြန်ဆုံတွေ့မည်လား
(၃) မိဘကို အိုးပိုင်၊ အိမ်ပိုင်နှင့် ပြည့်စုံချမ်းသာစွာ ထားနိုင်မည်လား
(၄) ထီဆုကြီး ပေါက်ကိန်း ရှိသလား၊ ဘယ်အချိန်ကာလလဲ
(၅) အိမ်ထောင်ရေးကံကောင်းမည်လား
(၆) မိမိ၏ ဖူးစာရှင်နှင့် တွေ့ဆုံခဲ့ရပြီလား။ ဘယ်လို ရုပ်ရည်လဲ။
(၇) ဖူးစာရှင်သည် ဘာနေ့သားလဲ၊ စိတ်သဘောထားကောင်း သူလား
(၈) အိုဇာတာ ကံကောင်း/မကောင်း

ဖြေ– အင်္ဂါနံလုပ်ငန်းဖြစ်က အတည်တကျဖြစ်မည်။ ပြန်လည်ဆုံခွင့် နည်းသည်။ သင့်တင့်ရုံ ပြည့်စုံမည်။ ထီပေါက်ကံ မရှိ။ အိမ်ထောင်ရေး သင့်ရုံသာကောင်း၏။ တွေ့ဆုံပြီးပြီ၊ ရုပ်ရည်သန့်ပြန့်၍ ယောကျ်ားပီသသူ။ ကြာသပတေးသား သို့မဟုတ် အမည်တွင် (ပ၊ ဖ၊ ဗ၊ ဘ၊ မ) ပါသူ။ အိုဇာတာကောင်းမည်။

မျိုးရဲအောင်

၁၆–၅–၁၉၉၁

(၁) မိဘကို ကောင်းစွာ အလုပ်အကျွေးပြုနိုင်မလား
(၂) ထီဆုကြီးပေါက်ကိန်း ရှိသလား
(၃) ကိုယ်ပိုင်အိမ်နှင့် ဘယ်တော့များမှ နေနိုင်မှာလဲ
(၄) ဘယ်လိုလုပ်ငန်းမျိုး အကျိုးပေးမလဲ
(၅) နိုင်ငံခြားမှာ အလုပ်အကိုင် အဆင်ပြေမလား
(၆) အိမ်ထောင်ဘက်က သူ ချစ်လား၊ ကိုယ်ချစ်လား
(၇) သားသမီး ဘယ်နှယောက်ရမလဲ
(၈) အိမ်ထောင်ဘက်၏ ဂရုစိုက်မှုကို ရနိုင်မလား

ဖြေ– လုပ်ကျွေးနိုင်မည်။ အက္ခရာ (စ၊ ဖ) ဂဏန်း (၇ အစ ၆ အလယ် ၃ အဆုံး)နှင့် ထီပေါက်မည်။ အသက် ၂၉ နှစ်။ သောကြာနံ (သစ်၊ သံ၊ သွပ်) လုပ်ငန်း အကျိုးပေးသည်။ အဆင်ပြေနိုင်သည်။ ကိုယ်က ချစ်ရသောသူ ဖြစ်မည်။ သား၊ သမီး ၂ ယောက်ရမည်။ မရနိုင်ပါ။

မအေးဆေးကြိုး

၈–၃–၁၉၉၂

(၁) အမျိုးသားက ဘယ်တော့လောက် ရာထူးတိုးမလဲ
(၂) ယောကျ်မတွေနဲ့ရော ဘယ်တော့ အဆင်ပြေမလဲ
(၃) အိမ်ခန်း ဘယ်တော့ပိုင်မလဲ
(၄) ဘဝမှာ မပူမပင် ပြည့်ပြည့်စုံစုံ စိတ်ချမ်းချမ်းသာသာ နေရမလဲ
(၅) ယောကျ်တွေနဲ့ အမျိုးသား ဘယ်တော့မှ ပြန်အဆင်ဖြေမလဲ
(၆) အမျိုးသားရဲ့ဘဝက ရှေ့ဆက်ပင်ပန်းစိတ်ဆင်းရဲစရာ တွေ့ကြုံရဦးမလား
(၇) နှစ်ယောက်ထဲ အိမ်ခွဲနေဖို့ကော အဆင်ပြေမလား
(၈) တစ်သက်လုံး နှစ်ယောက်အတူ မခွဲရဘဲ အတူနေနိုင်မလား

ဖြေ– မွေးသက္ကရာဇ် သိရန်လို။ အဆင်ပြေရန် မရှိပါ။ ၂၀၁၅။ အမြဲတမ်း ကြိုးပမ်း ရုန်းကန်နေရမည်။ ၂၀၁၈။ မိမိ၏ ကံကြောင့် ပင်ပန်းနေဦးမည်။ အဆင်ပြေမည်၊ ကြိုးစားပါ။ ရေရှည်မြဲသော အိမ်ထောင်ကံရှိ သည်။

ဒေါ်အေးမေ

၁၃၂၈ တပို့တွဲလဆန်း (၁၄) ရက်

(၁) အိုဇာတာကောင်းမှာလား
(၂) သားကြီးက မလိမ္မာ ဘယ်တော့မှအသိမှန် ပြန်ဝင်လာမလဲ
(၃) တတိယသားက နိုင်ငံခြားသွားပြီး အလုပ်လုပ်ရန် အဆင်ပြေမလား
(၄) ထီပေါက်ကိန်း ရှိသလား
(၅) သားသမီး (၅)ယောက်အနက် ဘယ်သူက ကိုယ့်အပေါ် ကြည့်ပေးနိုင်မလဲ
(၆) ဘာစီးပွားရေးလုပ်ရင် အောင်မြင်မလဲ
(၇) အိမ်က အပူတွေကို ဘယ်လို ငြိမ်းရမလဲ
(၈) အိုးပိုင်၊ အိမ်ပိုင် ဘယ်တော့ ဖြစ်မလဲ။

ဖြေ– အိုဇာတာကောင်းမည်။ သားသမီးက သင့်ရုံသာကောင်းသည်။ မွေးသက္ကရာဇ်နှင့် မေးနိုင်သည်။ ထီပေါက်ကိန်း မရှိပါ။ တနလ်၊ အင်္ဂါ၊ ဗုဒ္ဓဟူးသားသမီးများ အကျိုးပေးမည်။ ယာဉ်၊ ရွှေ၊ ရေ၊ လေ၊ လူ၊ စက်၊ ဆေး၊ စားကုန်လုပ်ငန်းများ အကျိုးပေးမည်။ အိမ်ရှိ ဘုရားစင် တွင် သီဟိုဠ်ညွှန့် ၅ ညွှန့် ကပ်လှူပါ။ ဖန်ကွဲ၊ မှန်ကွဲများ ရှာဖွေစွန့် ပစ်ပါ။ အသက် ၅၁ နှစ်။

စောင်းအောင်မြင့်

၃–၁၀–၁၉၅၅

(၁) သားသမီး ရ/မရ
(၂) ထီပေါက်ကိန်း ရှိ/မရှိ
(၃) မည်သည့်လုပ်ငန်းနှင့် အကျိုးပေးမလဲ
(၄) ကျန်းမာရေး အခြေအနေ

ဖြေ– ရမည်။ မရှိ။ အင်္ဂါနံလုပ်ငန်း။ ကောင်း။

www.burmeseclassic.com

www.burmeseclassic.com

ယဉ်ဆရာစံ ဇာတိဘုံ၏ ၇ ရက် သား သ မီး များ အ တွက် အ ဟော

ကြန့်ကြာနေသည့် ကိစ္စမှန်သမျှ ပြန်လည်အဆင်ပြေသွားမည်။ ထိပ်တိုက်ရင်ဆိုင်လုပ်ကိုင်သည်များမှ ကောင်းသောအကျိုးမြတ်ရမည်။ ပြန့်ကျဲသော ငွေ၊ ပစ္စည်းများ လက်ဝယ်ပြန်လည်ရရှိမည်။ လုပ်နေကျ လုပ်ငန်းအား အခြေအနေပေးသည့်အပေါ် မှေးထိန်းလုပ်နေရာမှ လူမှန်၊ နေရာမှန်တိုးတက်မည်။ ခရီးနှင့် ပတ်သက်သောကံကောင်းသည်။ မမျှော်လင့်ထားသောနေရာများသို့ သွားလာရောက်ရှိ အကျိုးပေးမည်။ ကောင်းသော အပြောင်းအလဲများ ဖြစ်ပေါ်မည်။ လွန်ခဲ့သော အတိတ်ကာလက ဆန္ဒရှိလျက်လက်တွေ့ မဆောင်ရွက်ဖြစ်သောကိစ္စများ ဆောင်ရွက်အကျိုးပေးမည်။ ရင်းနှီးသူများနှင့် မကြာခဏစကားများရမည်။ မမြင်မတူသော သူများနှင့် အငြင်းပွားရမည်။ အချစ်ရေး ကံမကောင်းပါ။

ယတြာ– တနင်္ဂနွေနေ့တွင် နေအိမ်၏ မြောက်အရပ်တွင်ရှိသော ဘုန်းကြီးကျောင်းသို့ ဘုန်းဖို့ခေါက်ဆွဲ ဒါနပြုပါ။

နေရာပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ တိုးချဲ့ခြင်းများ ဆောင်ရွက်နိုင်သည်။ ငွေမြှုပ်နှံမှု အကြီးစားများပြုနိုင်သည်။ မိတ်ကောင်းဆွေကောင်းအကူအညီရမည်။ နာမည်တစ်ဟုန်ထိုးတိုးတက်မည်။ ဆောင်ရွက်သမျှ လူသိထင်ရှားဖြစ်မည်။ အပြိုင်အဆိုင်အားလုံးကိုအနိုင်ရရှိမည်။ လက်ဝယ်ငွေပြတ်တတ်သည်။ ကိုယ့်ကိစ္စထက် သူတစ်ပါးအရေးကိစ္စများဦးစားပေးရမည်။ ကြီးကဲသူတို့ ကျန်းမာရေးအတွက် စိတ်ပင်ပန်းရ မည်။ အတတ်ပညာကို အခြေတည် ဆောင်ရွက်မှုများအောင်မြင်မည်။ မေတ္တာရေးအညံ့ရှိသည်။ ဘေးစကား၊ သွေးစကား အနှောင့်အယှက်များဝင် နေမည့် အချိန်ကာလဖြစ်သည်။ အပြန်အလှန်ပဋိပက္ခများ ဖြစ်တတ်သည်။ ပညာရေးတွင် ဆောင် ရွက်သမျှ ထူးထူးခြားခြား အောင်မြင်မည်။ စနစ်တကျလုပ်ရှိတိုးတက်မည်။ ကျန်းမာရေးဂရုစိုက်ပါ။ ဝမ်းဗိုက် ဒုက္ခ ပေးတတ်သည်။ ***ယတြာ– တနလ်ာနေ့တွင် နှင်းဆီတစ်ပွင့်ကို စတီးပန်းအိုးတွင် ထည့်၍ အပြင့်တစ် နေရာတွင်တင်ထားပါ။***

ရက်တရက် ပေါ်ပေါက်လာသော အခြေအနေသစ်များကိုအသုံးချ၍ တက်လမ်းများ ဖန်တီးရမည်။ မူလလုပ်ရှိန်လုပ်စဉ်မှခွဲထွက်၍ လူသစ်ဝန်းကျင်သစ်နှင့်ဆက်ဆံရမည်။ ဆောင်ရွက်ရသည့်ကိစ္စများတွင် ဖွဲ့စည်းမှုသစ်၊ ပုံစံသစ်များ ဖြစ်ထွန်းမည်။ အလောတကြီးဆောင်ရွက်ခြင်းမပြုရ။ လုပ်ငန်းသစ်စတင်ခြင်းအတွက် အထူး အောင်မြင်သော အနေအထားရှိမည်။ မိသားစုရေးရာ၊ ဆွေမျိုးရေးရာ အဖြာဖြာအတွက် အချိန်ပေးပြီး လုပ်ငန်းများလုပ်ခြင်းရှိမည်။ မမျှော်လင့်ဘဲခရီးသွားရမည်။ မိသားစုသမားရိုးကျခရီး၊ အလှူအတန်းခရီးသဘော ဆောင်၍သွားရာမှ အလုပ်နှင့်ပတ်သက်သော အခွင့်အလမ်းများပေါ်ပေါက်၍ ဆောင်ရွက်က ထူးခြားသော အောင်မြင်မှုများရရှိမည်။ ပညာရေးတွင် ထိပ်တန်းအဆင့်မှအောင်မြင်မည်။ ရည်မှန်းချက်များကို လက်တွေ့ အကောင်အထည်ဖော်သင့်သည်။ မေတ္တာရေး ကံကောင်းမည်။

ယတြာ– အင်္ဂါနေ့တွင် ဩဇာသီး ဘုရားဆွမ်းတော်တင်ပါ။ အရေအတွက် (၃) လုံး လှူပါ။

ကျန်းမာရေး အညံ့များရှိလာမည်။ ရှေ့မှာ အရှိန်အဟုန်ပြင်းစွာ လုပ်ကိုင်ရာမှတစ်ပါး သူများက အလွယ်ဝယ်ရောင်လိုက်နိုင်စွမ်းမရှိ၍ ရှေ့ကျဲထွက်ကာ စိတ်ပင်ပန်း လူပင်ပန်းဖြစ်မည်။ စီစဉ်ထားသော လုပ်ငန်းများ ဆိုင်းငံ့ရသလိုလုပ်နေသော လုပ်ငန်းများအကြောင်းအမျိုးမျိုးကြောင့် အရှိန်လျော့သွားမည်။ တစ်ပါးသူ ကတိပျက်မှု၊ အရှိန်ဆွဲမှုများကြောင့် ကိုယ်လုပ်သမျှလမ်းကြောင်း ခက်ခဲကြန့်ကြာမည်။ အလေအလွင့်၊ အပျောက်အရှုများမည်။ သဘာဝကြောင့်ပျက်စီးယိုယွင်းမည်။ ဆောင်ရွက်မှုကိစ္စအဝဝတွင် စိတ်တိုင်းမကျအားမလိုအားမရဖြစ်မည်။ ကြိုတင်တွက်ဆထားသည်များကို လက်တွေ့ မဆောင်ရွက်နိုင်လင့်ကစား အခြေအနေပေးသည့်အပေါ် မှေးထိန်းလုပ်၍ တစ်စစအဆင်ပြေမည်။ မေတ္တာရေးကံကောင်းမည်။ အရာရာအဆင်ပြေခြင်းနှင့် စိတ်ချမ်းမြေ့ခြင်းဖြစ်မည်။ ပညာရေးတွင် စိတ်မဝင်စားသလိုဖြစ်မည်။ အထူးဝိရိယရှိသင့်သည်။

ယတြာ– ဗုဒ္ဓဟူးနေ့တွင် နေအိမ်၏ တောင်အရပ်တွင် ဆန် (၃)ပုံ ပုံ၍ ကြက်၊ ငှက် အစာကျွေးပါ။

www.burmeseclassic.com

www.burmeseclassic.com

ပဒုံး ဆရာစံ ဇာတိတို့၏ ဂုရက် သား သ မီး များ အ တွက် အ ဟော

ဗုဒ္ဓဟူးမွန်းကျဲ (ဇာပု)

ဌေကြေးအကျိုးအပြတ် ရစေရန်မဟုတ်ဘဲ အလုပ်ကို စေတနာပါပါနှင့် ဆောင်ရွက်ရင်းတိုးတက်မှုများ ရရှိမည်။ နာမည်ဂုဏ်သတင်း ကျော်ကြားမည်။ မည်သည့်အရပ်ကိုမှ လှိုက်လှဲ၍ မရ။ လုပ်သမျှ လူသိထင်ရှားဖြစ်မည်။ လုပ်ငန်းပိုင်းတွင် အရှိန်မြင့်မားစွာဖြင့် ဆောင်ရွက်ပါ။ ကိုယ်စွမ်းကိုယ်စ ရှိသမျှ အားသွန်ခွန်စိုက် လုပ်လေတိုး တက်လေဖြစ်ပြီး ရွယ်တူတန်းတူ၊ ဘဝတူများထက် သာလွန်သော အောင်မြင်မှုရမည်။ လူမျိုးကွဲ၊ လူမျိုးခြားများနှင့် ဆက်စပ်လုပ်ကိုင်၍ကောင်းကျိုးရရှိမည်။ လုပ်ငန်းခွင်၌ အသစ်ပေါ်ပေါက်လာသော အခြေအနေနှင့် လိုက်လျောညီစွာ ဆောင်ရွက်၍တိုးတက်မှုရမည်။ အတတ်ပညာ သင်ကြားသူများ စွမ်းရည်ထက်မြက်မည်။ ထိပ်တန်းမှအောင်မြင်မည်။ ကိုယ်တိုင်ကျန်းမာရေးနှင့် သက်ကြီးသူတို့၏ ကျန်းမာရေးအတွက် မပျေါသင့်။ သံယောဇဉ်အထားများတတ်သည်။ မေတ္တာရေးအညှံ့ရှိသည်။ ပညာရေး ဆောင်ရွက်မှုများအောင်မြင်မည်။

ယကြာ– ဗုဒ္ဓဟူးမွန်လွဲပိုင်းတွင် ခွေးလေခွေးလွှင့်တို့အား ထန်းလျက်ကျွေးပါ။

ကြာသပတေး

အပြောင်းအလဲနှင့် တိုးတက်မည်။ အခက်အခဲများကိုကျော်လွှားနိုင်မည်။ လူမျိုးကွဲ၊ လူမျိုးခြား အကျိုးပေးမည်။ ကိုယ်ပိုင်မှု၊ ကိုယ်ပိုင်ဟန်ဖြင့် ထူးခြားသောတိုးတက်မှုရမည်။ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း ကောင်းသော အပြောင်းအလဲများရှိမည်။ မိသားစုအတွက် ဦးဆောင်ရမည်။ စေတနာသဒ္ဓါတရား ကြောင့်ကောင်းသော စေတနာအကျိုးပေးမှုများခံစားရမည်။ တစ်ပါးသူတို့ ဆောင်ရွက်ရန်ခက်ခဲသော ကိစ္စများ ကိုမိုင်ဝိုင်းမာမာဖြင့် ကိုယ်ကဆောင်ရွက်အောင်မြင်မည်။ အတတ်ပညာသစ်၊ နည်းပညာသစ်များကို လက်တွေ့ အသုံးချ၍ အလုပ်ကိစ္စများဆောင်ရွက်နိုင်မည်။ အပြောင်းအလဲများကို ဆောင်ရွက်သွားရင်းတိုးတက်မှု အဆင့် ဆင့်ရမည်။ အကုန်အကျများမည်၊ အကျိုးရှိသောကုန်ကျမှုဖြစ်မည်။ ချစ်သူနှင့် မိမိအကြားပဋိပက္ခဖြစ်ခြင်း၊ စိတ်အနောင့်အယှက်ဖြစ်မည်။ ***ယကြာ– ကြာသပတေးနေ့တွင် နေအိမ်နောက်ဖေးတက် အခြမ်းကို သန့်ရှင်းရေးပြုပါ။ ထမင်းစားခန်းတွင် ပရိဘောဂများ အထားအသို ပြင်ပါ။***

သောကြာ

အရာရာအဆင်ပြေ၍ ဆောင်ရွက်သလောက်ထွန်းပေါက်မည်။ ဌေကြေးအလုပ်စီးပွားအလုံးစုံတွင် အောင်မြင်မှုအလုံးစုံရမည်။ မူလထက်သာမြင့်သော အခြေအနေသို့ အလိုအလျောက်ပြောင်းလဲတိုးတက်မည်။ တွဲဖက်ပေါင်းစည်းလုပ်လိုသော သူများ၏ ကမ်းလှမ်းမှုခံရမည်။ လုပ်ငန်းမရှိသူ လုပ်ငန်းရ၍ လုပ်ငန်းရှိသူ မြင့်မားသောအဆင့်သို့ တိုးတက်ရောက်ရှိမည်။ ဌေကြေးဥစ္စာတိုးပွားမည်။ မြှုပ်နှံမှုများမှ ကောင်းသောအကျိုးအမြတ် ရရှိမည်။ အပြိုင်အဆိုင် အားလုံးကိုကျော်လွှား၍ အောင်မြင်မှုမြင့်မားမည်။ အကြံတူချင်းအပေါ် အပြတ် အသတ်အနိုင်ရမည်။ ပျိုရွယ်သူများ စန်းပွင့်မည်။ အချစ်ရေးကံကောင်းမည်။ အလှူမင်္ဂလာကိစ္စများကြုံမည်။ လုပ်ငန်းခွင်မှသူများ အဆင့်တိုးတက်မည်။ ရည်မှန်းချက်အောင်မြင်မည်။ အရာရာ အဆင်ပြေချောမွေ့လာကာ ဝင်ငွေလမ်းကြောင်း ဖြောင့်ဖြူးမည်။ ***ယကြာ– သောကြာနေ့တွင် နေအိမ်ရှင် ဆပ်ကြာခွက် အဟောင်းများ စွန့်ပစ်၍ အသစ်အစားထိုး သုံးစွဲပါ။***

စနေ

မှန်းထားသည်ထက် ပိုလွန်သော အကျိုးဖြစ်ထွန်းမှုများကို ကြုံနိုင်သည်။ ဆောင်ရွက်သမျှ ထွန်းထွန်းပေါက် ပေါက်ရှိမည်။ တစ်ပိုင်းတစ်စ မပြီးပြတ်သေးသည့် ကိစ္စများကို အပြီးအပြတ် ပြီးမြောက်အောင် ဆောင်ရွက်နိုင်မည်။ လုပ်ငန်းမရှိသူလုပ်ငန်းရမည်။ လုပ်ငန်းခွင်မှသူများ အထင်အရှားတိုးတက်မည်။ ကံထူးခြားစွာကောင်းမည်။ မိမိအပေါ် အကျိုးပြုသော သူများနှင့်တွေ့ကြုံမည်။ တစ်ခုထက်မကသော ရည်မှန်းချက်များကို လက်တွေ့ အကောင်အထည် ဖော်နိုင်မည်။ ဌေကြေးရလိုမှုအတွက် အဓိကမထားလင့်ကစား ဆောင်ရွက်လိုက်သော ကိစ္စ၊ အလုပ်နေရာထိုင်ခင်းကိစ္စအတွက် အချိန်ကုန်လူပင်ပန်းခဲ့ပြီး ဆောင်ရွက်ရကျိုး နပ်မည်။ အရပ်ဝေးနိုင်ငံရပ်ခြားနှင့် ဆက်သွယ်လုပ်ကိုင်အကျိုးပေးမည်။ မူလရှိရင်းစွဲ မေတ္တာအနေအထားထက် များစွာသာလွန်သော ချစ်ကံကောင်းခြင်းနှင့် စန်းပွင့်ခြင်း ရှိမည်။ တစ်ဦးထက်ပိုသော အချစ်ရေးကိစ္စများကြုံနိုင်သည်။

ယကြာ– စနေနေ့တွင် အုန်းပင်တစ်ပင်၏ ပင်စည်ကို ဓါးကြီးစအနီနှင့် စည်းနှောင်၍ ဂေ (၇) ခွက် ဆောင်းကာ လိုရာဆန္ဒပြုပါ။

ချစ်မြေ့မေတ္တာ တုံ့ပြန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်းဆက်ဝတ္ထုရှည်

ကိုယ်ရှိန်

ယခင်လမုအဆက်

ဘုရင်မက စစ်သူကြီးဗန္ဓကဘက်သို့ လှည့်ပြီးမေးလိုက်သည်။
''ရုတ်တရက်ဖြစ်၍ ကျွန်တော်မျိုး သတိ မထားလိုက်မိကြောင်းပါ''
စစ်သူကြီးဗန္ဓက,က ပြန်ဖြေလိုက်သည်။
''ထောင်မှူးကြီးချစ်ညိုကော သတိထား လိုက်မိသလား''
ဘုရင်မက ထောင်မှူးကြီးအား မေးလိုက် ပြန်သည်။
''ကျွန်တော်မျိုးလဲ သတိမထားလိုက်မိကြောင်းပါ''

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

''စစ်သူကြီးနဲ့ ထောင်မှူးကြီး သတိမထားလိုက်မိပေမဲ့ ဘုရင်မကိုယ်တိုင် မြင်လိုက်ရလို့ ဘယ်သူဘယ်ဝါဆိုတာကိုကောင်းကောင်းကြီးသိတယ်။ မောင်ရွှေပကို ဘာဖြစ်လို့ ဒါးနဲ့ လှမ်းပေါက်ရသလဲ။ သူတို့ရဲ့အကြောင်းတွေပေါ်ကုန်တော့မှာကိုသိလို့သာလျှင် ဖြစ်ရမယ် ဆိုတာ မထင်ရှားဘူးလား''

ဘုရင်မက ဆက်ပြီးမေးလိုက်သည်။

''အလွန်တရာမှ ထင်ရှားလှကြောင်းပါ။ မောင်ရွှေပက ဘုရင်မအပါးမှာပင်လျှင် သုခနဲ့ဘုရင်ယုတ်၏သူလျှိုများ ရှိကောင်းရှိလိမ့်မည်ဆိုပြီး အစစ်ခံလိုက်သည်နှင့်တပြိုင်နက် လွှတ်တော်တခုလုံး အုံးအုံးကြွက်ကြွက် ဖြစ်သွားရဲ့ သာမက မောင်ရွှေပကို ဒါးနှင့်လှမ်းပေါက်သူက ပေါက်– ဒါးဆွဲပြီး ခုတ်ဘိုကြွရွယ်သူကကြွရွယ်စသည်ဖြင့် ပြုမူလာကြခြင်းမှာ သူတို့ရဲ့အကြံအစည်ကို မောင်ရွှေပသိသွားပြီဆိုပြီး မောင်ရွှေပမှတဆင့် ဘုရင်မရဲ့ ရွှေနားတော်ပေါက်ကြားမည်စိုးရွံ့ မောင်ရွှေပအား သေကြောင်းကြံစည်ကြခြင်းသာဖြစ်သည်မှာ လယ်ပြင်ဆင်သွားသည်ပမာ ထင်ရှားလှကြောင်းပါ''

စစ်သူကြီးဗန္ဓကသည် အခွင့်သာခိုက် ဝိလ်နန္ဒဘက်မှ ရွှေနေလိုက်ပေးလိုက်သည်။

''ဘုရင်မလဲ ဒီလိုဘဲ သဘောပေါက်တယ်။ ဒါပေမဲ့ မောင်ရွှေပပြောတဲ့စကားတွေကို ဘုရင်မ ယုံကြည်လို့ဖြစ်ပါ့မလား''

ဘုရင်မက ဆက်ပြီးမေးလိုက်သည်။

''ကျွန်တော် မျိုးကြီးများအနေနှင့် မောင်ရွှေပပြောသောစကားများကို စိုးစဉ်မျှ သံသယမဖြစ်မိကြောင်းပါ''

စစ်သူကြီးဗန္ဓက,က ဆက်ပြီးလျှောက်ထားလိုက်ပြန်သည်။

''မောင်ရွှေပက သူဟာ သီဟရာဇာဘုရင့်ထံမှ စေလွှတ်လိုက်တဲ့ သူလျှိုလို့ လူဗိုလ်ပုံအလယ်မှာပြောသွားတာကို စစ်သူကြီး ကြားလိုက်တယ်မဟုတ်လား''

ဘုရင်မက မေးလိုက်ပြန်သည်။

''နားနှင့် ဆတ်ဆတ်ကြားခဲ့မိကြောင်းပါ''

စစ်သူကြီးဗန္ဓက,က အဖြေပေးလိုက်သည်။

''ကောင်းပြီ၊ မောင်ရွှေပပြောသည့်အတိုင်း မောင်ရွှေပသည် သီဟရာဇာဘုရင်ထံမှ စေလွှတ်လိုက်သည့်သူလျှို စင်စစ်ကေန်ဖြစ်သည်ဟုဆိုလျှင် မောင်ရွှေပအပေါ်တွင် စိတ်ချယုံကြည်စွာဖြင့် ဆက်ဆံသင့်ပါသလော။ သီဟရာဇာဘုရင်သည် ဓေတုတ္တရာနိုင်ငံတော်၏ ရန်သူဖြစ်သည်မဟုတ်ပါလော''

ဘုရင်မက မေးခွန်းထုတ်လိုက်ပြန်သည်။

စစ်သူကြီးဗန္ဓကသည် ဘုရင်မ၏မေးခွန်းကို ရုတ်တရက်အဖြေမပေးသေးဘဲ ဗိုလ်နန္ဒ၏ အင်္ဂါရုပ်ကို အတန်ကြာ အကဲခတ်၍နေပေ သည်။

''မှန်လှပါ။ ဘုန်းတော်ကြောင့် မောင်ရွှေပ အပေါ်တွင် ကျွန်တော်မျိုးကြီးအနေနှင့်ယုံကြည်စိတ်ချစွာ ဆက်ဆံသင့်သည်ဟု တစ်ထစ်ချမှတ်ယူမိကြောင်းပါ။ မောင်ရွှေပ၏အင်္ဂါရုပ်ကို ကြည့်ရှုခြင်းအားဖြင့် တကယ့်ယောကျ်ားပီသသူဖြစ်၍ စိတ်ချယုံကြည်စွာဖြင့် ဆက်ဆံသင့်ကြောင်း လျှောက်ထားသံတော်ဦးတင်ဝန်ပါသည်။ မောင်ရွှေပအတွက် ကျွန်တော်မျိုး ရဲရဲကြီးတာဝန်ခံဝန်ခံကြောင်းပါ''

စစ်သူကြီးဗန္ဓက,က လျှောက်ထားလိုက်သည်။

ဘုရင်မသည် သက်တော်ရှည် အမတ်ကြီး အား အမိန့်တော်မြတ် ချမှတ်လျှက်ရှိပေသည်။ ''ဝါးညှပ်ပြီးစစ်ဆေးရင် မှန်ရာကို အစစ်မခံဘဲ ဘုရင်မမျက်စေ့လည် လမ်းများသွားအောင် အစစ်ခံဘို့ လမ်းကများပါသဖြင့် ဝါးညှပ်ပြီး စစ်ဆေးခြင်း မပြုဘို့ တောင်းပန်ပါရစေ''

''စစ်သူကြီးက အာမခံရဲလှချည့်လား။ မောင်ရွှေပအကြောင်း ဘာများသိလို့ ခုလောက် အာမခံရဲရတာလဲဆိုတာ ဘုရင်မကို သံတော်ဦးတင်စမ်း''

''မှန်လှပါ၊ မောင်ရွှေပသည် သူ၏အသက်ကို လုံးဝပမာဏမထားဘဲ ဘီလူးတပိုင်း လူတပိုင်းလက်တွင်းမှ ကျွန်တော်မျိုး၏အသက် ကို ကယ်ဆယ်သည့် အသက်သခင် ကျေးဇူးရှင်ဖြစ်၍ ကျွန်တော်မျိုး အာမခံရခြင်းဖြစ်ပါသည်''

စစ်သူကြီးဗန္ဓက,က ပြန်လည်လျှောက်တင်လိုက်သည်။

''ထောင်မှူးကြီးချစ်ညီကကော ဘယ်လိုသဘောရသလဲ။ မောင်ရွှေပကို စိတ်ချရပုံ့မလား။ သူပြောတာတွေကို ယုံရမှာလား''

ဘုရင်မက ထောင်မှူးကြီးအား မေးလိုက်ပြန်သည်။

''စစ်သူကြီးဗန္ဓကသည် လူကဲခတ်ညံ့သူမဟုတ်ကြောင်းပါ။ မောင်ရွှေပ၏ အင်္ဂါရုပ်ကို ငဲ့အပြောအဆို ရဲရင့်ပုံကိုငဲ့၊ ဘီလူးတပိုင်း လူတပိုင်းဘေးရန်မှ စစ်သူကြီးဗန္ဓကအား သတ္တိပြောင်မြောက်စွာဖြင့် ဝင်ရောက်ကယ်တင်ခဲ့သည့်သတ္တိကို ထောက်ရှုခြင်းဖြင့်ငဲ့၊ မောင်ရွှေပသည် သာမာန်ယောကျ်ားမဟုတ် ယောကျ်ားကောင်းယောကျ်ားမြတ်တယောက် ဖြစ်ရမည် ဟု ကျွန်တော်မျိုးကြီး အကဲခတ်မိကြောင်းပါ။ ယမန်နေ့ညက အကျဉ်းထောင်အတွင်းမှာထား ရှိခဲ့စဉ်က မောင်ရွှေပ၏အမူအရာကို ကျွန်တော်မျိုးကြီးကိုယ်တိုင် ချောင်းမြောင်းကြည့်ရှုခဲ့ရာ တွင် မောင်ရွှေပသည် ဘုရားတရားကို ရိုသေကိုင်းရှိုင်းသူတယောက်ဖြစ်သည်ကို ကျွန်တော်မျိုးကြီးကိုယ်တိုင် သိရှိခဲ့ရသဖြင့် မောင်ရွှေပ အပေါ်တွင် ယုံယုံကြည်ကြည်နှင့် ဆက်ဆံသင့်သည်ဟု ကျွန်တော်မျိုး ရဲရဲကြီးအာမခံလိုပါသည်''

ထောင်မှူးကြီးချစ်ညီကပါ ဝိုလ်နန္ဒဘက်မှ ရွှေနေလိုက်ပေးလိုက်ပြန်သည်။

ဝိုလ်နန္ဒမှာမူ မိမိ၏ဂုဏ်ပုဒ်များကို ခွီးကျူးကာ လျှောက်တင်နေကြသည့် စစ်သူကြီးဗန္ဓကနှင့် ထောင်မှူးကြီးချစ်ညီတို့၏စကားများကို ကြားရသောအခါ မျက်နှာမထားတတ်အောင် ဖြစ်သွားပြီး ခေါင်းငိုက်စိုက်ချကာ နားထောင်၍နေပေသည်

''စစ်သူကြီးဗန္ဓက၊ စစ်သူကြီးရဲ့လူကို ကြည့်ပါဦး။ စစ်သူကြီးနဲ့ ထောင်မှူးကြီးက ချီးကျူးဂုဏ်ပြုတာကို မောင်ရွှေပက ရှက်နေတယ်ထင်တယ်။ ဂုဏ်ယူရမှာကို ဘာပြုလို့ ရှက်ပြီးခေါင်းငုံ့နေရတာလဲ''

စန္ဒာဒေဝီဘုရင်မသည် ခေါင်းငိုက်စိုက်ချပြီးနေသော ဗိုလ်နန္ဒအား မေးလိုက်သည်။

''ကျွန်တော့်အကြောင်း ကျွန်တော်အသိဆုံးပဲဗို့လို့ ကျွန်တော့်ကို ချီးကျူးနေပေမဲ့ ကျွန်တော် ဂုဏ်မယူနိုင်ပါ။ ကျွန်တော်ဟာ သာမန်လူထဲက လူတယောက်မျှသာဖြစ်ပါတယ်။ ဗိုလ်မှူးကြီးနဲ့ ထောင်မှူးကြီးတို့ ချီးကျူးသွားကြ သလို သူရဲကောင်းလဲ မဟုတ်ပါဘူး။ သူတော် စဉ်လဲ မဟုတ်ပါဘူး''

ဝိုလ်နန္ဒက ပြန်ပြောလိုက်သည်။

ထိုအတောအတွင်း ဘုရင်မ၏အဆောင်မှူးသည် ဘုရင်မ၏ရွှေတော်သို့ဝင်လာပြီး ခွေးတုပ်ခ,စားနေပေသည်။

''အဆောင်မှူး ဘာကိစ္စရွှေတော်ကြွက် ဝင်လာရတာလဲ''

ဘုရင်မက အဆောင်မှူးအား လှမ်းမေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

''မှန်လှပါ၊ သက်တော်ရှည်အမတ်ကြီးနဲ့ ရန်အောင်မြို့စားကြီး ဘုရင်မထံ ခ,စားဝင်ရန် ရောက်ရှိနေကြောင်း ရှိခိုးသံတော်ဦးတင်ဝန်ပါသည်''

အဆောင်မှူးက ရှိသေစွာသံတော်ဦးတင်လိုက်ရာ ဘုရင်မသည် အဆောင်မှူးအား ခေတ္တမျှ မျက်မှောင်ကုပ်ပြီး ကြည့်နေပေသည်။

''ကောင်းပြီ၊ သက်တော်ရှည်အမတ်ကြီးနဲ့ ရန်အောင်မြို့စားကြီးကို ရှေ့တော်သို့သွင်း စေ''

ဘုရင်မက အမိန့်တော်မြတ် ချမှတ်လိုက်ရာ အဆောင်မှူးသည် ဘုရင်မအား အလေးပြုပြီး အပြင်သို့ပြန်ထွက်သွားပေသည်။ မကြာမီ သက်တော်ရှည်အမတ်ကြီး ဦးပန်းဝါနှင့် ရန်အောင်မြို့စားကြီး မောင်ဒေဝတို့သည် ဘုရင်မ၏ရှေ့တော်မှောက်သို့ ဝင်ရောက်လာကြပေသည်။

BURMESE CLASSIC

အဝတ်း (၁၄)

စန္ဒာဒေဝီဘုရင်မသည် ဗိုလ်နန္ဒထံမှရရှိထားသည့်မြေပုံကို သလွန်ပေါ်တွင်ဖြန့်ပြထားပေရာ ထိုမြေပုံကို သက်တော်ရှည်အမတ်ကြီးနှင့် ရန်အောင်မြို့စားမောင်ဒေဝတို့သည် မျက်စေ့ကျွတ်မတတ် ဝိုင်းအုံပြီးကြည့်နေကြပေသည်။

''ဟောဒီမှာကြည့်စမ်း၊ စန္ဒာဒေဝီလို့ ရေးထားတာကို တွေ့တယ်မဟုတ်လား။ အဲဒီအောက်နှာမှာလဲ ကြက်ခြေတ်ထားတယ်။ ဒီနေရာဟာ ဘုရင်မရဲ့အဆောင်တော်ဘဲ။ ဟောဒါက ဘုရင်မရဲ့ဥယျာဉ်တော်၊ ဒါကနန်းမြင့်၊ ဒါက မြို့ရိုး၊ ဒီဟာက သီဟာသနပလ္လင်''

စန္ဒာဒေဝီဘုရင်မသည် မြေပုံကို လက်ညှိုးနှင့်ထောက်ပြရင်း တခုပြီးတခု ရှင်းပြနေပေသည်။

''နန်းမြင့်နဲ့ ဘုရင်မရဲ့အဆောင်အကွာအဝေးကိုလဲ ခြေလှမ်းနဲ့ခြေထားတယ်။ နန်းမြင့်ကနေပြီး မြို့ရိုးအထိ အကွာအဝေးကိုလဲ ခြေလှမ်းနဲ့ခြေထားတာ တွေ့ရပြန်တယ်။ ဒီမြေပုံရေးဆွဲတဲ့လူဟာ ဘုရင်မနန်းတော်ရဲ့ အတွင်းအပြင်ကို နှံ့နှံ့စပ်စပ်သိတဲ့လူဖြစ်ရမယ်။ နန်းတော်အတွင်းအပြင်ကို ခုလောက်နှံ့နှံ့စပ်စပ်သိတဲ့လူဟာ ဘယ်နည်းနဲ့မှ အပြင်လူမဟုတ်နိုင်ဘူး။ အတွင်းလူသာဖြစ်ရမယ်''

ဘုရင်မရှင်းပြလိုက်ရာ သက်တော်ရှည်အမတ်ကြီး ဦးပန်းဝါသည် မြေပုံကို စားမတတ်, ဝါးမတတ်ကြည့်ရင်း လေးလေးနက်နက် စဉ်းစားရှာနေပေသည်။

''အတွင်းလူရေးဆွဲတဲ့ မြေပုံဆိုတာက တော့ သိပ်ထင်ရှားနေတာဘဲ။ မြွားပြထားတာက ဘာသဘောလဲမသိဘူး''

သက်တော်ရှည်အမတ်ကြီးဦးပန်းဝါ သည် တယောက်တည်း ပြောသလို ပါးစပ်မှ ရေရွတ်ရှာနေပေသည်။

''ဒီမြေပုံဟာ အတွင်းလူရေးဆွဲတဲ့မြေပုံဆိုတာကတော့ သံသယရှိဘို့ မလိုပါဘူး။ ဒါပေမဲ့ ဒီမြေပုံဟာ သုဝနဘုရင်အတွက် ရေးဆွဲပေးတဲ့မြေပုံလား။ ဒါမှမဟုတ် သီဟာဇာဘုရင်အတွက် ရေးဆွဲပေးတဲ့ မြေပုံလားဆိုတာ ဘယ်သူမှ အတတ်မပြောနိုင်ဘူး''

ရန်အောင်မြို့စားကြီး မောင်ဒေဝက စောဒကတက်လိုက်သည်။

''ကဲ . . မောင်ရွှေ၊ အနားကိုတိုးပါဦး။ ဒီမြေပုံကို ဘယ်ပုံဘယ်နည်းရလာတယ်ဆိုတာ မြို့စားကြီးကို ရှင်းပြလိုက်စမ်းပါ။ သမားတော်ကြီးဦးကဝိနဲ့ တွေ့ဆုံပုံတွေပါ အားလုံးပြောပြလိုက်ပါ''

ဘုရင်မသည် ထင်းနှင့်မနီးမဝေးတွင် မတ်တပ်ရပ်ပြီးကြည့်နေသော ဗိုလ်နန္ဒအား အပါးသို့ခေါ်ပြီး အမိန့်ပေးလိုက်သည်။

ဗိုလ်နန္ဒသည် ဘုရင်မအနီးသို့တိုးလာပြီး မြေပုံရရှိခဲ့ပုံနှင့်တကွ အောက်လမ်းဆရာကြီး ဦးကဝိနှင့်တွေ့ခဲ့ပုံများကို ခရေစေ့တွင်းကျ ပြောပြနေပေရာ သက်တော်ရှည်အမတ်ကြီးဦးပန်းဝါနှင့် မြို့စားကြီးမောင်ဒေဝတို့သည် စိတ်ဝင်စားစွာဖြင့် နားထောင်နေကြပေသည်။

''ဦးကဝိဆိုတဲ့လူဟာ နန်းတွင်းသူတွေကို ဝိယဆေးတွေပေးပြီး ဖျက်ဆီးနေတဲ့အတွက် ဘုရင်မဒဏ်ခတ်ပြီး နှင်ထုတ်လိုက်တဲ့ သမားတော်ကြီးမဟုတ်လား။ ဒီသမားတော်ကြီးဟာ တကယ့်ကို လူယုတ်မာကြီးဘဲ''

ရန်အောင်မြို့စားကြီးက ဝင်ပြီးပြောလိုက်သည်။

''ခုမှ လူယုတ်မာကြီးလို့ပြောနေ။ ဘုရင်မက ဦးကဝိကို သေဒဏ်အမိန့်ချမှတ်မယ်လုပ်တုံးက ရန်အောင်မြို့စားကြီးကဘဲ ဝင်ပြီး အသက်ဘေးမှ ချမ်းသာပေးဘို့လျှောက်တင်ခဲ့လို့ သေဒဏ်မပေးဘဲ နယ်နှင်ဒဏ်ပေးခဲ့ရတယ် မဟုတ်လား။ ဟိုတုံးကသာ သေဒဏ်ပေးလိုက်ရင် တမီးအေးသွားမှာ။ ဒါဟာ ဘုရင်မအဘို့ သခ်ၤာစာဘဲ။ ဒီနေ့ကစပြီး ဘယ်သူကိုမှ သက်သက်ညှာညှာစဉ်းစားလို့ မဖြစ်တော့ဘူး။ သူလျှိုမှန်သမျှ သေဒဏ်ပေးပစ်မှ တော်မယ်''

ဘုရင်မသည် ဒေါသအလျောက်ပြောလိုက်သည်။

''သူလျှိုကို သေဒဏ်ပေးတာကအရေးမကြီးဘူး၊ ဘယ်သူဟာ သူလျှိုဆိုတာသိဘို့က အရေးကြီးတယ်''

သက်တော်ရှည်အမတ်ကြီးက ဝင်ထောက်လိုက်သည်။

''ဒါက လွယ်ပါတယ်။ စောစောက မောင်ရွှေပကို စစ်ဆေးတုံးက သူလျှိုတွေ အလျှိုအလျှို ထွက်လာကြတာ သတိမပြုမိကြဘူးလား။ ဘုရင်မတော်ရှိတဲ့ [illegible] ကောင်းကောင်းကြီး မှတ်ထားတော်မူသည်။ စန္ဒာဒေဝီဘုရင်မက ပြန်မြွှာလိုက်သည်

''ဘယ်သူတွေလဲဆိုတာ သိချင်နိုင်ပါ့လား''

ရန်အောင်မြို့စားကြီးက မေးလိုက်သည်။

''ဒီမှာ မောင်ရွှေ၊ စောစောက မောင်ရွှေပကို ဒါးမြွောင်နဲ့လှမ်းပစ်လိုက်တဲ့လူကို မောင်ရွှေပ မြင်လိုက်တယ် မဟုတ်လား''

စန္ဒာဒေဝီဘုရင်မက ရန်အောင်မြို့စားကြီး၏မေးခွန်းကို တိုက်ရိုက်မဖြေဘဲ ဗိုလ်နန္ဒအား မေးခွန်းထုတ်လိုက်သည်။

''လူမြင်ရင်တော့ မှတ်မိပါတယ်။ ဘယ်သူဘယ်ဝါဆိုတာတော့ ကျွန်တော် မသိဘူး''

''ဘယ်သူဘယ်ဝါဆိုတာ ဘုရင်မသိတယ်။ မောင်ရွှေပကို ဒါးမြွောင်နဲ့လှမ်းပေါက်လိုက်တဲ့လူဟာ တခြားလူမဟုတ်ဘူး။ ခေတ္တရာမြို့စားကြီး မောင်ဝဏ္ဏဘဲ''

ဘုရင်မက ပြန်ပြောလိုက်ရာ သက်တော်ရှည်အမတ်ကြီးနှင့် ရန်အောင်မြို့စားကြီးသည် အံ့အားသင့်သွားကြပုံရပေသည်။

''ဘုရင်မပြောတာ ဖြစ်နိုင်တယ်။ ဒါးမြွောင်လာတဲ့လမ်းကိုကြည့်ရင် ဘုရင်မရဲ့လက်ဝဲဘက်ကထွက်လာတာဖြစ်တဲ့အတွက် ခေတ္တရာမြို့စားရဲ့လက်ချာဆိုတာ ဖြစ်နိုင်တယ်''

သက်တော်ရှည်အမတ်ကြီးက စဉ်းစဉ်းစားစားပြောလိုက်သည်။

''ခေတ္တရာမြို့စားက ဘာဖြစ်လို့ မောင်ရွှေပကို ဒါးနဲ့လှမ်းပြီးပေါက်ရသလဲ။ ဘုရင်မ စဉ်းစားလို့ရသလောက်ဆိုရင် မောင်ရွှေပပြောတဲ့ စကားတွေဟာ သွေးထွက်အောင်မုန်နေတဲ့အတွက် မောင်ရွှေပရှေ့ဆက်ပြီးမပြောနိုင်အောင် တစ်ခါထဲ အသေသတ်ပစ်ဘို့ ကြံစည်တာဘဲ ဖြစ်ရမယ်။ မောင်ရွှေပရှေ့ဆက်ပြီး ပြောမဲ့စကားတွေကို ဘာကြောင့်ကြောက်ရသလဲ။ သူမှာ အပြစ်ရှိလို့ မဟုတ်လား။ ဒါကိုကြည့်ခြင်းအားဖြင့် ခေတ္တရာမြို့စားဟာ သုဝနနဲ့ အဆက်အသွယ်ရှိတယ်ဆိုတာ ထင်ရှားနေတယ်''

စန္ဒာဒေဝီဘုရင်မက မိမိယူဆချက်ကို ထုတ်ဖော်ပြောဆိုလိုက်သည်။

''ဘုရင်မရဲ့အယူအဆဟာ အလွန်တရာမှ မှန်ကန်တဲ့အယူအဆဖြစ်ပါတယ်။ ကျွန်တော်မျိုးကိုယ်တိုင်လဲ မောင်ရွှေပကို ဒါးမြွောင်နဲ့လှမ်းပြီးပေါက်လိုက်တဲ့သူဟာ သုဝနရဲ့ သူလျှိုဖြစ်ရမယ်လို့ တွက်ကိန်းချထားပြီးဖြစ်ကြောင်းပါ။ သို့သော် ဒါးမြွောင်နဲ့ ပေါက်သူမှာ မည်သူသည် ဝါဖြစ်နေသည်ကို မသိသဖြင့်သာ ထုတ်တော်ပြောဆိုခြင်းမပြုဘဲ နေခြင်းဖြစ်ကြောင်းပါ''

သက်တော်ရှည်အမတ်ကြီး ဦးပန်းဝါ [illegible] မိမိယူဆချက်ကို ထုတ်တော်မူသည်

www.burmeseclassic.com

www.burmeseclassic.com

တင်လိုက်သည်။

''ဒီတော့ကာ စေတုတ္တရာနိုင်ငံတော်ကို ဒုက္ခပေးမဲ့ သုဓနရဲ့သူလျှိုယုတ် ခေတ္တရာမြို့စား မောင်ဝဏ္ဏကို ခုချက်ချင်း ဖမ်းဆီးချုပ်နှောင်ပြီး နက်ဖန်နံနက် အာရုံတက်ချိန်တွင် ကြိုးပေးသတ်စေ။ ကြိုးပေးမသတ်မီ သူတို့ရဲ့အကြံအစည်တွေပေါ်အောင် ဝါးညှပ်ပြီး စစ်ဆေးရမယ်''

ဘုရင်မသည် သက်တော်ရှည်အမတ်ကြီးအား အမိန့်တော်မြတ်ချမှတ်လျက်ရှိပေသည်။

''ဝါးညှပ်ပြီးစစ်ဆေးရင် မှန်ရာကိုအစစ်မခံဘဲ ဘုရင်မမျက်စေ့လည် လမ်းမှားသွားအောင်အစစ်ခံတို့ လမ်းကများပါသဖြင့် ဝါးညှပ်ပြီး စစ်ဆေးခြင်းမပြုဘို့ တောင်းပန်ပါရစေ''

ဗိုလ်နန္ဒက ကြားမှဝင်ပြီးပြောလိုက်သည်။

''မောင်ရှုပ တိတ်တိတ်နေစမ်း။ ကိုယ့်အရာမဟုတ်ဘဲ ဝင်မစွက်စမ်းနဲ့''

ဘုရင်မက ငေါက်လိုက်သည်။

''ကျွန်တော်မျိုး လျှောက်တင်ပါရစေ''

ရန်အောင်မြို့စားကြီးက ဘုရင်မအား လျှောက်တင်ရန် စကားစ,လိုက်သည်။

''ဘယ်သူလျှောက်တင်တာကိုမှ ဘုရင်မ မကြားလိုဘူး။ ဘုရင်မရဲ့အမိန့်တော်ကိုသာ နာခံကြပါ''

ဘုရင်မက ရန်အောင်မြို့စားကြီးအား လက်ကာပြပြီးပြောလိုက်ရာ ရန်အောင်မြို့စားကြီးမှာ ရှေ့ဆက်ပြီး သံတော်ဦးမတင်ဝန့်တော့ဘဲ ငြိမ်သွားပေသည်။

''မောင်ရှုပကို ခေတ္တရာမြို့စားကြီးက ဒါးနဲ့လှမ်းပေါက်ပြီးတဲ့နောက် ဒါးဆွဲပြီးထွက်လာတဲ့လူတွေကို သက်တော်ရှည်အမတ်ကြီး သတိထားမိသလား''

''ဘရုတ်သုက္ခဖြစ်နေလို့ မည်သူမည်ဝါဆိုတာကို သတိမထားလိုက်မိကြောင်းပါ''

သက်တော်ရှည်အမတ်ကြီး ဦးပန်းဝါက ပြန်လည်လျှောက်တင်လိုက်သည်။

''ဘုရင်မတော့ ကောင်းကောင်းကြီးမှတ်မိတယ်။ အဲဒီလို ဒါးဆွဲပြီးထွက်တဲ့ လူ ၄ ယောက်အနက် ရှေ့ဆုံးကထွက်လာတဲ့ လူ ဟာ တခြားလူမဟုတ်ဘူး။ ပါဒမြို့စားမောင်ဒီပ ဆိုတာ ဘုရင်မ ကောင်းကောင်းကြီးမှတ်သားထားလိုက်တယ်။ ပါဒမြို့စား မောင်ဒီပကိုလဲ ခေတ္တရာမြို့စား မောင်ဝဏ္ဏကဲ့သို့ပင် ဝါးညှပ်စစ်ဆေးပြီး ကြိုးပေးသတ်စေ''

စန္ဒာဒေဝီဘုရင်မက အမိန့်ပေးလိုက် သည်။

''ခုလို သူလျှို ၂ ဦးကို ဝါးညှပ်စစ်ဆေးပြီး ကြိုးဒဏ်ပေးလိုက်ရင် ကျန်တဲ့သူလျှိုတွေကို သတိပေးလိုက်သလို ဖြစ်သွားမှာကိုလဲ သတိပြုတော်မူပါ''

ဗိုလ်နန္ဒက ဝင်ပြီးပြောလိုက်ပြန်သည်။

''မောင်ရှုပနဲ့မဆိုင်တဲ့ကိစ္စကို ဝင်ပြီးမစွက်ပါနဲ့လို့ ဘုရင်မ တားမြစ်ထားပါလျက် ဘာဖြစ်လို့ ဝင်စွက်နေရပြန်တာလဲ။ ဘုရင်မရဲ့အမိန့် ကို လွန်ဆန်တယ်ပေါ့လေ''

စန္ဒာဒေဝီဘုရင်မသည် ဗိုလ်နန္ဒအား ဒေါသသံနှင့်ပြောလိုက်သည်။

''ဘုရင်မရဲ့အမိန့်ကို လွန်ဆန်တယ်ဆိုပြီး အပြစ်ပေးလိုက ပေးတော်မူပါ။ သို့ရာတွင် ကျွန်တော်ခုလိုသတိပေးရခြင်းမှာ ဘုရင်မနဲ့စေတုတ္တရာနိုင်ငံတော်အတွက် သတိပေးနေရခြင်း ဖြစ်ပါတယ်။ သုဓနရဲ့အကြံအစည်ဟာ ဘယ်အထိခရီးရောက်နေပြီဆိုတာကို ဘယ်သူမှမသိနိုင် ပါ။ ဘုရင်မသိသော သူလျှို ၂ ဦးအပြင် ကျန်သူလျှိုများမှာ မည်သူမည်ဝါဖြစ်သည်ကိုလည်း မသိရသေးပါ။ သူလျှိုများတွင် နောက်လိုက်အင်အားမည်မျှရှိ၍ နန်းတော်တွင်း၌ မည်ရွေ့မည်မျှရောက်ရှိနေသည်ကိုလည်းမသိရပါ။ အကယ်၍ ဤသူလျှို ၂ ယောက်ကို ဝါးညှပ်စစ်ဆေးပြီး သေဒဏ်ပေးလိုက်မည်ဆိုပါက ကျန်သူလျှိုများအား သတိပေးလိုက်သလိုဖြစ်သွားပြီး ယမ်းပုံမီးကျသလို ပေါက်ကွဲလျှင်လည်း ပေါက်ကွဲနိုင်ပါသည်။ ပေါက်ကွဲနိုင်သည့်အခြေအနေမရှိသေးလျှင်လည်း လွတ်ရာကျွတ်ရာသို့တိမ်းရှောင်ပြီး အင်အားအသစ်တဖန်စုဆောင်းကာ အလစ် တွင် ဝင်ပြီးစီးနိုင်သည်ကိုလည်း သတိမမေ့ သင့်ပါ''

ဗိုလ်နန္ဒက ရဲရင့်စွာပြန်ပြောလိုက်သည်။

''မောင်ရှုပပြောသော စကားများမှာ အလွန်တရာအဘိုးထိုက်တန်သည့် စကားများဖြစ်သည်သာမက ဘုရင်မနဲ့ စေတုတ္တရာနိုင်ငံတော်၏ အကျိုးကိုရှေ့ရှုပြီး သတိပေးခြင်းဖြစ်၍ မောင်ရှုပ လျှောက်တင်သည့်စကားများကို လေးလေးနက်နက် စဉ်းစားသင့်ကြောင်း ကျွန်တော်မျိုးကြီး လျှောက်ထားသံတော်ဦးတင်ပါသည်''

ဘုရင်မနှင့် ဗိုလ်နန္ဒတို့ အပြန်အလှန်ပြောဆိုနေသည့် စကားများကို နားထောင်နေသည့် စစ်သူကြီးဗန္ဓကသည် ဗိုလ်နန္ဒဘက်မှဝင်ပြီး လျှောက်လဲချက်ပေးလိုက်သည်။

''ကျွန်တော်မျိုးလဲ စစ်သူကြီးဗန္ဓကနှင့် ထပ်တူထပ်မျှပင် ထင်မြင်ယူဆကြောင်းပါ။ ဤကိစ္စကို အဆောတလျင်အရေးမယူဘဲ စဉ်းစဉ်းစားစား ချိန်ချိန်ဆဆအရေးယူမှသာ သင့်လျော်ပါလိမ့်မည်။ တချက်မှားသွားလျှင် တနိုင်ငံလုံး ငါးပါးမွှောက်နိုင်သည်ကို သတိပြုတော်မူပါ''

သက်တော်ရှည်အမတ်ကြီး ဦးပန်းဝါက ဗိုလ်နန္ဒ၏အယူအဆကို သဘောကျသဖြင့် ဝင်ပြီးထောက်ခံလိုက်ပြန်သည်။

''သက်တော်ရှည်အမတ်ကြီး ပြောတာက တော့ ဟုတ်ပါပြီ။ ဒါပေမဲ့ မောင်ရှုပဆိုတဲ့လူက ဘယ်သူလဲ။ သူပြောတဲ့စကားတွေကို ယုံကြည်ရမှာလား''

ရန်အောင်မြို့စားကြီး မောင်ဒေဝက သက်တော်ရှည်အမတ်ကြီးဦးပန်းဝါအား စောဒကတက်လိုက်သည်။

''မောင်ရှုပရဲ့စကားကို ယုံကြည်ထိုက်ကြောင်း ကျွန်တော်မျိုး ရဲရဲကြီးအာမခံတာခံဝန်ကြောင်းပါ။ မောင်ရှုပသည် ဘုရင်မနှင့် စေတုတ္တရာနိုင်ငံတော်အတွက် တကယ်ပင် စေတနာထားသူဖြစ်သည်မှာ ယုံမှားဘွယ်ရာမရှိကြောင်းပါ။ မောင်ရှုပအတွက်ဆိုလျှင် ကျွန်တော်မျိုးကိုယ်တိုင် အသက်နှင့်လဲပြီး အာမခံဝန်ကြောင်းပါ''

စစ်သူကြီးဗန္ဓက,က ဘုရင်မအား လျှောက်တင်လိုက်ပြန်သည်။

စန္ဒာဒေဝီဘုရင်မမှာမူ မိမိအား ငယ်ရွယ်စဉ်ကပင် ထီနန်းကျောင်းလာခဲ့သည့် လူယုံတော်ကြီးများဖြစ်သော သက်တော်ရှည်အမတ်ကြီး ဦးပန်းဝါနှင့် စစ်သူကြီးဗန္ဓကတို့၏ လျှောက်တင်ချက်များကို ကြားရသောအခါ မည်ကဲ့သို့အဆုံးအဖြတ်ပေးရမည်မသိဘဲ တွေဝေ၍သွားပြန်သည်။

''ကောင်းပြီ၊ ဘုရင်မအပေါ်တွင် သစ္စာရှိကြတဲ့ စစ်သူကြီးဗန္ဓကနဲ့ သက်တော်ရှည်အမတ်ကြီး ဦးပန်းဝါတို့ရဲ့ အာမခံချက်အရ မောင်ရှုပအပေါ်တွင် ဘုရင်မ ခွင့်လွှတ်တော်မူ

BURMESE CLASSIC .com

ဗိုလ်နန္ဒက မိမိ၏ နှလုံးရည်လမ်းစဉ်ကို ခင်းကျင်းပြလိုက်သည်။ ''ခုလို ကျေညာချက် ထုတ်တော့ ဘာ အကြောင်းထူးဦးမှာလဲ'' ဘုရင်မက မေးလိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

တယ်။ စောစောကအဖြစ်အပျက်များကို ပြန်လည်စဉ်းစားမိသောအခါတွင်လည်း မောင်ရှုပသည် သူလျှိုများထုတ်ဖော်နိုင်ရေးအတွက် သူကိုယ်သူ ဒါးစာခံအဖြစ် အသက်ကိုပမာနမထား ဘဲ စွန့်စားဝန်ထမ်းခဲ့သူဖြစ်သဖြင့် မောင်ရှုပသည် ဘုရင်မတော်ရန်သူဖြစ်သော သီဟရာဇာဘုရင့်ထံမှ စေလွှတ်လိုက်သည့် သူလျှိုပင်ဖြစ်စေကာမူ မောင်ရှုပပြောစကားများကို ယုံကြည်တော်မူသည်။ သို့သော် . . .''

စန္ဒာဒေဝီဘုရင်မသည် စကားဆုံးအောင် မပြောဘဲ ဖြတ်ထားလိုက်ပြီးလျှင် ဗိုလ်နန္ဒအား ခြေဆုံးခေါင်းဆုံးကြည့်၍ နေပေသည်။

''မောင်ရှုပဟာ စကားအရာတွင် ကြွယ်ဝသူဖြစ်သည့်အပြင် သူကိုယ်သူ နှလုံးရည်လက်ရုံးရည်နှင့်ပြည့်စုံပြီး ပရိယာယ်ဝေဝုစ်အရာတွင် ကျွမ်းကျင်လိမ်မာတယ်လို့ ကြွားလုံးကြီးသူဖြစ်သဖြင့် ကြွားလုံးကြီးသလောက် ပရိယာယ်ဝေဝုစ်အရာတွင် တကယ်ကြွယ်ဝသည် မကြွယ်ဝသည်ကို ဘုရင်မကိုယ်တော်တိုင် စမ်းသပ်တော်မူမည်''

စန္ဒာဒေဝီဘုရင်မသည် ဗိုလ်နန္ဒအား စေ့စေ့ကြည့်ရင်း ပြောလိုက်ရာ ဗိုလ်နန္ဒသည် ရင့်ကြက်သည့်ကုန်ခြေဖြင့် ဘုရင်မတော်စကားကို နားထောင်၍နေပေသည်။

''ကဲ . . . မောင်ရှုပ၊ ဘုရင်မကိုယ်တော်တိုင် ထင်ထင်ရှားရှား သိမြင်ထားတဲ့ သုဓနုရဲ့ သူလျှို ၂ ဦးကို ဝါးညှပ်စစ်ဆေးပြီး သေဒဏ်ပေးဘို့ ဘုရင်မအမိန့်ချမှတ်တာကို ဘာဖြစ်လို့ ဟန့်တားရတာလဲ။ ဘုရင်မချမှတ်တဲ့အမိန့် ထက်ကောင်းတဲ့နည်းပရိယာယ်ရှိရင် ဘုရင်မ ကို လျှောက်တင်စမ်းပါ''

စန္ဒာဒေဝီဘုရင်မက ဗိုလ်နန္ဒအားမေးခွန်းထုတ်ရင်း အကြံတောင်းလိုက်သည်။

''ကောင်းလှပါပြီ၊ ကျွန်တော် ဥဏှိမိသလောက် အကြံပေးပါမည်။ ဘုရင်မထံတွင် ခ,စားလျက်ရှိနေသူများထဲတွင် ဤသူ ၂ ဦးကို သာ သုဓနု၏ဘက်တော်သား သူလျှိုဖြစ် ကြောင်း မသက်ဘဲ ယုံရာ တွေ့ရှိရပါသည်။ ကျန်သူလျှိုများမှာ မည်သူမည်ဝါဖြစ်သည်ကို မသိရသေးပါ။ ဤနန်းတော်ထဲတွင် သုဓနုဘက်တော်သား မည်ရွေ့မည်မျှရှိသည်ကို လည်း မသိနိုင်ပါ။ ဤသူလျှို ၂ ဦးသည် ယခုအချိန်မှာပင်လျှင် ၎င်းတို့အပေါ်တွင် ဘုရင်မ မယုံသက်ဘဲဖြစ်နေကြောင်းကို ၎င်းတို့၏ ဘက်တော်သားများထံ လျှို့ဝှက်စွာသတင်းပေးပို့ပြီး ရှေ့အဘို့ မည်သို့ကြံစည်သင့်သည်ကို တိုးတိုးတိတ်တိတ် တိုင်ပင်နေကြမည်မှာ မလွဲပါ''

ဗိုလ်နန္ဒက အခြေအနေကိုရှင်းပြလိုက်ရာ စန္ဒာဒေဝီဘုရင်မသည် မိမိစိတ်ကိုပင် မိမိမလုံတော့ဘဲ မျက်နှာပျက်၍နေပေသည်။

''ဘုရင်မသိသော သူလျှို ၂ ဦးကို ဝါးညှပ်ပြီး စစ်ဆေးရန် ဖမ်းဆီးလိုက်သည်နှင့် တပြိုင်နက် ကျန်သူလျှိုများအား သတိပေးလိုက်သလိုဖြစ်သွားပြီး ချက်ချင်း ထကြွတော်လှန်ပြီး ဘုရင်မအား ဖမ်းဆီးကာ သုဓနုလက်သို့ အပ်ကောင်းအပ်ပါလိမ့်မည်။ ထကြွပုန်ကန်ရန် အင်အားမရှိသေးလျှင်လည်း ခြေရာဖျောက်ပြီးနေကြပါလိမ့်မည်။ ခြေရာဖျောက်ပြီးနေကြမည်ဆိုလျှင် သူလျှိုများကို မိအောင်ဖမ်းဆီးရန် လွယ်ကူတော့မည်မဟုတ်သည်ကိုလည်း သတိပြုသင့်ပါသည်''

ဗိုလ်နန္ဒက ဆက်လက်၍ အခြေအနေကို ရှင်းပြနေပြန်သည်။

''ဒီလိုဆိုရင် ဘာလုပ်ရမလဲ။ ဒါကိုလဲ ပြောဦးမှပေါ့''

စန္ဒာဒေဝီဘုရင်မသည် စိတ်မရှည်နိုင်တော့ဘဲ ဝင်ပြောလိုက်သည်။

''ဘာလုပ်သင့်တယ်ဆိုတာကို ကျွန်တော် ဆက်ပြီး အကြံပေးပါ့မယ်။ ပဌမအချက်က တော့ ဘုရင်မ သေဒဏ်ပေးဘို့ကြံရွယ်ထား တဲ့ သူလျှို ၂ ဦးအပေါ်မှာ လုံးဝအရေးမယူဘဲ မသိချင်ဟန်ဆောင်နေဘို့ပင် ဖြစ်ပါတယ်။ သူတို့ရဲ့ အသွားအလာများကို မျက်ခြေမပြတ် စောင့်ကြည့်ဘို့လဲ လူယုံတော်တွေ လွှတ်ထားဘို့ လိုပါတယ်''

ဗိုလ်နန္ဒက အကြံပေးလိုက်သည်။

''ပဌမအချက်ကတော့ ဟုတ်ပြီး ဒုတိယ အချက်က ဘာလဲ''

ဘုရင်မက မေးလိုက်ပြန်သည်။

''ဒုတိယအချက်ကတော့ ဘုရင်မကိုယ်တော်တိုင် ကျေညာချက်တစောင် ထုတ်ပြန်ဘို့ဘဲဖြစ်ပါတယ်။ ဒီကျေညာချက်ကတော့ တခြားမဟုတ် စေတုတ္တရာနိုင်ငံတော်အတွင်းရှိ ဘုရင်မရဲ့ လက်အောက်ခံအရာထမ်း အမှုထမ်းများ လောကတွင် သုဓနုဘက်တော်သားများ ရှိနေသည်ကို ဘုရင်မသိရှိတော်မူကြောင်း၊ သို့သော် ဘုရင်မသည် သဘောထားကြီးစွာ ဖြင့် သုဓနုဘက်တော်သား သူလျှိုများအပေါ် တွင်ငဲ့တို့၏ ပြီးခဲ့သည့်ကာလက အမှားများ ကို ခွင့်လွှတ်ခါ လုံးဝလွှတ်ငြိမ်းချမ်းသာခွင့်ပေးမည်ဖြစ်ကြောင်း၊ သို့ရာတွင် ရှေ့အဘို့၌ ဘုရင်မနဲ့နိုင်ငံတော်အပေါ်တွင် သစ္စာဖောက်ခါ သုဓနုအား ကာယကံ ဝစီကံများဖြင့် အားပေးကူညီမှုများ ပြုလုပ်ကြသည်ကို တွေ့ရှိပါက ခြေလွှဲလျှင်ခြေ၊ လက်လွှဲလျှင်လက်၊ နှုတ်လွှဲလျှင် နှုတ်ဆိုသလို ကျူးလွန်သမျှကို သည်းခံနေတော့မည်မဟုတ်ဘဲ သေဒဏ်ပေးသည်အထိ အရေးယူမည်ဖြစ်ကြောင်း အစရှိတဲ့ အချက်အလက်တွေပါရှိတဲ့ ကျေညာချက်တစောင် ထုတ်ပြန်ဘို့ဘဲ ဖြစ်ပါတယ်''

ဗိုလ်နန္ဒက မိမိ၏နှလုံးရည်လမ်းစဉ်ကို ခင်းကျင်းပြလိုက်သည်။

''ခုလို ကျေညာချက်ထုတ်တော့ ဘာ အကြောင်းထူးဦးမှာလဲ''

ဘုရင်မက မေးလိုက်ပြန်သည်။

''အများကြီး အကြောင်းထူးပါလိမ့်မယ်။ ဘုရင်မအပါးမှာ ခ,စားနေတဲ့ လူတွေထဲက သုဓနုဘက်တော်သား သူလျှိုအဖြစ်ကို သေလွန်ရှိသွားရတဲ့သူအချို့တွေ [illegible] ကို မြော်ကြီးပြီး [illegible]

www.burmeseclassic.com

www.burmeseclassic.com

နေကြသူများဖြစ်တယ်ဆိုတာ ယုံမှားဘွယ်ရာ မရှိပါ။ ခုလိုကိုယ်ကျိုးအတွက် သုဓနဘက် တော်သားဖြစ်ခဲ့ရတဲ့လူတွေဟာ ဘုရင်မရဲ့ ကျေးဇူးချက်ထွက်လာတာနဲ့ တပြိုင်နက် အလိုလို လိမ်ပြာလန်ပြီး သုဓနနဲ့ အဆက်ဖြတ်ခါ ဘုရင်မရဲ့ စေတုတ္တရာနိုင်ငံတော်အပေါ်မှာ သစ္စာရှိတဲ့ လူတွေဖြစ်လာနိုင်ပါတယ်။ ကျန်ရှိနေတဲ့ သူလျှို တွေကိုတော့ သူတို့ရဲ့စိတ်ဓာတ် တုန်လှုပ် ချော်ချားအောင် စိတ်ဓာတ်အရ တိုက်ပွဲဆင်လိုက်ရင် အလိုလိုထိတ်လန့်တုန်လှုပ်ပြီး သူတို့ရဲ့အမူအရာတွေ ပျက်လာပါလိမ့်မယ်''

ဗိုလ်နန္ဒက ရှင်းပြလိုက်သည်။ သို့ရာတွင် စန္ဒာဒေဝီဘုရင်မသည် သဘောပေါက်ဟန် မတူပေ။

''စိတ်ဓာတ်အရ တိုက်ပွဲဆင်မယ်ဆိုတာက ဘယ်လိုလဲ''

ဘုရင်မက မေးလိုက်သည်။

''ဒါကတော့ အင်မတန်နူးညံ့သိမ်မွေ့ပြီး ခက်ခဲနက်နဲတဲ့ ပညာပါ။ အခြေအနေကိုကြည့်ပြီး လုပ်ရမဲ့ အလုပ်လဲဖြစ်တဲ့အတွက် ကြိုတင်ပြီး ထုတ်ဖော်ပြောဆိုဘို့ မလွယ်ကူပါ။ သူလျှို တွေ စိတ်ဓာတ်ကျဆင်းအောင်လုပ်ဘို့ကတော့ ဘုရင်မရဲ့ စစ်သည်တော်တွေကို စုရုံးပြီး မကြာခဏ စစ်ရေးပြပေးပါ။ လေ့ကျင့်ခန်းများလဲ မကြာမကြာပြုလုပ်ပေးပါ။ ဟန်ဆောင်တိုက်ပွဲ များလဲ ဆင်နွှဲပေးဘို့ လိုပါလိမ့်မယ်။ တချို့နဲထဲမှာလဲ ဘုရင်မ စိတ်ချယုံကြည်ရတဲ့ လက်ရွေး စင်တွေကို ရွာဖွေစုဆောင်းပြီး နှန်းတွင်းနှန်းပြင်မှာ နေ့ရောညပါ အစောင့်ချထားပြီး နားနဲ့မျက်စေ့ကို ဖွင့်ထားကြဘို့ပဲ ဖြစ်ပါတယ်။ အထူး သဖြင့် ခုနှစ်ဉီးကြယ် ပြောင် အမြီးထောင်တဲ့ ညသန်းခေါင်အချိန်မှာ နှန်းတွင်းနှန်းပြင် အသွား အလာများကို စစ်ဆေးပြီး မသက်သာသူများကို ဖမ်းဆီးခြင်း စသည်များကို ပြုလုပ်ဘို့လိုပါ တယ်''

''ဘုရင်မအပေါ်မှာ သစ္စာရှိရှိနဲ့ စိတ်ချ ယုံကြည်ရတဲ့လူတွေကို ရွေးဘို့ဆိုတာက သိပ် မလွယ်ဘူး။ စောစောက တရားလွှတ်တော် တွင်းမှာ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်ကိုကြည့် ရင် ဘုရင်မဖြင့် ဘယ်သူကို စိတ်ချယုံကြည်ရ မလဲဆိုတာ မပြောတတ်အောင်ဖြစ်နေတာဘဲ''

''တခြားသူမရှိပေမဲ့ မောင်ရွှေတယောက် လုံး ရှိနေတယ်ဆိုတာတော့ ဘုရင်မ သိထား စေချင်ပါတယ်''

ဗိုလ်နန္ဒက ရင်ကော့ပြီး ပြောလိုက်သည်။

''အင်း . . . တယ်လဲအပြောကြီးတဲ့ လူ ဘဲ။ မောင်ရွှေတယောက်ထဲ ဘယ်လိုစွမ်း ဆောင်နိုင်မှာလဲ''

''နန်းတွင်းနှန်းပြင်တွင် ဝင်ထွက်သွားလာ ခွင့်ရမယ်ဆိုရင် သူလျှိုတွေရဲ့ အကြံအစည်ကို နည်းပရိယာယ်အမျိုးမျိုးဖြင့် ရအောင်ကြံဆောင် ဘို့ ခဲယဉ်းမည်မဟုတ်ပါ''

ဗိုလ်နန္ဒက ပြန်ပြီးလျှောက်တင်လိုက် သည်။

''မောင်ရွှေတယောက်ထဲ ခုလိုဝင်ထွက် သွားလာပြီး စနည်းနာမည်ဆိုရင် မောင်ရွှေရဲ့ အသက်ဘေးအန္တရာယ်အတွက် စိုးရိမ်ဘွယ်ရာ ရှိပါလိမ့်မယ်။ စောစောက တရားလွှတ်တော် မှာပင်လျှင် မောင်ရွှေကို သေကြောင်းကြံသူ တွေ အများကြီးထွက်လာတာကို သတိပြုမိ တယ်မဟုတ်လား''

စစ်သူကြီးဗန္ဓက,က ဗိုလ်နန္ဒအတွက် စိုးရိမ်သည့်အမူအရာဖြင့် ဝင်ပြောလိုက်သည်။

''စောစောက တရားလွှတ်တော်မှာ ဖြစ် ပျက်ခဲ့တဲ့ အဖြစ်အပျက်ကို သတိရလို့ ခုလို အကြံအစည်ရတာပါ။ ကျွန်တော့်ကို ငါးစာ အဖြစ်အသုံးချလိုက်ရင် သူလျှိုတွေဟာ တခါ ထဲလာဟပ်မှာဘဲမဟုတ်လား။ လာဟပ်တဲ့အခါ ဒီလူကိုမှတ်သားထားပြီး သူနောက်ကို မျက်ခြေ မပြတ်လိုက်ပြီးခြေရာခံရင် သူရဲ့အဖော်အပေါင်း တွေဟာ ဘယ်သူဘယ်ဝါဆိုတာ သိနိုင်မယ် မဟုတ်လား။ အဲဒီအခါကျတော့မှ အပေါင်း အဖော်အားလုံးကို တပြိုင်တည်းဖမ်းလိုက်ရင် ပိုပြီး ထိရောက်မယ် မဟုတ်လား''

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်

''ဒီအကြံကတော့ ကောင်းပါရဲ့။ ဒါပေမဲ့ သူလျှိုတွေကိုမိမှာကနောက် မောင်ရွှေအသတ် ခံရမှာက အရင်ဆိုသလို ဖြစ်မနေဘူးလား''

သက်တော်ရှည်အမတ်ကြီးက ဝင်ပြော လိုက်ပြန်သည်။

''ကျွန်တော့်အဖို့တော့ သေတာဟာ မဆန်းတော့ပါဘူး။ ကျွန်တော် ဒီလိုထွက်လာ ကတဲက အသေခံဘို့ထွက်လာခဲ့တာဘဲ။ ပြီး တော့ လူတယောက်ဟာ သေကံမရောက်သေး ရင် ဘယ်နည်းနဲ့မှ အသက်မပျောက်နိုင်ဘူးဆို တာ ကျွန်တော် စွဲစွဲမြဲမြဲယုံကြည်တယ်။ သေ ရမဲ့လူဟာ ကျောက်ဂူထဲမှာ ဝင်ပုန်းနေပေမဲ့ တနည်းနည်းနဲ့သေတာဘဲ သေနေ့မစေ့သေးတဲ့ လူကျတော့ ဘယ်လိုသတ်သတ် တနည်းနည်း နဲ့လွတ်လာတာဘဲ။ ဟောသက သူဌေးနိပါတ် တော်ကိုကြည့်ပါလား။ သူကို ဘယ်နည်းနဲ့မှ သတ်လို့မသေဘဲ သူဌေးကြီးဖြစ်လာရတာဘဲ မဟုတ်လား။ သေရမှာကို တွေးကြောက်နေလို့ အပိုဘဲ။ အမုန်အတိုင်း ပြောရမယ်ဆိုရင် ကျွန် တော် သေဘို့ကောင်းတာ ကြာလှပြီ။ ခုထက် ထိ မသေသေးတာကိုထောက်ရင် သေနေ့မစေ့ သေးလို့ဆိုတာ ကျွန်တော် ယုံကြည်တယ်''

ဗိုလ်နန္ဒက မိမိ၏သဘောထားကို ဖွင့်ဟ လိုက်သည်။

''သေရမှာကို မကြောက်ဘူးဆိုပါလား။ တယ်လဲ အကြွားကြီးတဲ့လူဘဲ''

ဘုရင်မက မဲ့ကာရွဲ့ကာဖြင့် ပြောလိုက် သည်။

''ကျွန်တော်မျိုးကြီးအနေနဲ့ကတော့ မောင်ရွှေကို လူကြွားတယောက်အနေနဲ့မမြင် ကြောင်းပါ။ ကျွန်တော်မျိုးကိုယ်တိုင် ရင်မဆိုင် ရဲတဲ့ ဘီလူးတပိုင်း လူတပိုင်းသတ္တဝါကြီးကို မောင်ရွှေပကိုယ်တိုင် ရဲရဲရင့်ရင့်ရင်ဆိုင်ပြီး ကျွန် တော်မျိုးကြီးရဲ့ အသက်ကိုကယ်တင်ခဲ့တာဟာ မျက်မြင်ကိုယ်တွေ့မို့လို့ မောင်ရွှေရဲ့ စွမ်းရည် သတ္တိကို ကျွန်တော်မျိုး ယုံကြည်အားကိုးမိ ကြောင်းပါ။ ယခုတဖန် မောင်ရွှေပေးသော အကြံဉာဏ်များမှ အလွန်တရာ သိမ်မွေ့နူးညံ့ လှသည်သာမက ခက်ခဲနက်နဲသည့်အကြံဉာဏ် များဖြစ်၍ လက်ရှိအခြေအနေအရ မောင်ရွှေ ပေးတဲ့ အကြံဉာဏ်ထက် ပိုပြီးကောင်းတဲ့အကြံ ဉာဏ်ကို မည်သူမှ ပေးစွမ်းနိုင်မည်မဟုတ် ကြောင်းပါ''

စစ်သူကြီးဗန္ဓကသည် ဗိုလ်နန္ဒဘက်မှ ရှေ့နေလိုက်ပေးလိုက်ပြန်သည်။

''စစ်သူကြီးရဲ့အသက်ကို မောင်ရွှေပက ဘယ်ပုံဘယ်နည်း ကယ်ဆယ်ခဲ့လို့လဲ''

ရန်အောင်မြို့စားကြီးက ဝင်ပြီးမေးလိုက် ပြန်ရာ စစ်သူကြီးဗန္ဓကသည် ယမန်နေ့ညက သေလောဂိရိတောင်ခြေရင်းတွင် ဖြစ်ပွားခဲ့သည့် အဖြစ်အပျက်များကို ခရေစေ့တွင်းကျ ပြောပြ နေပေသည်။

''ဒီလိုဆိုတော့လဲ သတ္တိကောင်းသားဘဲ။ ဒါပေမဲ့ ခုကိစ္စမှာက သတ္တိကောင်းရုံနဲ့မဖြစ်ဘူး။ နှလုံးရည်ပြည့်ဝဘို့ အရေးကြီးတယ်''

ရန်အောင်မြို့စားကြီးက ဗိုလ်နန္ဒကို ခြေ ဆုံးခေါင်းဆုံးကြည့်ရင်း ပြောလိုက်ပြန်သည်။

''နှလုံးရည်ပြည့်ဝတယ်၊ မပြည့်ဝဘူးဆို တာ အထူးပြောနေဘို့ လိုသေးသလား။ သူ ကိုယ်သူ ငါးစာအဖြစ် အသက်စွန့်ပြီး ပရိယာယ် ဆင်လိုက်လို့ စောစောက တရားလွှတ်တော် မှာ သူလျှိုတွေ ဣာန်ဖြေမဆည်နိုင်ဘဲ ဇာတိရုပ် ပေါ်လာကြရတယ် မဟုတ်လား။ မောင်ရွှေရဲ့ နည်းပရိယာယ်ဟာ တကယ့်ကိုချီးကျူးလောက် ပါပေတယ်''

သက်တော်ရှည်အမတ်ကြီး ဦးပန်းဝါက ဗိုလ်နန္ဒဘက်မှ ဝင်ပြီးထောက်ခံလိုက်ပြန်သည်။

''ကဲ . . . အခြေအတင် အငြင်းအခုံလုပ် နေလို့ မပြီးသေးဘူး။ မောင်ရွှေပေးတဲ့အကြံ ကို သက်တော်ရှည်အမတ်ကြီးနဲ့တကွ အားလုံး သဘောတူကြရဲ့လား။ ဒါမှမဟုတ် မောင်ရွှေ ပေးတဲ့အကြံထက် ကောင်းတဲ့အကြံကို ပေးနိုင် ကြသေးသလား။ အကြံပေးစရာရှိရင် ပေးကြ စမ်းပါ''

ဘုရင်မက ဝင်ပြီး မပြောလိုက်သဖြင့်

www.burmeseclassic.com

www.burmeseclassic.com

အားလုံး ငြိမ်သက်စွာ စဉ်းစားနေကြသည်။

''ကျွန်တော်မျိုးကြီးအနေနဲ့ကတော့ မောင်ရွှေပေးတဲ့အကြံထက် ပိုပြီးကောင်းတဲ့ အကြံ မပေးနိုင်ရိုး အမှန်ဖြစ်ကြောင်းပါ။ မောင်ရွှေပေးတဲ့အကြံကိုသာလျှင် ထောက်ခံလိုကြောင်း လျှောက်တင်ပါသည်''

စစ်သူကြီးဗန္ဓက.က ရှေးဦးစွာလျှောက်တင်လိုက်သည်။

''သက်တော်ရှည်အမတ်ကြီးကကော၊ ဘယ်လိုသဘောရသလဲ''

''ကျွန်တော်မျိုးအနေနဲ့လဲ မောင်ရွှေပြောတဲ့အကြံထက် ကောင်းတဲ့အကြံ မပေးနိုင်ကြောင်းပါ။ စောစောက တရားလွှတ်တော်တွင်းမှာ ဖြစ်ပျက်ခဲ့သည့်ဖြစ်ရပ်များကို ကြည့်ခြင်းအားဖြင့် မောင်ရွှေသည် တကယ်ပင်ဉာဏ်သွားသူဖြစ်သည်မှာ ထင်ရှားပါသဖြင့် မောင်ရွှေပေးသည့် အကြံဉာဏ်ကိုပင် လက်ခံသင့်သည်ဟု ယူဆမိကြောင်းပါ''

သက်တော်ရှည်အမတ်ကြီးက လျှောက်ထားလိုက်သည်။

''ရန်အောင်မြို့စားကြီးကကော''

''သက်တော်ရှည်အမတ်ကြီးနဲ့ စစ်သူကြီးဗန္ဓကတို့ သဘောတူပြီးဖြစ်၍ အထူးလျှောက်တင်စရာမရှိကြောင်းပါ''

ရန်အောင်မြို့စားကြီးသည် ဘုရင်မကိုယ်တိုင်က ဝိုလ်နန္ဒ၏အကြံပေးချက်ကို သဘောကျနေသည်ကို ရိပ်စားမိသဖြင့် အလိုလိုက်ပြီး အကြိုက်ကို လျှောက်တင်လိုက်သည်။

''ကောင်းပြီ၊ ဘုရင်မ အမိန့်တော်မှတ်မည်။ အမိန့်တော်နာခံ''

စန္ဒာဒေဝီဘုရင်မသည် အမိန့်တော်ပြန် ရန်ပဏာမပျိုးလိုက်ရာ သက်တော်ရှည်အမတ် ကြီး၊ စစ်သူကြီးဗန္ဓကနှင့် ရန်အောင်မြို့စားကြီး တို့သည် ဘုရင်မအပါးသို့တိုး၍ ခ,စားကြပေ သည်။ ဝိုလ်နန္ဒမှာမူ နဂိုရင်နေရာတွင် မတ်တပ်ရပ်မြဲရပ်၍နေပေသည်။

''သက်တော်ရှည်အမတ်ကြီး ဦးပန်းဝါမှာ ဉာဏ်ပညာအမြော်အမြင်နှင့် ပြည့်စုံသူဖြစ်သည်သာမက အတွေ့အကြုံဗဟုသုတကြွယ်ဝသူဖြစ်၍ အမတ်ကြီး၏အတွေ့အကြုံဗဟုသုတအပေါ်မှာ အခြေပြု၍ ဉာဏ်ကိုလွှာ၍သုံးပြီး လျှင် ဘုရင်မ၏ နိုင်ငံတော်လုံခြုံရေးအတွက် မောင်ရွှေပနှင့်တိုင်ပင်ပြီး တာဝန်မလစ်ဟင်းရအောင် ထမ်းရွက်ရမည်။ စစ်သူကြီးဗန္ဓကမှာမူ ယခုအချိန်ကအစပြုပြီး ဘုရင်မ၏ စစ်သည်တော်များကို ဆင့်ခေါ်ပြီး လေ့ကျင့်ခဏ်းများ လုပ်ရမည်။ စစ်ချီ၊ စစ်တက်၊ ဒါးခုတ်၊ လုံထိုး၊ စက်ကြိုး၊ ယန္တရား စသည်တို့ကို မပြတ်လစ်ရအောင် လေ့ကျင့်ရမည်။ တပ်ဆင်ရမည်။ အသင့်ပြင်ထားရမည်။ ရန်အောင်မြို့စားကြီးမှာမူ ခေတ္တရာမြို့စားနှင့် ပါဒမြို့စားများအား မျက်ခြေမပြတ်စေဘဲ ၎င်းတို့၏ သွားလာလှုပ်ရှားမှုများကို ဘုရင်မထံသံတော်ဦးတင်ရမည်။ ယနေ့ည နေဝင်ချိန်တွင် ဘုရင်မထံ အားလုံးလာရောက်ခစားပြီး နောက်ဆုံးအခြေအနေကို သံတော်ဦးတင်ကြရမည်။ ကဲ ညီလာခံစဲပြီ။ သက်တော်ရှည်အမတ်ကြီးဦးပန်းဝါ၊ စစ်သူကြီးဗန္ဓကနဲ့ ရန်အောင်မြို့စားကြီးတို့ ကိုယ်စီတာဝန်ထမ်းရွက်ရန် ဘုရင်မအပါးမှ ခွာနိုင်ပြီ။

ဘုရင်မက အမိန့်ပေးလိုက်ရာ သက်တော်ရှည်အမတ်ကြီးနှင့် ရန်အောင်မြို့စားကြီးသည် ဘုရင်မအား အရိုအသေပြုကာ ဘုရင်မအပါးမှ အသီးသီးထွက်ခွာသွားကြပေသည်။ စစ်သူကြီးဗန္ဓကနှင့် ဘုရင်မတို့၏ ခပ်လှမ်းလှမ်းတွင် ခ,စားလျက်ရှိသော ထောင်မှူးကြီးချစ်ညို တို့မှာမူ ဘုရင်မအပါးမှ မခွာသေးဘဲ ဝိုလ်နန္ဒအား ဘုရင်မက မည်သို့အမိန့်တော်မြတ် ချမှတ်မည်ကို စောင့်ရှုနေကြပေသည်။

''စစ်သူကြီးဗန္ဓက တာဝန်ထမ်းဆောင်ဘို့ သွားတော့လေ။ ဘယ်သူကို စောင့်နေတာလဲ''

ဘုရင်မက စစ်သူကြီးဗန္ဓကအား မေးလိုက်သည်။

''မောင်ရွှေပကို စောင့်နေတာပါ''

''မောင်ရွှေပကို ဘုရင်မမှာကြားစရာတွေ သေးရှိတယ်။ အပြင်ကနေပြီး စောင့်နေကြပေါ့''

ဘုရင်မက အမိန့်ပေးလိုက်သဖြင့် စစ်သူကြီးဗန္ဓကနှင့် ထောင်မှူးကြီးချစ်ညိုတို့သည် ဘုရင်မအား အရိုအသေပြုကာ ဘုရင်မ၏ အဆောင်ထဲမှ ထွက်သွားကြပေသည်။

အဆောင်ထဲတွင် ၂ ယောက်တည်းကျန်ရစ်ခဲ့သောအခါ ဘုရင်မသည် ဝိုလ်နန္ဒအား မကြည့်ဘဲ လေသာတံခါးမှ အပြင်သို့ မျှော်ကြည့် ပြီး သက်ပြင်းချလိုက်သည်။ ဝိုလ်နန္ဒမှာမူ ကျောက်ရုပ်ပမာ ဘုရင်မရှေ့တွင် မတ်တပ်ရပ်လျက် ဘုရင်မ၏ နတ်တမျှလှုပသည့်ရွယ်ရဲကို အနုလုံ,ပဋိလုံ အာရုံခံစားရှိနေပေသည်။

''ကဲ . . . မောင်ရွှေ၊ စောစောက သွက်လက်ချက်ချာသလောက် ခုဘာဖြစ်လို့ ဘုရင်မရှေ့မှာ ကျောက်ရုပ်ကြီးလို မတ်တပ်ရပ်ပြီး စကားမပြော တုံ့ဆိုဘာဝနဲ့ ဘာဖြစ်နေတာလဲ''

စန္ဒာဒေဝီဘုရင်မသည် လေသာပြူတင်းမှ လှမ်းမျှော်ကြည့်နေရာမှ ဝိုလ်နန္ဒဘက်သို့ ပြန်လှည့်ကြည့်ရင်း မေးလိုက်သည်။

''မတ်တပ်ရပ်နေတာကတော့ ဘုရင်မရှေ့မှာ ပုဆစ်ဒူးတုပ်ပြီး မထိုင်ချင်လို့ပါ။ စကားမပြောတာကတော့ ပြောစရာစကားမရှိလို့ဖြစ်ပါတယ်''

ဝိုလ်နန္ဒက ကွဲခြဲရေရပြန်ပြောလိုက်သည်။

''အင်း . . ဟုတ်သားပဲ။ စောစောကထဲက ဘုရင်မရှေ့မှာ ပုဆစ်ဒူးတုပ်ပြီး မထိုင်ချင်ဘူးလို့ ပြောခဲ့သားဘဲ။ ဘုရင်မရှေ့မှာ ပုဆစ်ဒူးတုပ်ပြီး မထိုင်ချင်ရင် ဟောဟိုဒေါင့်က သလွန်တခုဆွဲယူပြီးထိုင်လေ။ ပြီးတော့ မောင်ရွှေပြောစရာစကား ရှာလို့ရအောင် ဘုရင်မက 'စ' ပေးရမှာပေါ့''

စန္ဒာဒေဝီဘုရင်မက ငေါ့သလိုလို ပြန်ပြောလိုက်ရာ ဝိုလ်နန္ဒသည် ဘုရင်မပြောလိုက်သည့်အတိုင်းပင် အဆောင်တော်၏ဒေါင့်တွင် ရှိသော သလွန်တခုကို ဆွဲယူလာပြီး ဘုရင်မ အနီးတွင် ထိုင်လိုက်သည်။

''မောင်ရွှေရဲ့ အပြောအဆိုအပြုအမူတွေကို ကြည့်ရတာဟာ သာမန်အရပ်သားတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ဘုရင်မရဲ့ရှေ့မှာ ပုဆစ်ဒူးတုပ်ပြီး ထိုင်ရမှာကို ဝန်လေးတာ ထောက်ရင် မင်းညီမင်းသားထဲကများ ဖြစ်နေမလား''

စန္ဒာဒေဝီဘုရင်မက စကားစ,လိုက် သည်။

''ပညတ်သဘောနဲ့ကြည့်မယ်ဆိုရင် မင်းညီမင်းသားလဲ လူဘဲ။ အရပ်သားလဲ လူပါဘဲ။ ပရမတ်သဘောနဲ့ကြည့်မယ်ဆိုရင် ဘုရင်မအစပြုပြီး ပုပ္ပဉ္ဇသတ္တဝါမှန်သမျှ ရုပ်တရား၊ နာမ်တရား ခန္ဓာငါးပါးအစုအဝေးသာဖြစ်တဲ့အတွက် ထူးခြားခြင်းမရှိပါ။ မိန်းမသားရဲ့ရှေ့မှာ ဘုရားဆုပန် မင်းယောကျ်ားအနေနဲ့ ပုဆစ်ဒူးတုပ်ပြီးထိုင်ရမည်ကို ဝန်လေးသဖြင့်သာ မတ်တပ်ရပ်ပြီး ခ,စားနေခြင်းဖြစ်ပါတယ်''

''မောင်ရွှေပဟာ ဘုရင်မပေးတဲ့စကားကို ဘယ်တော့မှ တည့်တည့်မတ်မတ်မဖြေဘူး။ စကားတတ်တိုင်း ကွေ့ရှောင်ပြီးဖြေနေတာကိုး ကဲ . . . ဒါတွေကိုအသာထားပြီး မောင်ရွှေဟာ အတွေ့အကြုံဗဟုသုတများတဲ့ ပုဂ္ဂိုလ်တဦးဖြစ်တဲ့အပြင် မရိယာယ်ဝေဝစ်အရာမှာ ပါးနပ်လိမ္မာသူဖြစ်တယ်ဆိုတာ ဘုရင်မကိုယ်တိုင် မျက်မဲ့ထင်ထင် တွေ့မြင်ရပြီဖြစ်တဲ့အတွက် မောင်ရွှေဆီက အဘိုးတန်တဲ့အကြံဉာဏ်တွေကို ဘုရင်မ ယူလိုတယ်။ ဘုရင်မတောင်းတဲ့အကြံကို ပေးနိုင်မလား''

''ကျွန်တော် ဉာဏ်မီသလောက်တော့ အကြံပေးဘို့ အသင့်ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော့်ကိုတော့ သိပ်ပြီးအထင်မကြီးစေလိုပါ''

''အင်း . . . မောင်ရွှေပဟာ လူတမျိုးဘဲ။ ကြွားစရာရှိတော့လဲ မိုးထိအောင်ကြွားပြီး ကိုယ့်ကိုယ်ကိုယ်နှိမ့်ချစရာရှိတော့လဲ မြေကြီးထိ အောင် နှိမ့်ချနေတာကိုး။ ဒီမှာမောင်ရွှေ နေ့ လည်ထူးမောင်ရွှေနဲ့ ဘုရင်မ တောထဲမှာ တွေ့ကြတာကို မှတ်မိသေးတယ်မဟုတ်လား။ အဲဒီတုံးက မောင်ရွှေပပြောခဲ့ တဲ့ စကားတွေ မေ့မိသေးသလား''

''မှတ်မိပါတယ်၊ အဲဒီတုံးက ဘုရင်မ[illegible]

www.burmeseclassic.com

မသိဘဲ အပြစ်ကင်းစင်တဲ့ အရပ်သူကလေး မာလာအဖြစ်သာ သိခဲ့တဲ့အတွက် စိတ်ထဲမှာ ရှိသမျှ ဖွင့်ပြောခဲ့ခြင်းဖြစ်ပါတယ်''

''မနေ့ညတုံးက ဘုရင်မရုပ်ဖျက်ပြီး စစ်သူကြီးဗန္ဓကနဲ့အတူ လိုက်ပါလာစဉ်က မောင်ရှုပန့်တွေ့ခဲ့တာကော မှတ်မိသေးသလား။ အဲဒီတုံးက ပြောခဲ့တဲ့စကားတွေကိုကော မှတ်မိသေးတယ် မဟုတ်လား''

''အဲဒီတုံးကလဲ ဘုရင်မမှန်းမသိလို့ ပြောခဲ့ဆိုခဲ့ခြင်းဖြစ်ပါတယ်''

''ဒါဖြင့် ကောင်းပြီ၊ ဘုရင်မကို စန္ဒာဒေဝီဘုရင်မဆိုတာ မေ့ပစ်လိုက်ပြီး အပြစ်ကင်းစင်တဲ့ အရပ်သူကလေး မာလာအဖြစ် အစ်ကို ကြီးက ညီမလေးကို အကြံပေးသလို အကြံပေးစမ်းပါလား။ ဆုံးမစရာရှိရင်လဲ ဆုံးမစမ်းပါလား''

''မဖြစ်နိုင်တာတွေ ပြောမနေစမ်းပါနဲ့။ ပြီးတော့ အစ်ကိုကြီးနဲ့ ညီမလေးလုပ်တမ်းကစားနေဘို့ အချိန်အခါမျိုးမဟုတ်ဘူးဆိုတာ လဲ သတိပြုစေချင်ပါတယ်။ ခုအချိန်မှာပင်လျှင် သုဓနဘုရင်ရဲ့သူလျှိုတွေဟာ နန်းတော်တွင်း မှာ အချင်းချင်း တီးတိုးတိုင်ပင်နေကြမည်မှာ ကေန်အမှန်ဖြစ်၍ အဘိုးတန်တဲ့အချိန်ကို မဖြုန်းသင့်ပါ။ လုပ်စရာရှိတာကို မြန်မြန်လုပ်ဘို့က အရေးကြီးပါတယ်။ သူလျှိုတွေရဲ့ လက်ချက် ဦးသွားမှာကိုလဲ စိုးရိမ်ရပါတယ်''

''ဒါဖြင့် ဘုရင်မကို အကြံမပေးနိုင်ဘူး ပေါ့''

''အကြံမပေးနိုင်ဘူးလို့ ဆိုလိုခြင်းမဟုတ်ပါ။ ဘုရင်မတောင်းလိုတဲ့ အကြံကို တောင်းနိုင်ပါတယ်။ ကျွန်တော် ဉာဏ်မီသလောက်ဖြေဆိုပါမယ်ဆိုတာလဲ စောစောကထဲက တာဝန်ခံပြီး ဖြစ်ပါတယ်''

''ကောင်းပြီ၊ စောစောက ဘုရင်မနဲ့တော် ထဲမှာတွေ့စဉ်က ဘုရင်မဟာ မိန်းမသားဖြစ်တဲ့အတွက် အိမ်နီးချင်းနိုင်ငံတွေက မထေမဲ့မြင်ပြုနေကြပါတယ်လို့ မောင်ရှုပ ပြောခဲ့တယ်။ အိမ်နီးနားချင်းနိုင်ငံတွေ ရှိသေလာအောင် ဘုရင်မ ကြင်ဘက်တော်ရွေးပြီး တိုင်းပြည်အုပ်ချုပ်ရေးအတွက် ကြင်ဘက်တော်ရဲ့လက်ကို အပ်နှံသင့်တယ်လို့ ပြောသွားတယ်။ ဘုရင်မနဲ့ ထိုက်တန်တဲ့ ကြင်ဘက်တော်ကို မောင်ရှုပရွေးပေးစမ်းပါ''

''ဒါကတော့ ကျွန်တော့်ရဲ့အလုပ်မဟုတ်လို့ အကြံမပေးပါရစေနဲ့။ ဘုရင်မကို အကြံပေးဘို့ သက်တော်ရှည်အမတ်ကြီးနဲ့ စစ်သူကြီး ဗန္ဓကတို့ ရှိနေသားဘဲ''

''သက်တော်ရှည်အမတ်ကြီးအနေကတော့ ရန်အောင်မြို့စားကြီးနဲ့ ရွှေလက်တော်ဆက်ဘို့ အကြံပေးတာဘဲ။ ရန်အောင်မြို့စားကြီးက တခြားလူမဟုတ်ဘူး။ ဘခမည်းတော်ရဲ့တူတော်မောင်ဖြစ်တယ်။ ဘခမည်းတော်ရှိစဉ်ကပင် ဘုရင်မကို ရန်အောင်မြို့စားကြီးနဲ့ ရွှေလက်တော်ဆက်ဘို့ မကြာခဏတိုက်တွန်းခဲ့တယ်။ ဒါပေမဲ့ ဘုရင်မအနေနဲ့ကတော့ ကြင်ဘက်တော်အလိုမရှိဘဲ တကိုယ်တည်းနေချင်တဲ့ဆန္ဒရှိလို့ ခမည်းတော်ရဲ့တိုက်တွန်းချက်ကို ငြင်းပယ်ခဲ့တယ်''

စန္ဒာဒေဝီဘုရင်မက အကျိုးအကြောင်း နှင့် ပြောလိုက်သည်။

''သက်တော်ရှည်အမတ်ကြီး ဦးပန်းဝါက ဘုရင်မအပေါ်မှာ သစ္စာရှိတဲ့လူယုံတော်အမတ်ကြီးမဟုတ်လား။ ဒီလိုဆိုရင် ဦးပန်းဝါရဲ့အကြံပေးချက်ကိုလက်ခံပြီး ရန်အောင်မြို့စားကြီးနဲ့ ရွှေလက်တော်ဆက်လိုက်ပါလား''

ဝိုလ်နန္ဒကပြောလိုက်ရာ စန္ဒာဒေဝီဘုရင်မက စိတ်တိုင်းမကျသကဲ့သို့ ခေါင်းကိုသာအတွင်ရမ်း၍နေပေသည်။

''ရန်အောင်မြို့စားကြီးကို မောင်ရှုပ နီးနီးကပ်ကပ် မြင်ခဲ့ရတယ် မဟုတ်လား။ မောင်ရှုပဟာ လူရိုင်းလူကဲခတ်တဲ့နေရာမှာ အင်မတန်တော်တယ်လို့ ဘုရင်မသိရတယ်။ ဒီတော့ကာ ရန်အောင်မြို့စားကြီးကို မောင်ရှုပ ဘယ်လိုအကဲခတ်လို့ရသလဲ''

''နန်းတွင်းကိစ္စမို့ အရပ်သားတယောက် အနေနဲ့ အကြံပေးဘို့မလွယ်ကြောင်းပါ''

ဝိုလ်နန္ဒသည် ဘုရင်မ၏မေးခွန်းကို တိုက်ရိုက်မဖြေဘဲ စကားကို လိုးလွှဲ၍ပြောလိုက် သည်။

''ဘုရင်မမေးတာကို ဖြေစမ်းပါ။ ရန်အောင်မြို့စားကြီးဟာ ဘုရင်မနဲ့ထိုက်တန်တဲ့ ယောကျ်ားကောင်းတယောက် ဟုတ်မဟုတ် မောင်ရှုပအကဲခတ်လို့ရသလောက် ပြောပြစမ်းပါ''

''ကျွန်တော်အကဲခတ်လို့ရသလောက် ပြောမယ်ဆိုရင် ရန်အောင်မြို့စားကြီးဟာ နလုံးရည်ရော၊ လက်လုံးရည်ရော ချို့တဲ့သူတဦးဖြစ်တယ်လို့ယူဆမိပါတယ်။ ဘုရင့်တူတော်ဖြစ်တဲ့အပြင် ဘုရင်ကြီးရှိစဉ်ကပင် ဘုရင်မနဲ့ ရွှေလက်တော်ဆက်ဘို့ ကြံရွယ်ထားတဲ့လူတယောက်ဖြစ်ပါလျက် ဘုရင်မရှေ့တော်မှ ခစားတဲ့အခါ ယောကျ်ားကောင်းဟိသစ္စာမခ,စားဘဲ ဘုရင်မရဲ့ လက်အောက်ငယ်သားတယောက်အနေနဲ့ ပြားပြားဝပ်ခ,စားတာကို တွေးကြည့်ရုံခြင်းအားဖြင့် ဘုရင်မရဲ့ထမီနားကပ်ပြီး ဘုရင်မရဲ့ဘုန်းရိပ်ကို ခိုလှုံဘို့လောက်သာ ကြဲစည်စိတ်ကူးနေတဲ့ အချောင်သမားဖြစ်သည်မှာထင်ရှားနေပါတယ်။ ဒါဟာ ကျွန်တော်ရဲ့ တဦးချင်းအနေနဲ့ ယူဆချက်ဖြစ်၍ ကျွန်တော်ရဲ့အယူအဆကို ဘုရင်မ ကြိုက်နှစ်သက်မှ လက်ခံပါ''

ဝိုလ်နန္ဒက မိမိစိတ်ထဲတွင် ရှိသမျှဖွင့်ဟ ပြောလိုက်ရာ စန္ဒာဒေဝီဘုရင်မသည် ဝိုလ်နန္ဒ ပြောလိုက်သည့်စကားများကို တလုံးမကျန် စိတ်ဝင်စားစွာ နားစွင့်နေရာမှ မျက်နှာမှာ သိသိသာသာကြီး ရွှင်လန်းသွားပုံရပေသည်။

''တနန်းတော်လုံးမှာ ဘုရင်မနဲ့ အယူအဆချင်းတူတဲ့လူဆိုလို့ မောင်ရှုပ တယောက်ဘဲရှိသေးတယ်။ အမှန်အတိုင်းပြောရမယ်ဆိုရင် ဘုရင်မဟာ ယောကျ်ားတွေကိုမုန်းလို့ ကြင်ဘက်တော်မရွေးသေးဘဲ တကိုယ်တည်းနေတာမဟုတ်ဘူး။ ဘုရင်မနဲ့ ရွှေလက်တော်ဆက်ပြီး နန်းတက်ရမဲ့ပုဂ္ဂိုလ်ဟာ ဘုရင်မရေ့မှာ ဘုရင်မကို အလိုလိုက်ပြီး ဒူးထောက်ခ,စားတဲ့ ပုဂ္ဂိုလ်မျိုးမဖြစ်စေသင့်ဘူး။ ဘုရင်မရဲ့အလိုကို မလိုက်ဘဲ ဘုရင်မကို ရွေ့ဆောင်လမ်းပြနိုင်စွမ်းရှိတဲ့ ယောကျ်ားကောင်း ယောကျ်ားမြတ်သာဖြစ်သင့်တယ်လို့ ဘုရင်မယူဆထားတယ်။ ခုအချိန်ထိ ဘုရင်မရဲ့စိတ်ဆန္ဒနဲ့ ကိုက်ညီပြီး ယောကျ်ားကောင်းပီသတဲ့ ပုဂ္ဂိုလ်ကို မတွေ့သေးလို့ ကြင်ဘက်တော်မရွေးသေးဘဲ တကိုယ်တည်းနေခဲ့တာဘဲ''

စန္ဒာဒေဝီဘုရင်မက ပြန်ပြောလိုက်သည်။

''ရန်အောင်မြို့စားကြီးအပြင် ဘုရင်မအပေါ်မှာ စိတ်ညွှတ်နေတဲ့ မင်းညီမင်းသားတွေ မရှိကြဘူးလား''

ဝိုလ်နန္ဒက ပြန်မေးလိုက်သည်။

''ဘုရင်မကို စုံမက်မြတ်နိုးတဲ့ မင်းညီမင်းသားတွေတော့ အများကြီးရှိတာပေါ့။ ရိုက်သတ်လို့တောင် ကုန်မှာမဟုတ်ဘူး။ ဒါပေမဲ့ များသောအားဖြင့် အဲဒီမင်းညီမင်းသားတွေဟာ မောင်ရှုပပြောသလို ဘုရင်မရဲ့ ထမီနားကပ်ပြီး ဘုရင်မရဲ့ဘုန်းရိပ်ကို ခိုလှုံဘို့လောက်သာ စိတ်ကူးရှိတဲ့လူတွေက များတဲ့အတွက် ဘုရင်မ တော့သူတို့ကို မြင်ရတာတောင် အလိုလိုမျက်မုန်းကျိုးတယ်''

''တိုင်းတပါးကကော ဘုရင်မရဲ့ရွှေလက်တော်ကို ကမ်းလှမ်းတဲ့လူ မရှိဘူးလား''

ဝိုလ်နန္ဒက မေးလိုက်ပြန်သည်။

''ရှိတာပေါ့။ ဒီအထဲမှာ သုဓနဘုရင်က အကဲဆုံးဘဲ။ ဘုရင်မဆီကို စေတမန်တွေ လွှတ်လိုလွှတ်၊ စာတိုစာရွက်တွေ ကမ်းလိုကမ်း၊ လက်ဆောင်ပစ္စည်းတွေ ပို့လိုပို့နဲ့ နည်းအမျိုးမျိုးနဲ့ ကြိုးစားခဲ့တာဘဲ။ ဒါပေမဲ့ သူ့ဆီက ကမ်းလှမ်းတဲ့ စာတိုစာရွက်တွေကို ဘုရင်မဘတ်ကြည့်တဲ့အခါ ဘုရင်မကို မိုးကျနတ်သမီးကလေးလို လှပတဲ့အကြောင်းတွေ အမရာ၊ ကိန္နရီ၊ မဒ္ဒီး သမ္မာလတို့လို မိန်းမမြတ်လက္ခဏာနဲ့ ပြည့်စုံပုံတွေကို အရှက်မမဲ့၊ အကြောက်မရွံ့ မိန်းမလို မိန်းမရ ဖွဲ့နွဲ့ချိုးမွမ်းထားတာကိုတွေ့ရတော့ သုဓနဘုရင်အပေါ်မှာ ဘုရင်မ အလိုလို အထင်သေးသွားတယ်။ ဒါလောက်တောင် ဘုရင်မကို မြှောက်ထိုးပင့်ကော်လုပ်နေတဲ့လူ ဟာ

www.burmeseclassic.com

www.burmeseclassic.com

ယောကျ်ားကောင်းပီသတယ်လို့ ဆိုနိုင်ပါ့ မလား။ မိန်းမလို မိန်းမရနိုင်တဲ့ လူတယောက် သာ ဖြစ်ရမယ်မဟုတ်လား''

စန္ဒာဒေဝီဘုရင်မက စိတ်ထဲရှိသမျှဖွင့်ဟ လိုက်သည်။

''ဒီလိုဆိုရင်တော့ အခက်သားဘဲ''

ဗိုလ်နန္ဒက ညည်းညူလိုက်သည်။

''ဘာလဲ၊ ဘုရင်မကြင်ဘက်တော် ရနိုင် တော့မှာ မဟုတ်ဘူးလို့ ပြောလိုက်တာလား။ ဘုရင်မအနေနဲ့ကတော့ ဘုရင်မအားကိုးအား ထားပြုနိုင်တဲ့ ယောကျ်ားကောင်း ယောကျ်ား မြတ်ကလွဲရင် ဘယ်လောက်ဘဲ အဆင့်အတန်း မြင့်မြင့် စိတ်ကူးထဲတောင်မထည့်ဘူး။ ဘုရင်မ ရဲ့ ရှေ့ကသွားပြီး ဘုရင်မကိုယ်တိုင် အားကိုး အားထားပြုနိုင်တဲ့ ယောကျ်ားကောင်းသာဖြစ် မယ်ဆိုရင် ဆင်းရဲချမ်းသာမရွေး အတန်းအစား မခွဲခြားဘဲ ဘုရင်မရဲ့ ကြင်ဘက်တော်အဖြစ် ရွေးဘို့အသင့်ဘဲ။ ဒါကြောင့် မောင်ရှပလို အတွေ့အကြုံများတဲ့လူဆီက အကြံတောင်းနေ တာပေါ့''

''ဒီကိစ္စမှာတော့ ကျွန်တော် ဘယ်လိုမှ အကြံမပေးတတ်တာ အမှန်ဘဲ။ ဒါက အရေး မကြီးဘူး။ ကျွန်တော့်မှာ လုပ်စရာအလုပ်တွေ အများကြီးရှိသေးတယ်''

ဗိုလ်နန္ဒက စိတ်မရှည်တော့သကဲ့သို့ စကားပြတ်သွားအောင် ပြောလိုက်သည်။

''အလို မောင်ရှပမှာ ဘာတွေများ လုပ် စရာရှိလို့လဲ။ မောင်ရှပရဲ့ ကိုယ်ရေးကိစ္စလား''

ဘုရင်မက ပြန်မေးလိုက်သည်။

''မဟုတ်ပါဘူး။ စေတုတ္တရာနိုင်ငံတော် ကြီးကို ကာကွယ်ဘို့ တာဝန်ရှိနေလို့ လုပ်စရာ ရှိတာတွေ အချိန်မလင့်စေဘဲ လုပ်ချင်လို့ပါ''

''ဪ... လက်စသတ်တော့ မောင်ရှပက စေတုတ္တရာနိုင်ငံတော်ကြီးရဲ့ ကယ်တင်ရှင် ဖြစ်မှန်းမသိ ဖြစ်နေမှကို။ ဒါထက် မောင်ရှပ တယောက်ထဲနဲ့ စေတုတ္တရာနိုင်ငံတော်ကြီးကို ဘယ်လိုလုပ်ပြီး ကာကွယ်မှာလဲ''

ဘုရင်မက ငေါ့တော့တော့ မေးလိုက် သည်။

''တယောက်ကောင်းတော့ တသောင်း ဗိုလ်ခြေ ညက်ညက်ကြွေနိုင်ပါတယ်လို့ စော စောကဘဲ ကျွန်တော် ပြောထားတယ် မဟုတ် လား''

''အတော်ကို အကြွားကြီးတဲ့လူဘဲ။ ဒီမှာ စေတုတ္တရာနိုင်ငံတော်ကို ကာကွယ်ဘို့ ဘုရင်မ မှာ စစ်သူကြီးတွေ၊ စစ်သည်တော်တွေ အများ ကြီးရှိပါတယ်။ ဒီအတွက် မပူပါနဲ့။ ဘုရင်မ ခတောင်းတဲ့အကြံဉာဏ်ကိုသာ ပေးစမ်းပါ''

''ဒီအကြံတော့ ကျွန်တော် မပေးတတ်ပါ ဘူးလို့ ပြောထားသားဘဲ''

''ဒါဖြင့် ဒီတသက်မှာ ဘုရင်မကြင်ဘက် တော်တွေ့ဘို့ လမ်းရှိသေးရဲ့လား''

''ဖူးစာကံဆိုတာ မြင်နိုင်ကောင်းတဲ့အရာ မဟုတ်လို့ ဘယ်သူမှ တပ်အပ်သေချာမပြော နိုင်ပါ။ ဖူးစာကံဆုံလာရင် ဘုရင်မ ဘယ်လိုဘဲ ရှောင်ရှောင် မရနိုင်ပါဘူး''

''ဩော်... မောင်ရှပက ကံတရားကို တကယ်ယုံတယ်ပေါ့လေ''

''ကံသာလျှင်အမိ၊ ကံသာလျှင်အဖဆိုတဲ့ စကားအရ ကံကိုမယုံလို့မဖြစ်နိုင်ပါ။ အမှန် အတိုင်းပြောရမယ်ဆိုရင် ကျွန်တော်ဟာ သေ ဘို့ကောင်းတာကြာလှပြီ။ ခုထက်ထိ မသေ သေးတာဟာ သေဘို့ကံမကြုံသေးလို့ဆိုတာ ကျွန်တော် စွဲစွဲမြဲမြဲယုံကြည်ပါတယ်။ သေနေ စေ့ရင် ဘယ်သူမှ တားလို့မရပါဘူး''

''မောင်ရှပဟာ တော်တော်ကိုထူးဆန်းတဲ့ လူတယောက်ဘဲ။ ဘယ်လိုလူစားမျိုးလဲဆိုတာ ဘုရင်မဖြင့် ကြာလေ ကြာလေ အကဲခတ်လို့ မရလေဘဲ''

''ဘုရင်မ,မပြောနဲ့ ကျွန်တော့်ကိုယ် တောင် ကျွန်တော် အကဲခတ်လို့မရပါဘူးလို့ ပြောသားထားဘဲ''

ဗိုလ်နန္ဒက ခပ်တည်တည်ပင် ပြန်ပြော လိုက်သည်။

''နေပါဦး၊ မောင်ရှပကို မေးခွန်းတခုမေး ချင်တယ်။ မှန်မှန်ဖြေမလား''

ဘုရင်မက ပဏာမမျိုးလိုက်ပြန်သည်။

''ကျွန်တော် ဘယ်တုံးကမှ လိမ်မပြော ခဲ့ဘူး,ဘူး''

''မောင်ရှပ စေတုတ္တရာနိုင်ငံတော်ကို လာတာဟာ ဘာကိစ္စလဲ''

ဘုရင်မက မေးလိုက်သည်။

''အသေခံရအောင် လာတာပါလို့ပြော ထားသားဘဲ''

''အကြောင်းမဲ့သက်သက် အသေခံရ အောင် လာတယ်ဆိုတာတော့ အဓိပ္ပာယ်မရှိ ဘူး။ ဒီစကားကို ဘုရင်မလက်မခံနိုင်ဘူး''

''အကြောင်းမဲ့သက်သက် မဟုတ်ပါဘူး။ လူအများရဲ့အသက်နဲ့ ကျွန်တော့်ရဲ့အသက်နဲ့ လဲဘို့ထွက်လာခဲ့တာပါ''

''နို့... ဒါဖြင့်ရင် စောစောက မောင်ရှပ ပြောသလို သီဟရာဇာဘုရင်ကြီးက စေလွှတ် လိုက်တယ်ဆိုတာကော မှန်သလား''

''ကျွန်တော် လိမ်မပြောဘူးပါဘူးလို့ပြော ထားသားဘဲ''

''သီဟရာဇာဘုရင်က မောင်ရှပကို ဘာ ကိစ္စလွှတ်လိုက်တာလဲ''

''အသေခံဘို့ လွှတ်လိုက်တာပါ''

''အို... မောင်ရှပပြောတဲ့စကားတွေက ကရွတ်ကင်းရောက်ဆိုသလို ချာလည်ပတ် လည် လိုက်နေပါပကောလား။ ဘုရင်မမေးတဲ့ မေးခွန်းတွေကို တည့်တည့်မတ်မတ်ဖြေစမ်းပါ။ ကွေ့လည်ကြောင်ပတ် လုပ်မနေစမ်းပါနဲ့''

''ဒီမေးခွန်းတွေရဲ့အဖြေကိုသိလို့ ဘုရင်မ မှာရော စေတုတ္တရာနိုင်ငံတော်မှာရော အကျိုး ရှိမှာမဟုတ်ပါဘူး။ အရေးကြီးတာက စေတုတ္တ ရာနိုင်ငံတော်ကို သုဓနရဲ့ရန်က ကာကွယ်ဘို့က အရေးကြီးပါတယ်။ အချိန်ကို အလဟဿဖြုန်း တီးနေမဲ့အစား အကျိုးရှိမဲ့အလုပ်ကိုလုပ်ပါရစေ။ သုဓနရဲ့ရန်ကို နှိမ်နင်းပြီးတဲ့အခါကျတော့ ဘုရင်မသိလိုသမျှကို ကျွန်တော် တလုံးမကျန် ပြောပြပါ့မယ်''

ဗိုလ်နန္ဒသည် စိတ်မရှည်တော့သကဲ့သို့ ပြောလိုက်ရာ စန္ဒာဒေဝီဘုရင်မသည် ဗိုလ်နန္ဒ ၏ တည်ကြည်ခန့်ညားသော အင်္ဂါရုပ်နှင့် ရဲရင့် သောအပြောအဆိုများကို စိတ်ထဲတွင်ကြိုက်ပြီး ချီးမွမ်းမိသော်လည်း မိမိသိလိုသည့်ကိစ္စများကို မသိရသဖြင့် ဒိုးလိုးခုလုံးဖြစ်နေပုံရပေသည်။

''ကဲ... ကိုယ့်ကိုယ်ကို ဒါလောက် အထင်ကြီးရင် ဒီကနေ့ကစပြီး စေတုတ္တရာနိုင်ငံ တော်ကိုကာကွယ်ဘို့ မောင်ရှပကို တာဝန်ပေး လိုက်မယ်။ လုပ်စရာရှိတာလုပ်ပေတော့ ဒီနေ့ ည နေဝင်ချိန်မှာ စစ်သူကြီးဗန္ဓကနှင့်အတူ ဘုရင်မထံ ခ,စားပြီး အခြေအနေကို ပြည့်ပြည့် စုံစုံလျှောက်တင်ဘို့ မမေ့ပါနဲ့။ ကဲ... သွားလို ရာ သွားနိုင်ပါပြီ''

ဘုရင်မသည် ဗိုလ်နန္ဒအား စေ့စေ့ကြည့် ရင်း ပြောလိုက်ရာ ဗိုလ်နန္ဒသည် စောစောက ဘုရင်မ၏ခေါင်းမှပြုတ်ကျသည့် ပန်တော်ကျ ပန်းပွင့်ကလေးကို မိမိရင်ဘတ်တင်ထိုးထား ရာမှ နှုတ်ယူလိုက်ပြီး ဘုရင်မအားပြလိုက် သည်။

''ဟောဒီ ပန်တော်ကျပန်းကလေးမနွမ်း ခင် ဘုရင်မ သတင်းကောင်းကြားရပါစေမယ် ဆိုတာ ကျနော်တော် တာဝန်ခံပါတယ်။ ကဲ... ကျွန်တော် သွားမယ်''

ဗိုလ်နန္ဒသည် စန္ဒာဒေဝီဘုရင်မ၏ အဆောင်တော်မှထွက်လာခဲ့ပြီးနောက်အဆောင် တော်၏ ပြောက်ဘက်ရှိ ဥယျာဉ်တော်ဘက်သို့ ဦးတည်ပြီးလာခဲ့ပေသည်။

ဆရာတော်ဦးကိုတို့ ဒါးခုတ်ခံရသည်ဆို သောနေရာနှင့် ဆရာတော်ဦးကိုတို့ ကမ္မဋ္ဌာန်း ထိုင်လေ့ရှိသည်ဆိုသော အုတ်ဂူကလေးမှာ ခြေ လှမ်း ၁၅၀ ခန့်ကွာဝေးသည်ကို ဗိုလ်နန္ဒသတိ ပြုမိပေသည်။

(ဆက်လက်ဖော်ပြပါမည်။)

(မှုရင်းသတ်ပုံအတိုင်းဖော်ပြထားပါသည်။)

www.burmeseclassic.com